Al-MIZAN

A COVENANT FOR THE EARTH

မြေကမ္ဘာဆိုင်ရာ သဘောတူကြေညာစာတမ်း

(မြန်မာဘာသာပြန်)

ဘာသာပြန်ဆိုသူ - မြတ်ကို

မြေကမ္ဘာဆိုင်ရာ သဘောတူကြေညာစာတမ်း

မြတ်ကို

(မြန်မာဘာသာပြန်)

မိုးကောင်းကင်များကို ထိုအရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။ အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမပြုကြရန်၊ ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန်လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိစေကြရန်လည်းကောင်း၊ ထိုမှတစ်ပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှါ ထားရှိတော်မူခဲ့၏။

ကျမ်းတော်မြတ် ကုရ်အာန် (၅၅း၇-၁၀)

ISBN 978-99986-0-532-9

Al-Mizan ဖြစ်ပေါ်တိုးတက်လာပုံ

၂၀၁၉ခုနှစ်တွင်၊ သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများ၏ ရှစ်ကြိမ်မြောက် အစ္စလာမ် ကွန်ဖရင့်စ် (Eighth Islamic Conference of Environment Ministers (ICEM))က အစ္စလာမ်ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်မြင်ရေးအတွက် ယဉ်ကျေးမှုနှင့် ဘာသာရေးအခြေခံ ပံ့ပိုးမှုပစ္စယတရား၏ အခန်းကဏ္ဍ တိုးမြင့်စေရေး မဟာဗျူဟာတစ်ခုကို အတည်ပြုချမှတ်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အစ္စလာမ့် ဘာသာရေးအရနှင့် ယဉ်ကျေးမှုဆိုင်ရာ တာဝန်ကို ၄င်းက ထင်ဟပ်နေသည်။

ယင်းကို တုံ့ပြန်ရာတွင်၊ ထိုလုပ်ငန်းစဉ် လွယ်ကူချောမွေ့ လည်ပတ်နိုင်ရေးအတွက် အစပြုစဉ်ကစ၍ ဦးဆောင်မှုပေးခဲ့သော ရှေ့တန်းရောက် အစ္စလာမ်အဖွဲ့အစည်းများနှင့် ပညာရှင်များ အစုအဖွဲ့တစ်ခုကို UNEP's Faith for Earth Coalitionမှ တစ်ဆင့် စုစည်းဖွဲ့တည်ခဲ့သည်။ Islamic World Educational၊ Scientific and Cultural Organization၊ Islamic Foundation for Ecology and Environmental Sciences၊ အီစတန်ဘူရှိ Uskudar University၊ Qur'anic Botanical Garden နှင့် ကာတာရှိ College of Islamic Studies at Hamad Bin Khalifa University တို့သည် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်း (United Nations Environment Program)နှင့် အတူတကွ ပင်မကျောရိုး အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို အစ္စလာမ့် သင်ကြားမှုများနှင့် ချိတ်ဆက်ရန်နှင့် သဘာဝနှင့် သက်ဆိုင်သည့် အစ္စလာမ့် ရှုမြင်ပုံများကို ထည့်သွင်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်း ရင်ပြင်တစ်ခုသဖွယ် Al-Mizan ကို ၄င်းတို့အားလုံးအတူတကွ တည်ထောင်ဖြစ်ထွန်းစေခဲ့သည်။

"Al-Mizan: A Covenant for the Earth"ဟု ခေါင်းစဉ်တပ်ထားသော ဤရှေ့ဆောင်ရှေ့ရွက်ပြုမှုက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေးထား ဂရုစိုက်မှုအတွက် အစ္စလာမ်က မောင်းနှင်အားတစ်ခု ဖြစ်နိုင်ပုံကို သရုပ်ဖော်ပြသရန် ရည်မှန်းပါသည်။ Al-Mizanက သိပ္ပံနည်းကျ၊ ပညာရပ်နှင့် နိုင်ငံရေးအရ ဖြေရှင်းချက်များနှင့်အတူ ရင်ဘောင်တန်းလျက် အပြုအမူဆိုင်ရာ ပြောင်းလဲမှုကို တွန်းအားပေးရာတွင် ယဉ်ကျေးမှုနှင့် ဘာသာတရား၏ အရေးပါပုံကိုလည်း မီးမောင်းထိုးပြနေသည်။

Al-Mizan ၏ ပထမ မူကြမ်းအပေါ် အကြံပြုချက်များနှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် ယင်းမူကြမ်းကို အစ္စလာမ် အင်စတီကျူးရှင်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများပေါင်း ၃၀၀ကျော်ထံ မျှဝေပေးပို့ခဲ့သည်။ ပင်မကျောရိုးအဖွဲ့က Muslim Council of Elders အား အာရဗီမူအပေါ် ၄င်းတို့၏ အဖိုးတန်လှသော ပြင်ဆင်ပြောင်းလဲပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ Al-Mizanသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာကိစ္စရပ်များအပေါ် အစ္စလာမ့် လူ့အဖွဲ့အစည်း၏ စုပေါင်းအမြင်ကို ကိုယ်စားပြုသည့် သမိုင်းဝင် စာရွက်စာတမ်းတစ်ခုဖြစ်ပါသည်။ ၄င်းတို့၏ နေ့စဉ်ဘဝများတွင် ရေရှည်တည်တံ့မှုကို လက်ခံထည့်သွင်းရန်နှင့် ကျွန်ုပ်တို့အားလုံး၏ ဘုံပိုင်အိမ်အား ထိန်းသိမ်းကာကွယ်ရန်အလို့ငှါ စုပေါင်းလုပ်ဆောင်ကြရန် မွတ်စ်လင်မ်အားလုံးအား နှိုးဆော်ပန်ကြားထားသည်။

မာတိကာ

အခန်း (၁) ကမ္ဘာမြေအခြေအနေကို ဆန်းစစ်သုံးသပ်ခြင်း

ဆင်ခြင်သုံးသပ်ခြင်း
လူသားတို့၏ ချမ်းရစ်သောအမွေအနှစ် - ကျွန်ုပ်တို့လက်ဖြင့် (ကျွန်ုပ်တို့ပယောဂဖြင့်) ဖြစ်ထွန်းစေခဲ့သည့်အရာများ
ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု
ဇီဝမျိုးစိတ်ကွဲပြားစုံလင်မှု ဆုံးရှုံးပျောက်ကွယ်လာခြင်း
ဂေဟစနစ်ဆိုင်ရာနှင့် လူမှုတရားမျှတမှု
ကျွန်ုပ်တို့ မျှော်လင့်ချက်ရှင်သန်ဆဲ

အခန်း (၂) မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ်ရှိ အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ

တစ်ဆူတည်းသော ဖန်ဆင်းရှင်၊ အရာခပ်သိမ်းတို့၏ အရှင်
ဖန်ဆင်းခြင်းအတွင်း ကိန်းအောင်းနေသော တန်ဖိုးများ
စကြာဝဠာလုံးဆိုင်ရာ ချိန်ခွင်လျှာမျှခြေ
ခိလာဖွာဟ် ဖစ်လ် အရ်ဒ် - ကမ္ဘာမြေအတွက် တာဝန်ဝတ္တရား
ကမ္ဘာမြေအပေါ် သိမ်မွေ့ညင်သာစွာ လျှောက်လှမ်းကြကုန်

အခန်း (၃) အစ္စလာမ်သာသနာ၏ ဂေဟစနစ်ဆိုင်ရာ ခံယူချက်နှင့် ကျင့်ဝတ်တရား

သောင်ဟီးဒ်ဆိုင်ရာ ကျင့်ဝတ်ဗေဒ
အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားခြင်းနှင့် အရှင်မြတ်၏ အဖန်ဆင်းခံများ
အဖန်ဆင်းခံအားလုံးတို့အပေါ် အမြင့်မားဆုံး ကောင်းမှု
ကမ္ဘာမြေပေါ် ရှိသူတို့အပေါ် သနားကရုဏာတရား ပြသကြလော့
အလွန်တရာ သနားကြင်နာတော်မူသော အရှင်၏ နိမိတ်လက္ခဏာတော်များ
နာမ်ဝိဉာဉ်ပိုင်းဆိုင်ရာ အကျင့်အကြံများ
လှပတင့်တယ်သော စံနမူနာ - ဝေနယျခပ်သိမ်းတို့အတွက် ကရုဏာတရား

အခန်း (၄) ဘဝရှင်သန်မှု၏ ရင်းမြစ်များ မျှဝေရာတွင် သာတူညီမျှမှု၊ မျှတမှုနှင့် တရားမျှတမှု

တိုးတက်ထွန်းကားမှုဆိုင်ရာ အမြင်မှန်
ဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုပုံစံ
ဘဝရှင်သန်မှုဆိုင်ရာ ရင်းမြစ်များ
အကြွေးတင်နေသော ကျွန်ုပ်တို့၏ ကမ္ဘာကြီး - မလျော်မကန် အသုံးချ၍ ဖွံ့ဖြိုးမှု သို့မဟုတ်
အကျိုးပြုခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှု
ခြိုးခြံချွေတာမှုနှင့် အလွန်အကြူးဖြုန်တီးမှုအကြား

အပြန်အလှန် တိုင်ပင်နှီးနှောခြင်းအားဖြင့် လုပ်ဆောင်မှု

အခန်း (၅) ကမ္ဘာမြေအား အလေးထား ဂရုစိုက်ခြင်းအတွက် မူစည်းမျဉ်းများနှင့် လက်တွေ့အမူအကျင့်များ

ရှာရီယာဟ် တရားတော်နှင့် ၄င်း၏ ရည်မှန်းချက်များ
ကောင်းကျိုး အကျိုးအမြတ်များနှင့် ပျက်စီးဆုံးရှုံးမှုများ
မှန်ကန်ခြင်းများနှင့် မှားယွင်းခြင်းများ
အသက်ရှင်သန်မှု၏ ရင်းမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း
ကိုယ်ကျင့်တရားဆိုင်ရာ ရှာရီယာဟ် အခြေပြု မူဝါဒများ
မှန်ရာကို စောင့်ရှောက်ခြင်း၊ အမှားကို ရှောင်ကြဉ်ခြင်း

နောက်ဆက်တွဲ - ရှေ့လမ်းစဉ်

တောင်းဆုပတ္တနာ

အသိအမှတ်ပြုမှုများ

မိတ်ဆက်နိဒါန်း မှတ်စုများ

မူရင်းအာရဗီရင်းမြစ် စာရွက်စာတမ်းများကို အကိုးအကားပြု ရည်ညွှန်းခြင်းအတွက် အသုံးပြုသောစနစ်
ကျမ်းတော်မြတ် ကုရ်အာန်၏ စာပိုဒ်များကို ဘာသာပြန်ဆိုခြင်းအတွက် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုပုံစံ

အဓိက အာရဗီ ဝေါဟာရများ (ဝေါဟာရ အဘိဓာန်)

မှတ်စုများ

ကိုးကားစာအုပ်စာရင်း

အကြံပြုသော ဖတ်ရန်စာရင်း

အခန်း (၁)

ကမ္ဘာမြေအခြေအနေကို ဆန်းစစ်သုံးသပ်ခြင်း

ဆင်ခြင်သုံးသပ်ခြင်း

၁.၁။ သက်ရှိသတ္တဝါဖြစ်တည်မှုအလုံးစုံ၏ ဖန်ဆင်းရှင်အရှင်သခင်ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်အား ကောင်းကင်ရှိ ကြယ်တာရာတို့၏ အရေအတွက်၊ သဲမှုန်အစုစုတို့၏ အရေအတွက်ပမာဏ၊ မိုးစက်မိုးပေါက်တို့၏ ပမာဏ၊ သစ်ပင်တို့ရှိ သစ်ရွက်တို့၏ အရေအတွက်နှင့် မိုးခုနစ်ထပ်နှင့် မြေအပြင်တစ်လွှား (စကြာဝဠာခပ်သိမ်းတွင်) ရှိကြကုန်သော အရာအားလုံးတို့ အရေအတွက် အတိုင်းအထွာ ပမာဏာတို့နှင့်အညီ ကျေးဇူးတင်စိတ်မွှမ်းသော ချီးမွမ်းထောပနာပြုခြင်းဖြင့် အစပြုပါ၏။

ထုတ်ဖော်မြွက်ဟခြင်းမပြုနိုင်လောက်အောင် ကျယ်ပြောပြီး၊ ခန့်ညားထည်ဝါလှပသော စကြာဝဠာခပ်သိမ်းသည် ကျွန်ုပ်တို့၏ သိမြင်နားလည်နိုင်စွမ်းကို ကျော်လွန်ဖြစ်တည်နေသော၊ စကြာဝဠာခပ်သိမ်းတို့ကို အကြွင်းမဲ့ဥာဿ ထိန်းသိမ်းစောင့်ရှောက်တော်မူသည့် အလွှာဟ်အရှင်မြတ်၏ အာရုံငါးပါးနှင့် တွေ့ကြုံခံစားနိုင်မှုကို လွန်မြောက်သော ဘုန်းသရေတော်ထည်ဝါမှုကို ထင်ဟပ်နေပါသည်။ ၄င်း၏ နှလုံးသည်းပွတ်အချက်အခြာတွင် ကျွန်ုပ်တို့က အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေသာ အလျင်အမြန်ပါးလျားလာနေသည့် သက်ရှိလောကရှိနေသည့် ကမ္ဘာမြေကြီးသည်လည်း အရာခပ်သိမ်းတို့၏ ဘုရားသခင် အလွှာဟ်အရှင်မြတ်၏ ဘုန်းအသရေတော်နှင့် အသနားကရုဏာတော်တို့ကို ထင်ဟပ်နေသည်ဖြစ်သည့်အားလျော်စွာ၊ ယင်းကမ္ဘာမြေကြီးသည် အံ့ချီးဘနန်း လှပတင့်တယ်နေလျက်ရှိပြီး၊ သေမျိုးဖြစ်သည့် လူသားတို့ နားလည်ခံစားသိမြင်နိုင်စွမ်းထက်လွန်၍ အဖိုးအနှဲ့ပိုမိုထိုက်တန်တန်ဖိုးရှိပါသည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် အရာတစ်ခုချင်းစီတိုင်းသည် အရှင့်၏ ဘုန်းတန်ခိုးအာနုဘော်၊ ဉာဏ်အမြော်အမြင်နှင့် ကောင်းခြီးမင်္ဂလာကျက်သရေတော်တို့၏ နိမိတ်လက္ခဏာတစ်ရပ်စီဖြစ်ပြီး၊ ထိုနိမိတ်လက္ခဏာများမှတစ်ဆင့် နက်နဲသော ဉာဏ်အမြင်၊ နားလည်သိမြင်မှုနှင့် လမ်းညွှန်မှုတို့ကို ကျွန်ုပ်တို့ ဖွေရှာဆည်းပူးကြရပါသည်။ အရှင်မြတ်က တစ်ခုနှင့်တစ်ခု ဟန်ချက်ညီစေလျက်၊ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလိုအပ်စေလျက်၊ တစ်ခုနှင့်တစ်ခု အညမညသဘော ထောက်ပံ့ကျေးဇူးပြုစေလျက် အရာခပ်သိမ်းကို ဖွဲ့ဖြိုးဖြစ်ပေါ်စေခဲ့ပါသည်။ မည်သည့်အရာကိုမျှ အရှင်မြတ်သည် ကရော်ကမယ် သို့မဟုတ် အချည်းနှီး ဖန်ဆင်းခဲ့ခြင်းမရှိပါ။ အရာခပ်သိမ်းကို သစ္စာဓမ္မနှင့်အညီနှင့် ဖြောင့်မှတ်မှန်ကန်မှုတို့အတွက် ဖန်ဆင်းခဲ့ပြီး၊ ထိုအရာတို့၏ ဖန်ဆင်းရှင်ဘုရားသခင်ကို ရိုကျိုးခန့်ညားကြောက်ရွံ့စိတ်ဖြင့်လည်းကောင်း၊ အတောမသတ်နိုင်သော ကြင်နာစာနာစိတ်ဖြင့်လည်းကောင်း၊ အဆုံးစွန်လှပကောင်းမွန်ခြင်းဖြင့်လည်းကောင်း ထိုအရာတို့ကို အလေးအမြတ်ပြုဂရုစိုက်စေရန်အလို့ငှါအတွက် အရာတစ်ခုချင်းစီက ကျွန်ုပ်တို့အပေါ် (တောင်းဆိုနိုင်သော) အခွင့်အရေးများ ရှိနေပါသည်။ အလွှာဟ်အရှင်မြတ်သည် "အသင်တို့အား အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှါ "မရဏ" သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့သည့်" (၆၇း၂) အတွက် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်ဘုရားသခင်၏ အလိုတော်ကို အမှုတော်ဆောင်ထမ်းရွက်ကြသည့်အခါ အဆုံးစွန်သောကောင်းမှုပြုခြင်းဖြင့် ထမ်းရွက်အမှုတော်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ ဘဝရှင်သန်မှု၏ အလေးနက်ဆုံးရည်ရွယ်ချက်ပင်ဖြစ်ပါသည်။

လူသားတို့၏ ချန်ရစ်သောအမွေအနှစ် - ကျွန်ုပ်တို့လက်ဖြင့် (ကျွန်ုပ်တို့ပယောဂဖြင့်) ဖြစ်ထွန်းစေခဲ့သည့်အရာများ

၁.၂။ သို့သော်ငြားလည်း ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာကြီးသည် ယခုအခါ ယိုယွင်းလျက်၊ လော်လည်ဖောက်ပြန်လျက်ရှိနေပြီး၊ အန္တရာယ်ရှိလောက်စွာ တည်ငြိမ်မှုမဲ့နေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာမြေမျက်နှာပြင်ကို ပြောင်းလဲစေခဲ့ပြီဖြစ်ပြီး၊ ယင်း၏ မျှခြေကို ပြန်လည်ထိန်းသိမ်းရန် ရုန်းကန်နေကြရသည်။ အင်းဆက်နှိမ်ဓါတုဆေးဝါးများမှအစ ဓါတ်ရောင်ခြည်သင့်မှုအဆုံး အဆိပ်ဓါတ်များသည် လေထုနှင့် ရေထုကို ညစ်ညမ်းစေသည်၊ ကမ္ဘာလေထုသည် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှုမှ ထွက်လာသော ဖန်လုံအိမ်ဓါတ်ငွေ့များဖြင့် တင်းကျမ်းပြည့်နေသည်၊ မြေဆီလွှာများ တိုက်စားခံရပြီး၊ ခမ်းခြောက်နေသည်၊ သမုဒ္ဒရာများက ပလတ်စတစ်များဖြင့် ပြည့်နေသည်၊ ရေခဲတောင်များနှင့် ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်လျက်ရှိသည်၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်၊ သန္ဓာကျောက်တန်းများ အရောင်လွှင့် သေဆုံးပျက်စီးကုန်သည်၊ မိုးခေါင်ရေရှားမှုများ၊ တောမီးများ၊ ဟာရီကိန်းမုန်တိုင်းများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည့် အကြိမ်အရေအတွက်နှင့် ပြင်းထန်မှုများ မြင့်တက်လာသည်။ ဒေသခံမဟုတ်သော မျိုးစိတ်များက ၄င်းတို့နှင့် မသက်ဆိုင်သော ဂေဟစနစ်များအတွင်း ပေါက်ပွားနှုန်းမြင့်မားစွာ ဖြစ်ထွန်းလာပြီး၊ ဒေသခံ ဇီဝပုံစံများက လူသားတို့ ယခင်မမြင်ခဲ့ဖူးသည့်နှုန်းဖြင့် ပျောက်ကွယ်မျိုးတုန်းလာနေသည်။ စစ်ပွဲများနှင့် ကြမ်းတမ်းပြင်းထန်ပြီး သေကြေပျက်စီးမှုမြင့်မားသည့် ပဋိပက္ခများ အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ပွားနေသည်။ ဤအရာများအားလုံးက ဆင်းရဲမွဲတေနေသူများ၊ အစွန့်ပစ်ခံများ၊ အဖိနှိပ်အညှဉ်းပန်းခံများ၊ ဒုက္ခသည်များ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကဲ့သို့သော ကူကယ်ရာမဲ့ အင်အားအချည့်နဲ့ဆုံးသူများထံသို့ သေခြင်းတရားနှင့် ဆိုးဝါးပြင်းထန်သော ဒုက္ခဝေဒနာများ ဆောင်ကြဉ်းလာသည်။ အကျင့်ပျက်ခြစားမှုနှင့် ဖျက်ဆီးမှုများအတွက် အပြစ်မတင်သင့်ဆုံးသူများက အမြင့်ဆုံးခံစားပေးဆပ်နေကြရသည်။ ဌာနေတိုင်းရင်းသားများ၊ လူမျိုးနွယ်၊ လူမျိုးနှင့် ဘာသာရေး လူနည်းစုများအပေါ် ဖိနှိပ်မှုများက ဆက်လက်ဖြစ်ထွန်းနေသည်။ ထိုဖိနှိပ်မှုများမှကို အယူဝါဒတစ်ခုမဟုတ် တစ်ခု၏ ခေါင်းစဉ်ဖြင့် လူမျိုးများ၏ ယဉ်ကျေးမှုများနှင့် သမိုင်းများ (အပြီးတိုင်ဖျက်ဆီးခံရခြင်း)တိမ်ကောပျောက်ကွယ်ခြင်းများနှင့် ဤသဘောတူကြေညာစာတမ်းကို ပုံနှိပ်ဖြန့်ချိရေးဆောင်ရွက်နေစဉ်အထိ သန်း ၁၁၀ကျော်အထိ ခန့်မှန်းရသည့် တိုးပွားလာနေသော အတင်းအဓမ္မ ပြောင်းရွှေ့ခံရသူအရေအတွက်တို့တွင် မြင်သာလျက်ရှိသည်။[၁]

၁.၃။ ကျွန်ုပ်တို့လူသားများသည် နိုင်ငံသားဖြစ်မှု၊ ဘာသာတရား၊ လူမျိုးနွယ်၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ မျိုးနွယ်စုနှင့် မိသားစုဆက်နွယ်မှုများ၊ အယူဝါဒနှင့် နိုင်ငံရေးတို့အားဖြင့် ထင်ရှားခြားနားစေနိုင်သော်လည်း၊ အစပထမတွင်လည်းကောင်း အဆုံးသတ်တွင်လည်းကောင်း တစ်ကမ္ဘာတည်းပေါ် လျှောက်လှမ်းကြ၊ တစ်လေတည်း ရှူရှိုက်ကြပြီး၊ တစ်ရေတည်းကိုသာ သောက်သုံးကြရသည်သာဖြစ်သည်။ မြေကမ္ဘာတည်းဟူသော တစ်အိမ်တည်းတွင် အတူတကွနေထိုင်ကြပြီး၊ ဤမြေကမ္ဘာသည်သာ ကျွန်ုပ်တို့အားလုံး ပိုင်ဆိုင်သည့် တစ်ခုတည်းသော အိမ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မကြာမြင့်သေးသည့် သမိုင်းကာလအတွင်း၊ ကျွန်ုပ်တို့သည် "ကမ္ဘာရွာကြီးတစ်ရွာ"သာဖြစ်ပြီး၊ ရာသီဥတုပြောင်းလဲမှု၏ မမျှော်လင့်ထားသော ရှုပ်ထွေးသည့် အပြောင်းအလဲကို ကျွန်ုပ်တို့အားလုံး အတူတကွ တွေ့ကြုံခံစားရကြောင်း ကျွန်ုပ်တို့၏ နည်းပညာများ၊ ကူးသန်းရောင်းဝယ်မှုများနှင့် (စက်ရုံအလုပ်ရုံ)လုပ်ငန်းများက ကျွန်ုပ်တို့ကို နားလည်သဘောပေါက်စေခဲ့ပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါက ကျွန်ုပ်တို့၏ နိုင်ငံများမည်မျှ ယှက်နွယ်နေသည်နှင့် ကမ္ဘာလုံးဆိုင်ရာ

ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ကမ္ဘာလုံးဆိုင်ရာပြဿနာအကျပ်အတည်းများကို မဖြေရှင်းနိုင်ပုံတို့ကို ပြသခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့အနက် အချို့သောသူများသည် အချို့သော သူများထက် ပိုမိုအပြစ်တင်ခံထိုက်သော်လည်း၊ အားလုံးကိုလွှမ်းခြုံနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှက်စဖွယ် ဆုံးရှုံးနစ်နာမှုသည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ဖန်တီးမှုသာဖြစ်သည်။ ကျွန်ုပ်တို့၏ ယေဘုယျအခြေအနေ အကျည်းအတည်းဆိုးကို နားလည်ရန်နှင့် ဂရုဓမ္မပြုကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့်အခါ၊ ဤ သဘောတူကြေညာစာတမ်းကို ပြုစုရေးသားရန် အစပြုလုပ်ဆောင်ခဲ့ကြသော ကျွန်ုပ်တို့သည် အောက်ပါ အတွေးအမြင်များကို ညီတူသဘောမျှကြပါသည်။

၁.၄။ ကျွန်ုပ်တို့၏ ရှင်သန်နေထိုင်ရာအိမ်ဖြစ်သော ဤကမ္ဘာဂြိုဟ်သည် နှစ်ပေါင်း ၄.၅၄ ဘီလီယံခန့် သက်တမ်းရှိခဲ့ပြီဟု ခန့်မှန်းကြသည်။ ယင်း၏ ရှည်လျားလှသော သမိုင်းကာလအတွင်း မရေတွက်နိုင်လောက်အောင် များပြားလှသော ဧည့်သည်များကို နေရာထိုင်ခင်းပေး ဧည့်ခံခဲ့ပြီးဖြစ်သည်။ အရေအတွက်မဲ့ များပြားလှသော သတ္တဝါမျိုးစိတ်များ ပေါက်ပွားစေခဲ့သည်၊ ကာလအလျောက်ဖြစ်ထွန်းနေသာ ဥတုရာသီနှင့် သဟဇာတဖြစ်စေခဲ့ပြီး၊ ၄င်းတို့ကို ပြုစုပျိုးထောင်ပေးခဲ့သော ရေခံမြေခံအခြေအနေများ ပြောင်းလာသည်နှင့်အမျှ ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။ အလွန်အလွန်ကြီးမားပြင်းထန်လှသည့် မီးတောင်ပေါက်ကွဲမှု၊ ကြမ်းတမ်းပြင်းထန်လှသည့် ရေခဲခေတ်၊ တိုးတိုက်ကြသော တိုက်ကြီးများကြောင့် မြေပေါ်တိုးထွက်လာသည့် အသစ်သစ်သော တောင်တန်းကာဆီးမှုများ သို့မဟုတ် ဥက္ကာခဲများ၏ ထိခိုက်မှုများနှင့်အတူ သက်ရှိပုံစံအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ကွယ်ပျောက်သွားခဲ့သည့်အခါ၊ ကမ္ဘာမြေပြင်ပေါ် ရှိ တရိပ်ရိပ်ထွန်ကားလာသော ရှုပ်ထွေးလှသည့် ဤသက်ရှိဘဝသည် အစုလိုက်အပြုံလိုက် မျိုးတုန်းပျောက်ကွယ်မှု ငါးကြိမ်အားဖြင့် တည်ငြိမ်မှုပျက်ပြားစေခဲ့ပြီးဖြစ်သည်ဟု ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တို့က ကျွန်ုပ်တို့အား ပြောပြသည်။ သို့သော်လည်း၊ အချိန်ကြာလာသည်နှင့်အမျှ အစုလိုက်အပြုံလိုက် မျိုးတုန်းပျောက်ကွယ်တစ်ခုချင်းစီ၏ နောက်တွင်၊ သက်ရှိဘဝများ၏ အခင်းအကျင်းပုံစံအသစ်က အလျှံပယ် ပေါက်ပေါက်ထွန်းကားခဲ့သည်သာဖြစ်သည်။ ကျွန်ုပ်တို့လူသားများမှာမူ နောက်အကျဆုံး ဖြစ်ပေါ်လာသည့် ဧည့်သည်များအနက်မှ ဖြစ်သည်။ နာရီတစ်ခု၏ မျက်နှာပြင်ပေါ် ထွင်းထုထားသော ဆယ့်နှစ်နာရီအသွင်ဖြင့် ဤမြေကမ္ဘာသက်တမ်းဖြင့် နှိုင်းချိန်မည်ဆိုပါက၊ လူသားတို့၏ တည်ရှိမှုသည် တစ်စက္ကန့်၏ အပုံတစ်ထောင်မျှသာ ရေတွက်ပေမည်။ ယင်းကာလအတွင်း၊ နှစ်ပေါင်း ၁၂၀၀၀ ခန့်က နောက်ဆုံးရေခဲခေတ် ဆုတ်ယုတ်လာပြီး၊ ယင်းက ကျွန်ုပ်တို့၏ ရှေးမျိုးဆက် ဘိုးဘွားများအနေဖြင့် အခြေချနေထိုင်သော လူ့အသိုက်အဝန်း တည်ဆောက်ရန်နှင့် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုများ တည်ဆောက်ခြင်း အစပြုရန် ဖြစ်နိုင်စေခဲ့လေသည်။ အမျိုးမျိုးသော ဝန်းကျင်အခြေအနေများနှင့် တိုက်ကြီးများတွင် ပေါ်ထွန်းလာသည့် အဆက်ဆက်သော ယဉ်ကျေးမှုများအနေဖြင့် ယဉ်ကျေးမှုများအကြားနှင့် ပရောဖက်များနှင့် အတိတ်ကာလ ပညာရှိများ၏ အဆိုအမိန့်သင်ကြားမှုများမှ သင်ယူခဲ့ကြပြီး - သို့မဟုတ် သင်ယူရန် ပျက်ကွက်ခဲ့ကြပြီး - ယဉ်ကျေးမှုတစ်ခုနှင့် တစ်ခု၏ အောင်မြင်မှုများအပေါ် ဆင့်ကဲ တည်ဆောက်ခဲ့ကြသည်။ ၄င်းတို့ ပြိုပျက်ကြသည့်အခါ၊ အရာဝတ္ထုတို့၏ သဘာဝနှင့်အညီ၊ ၄င်းတို့အပေါ် သစ်တောများ ပေါက်ရောက်ခဲ့သည့် သို့မဟုတ် ၄င်းတို့၏ ခြေရာလက်ရာများအပေါ် သဲများဖုံးလွှမ်းသွားခဲ့သည်။ ယင်းသို့အားဖြင့် ကမ္ဘာမြေသည် ပြန်လည်ရှင်သန်လာပြီး၊ ၄င်းတို့၏ အပျက်အစီးများအကြားမှ သက်ရှိဘဝတို့ အသစ်အသစ် ဖြစ်ထွန်းလာခဲ့ပြန်သည်။

၁.၅။ နှစ်ပေါင်း ၅၀၀ထက်အနည်းငယ်အလွန်၊ အတိတ်ကမ္ဘာမှ အိုင်ဘေးရီးယန်း သဘော်သားတို့၏ ရဲဝံ့သော ရေကြောင်းရှာဖွေသွားလာမှုဆိုင်ရာ သတ္တိဗျတ္တိစွမ်းပကားတို့က ကမ္ဘာသစ်များနှင့် (၄င်းတို့၏ အမြင်တွင်) အောင်မြင်သိမ်းပိုက်ရမည့် ယဉ်ကျေးမှုအသစ်များဆီ လမ်းဖွင့်ပေးခဲ့သည်။ သိမ်းပိုက်ခြင်းများနှင့် ကိုလိုနီနယ်ချဲ့မှုများရှိခဲ့သည့် ထိုခေတ်သမယက အရှိန်အဟုန်မြင့်လာသည့်အခါ၊ ဉာဏ်လင်းသစ်ပွင့်ခြင်းဟု

ယခုသိမှတ်နေကြသည့် လူပ်ရှားမှုက ဥရောပကို ပုံဖော်လာခဲ့ပြီး၊ ဘုရားသခင်နှင့် သဘာဝလောကတို့နှင့် လူသားတို့အကြား ဆက်နွယ်ပတ်သက်မှုပုံသဏ္ဌာန်အတွင်း အခြေအမြစ်ကျကျ ပြောင်းလဲမှုဆီ ဦးတည်ဝင်ရောက်လာခဲ့သည်။ မိမိတို့၏ ကိုယ်ပိုင်အစွမ်းအစများအပေါ်တွင်သာ အမှီသဟဲပြုအားကိုးအားထိုးပြုရန်အတွက် သက်ဝင်ယုံကြည်မှုအပေါ် ကျောက်ချတွယ်ကပ်မှုမှ လူသားများ ဖြတ်တောက်စွန့်ခွာကြသည့်အခါ၊ သဘာဝတရားအပေါ် ယခင်မကြုံစဖူးထူးကဲစွာဖြင့် လွှမ်းမိုးထိန်းချုပ်လာခဲ့ကြပေသည်။ အချို့ဖြစ်ရပ်များတွင်၊ ရှေးဟောင်းဌာနေတိုင်းရင်းသားများ၏ သဘာဝလောကတို့အကြားက နာမ်ပိုင်းဆိုင်ရာ နှောင်ကြိုးများကို ဟန့်တားနှောင့်ယှက်မှုပြုရန်အထိ ဘာသာရေးယုံကြည်သက်ဝင်မှုပုံစံများကို ပုံပျက်ပန်းပျက်ဖြစ်စေခဲ့ကြသည်။ ထိုကာလအခိုက်အတန့်မှစ၍၊ ဘုရားသခင်(နတ်ဒေဝတာများ)နှင့် အထွဋ်အမြတ်ပြုရာများ၏ အရေးပါမှုလည်း မှေးမှိန်လာခဲ့လေသည်။ "လူသားသည် အရာအားလုံး၏ အတိုင်းအထွာဖြစ်သည်"ဟူသော ယုံကြည်မှတ်ယူမှုက ရှုပ်ထွေးနက်နဲသော နည်းပညာများနှင့် ယခင်မရှိခဲ့ဖူးသေးသည့် လူဦးရေတိုးပွားမှုတို့နှင့် ပေါင်းစပ်၍ လူသားတို့၏ မက်မပြေသည့် အာသီသဆန္ဒတို့အတွက် ခေတ်သစ်လူသားတို့က သဘာဝလောကကို အသုံးတော်ခံစေခဲ့ကြသည်။

၁.၆။ ကမ္ဘာရွာအဖြစ် သိမ်မွေ့စွာဖော်ပြထားပြီး၊ ဤသဘောတူကြေညာချက်ကို ပုံနှိပ်ထုတ်ဝေရန် လုပ်ဆောင်နေချိန်အတွင်း နိုင်ငံအများစုထက် ပိုမိုဩဇာတိက္ကမကြီးသော ကော်ပိုရေးရှင်းကြီးက ခြယ်လှယ်နေသည့် စနစ်၊ ဒေါ်လာတစ်မီလီယံထက်ပိုပိုင်ဆိုင်သော ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ၁ရာခိုင်နှုန်းက ကမ္ဘာ့စုစုပေါင်းကြွယ်ဝချမ်းသာမှု၏ ၄၀ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ထားပြီး၊ ကမ္ဘာလူဦးရေ၏ ထက်ဝက်ကျော်က ၁.၄ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်သည့် စနစ်တစ်ခုအတွင်းသို့ ကျွန်ုပ်တို့လူသားများ ဖြားယောင်းသိမ်းသွင်းခဲ့ခဲ့ရပြီဆိုသည်ကို ကျွန်ုပ်တို့ ယခုသိရှိလာကြသည်။[၂] ထိုစနစ်အတွင်းတွင် လူအရေအတွက် ၂၀၀၀အနည်းငယ်စွန်းစွန်း ပမာဏာရှိသော ကမ္ဘာဘီလီယံနာသူဌေးများက ကမ္ဘာလူဦးရေ၏ ၆၀ရာခိုင်နှုန်းကို ဖြစ်စေသော ၄.၆ ဘီလီယံဦးရေက ပိုင်ဆိုင်သည်ထက်ပိုများသော ဥစ္စာဓနကို ပိုင်ဆိုင်ကြသည်။[၃] ကျွန်ုပ်တို့ ဘာသာရေးယုံကြည်သက်ဝင်မှုများအားလုံးနှင့်ရော၊ ကျင့်ဝတ်ပြဋ္ဌာန်းချက်များနှင့်ပါဆန့်ကျင်လျက်၊ ထိုကြမ်းကြုတ်လှသည့် မတရားမှုကြီးအား ကျွန်ုပ်တို့ မည်သို့ ဖြစ်ထွန်းစေခဲ့ပါသနည်း။ လူသားအားလုံးနီးပါးသည် (ထိုမတရားမှုတွင်) ကြံရာပါဖြစ်နေကြပြီး၊ ကျွန်ုပ်တို့၏ စိတ်ပျက်ဖွယ် ခက်ခဲကျပ်တည်းမှု အခြေအနေဆိုးကြီးအတွက် ကျွန်ုပ်တို့အားလုံး စုပေါင်းတာဝန်ရှိနေပြီဖြစ်သည်။ ထို့ပြင်၊ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ သဘာဝတရားကြီး၏ အင်အားတစ်ရပ်အဖြစ် ပုံဖော်စေလောက်သည်အထိ ကျွန်ုပ်တို့၏ ထိခိုက်သက်ရောက်စေမှုများက အားကြီးမားလာခဲ့ပြီဖြစ်သည်။ လုံးဝဥဿုံအသစ်ဖြစ်သော ဘူမိခေတ်ဖြစ်သည့် ဟိုလိုဆီးန် (Holocene)ခေတ်ဟု ဘူမိဗေဒပညာရှင်တို့ သမုတ်ကြသည့် လွန်ခဲ့သော ရေခဲခေတ်သည်၊ တစ်စထက်တစ်စ စုစည်းလာနေသော အများသဘောတူညီမှုဖြင့်၊ ယခုအခါ အန်သရိုပိုဆီးန်း (Anthropocene)ခေါ် လူသားတို့၏ ခေတ်ကာလ သမယဟု ခေါ်တွင်ဖော်ပြလာကြသည်။

၁.၇။ သဘာဝလောကကြီး၏ လမ်းကြောင်းကို ပြောင်းလဲစေခဲ့ပြီးသကာလ၊ ကြုံခဲ့ဖူးသမျှ အကြီးကျယ်အခမ်းနားဆုံးဟု မှတ်ယူရလောက်သည့် ကျွန်ုပ်တို့၏ လက်ရှိ ယဉ်ကျေးမှုကြီးကိုယ်တိုင်ကလည်း ကိုယ့်လမ်းကိုယ်လျှောက်ကာ ခရီးတစ်ခုတွင်ခဲ့လောက်ပြီးဖြစ်သည်ဟူသည့် ဖြစ်နိုင်ခြေကို စဉ်းစားသုံးသပ်ရန် ကျွန်ုပ်တို့ လူသားများ တွန်းအားပေးခံနေရပြီဖြစ်သည်။ အက်တမ်ကို ဖြိုခွဲပြီးနောက်၊ ဆံချည်ကွေးနှစ်မျှင်ကို ရှာဖွေတွေ့ရှိပြီးနောက်၊ လူသား ဂျီနုမ်းကို ပုံဖော်နိုင်ပြီးနောက်၊ လကမ္ဘာသို့ ပျံသန်းသွားလာနိုင်ပြီး၊ အင်္ဂါဂြိဟ်ဆီသို့ ရည်မှန်းလာပြီးနောက်၊ ယိုယွင်းပျက်စီးမှုကို ဆန့်ကျင်သည့် အရာဝတ္ထုပစ္စည်းအသစ်များဖန်တီးပြီးနောက်၊ ကျွန်ုပ်တို့ ခန္ဓာကိုယ်များအတွင်း ကျူးကျော်ဝင်ရောက်သော ရှည်ကြာတည်မြဲသည့် အော်ဂဲနစ်နှင့် လူလုပ်ပေါင်းစပ် ညစ်ညမ်းပစ္စည်းများကို တီထွင်ပြီးနောက်၊

ကျွန်ုပ်တို့၏ နေထိုင်ရှင်သန်မှုကို လွယ်ကူချောမွေ့စေရေးအတွက် များစွာသော သက်သာချောင်ချိရေးပစ္စည်းပစ္စယများကို ဖန်တီးပြီးသည်၏နောက်တွင်၊ ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်မှုကိုပါ ခြိမ်းခြောက်လာသော ဂေဟစနစ် ယိုယွင်းပြိုလဲမှုကိုပါ ရင်ဆိုင်ကြုံတွေ့နေရပေပြီ။ ခြိမ်းခြောက်မှုအားလုံးအနက် အကြမ်းတမ်းအပြင်းထန်ဆုံးမှာ သဘာဝတရားအပေါ် လူသားပယောဂသက်ရောက်မှု အကြီးမားဆုံးခေတ် (anthropogenic)နှင့် ဆက်နွယ်နေသော ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးကွဲစုံလင်မှုတို့ ပျောက်ဆုံးသွားမှုပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု

၁.၈။ ရာသီဥတုပြောင်းလဲမှုသက်သက်သည် ကမ္ဘာမြေကြီး၏ ဆင့်ကဲဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု သမိုင်းတွင် အသစ်အဆန်းကိစ္စတစ်ရပ်မဟုတ်ပါ။ လွန်ခဲ့သော ခေတ်သမယများတွင်၊ နေစွမ်းအင်၊ ကမ္ဘာဝင်ရိုးတိမ်းစောင်းမှု သို့မဟုတ် နေကို ပတ်နေသည့် ကမ္ဘာပတ်လမ်းကြောင်းတွင် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း၊ သမုဒ္ဒရာရေစီးကြောင်းပြောင်းလဲခြင်း၊ မီးတောင်ပေါက်ကွဲမှုများနှင့် (မြေအောက်နှင့် ပို့ချမှုအလွှာအောက်) ရေခဲပြင်အရည်ပျော်ခြင်းမှ မိသိန်းဓါတ်ငွေ့များထုတ်လွှတ်မှုတို့ကြောင့်လည်းကောင်း ရာသီဥတုအပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့သည်။[၄] ယဉ်ကျေးမှုများ ဆင့်ကဲတိုးတက်လာသည်နှင့်အမျှ၊ တိုး၍တိုး၍ လာသော ၄င်းတို့၏ စွမ်းအင်လိုအပ်ချက်ကို အရာဝတ္ထုပစ္စည်းများအား နေရာချွေရှင်းနှင့် အပူနှင့် အလင်းရရှိရန်တို့အတွက် တိရစ္ဆာန်နှင့် လူသားတို့၏ ခွန်အားကို အသုံးပြုခြင်းအားဖြင့်လည်းကောင်း၊ လေရဟတ်များ၊ ဘီးတပ်ရေအားသုံးစက်များ၊ ကမ္ဘာ့ဆွဲအားအသုံးပြု ရေအားစွမ်းအင်တို့ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ ရင်းမြစ်များမှလည်းကောင်း ဖြည့်ဆည်းခဲ့ကြသည်။ စက်မှုတော်လှန်ရေးကို စွမ်းအားဖြည့်ပေးရန်အတွက် ကျောက်မီးသွေးကို အင်တိုက်အားတိုက် တူးဖော်လာခဲ့ကြသည့် ရာစုနှစ် နှစ်ခုနှင့် တစ်ဝက်မတိုင်ခင်အထိ၊ ဤမြေကမ္ဘာ၏ ရာသီဥတုအပေါ် လူသားတို့၏ သက်ရောက်မှုက အနည်းငယ်သာရှိခဲ့သည်။

၁.၉။ ထိုအချိန်မှစ၍ စွမ်းအင်ကို တမ်းမက်ဆာလောင်နေသော ကျွန်ုပ်တို့၏ စားသုံးသူယဉ်ကျေးမှုသည် ဤမြေကမ္ဘာ၏ ဂေဟစနစ်များအပေါ် နှစ်ကြိမ်တိုင်တိုင် ထိခိုက်ပျက်စီးစေလာခြင်းဖြစ်သည်။ ပထမအကြိမ်တွင် ရုပ်ကြွင်းလောင်စာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့များကို ၄င်းတို့ စတင်ဖြစ်ပေါ်ရာနှင့် နှစ်ပေါင်းသန်းချီကြာမြင့်သည့် ဘူမိဖြစ်စဉ်များအားဖြင့် သိုဝှက်ထိန်းသိမ်းထားသည့် ကမ္ဘာမြေ၏ ဝမ်းဗိုက်အတွင်းမှ တူးဖော်စုပ်ယူခြင်းဖြင့်လည်းကောင်း၊ ဒုတိယအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2)၊ မီသိန်းနှင့် အခြားသော ဖန်လုံအိမ်ဓါတ်ငွေ့များအား ထိုလောင်စာများကို အဓိကအားဖြင့်လောင်ကျွမ်းစေမှုဖြင့် ကမ္ဘာ့လေထုအတွင်း ထုတ်လွှတ်ခြင်းဖြင့်လည်းကောင်း ထိခိုက်ပျက်စီးစေလာခြင်းဖြစ်သည်။ အလွန်အကျွံများပြားသော လေထုအတွင်းက CO_2 သည် အပူကို လှောင်ထားကာ၊ ကမ္ဘာတစ်ဝှန်း ရာသီဥတုအပြောင်းအလဲကို ဖြစ်ပေါ်စေသည်ကို များမကြာမီကာလရောက်မှသာ အသိအမှတ်ပြုလက်ခံလာခဲ့ကြသည်။[၅] ယင်းဓါတ်ငွေ့သည် ကမ္ဘာ့လေထု၏ တစ်ရာခိုင်နှုန်း၏ တစ်ဝက်ထက်လျော့နည်းစွာပါဝင်နေသော်လည်း၊ ကမ္ဘာမြေပေါ်ရှိ သက်ရှိဘဝတို့အတွက် အလွန်အရေးပါလှသည်။ ယင်းဓါတ်ငွေ့၏ ကုန်းမြေ၊ သမုဒ္ဒရာရေထုနှင့် လေထုရပ်ဝန်းများအကြား စီးမျောနေမှုကို ကြပ်မတ်ထိန်းသိမ်းခြင်းအားဖြင့်၊ ကာဗွန်သံသရာက ကမ္ဘာရာသီဥတုမျှခြေကို ထိန်းသိမ်းထားသည်။ ကျွန်ုပ်တို့၏ အပြုအမူများက ကမ္ဘာမြေ၏ အရာရာနွယ်ယှက်ချိတ်ဆက်နေသော စနစ်များ၏ ကျမ်းတော်မြတ်ကုရ်အာန်၏ ဝေါဟာရအားဖြင့် *မီဇာန်* ဟု ခေါ်ဝေါ်သည့် ထိုချိန်ခွင်လျှာမျှခြေကို အလွန်ပြင်းထန်စွာ နှောင့်ယှက်လျက်ရှိသည်။[၆]

၁.၁၀။ ကျွန်ုပ်တို့ (ဤသဘောတူကြေညာစာတမ်းကို ရေးသားပြုစုသူများ)အနေဖြင့် ကမ္ဘာတစ်လွှားမှ တာဝန်ယူစိတ်ရှိသော နိုင်ငံများက စီမံကိန်းများချမှတ်ကာ၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်အလို့ငှါ ဆောင်ရွက်လျက်ရှိနေခြင်း နှစ်ထောင်းအားရ အသိအမှတ်ပြုကြိုဆိုပါသည်။ ထိုအရေးယူဆောင်ရွက်မှုများအနက်မှ အထူးကဲအထင်ရှားဆုံးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ပိုမိုကိုက်ညီသော အခြားရွေးချယ်စရာများဘက်သို့ ရွှေ့ပြောင်းသည့်အသွင်ဖြင့် ခါတ်ဆီနှင့် ဒီဇယ်လောင်စာသုံးကားများကို ပိတ်ပင်ရန် အဆိုပြုချက်ပင်ဖြစ်သည်။ သို့သော်လည်း ယင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအခြေပြု ရှုမြင်ပုံက လုံလုံလောက်လောက် ခရီးပေါက်ပါပြီ၏လော။ ယင်းက "တစ်ကမ္ဘာလုံးပျမ်းမျှ အပူချိန်မြင့်တက်မှုကို စက်မှုခေတ်မတိုင်မီကထက် ၂°C အောက်တွင်သာ ကောင်းမွန်စွာ ထိန်းထားရန်နှင့် အပူချိန်မြင့်တက်မှုကို စက်မှုခေတ်မတိုင်မီ အဆင့်၏ အထက် ၁.၅°C ထက်မကျော်လွန်စေဘဲ ကန့်သတ်ထားရှိရန် အားထုတ်မှုများ လိုက်နာဆောင်ရွက်ခြင်း"များကို ဆက်လက်ထိန်းသိမ်းထားရန်ဟူသော ၂၀၁၅ခုနှစ် ပဲရစ် ရာသီဥတုသဘောတူညီချက် (Paris Climate Agreement)၏ ရည်မှန်းချက်ကို အထမြောက်စေလိမ့်မည်လော။[၇] ဆုံးရှုံးနစ်နာမှုဆိုင်ရာ ဘဏ္ဍာငွေကြေးကို သဘောတူပေးရန်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ကွန်ဖရင့်စ် (COP)အဆက်ဆက်၏ ပျက်ကွက်မှုများ ရှိနေသည့်တိုင်၊ ကမ္ဘာ့အဆင်းရဲဆုံးနှင့် အချည့်နဲ့ဆုံးတိုင်းပြည်များအနေဖြင့် ရာသီဥတုဆိုင်ရာ အကျပ်အတည်းအခက်အခဲများကဖြစ်စေသည့် နောက်ကြောင်းပြန်လှည့် မပြင်ဆင်နိုင်တော့သည့် ထိခိုက်သက်ရောက်မှုများအတွက် ကူညီကုစားပေးရေးအတွက် သမိုင်းဝင် သဘောတူညီချက်ကို ဒူဘိုင်းတွင်ပြုလုပ်သည့် COP28၏ ပထမဆုံးနေ့တွင်ပင် သဘောတူလက်ခံခဲ့ခြင်းကို ကျွန်ုပ်တို့မှ ဝမ်းမြောက်ကျေနပ်မိပါသည်။ ဤသဘောတူညီချက်သည် ထူးခြားအရေးပါပြီး၊ ကျားကုတ်ကျားခဲ အားထုတ်ကြိုးပမ်း ရယူခဲ့ရသည့် သဘောတူညီချက်ဟု စဉ်းစားသုံးသပ်မိသော်လည်း၊ အမှန်စင်စစ်အားဖြင့် ဘီလီယံနှင့်ချီ လိုအပ်ချက်ရှိနေသည့်အချိန်တွင်၊ ငွေသန်းပေါင်းများစွာကို ဆုံးရှုံးနစ်နာမှုဆိုင်ရာ ရံပုံငွေအတွက် ကတိကဝတ်ပြုခဲ့ကြသည်ကို ဤကြေညာချက်ပြုလုပ်သည့်ကာလတွင် ကျွန်ုပ်တို့ သတိမူမိသည်။[၈] ပိုမိုကြွယ်ဝသော နိုင်ငံများက လုံလောက်သော ထောက်ပံ့ကူညီမှုကို ကမ်းလှမ်းပေးအပ်ရန် ပျက်ကွက်ကြသည့်အတွက်၊ သေးငယ်သော ကျွန်းနိုင်ငံများအနေဖြင့် ပင်လယ်၏ ဝါးမြိုမှုခံရနိုင်ချေကို ကြုံတွေ့နေရသည်။ နက်ရှိုင်းသည့် ရင်းမြစ်ကျသော ပြဿနာကိစ္စရပ်များက အနာဂတ်အထိ ဆက်လက်ခရီးဆက်နေသည်ကို ကျွန်ုပ်တို့ သတိမူမိပါသည်။ "မြင့်တက်လာနေသော အပူချိန်နှင့် ပင်လယ်ရေမျက်နှာပြင်အမြင့်၊ ပြောင်းလဲလာနေသော ရွာသွန်းမှုပုံစံများနှင့် ပိုမိုဆိုးရွားပြင်းထန်သော ရာသီဥတုအခြေအနေများက လူ့ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု၊ အစားအစာနှင့် ရေဖူလုံမှုနှင့် အာဖရိကရှိ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကို ခြိမ်းခြောက်နေသည်"ဟု ကမ္ဘာ့ရာသီဥတုဆိုင်ရာ အဖွဲ့အစည်းက ညှိနှိုင်းပြုစုခဲ့သည့် အစီရင်ခံစာတစ်စောင်[၉]က သက်သေပြနေသည်။[၁၀] ဆဟာရတောင်ပိုင်းဒေသနှင့် သေးငယ်သော ကျွန်းနိုင်ငံများသည် CO_2 ထုတ်လွှတ်မှု အနိမ့်ဆုံးနိုင်ငံများအနက်မှ ဖြစ်သော်လည်း[၁၁] ၊ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများက ထုတ်လုပ်လိုက်သော CO_2 ၏ ဒဏ်ကို အချိုးမညီစွာ မမျှမတ ခံစားနေရလေသည်။ ၂၀၂၁ခုနှစ် ဩဂုတ်လ ဓရက်တွင်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဆင့် အစုအဖွဲ့ (Intergovernmental Panel on Climate Change (IPCC))က ထောင်ပေါင်းများစွာသော သုတေသနလေ့လာမှုများအပေါ် အခြေခံ၍ သိပ္ပံပညာရှင်ရာပေါင်းများစွာ ပြုစုရေးသားခဲ့ပြီး၊ ရှစ်နှစ်ကျော်ကြာသော အားထုတ်မှုဖြင့် ပြုစုခဲ့သော ခြောက်ကြိမ်မြောက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာက ကျွန်ုပ်တို့တွင် အချိန်မလုံလောက်တော့ ဟူသည့် တစ်ခုတည်းသော သတင်းစကားဖြင့် အဆုံးသတ်ခဲ့သည်။

၁.၁၁။ ယခုအချိန်ထိတိုင်အောင်ပင်၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအပြောင်းအလဲကို အဟုန်တန့်စေရန် ကြိုးပမ်းအားထုတ်မှုတို့သည် ခါတ်ငွေ့ထုတ်လွှတ်မှုများကို ထိန်းကွပ်ကြပ်မတ်ခြင်းအတွက် မျှော်မှန်းချက်ပန်းတိုင်များနှင့်

စပ်လျဉ်းပြီး အလျော့အတင်းပြုစေ့စပ်ဆွေးနွေးမှုပြုခြင်းကိုသာ အာရုံစိုက်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းဓါတ်ငွေ့များကို ဖန်တီးဖြစ်ပေါ်စေသည့် လောင်စာများ ထုတ်လုပ်ခြင်းကို တစ်စစ ရပ်နားသွားရေးအပေါ် ဂရုမမူပြု အာရုံစိုက်ခဲ့ခြင်း မဟုတ်ပေ။ COP28 တွင် (ရာသီဥတုဆိုင်ရာ အကျပ်အတည်းအခက်အခဲအတွက် ရေသောက်မြစ် အကြောင်းတရားဖြစ်သော) ရုပ်ကြွင်းလောင်စာများအကြောင်း ညွှန်းဆိုမှုကို ပထမဆုံးအကြိမ် ထည့်သွင်းလာခြင်းအပေါ် ကျွန်ုပ်တို့ ချီးမွမ်းအားပေးသော်လည်း၊ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုမှ 'ကူးပြောင်းသွားရေး'အတွက် တောင်းဆိုရပ်ခံမှုသည် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှု 'တစ်စစ ရပ်နားသွားရေး'အတွက် တောင်းဆိုမှုမှ အလွန်အလှမ်းကွာသော တောင်းဆိုမှုတစ်ခုသာဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်မြင်ပါသည်။ ရာသီဥတုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ဆောင်ချက်များကို အပူတပြင်းလိုအပ်မှုရှိနေသည့် အနေအထားတွင် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုကို တစ်စစ ရပ်တန့်သွားရေးအတွက် ရပ်ခံတောင်းဆိုရန် ပျက်ကွက်မှုသည် အလွန်ပျက်စီးဆုံးရှုံးစေနိုင်ပြီး၊ အန္တရာယ်ကြီးလှပါသည်။[၁၂] ကမ္ဘာလုံးပူနွေးမှုမြင့်တက်ခြင်းကို ၁.၅°C အထိသာ ကန့်သတ်ထားရှိရေး ရည်မှန်းချက်နှင့် အဟပ်ညီသည့် ပမာဏထက် ပိုမိုသည့် ရုပ်ကြွင်းလောင်စာများကို ထုတ်လုပ်စေလျက်၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို ရှာဖွေခြင်း၊ တူးဖော်ထုတ်ယူခြင်းနှင့် ထုတ်လုပ်ခြင်းများကို အစိုးရများက ဆက်လက်၍ သဘောတူခွင့်ပြုပေးခြင်း၊ ထောက်ပံ့ကူညီမှုများ ပြုလုပ်လျက်ရှိသည်။ သို့အတွက်၊ ရုပ်ကြွင်းလောင်စာများ ထုတ်လုပ်ခြင်းကို တရားမျှတပြီး ပွင့်လင်းမြင်သာသည့် နည်းလမ်းများဖြင့် တစ်စစရပ်တန့်သွားရေးကို နိုင်ငံများအနေဖြင့် စေ့စပ်ဆွေးနွေးမှု ပြုနိုင်စေပြီး၊ အကျိုးဆက်ဒဏ်ခံ အလုပ်သမားများနှင့် ရာသီဥတုအပြောင်းအလဲကို အံတုရန် အားနည်းချည့်နဲ့သည့် လူမှုအသိုက်အဝန်းများအတွက် မျှတမှုပြန်လည်ဆောင်ကြဉ်းပေးနိုင်သည့် အသွင်ကူးပြောင်းမှုတစ်ရပ်အပေါ် ဝန်ခံကတိပြုစေနိုင်မည့် အညွှန်းဘောင်တစ်ရပ်ဖြစ်သော အဆိုပြု ရုပ်ကြွင်းလောင်စာ မပျံ့ပွားရေး စာချုပ်အတွက် ရပ်တည်ထောက်ခံပေးရုံမှအပ မည်သည့် ရွေးချယ်စရာမှ မရှိတော့ပေ။[၁၃]

ဇီဝမျိုးစိတ်ကွဲပြားစုံလင်မှု ဆုံးရှုံးပျောက်ကွယ်လာခြင်း

၁.၁။ ကမ္ဘာမြေမျက်နှာပြင်နှင့် ၄င်း၏ ရာသီဥတုကို ကျွန်ုပ်တို့လူသားများက အပြောင်းအလဲများ ဖြစ်စေနေရင်းနှင့်၊ ကျွန်ုပ်တို့နှင့်အတူ ဤကမ္ဘာမြေကို အတူတကွ မျှဝေနေထိုင်ကြသော ထိုရောင်းရင်းသတ္တဝါများ၏ ပေါက်ပွားရှင်သန်မှီခိုနေထိုင်ရာနေရာများကို ဖျက်ဆီးကြသည်။ နေထိုင်ရှင်သန်ရာ ဝန်းကျင်များကို ဖျက်ဆီးခြင်းသည် ၄င်းတို့၏ အသက်ရှင်သန်မှုကို ဖျက်ဆီးခြင်းဖြစ်ပြီး၊ ကျွန်ုပ် ဆက်လက်ရှင်သန်ကျန်ရစ်စေရေးအတွက် မရှိမဖြစ်အရေးပါသော ဒေသခံ အပင်နှင့် သတ္တဝါမျိုးစိတ်များ ကွဲပြားစုံလင်မှုကို အလွန်လျင်မြန်စွာ ပျောက်ကွယ်ဆုံးရှုံးနေစေသည်။ ဤမြေကမ္ဘာတစ်ခုလုံးအား ဖျက်ဆီးနိုင်စွမ်း ကျွန်ုပ်တို့တွင် မရှိသလို၊ ဤကမ္ဘာဂြိုဟ်ပေါ်မှ သက်ရှိအားလုံးကိုလည်း ပျောက်ကွယ်သွားအောင် ပြုနိုင်စွမ်းမရှိပါပေ။[၁၄] သို့ရာတွင် အမှန်စင်စစ်အားဖြင့် ကျွန်ုပ်တို့ ဖြစ်ထွန်းစေခဲ့သော ကွဲပြားစုံလင်လှသော မျိုးစိတ်များနှင့် ကျွန်ုပ်တို့၏ ကံကြမ္မာလားရာနှင့် ရှုပ်ထွေးပွေလီစွာ ဆက်နွယ်ချိတ်ဆက်နေသော ကွဲပြားစုံလင်လှသည့် မျိုးစိတ်များအကြားမှ အထူးကွန်ယက်နွယ်ယှက်မှုအား ကျွန်ုပ်တို့က ယခု အရည်အသွေးယုတ်လျော့အောင် ပြုနေကြသည်။ လူသားတို့၏ လုပ်ရပ်များက ဖြစ်စေခဲ့သော နှောင့်ယှက်ဖျက်ဆီးမှုက ခြောက်ကြိမ်မြောက် အစုလိုက်အပြိုလိုက် မျိုးသုဉ်းပျောက်ကွယ်မှုဖြစ်စေရန် မောင်းခလုတ်ဆွဲသည့် လုပ်ရပ်ဖြစ်နိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များအကြား တညီတညွတ်တည်း သဘောတူညီမှု ဖြစ်ထွန်းလာနေပြီဖြစ်သည်။[၁၅] ကမ္ဘာမြေသမိုင်းတစ်လျောက် အစုလိုက်အပြိုလိုက် မျိုးသုဉ်းပျောက်ကွယ်မှု တစ်ခုချင်းစီတိုင်းက ဤကမ္ဘာဂြိုဟ်အပေါ်တွင် သက်ရှိပုံစံအသစ်များ စုဖွဲ့မှုကို အသစ်ပြန်လည် ပုံစံချခြင်းကို ဖြစ်စေခဲ့သည်။ နောက်ထပ် အစုလိုက်အပြိုလိုက်

မျိုးသုဉ်းပျောက်ကွယ်ခြင်းတစ်ခုကို ကျွန်ုပ်တို့ အမှန်တကယ် ပယောဂပြုဖြစ်စေခဲ့လျှင်၊ ယင်းမျိုးသုဉ်းမှုမှ ရှင်သန်ကျန်ရစ်မည့် မျိုးစိတ်များတွင် ကျွန်ုပ်တို့ အပါအဝင်ဖြစ်လိမ့်မည့် ဖြစ်နိုင်ခြေသိပ်မရှိဟု ထင်မြင်ရသည်။[၁၆] ထို့ပြင် အတိုင်းအထွာမသိ လွန်ကျူးခဲ့ကြပြီး၊ မိမိတို့ကိုယ်တိုင်၏ ရင်းမြစ်များနှင့် သဘာဝတရား၏ ကောင်းချီးမင်္ဂလာများကို ဖျက်လိုဖျက်ဆီးပြုခဲ့ကြသည့် ရှေးယခင်က ယဉ်ကျေးမှုလူ့အဖွဲ့အစည်းများအကြောင်း (နှင့်ကျွန်ုပ်တို့နေရာတွင် ဖန်ဆင်းခံအသစ်များနှင့် အစားထိုးနိုင်စွမ်း အလျှာ်အရှင်မြတ်ထံတွင်ရှိကြောင်းတို့)ကို ကျွန်ုပ်တို့အား ကျမ်းတော်မြတ်ကုရ်အာန်တွင် အဖန်တလဲလဲ သတိပေးထားလေသည်။[၁၇]

၁.၁၃။ ဇီဝမျိုးစိတ်ကွဲပြားစုံလင်မှုသည် ကျွန်ုပ်တို့ ကမ္ဘာမြေ၏ အရှုပ်ထွေးဆုံး သွင်ပြင်လက္ခဏာရပ်ဖြစ်သည့်အပြင်၊ အသက်တမျှ အရေးကြီးဆုံးလည်းဖြစ်သည်။ ၄င်းတွင် သက်ရှိသတ္တဝါတို့၏ အသိုက်အဝန်းများအားလုံး ပါဝင်ပြီး၊ သက်ရှိအားလုံးမှီခိုနေရသည့် မရှိမဖြစ် အရေးပါသော "သဘာဝ ရင်းမြစ်"ဖြစ်သည်။ သဘာဝလောကကြီးအတွင်းမှ မရေမတွက်နိုင်သော သက်ရှိပုံစံများ၏ နက်နဲရှုပ်ထွေးသော ကူးလူးဆက်ဆံမှုများ မရှိပါက၊ လူသားတို့အတွက် အနာဂတ်မရှိနိုင်တော့ပါ။ ကျွန်ုပ်တို့ ရှုရှိုက်သောလေ၊ သောက်သုံးသော ရေနှင့် စားသုံးနေသော အစားအစာတို့ကို ထုတ်လုပ်ပေးခြင်းအားဖြင့် ထို ရှုပ်ထွေးသော ဆက်နွယ်မှုများက ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်မှုများကို အထောက်အကူပြုပေသည်။[၁၈] ထိုအရာများအားလုံးကို အလွန်အခြေခံကျသော သဘာဝ၏ သဘောတရားအစိတ်အပိုင်းများနှင့် ဆန့်ကျင်၍ ကမ္ဘာမြေကို ကျွန်ုပ်တို့ စီမံခြယ်လှယ်လုပ်ဆောင်နေသည့် အမူအကျင့်က ခြိမ်းခြောက်လျက်ရှိသည်။[၁၉] လုံလောက်သော အချိန်သာရရှိပါက၊ လာမည့်ရာစုနှစ်များအတွင်း ပြောင်းပြန်လှန် မပြောင်းလဲပစ်ခဲ့ပါမူ ရာသီဥတုအပြောင်းအလဲ၏ များစွာသော သက်ရောက်မှုများကို လျော့ပါးသက်သာအောင် ပြုနိုင်ပေမည်။ သို့ရာတွင် မျိုးစိတ်တစ်ခု တိမ်ကောမျိုးသုန်းသွားသည့်အခါ၊ ၄င်းသည် အပြီးတိုင် ပျောက်ကွယ်သွားခြင်းဖြစ်သည်။ သက်ရှိဝန်းကျင်ဂေဟစနစ်၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် မျိုးစိတ်အားလုံးတို့တွင် အသက်တမျှအရေးပါသည့် အခန်းကဏ္ဍများရှိသည်။ ထိုဂေဟစနစ်ကြီးတစ်ခုလုံးအပေါ် မျိုးစိတ်တစ်ခုခုက အကျိုးပြုနေသည့် နည်းလမ်းအားလုံးကိုဖြစ်စေ၊ သို့တည်းမဟုတ် ယင်းဂေဟစနစ်၏ လုပ်ဆောင်လည်ပတ်ခြင်းအတွက် မည်သည့်မျိုးစိတ်က အရေးပါဆုံးဖြစ်သည်ကို လည်းကောင်း ကျွန်ုပ်တို့ မသိနိုင်ပေ။ ဇီဝမျိုးစိတ်ကွဲပြားစုံလင်မှုဆိုင်ရာ သဘောတူချက် ပဋိညာဉ်စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ၏ ၂၀၁၁-၂၀၂၀ ဇီဝမျိုးကွဲ ဆယ်စုနှစ် သတ်မှတ်လှုပ်ရှားမှု၏ အစိတ်အပိုင်းဖြစ်လာခဲ့သော "အိုင်ချိ ဇီဝမျိုးစိတ် ကွဲပြားစုံလင်မှုဆိုင်ရာ ရည်မှန်းချက်များ (Aichi Biodiversity Targets)အနက်မှ မည်သည့် ရည်မှန်းချက်တစ်ခုကိုမျှ အပြည့်အဝ အောင်မြင်ခဲ့ခြင်းမရှိသေးသည့်အချက်ကို နက်နက်ရှိုင်းရှိုင်း စိုးရိမ်ပူပန်မှုဖြင့် ကျွန်ုပ်တို့ မှတ်တမ်းတင်ထားပါသည်။[၂၀] သို့သော်ငြားလည်း၊ ကုလသမဂ္ဂ ဇီဝမျိုးစိတ် ကွဲပြားစုံလင်မှုဆိုင်ရာ ပဋိညာဉ်စာချုပ် (UN Convention on Biological Diversity (CBD)) က၂၀၅၀ခုနှစ်တွင် ပြည့်မီရမည့် ရည်မှန်းချက်ပန်းတိုင်လေးရပ်နှင့် စာချုပ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ၂၀၃၀ခုနှစ်တွင် ဖြည့်ဆည်းပေးရမည့် သီးသန့် ရည်မှန်းချက် ၂၃ရပ်တို့ ပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစိတ် ကွဲပြားစုံလင်မှုနှင့် သက်ဆိုင်သည့် အညွှန်းဘောင်အသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်ကို ဝမ်းမြောက်စွာ သိရှိမှတ်တမ်းပြုပါသည်။ ပြည့်မီရမည့် ပန်းတိုင်များ၏ ရည်မှန်းချက်များအနက် တစ်ခုမှာ ဂေဟဗေဒဆိုင်ရာ မြင့်မားသော တည်ငြိမ်မှုရှိသည့် ဂေဟဗေဒစနစ်များအပါအဝင် ဇီဝမျိုးစိတ်ကွဲပြားစုံလင်မှုဆိုင်ရာ အရေးပါမှုမြင့်သည့် မြေရေရိယာများ ဆုံးရှုံးမှုကို ၂၀၃၀ခုနှစ်တွင် သုညနီးပါးဖြစ်စေရေးဖြစ်သည်။ ကုန်းမြေနှင့် ကုန်းတွင်းပိတ် ရေနေရေရိယာများနှင့် ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများ၊ အထူးသဖြင့် ဇီဝမျိုးစိတ်စုံလင်မှုနှင့် ဂေဟစနစ်ဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အထူးအရေးပါသော နယ်မြေရေရိယာများ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို

ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်ကာ၊ ကာကွယ်ခြင်းခံထားရသော နယ်မြေဧရိယာများ၏ ဂေဟဗေဒစနစ်အရ ကိုယ်စားပြုမှုရှိသော စနစ်များမှတစ်ဆင့် စီမံကြပ်မတ်ထားကြောင်း အာမခံပေးရန်၊ ထိုနယ်မြေဧရိယာများအတွင်း ရေရှည်တည်တံ့သော အသုံးပြုမှုတစ်ခုချင်းစီတိုင်းသည် ထိန်းသိမ်းစောင့်ရှောက်မှု ရလဒ်များနှင့် အပြည့်အဝညီညွတ်မှုရှိသည်ကို အာမခံပေးရန်နှင့် ရိုးရာပိုင်ဆိုင်သည့် နယ်မြေဒေသများနှင့် သက်ဆိုင်သော အခွင့်အရေးများအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဒေသခံ လူမှုအသိုက်အဝန်းများ၏ အခွင့်အရေးများကို အသိအမှတ်ပြု လေးစားမှုရှိသည်ကို အာမခံပေးရန်တို့အတွက်လည်း ရည်မှန်းချက်ထားရှိပါသည်။[၂၁]

ဂေဟစနစ်ဆိုင်ရာနှင့် လူမှုတရားမျှတမှု

၁.၁၄။ ကျွန်ုပ်တို့၏ ခက်ခဲကြမ်းတမ်းသော အခြေအနေမှာ မြေကမ္ဘာနှင့် ၄င်း၏ သက်ရှိအသိုက်အဝန်းများကို ဂရုစိုက်ခြင်းထက် စီးပွားရေးတိုးတက်မှုကိုသာ ဦးစားပေးနေခြင်း၏ တိုက်ရိုက်အကျိုးဆက်များပင်ဖြစ်သည်။ လူလတ်တန်းစား စားသုံးသူဖြစ်ရေး ကျွန်ုပ်တို့၏ မျှော်မှန်းရည်သန်မှုက သဘာဝနှင့် သဟဇာတဖြစ်စွာ ရှင်သန်နေထိုင်ရေးထက် ပိုအရေးပါနေပေသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များကို ချွတ်ခြုံကျကာ ထိခိုက်နစ်နာခဲ့ရသည့် လူများ၏ လိုအပ်ချက်များအား ဇီဝဝန်းကျင်ကို မယုတ်လျော့စေဘဲ၊ အနာဂတ်မျိုးဆက်များ၏ သာယာဝပြောရေးကို မထိခိုက်စေဘဲ ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ၊ ကောင်းမွန်စွာ မွန်မြတ်ဂုဏ်ပြည့်စွာ ရေးဆွဲထားသည်။ ကျွန်ုပ်တို့ (ဤသဘောတူကြေညာစာတမ်းကို ရေးသားပြုစုသူများ)က ၄င်းရည်မှန်းချက်များကို နှစ်ထောင်းအားရစွာ ထောက်ခံသည့်တိုင်၊ ယင်းတို့က ဤအကျပ်အတည်းအခက်အခဲကို ကုစားပေးလိမ့်မည်မဟုတ်ပါ။ သက်ရှိဘဝ ကွဲပြားစုံလင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပိုမို၍ ကြွယ်ဝချမ်းသာသော နိုင်ငံများအနေဖြင့် ၄င်းတို့၏ စားသုံးမှု ပုံစံကို သိသာထင်ရှားစွာ ပြောင်းလဲပစ်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။

၁.၁၅။ ယဉ်ကျေးမှုများ စုံလင်ကွဲပြားမှုကို ဖျက်ဆီးခြင်းက ဇီဝမျိုးစိတ်စုံလင်ကွဲပြားမှုနှင့် မည်မျှ နက်ရှိုင်းတည်ကြည်စွာ ဆက်နွယ်နေကြောင်းကို ကောင်းစွာ နားလည်သဘောမှုမရှိခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။[၂၂] ထိုဖြစ်ရပ်များသည် လွန်ခဲ့သော နှစ်ပါင်း ၅၀၀ လူ့သမိုင်းကာလအတွင်းက ကျဉ်းမြောင်းသော အခွင့်အလမ်းအခိုက်အတန့်တွင် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ ယနေ့ခေတ် ကျွန်ုပ်တို့ ရှင်သန်နေထိုင်နေသော ယဉ်ကျေးမှုသည် ထောင်စုနှစ်နှင့်ချီ၍ ၄င်းတို့နည်း ၄င်းတို့ဟန်ဖြင့် သက်ရှိ မျိုးကွဲစုံလင်မှုကို ကြီးကြီးကျယ်ကျယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ရှေးရိုး လူ့အဖွဲ့အစည်းများ၏ သရီုးမြေများအပေါ် ထပ်ဆင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လွှမ်းမိုးကြီးစိုးသော ကမ္ဘာလုံးဆိုင်ရာ တစ်ခုတည်းသော ယဉ်ကျေးမှုကို ဇီဝမျိုးစိတ်စုံလင်ကွဲပြားမှုကိုဖြစ်စေ၊ ယဉ်ကျေးမှု စုံလင်ကွဲပြားမှုကိုဖြစ်စေ မဖြစ်စလောက်သာ အလေးထားသော ပါရာဒိုင်းတစ်ခုက ခြယ်လှယ်ချုပ်ကိုင်ထားသည်။ လူများနှင့် သို့မဟုတ် လူတို့၏ အခြေအနေနှင့် အပ်စပ်သည် မအပ်စပ်သည်ကို အလေးမမူဘဲ ယင်းတစ်ခုတည်းသောယဉ်ကျေးမှုကို ကမ္ဘာပေါ် ရှိ လူမျိုးများအားလုံးအပေါ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။[၂၃]

၁.၁၆။ လူသားတို့၏ သမိုင်းဇတ်လမ်းအတွင်း အန္တရာယ်ကြီးပြီး၊ မရေရာမသေချာတော့သည့် ကာလအဆင့်သို့ ကျွန်ုပ်တို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့ ယခုရှင်သန်နေထိုင်နေရသော (မကြုံစဖူး ပြိုင်ဘက်မရှိ ရုပ်ပစ္စည်းအကျိုးများမှုကို ဖန်တီးပေးလာသည်ဟု ရှုမြင်ကြသော) ယဉ်ကျေးမှုကြီး ကိုယ်တိုင်က ဤအကျပ်အတည်းအခက်အခဲ၏ ပင်မအကြောင်းတရားဖြစ်သည်မှာ ထင်ရှားလှပါသည်။[၂၄] ၁၉၉၂ခုနှစ်တွင် ကမ္ဘာသိပ္ပံပညာရှင်များ၏ *လူသားထုထံ သတိပေးန္ဒိးဆော်မှု (World Scientists' Warning to Humanity)*[၂၅]

ကြေညာစာတမ်းက “လူသားထုအတွက် ကြီးမားလွန်းသော ကြမ္မာဆိုးကို ရှောင်ရှားလိုပါက၊ ဤမြေကမ္ဘာနှင့် ယင်းအပေါ် ရှိ သက်ရှိတို့အပေါ် ကျွန်ုပ်တို့ ဦးစီးကြိုးကိုင်ခြယ်လှယ်မှုတွင် ကြီးမားသော အပြောင်းအလဲတစ်ရပ် လိုအပ်လျက်ရှိသည်”ဟု တပ်လှန့်နှိုးဆော်ခဲ့ပြီး၊ “လူသားများဖြင့် သဘာဝလောကကြီးတို့သည် တိုးတိုက်မိမည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး၊ ဤအတိုင်း ဇက်ကြိုးမသတ် ဆက်လက်လွှတ်ထားပါက၊ ကျွန်ုပ်တို့ သိသော နည်းလမ်းပုံစံဖြင့် သက်ရှိဘဝကို အရှည်တည်တံ့အောင် မစွမ်းနိုင်တော့လောက်အောင် ကျွန်ုပ်တို့၏ လက်ရှိ အမူအကျင့်များက ဤသက်ရှိလောကကို ပြောင်းလဲပစ်နိုင်ပါသည်”ဟု ကြေညာခဲ့သည်။ ထိုသတိပေးနှိုးဆော်မှုကို ယနေ့ခေတ်နှင့်အညီ ပြန်လည်မွမ်းမံထားသော ထုတ်ပြန်ချက်ကို ၂၅နှစ်အကြာ ၂၀၁၇နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ယင်းက တိုင်းထွာမှုအများစုတွင်၊ လူသားမျိုးနွယ်တို့သည် တိုးတက်မှုရှိရန် ပျက်ကွက်ခဲ့သည်ဟု ကောက်ချက်ချခဲ့ပြီး၊ “အချိန်သိပ်မကျန်တော့”ဟု သတိနှိုးဆော်ထားသည်။[၆]

၁.၁၇။ ဂေဟဗေဒစနစ်ဆိုင်ရာ အကျပ်အတည်းပြဿနာအတွက် လူသားထု၏ တုံ့ပြန်ဖြေရှင်းမှုများ ယခုအချိန်ထိ လုံးဝ လုံလောက်ခြင်းမရှိဘဲ၊ တစ်ဆင့်ချင်းဆန်သော်လည်း၊ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ရန် စိတ်ပိုင်းဖြတ်ချက်ခိုင်မာတည်ကြည်သော နိုင်ငံတကာအဖျင်စီများ၊ အထူးကျွမ်းကျင် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုဟ်တစ်ဦးချင်းတို့၏ သတ္တိပြောင်ဝံ့စားသော အားထုတ်ကြိုးပမ်းမှုများကို ကျွန်ုပ်တို့က အားပေးချီးမြှောက်ပါသည်။ ပြဿနာအကျပ်အတည်းများက အခွင့်အလမ်းများကိုလည်း ဖြစ်စေနိုင်ပါသည်၊ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်စာကြောင်းများတွင် မိုးကြိုးမုန်တိုင်းများကို အကြောက်တရားနှင့် မျှော်လင့်ချက်တို့ (ကို ဖြစ်စေသော)၏ ရင်းမြစ်များအဖြစ် ဖော်ပြထားသည်။[၇] ဤပြဿနာအကျပ်အတည်း၏ မည်းနက်သော မိုးတိမ်တောင်အကြိုအကြားမှ ဖောက်ထွက်ဖြာဆင်းလာသော မျှော်လင့်ချက်ရောင်ခြည်တန်းများအနက်တစ်ခုမှာ ဘာသာရေးအခြေခံ လူ့အသိုက်အဝန်းများ၊ ရိုးရာလူမှုအဖွဲ့အစည်းများနှင့် ရှေးဌာနေလူမျိုးများက မကြုံစဖူး စုစည်းလာကြခြင်းပင်ဖြစ်သည်။ မြန်ဆန်သော အပြောင်းအလဲဖြစ်ထွန်းစေရန်အတွက် စွမ်းအားရှိသော လူ့အဖွဲ့အစည်း၏ အရင်းအမြစ်ရှိ ခေါင်းဆောင်များအပါအဝင် မြေကမ္ဘာလူဦရေ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသည့် ကြီးထွားလာနေသော မဟာမိတ်စုဖွဲ့မှုတစ်ခု ဖြစ်လာသည်။ ဘာသာရေးအခြေခံ လူ့အသိုက်အဝန်းတစ်ခုစီတိုင်း၊ ရှေးရိုးအစဉ်အလာ လူ့အဖွဲ့အစည်းတစ်ခုချင်းစီတိုင်း၊ ရှေးဌာနေလူမျိုးတစ်ခုချင်းစီတိုင်းက မြေကမ္ဘာ၏ ဂေဟစနစ်များနှင့် ၄င်းတို့၏ ကွဲပြားစုံလင်လှသော အသက်ရှင်သန်မှုအသိုက်အဝန်းများအကြားမှ ရာစုနှစ်များစွာ သို့မဟုတ် ထောင်စုနှစ်များစွာ ကူးလူးဆက်ဆံခြင်းမှ တစ်စစဖြစ်ထွန်းလာသော လမ်းညွှန်ယုံကြည်မှုများကို အကောင်အထည်ပေါ်စေခဲ့သည်ဖြစ်ရာ၊ ထိုစုဖွဲ့မှုက ခေတ်ကာလများ၏ အသိပညာ ဉာဏ်အမြော်အမြင်များတည်းဟူသော လက်နက်တပ်ဆင်ထားသည်။ ယဉ်ကျေးမှု စုံလင်ကွဲပြားမှုတွင် ဤပြဿနာအကျပ်အတည်းအပေါ် တုံ့ပြန်မှုကို ထမ်းရွက်မှုပြုလာနိုင်စေမည့် ကြွယ်ဝလှသော တန်ဖိုးများနှင့် ဉာဏ်အမြော်အမြင်များ ကိန်းအောင်းပါဝင်ပါသည်။

၁.၁၈။ သို့ငြားလည်း၊ ကျွန်ုပ်တို့အနေဖြင့် သတိပေးတပ်လှန့်နှိုးဆော်မှု မှတ်ချက်ပြုရန် လိုပေသေးသည်။ ဖြေရှင်းနည်းများ ရှာဖွေနေရာတွင်၊ လူသားထုသည် ဤပြဿနာအကျပ်အတည်း၏ အကြောင်းအရင်းဇစ်မြစ်ထက်၊ ရောဂါလက္ခဏာများကိုသာ ကိုင်တွယ်ဖြေရှင်နေကြဆဲဖြစ်သည်။ ကျွန်ုပ်တို့နှင့် နီးကပ်လွန်းသဖြင့် လုံးဝနီးပါး အလွယ်တွေးနေကြသည့် အခြေခံကျသော ကိစ္စရပ်နှစ်ခုရှိပါသည်။ မြေကမ္ဘာစနစ်များကို မျှခြေရှိသည့်အခြေအနေတစ်ခုခုသို့ ပြန်လည်တည်ဆောက်ရန် ရည်စူးပါက၊ ယင်းကိစ္စရပ်နှစ်ခုအား စူးစမ်းစိစစ်ရန် လိုအပ်ပါသည်။ ယင်းနှစ်ခုအနက် ပထမတစ်ခုမှာ ကျွန်ုပ်တို့ အသုံးချအမြတ်ထုတ်ရမည့် ရင်းမြစ်တစ်ခုသဖွယ် ပြန်ဆိုနားလည်ခဲ့ကြသည့် သဘာဝလောကကြီးအပေါ် ထားရှိသည့် ကျွန်ုပ်တို့၏ သဘောထားပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရန် အလျင်စလိုလုပ်ဆောင်ကြရာတွင်၊ စီးပွားရေးတိုးတက်မှုနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုတို့ကို အဆက်မပြတ်ဖြစ်ထွန်းနေပြီး၊ မည်သည့်အခါမှ အဆုံးမသတ်သည့် ထွန်းကားမှုနှင့် တိုးတက်ကောင်းမွန်လာခြင်း၏ မျဉ်းတစ်ဖြောင့်တည်းသဘော ဖြစ်စဉ်တစ်ခုသဖွယ် ထပ်တူပြုမှတ်ယူသည့် ပါရာဒိုင်းအမှားကြီးတစ်ခုနောက်သို့ မျက်ကန်းတောတိုး လိုက်လံခဲ့ကြသည်။ သို့သော်လည်း၊ သဘာဝလောကကြီးအပေါ် ဘုရားသခင်ပြဋ္ဌာန်းထားသည့် ပုံစံတို့ကို ကျွန်ုပ်တို့ အာခံတွန်းလှန်နိုင်သည်ဟူသည့် မှတ်ယူထားမှုက ကျွန်ုပ်တို့၏ ပျက်စီးရာပျက်စီးကြောင်းဖြစ်သည်ကို သက်သေထူနေသည်။[၂၈]

၁.၁၉။ ဒုတိယကိစ္စရပ်မှာ ပထမကိစ္စနှင့် နီးကပ်စွာ ဆက်နွယ်ရုံမျှမက၊ ထိုပထမဖြစ်ရပ်ကိုပင် အားပေးအားမြှောက်ပြုလျက်ရှိသည်။ ယင်းမှာ ငွေကြေးပင်ဖြစ်သည်။ လူသားတို့အနေဖြင့် ကုန်သွယ်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို လဲလှယ်ရန်နှင့် ထောင်စုနှစ်များနှင့်ချီ၍ ယဉ်ကျေးမှုများ တည်ဆောက်ရန်တို့ကို ယင်းငွေကြေးက ဖြစ်နိုင်စေခဲ့ပြီးဖြစ်သည်။ ၄င်းမရှိဘဲ ကျွန်ုပ်တို့ မရှင်သန်နိုင်တော့ဟု ထင်မှတ်ဖွယ်ရှိနေသော်ငြားလည်း၊ မကြာမြင့်သေးသောကာလများအတွင်းက ၄င်း၏ သဘောသဘာဝကို အခြေခံကျကျ ပြောင်းလဲမှုကို ကျွန်ုပ်တို့ ဖြစ်စေခဲ့ပြီးဖြစ်သည်။ အတိတ်ကာလတွင် ငွေကြေးသည် သူ့တန်ဖိုးနှင့် သူရှိခဲ့သော်လည်း၊ ထင်ရှားသော စီးပွားရေးပညာရှင်များထံမှ ဥပမာအားဖြင့် "....ငွေကြေးသည် သူ့ချည်းသက်သက် မည်သည့် ကိုယ်ပိုင်တန်ဖိုးမှ မရှိဘဲ၊ မည်သည့်အရာတစ်ခုခုနှင့်မျှ တိုက်ရိုက်ဆက်နွယ်ချက်မရှိသည့် ဗလာသဘော သင်္ကေတတစ်ခု အဖြစ် တွင်ကျန်ရစ်သည်"ဟူသည့် သရုပ်မှန်ဖော်ထုတ်ပြသသည့် အကဲဖြတ်ချက်များနှင့် တစ်စထက်တစ်စ ပုံမှန်သဖွယ် ကြုံဆုံသိမြင်လာနေရသည်။[၂၉] အမှန်စင်စစ်အားဖြင့် ငွေကြေးဟူသည် ကျွန်ုပ်တို့ ၄င်းကို အသုံးပြုလိုက်သည့်အခါတိုင်း သဘာဝလောက၏ ကိုယ်ထည်ဖွဲ့စည်းမှုအတွင်း လှိုက်စားလာသည့် ဗိုင်းရပ်စ်သဖွယ်သာ ဖြစ်သည်။ နိုင်ငံတကာစနစ်ကို တွန်းအားပေးမောင်းနှင်နေသော စီးပွားရေးအရ ထွန်းကားတိုးတက်မှုကို ထိုထင်မှတ်မှားမှုအပေါ် အခြေတည်ထားပြီး၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ယိုင်လဲပြိုကျမှု၏ ခြောက်အိပ်မက်အမြင်များကို ဖြစ်ထွန်းစေခဲ့လေသည်။

၁.၂၀။ မျိုးစိတ်တစ်ခုအနေအားဖြင့်၊ သဘာဝပတ်ဝန်းကျင်အား ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက် ထောင်စုနှစ်နှင့်ချီ၍ ပြောင်းလဲမှုများ ဖြစ်စေခဲ့ကြပြီးဖြစ်သည်တိုင်၊ သဘာဝ ဂေဟစနစ်များက ကျွန်ုပ်တို့ နားလည်သဘောပေါက်နိုင်သော ကာလအတောအတွင်း ကုစားမှုပြုနိုင်သော အကန့်အသတ်ပမာဏထက် ယခုအခါ အလွန်အလွန် စည်းကျော်လျက်ရှိသည်။ အလ္လာဟ်ဟုအရှင်မြတ်၏ ဖန်ဆင်းမှုကို ပြောင်းလဲခြင်းသည် အဖျက်မိစ္ဆာဆန်သည် (၄:၁၁၉)ဟု ကျမ်းတော်မြတ်ကုရ်အာန်တွင် ကျွန်ုပ်တို့ကို သတိပေးထားသည်။[၃၀] လူသားတို့၏ လုပ်ရပ်များသည် မြေကမ္ဘာဝယ် ကျမ်းတော်မြတ်ကုရ်အာန်၏ ဝေါဟာရအားဖြင့် *ဖဆ်ဒ် ဖီလ် အ့ာဒ်* ဟု ခေါ်တွင်သည့် အလွန်ကြီးမားသော ဖောက်ပြန်ပြောင်းလဲမှုနှင့် ဖျက်ဆီးမှုများကို ဖြစ်စေခဲ့လေပြီ။ လေထုနှင့် ရေထုတို့အား ညစ်ညမ်းစေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှု၊ သက်ရှိတို့၏ ရင်းမြစ်များကို အလွန်အကျူး အသုံးချခြင်း၊ သက်ရှိသတ္တဝါတို့၏ ရှင်သန်နေထိုင်ရာ နေရာများကို ဖျက်ဆီးခြင်းနှင့် တစ်စစီကျိုးပျက်စေခြင်း၊ မြေဆီလွှာ ခန်းခြောက်စေခြင်း၊ ကျူးကျော်လွှမ်းမိုးတတ်သော ဒေသရင်းမဟုတ်သည့် မျိုးစိတ်များကို နေရာပြောင်းရွှေ့ချထားခြင်း၊ မျိုးရိုးဗီဇပြောင်းလဲထားသော သက်ရှိများကို စတင်သွင်းလာခြင်း၊ အဓိလိုက်သားကောင်များနှင့် အဖျက်ပိုးမွှားများဟု မှတ်ယူကြသည့် မျိုးစိတ်များကို သုတ်သင်ရှင်းလင်းခြင်း၊ အာသာမက်မပြေသော ကျွန်ုပ်တို့ မျိုးစိတ်များကြောင့် လူဦးရေအလွန်အမင်း တိုးပွားလာခြင်းတို့အားဖြင့် ကျွန်ုပ်တို့၏ ဘဝရှင်သန်မှုများနှင့် ရောင်းရင်းသတ္တဝါများ၏ ရှင်သန်မှုများကပါ မှီခိုနေရသည့် ဂေဟစနစ်ကို ကျွန်ုပ်တို့ လွန်ကျူးဖျက်ဆီးခဲ့ကြပေသည်။ (ကျွန်ုပ်တို့၏ ဘာသာရေးယုံကြည်မှုအရ ဤကမ္ဘာမြေနှင့် ယင်းအပေါ် မှီတင်းနေထိုင်ကြသည့် သက်ရှိအသိုက်အဝန်းများကို

အလေးဂရုပြုစောင့်ရှောက်ရန် ယုံကြည်လွဲအပ်ခြင်းခံရသည့် တာဝန်ခံနိုင်သော မြေကမ္ဘာပေါ်မှ *ခလွှာ* များဖြစ်စေရန် ဖန်ဆင်းခြင်းခံရသော) ကျွန်ုပ်တို့ လူသားများသည် ဖောက်ပြန်ပျက်စီးမှုနှင့် သွေးခြောင်းစီးစေခြင်းတို့ကို ကျူးလွန်ရင်း ယင်းတာဝန်ကို မဖြည့်ဆည်းနိုင်သေးရုံမျှမက၊ ဤမြေကမ္ဘာ၏ သမိုင်းတွင် ရှုပ်ထွေးပွေလီလှသော သက်ရှိဘဝတို့၏ ခြောက်ကြိမ်မြောက် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်မှုကိုပင် အစပြုခဲ့ပြီး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ အောက်ပါထက်ပို၍ ဝမ်းနည်းနာကျင်ဖွယ် စွဲဆိုခံရမှု သို့မဟုတ် ခုခံချေပဖြေရှင်းချက်မပေးနိုင်သော စွဲဆိုချက်ကို စိတ်ကူးကြည့်ရန်ပင် ခက်ခဲလှပါသည်

လူတို့၏ လက်များက ဆည်းပူးခဲ့ကြသော (မကောင်းမှုဒုစရိုက်တို့) ကြောင့် ကုန်းမြေ၌လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ ပျက်စီးမှု (ဘေးဥပဒ်များ)သည် ဖြစ်ပေါ်၍ နေချေပြီ။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ၄င်းတို့ ကျင့်မှုခဲ့ကြသော ပြစ်မှုအချို့၏ ရသာကို ၄င်းတို့အား မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၄င်းတို့သည် (မိမိတို့၏ ပြစ်မှုများမှ) ပြန်လှည့်ကြပေမည်။ (၃၀း၄၁)

ကျွန်ုပ်တို့ မျှော်လင့်ချက်ရှင်သန်ဆဲ

၁.၂။ ဤကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်တွင်၊ ကျွန်ုပ်တို့ ဦးတည်နေသည့် လမ်းကြောင်းကို ပြောင်းလဲပစ်ရန် အချိန်မနှောင်းသေးဟူသော မျှော်လင့်ချက်အတွက် အကြောင်းတရားကို တွေ့ရှိရသည်။ ထို့ပြင် ကျွန်ုပ်တို့ ပြန်လှည့်ကောင်းလှည့်ပြီး၊ မှန်ကန်သော လမ်းကြောင်းရွေးချယ် ချမှတ်နိုင်သေးသည်ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့၏ ဘာသာရေးယုံကြည်မှုက ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာမြေနှင့် ကျွန်ုပ်တို့ ဆက်နွယ်မှုရှိစေရန် မည်သို့သွန်သင်ထားသည်ကို ရှေ့ဆက်စဉ်းစားကြည့်ပါမည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံက မျက်နှာစာများစွာပါဝင်ပါသည်

- မွတ်စ်လင်မ်များအနေဖြင့် ဤကမ္ဘာမြေအား ယင်းအပေါ်တွင် ကျွန်ုပ်တို့ပြုခဲ့သမျှအတွက် စစ်ဆေးမေးမြန်းတော်မူမည့် အရာခပ်သိမ်းတို့၏ အရှင်၏ ကောင်းချီးမင်္ဂလာခံသောင်းသော ဖန်ဆင်းမှုအဖြစ် မှတ်ယူချဉ်းကပ်ပါသည်။ ယင်းကို မတော်မတရားပြုရင်းဖြင့် ယင်းအပေါ် ကျွန်ုပ်တို့၏ နားလည်သိမြင်ပုံသည် မြင့်မြတ်သောအရာအဖြစ် နားလည်ခဲ့ခြင်းမှ မြင့်မြတ်ဂုဏ်မဲ့သော နားလည်မှုအဖြစ် မည်သို့မည်ပုံ ဖြစ်စေခဲ့သည်ကို သတ်မှတ်ဖော်ထုတ်ရန် ကြိုးပမ်းပါမည်။ ယင်းက ကျွန်ုပ်တို့ ဆုံးရှုံးသွားနေသော အရာများ၏ အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိခြင်းကို ပြန်လည်ရှာဖွေတွေ့ရှိစေရန် အထောက်အကူပြုနိုင်ပါသည်။
- ဖန်ဆင်းရှင်နှင့် အဖန်ဆင်းခံတို့အကြားမှ ဆက်နွယ်ပတ်သက်မှု (အပြင် လူသားမျိုးနွယ်နှင့် ထိုနှစ်ခုစလုံး၏အကြားရှိ ဆက်နွယ်ပတ်သက်မှုအကြောင်းနှင့် ယင်းတစ်ခုချင်းစီအပေါ်တွင် တင်ရှိသည့် ကျွန်ုပ်တို့၏ ဝတ္တရားများအကြောင်း)ကို ဖြစ်တည်မှုဆိုင်ရာ ရုပ်လွန်ဓမ္မဗေဒအရနှင့် စကြာဝဠာဗေဒအရ နားလည်သိမြင်ပုံတစ်ခုကို ရှင်းလင်းထိရောက်စွာ ဖော်ထုတ်တင်ပြရန် ကြိုးပမ်းလျက်ရှိသည်။ ထိုနားလည်သိမြင်ပုံက ကျွန်ုပ်တို့ မှားယွင်းစွာပြုကျင့်မိသည်ကို မည်သို့မည်ပုံတည့်မတ်၍ ရနိုင်သည်ဆိုသည်ကို ရှင်းလင်းပြတ်သားစွာ မြင်နိုင်စွမ်းရှိစေနိုင်မည့် နားလည်မှုမျိုးဖြစ်သည်။
- ဗျာဒိတ်တော်ခံအစဉ်အလာ (တမန်တော် မုဟမ္မဒ်၏ လမ်းစဉ်)နှင့်အညီ၊ လိုအပ်သော အပြုအမူ အမူအကျင့်ဆိုင်ရာ ပြောင်းလဲခြင်းအတွက် ကျွန်ုပ်တို့ကိုယ်တိုင်ကို စိတ်ပိုင်းဖြတ် သန့်ဌာန်ချစေရန် တွန်းအားပေးစေ့ဆော်ရန်အလို့ငှါ၊ အစွယ်လာမ်ဘာသာ၏ အလွန်အရေးကြီးသော ကျင့်ဝတ်ဆိုင်ရာ သွန်သင်ချက်များနှင့် တန်ဖိုးများကို ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ဖော်ပြရန် ကြိုးပမ်းပါသည်။

- မြေကမ္ဘာပေါ် ရှိ သက်ရှိဘဝတို့ကို ထိခိုက်သက်ရောက်စေသည့် ဤအကျပ်အတည်းပြဿနာကို နိုင်ငံရေးဘောဂဗေဒ၏ သုံးမြွောင့်ဖန်တုံးမှတစ်ဆင့် ရှုမြင်ပြီး၊ မညီမျှမှုများကို အရေးယူဖြေရှင်းရန်နှင့် အနာဂတ်မျိုးဆက်များအနေဖြင့် ၄င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် စွမ်းရည်ကို စွန့်လွှတ်စရာမလိုဘဲ ကောင်းမွန်သော ဘဝတစ်ခုကို ရပ်တည်ရှင်သန်ခြင်းအတွက် ပိုမို၍ အရှည်တည်တံ့သော အမှန်အားဖြင့် စွမ်းရည်ပြည်လည်ပြည့်ဖြိုးမြဲ ချဉ်းကပ်ပုံနည်းလမ်းတစ်ခု နားလည်သိမြင်စေရန်တို့အတွက် မြေကမ္ဘာပေါ် ရှိ သက်ရှိရင်းမြစ် တို့မှရရှိသော ကောင်းကျိုးတရားများ(ဘောဂဗေဒပညာရှင်တို့က သဘာဝသယံဇာတရင်းမြစ်များဟု ခေါ်ဝေါ်ကြသည်)ကို မျှတစွာ မျှဝေခြင်းဆိုင်ရာ အစွန်လာမ့်အစဉ်အလာထဲမှ မည်သည့်အရာများက ကျွန်ုပ်တို့ကို ကူညီပေးနိုင်သည်ကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းအားထုတ်ပါသည်။[၃]
- ကျွန်ုပ်တို့ ချိုးဖျက်ခဲ့သော သက်ဝင်ရှန်းကြွသည့် ချိန်ခွင်လျှာမျှခြေ (*မီဇာန်*)ကို ပြန်လည်တည့်မတ်ရန် လိုအပ်သော လှုပ်ရှားဆောင်ရွက်မှုများကို စတင်လုပ်ဆောင်နိုင်ရန်အလို့ငှါ၊ ဥပဒေပြုခြင်း၊ ထိန်းကွပ်ပြဋ္ဌာန်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း အမူအကျင့်များ၊ မူဝါဒများနှင့် လှုပ်ရှားဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်၍ ကျွန်ုပ်တို့၏ ဘာသာယုံကြည်မှုအစဉ်အလာ၏ အရေးပါဆုံးမျက်နှာစာများကို ဖော်ထုတ်တင်ပြရန် ကြိုးပမ်းပါသည်။

အခန်း ၂

မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ် ရှိ အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ

တစ်ဆူတည်းသော ဖန်ဆင်းရှင်၊ အရာခပ်သိမ်းတို့၏ အရှင်

၂.၁။ ကျမ်းတော်မြတ်ကုရ်အာန်တွင် သဘာဝဖြစ်စဉ်များကို ညွှန်းဆိုမှု အမြောက်အများပါဝင်သော်လည်း၊ 'သဘာဝပတ်ဝန်းကျင်' သို့မဟုတ် 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာ' သို့မဟုတ် 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု" စသော စကားရပ်များ မပါဝင်ပါ။ ဂန္ထဝင်အာရဗီဘာသာစကားတွင်၊ 'သဘာဝပတ်ဝန်းကျင်'နှင့် အနီးစပ်ဆုံး ဝေါဟာရမှာ ဘေးပတ်ဝန်းကျင်ဟု အဓိပ္ပါယ်ရသော *မုဟစ်* ဟူသော စကားရပ်ဖြစ်သည်။ သို့သော်လည်းကျမ်းမြတ်ကုရ်အာန်ပါ အသုံးအနှုန်းတွင်မူ၊ ၎င်း၏ အဓိပ္ပါယ်မှာ၊ ကျမ်းတော်မြတ်ကုရ်အာန် ၂း၁၅၅နှင့် ၄း၁၂၆တို့တွင်ကဲ့သို့ အရာရာအားလုံးကို လွှမ်းခြုံထားခြင်းဟု အနက်ရသော *မုဟီးု်* ဟု ဖော်ပြသည့် ဘုရား၏ အနီးအပါးရပ်ဝန်းတွင် တည်ရှိမှုနှင့် ယင်းအသိတို့ကို ဆိုလိုပါသည်။ သဘာဝလောကကြီးနှင့် သက်ဆိုင်သော အစွမ်းလာမ်၏ သွန်သင်ချက်များမှာ အဖန်ဆင်းခံ (*အလ်-ခလ်ဂ်*)နှင့် ၎င်း၏ အမျိုးမျိုးသော သဒ္ဒါအသုံးအနှုန်းပုံစံများအပေါ် ဗဟိုပြုထားပြီး၊ ယင်းစကားရပ်ကို ကျမ်းမြတ်ကုရ်အာန်၏ အာယာသ်တော်ပေါင်း ၂၅၀ကျော်တွင် သုံးနှုန်းထားသည်။[၃၃] ဤနေရာတွင် ဘုရားသခင်နှင့် လူသားတို့အပါ အကျုံးဝင်သက်ဆိုင်သော အဖန်ဆင်းခံတို့အကြား ဆက်နွယ်မှုတို့နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုအတွင်းမှ စကြာဝဠာဗေဒနှင့် သဘာဝတရားဆိုင်ရာ ဘာသာရေးအယူအဆသီအိုရီတို့ကို တင်ပြပါမည်။

၂.၂။ **အလွှာဟ်ဟုအရှင်မြတ်၏ တစ်ဆူတည်းဖြစ်မှုကို အခိုင်အမာမြွက်ဟခြင်းတည်းဟူသော *သောင်ဟီးဒ်*** သည် အစွမ်းလာမ် လမ်းညွှန်ယုံကြည်မှု၏ အဓိကကျောရိုးဖြစ်သည်။ ဘုရားသခင်၏ တစ်ဆူတည်းဖြစ်မှုဟူသည် ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၊ ယင်း၏ ရုပ်လွှန်ဓမ္မ၊ ယင်း၏ ကျင့်ဝတ်တရား၊ ယင်း၏ ဥပဒေသနှင့် ယင်း၏ နာမ်ပိုင်းဆိုင်ရာသဘောတို့၏ အခြေခံအုတ်မြစ်အဖြစ် ကျွန်ုပ်တို့ မွတ်စ်လင်မ်များက ယုံကြည်လက်ခံထားကြသည်။ **"စကြာဝဠာခပ်သိမ်းတို့၏ အရှင်သခင် (*ရဗ္ဗလ်-အာလမီးန်း*")**အဖြစ် အလွှာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းဖြင့် ကျမ်းတော်မြတ်ကုရ်အာန်က အစပြုပါသည် (၁း၁)။ ကျွန်ုပ်တို့အပေါ် အမိန့်ပြန်ပြဋ္ဌာန်းထားသော ကျွန်ုပ်တို့၏ နေ့စဉ်ဝတ်ပြုမှု တစ်ခုချင်းစီက ဤစကားလုံးများဖြင့် အစပြုပါသည်။ တစ်ဖက်တွင် *ရဗ္ဗ* ဟူသော ပုဒ်သည် ဝေနေယျသတ္တဝါအပေါင်းတို့ ခဝပ်ကိုးကွယ်ရသည့် ဖန်ဆင်းရှင်နှင့် အရှင်သခင်ဟု အဓိပ္ပါယ်ရပြီး၊ အခြားတစ်ဖက်တွင် သက်ရှိသက်မဲ့ အရာတစ်ခုချင်းစီတိုင်းကို ဖြစ်တည်စေသော၊ ယင်းနောက် ရိက္ခာထောက်ပံ့ပေးတော်မူသော၊ ပြုစုပျိုးထောင်တော်မူသော၊ တိုးတက်ဖြစ်ထွန်းစေသော ထို့အပြင် ယင်း၏ ကံကြမ္မာနဖူးစာအတိုင်း ပြီးပြည့်စုံသည်အထိ လမ်းညွှန်တော်မူသည့် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဟုလည်း အဓိပ္ပါယ်ဆိုလိုသည်။ အလွှာဟ်ဟု အရှင်မြတ်သည် သက်ရှိသက်မဲ့အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်တော်မူသည်ဟု သိရှိနေခြင်းက ထိုအရှင်အား ခဝပ်ကိုးကွယ်ခြင်းသည် အရာခပ်သိမ်းတို့အပေါ် ကောင်းမွန်မှုကို ရှောင်လွှဲမရလောက်အောင် တောင်းဆိုပါသည်။[၃၄]

၂.၃။ အက်တမ်းအောက်သေးငယ်သော အမှုန်များအစပြု ဝေးကွာလှမ်းလှသော ဂလက်စီများအထိ၊ အဖန်ဆင်းခံလောကအတွင်းရှိ အရာခပ်သိမ်းတို့သည် ဘုရားသခင်၏ ဖန်ဆင်းခံအဖြစ် တစ်လုံးတစ်ဝတည်း စုစည်းဖြစ်တည်ပြီး၊ ယင်းတို့၏ ဖြစ်တည်ရှင်သန်မှု၏ မျက်နှာစာအားလုံးတွင် ထိုအရှင်သခင်အပေါ်တွင်သာ အကြွင်းမဲ့ မှီခိုနေရသည်။ ***"(အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလွှာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။ အလွှာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝကင်းရှင်တော်မူသော အရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင်ဖြစ်တော်မူ၏"*** (၁၁၂း၁-၂)။ ***"ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော၊ အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင် ပြုလုပ်ဖန်ဆင်းတော်မူသော) ပုံသဏ္ဌာန်ပြုလုပ်တော်မူသော အလွှာဟ်အရှင်မြတ်ဖြစ်တော်မူ၏..."*** (၅၉း၂၄)။ ဤသဘာဝလောကသည် ဘုရားသခင်ကို သက်သေခံနေပေသည်။ ဘုရားသခင်၏ နေရာအနှံ့ အကြားမလပ်တည်ရှိနေမှုကို သတိပေးနှိုးဆော်လျက်၊ ဤအဓိကဗဟိုချက်မဖြစ်သော အမှန်တရားစကားကို ကျမ်းမြတ်ကုရ်အာန်တွင် ထပ်ဖန်တလဲလဲ အထူးပြုမိန့်ကြားထားပေသည် (၃း၁၉၀၊ ၃၀း၁၇-၂၇၊ ၄၁း၅၃၊ အစရှိသည်တို့)။ ***"အာကာသ ကောင်းကင်များ၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ အလွှာဟ်အရှင်မြတ် ပိုင်ဆိုင်သော ပစ္စည်းများသာ ဖြစ်သည်။ ထို့ပြင် စင်စစ် အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက် ရှိတော်မူသောအရှင် ဖြစ်တော်မူသည်"*** (၄း၁၂၆)၊ ***"အရှေ့နှင့် အနောက် (အစရှိသော အရပ် ဈမျက်နှာမျှမက ရှိရှိသမျှသော စကြာဝဠာများကိုပင်) အလွှာဟ်အရှင်မြတ်က (ဖန်ဆင်းတော်မူလေသည်ဖြစ်ရာ) ထိုအရှင်သည်သာလျှင် စိုးပိုင်တော်မူသော အရှင်တည်း။ အသင်တို့သည် (ထိုအရှင်မြတ်ကို ခဝပ်ကိုးကွယ်ရာ၌) မည်သည့်ဘက်သို့မဆို မျက်နှာပြုကြပါမူ ထို(မျက်နှာပြုရာ)ဘက်၌ပင် အလွှာဟ်အရှင်မြတ်၏ မျက်နှာတော်သည် (အသင်တို့ရှေ့တွင်) ရှိနေတော်မူသည် (ဟု မှတ်ပါလေ)။။ မုချကေန် အလွှာဟ်အရှင်မြတ်သည် (အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည့်အတိုင်း) ခပ်သိမ်းကုန် (သော အရပ်ဒိသာ)တို့ကို လွှမ်းခြုံတော်မူသော အရှင်၊ အလုံးစုံကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသော ကြောင့်တည်း"*** (၂း၁၁၅)။ ထိုအရှင်မြတ်သည် စားနပ်ရိက္ခာတို့ကို ထောက်ပံ့ပေးသော အရှင်ဖြစ်တော်မူသည်၊ ***"အလွှာဟ်အရှင်မြတ်အပြင် အသင်တို့အား မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ စားနပ်ရိက္ခာပေးသည့် ဖန်ဆင်းသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရှိပါသေးသလော"*** (၃၅း၃)။ ထိုအရှင်မြတ်သည်ပင် သက်မဲ့အရာတို့အား အသက်သွင်းတော်မူပြီး၊ ရှင်ခြင်းနှင့် သေခြင်းအကြား သံသရာလည်စေတော်မူသော အရှင်ဖြစ်တော်မူပါသည်၊ ***"ကေန်စင်စစ် အလွှာဟ်အရှင်မြတ်သည် မျိုးစေ့များနှင့် သစ်စေ့များကို (အညောင့်အတက် ထွက်စေရန်) အက်ကွဲစေတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်သာလျှင် သက်မဲ့အရာများမှ သက်ရှိသတ္တဝါများကို ထုတ်တော်မူလေသည်။ ထို့ပြင်တဝ သက်ရှိသတ္တဝါများမှ သက်မဲ့အရာများကို ထုတ်တော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူ၏။ သို့ပြုနိုင်စွမ်းတော်မူ အရှင်သည်ကား အလွှာဟ်အရှင်မြင့်ပင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် (ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းကိုစွန့်၍) အဘယ်သို့ ပြန်လှည့်သွားကြလေသနည်း"*** (၆း၉၅)။

၂.၄။ ဘုရားသခင်သည် ချို့ယွင်းချက်အပေါင်းမှ ကင်းစင်တော်မူလျက်၊ အနှိုင်းမဲ့ အနန္တဖြစ်တော်မူ၍၊ အဖန်ဆင်းခံ အရာခပ်သိမ်းတို့ကိုမူကား အနှိုင်းမဲ့အနန္တမဟုတ်ဘဲ အကန့်အသတ်ရှိသော အရာများအဖြစ် စီမံပြဋ္ဌာန်းတော်မူသည်။ ထိုအရာများအား တိကျစွာ အတိုင်းအထွာရှိစေလျက်၊ ယင်းတို့၏ အကန့်အသတ်ဘောင်ကို ထိုအရာတို့၏ အရှင်ကသာ အမိန့်ပေးပြဋ္ဌာန်းပါသည်။ ကျမ်းမြတ်ကုရ်အာန်က ကျွန်ုပ်တို့အား ဤသို့ ပြောပြပါသည် "....***ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည့်အပြင်၊ ထိုအရာများကို နှိုင်းချိန်တိုင်းတာ ထားတော်မူခဲ့လေသည်"*** (၂၅း၂)။

ထိုအတိုင်းအထွာ အကန့်အသတ်တို့ကို ကျွန်ုပ်တို့က ကျေးဇူးသိစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံကြပါသည်။ ယင်းအကန့်အသတ်ဘောင်အတွင်းမှ ဝမ်းမြောက်စွာ လုပ်ဆောင်ကြပါပြီး၊ "***ထိုအရှင်မြတ်သည် အသင်တို့အား ထိုအရှင်မြတ်ထံတော်၌ အသင်တို့ အသနားခံခဲ့ကြသည့်အရာ အလုံးစုံတို့အနက်မှလည်း ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ စင်စစ်သော်ကား အကယ်၍ အသင်တို့သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်(များ)ကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်(များ)ကို ရေတွက်နိုင်ကြမည် မဟုတ်ပေ။ မလွဲကေန် မနုဿ လူသား(တို့)သည် အမှန်ပင် အလွန်မတရားသောသူ(များ) အလွန်ကျေးဇူးကန်သူ(များ)ပင် ဖြစ်(ကြ)ပေသတည်း***"(၁၄း၃၄) ဟု ဆိုထားသည့်အတွက် ထိုစည်းဘောင်များကို မကျူးကျော်မိစေရန် ကြိုးပမ်းကြရပါသည်။

ဖန်ဆင်းခြင်းအတွင်း ကိန်းအောင်းနေသော တန်ဖိုး

၂.၅။ အလွှာဟ်အရှင်မြတ် (ချို့ယွင်းချက်အပေါင်းမှ လွန်မြောက်သန့်စင်ကြောင်း ချီးမွမ်းခြင်း ခံထိုက်သောအရှင်)က အရှင့်၏ မည်သည့်အဖန်ဆင်းခံကိုမျှ အကျိုးမဲ့အချည်းနှီး မပြုခဲ့ပါပေ။ အရာတစ်ခုကို ထိုအရှင်မြတ် ဖန်ဆင်းခဲ့သည်ဟူသည့် အချက်ကိုယ်တိုင်က ထိုအရာအား ထိုအရာအတွင်း ကိန်းအောင်းနေသော ထိုက်တန်မှု တန်ဖိုးကို နှင်းအပ်ထားသည်။ အဖန်ဆင်းခံ အရာတစ်ခုခုအား ကျင့်ဝတ်အရ တွေးတောဆင်ခြင်ခြင်းမှ ဖယ်ထုတ်ခြင်းသည် *သောင်ဟီးဒ်*တည်းဟူသော စည်းမျဉ်းဥပဒေသကို ချိုးဖောက်ခြင်းမည်ပါသည်။ ထို့ပြင်၊ အရှင်မြတ်သည် အရာတစ်ခုချင်းစီအား သစ္စာအမှန်တရားအားဖြင့်၊ မှန်ကန်ဖြောင့်မတ်ခြင်း *ဘေ အစ်လ်-ဟက်က်* အားဖြင့် ဖန်ဆင်းတော်မူပါသည်။ အဖန်ဆင်းခံအားလုံးတွင် အခွင့်အရေးများရှိကြသည်ချည်းဖြစ်သည်။[၃၅] "***စင်စစ်သော်ကား ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြားဌ ရှိသမျှတို့ကိုလည်းကောင်း ကစားခုန်စားသောအားဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။ ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံးကို နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းနှင့်တကွ ဖန်ဆင်းတော်မူခဲ့၏....***" (၄၄း၃၈-၃၉)။ ကျွန်ုပ်တို့အနေဖြင့် ခြင်မှက်တစ်ကောင်အား အရေးပါ အရာရောက်မှု သိပ်မရှိဟု တွေးကောင်း တွေးနိုင်ပါသည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်သည် ယင်းခြင်ကောင်ကို ဥပမာပုံဆောင် ခိုင်းနှိုင်းခြင်း မပြုအပ်သော အရာအဖြစ် မှတ်ယူခြင်းမရှိဘဲ (၂း၂၆)၊ ပျားသည်ပင် ဘုရားသခင်ထံမှ ဗျာဒိတ်ဝဟီဆင့်ပြန်ချက်တော်ကို ရရှိပေသည် (၁၆း၆၈-၆၉)။ အရေးမပါ အရာရောက်ခြင်းမရှိသည့် ဖန်ဆင်းခံဟူ၍ တစ်ခုမျှမရှိပါပေ။ မည်သည့်အရာကိုမျှ အချည်းနှီး ဖန်ဆင်းခဲ့ခြင်းမဟုတ်ပေ။ အရာအားလုံးအား မှန်ကန်မှုအားဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည့် မည်သည့်အရာကိုမျှ အမှုမှတ်မဲ့ အလေးမထားသည့်သဘောဖြင့် မှတ်ယူဆက်ဆံခြင်း မပြုအပ်ပေ။ ထို့ပြင် အမှန်တရား အခွင့်အရေးရှိ၍မှ လွဲ၍ မည်သည့် အသက်ကိုမျှ သတ်ဖြတ်ခြင်း မပြုနိုင်ပါ။ အမှန်စင်စစ်အားဖြင့်၊ အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်သည် ကမ္ဘာမြေအား ကောင်းချီးမင်္ဂလာခြည်းစေခဲ့သည် "***ထိုအရှင်မြတ်သည် ယင်းပထဝီမြေဝယ် တည်ငြိမ်ကြံခိုင်သော တောင်များကို ယင်းပထဝီမြေ၏ ထက်ဝယ် ပြုလုပ်ထားတော်မူခဲ့၏။ ထို့ပြင် ထိုပထဝီမြေ၌ အကျိုးကျေးဇူးများကို ပွားများစေတော်မူခဲ့၏။ ထိုမှတစ်ပါး ယင်းပထဝီမြေ၌ပင် ၄င်းမှထွက်သော အစာအာဟာရများကို တိုင်းတာချင့်ချိန် သတ်မှတ်တော်မူခဲ့၏....***"(၄၁း၁၀)။ ထို့ပြင်၊ အရှင်မြတ်ဖန်ဆင်းခဲ့သော အရာများတွင် အမြင့်ဆုံး ကောင်းမြတ်လှပခြင်းတို့ဖြင့် ပြည့်ဝစေလျက် ထိုအဖန်ဆင်းခံများကို ပြီးပြည့်စုံစေတော်မူခဲ့လေသည်[၃၆]။ "***အကြင်အရှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သော အရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏....***"(၃၂း၇)။ "***ထိုမှတပါး အသင်သည် တောင်များကို တွေ့မြင်လေ၏။ အသင်သည်***

ယင်းတောင်များကို အစိုင်အခဲများဖြစ်သည် ထင်မှတ်ပေ၏။ သို့ရာတွင် (ထိုနေ့တွင်) ယင်းတောင်များမှာ မိုးတိမ်များ လွှင့်ပါးဘိသကဲ့သို့ပင် လွှင့်ပါး၍ သွားပေမည်။ (ဤသည်) အရာခပ်သိမ်းတို့ကို ပြီးပြည့်စုံအောင် ပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ လက်ရာတော်ပင်ဖြစ်သည်" (၂၇း၈၈)။

၂.၆။ **အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်။** အရာခပ်သိမ်း၏ အရှင်သခင်ဖြစ်ပြီး၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အလွန်သနားကြင်နာပြီး၊ အလွန်တရာ ကရုဏာထားတော်မူသော အရှင်ဖြစ်တော်မူပါ၏။[၃၇] အလွန်တရာကြီးကျယ်လွန်းမိုးတော်မူသော သနားကြင်နာမှု၊ ကျက်သရေတော်နှင့် ကရုဏာတရားတို့၏ ပမာဏအတိုင်းအတာသည် ကျွန်ုပ်တို့ တွေးတောဆင်ခြင်နိုင်သည်ထက်ပင် သာလွန်ကြီးမားလှသည်[၃၈] ***"...ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိချေပြီ...."***(၇း၁၅၆)။ ***"...ထိုအရှင်မြတ်သည် ကရုဏာပြုတော်မူရန် မိမိအပေါ်၌ တာဝန်အဖြစ် သတ်မှတ်ထားတော်မူပြီးဖြစ်သည်..."***(၆း၁၂)။ ထိုအရှင်မြတ်သည် ဤစကြာဝဠာအား ဘုန်းအသရေတော်နှင့် အလှတရားတို့ဖြင့် ဆင်ယင်ပြည့်နှက်စေတော်မူခဲ့ပြီး၊ တွေးတောခံစားတတ်သော သတ္တဝါတို့တွင် ထို ဘုန်းအသရေတော်နှင့် အလှတရားတို့အား ထိုသူတို့နှင့် ကျွန်ုပ်တို့ သိမြင်နားလည်နိုင်စေသည့် အမျိုးမျိုးသော အာရုံခံစားမှုတို့ကို ပေးသနားတော်မူခဲ့ပြီဖြစ်သည်။ သနားကရုဏာတော်၏ အမှတ်အသားလက္ခဏာတော်တို့ ကိန်းအောင်းနေသော စကြာဝဠာတစ်ခုအတွင်း ကျွန်ုပ်တို့ ရှင်သန်နေထိုင်နေကြသည် ဖြစ်သောကြောင့်၊ ကြောင်းကျိုးညီညွတ် သဟဇာတဖြစ်မှုနှင့် အလှတရားတို့သည် အရာအားလုံးတွင် စီးဝင်ပျံ့နှံ့လျက်ရှိပေသည် ***"အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကရုဏာတော်အားဖြင့်လည်းကောင်း၊ အသိပညာအားဖြင့်လည်းကောင်း ဝန်းခြုံလျက်ရှိတော်မူပါ၏..."***(၄၀း၇)။[၃၉]

၂.၇။ အရာခပ်သိမ်းတို့သည် သတ္တဝါတို့၏ အာရုံခံစားဆင်ခြင်သိတို့ထက်သာလွန်ကဲ လွန်မြောက်သည့် ၎င်းတို့၏ ဖန်ဆင်းရှင်၊ အရှင်သခင်နှင့် ထိန်းသိမ်းစောင့်ရောက်တော်မူသော အရှင်၏ စင်ကြယ်သန့်ရှင်းမှုအသရေတော်ကို သက်သေခံလျက်ရှိသည်။

မိုးခုန့်ထပ်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ထိုမိုးများနှင့် ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများ သရဇ္ဈာယ်လျက် ရှိကြကုန်၏။ ထိုအရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများသရဇ္ဈာယ်မှု မပြုသောအရာဟူ၍ တစ်ခုမှ မရှိပါပေ...(၁၇း၄၄)။

မိုးကောင်းကင်များ၌ ရှိနေသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ အတောင်ပံများ၌ ဖြန့်(၍ ဝဲပျံ) လျက် ရှိကြကုန်သော ငှက်တို့ရဏ္ဍာန်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြသည်ကို အသင်သည် မသိမြင်ခဲ့လေသလော။ (၄၎င်းတို့အနက်) အသီးသီးတို့သည် မိမိတို့၏ ဆုတောင်းပတ္ထနာပြုနည်းကိုလည်းကောင်း၊ မိမိတို့၏ ဘာဝနာစီးဖြန်းပုံကိုလည်းကောင်း၊ ကောန်အမှန် သိရှိပြီးဖြစ်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ပြုလုပ်လျက်ရှိကြသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။ (၂၄း၄၁)

အရာခပ်သိမ်းတို့သည် ၎င်းတို့၏ ဖန်ဆင်းရှင်၊ အရှင်သခင်နှင့် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ကို စိတ်နှလုံးညွတ်နူးစွာ နာခံမှုနှင့် သဒ္ဓါထက်သန်ဆည်းကပ်မှုတို့ဖြင့် နာခံခဝပ်ကြရပြီး၊ အရာအားလုံး (၎င်းတို့၏ အရှင်သခင်က

အရာအားလုံးကို ထိန်းသိမ်းထောက်ပံ့ထားသော သဘာဝနိယာမတရားတို့ကို လူသားတို့က နာခံမှုပြုခြင်းကို မရှောင်ရှားနိုင်သည့်တိုင်အောင်၊ လွတ်လပ်သော ဆန္ဒရှိနိုင်မှုကို ချီးမြှင့်ခံထားရသည့် လူသားတို့မှအပ အရာအားလုံး)တို့သည် သဒ္ဓါတရားအပြည့် ဝတ်ပြုဆုတောင်းမှုဖြင့် ထိုအရှင်မြတ်ကို ဦးညွတ်ဦးချကြရပေသည်။ လူသားတို့မှာမူ မိမိတို့ဆန္ဒအလျောက် ခဝပ်ဆည်းကပ်မှုပြုရန် ရွေးချယ်နိုင်သကဲ့သို့၊ ၄င်းတို့၏ အရှင်သခင်၏ ပညတ်တော်များကို ဖီဆန်လျက် မနာခံမှုကိုလည်း ရွေးချယ်နိုင်ပြီး၊ ထိုမှတစ်ဆင့် အရှင်မြတ်၏ အမျက်ဒေါသနှင့် ပြစ်ဒဏ်ကို ခံယူရရှိပေသည်။[၄၀]

မိုးကောင်းကင်များ၌ ရှိသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ နေသည်လည်းကောင်း၊ လသည်လည်းကောင်း၊ ကြယ်နက္ခတ်များသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း၊ သစ်ပင်များသည်လည်းကောင်း၊ တိရစ္ဆာန်များသည်လည်းကောင်း မြောက်များစွာသော လူတို့သည်လည်းကောင်း အလွန်ဟ်အရှင်မြတ်အားသာလျှင် ဦးချကြသည်ကို အသင်သည် မသိပါသလော။ သို့ရာတွင် (လူတို့အနက်) မြောက်များစွာသော သူတို့အပေါ်၌ ပြစ်ဒဏ်သည် အတည်ဖြစ်လေ၏...(၂း၁၈)။

...ကောင်းကင်များနှင့် ပထဝီမြေကြီးတွင် ရှိရှိသမျှသော အရာခပ်သိမ်းတို့သည် သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာလျက် ရှိကြကုန်သည်။ တဖန် (နောက်ဆုံးတွင်) ထိုခပ်သိမ်းကုန်သော အရာတို့သည် ထိုအရှင်မြတ်၏ အထံတော်သို့သာလျှင် ပြန်လှည့်ကြရပေမည်။ (၃း၈၃)

၄င်းတို့၏ အရှင်သခင်နှင့် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်ကို အရာခပ်သိမ်းတို့က နာခံမှုမှ ၄င်းတို့၏ မွတ်စ်လင်မ်ဖြစ်ခြင်းကို အသိအမှတ်ပြုမှုဖြစ်ပေါ်လာပြီး၊ ယင်းက လူသားတို့က မိမိတို့ဆန္ဒနှင့်အညီ လက်ခံပွေ့ဖက်ပြီး၊ ထိုအသိုက်အဝန်း၏ အစိတ်အပိုင်းဖြစ်လာသော ကြီးမားကျယ်ပြန့်သည့် အစွမ်းအသိုက်အဝန်းကို ဖြစ်စေလေသည်။[၄၁]

၂.၈။ **အလွန်ဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ။** ထို့ပြင်၊ အဖန်ဆင်းခံအရာတစ်ခုချင်းစီတိုင်းသည် ယင်းကိုယ်တိုင်ထက်ကို လွန်၍ ၄င်း၏ ဖန်ဆင်းရှင်၊ ထိုအရှင်၏ ဉာဏ်တော်၊ သနားကရုဏာတော်တို့ကို ညွှန်ပြနေသည့် အံ့သြဖွယ် နိမိတ်လက္ခဏာတော်တစ်ရပ်ဖြစ်ပေသည်။ တစ်ခုချင်းစီတိုင်းသည် အဓိပ္ပါယ်နှင့် သင်ယူစရာ သင်ခန်းစာများ ပြည့်နေသည့် သံဝေဂယူစရာ သတိပေးချက်တစ်ခုဖြစ်သည်။ မှန်တစ်ချပ်ကဲ့သို့ပင်၊ သဘာဝလောကကြီးသည် ယင်း၏ ဖန်ဆင်းရှင်၏ တန်ခိုးအာဏာတော်၊ စင်ကြယ်မှုဘုန်းအသရေတော်၊ အလှတရား၊ ဉာဏ်တော်နှင့် သနားကရုဏာတော်တို့ကို ရောင်ပြန်ဟပ်နေပေသည်။

ဧကန်စင်စစ် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌ လည်းကောင်း၊ နေ့နှင့် ည၌်တို့၏ ပြောင်းလဲမှု၌လည်းကောင်း နိသမ္မဉာဏ်ရှင်များအဘို့ (တစ်ဆူတည်းဖြစ်တော်မူသော အလွာဟ်အရှင်မြတ်အား ထင်ရှားသိစေနိုင်သော) သက်သေသာဓကများ မုချရှိပေသည်။ အကြင်နိသမ္မဉာဏ်ရှင်များသည် အလွာဟ်အရှင်မြတ်အား မတ်တပ်ရပ်လျက်လည်းကောင်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက်လည်းကောင်း (အခါခပ်သိမ်း) အောက်မေ့တသ သတိရကြ၏။ ၄င်းပြင် ထိုသူတို့သည် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်(ကာ ဤသို့ လျှောက်ထား)ကြ၏။ "အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်သည် ဤ (ဖန်ဆင်းထားသော အရာများ)ကို အချည်းနှီး ဖန်ဆင်းထားတော်မူသည်မဟုတ်ပါ။ အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါ၏...(၃း၁၉၀-၁၉၁)။

သက်သေလက္ခဏာဟု အဓိပ္ပါယ်ဆောင်သည့် *"အာယားဟ်"* ဟူသော ပုဒ်သည် ကျမ်းမြတ်ကုရ်အာန်၏ အာယာသ် ဝါကျတော်များအတွက် သုံးနှုန်းသော ပုဒ်နှင့် အတူတူပင်ဖြစ်သည်။ မွတ်စ်လင်မ် ပညာရှင်တို့က ရေးသားထားသော ကုရ်အာန် *အယ်လ်-ကုရ်အာန် အသ်-တဒ်ဝီးန်းနီးန်* သို့မဟုတ် ရေးသားထွင်းထုထားသော စာအုပ် *အယ်လ်-ကီသားဗ် အယ်လ်-မက်စ်သူးရ်* ဟူ၍လည်းကောင်း အမျိုးမျိုးသိမှတ်ခေါ်ဝေါ်ကြသည့် ဘုရားသခင်၏ နဗီတမန်တော်များ၊ ပရောဖက်များမှတစ်ဆင့် လူသားမျိုးနွယ်တို့ထံသို့ ရေးသားထားသော စကားလုံးများအားဖြင့် ထုတ်ပြန်ချမှတ်ခဲ့သော ဝဟီဗျာဒိတ်တော်များနှင့် စကြာဝဠာနှင့်ဆိုင်သော ကုရ်အာန် *အယ်လ်-ကုရ်အာန် အသ်-သက်ဝီးန်းနီးန်* သို့မဟုတ် မှတ်သားလိုက်နာရသည့်စာအုပ် *အယ်လ်-ကီသားဗ် အယ်လ် မန်ဇူးရ်* ဟု သိကြသည့် သဘာဝလောကအတွင်းမှ ဘုရားသခင်၏ အမိန့်ဗျာဒိတ်တော်များအကြား ယိုးမှားဆင်တူမှုကို အလေးအနက်ပြုကြသည်။[၅] ထိုတစ်ခုစီတိုင်းသည် *အာယားသ်* သက်သေလက္ခဏာတော်များပါဝင်ဖွဲ့စည်းထားသည့် ဝဟီဗျာဒိတ်တော်များဖြစ်ကြပြီး၊ ယင်းတို့သည် တစ်ခုတည်းသော ရင်းမြစ်မှ လာခြင်းဖြစ်သည်။ သဘာဝအတွင်းမှ ဘုရားသခင်၏ လက္ခဏာတော်များက စာသားများအတွင်းမှ အရာများ၏ အနက်အဓိပ္ပါယ်များကို ရှင်းရှင်းလင်းလင်းဖြစ်စေပြီး၊ ရေးသားထားသော စာသားများက ကျွန်ုပ်တို့အနေဖြင့် ဖန်ဆင်းခြင်းကို နားလည်မှု ဖြစ်နိုင်စေလေသည်။[၄]

၂.၉။ အရာတစ်ခုချင်းစီတွင် ယင်း၏ကိုယ်ပိုင်တန်ဖိုးကို ကျော်လွန်၍၊ ဤမြေကမ္ဘာပေါ်ရှိ သက်ရှိဘဝတို့ကို အထောက်အပံ့ပေးသည့် ဂေဟစနစ်များ၏ အစိတ်အပိုင်းတစ်ခုသဖွယ် လက်တွေ့ သို့မဟုတ် အသုံးတည့်မှုတန်ဖိုးရှိလေသည်။ ဘုရားသခင် ဖန်ဆင်းမှု၏ အစိတ်အပိုင်းအားလုံးသည် အားလုံးအတူတကွ ကူးလက်စပ်ယှက်နေသည်၊ အချင်းချင်း ပြည့်စုံစေသည်၊ ထို့ပြင် ဘုရားသခင်၏ ဓလေ့တော် (*စွန္နန်*) နှင့်အညီ တစ်ခုကိုတစ်ခု အထောက်အပံ့ဖြစ်စေလေသည်။[၄၄] ၁၃ရာစုနှစ် ဓမ္မသတ်ပညာရှင် အစ်ဇ်ဇဒ်-ဒီးန် အစ်ဗ်နေ အဗ်ဒ်ဒစ်-စလာမ် မှတ်ချက်ပြုခဲ့သကဲ့သို့ပင် "အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံတို့ကို ဖန်ဆင်းပြီး၊ အစုအဖွဲ့တစ်ခုသည် အခြားတစ်ခု သာယာဝပြောရေးကို အထောက်အကူပြုစေရန်အလို့ငှါ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲဖြစ်စေတော်မူခဲ့သည်ကို သိမှတ်ကြလော့"။[၄၅] အလ္လာဒါနပြုခြင်းအားဖြင့် အရာခပ်သိမ်းတို့သည် ဘုရားသခင်ကို ဝတ်ဖြည့်ကြရသည်၊ မြေကြီး၊ အပင်များ၊ တိရစ္ဆာန်များနှင့် မိုးကောင်းကင်များအားလုံးတို့သည် တစ်ခုကိုတစ်ခု ထောက်မကူညီကြရသည်။ အရာအားလုံးကို ဘုရားသခင်ကို နာခံကြရပြီး၊ မည်သူမျှ ငြင်းဆန်မှုမပြုကြချေ။ အမျိုးအစားတစ်ခုက အခြားတစ်ခုကို စားသုံးသော်လည်း၊ သက်ရှိအရာခပ်သိမ်းတို့သည် ပင်ကိုယ်အားဖြင့် တစ်ခုကို တစ်ခု လုံးဝဥဿုံ လိုအပ်နေကြပြီး၊ သူတို့တွင်ရှိသည့်အရာကို တစ်ဦးကိုတစ်ဦး ပေးဆပ်ခြင်းက အလ္လာဒါနပင်ဖြစ်သည့်အတွက်၊ ၄င်းတို့အကြားရှိ စစ်မှန်သော်လည်း အပေါ်ယံဆန်သည့် မညီညွတ်မှုကို အဆုံးသတ်တွင် ပြေလည်စေသည်။[၄၆] ၄င်းတို့အတွက် ဘုရားသခင် ပြဋ္ဌာန်းပြီးသော အဆင့်အတန်း အခန်းကဏ္ဍမှတစ်ဆင့်၊ တစ်ခုချင်းစီတိုင်းက အားလုံး၏ ကောင်းကျိုးချမ်းသာအတွက် ဤသို့အားဖြင့် အထောက်အကူပြုလေသည်။ ယင်းက အရာခပ်သိမ်းကို ဘုရားသခင်က ထိန်းသိမ်းစောင့်ရှောက်ပုံဖြစ်သည့် စကြာဝဠာလုံးဆိုင်ရာ အပြန်အလှန်အကျိုးပြုစနစ်တစ်ခုကို ဖြစ်ပေါ်စေသည်။ "အဖန်ဆင်းခံအားလုံးတို့သည် ဘုရားသခင်အပေါ် အမှီပြုကြရသူများဖြစ်ပြီး၊ ဘုရားသခင် အချစ်မြတ်ဆုံး အဖန်ဆင်းခံများဟူသည် ဖန်ဆင်းရှင်အပေါ် မှီခိုနေရသူများအပေါ် ကောင်းကျိုးအပြုဆုံးသူများပင်ဖြစ်သည်"ဟု နဗီတမန်တော် မူဟမ္မဒ် (ကောင်းချီးမင်္ဂလာ ငြိမ်းချမ်းမှု ကျရောက်ပါစေ)က ဤသို့ ကြေညာခဲ့သည်ဟု မှတ်တမ်းတင်ထားသည်။[၄၇]

စကြာဝဠာလုံးဆိုင်ရာ ချိန်ခွင်လျှာမျှခြေ

၂.၁၀။ ***အယ်လ်-မီဇာန်* - မျှခြေညီညွတ်မှုနှင့် အပြန်အလှန်ဖြစ်မှု။** အရာအားလုံးတို့သည် မျှတဟန်ချက်ညီလျက်၊ အပြန်အလှန်ဆက်စပ်နေပြီး၊ အပြန်အလှန်အမှီသဟဲပြု မှီခိုနေကြသော မျှခြေစနစ်အတွင်း သွတ်သွင်းပေါင်းစပ်ထားသည့်အလား ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြထားသည်။

၄င်းအပြင် ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းတော်မူ၍ ယင်းပထဝီမြေ၌ လေးလံသော တောင်ကြီးများကို ချထားတော်မူလေသည်။ ထိုမှတပါး ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ ခန့်မှန်း (သတ်မှတ်)ပြီးဖြစ်သော အရာဝတ္ထုတိုင်းကို ပေါက်ရောက်ဖြစ်ထွန်းစေတော်မူခဲ့လေသည်။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုပထဝီမြေ၌ အသင်တို့အဖို့လည်းကောင်း၊ အသင်တို့စားနပ်ရိက္ခာထောက်ပံ့ခြင်းမပြုသော သူတို့အဖို့လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ် (စီမံ) ထားတော်မူခဲ့လေသတည်း။ (၁၅း၁၉-၂၀)

မိုးကောင်းကင်များကို ထိုအရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူခဲ့၏။ ထိုမှတပါး အသင်တို့ မျှခြေအကန့်အသတ်ကို မလွန်ကျူးကြစေရန် အလို့ငှါလည်းကောင်း ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန်လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိစေကြရန်လည်းကောင်း ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။ ထိုမှတပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှါ ဖြန့်ခင်းထားရှိတော်မူခဲ့၏ (၅၅း၇-၁၀)။

ဤစကြာဝဠာလုံးဆိုင်ရာ ဟန်ချက်ညီမှု သို့မဟုတ် မျှခြေဖြစ်နေမှုသည် ကျမ်းမြတ်ကုရ်အာန်တွင် *အယ်လ်-ကစ်* - သာတူညီမျှဖြစ်မှု၊ မျှတမှုနှင့် တရားမျှတမှုဟူသော သဘောတရားနှင့် ဆက်စပ်နေသည်။ "***ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူ၏...***"(၅၇း၂၅)။[၄၈]

၂.၁၁။ ဤသို့အားဖြင့် ကျမ်းတော်မြတ် ကုရ်အာန်သည် မြေကမ္ဘာနှင့် အဓိပ္ပါယ်၊ ရည်ရွယ်ချက်၊ စနစ်ကျမှုနှင့် အလှတရားတို့ဖြင့် ပြည့်နှက်နေသည့် ပိုမိုကျယ်ပြောသော စကြာဝဠာတို့၏ ပြည်စုံကြွယ်ဝသော၊ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းဖြစ်သော ပုံဖော်မှုကို ဖော်ပြထားသည်။ သဘာဝလောကကြီးသည် မတော်တဆအားဖြင့် ဖြစ်တည်လာခဲ့ခြင်းမဟုတ်သကဲ့သို့ စနစ်မကျ ပရမ်းပတာ လက္ခဏာလည်းမရှိသည့်အပြင်၊ တန်ဖိုးကင်းမဲ့နေသည်လည်း မဟုတ်ပါပေ။ "အကြားအလပ်မရှိ၊ ဟန်ချက်ပျက်အနာအဆာမရှိ၊ အထားအသိုမမှန်မှုလည်းမရှိ ခိုင်မာပြီး ကောင်းစွာရက်ယှဉ် ချုပ်လုပ်ထားသည့် တည်ဆောက်မှုပုံစံဖြစ်လျက်"[၄၉] သဘာဝတရားဖန်ဆင်းမှုကို မွတ်စ်လင်မ်တို့က အရာရာပြုနိုင်စွမ်းသော ဖန်ဆင်းရှင်နှင့် ထိန်းသိမ်းစောင့်ရှောက်သောအရှင်၏ ချို့ယွင်းချက်ကင်းစင်သော ဘုန်းအသရေတော်ခညောင်းသည့် လုပ်ဆောင်ဖန်တီးမှုကို ဖော်ပြထားဘိသကဲ့သို့ မှတ်ယူကြလေသည်။ ကျမ်းမြတ်ကုရ်အာန်၏ သွန်သင်ချက်မှ ဆင်ခြင်ပါက၊ မျှခြေညီညွတ်စွာ ရက်ယှဉ်ပေါင်းစပ်ထားသော ပုံစံများနှင့် ဖန်ဆင်းခြင်းသံသရာ (နေ့မှ ညသို့ ကူးပြောင်းသွားခြင်း၊ ညမှ နေ့သို့ ကူးပြောင်းသွားခြင်း၊ သက်ရှိ အသွေးအသားများအဖြစ် ပြောင်းလဲသွားသော သက်မဲ့ပစ္စည်းများ၊ သက်ရှိသတ္တဝါတို့ သေဆုံးခြင်းနှင့် မြေမှုန့်များအဖြစ် ပြည်လည်ရောက်ရှိသွားခြင်း၊ လေများ၊ တိမ်များ၊ မိုးရွာသွန်းမှု၊ ကြယ်စုံသော မိုးကောင်းကင်များနှင့် အတိုင်းမသိကျယ်ပြောသော အာကာသထဲ ကူးခတ်သွားလာနေသော ဂြိုဟ်နက္ခတ်များ) တို့ကို စူးစမ်းလေ့လာရန်နှင့် နားလည်သိမြင်အောင် အားထုတ်ရန် ကျွန်ုပ်တို့ကို

မိန့်မှာထားပါသည်။ ပေါင်းစပ်သွတ်သွင်းထားသော တစ်ခုလုံးသဘော၊ ယင်း၏ ရက်ရောသော ပေးအပ်မှုနှင့် အလှတရား၊ ၄င်း၏ တန်ဖိုးနှင့် အဓိပ္ပါယ်တို့က ၄င်းကို အမြတ်တနိုးလေးစားတန်ဖိုးထားရန် ကျွန်ုပ်တို့အပေါ် ကျင့်ဝတ် တာဝန်များ ပြဋ္ဌာန်းထားလေသည်။

၂.၁၂။ ***အွမ်မာမ် - လူ့အသိုက်အဝန်းများ။*** ကျွန်ုပ်တို့ လူသားအသိုက်အဝန်းများကိုယ်တိုင်ကဲ့သို့ပင် ကမ္ဘာမြေကို ကျွန်ုပ်တို့နှင့်အတူ မျှဝေနေထိုင်ကြသည့် သက်ရှိသတ္တဝါပေါင်း မြောက်များစွာကို ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြထားသည်။

ပထဝီမြေပေါ်ဝယ် ရှိရှိသမျှသော သက်ရှိအပေါင်းတို့သည်လည်းကောင်း၊ မိမိတို့ တောင်ပံနှစ်ဘက်ဖြင့် ပျံသန်းလျက်ရှိသော ၄င်္ကတိရိစ္ဆာန်အပေါင်းတို့သည်လည်းကောင်း အသင်တို့ကဲ့သို့ အုပ်စုများပင် ဖြစ်ကြပေသည်....(၆း၃၈)

၄င်းတို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် အာရုံခံစားနိုင်သော သတ္တဝါများနှင့် အသိုက်အဝန်း အစုအဖွဲ့များပင် ဖြစ်သည့်အတွက်၊ ၄င်းတို့ကို ရိုသေလေးမြတ်မှုနှင့် ဂရုစိုက်မှု (*တက္ကဝါ*)၊ ကရုဏာတရား (*ရဟ်မာဟ်*)နှင့် အမြင့်ဆုံးကောင်းမှုပြုရန် အားထုတ်မှု (*အဲဟ်စာန်*)တို့ဖြင့် ဆက်ဆံရန် တာဝန်ရှိသည်။ ဤသို့သော လူမှအပ အခြားသော အသိုက်အဝန်းအစုအဖွဲ့များအပေါ် ကုရ်အာန်နှင့် ညီညွတ်သော လေးစားသိမှတ်မှု၏ ကိုယ်ကျင့်တရားဆိုင်ရာ ညွှန်းဆိုညွှန်ပြမှုများကို အစွမ်းလာမ်ဆိုင်ရာ လေ့လာမှုဘာသာရပ်၏ အစကနဦးမှာပင် အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။[၅]

၂.၁၃။ ***အယ်လ်-ဖစ်တရာ*** - **လူသားမျိုးနွယ်၏ ကနဦးရှေးကျသော သဘာဝ။** လူသားမျိုးနွယ်ကို သဘာဝဖန်ဆင်းမှု၏ ရှေးကနဦးကျသော ပုံစံဘောင် (ဖစ်တရာ)အတွင်းမှ ဖန်ဆင်းခြင်းဖြစ်သည်၊ ထို့ပြင် ထိုသို့ပြီးတကား၊ ကျွန်ုပ်တို့၏ သဘာဝ (ဖစ်တရာ)ကို ထိုပုံစံချခြင်းက သတ်မှတ်ဖွင့်ဆိုသည်ဟု ကျမ်းမြတ်ကုရ်အာန်က ဆိုသည်။

သို့ဖြစ်ပေရာ အသင်(လူသား)သည် လူသားတို့အား အလွှာဟ်အရှင်မြတ် ဖန်ဆင်းတော်မူခဲ့သော သဘာဝမှန့်အညီ မိမိ၏ မျက်နှာကို (မှန်ကန်သော)"ဒီန်" သာသနာအပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခံ့တည်တံ့စွာ ထားရှိလော။ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့် ပြောင်းလဲမှုမျှ အလျှင်းမရှိပြီ။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော "ဒီန်"သာသနာဖြစ်၏။ သို့တစေလည်း အများဆုံးသော သူတို့မှာမူကား မသိနားမလည်ကြပေ။ (၃၀း၃၀)။

ကျမ်းမြတ်ကုရ်အာန်၏ ဤအာယသ်တော်က ကျွန်ုပ်တို့ လူသားများ၏ သဘာဝကို ပြောင်းလဲခြင်းမပြုသင့်ဟု သတိပေးထားသော်လည်း၊ ဘုရားသခင်၏ ဖန်ဆင်းမှုအား ပြောင်းလဲခြင်းကို ပိုမိုကျယ်ပြန့်စွာ တားမြစ်ပိတ်ပင်ထားခြင်းဟု ဆင်ခြင်လေ့ရှိသည်။ ကျွန်ုပ်တို့ သဘာဝ၏ ဂေဟစနစ်ဆိုင်ရာ နောက်ခံအဆက်အစပ်ကို ဆင်ခြင်ကြည့်ကြပါစို့။ မျိုးစိတ်အချင်းချင်းအကြား တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်အောင်နှင့် လွန်ခဲ့သော ရေခဲခေတ်နှင့် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀နီးပါးခန့်က ရေခဲပြင်များ ဆုတ်ယုတ်သွားပြီးချိန်မှစ၍ လွှမ်းမိုးဖြစ်ထွန်းလာသည့် အမျိုးမျိုးသော ရာသီဥတုအခြေအနေများနှင့် သဟဇာတဖြစ်အောင် အလိုက်သင့်ပြောင်းလဲလာခဲ့သည့် သီးသန့်ဖြစ်သော မျိုးစိတ်အသိုက်အဝန်းအတွင်း ကျွန်ုပ်တို့ လူသားများကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သမုဒ္ဒရာများ၊ ရေခဲပြင်များ၊ မိုးသစ်တောများ၊ နှင်းဖုံးသစ်တောများ၊ စိမ့်မြေများ၊ မြက်ရိုင်းတောကုန်းပြင်များနှင့် သဲကန္တာရတို့၏ အရောအနှောသည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ရောင်းရင်းသတ္တဝါများ ကျယ်ပြန့် တိုးပွားလာခဲ့သည့် ပေါက်ပွားရှင်သန်နေထိုင်ရာ နေရာများကို ဖြစ်စေသည်။ ဤသို့အားဖြင့် *ဖစ်တရာ* ဟူသော စကားရပ်သည် ဤနေရာတွင် လူသားမျိုးနွယ်နှင့် အခြားသော ရောင်းရင်းသတ္တဝါများကို ဖန်ဆင်းခဲ့သည့် နယ်နိမိတ်နယ်ပယ်အတွင်းမှ ရှေးကနဦးကျသော ပုံစံဘောင်ကိုလည်း အလားတူ ညွှန်းဆိုကောင်းညွှန်းဆိုနိုင်ပါသည်။ "အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတွင် မည်သည့် ပြောင်းလဲမှုမျှ အလျှင်းမရှိပြီ"

ဟူသော မိန့်မှာချက်သည် သတိပေးခြင်းဟုလည်း ဆိုလိုပါသည်။ အကြောင်းမှာ အခြားနေရာများတွင် ကျမ်းမြတ်ကုရ်အာန်က "ဘုရားသခင်၏ ဖန်ဆင်းမှုကို ပြောင်းလဲခြင်း (ပုံပျက်စေခြင်း သို့မဟုတ် မဖွယ်မရာညစ်ညမ်းစွာပြုခြင်းဟူသော အနက်အားဖြင့်")သည် ရှိုင်တွန်မိစ္ဆာဆန်သော (မိစ္ဆာ၏ စံပုံစံဖြစ်ခြင်း၊ အကြောင်းမှာ "***အလွှာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော (နဂိုမူလ)ရုပ်လက္ခဏာကို ပြောင်းလဲကြစေရန် ကျွန်တော်မျိုး အမိန့်ပေးပါမည်*** (၄း၁၁၉)"ဟု ရှိုင်တွန်က ကြွေးကြော်ထားသည်) လုပ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့ကို အသိပေးထားသည်။[၁၁]

၂.၁၄။ စကြာဝဠာနှင့် ၄င်း၏အတွင်းမှ အရာအားလုံး၊ ပင်လယ်များ၊ တောင်တန်းများ၊ အပင်များနှင့် တိရစ္ဆာန်များသာမက၊ နေ့၊ ည၊ နေ၊ လနှင့် ကြယ်တာရာများသည်ပင် လူသားတို့ကို အမှုထမ်း ဝန်ဆောင်ကြရသော အရာများ (*မူဆက်ခ်ခါ*း) များအဖြစ် ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ညွှန်းထားသည်။[၁၂] ကျွန်ုပ်တို့အရှင်၏ ကောင်းချီးမင်္ဂလာ ကျေးဇူးတော်များကို ကျွန်ုပ်တို့ မည်သည့်အခါမျှ ရေတွက်မှတ်သားနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ကမ္ဘာမြေအပြင်ဝယ် ကျွန်ုပ်တို့သည် မာန်မာနထောင်လွှားစွာ လမ်းမလျှောက်ရပါ။ ***"အသင်တို့သည် ပထဝီမြေပြင်ဝယ် ဟိတ်ဟန်ထုတ်၍ မလျှောက်လေနှင့်။ အသင်သည် (ယင်းသို့ လမ်းလျှောက်ခြင်းဖြင့်) ပထဝီမြေကိုလည်း အလျှဉ်းထွင်းဖောက်(ခွဲ)နိုင်မည် မဟုတ်ပေ။ ထို့မှတပါး အသင်သည် မိမိကိုယ်လုံးကိုယ်ရပ် မြင့်မားခြင်းဖြင့် တောင်များကိုလည်း အလျှဉ်းမီနိုင်မည် မဟုတ်ချေ"*** (၁၇း၃၇)။ ***"အမှန်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ဖန်ဆင်းခြင်းသည် လူတို့အား ဖန်ဆင်းခြင်းထက် ပို၍ ကြီးကျယ် (ခက်ခဲလှ)ပေသည်။ သို့ရာတွင် အများဆုံးသော သူတို့မှာမူကား သိနားလည်ကြသည် မဟုတ်ပေ"*** (၄၀း၅၇)။[၁၃] အခြားသော သတ္တဝါအဖန်ဆင်းခံများကို လူသားများကို ကောင်းကျိုးဆောင်ရန်သက်သက် (သို့မဟုတ် အဓိကအားဖြင့် ထိုသို့ အကျိုးဆောင်ရန်)သာ ဖန်ဆင်းခဲ့သည်ဟု မည်သည့်နေရာတွင်မျှ ဘုရားသခင်က မိန့်မှာထားခြင်းမရှိပေ။[၁၄] ယင်းအရာများကို ကျွန်ုပ်တို့၏ စိတ်ပျော်ရွှင်သာယာရေးအတွက်မျှသာ ဖန်ဆင်းထားခြင်းဖြစ်သည်ဟု တွေးတောစိတ်ကူးခြင်းက ဆင်ခြင်ဉာဏ်ကင်းမဲ့မှုဖြစ်ပြီး၊ ကျွန်ုပ်တို့အတွက် ကောင်းကျိုးမရှိဟု ထင်မြင်သော မျိုးစိတ်တစ်ခုခုကို ဖျက်ဆီးခွင့်ရှိသည်ဟု ထင်မြင်ယူဆခြင်းက အလွန်ကြီးမားသော မောက်မာထောင်လွှားမှု ဖြစ်ပေလိမ့်မည်။ ၁၄ရာစုနှစ် တွေးခေါ်ပညာရှင် သကီးအဒ် ဒီးန် အဟ်မဒ် အစ်ဗ္ဗနေ သာမီးယာဟ်က အရှင်၏ အဖန်ဆင်းခံများကို အာဒမ်၏ သားသမီးများအတွက် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု အလွှာဟ်အရှင်မြတ်က ကြေညာခဲ့သော ထိုကျမ်းမြတ်ကုရ်အာန်၏ အာယာသ်တော်များနှင့် စပ်လျဉ်း၍၊ "ထိုသို့သော အဖန်ဆင်းခံ သတ္တဝါများတွင် လူသားမျိုးနွယ်ကို ကောင်းကျိုးဆောင်ခြင်းထက် ချီးမွမ်းလေးစားဖွယ်ရာကောင်းသော၊ ပိုမိုကြီးကျယ်ခမ်းနားသော ရည်ရွယ်ချက်များ ထားရှိထားသည်ကို ကောင်းစွာသိရှိကြပါသည်။ [ဤအာယသ်တော်များတွင်] အလွှာဟ်အရှင်မြတ်က အာဒမ်၏ သားသမီးများအထံတွင် မည်သည့် အကျိုးကျေးဇူးများရှိသည်နှင့် လူသားမျိုးနွယ်များအပေါ်သို့ မည်သည့် ဆုလာဘ်များချီးမြှင့်ထားသည်ကို ဖော်ပြရုံသာဖြစ်သည်။"[၁၅]

၂.၁၅။ အခြားသော အဖန်ဆင်းခံသတ္တဝါများသည် ကျွန်ုပ်တို့ ရှင်သန်ကျန်ရစ်မှုအတွက် မရှိမဖြစ်အရေးပါသည့်နည်းတူ၊ ၄င်းတို့၏ လက်တွေ့အသုံးတည့်မှုအပေါ် အခြေခံတွက်ချက်သည့် တန်ဖိုးသက်သက်က ၄င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အဓိကအကြောင်းအရင်း မဖြစ်သင့်ပါ။ မည်သည့်အဖန်ဆင်းခံတစ်ခု၏မျှ လက်တွေ့အသုံးတည့်မှု တန်ဖိုးကို တိုင်းထွာတွက်ချက်ရန် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အတွက် မည်သည့် တိုက်ရိုက်ကောင်းကျိုးများ ၄င်းတို့အတွင်းတွင် တိမ်မြုပ်ဝှက်ကွယ်နေကြောင်း သိရန်ပင်မဖြစ်နိုင်ဘဲ၊ ဇီဝရုပ်ဝန်းအလွှာအတွင်း အားလုံး၏ ကောင်းကျိုးချမ်းသာအတွက် ၄င်းတို့ ကူညီထောက်ပံ့ပေးနေသည့် ၄င်းတို့၏ ဂေဟစနစ်ဆိုင်ရာ အဆင့်အတန်း အခန်းကဏ္ဍ၏ ဆင့်ပွားအကျိုးများကို သိနိုင်ရန် ပို၍ မဖြစ်နိုင်ပါ။ ထို့ကြောင့်

မျိုးစိတ်တစ်ခုချင်းစီတိုင်းကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဓိကကျသော ဥပဒေဆိုင်ရာ အခြေခံသည် ဘုရားသခင်၏ ဖန်ဆင်းမှုတစ်ခုအဖြစ် ၄င်း၏ ကိုယ်ပိုင်တန်ဖိုး၊ သက်သေလက္ခဏာတစ်ရပ်နှင့် ဆန်းကြယ်အံ့ဖွယ်ဖြစ်မှုနှင့် အာရုံခံစားဆင်ခြင်သိတို့ကို လွန်မြောက်သော စင်ကြယ်သန့်ရှင်း အပြစ်အနာအဆာကင်းသည့် အသရေတော်၏ သီးခြားဖြစ်ပြီး အစားထိုးမရနိုင်သည့် ရုပ်သွင်ဆောင်ဖော်ပြမှု တစ်ခုဖြစ်ပေသည်။[၅၆] နဗီတမန်တော် မူဟမ္မဒ် (ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာ အဖြာဖြာကျရောက်ပါစေ)က ပုရွက်ဆိတ်တစ်ကောင် ကိုက်ခြင်းခံရပြီးနောက် ပုရွက်ဆိတ်အုံတစ်ခုလုံးကို မီးလောင်တိုက်သွင်းခဲ့သည့် နဗီတမန်တော်တစ်ပါးအကြောင်းကို ဤသို့ပြောပြခဲ့ပါသည်။ "ပုရွက်ဆိတ်တစ်ကောင် အသင့်ကို ကိုက်ခြင်းကြောင့်၊ ငါအရှင်မြတ် စင်ကြယ်သန့်ရှင်းကြောင်း မြွက်ဆိုကြသည့် အသိုက်အဝန်းအစု တစ်ခုလုံး (အွမ်မမ်)ကို ဖျက်ဆီးခဲ့လေပြီ"ဟု ဆိုလျက် ထိုနဗီတမန်တော်ကို ပြစ်တင်တော်မူခဲ့သည်ဟု ပြောပြခဲ့သည်။"[၅၇]

၂.၁၆။ အရာခပ်သိမ်းတို့၏ အရှင်သည် "...***မိမိဖန်ဆင်းတော်မူခဲ့သော အရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့***..."(၃၂း၇) ပြီး၊ ကျွန်ုပ်တို့ စိတ်တွင်း တိမ်းညွတ်မှု သို့မဟုတ် အရှင့်၏ ဖန်ဆင်းမှု၏ မယိုမယွင်းခိုင်မာတည်ကြည်မှုကို ပုံပျက်ပန်းပျက်ဖြစ်စေခြင်း မပြုလုပ်ရန် သတိပေးထားသည့်အလျောက်၊ အလွန့်အလွန် ပြီးပြည့်စုံစွာ စနစ်ကျစေခဲ့သည့် ကမ္ဘာမြေအပေါ် *ဖဆာ့ဒ်* (ဖောက်ပြန်ပျက်စီးစေခြင်း၊ နိမ့်ပါးယုတ်လျော့စေခြင်း၊ ကသောင်းကနင်း ပရမ်းပတာဖြစ်စေခြင်းနှင့် ပျက်စီးစေခြင်း)မလုပ်ကြရန် အပြင်းထန်ဆုံး သတိပေးထားသည်။

အသင်တို့သည် ကမ္ဘာမြေပြင်ကို တင့်တယ်ကောင်းမွန်အောင် ပြုလုပ်ပြီးသည့်နောက်ပိုင်း ထိုကမ္ဘာမြေပြင်၌ ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်ကို ကြောက်ရွံ့စွာဖြင့်လည်းကောင်း၊ မျှော်လင့်ချက်ထားကာ ဟစ်ခေါ်ကြလေကုန်။ စင်စစ်ကေန် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည်ကား ကောင်းမှုပြုသူတို့နှင့် အလွန်နီးကပ်လျက်ရှိပေသတည်း (၇း၅၆)။

ဤကမ္ဘာမြေအပေါ် *ဖဆာ့ဒ်* ပြုကြကုန်သော လူသားတို့၏ ကြောက်မက်ဖွယ်ကောင်းမှုနှင့် ထိုလွန်ကျူးမှုတို့က ဖြစ်စေခဲ့သည့် ကပ်ကြမ္မာဆိုးတို့သည် တရားမျှတမှုဆိုင်ရာ ကုရ်အာန်နည်းကျ စကြာဝဠာဗေဒတွင် ဂရုမမူပြုဖွယ် အရေးကြီးကိစ္စအဖြစ် ရှိနေပေသည်။ ဤလောကကြီးအား ဖန်ဆင်းမှုသည် အရေးမပါသော အပျော်သက်သက် သို့မဟုတ် အချည်းနှီးလုပ်ရပ်မဟုတ်ခဲ့ပါ (၃၈း၂၇နှင့် ၃း၁၉၁ကို ယှဉ်ကြည့်ပါ)။ သဘာဝဖန်ဆင်းမှုသည် "အလွန်ရှေ့နောက်ညီညွတ်စွာ ချိတ်ဆက်ပေါင်းစည်းနေပြီး၊ ပုံမှန်ဖြစ်လွန်းစွာနှင့် စနစ်ကျနလွန်းစွာ လုပ်ဆောင်လည်ပတ်နေသဖြင့်၊ ဤသည် ဘုရားသခင်၏ အဓိကကျသော တန်ခိုးပြာဋိဟာဆန်သည့် အံ့ဖွယ်ဖြစ်ရပ်ပင်ဖြစ်သည်။ တန်ခိုးအံ့ဖွယ်ရာဆိုသည်မှာ ၄င်းအပေါ် သို့မဟုတ် ၄င်း၏အထဲတွင် ကောင်းမွန်သော လုပ်ရပ်ကိုလုပ်ဆောင်ပါက၊ ကောင်းကျိုးတရားသာ ပြန်လည်ရရှိမည်၊ ၄င်းအပေါ် သို့မဟုတ် ၄င်း၏အတွင်း မိစ္ဆာလုပ်ရပ်လုပ်ဆောင်ပါက၊ ပြန်လည်ရရှိမည့်အရာမှာ ကြောက်မက်ဖွယ် ဆိုးကျိုးသက်သက်သာဖြစ်ပေမည်။"[၅၈] ***မွဖ်စိဒ်ဒုးန် ဖစ်လ်လဒ်*** ခေါ် ဖောက်ပြန်ပျက်စီးမှု၊ ကသောင်းကနင်း ပရမ်းပတာဖြစ်မှုနှင့် ပျက်စီးမှုတို့ကို ကမ္ဘာမြေပေါ် ဖြစ်စေသူတို့ အဆုံးသတ်တွင် မည်သည်တို့နှင့် ကြုံဆုံရသည်ကို စောင့်ကြည့်နေရန် ကျမ်းမြတ်ကုရ်အာန်က ကျွန်ုပ်တို့ကို ညွှန်ကြားထားလေသည် (၇း၈၅-၈၆)။ ဖာရိုဘုရင်၏ နောက်လိုက်လူမျိုးများ၊ အာ့ဒ်၊ စမူဒ်နှင့် မဒ်ယန် လူမျိုး အားလုံးတို့သည် စွမ်းအားကြီးကာ ကြွယ်ဝချမ်းသာကြသော်လည်း၊ ကမ္ဘာမြေအပေါ် ဖောက်ပြန်ပျက်စီးမှုများ ရွက်ဆောင်ကြပြီး၊ ၄င်းတို့ကိုယ် ၄င်းတို့ကပင် ဖျက်ဆီးခဲ့ကြသည်။ *ကမ္ဘာမြေအပေါ် ပျက်စီးရာပျက်စီးကြောင်းပြုသူများ* သည် *အမာနသ်* ယုံကြည်အပ်နှံမှုကို အလွဲသုံးစားပြုကြပြီး၊ ၄င်းတို့သည် ကမ္ဘာမြေအပေါ် တာဝန်ကျေကြသည်တို့နှင့် ရှင်းရှင်းလင်းလင်းပင် ဆန့်ကျင်ဖီလာဖြစ်ကြလေသည်။[၅၉]

မွတ်စ်လင်မ်များအနေဖြင့် ကမ္ဘာမြေအပေါ် ပျက်စီးရာပျက်စီးကြောင်းပြုကြမှု၏ ဖျက်ဆီးအားပြင်းထန်သော နောက်ဆက်တွဲ အကျိုးဆက်များကို ထိတ်လန့်တုန်လှုပ်နေသင့်သည်။ ထိုအကျိုးဆက်များဆိုသည်မှာ ကျွန်ုပ်တို့လူသားများက တာဝန်မကင်းသည့် မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ပိုမိုပူနွေးလာမှု၊ ညစ်ညမ်းမှုများ၊ အစာရေစာ ပြတ်လပ်တတ်ပြတ်မှုများနှင့် ကပ်ရောဂါဆိုးများပင် ဖြစ်ပေသည်။[၆၀]

၂.၁၇။ ကျွန်ုပ်တို့၏ အရှင်အားငြင်းပယ်ခြင်းနှင့် ကမ္ဘာမြေပေါ် ပျက်စီးရာပျက်စီးကြောင်းပြုခြင်းကို ပြောင်းပြန်လှန်ပါက ယုံကြည်သက်ဝင်မှု (*အီမာန်*)နှင့် ကောင်းကျိုးဖြစ်ထွန်းစေသော လုပ်ဆောင်ချက်များ (*အယ်လ်-အာမာလ် အက်စ်-ဆွားလိဟာ၊ အက်စ်-ဆွာလိဟီး*)တို့တွင် တည်ရှိနေသည်။ ၄င်းတို့ထဲတွင် အပြစ်များမှ ခွင့်လွှတ်ချမ်းသာရာရခြင်းနှင့် လူသားမျိုးနွယ်တို့၏ အမြင့်ဆုံးတိုးတက်ထွန်းကားမှုတို့ တည်ရှိနေပါသည်။

ကေန်မလွဲ ငါ အရှင်မြတ်သည် လူကို အကောင်းဆုံးသော အချိုးအစား အရုပ်အမောင်း ပုံပန်းသဏ္ဌာန်၌ ဖန်ဆင်းတော်မူ၏။ ထို့နောက် ငါအရှင်မြတ်သည် ၄င်းအားညှဉ်ဖျင်းသူတို့ထက် အညှဉ်ဖျင်းဆုံးသော အခြေအနေသို့ ပြန်ရောက်စေတော်မူ၏။ သို့ရာတွင် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့မှာကား မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးသည် (အသင့်) ရှိ၏။ (၉၅း၄-၆)

(ငါအရှင်မြတ်သည်) ခေတ်ကာလ (အဆွ်ရ်အချိန်၊ အဆွ်ရ်ဆွလာတ်) ကို သက်သေထူတော်မူ၏။ ကေန်စင်စစ် လူသည် အမှန်ပင် ဆုံးရှုံးမှု၌ ရှိ၏။ အကြင်သူတို့မှတပါး၊ ထိုသည်တို့သည် (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၄င်းပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြ၏။ ထို့ပြင် အချင်းချင်း မှန်ကန်သော (သာသနပေါ်၌ ကြံ့ခိုင်စွာ) တည်ရှိကြရန်လည်းကောင်း ဆုံးမကြကုန်၏။ ထို့မှတပါး ၄င်းတို့သည် သည်းခံကြရန်လည်း အချင်းချင်းဆုံးမကြကုန်သတည်း။ (၁၀၃း၁-၃)။

ကမ္ဘာမြေပေါ် ပျက်စီးရာပျက်စီးကြောင်းပြုခြင်းနှင့် ပရမ်းပတာဖြစ်စေခြင်းတို့က အပြီးတိုင်ပျက်သုဉ်းခြင်း (ငရဲ)သို့ လားစေသကဲ့သို့၊ ကောင်းမြတ်သော၊ မှန်ကန်သော၊ ကျန်းမာစေသော၊ အကျိုးရှိသော အလုပ်များကို လုပ်ဆောင်ခြင်းကလည်း ကမ္ဘာမြေအပေါ် ကျွန်ုပ်တို့ ရှင်သန်ကျန်ရစ်မှုနှင့် တိုးတက်ထွန်းကားမှုတို့အတွက် သော့ချက်ဖြစ်သည်။ အကြောင်းမှာ "***ကေန်စင်စစ် ဤမြေကမ္ဘာကို ငါအရှင်မြတ်၏ မှန်ရာကိုသာ လုပ်ဆောင်သော (သူတော်စင်) ကျွန်များပင် အမွေဆက်ခံကြမည်***" (၂၁း၁၀၅)ဟု အလွှာဟ်အရှင်မြတ်က ကြေညာထား၍ ဖြစ်သည်။ ကောင်းမြတ်သော အလုပ်ဟူသည် ဘုရားသခင်၏ အမှုတော်ဆောင်ခြင်းနှင့် ကမ္ဘာမြေပေါ်က လူသားတာဝန်ကို တာဝန်ကျေစေခြင်းအတွက် အရေးပါလွန်းရကား၊ အစွမ်းမဲ့ ဥပဒေအတွင်း၌ ကောင်းကျိုးချမ်းသာ (*မဆွာလိဟ်*) ဟူသော ပုဒ်သည် ကောင်းခြင်း(*ဆွာလိဟ်*)အတွက် ဝေါဟာရပုဒ်မှ ဆင်းသက်လာပြီး၊ ပျက်စီးဆုံးရှုံးခြင်း (*မာဖာဆွဒ်*)ဟူသော ပုဒ်သည် ပျက်စီးရာပျက်စီးကြောင်းအပြုအမူ (*ဖာဆွဒ်*)မှ ဆင်းသက်လာလေသည်။[၆၁]

ခိလာဖာဟ် ဖစ်လ်-အရ်ဒ် - ကမ္ဘာမြေအတွက် တာဝန်ဝတ္တရား

၂.၁၈။ မှန်ကန်ရာကို ပြုလုပ်ခြင်းမှတဆင့် ကမ္ဘာမြေကို အမွေဆက်ဆံခြင်းက လူသား၏ တာဝန်အခန်းကဏ္ဍကို ဖွင့်ဆိုသတ်မှတ်ပေးသည်။ အကြောင်းမှာ ကျမ်းမြတ်ကုရ်အာန်က လူသားမျိုးနွယ်ကို ကမ္ဘာမြေအပေါ် ထိုသူတို့ပြုသမျှအတွက် တာဝန်ယူရမည့် ကိုယ်စားလှယ် *ခေလာအိဖ် ဖစ်လ် အရ်ဒ်* ဟု ဖော်ပြထားသည့်အတွက်ဖြစ်သည်။

ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ပထဝီမြေပြင်၌ ကိုယ်စားလှယ်တော်များအဖြစ် ချီးမြှင့်တော်မူခဲ့လေသည်။ ၄င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား မိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ စမ်းသပ်တော်မူခြင်းငှာ အသင်တို့အနက် အချို့ကို အဆင့်အတန်းအားဖြင့် အချို့ထက်မြင့်စေတော်မူခဲ့၏...။ (၆း၁၆၅)

နဗီတမန်တော် မိုဟမ္မဒ် (ဘုရားသခင်အထံတော်မှ ငြိမ်းချမ်းခြင်းနှင့် ကောင်းချီးမင်္ဂလာ ခညောင်းပါစေ)က ၄င်း၏ မြွက်ဟချက်တွင် ဤအာယာသ်တော်အား ဤသို့ ပဲ့တင်ထပ်စကားဆိုခဲ့ပေသည် "ဤကမ္ဘာမြေသည် လှုပ၍ စိမ်းစိုနေ၏၊ ကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ထိုအရာတို့အတွက် အသင်တို့အား တာဝန်နှင်းအပ်ထားခဲ့ပြီးဖြစ်သည့်အပြင်၊ ထိုအရှင်သည် အသင်တို့ မည်သို့ပြုမူကြောင်းကို သိမြင်တော်မူ၏။"[၆၂]

၂.၁၉။ လူသားတို့သည် ဘုရားသခင်၏ စံနှုန်းများ သို့မဟုတ် ထိုအရှင်၏ ဖန်ဆင်းမှုဆိုင်ရာ ဓလေ့တော် (*ဆွန္နာဟ် အလ္လာဟ် ဖီး ခလ်က်ဂီ*)တို့ကို မလေးမစားမပြုဘဲ သို့မဟုတ် အရှင့်၏ ဥပဒေသတို့အတွင်းမှ စီရင်ဆုံးဖြတ်မှုများ (*အဟ်ကမ် အလ္လာဟ် ဖီး ရှာရိဟ်*)တို့ကို လွန်ကျူးချိုးဖောက်ခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်၏ အစိတ်အပိုင်းအားလုံးတို့နှင့် ကူးလူးဆက်ဆံရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်က ကျွန်ုပ်တို့၏ ရပိုင်ခွင့်ဝေပုံစုကို ပေးအပ်ရန်အလို့ငှာ၊ သဘာဝပတ်ဝန်းကျင်၏ အခွင့်အရေးနှင့် ၄င်း၏ ရပိုင်ခွင့်ဝေပုံစုတို့ကို အလေးအမြတ်ပြု၍ ယူတန်သည်ကို ထုတ်ယူပြီး၊ ပေးတန်သည်ကို ပြန်လည်ပေးအပ်ကြရမည်ဖြစ်သည်။ ဖန်ဆင်းခြင်းအစပြုချိန်မှစသည့် စကြာဝဠာ၏ ချိန်ခွင်လျှာမျှခြေကို ဘုရားသခင်က ဖန်ဆင်းပြီး၊ ထိန်းသိမ်းစောင့်ရှောက်ထားသည်ဖြစ်ရာ၊ ကျွန်ုပ်တို့၏ ကူးလူးဆက်ဆံမှုများနှင့် အလုံးစုံသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များသည် အစပြုချိန်ကတည်းကရှိခဲ့သည့် ထိုစကြာဝဠာတစ်ခုလုံး၏ မျှခြေအပေါ်တွင် အခြေခံရမည်ဖြစ်သည်။ ကမ္ဘာမြေကို အလေးမူခြင်းအားဖြင့် ကမ္ဘာမြေအပေါ် *ခိလာဖာဟ်*ကို လက်တွေ့ကျင့်သုံးခြင်း၊ အခွင့်အရေးနှင့် တရားမျှတမှုကို လေးစားလက်ကိုင်ထားခြင်းအပြင်၊ ကမ္ဘာမြေအပေါ် ကောင်းမြတ်ခြင်းနှင့် အသုံးတည့်အကျိုးရှိစေခြင်းတို့ကို ပျံ့နှံ့စေရန်ဆိုပါက၊ နဗီတမန်တော် ဒါဝူဒ် (ဒေးဗစ်)ကို ဘုရားသခင်၏ အမိန့်တော်ဖြစ်သည့် ဖော်ပြထားသကဲ့သို့ (ပြုကျင့်ရပေမည်)။ "***အို-ဒါဝူဒ်၊ ကေန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာမြေပြင်ဝယ် ခါလီဖာဟ် ခန့်အပ်တော်မူခဲ့ပေရာ၊ အသင်သည် လူတို့၏ အကြားဌ မှန်ကန်စွာ တရားစီရင်ဆုံးဖြတ်ပါလေ။ ၄င်းအပြင် အသင်သည် စိတ်၏ အလိုဆန္ဒကို မလိုက်စားလေနှင့်၊ သို့လိုက်စားခဲ့မူ ယင်းစိတ်၏ အလိုဆန္ဒသည် အသင့်အား အလ္လာဟ်အရှင်မြတ်၏ လမ်းမှ လွဲမှားစေပေလိမ့်မည်...***"(၃၈း၂၆)။[၆၃]

ဤနေရာတွင်၊ လူသားတို့အနေဖြင့် ကမ္ဘာမြေပြင်ကို ပျက်စီးရာပျက်စီးကြောင်းဖြစ်ခြင်း၊ ကသောင်းကနင်း ပရမ်းပတာဖြစ်ခြင်းမှ ကာကွယ်ရန် ၄င်းတို့၏ တာဝန်ကို ဖြည့်ဆည်းဆောင်ရွက်သည့်အခါ၊ ၄င်းတို့အနေဖြင့် လူသားမျိုးနွယ်(၏ရန်)မှ ကာကွယ်ခြင်းဖြစ်ကြောင်း ရှင်းလင်းထင်ရှားလှသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရန်မှ ၄င်းကို ကာကွယ်ရမည်ဖြစ်သည်။ သက်ဝင်ယုံကြည်မှုနှင့် ကောင်းကျိုးရှိစေသော အလုပ်များအားဖြင့်လည်းကောင်း၊ အလှတရား၊ သာလွန်ကောင်းမြတ်ခြင်းနှင့် အမြင့်ဆုံးကောင်းမှုတို့ ဆောင်ကြဉ်းပေးရန်ရန် ကြိုးပမ်းအားထုတ်ခြင်းဖြင့်လည်းကောင်း၊ ပျက်စီးရာပျက်စီးကြောင်းတရား၊ ပရမ်းပတာ ကသောင်းကနင်းဖြစ်စေခြင်းနှင့် ပျက်စီးဆုံးရှုံးစေခြင်း (ဖဆွာဒ်)တို့ကို ဖြစ်စေမည့် အရာများအားလုံးကို ရှောင်ရှားခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့အားဖြင့်လည်းကောင်း ကမ္ဘာမြေရှိ ကျွန်ုပ်တို့၏ *ခါလီဖာ* (ကိုယ်စားလှယ်ဖြစ်မှု)ကို အတည်ဖြစ်စေပါသည်။

၂.၂၀။ ၊ ဤယုံကြည်အပ်နှံခံရမှုကို ပိုင်ဆိုင်ရရှိထားသူများအဖြစ်ဖြင့် လူသားများ၏ ကမ္ဘာမြေအပေါ် တာဝန်ရှိမှုတို့ကို ကျွန်ုပ်တို့ သက်ဝင်ယုံကြည်မှု၏ အဓိကကျောရိုးဖြစ်သော ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများအားဖြင့် ဆင်ခြင်သုံးသပ်ကြည့်ကြပါစို့။ လူသားတို့၏ *ခါလီဖာ* ဖြစ်မှုသည် အခွင့်ထူးတစ်ရပ်ဖြစ်ပါသလော။ လူသားကို

“အကောင်းဆုံးသော ပုံပန်းသဏ္ဌာန်ဖြင့်” ဆိုလိုသည်မှာ ကောင်းခြင်းအတွက် အမြင့်မားဆုံး ဖြစ်နိုင်ချေစွမ်းရည်ဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်အတွက်၊ ၎င်းသည် ဂုဏ်သိက္ခာတစ်ရပ် အသေအချာပင်ဖြစ်သည်။ သို့ငြားလည်း၊ ကျွန်ုပ်တို့၏ ဤစွမ်းရည်ကို သိမြင်နားလည်ခြင်းမရှိပါက၊ “သိမ်ဖျင်းနိမ့်ကျသူတို့ထက် ပိုမိုနိမ့်ကျသော (သို့ဖျင်းသူတို့ထက် အသို့ဖျင်းဆုံးသော အခြေအနေ)”အဖြစ်သို့ ငြင်းပယ်ခြင်းခံရမည်ဖြစ်သည်။[၆၄] *ခါလီဖာဟ်* သည် အခွင့်ထူးတစ်ရပ်မဟုတ်ဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အနက် မည်သူသည် ကောင်းမှုအပြုဆုံးဖြစ်သည်ကို စမ်းသပ်ရန်အတွက် သေခြင်းနှင့် ရှင်ခြင်းကို ဖန်ဆင်းထားခြင်းဖြစ်ရာ၊ ၎င်းသည် ယုံကြည်အပ်နှံမှု၊ တာဝန်ရှိမှုနှင့် စမ်းသပ်မှုတစ်ခုသာဖြစ်သည် (၆၇း)။ လူသား *ခါလီဖာဟ်* ဟူသည် အရေးပါမှုအဆင့်အတန်းအရ အဖန်ဆင်းခံတို့၏ သာယာဝပြောမှု ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းနိုင်သည့် ကျွန်ုပ်တို့၏ စွမ်းရည်နှင့် သက်ဆိုင်သော သဘာဝ အမှန်တရားတစ်ခုဖြစ်သည်။ ကောင်းမှုကိုရော မကောင်းမှုကိုပါ ပြုလုပ်နိုင်သော အလွန်ကြီးမားသည့် စွမ်းပကားကို လူသားများကို အပ်နှင်းထားပေသည်။ လုပ်နိုင်စွမ်းရည်သည် တာဝန်ရှိမှုနှင့် ယှဉ်တွဲလျက်ရှိသည်။ *ခါလီဖာဟ်* တစ်ဦးသည် သိုးထိန်းတစ်ယောက်ဖြစ်ပြီး၊ ၎င်း၏ သိုးအုပ်နှင့် စပ်လျဉ်း၍ မေးမြန်းခြင်းခံရပေမည်။ လူသားတစ်ဦးချင်းစီတိုင်းသည် ကောင်းစွာ သို့မဟုတ် ဆိုးဝါးစွာ ထိတွေ့မည့် ကမ္ဘာမြေပေါ်ရှိ သက်ရှိဘဝအားလုံးတို့အတွက် သိုးထိန်းတစ်ယောက်ဖြစ်ပြီး၊ သူပြုခဲ့သော အက်တမ်တစ်ခု၏ အလေးချိန်ပမာဏရှိ ကောင်းမှုအတွက်လည်းကောင်း၊ အက်တမ်တစ်ခု၏ အလေးချိန်ပမာဏရှိ ဘေးဆိုးအန္တရာယ်အတွက်လည်းကောင်း စာရင်းစစ်ဆေးခြင်း ခံရမည်ဖြစ်သည်။[၆၅] ဤအန္တရာယ်ကြီးလွန်းသော စမ်းသပ်မှုသည် နေ့စဉ် ထပ်ကျော့နေပေသည်။ နဗီတမန်တော် မိုဟမ္မဒ် (ဘုရားသခင် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က “နေ့စဉ်အရုဏ်တက်လာသည်နှင့် အန္တရာယ်ကျရောက်နိုင်ခြေရှိနေသည့် ၎င်းတို့၏ ဝိဉာဉ်များနှင့် အပေးအယူ အလျော့အတင်းပြုလုပ်ရန် နိုးထလာကြပြီး၊ ထိုဝိဉာဉ်များကို အပြစ်မှ ကင်းဝေးအောင်ပြုမည် သို့မဟုတ် ပျက်စီးစေမည်ဖြစ်သည်”ဟု မြွက်ကြားခဲ့သည့်အတိုင်းပင်ဖြစ်သည်။”[၆၆]

၂.၂။ *ခေလာဖာဟ် ဖစ်လ် အရ်ဒ်* အဖြစ် ကျွန်ုပ်တို့၏ အခန်းကဏ္ဍကို နားလည်သိမြင်အောင်ပြုရာတွင် နှိမ့်ချမှုရှိရမည်ဖြစ်သော်လည်း၊ *ခီလာဖဟ်* ကျင့်ဝတ်တရား၏ မြင့်မြတ်မှုမှာ ရင်သပ်ရှုမောဖွယ်ဖြစ်သည်။ မိုးကောင်းကင်များ၊ ကမ္ဘာမြေကြီးနှင့် တောင်တန်းများကပင် လက်ခံရယူရန် တွန့်ဆုတ်ကြသည့် ယုံကြည်အပ်နှံခံရမှု (အမာနာဟ်)ကို လူသားမျိုးနွယ်/ကျွန်ုပ်တို့ လူသားများက ရယူထားကြသည်။

ငါအရှင်မြတ်သည် အပ်နှံသော (ဤတာဝန်ကို) မိုးကောင်းကင်များ ရှေ့ဝယ်တွင်လည်းကောင်း၊ ပထဝီမြေ၏ ရှေ့ဝယ်တွင်လည်းကောင်း၊ တောင်တန်းများ၏ ရှေ့ဝယ်တွင်လည်းကောင်း ဖော်ပြတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတာဝန်ကို ငြင်းဆန်ခဲ့ကြကုန်၏။ ထို့ပြင် ယင်းတာဝန်ကို ထမ်းဆောင်ရန် ကြောက်ရွံ့ စိုးရိမ်ခဲ့ကြကုန်၏။ သို့ရာတွင် လူသားမှာမူကား ယင်းတာဝန်ကို ထမ်းဆောင်ခဲ့၏။ ဧကန်အမှန် ထိုလူသားသည် လွန်စွာ မတရားသူ၊ လွန်စွာ အသိတရားကင်းမဲ့သူပင် ဖြစ်ပေသည် (၃၃း၇၂)။

ဤယုံကြည်အပ်နှံခံရမှုကို မိမိ၏ ယုံကြည်သက်ဝင်မှု၊ ရည်စူးချက်များနှင့် လုပ်ရပ်များနှင့် တန်ပြန်သက်ရောက်မှုတို့အတွက် (ယင်းတို့က ဖြစ်စေသော ဆုလာဘ်ခြီးမြှင့်မှုနှင့် ပြစ်ဒဏ်တို့နှင့်အတူ) ဘုရားသခင်ထံ ကျင့်ဝတ်နှင့်ညီသော တာဝန်ယူမှု (*သက်လီးဖ်*)ဟု နားလည်သိမြင်ကြသည်။ ယင်းသည် *ခီလာဖဟ် ဖစ်လ် အရ်ဒ်* ၏ တာဝန်ဝတ္တရားနှင့် ကမ္ဘာမြေအတွက် တာဝန်ခံမှုတို့နှင့် နီးကပ်စွာ ယှက်နွယ် ဆက်စပ်နေပေသည်။ မျိုးစိတ်တစ်ခုအနေအားဖြင့် ကမ္ဘာမြေအား အလေးဂရုပြုခြင်းတွင်၊ ကျွန်ုပ်တို့သည် လုံးလုံးလျားလျား မတရားသော၊ အသိတရားကင်းမဲ့သူများအဖြစ် သက်သေပြခဲ့ပြီးဖြစ်သည်။[၆၇] ကာလံဒေသံမရွေး မျိုးစိတ်အားလုံး၊ တစ်ခုချင်း တစ်ဦးချင်းစီများနှင့် ယနေ့မှစ၍

ပြည်လည်ရှင်ပြန်ထကြရမည့်နေ့တိုင်အောင်ထိရှိမည့် ဘုရားသခင်၏ အဖန်ဆင်းခံ မျိုးဆက်များအပေါ် ကျွန်ုပ်တို့၏ ဂရုစိုက်မှု မိုးကုတ်စက်ဝိုင်းအား မလွှမ်းခြုံ မထွေးပွေ့နိုင်ပါက ဤယုံကြည်အပ်နှံခံရမှုကို ကျေပွန်အောင် ဖြည့်ဆည်းခြင်း မမည်နိုင်ပေ။ ထိုသို့ လွှမ်းခြုံဖြန့်ကျက်နိုင်သည့်အခါမှသာလျှင်၊ ကျွန်ုပ်တို့သည် ကမ္ဘာမြေပေါ်မှ *ခါလီဖာဟ်*များ အစစ်အမှန် ဖြစ်ကြပေလိမ့်မည်။[၆၈]

၂.၂၂။ ယင်းအခြေအနေသည် လူသားတို့အပေါ် မထမ်းရွက်နိုင်သော ဝန်ကို တင်ခြင်းဖြစ်သည်ဟု ထင်မှတ်ကောင်း ထင်မှတ်နိုင်ပါသည်။ သတ္တဝါအားလုံးတို့အပေါ် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်များ၏ ဆင့်ပွားအကျိုးဆက်များနှင့် သက်ရောက်မှုများကို အနာဂတ်ကာလတွင် မဆိုထားဘိ၊ ယခုပစ္စုပ္ပန်တွင်ပင် မည်သူက သိမြင်နိုင်ပါမည်နည်း။ ကျွန်ုပ်တို့ မသိမြင်နိုင်သော အနာဂတ်ကာလတိုင်အောင်အထိ ကျွန်ုပ်တို့၏ ဂရုစိုက်မှု မိုးကုတ်စက်ဝိုင်းကို ဖြန့်ကျက်ခြင်းက မည်သည်ကို ဆိုလိုပါသနည်း။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်ခြင်းတို့၏ ကာလအပိုင်းအခြားများက ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ သဘောတရားများအပေါ် မည်သို့ သက်ရောက်ပါသနည်း။ အတိအကျမသတ်မှတ်နိုင်သော အနာဂတ်ကာလ လူသားမျိုးဆက်များနှင့် အနာဂတ် ထောင်စုနှစ်များတွင် ဖြစ်တည်နေနိုင်သည့် လူသားမဟုတ်သော သက်ရှိအသိုက်အဝန်းတို့အပေါ် ကျွန်ုပ်တို့၏ ဝတ္တရားများက မည်သည်တို့နည်း။ ဘုရားသခင်မှလွဲ၍ မည်သူကမျှ မိမိလုပ်ရပ်များ၏ ရလဒ်များကို နားလည်သိမြင်နိုင်ခြင်းမရှိသည့်အခြေအနေတွင်၊ မည်သည့် လူသားတစ်ဦးတစ်ယောက်က မိမိ၏ လုပ်ရပ်များ၏ ရလဒ်များအတွက် မည်သို့မည်ပုံ တာဝန်ယူရန် ဖြစ်နိုင်ချေရှိနေပါသနည်း။ ကျွန်ုပ်တို့၏ အသိပညာ၊ ခွန်အားနှင့် လုပ်နိုင်စွမ်းတို့၏ အကန့်အသတ်များကို ပြည့်ပြည့်ဝဝ သတိမူလျက်၊ အရာခပ်သိမ်းတို့၏ ကန့်သတ်ဘောင်ခတ်ခြင်းမရှိ အနန္တဖြစ်တော်မူသော အရှင်၏ အကျိုးတော်ဆောင်ရန် ကျွန်ုပ်တို့၏ ရည်စူးချက်များနှင့် မျှော်လင့်ရည်သန်ချက်များက အကန့်အသတ်မဲ့ရမည်ဟု ကျွန်ုပ်တို့ ဖြေဆိုလိုပါသည်။ ကျွန်ုပ်တို့၏ တာဝန်မှာ အရိုးသားဆုံးအားဖြင့် ကျွန်ုပ်တို့၏ အကောင်းဆုံးကို ပြုလုပ်ရန်၊ အရာခပ်သိမ်းတို့၏ အရှင်ထံမှာ လမ်းညွှန်မှုကို တောင်းခံရန်နှင့် ကျွန်ုပ်တို့သည် မပြည့်စုံချိုတဲ့စွာ ပျက်ကွက်မှုဖြစ်ရန် စီမံပြဋ္ဌာန်းခံရပြီးဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့၏ ပျက်ကွက်မပြည့်မီမှုများအတွက် ခွင့်လွှတ်မှုတောင်းခံရန်သာဖြစ်သည်။ အကြောင်းမူကား၊ ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်အပေါ်တွင်မျှ ၄င်းခံနိုင်သည်ထက် ပိုကြီးသော ဝန်ကို ထမ်းရွက်စေမည်မဟုတ်၍ ဖြစ်ပါသည်။[၆၉]

ကမ္ဘာမြေအပေါ် သိမ်မွေ့ညှင်သာစွာ လျှောက်လှမ်းကြကုန်

၂.၂၃။ ကျမ်းတော်မြတ် ကုရ်အာန်တွင် ရိုကျိုးနှိမ့်ချစွာ၊ ညှင်သာပျော့ပျောင်းစွာနှင့် သိမ်မွေ့စွာဖြင့် ကမ္ဘာမြေပေါ် လျှောက်လှမ်းကြရန် ကျွန်ုပ်တို့အား မိန့်မှာထားပါသည်။[၇၀] “***ရဟ်မာန် ကြီးမားလှသော ကရုဏာတော်ရှင်၏ ကျွန်များမှာ ပထဝီမြေပေါ်ဝယ် ကျိုးနှိမ့်စွာ၊ ဖြည်းညင်းစွာ၊ ကြွန်ြေသိက္ခာရှိစွာ လမ်းလျှောက်ကြသူများဖြစ်ကြပေသည်...***”(၂၅း၆၃)။ သတ္တဝါခပ်သိမ်းတို့၏ အလွန်တရာသနားကြင်နာသော အရှင်မြတ်က အခြားသော သက်ရှိသတ္တဝါများ၏ အသိုက်အဝန်း အစုအဖွဲ့များနှင့် သဟဇာတဖြစ်စွာ ရှင်သန်နေထိုင်ရန် ဤသိမ်မွေ့လက်ရာမြောက်သော၊ လှပတင့်တယ်သော ကမ္ဘာဂြိုဟ်အပေါ် ၄င်းတို့နှင့်အတူ ကျွန်ုပ်တို့ကို နေရာချထားခဲ့ပြီး၊ ၄င်းတို့ကို ဂရုစိုက်ရန် တာဝန်အပ်နှင်းခဲ့သည်။ ကျွန်ုပ်တို့သည် ဤအခန်းကို ဘုရားသခင်၏ သက်သေလက္ခဏာတော်များကို အရှင့်၏ ဖန်ဆင်းမှုအတွင်း ရှာဖွေလေ့လာကြရန်၊ ၄င်းတို့အပေါ် ဆင်ခြင်သုံးသပ်ရန်နှင့် ၄င်းတို့ထံမှ သင်ယူရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသော ကျမ်းတော်မြတ်ကုရ်အာန်၏ အောက်ပါ အာယသ်တော် စာပိုဒ်များနှင့် နိဂုံးချုပ်ပါမည်။

အသင်တို့သည် ညနေအချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ နံနက်အချိန်သို့
ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ အလွှာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြလေကုန်။
မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ မွန်းတိမ်းပြီးနောက်တွင်လည်းကောင်း၊ နေ့လည်အချိန်သို့
ဝင်ရောက်ကြသောအခါ၌လည်းကောင်း ထိုအရှင်မြတ်သာလျှင် (အခါခပ်သိမ်း) ချီးမွမ်းထောပနာမှုကို ခံယူလျက်
ရှိတော်မူ၏။

ထိုအရှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ထုတ်တော်မူ၏။ ထိုနည်းတူစွာ သက်မဲ့ကို သက်ရှိမှ ထုတ်တော်မူ၏။ ထိုမှတပါး
ထိုအရှင်မြတ်သည် ပထဝီမြေကို ယင်းပထဝီမြေ သေ (သွေ့ခြောက်) ပြီးနောက် ပြန်ရှင် (စိုပြည်စိမ်းလန်း) စေတော်မူ၏။
အသင်တို့သည်လည်း ဤနည်းနှင့်နှင့် ထွက်စေခြင်းကို ခံကြရကုန်အံ့သတည်း။

ထိုပြင် အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် (တစ်ခုမှာဤသို့) ဖြစ်၏။ အရှင်မြတ်သည် အသင်တို့အား မြေကြီးမှ
ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ရုတ်တရက် အသင်တို့သည် လူသား (အသွင်ဖြင့်) ပျံ့နှံ့သွားခဲ့ကြလေသည်။

ထိုနည်းတူစွာ (ဤသည်လည်း) ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် အပါအဝင်ဖြစ်ပေသည်။
ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အမျိုးအစားများအနက်မှပင် ကြင်ရာကြင်ဖက်များကို ၄င်းတို့ထံတွင်
အသင်တို့ အနားယူ စိတ်ချမ်းသာမှု ရရှိကြအံ့သောငှာ ဖန်ဆင်းတော်မူခဲ့၏။ ထိုမှတပါး၊ ထိုအရှင်မြတ်သည်
အသင်တို့စပ်ကြား၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ အကြင်နာတရားကိုလည်းကောင်း စီမံပြုလုပ်၍
ပေးသနားတော်မူ၏။ ဧကန်မလွဲ ဤသည်၌ ဆင်ခြင်သုံးသပ် စဉ်းစားကြကုန်သော သူတို့အဖို့ အမှန်ပင်
သက်သေလက္ခဏာများသည် ရှိပေသတည်း။

ထိုပြင် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက် မိုးကောင်းကင်များနှင့် ပထဝီကို
ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ အသင်တို့၏ ဘာသာစကားနှင့်
အသွေးအရောင်တို့ကွဲပြားခြားနားခြင်းသည်လည်းကောင်း ပါဝင်ပေသည်။ စင်စစ် ယင်း၌ ပညာရှိသူတို့အဖို့ များစွာသော
သက်သေလက္ခဏာများ ရှိချေသည်။ ထိုပြင် ထိုအရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် ည၌အချိန်နှင့်
နေ့အချိန်တွင် အသင်တို့ အိပ်စက်ခြင်းသည်လည်းကောင်း၊ အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို
ရှာဖွေခြင်းသည်လည်းကောင်း ပါဝင်၏။ ဧကန်စင်စစ် ယင်း၌ (စကား) နားထောင်ကြသော သူတို့အဖို့ များစွာသော
နိမိတ်လက္ခဏာတော်များ ရှိ၏။

ထိုမှတပါး အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များအနက် ဤသည်လည်းပါဝင်၏။ ယင်းမှာ ထိုအရှင်မြတ်သည်
အသင်တို့အား ကြောက်ရွံ့မှုနှင့် မျှော်လင့်ခြင်းတို့ ဖြစ်စေလျက် လျှပ်ပြက်ခြင်းကို ပြတော်မူ၏။ ထိုပြင် ကောင်းကင်မှ
ရေကို သွန်းချပေးတော်မူ၏။ သို့ဖြစ်ရာ ယင်းအားဖြင့် ကမ္ဘာမြေကို ယင်း၏ သေခြင်းနောက်တွင် ရှင်စေတော်မူ၏။
ဧကန်စင်စစ် ယင်း၌ နားလည်ကြသူတို့အဖို့ များစွာသော နိမိတ်လက္ခဏာတော်များရှိ၏။

ထိုမှတပါး မိုးကောင်းကင်နှင့် ပထဝီမြေတို့သည် အရှင့်၏ အမိန့်အာဏာအားဖြင့် မြဲမြံစွာ ရပ်တည်နေခြင်းသည်လည်း
ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင်၊ ဖြစ်ပေသည်။ ထို့နောက် ထိုအရှင်မြတ်သည် အသင်တို့အား
ပထဝီမြေမှ (ထွက်လာကြအံ့သောငှါ) တစ်ကြိမ်မျှ ဆင့်ခေါ်တော်မူသောအခါ ရုတ်တရက် အသင်တို့သည် မြေကြီးထဲမှ
ထွက်လာကြအံ့သတည်း။ မိုးကောင်းကင်များ၌ ရှိကြသူတို့သည်လည်းကောင်း၊ ပထဝီမြေကြီး၌

ရှိကြသူတို့သည်လည်းကောင်း ထိုအရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသော သူများချည်းသာ ဖြစ်ကြကုန်၏။ ၄င်းတို့အားလုံးသည် အရှင်မြတ်၏ အမိန့်တော်များကို နာခံရသူများသာ ဖြစ်ကြကုန်၏။

ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းခြင်းကို အစပြုတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် ယင်းဖန်ဆင်းခြင်းကို ထပ်မံပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ဤသည် ထိုအရှင်မြတ်အဖို့ သာ၍ပင် လွယ်ကူပေ၏။

မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေပြင်၌လည်းကောင်း ထိုအရှင်မြတ်၏ ပမာသည် အားလုံးထက် အထွဋ်မြတ်ဆုံးဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၃၀း၁၇-၂၇)

အခန်း (၃)

အစ္စလာမ်သာသနာ၏ ဂေဟဗေဒစနစ်ဆိုင်ရာ ခံယူချက်နှင့် ကျင့်ဝတ်တရား

သောင်ဟီးဒ်ဆိုင်ရာ ကျင့်ဝတ်ဗေဒ

၃.၁။ **အလ္လာဟ်အရှင်မြတ်၏ တစ်ဆူတည်းဖြစ်တော်မူခြင်းဆိုင်ရာ ကျင့်ဝတ်ဗေဒရှုထောင့်များ - *သောင်ဟီးဒ်။*** ဘုရားသခင် တစ်ပါးတည်းတည်ရှိခြင်း (ခံယူချက်)၏ အဓိကအကျဆုံး ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆင့်ပွားဆိုလိုရင်းမှာ အရှင့်၏ အဖန်ဆင်းခံများအားလုံးတို့အပေါ် ကျွန်ုပ်တို့ စွမ်းနိုင်သမျှ အကြီးမားဆုံး ကောင်းမှုပြုခြင်းအားဖြင့် ထိုတစ်ဆူတည်းသော ဘုရားသခင် (အရာခပ်သိမ်းတို့၏ အရှင်)ကို ဝတ်ပြုကိုးကွယ်ခြင်း (ထိုတစ်ဆူတည်းသော ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ခြင်း)ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်သည် အဖန်ဆင်းခံ သတ္တဝါအားလုံးတို့၏ တစ်ဆူတည်းသော အရှင်သခင်ဖြစ်သည်ကို အသိမှတ်ပြု လက်ခံပါက၊ ထိုအရှင်ကို သဒ္ဓါရိုကျိုးခဝပ်ခြင်းက ထိုအရှင်၏ အလုံးစုံသော ဖန်ဆင်းခံတို့အပေါ် အမြင့်ဆုံး ကောင်းမှုပြုခြင်းကို ပြဋ္ဌာန်းသည်ဟု သိမှတ်ရပေမည် (ထို့ပြင် အဖန်ဆင်းခံတစ်ခုချင်းစီကို *သက္ကတ* တရား (ယင်းတို့၏ ဖန်ဆင်းရှင်ကို ကြောက်ရွံ့ရိုသေခန့်ငြားခြင်းတရား)ဖြင့် ဆက်ဆံရပေမည်)။ ဘုရားသခင်သည် မျိုးစိတ်တိုင်း၊ မျိုးဆက်တိုင်းနှင့် အဖန်ဆင်းခံ တစ်ခုချင်း၊ တစ်ကောင်ချင်း၊ တစ်ယောက်ချင်းစီတိုင်း၏ အရှင်သခင်ဖြစ်သည်။ သို့အတွက်၊ ကျင့်ဝတ်ကပြဋ္ဌာန်းသော ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းမြင်သာစေရန် ရည်ရွယ်ချက်များအတွက်ဆိုပါက၊ *ရုဗ္ဗလ် အားလ်လမီးန်း* ဟူသည်ကို ရှိခဲ့ဖြစ်တည်ခဲ့ပြီးသမျှသောနှင့် ဖြစ်တည်လာလတ္တံ့သောအရာအားလုံး၊ "အဖန်ဆင်းခံ အုပ်စုများ အားလုံး၏ အရှင်" သို့မဟုတ် "အဖန်ဆင်းခံအားလုံး၏ အရှင်"ဟု နားလည်ရပေသည်။ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံရခြင်းတည်းဟူသော ဂုဏ်အားဖြင့် အဖန်ဆင်းခံ အရာအားလုံးတို့တွင် ကိုယ်ပိုင်ဖြစ်သော ထိုက်တန်မှုနှင့် တန်ဖိုးတို့ ရှိကြသည်။ ကျင့်ဝတ်ဗေဒဆိုင်ရာ ဆင်ခြင်စဉ်းစားခြင်းမှ အဖန်ဆင်းခံ တစ်ခုခုအား ဖယ်ထုတ်လိုက်ခြင်းသည် *သောင်ဟီးဒ်* ဟူသော စည်းမျဉ်းကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။[၃]

၃.၂။ ထိုစည်းမျဉ်းကို လက်တွေ့အကျင့်အကြံအဖြစ် ပြောင်းလဲခြင်း၏ ဆင့်ပွားသက်ရောက်မှုက အလွန်အလွန် ကြီးမားများပြားလှပါသည်။ လူတစ်ဦးသည် ၄င်း၏ အမြင့်ဆုံး ရည်မှန်းချက် ဘုရားသခင်ဖန်ဆင်းမှုအလုံးစုံ၏ ကောင်းကျိုးချမ်းသာကို သိစိတ်အပြည့်နှင့် ရှင်းရှင်းလင်းလင်း မစဉ်းစားမဆင်ခြင်ဘဲ၊ အဖန်ဆင်းခံအားလုံးအနက် အစိတ်အပိုင်းတစ်ခု၏ ကောင်းကျိုးချမ်းသာကိုသာ ၄င်း၏ အမြင့်ဆုံး အပြီးသတ် ရည်မှန်းချက်အဖြစ် ထားရှိပါက၊ ယင်းသည် ကျင့်ဝတ်အရ မှန်ကန်သည် မမည်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့ ကိုယ်ပိုင်အုပ်စု၏ ကောင်းကျိုးချမ်းသာကိုသာ ကွက်၍ တစ်သီးတစ်သန့် ရည်မှန်းပြီး၊ အခြားသော အုပ်စုများကို ထိခိုက်စေလိမ့်မည်မဟုတ်ဟု မှတ်ယူနိုင်ပါမည်လော။ အမျိုးသားများ (သို့မဟုတ် အမျိုးသား)၏ ကောင်းကျိုးကိုသာ ရည်မှန်းချက်ထားပြီး၊ ယင်းက အမျိုးသမီးတို့ကို နိမ့်ပါးလျော့ကျစေခြင်းရှိမည်မဟုတ်ဟု မှတ်ယူနိုင်ပါမည်လော။ လူချမ်းသာတို့၏ ကောင်းကျိုးကို ရည်မှန်းချက်ထားပြီး၊ ယင်းရည်မှန်းချက်က လူဆင်းရဲများ၏ ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းလာလိမ့်မည်ဟု မှတ်ယူနိုင်ပါမည်လော။ လက်ရှိမျိုးဆက်၏ ကောင်းကျိုးချမ်းသာကိုသာ ရည်စူးခြင်းက နောင်လာမည့် အနာဂတ်မျိုးဆက်တို့၏ ရပိုင်ခွင့်ရှိသော အမွေဆက်ဆံမှုကို ယုတ်လျော့မှု ဖြစ်စေမည်မဟုတ်ဟု မှတ်ယူနိုင်ပါမည်လော။ လူသားတို့၏ ကောင်းကျိုးချမ်းသာကိုသာ ရည်စူးပြီး၊ ယင်းသို့ ရည်စူးချက်က ဤကမ္ဘာမြေအား ကျွန်ုပ်တို့နှင့် အတူမျှဝေနထိုင်ကြသော အခြား မြောက်မြားလှစွာသော မျိုးစိတ်များကို ဖျက်ဆီးမှုပြုလိမ့်မည်မဟုတ်ဟု မှတ်ယူနိုင်ပါမည်လော။ အစိုးရများနှင့် စီးပွားရေးအဆောက်အဦများကို

ဤယုံမှတ်မှုများကို တိတိကျကျ ကိုင်စွဲနှလုံးသွင်းထားသည့် လူများက ကြီးကြီးမားမား ခြယ်လှယ်လည်ပတ်နေပေသည်။ သို့သော်လည်း ၄င်းတို့သည် အလွန်တရာ သနားကြင်နာတော်မူသောဘုရားသခင်၊ အရာခပ်သိမ်းတို့၏ အရှင်သခင်ကို ချစ်ကြည်မြတ်နိုးစွာ အမှုတော်ထမ်းရွက်ခြင်းနှင့် အပ်စပ်ခြင်းမရှိပါပေ။ အမှန်စင်စစ်အားဖြင့်၊ ကျွန်ုပ်တို့၏ အမြင့်ဆုံး ရည်စူးချက်ကို အရာခပ်သိမ်းတို့၏ ကောင်းကျိုးချမ်းသာထက် လျော့၍ ထားရှိခြင်းသည်၊ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၏ ယုတ်ညံ့သိမ်ဖျင်းသော ပုံရိပ်ဖြစ်ပေသည်။ ယင်းသည် *သောင်ဟီးဒ်* ၏ အဓိကကျောရိုး ကျင့်ဝတ်နှင့်လျော်ညီသော တောင်းဆိုမှုကို ချိုးဖောက်ခြင်းဖြစ်ရာ၊ ၄င်းသည် ကျင့်ဝတ်မတန်၊ မမှန်ကန်မှုပင်ဖြစ်သည်။[2J]

အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားခြင်းနှင့် အရှင်မြတ်၏ အဖန်ဆင်းခံများ

၃.၃။ ***သက္ကဝါ*** **- ကြောက်ရွံ့ခန့်ငြားခြင်း၊ ဂရုဓမ္မပြုခြင်းနှင့် အလေးထားဂရုစိုက်ခြင်း။** ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်ပြီး၊ တရားစီရင်ဆုံးဖြတ်မည့်နေ့၊ စာရင်းစစ်မည့်နေ့၏ သခင်ဖြစ်ပေ၏။ ထို့နေ့တွင် ထိုအရှင်၏ အဖန်ဆင်းခံများအားလုံးနှင့် စပ်လျဉ်းပြီး၊ ကျွန်ုပ်တို့အား ဘုရားသခင်က စစ်ဆေးစီရင်ပေမည်။

ထို့နေ့တွင် လူတို့သည် အုပ်စုအမျိုးမျိုးကွဲလျက် မိမိတို့ ကျင့်မှုချက်များကို ပြသခြင်းခံကြရအံ့သောငှါ ထွက်ပေါ်လာကြပေမည်။ သို့ဖြစ်ပေရာ၊ မည်သူမဆို တစ်စုံတစ်ရာ ကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူသည် (မိမိကျင့်မူခဲ့သော) ထိုကောင်းမှုကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မည်သူမဆို တစ်စုံတစ်ရာ မကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့ပါလျှင်လည်း ထိုသူသည် (မိမိပြုကျင့်ခဲ့သော) ယင်းမကောင်းမှုကို တွေ့မြင်ရမည်သာတည်း

(၉၉း၆-၈)။

ဤ အာယာသ်တော်များတွင် ပါရှိသော "အက်တမ်"၊ "အမှုန်"၊ "အမှုန်အမွှား" ဟု နားလည်လေ့ရှိကြသည့် အာရဗီစကားလုံး *ဇရ်ရာဟ်*ဟူသည် လူသားများမျက်စိဖြင့် မြင်နိုင်စွမ်းသည့် အသေးငယ်ဆုံးသော သက်ရှိပုံစံတို့အနက်မှ ပုရွက်ဆိတ်တို့အနက် အသေးငယ်ဆုံးကိုလည်း ဆိုလိုပေသည်။ အရာခပ်သိမ်းတို့၏ အရှင်သည် အသေးတကား အသေးငယ်ဆုံးသော အဖန်ဆင်းခံတို့အပေါ် ကျွန်ုပ်တို့၏ ပြုမူဆက်ဆံပုံနှင့် စပ်လျဉ်း၍ စစ်ဆေးစီရင်မည်ဟု အနက်အဓိပ္ပါယ်နှစ်ခုလုံးက ရည်ညွှန်းနေပေသည်။ သို့အတွက်၊ ကျွန်ုပ်တို့သည် အရာတစ်ခုသည် ကျွန်ုပ်တို့အမြင်တွင် မည်မျှပင် သိမ်နုပ်နေစေကာမူ အရာခပ်သိမ်းတို့အပေါ် ကျွန်ုပ်တို့၏ အပြုအမူလုပ်ရပ်များအတွင်း ထိုအရှင်အား ကြောက်ရွံ့ရိုသေခန့်ငြားရမည်ဖြစ်သည်။ မည်သည့်သက်ရှိ၊ သက်မဲ့အရာခပ်သိမ်းမျှ အရေးပါမှုမဲ့သည် မရှိပေ။ ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်တော်မူပြီး၊ ထိုအရှင်၏ ဖန်ဆင်းခံများနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့အား စစ်ဆေးမည်ဖြစ်သည်။ ထို့ကြောင့်၊ အရာခပ်သိမ်းတို့အပေါ် ကျွန်ုပ်တို့၏ အပြုအမူလုပ်ရပ်များအတွင်း ထိုအရှင်အား ကြောက်ရွံ့ရိုသေခန့်ငြားရမည်ဖြစ်သည်။ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်း၊ ကလေးသူငယ်တိုင်းကို ကျွန်ုပ်တို့၏ ပြုမူဆက်ဆံပုံအတွင်း ကျွန်ုပ်တို့သည် ထိုအရှင်အား ကြောက်ရွံ့ရိုသေခန့်ငြားရပေမည်။ သားရဲတိရစ္ဆာန်တိုင်း၊ ငှက်တိုင်း၊ အင်းဆက်တိုင်း၊ အပင်တိုင်း၊ မြစ်ချောင်းတိုင်း၊ ကျောက်တုံးကျောက်ခဲတိုင်းအပေါ် ကျွန်ုပ်တို့၏ ပြုမူဆက်ဆံပုံအတွင်း ကျွန်ုပ်တို့သည် ထိုအရှင်အား ကြောက်ရွံ့ရိုသေခန့်ငြားရပေမည်။ ကျွန်ုပ်တို့အတွက် အရာတစ်ခုသည် မည်မျှ အရေးမပါဟု ထင်မြင်ရလင့်ကစား၊ အဖန်ဆင်းခံတစ်ခုချင်းစီသည် ကန့်သတ်တိုင်းထွာမှုအားလုံးကို ကျော်လွန်မြောက်သည့် ဘုန်းတန်ခိုး အာနုဘော် ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်၏ အဖန်ဆင်းခံသာဖြစ်သည်။ ယင်းကို ဖန်ဆင်းတော်မူသော ထိုအရှင်၏ နိမိတ်လက္ခဏာတော် တစ်ရပ်သာဖြစ်သည်။ တစ်ခုချင်းစီသည် မည်သည့်အခါမျှ အသစ်တစ်ဖန် ထပ်ပြန်မကျော့တော့မည့်

ကမ္ဘာတစ်ခု၊ ယင်း၏ ဖန်ဆင်းရှင်၏ သိမြင်ခံစားနိုင်မှုတို့ကိုကျော်လွန်သည့် စင်ကြယ်သန့်ရှင်းမှုအသရေတော်ကို လှစ်ဟပြသနေသည့် ကမ္ဘာတစ်ခုဖြစ်သည်။[၃၃] မည်သည့်အရာတစ်ခုကိုမျှ အချည်းနှီး ဖန်ဆင်းထားခြင်းမဟုတ်ပါပေ။ အရာရာတိုင်းအား မှန်ကန်မှုအတွက် ဖန်ဆင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အရာကိုမျှ အပျော်အပျက်သဘော ဂရုမစိုက်မိစွာ မမှတ်ယူ မဆက်ဆံသင့်ဘဲ၊ ဖြောင့်မတ်မှန်ကန်မှု အကြောင်းတရားရှိသည့်အခါမှ လွဲ၍ မည်သည့်အသက်ကိုမျှ မသတ်သင့်ပါ။[၃၄] အရာတစ်ခုချင်းစီနှင့် အရာအားလုံးတို့အပေါ် ကျွန်ုပ်တို့၏ ဆက်ဆံမှုလုပ်ရပ်များအတွက် တာဝန်ယူစေမည်ဖြစ်သော၊ အရာခပ်သိမ်းတို့၏ အရှင်သခင်နှင့် နီးစပ်မှုမှ၊ *သက္ကဝါ* တည်းဟူသော သဘောထားဖြစ်ထွန်းလာပေသည်။ *သက္ကဝါ*ဟူသည် ထိုအရှင်၏ ဖန်ဆင်းခံတို့အား ကျွန်ုပ်တို့၏ ဆက်ဆံမှုအတွင် အမြင့်ဆုံး ဂရုစိုက်မှုနှင့် အလေးထားဂရုစိုက်မှုတို့နှင့် ယှဉ်တွဲလျက်၊ အရာခပ်သိမ်းတို့၏ အရှင်သခင်အား လေးနက်တည်ကြည်စွာ သတိမူမှုနှင့် ကြောက်ရွံ့ရိုသေ ခန့်ငြားမှုမှုပင်ဖြစ်သည်။ ဤစိတ်နေသဘောထားသည် ကျင့်ဝတ်အရမှန်ကန်သည့် မြင့်မြတ်မှု၏ အနှစ်သာရပင်ဖြစ်သည်။"***အသင်တို့အနက် (အလွာဟ်အရှင်မြတ်အား) အကြောက်ရွံ့ဆုံး၊ ပြစ်မှုများမှ အများဆုံး ကြဉ်ရှောင်သောသူသည်သာလျှင် အလွာဟ်အရှင်မြတ်၏ အထံတော်တွင် အမြင့်မြတ်ဆုံးသူဖြစ်၏"*** (၄၉း၁၃)။

အဖန်ဆင်းခံအားလုံးတို့အပေါ် အမြင့်မားဆုံး ကောင်းမှု

၃.၄။ ***အိဟ်စာန်* - အမြင့်မားဆုံး ကောင်းခြင်းတရား။** ဘုရားသခင်အား သဒ္ဓါရိုကျိုးခဝပ်မှုတွင် ကြောက်ရွံ့ရိုသေခန့်ငြားမှု စိတ်နေသဘောထားသည် ၄င်း၏ ပြည့်စုံခြင်းအခြေအနေကို အမြင့်မားဆုံး ကောင်းခြင်းတရားနှင့် လှပမှုတို့ရှိသည့် လုပ်ဆောင်မှုများတွင် ရောက်ရှိလေသည်။ ကျွန်ုပ်တို့၏ လုပ်ရပ်လုပ်ဆောင်ချက်များအတွင်း ၄င်း၏ အမြင့်မားဆုံး ဖော်ကြူးပြသမှုမှာ ဘုရားသခင်၏ အဖန်ဆင်းခံ**<u>အားလုံး</u>** တို့အပေါ် အမြင့်ဆုံးကောင်းကျိုးဆောင်ခြင်းအားဖြင့် အရာခပ်သိမ်းတို့၏ အရှင်သခင်၏ အမှုတော်ကို ထမ်းဆောင်ခြင်းပင်ဖြစ်သည်။ ဘဝရှင်သန်မှုနှင့် သေခြင်းတရားတို့၏ အစစ်အမှန် ရည်ရွယ်ချက်ပင်ဖြစ်သည်။[၃၅]

အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှါ "မရဏ" သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း ဖန်ဆင်းတော်မူသော အရှင်မြတ်... (၆၇း၂)

ကောင်းရာကောင်းကျိုးပြုရုံ ပြုခြင်းက မလုံလောက်သေးပါ။ အရာခပ်သိမ်းတို့၏ အရှင်က ကျွန်ုပ်တို့ကို ကျိန်းသေပေါက် တွေ့မြင်နေရသည့်အတွက်၊ အရာခပ်သိမ်းတို့၏ အရှင်သခင်အား ကျွန်ုပ်တို့ မျက်စိရှေ့မှောက် ဖူးမြင်နေရသည့်အလား အမြင့်ဆုံးသော ကောင်းကျိုးဆောင်ရန် ကျွန်ုပ်တို့အား ညွှန်ကြားပြဋ္ဌာန်းထားပါသည်။[၃၆] နဗီတမန်တော် မိုဟမ္မဒ် (ဘုရားသခင် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးအဖြာဖြာ ခညောင်းသက်ရောက်ပါစေ)က "အလွာဟ်အရှင်မြတ်က အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အမြင့်မားအဆုံးစွန်ဆုံးသော ကောင်းမှုပြုခြင်း၊ အလှတရားနှင့် သာလွန်ကောင်းမြတ်မှု (*အဟ်စာန်*) တို့ကို ပညတ်ထားတော်မူသည်"ဟု မိန့်မြွက်ထားခဲ့သည်။[၃၇] ကောင်းခြင်း သို့မဟုတ် အကျိုးအမြတ်ရှိစေသော လုပ်ရပ်များနှင့်ဆိုင်သော ရွေးချယ်စရာ လမ်းကြောင်းများအကြား သို့မဟုတ် ခိုင်လုံအားကောင်းသည်ဟု သိမြင်ရသည့် ဓမ္မသတ်များအကြား ရွေးချယ်ရာတွင် အားလုံးကို လွှမ်းမိုးနိုင်သော ဓမ္မသတ် ဖြတ်ထုံးမှာ အကောင်းဆုံး၊ အကျိုးအမြတ်အရှိဆုံး၊ အလှပဆုံး၊ သာလွန်အကောင်းမြတ်ဆုံးနှင့် အမြင့်ဆုံးကောင်းခြင်းတရားရှိသော အရာများ (*အဲဟ်စာန်*)ပင်ဖြစ်သည်ဟု ကျမ်းတော်မြတ်ကုရ်အာန်လာ အောက်ပါ အာယာသ်တော်များက ရည်ညွှန်းပါသည်။

...သို့ဖြစ်ပေရာ (အိုနဗီတမန်တော်) အသင်သည် ငါအရှင်မြတ်၏ အကြင်ကျေးကျွန်တို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောကြားပါလေ။ ထိုကျွန်တို့သည် (ဤ)အာယာသ်တော်ကို အာရုံစိုက်၍ နားထောင်ကြကုန်၏။ ထို့နောက် ထိုအာယာသ်တော်၏ အကောင်းဆုံးအချက်များကို လိုက်နာကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က ငှင်းတို့အား တရားလမ်းမှန်သို့ ပို့ဆောင်လမ်းညွှန်ခံရသောသူများ၊ အသိဉာဏ်ရှင်များဖြစ်ကြပေသည်။ (၃၉း၁၇-၁၈)

ကမ္ဘာမြေပေါ် ရှိသူတို့အပေါ် သနားကရုဏာတရား ပြသကြလော့

၃.၅။ ***ရုဟ်မာန် - သနားကရုဏာတရား။*** အရှင်သခင်နှင့် အရာခပ်သိမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်သည် အလွန်တရာ သနားကြင်နာသော၊ အလွန်တရာ ကရုဏာကြီးတော်မူသော အရှင်ဖြစ်တော်မူပါသည်။ အရှင့်၏ အရာအားလုံးကို လွှမ်းမိုးသော သနားကြင်နာမှု၊ ဘုန်းအသရေတော်နှင့် ကရုဏာတရားတို့၏ အနှိုင်းအဆမှ ကျွန်ုပ်တို့ အခါခပ်သိမ်း သိမြင်နားလည်နိုင်စွမ်းထက် လွန်စွာ သာလွန် ကြီးမြတ်လှပါသည်။

...ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက် ရှိချေပြီ...(၇း၁၅၆)။[၇၈]

အလ္လာဟ်အရှင်မြတ်သည် စကြာဝဠာအား ဘုန်းအသရေတော်၊ လှုပတင့်တယ်ခြင်းတို့နှင့် ဆင်ယင်ပြည့်ဝစေပြီး၊ ထိုဘုန်းအသရေတော်နှင့် အလှတရားတင့်တယ်မှုတို့ကို ငှင်းတို့နှင့် ကျွန်ုပ်တို့ သိမြင်နိုင်သည့် အမျိုးမျိုးသော အာရုံခံများ အားလုံးကို သက်ရှိများအား ချီးမြှင့်ထားတော်မူလေ၏။ ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်ပြုမူပါမည်နည်း။ ကျွန်ုပ်တို့၏ ကျေးဇူးသိတတ်မှုအား မည်သို့ ပြသကြမည်နည်း။ ကျေးဇူးတော်ချီးမွမ်းခြင်းသည် အရှင်မြတ်အား ခဝပ်ဆည်းကပ်ခြင်း အမှုတော်ဆောင်ခြင်း၏ အကောင်းဆုံးနည်းလမ်း မဟုတ်ပါလော။ အလွန်တရာ သနားကြင်နာတော်မူသော၊ အလွန်တရာ သနားကရုဏာထားတော်မူသော အရှင်အား ကျွန်ုပ်တို့ မည်သို့မည်ပုံ ခဝပ်ဆည်းကပ် အမှုတော်ဆောင်ရပါမည်နည်း။ နဗီတမန်တော် မိုဟမ္မဒ် (ဘုရားသခင် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးအဖြာဖြာ ခညောင်းသက်ရောက်ပါစေ)က ""အလွန်တရာ သနားကရုဏာထားတော်မူသော အရှင်မြတ်သည် သနားကရုဏာစိတ်ရှိသူတို့အား ကရုဏာတရားကို ပြသတော်မူ၏။ ကမ္ဘာမြေပြင်ဝယ် ရှိကြကုန်သော သူတို့အား ကရုဏာတရား ပြကြလော့၊ မိုးကောင်းကင်ပေါ် ရှိတော်မူသော အရှင်ကလည်း အသင်တို့အား သနားကရုဏာ ပြတော်မူအံ့"ဟု မိန့်ကြားတော်မူခဲ့၏။[၇၉]

၃.၆။ ***ရှူကုရ် - ကျေးဇူးသိတတ်မှု။*** အလွန်တရာ သနားကြင်နာတော်မူထသော အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးတော်ကို (ကျေးဇူး)တုံ့ပြန်သည့် အခြားနည်းလမ်းတစ်ခုမှာ ကျေးဇူးသိတတ်မှုနှင့် အသိအမှတ်ပြုမှု၊ ထိုအရှင်မြတ်၏ ကောင်းချီးမင်္ဂလာတော်များအတွက် ကျေးဇူးတင်ခြင်းပင်ဖြစ်သည်။[၈၀]

***ငှင်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ (သွေ့ခြောက်လျက်ရှိသော) မြေသေပင်ဖြစ်၏။ ငါအရှင်မြတ်သည် ယင်းမြေသေကို ရွာစေတော်မူပြီးနောက် ယင်းမြေမှ ကောက်ပဲသီးနှံကို ထွက်စေတော်မူခဲ့ရာ ငှင်းတို့သည် ယင်းကောက်ပဲသီးနှံများကို စားသုံးလျက်ရှိကြကုန်၏။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ယင်းမြေ၌ စွန်ပလွံခြံများကိုလည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း၊ စီရင်ပြုလုပ်တော်မူခဲ့သည်သာမက ယင်းမြေ၌ စိမ့်စမ်းများကိုလည်း စီးဆင်းစေတော်မူခဲ့၏။ ငှင်းတို့သည် ယင်းစွန်ပလွံပင် သို့မဟုတ် စပျစ်ပင်၏ အသီးများမှ စားသုံးခံသောငှါ စင်စစ် ထိုအသီးများကို ငှင်းတို့၏ လက်များက ပြုလုပ်ခဲ့သည်မဟုတ်ပေ။ သို့ပါလျက် ငှင်းတို့သည် ကျေးဇူးမတင်ကြလေသလော။* (၃၆း၃၃-၃၅)

ကျမ်းတော်မြတ်ကုရ်အာန်က စကြာဝဠာ၏ လှုပတင့်တယ်မှုတွင် ကျွန်ုပ်တို့ စိတ်ကြည်နူးဝမ်းမြောက်ကြစေရန်၊ ဖန်ဆင်းမှုအတွင်းရှိ အလှတရား၊ ဆင်ယင်မှုနှင့် ခန့်ညားထည်ဝါမှုတို့ကို ဖော်ပြထားသော ကျမ်းတော်မြတ်ကုရ်အာန်၏ အာယာသ်များတွင် ပြဆိုထားသကဲ့သို့ ကျွန်ုပ်တို့၏ စိတ်ခံစားမှုများ ကြွယ်ဝရင့်ကျက်စေရန်နှင့် ၄င်းတို့တွင် ဝမ်းမြောက်ဝမ်းသာရှိကြစေရန် ကျွန်ုပ်တို့ကို နှိုးဆော်ထားသည်။ ဤအာယာသ်တော်များက မိုးကောင်းကင်များ (၁၅း၁၆၊ ၃၇း၆၊ ၆၇း၅)နှင့် မြေပြင်ပေါ် ရှိ အလှတရားနှင့် ဆင်ယင်မှုများကို အာရုံကျစေရန် တိုက်တွန်းနှိုးဆော်သည်။ မိုးရွာပြီးနောက် ကန္တာရအပင်များ ရှင်သန်ကြီးထွားမှုနှင့် စွန်ပလွံပင်များ (၂၉း၆၀၊ ၂၂း၅၊ ၅၀း၁၀)၊ သီးပင်စားပင်ဥယျာဉ်များ၊ မြင်း၊ မြည်း၊ လားနှင့် ကုလားအုတ်တို့ကဲ့သို့သော မွေးမြူရေးတိရစ္ဆာန်များ (၁၆း၅-၆၊ ၈) ရှင်သန်ကြီးထွားခြင်းတို့ရှိ အလှတရားများဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် ဤသို့အားဖြင့် ဖန်ဆင်းရှင်၏ လှုပတင့်တယ်မှုနှင့် ပြီးပြည်စုံမှုတို့ကို အဖန်ဆင်းခံများကို လွန်၍ ခံစားသိမြင်နိုင်ရန် ကျွန်ုပ်တို့၏ ခံစားချက်များနှင့် အာရုံသိစိတ်များကို လမ်းညွှန်ထားတော်မူပါသည် (၃၂း၇၊ ၂၇း၈၈)။ အကယ်၍ ကဗျာဆရာတစ်ဦးသည် ၄င်း၏ အနုပညာသိမြင်ခံစားနိုင်စွမ်းမှတစ်ဆင့် ထိုအရာအားလုံးတို့၏ အလှတရားကို မြင်နိုင်သည်ဆိုပါက၊ ယုံကြည်သက်ဝင်သူတစ်ဦးသည် ထိုအရှင် ပြုလုပ်ဖန်ဆင်းခဲ့သည့်အရာများ၏ ပြီးပြည့်စုံခြင်းတွင် ဖန်ဆင်းရှင်၏ အလှတရာကို နားလည်သိမြင်လျက်၊ ယုံကြည်သက်ဝင်မှု၏ နာမ်ပိုင်းဆိုင်ရာ ခံစားသိမြင်နိုင်စွမ်းမှတစ်ဆင့် ထိုအရာအားလုံးရှိ အလှတရားကို သိမြင်ပေသည်။[၈၁]

အလွန်တရာ သနားကြင်နာတော်မူသော အရှင်၏ နိမိတ်လက္ခဏာတော်များ

၃.၇။ **အလွန်တရာ သနားကြင်နာတော်မူသော အရှင်၏ နိမိတ်လက္ခဏာတော်များကို တုံ့ပြန်ခြင်း။** ဖန်ဆင်းမှုအတွင်းမှ နိမိတ်လက္ခဏာများကို ဆင်ခြင်ဉာဏ်ရှိပြီး၊ သတိရတမ်းတသော၊ ဆင်ခြင်သုံးသပ်သောသူများထံ အလွှာဟ်အရှင်မြတ်နှင့် သက်ဆိုင်သော အသိပညာများနှင့် ထိုအရှင်မြတ်၏ ရည်ရွယ်ချက်များကို ထုတ်ဖော်ပြသမှုအဖြစ် ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြထားသည်။ ယင်းကောင်းချီးမင်္ဂလာများက ကျွန်ုပ်တို့အား ကျေးဇူးသိတတ်စေရန် ဝတ္တရားပြဋ္ဌာန်းသည်ဟု ဆင်ခြင်မိစေသည်။[၈၂] စဉ်းစားဆင်ခြင်သုံးသပ်ခြင်းနှင့် ကျေးဇူးသိတတ်မှု (*ရှုကုရ်*)တို့ဖြင့် ကျွန်ုပ်တို့သည် အဖန်ဆင်းခံများနှင့် ကူးလူးဆက်ဆံကြရမည်ဖြစ်သည်။ အလွှာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုသကဲ့သို့ပင်၊ ရှုကုရ် ကို နှလုံးသားက ခံစားသိမြင်ပြီး၊ နှုတ်လျှာများဖြင့် ဖွင့်ဟမြွက်ကြားကြပါသည်။ သို့ရာတွင် ကောင်းသော အလုပ်ကို လုပ်ခြင်း (*အလ် အာမဲလ် အက်ဆ် ဆွားလိဟာဟ်၊ အက်ဆ် ဆွားလေဟားသ်*) နှင့် အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများအပေါ် အမြင့်ဆုံးကောင်းမှုပြုခြင်း (*အဲဟ်စာန်*)တို့တွင် အရိုးအဆစ်ခြေလက်များအားဖြင့်လည်း ဖော်ထုတ်ပြသရန် လိုအပ်သည်။ ၄င်းတို့ကို ဖန်ဆင်းထားခြင်း၏ ရည်ရွယ်ချက်နှင့်အညီ ၄င်းတို့ကို အသုံးချခြင်းဖြင့် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတော်များအတွက် ကျေးဇူးသိတတ်မှုကို ပြသကြရသည့်အပြင်၊ ထိုကောင်းချီးမင်္ဂလာများကို အလေးမူဂရုစိုက်ခြင်း၊ ၄င်းတို့ကို ထိန်းသိမ်းခြင်းနှင့် တိုးပွားစေခြင်းဖြင့်လည်း ပြသကြရပေသည်။[၈၃]

၃.၈။ **အလွန်တရာသနားကြင်နာတော်မူသော အရှင်၏ နိမိတ်လက္ခဏာတော်များကို နားလည်သဘောပေါက်ခြင်း။** အလွန်တရာ သနားကြင်နာတော်မူထသော၊ အရာခပ်သိမ်းတို့၏ အရှင်၏ နိမိတ်လက္ခဏာတော်များကို စစ်မှန်စွာ သဘောပေါက် နားလည်ခြင်းမရှိသမျှ ကာလပတ်လုံး၊ ကျွန်ုပ်တို့အပေါ် ရွာသွန်းဖြိုးထားသော ကောင်းချီးမင်္ဂလာတော်များကို အောင်မြင်စွာ အလေးမူဂရုစိုက်ခြင်းပြုနိုင်ရန် မဆိုထားဘိ၊ ကမ္ဘာမြေကို အလေးမူဂရုစိုက်ရန် ပိုမို၍ မဖြစ်နိုင်ဟု ထင်မြင်ရပေသည်။ ထိုသို့သော နားလည်သဘောပေါက်ခြင်းက အသိပညာ၊ ပိုင်းခြားသိမြင်မှုနှင့် ဉာဏ်ပညာတို့ကို

လိုအပ်ပါသည်။ နဗီတမန်တော် မိုဟမ္မဒ် (ဘုရားသခင် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးအဖြာဖြာ ခညောင်းသက်ရောက်ပါစေ)က ပညာရှာဖွေဆည်းပူးခြင်းသည် မွတ်စ်လင်မ်တစ်ဦးချင်းအတွက် တာဝန်တစ်ရပ်ဖြစ်သည်ဟု မိန့်မြွက်ဆိုခဲ့ပါသည်။[၈၄] အကြောင်းမှာ ကျမ်းစာနှင့် ပတ်သက်သော၊ ဖန်ဆင်းခြင်းနှင့် ပတ်သက်သော အသိပညာက ကြောက်ရွံ့ရိုကျိုးခန့်ငြားသော အလေးဂရုပြုခြင်းဆီသို့ ဦးတည်ရောက်ရှိစေ၍ ဖြစ်သည်။

အသင်သည် မမြင်ခဲ့လေသလော၊ ကောန်မလွဲ ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ထိုရေဖြင့် အရောင်အသွေး အမျိုးမျိုး ကွဲပြားခြားနားသော သစ်သီးဝလံများကို ထွက် (ဖူး၊ ပွင့်၊ သီး) စေတော်မူခဲ့၏။ ထို့နည်းတူစွာ တောင်များ၌လည်း တောင်ကြားလမ်းများရှိပေရာ အချို့မှာ အဖြူများဖြစ်၍ အချို့မှာ အနီများဖြစ်ကြသည့်အပြင်၊ ၄င်းတို့၏ အရောင်များမှာ အထူးထူးအပြားပြားဖြစ်ကြ၏။ အချို့မှာလည်း အလွန်မည်းနက်၏။ ထိုမှတပါး၊ လူတို့တွင်လည်းကောင်း၊ သက်ရှိသတ္တဝါတို့တွင်လည်းကောင်း၊ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့တွင်လည်းကောင်း ထို့နည်းအတိုင်းပင် အရောင်အဆင်း အမျိုးမျိုး ရှိကြပေသည်။ အလွှာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၏ ကျွန်တို့အနက် အာလင်မ်ပညာရှင်များသာလျှင် ကြောက်ရွံ့ကြကုန်၏...(၃၅း၂၇-၂၈)။

၃.၉။ သို့သော်ငြားလည်း၊ သိသာထင်ရှားစွာပင်၊ သင်ယူမှုအားလုံးက ကြောက်ရွံ့ရိုကျိုးမှုအခြေခံသည့် အလေးဂရုပြုမှုကို စိတ်တွင်း သွတ်သွင်းသင်ကြားပေးနိုင်သည်မဟုတ်ပေ။ သင်ယူမှုတိုင်းက အမြင့်ဆုံးကောင်းမှုနှင့် အလှတရားတို့ကို ဆည်းပူးလိုစိတ်ကို မြေတောင်မမြောက်ပေးနိုင်ပါ။ ကျွန်ုပ်တို့၏ လက်ရှိ ပညာရေး အင်စတီကျူးရှင်းများနှင့် သင်ရိုးညွှန်းတမ်းများသည် အများအားဖြင့် ကမ္ဘာမြေပြင်ပေါ်ဝယ် *ခါလီဖာ* များအဖြစ် ကမ္ဘာမြေကို အလေးဂရုပြုခြင်းတွင် ပျက်ကွက်စေရန် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးခဲ့သည့် အရာများ ဖြစ်ခဲ့ကြပေသည်။ ၄င်းတို့က ကျွန်ုပ်တို့အား လူသားမျိုးနွယ်နှင့် ကမ္ဘာပေါ် ရှိ သက်ရှိ အားလုံး ယနေ့ တွေ့ကြုံခံစားနေကြရသည့် ဂေဟစနစ်ဆိုင်ရာ အကျပ်အတည်းကို အစပျိုးစေရန်နှင့် သက်ဆိုးရှည်စေရန်အတွက် စွမ်းရည်များ ပေးအပ်ခဲ့သည်။[၈၅] ထိုပညာရေးစနစ်များကို ပြုပြင်ပြောင်းလဲမှုဖြစ်စေရန် မရေတွက်နိုင်သော သင်ကြားရေးဆရာများ၏ ရဲရင့်ပြောင်မြောက်သော အားထုတ်မှုများ ရှိနေလင့်ကစား၊ ၄င်းတို့သည်ပင် အလွန်ရှုပ်ထွေးနက်နဲမှုများအကြားရှိ ကမ္ဘာမြေကြီးနှင့် ၄င်းပေါ် ရှိ သက်ရှိစနစ်များကို လုံခြုံဘေးကင်းစွာ စီမံခန့်ခွဲနိုင်ဦးပါမည်လားဟု မဆန်းစစ်ပါဘဲ၊ ကမ္ဘာမြေကြီးနှင့် ၄င်း၏ စနစ်များအားလုံးကို စီမံခန့်ခွဲမည့် အလျင်စလိုနိုင်ပြီး အမြော်အမြင်နည်းသော၊ အန္တရာယ်ကြီးသော ခေတ်သစ်လူသား အိပ်မက်တွင် ပါဝင်စီးမျောနေဆဲဖြစ်သည်။[၈၆] ထိုအစား ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ စီမံခန့်ခွဲရန် စတင်ကြပါစို့၊ ကျွန်ုပ်တို့၏ အလိုဆန္ဒများ၊ စီးပွားရေးအဆောက်အဦများ၊ နိုင်ငံရေးနှင့် လူမှုအသိုက်အဝန်းများကို စတင်စီမံခန့်ခွဲကြပါစို့။ ကျွန်ုပ်တို့၏ အတောမသတ်နိုင်သော အလိုဆန္ဒများနှင့် အံဝင်စေရန် ကမ္ဘာဂြိုဟ်အား ပုံစံပြောင်းလဲရန် ကြိုးပမ်းမည့်အစား၊ အကန့်အသတ်နှင့်သာ ရှိနေသည့် ကမ္ဘာဂြိုဟ်နှင့် အံဝင်စေရန် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ပုံစံပြောင်းနိုင်ပါသည်။[၈၇] အလွန်နက်ရှိုင်းလေးနက်စွာ ဒဏ်ရာရစေပြီးဖြစ်သည့် သက်ရှိအသိုက်အဝန်း အုပ်စုများကို ပြန်လည်ကုစားမှု စတင်ပြုလုပ်ရန်၊ ကမ္ဘာမြေပေါ်ဝယ် ဂရုစိုက်တတ်ပြီး စွမ်းရည်ပြည့်ဝသော *ခါလီဖာများ* ဖြစ်လာစေရန်အတွက်၊ တစ်ဘက်တွင် ဖန်ဆင်းရှင်နှင့် ကျွန်ုပ်တို့အကြားရှိ ဆက်ဆံရေးအပေါ် နက်ရှိုင်းသော နာမ်ပိုင်းဆိုင်ရာ သတိမူနိုးကြားမှု လိုအပ်ပြီး၊ အခြားတစ်ဘက်တွင်လည်း၊ ဖန်ဆင်းခြင်းနှင့် ယင်းဖန်ဆင်းမှုအတွင်းရှိ ကျွန်ုပ်တို့၏ နေရာမှန်နှင့် သက်ဆိုင်သည့် ကျယ်ပြန့်သော အသိဉာဏ်ပညာနှင့် နားလည်သဘောပေါက်မှုတို့ လိုအပ်ပေသည်။ ပထမလိုအပ်ချက်အတွက်၊ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုနှင့် သက်ဆိုင်သည့် နာမ်ပိုင်းဆိုင်ရာ အလေ့အကျင့်များကို မြေတောင်မြောက်ဖြစ်ထွန်းစေခြင်းဖြင့် စတင်ပြီး၊ ဒုတိယလိုအပ်ချက်အတွက်၊ ဖန်ဆင်းမှုနှင့် ကျွန်ုပ်တို့၏ ပတ်သက်ဆက်နွယ်မှုများကို ရှင်သန်ဖြစ်ထွန်းစေခြင်းဖြင့် အစပြုပါသည်။

၃.၁၀။ **ဖန်ဆင်းခြင်းအား အတွေ့အကြုံအခြေခံဖြင့် နားလည်သိမြင်ခြင်း။** များမကြာမီကဖြစ်သော ဆယ်စုနှစ်များအကျော်က ကမ္ဘာမြေပြင်ပေါ် ရှိ လူသားထုအနေဖြင့် အလုံးစုံသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ယင်းနှင့် ဆက်စပ်နေသော ပြဿနာများကို သတိမူမိရန်နှင့် စိုးရိမ်သောကထားရန်လည်းကောင်း၊ "လက်ရှိပြဿနာများကို ဖြေရှင်းခြင်းနှင့် အသစ်သစ်သော ပြဿနာများကို တားဆီးကာကွယ်ခြင်းတို့အတွက် လူတစ်ဦးချင်းနှင့် အစုအဖွဲ့လိုက် လုပ်ဆောင်ကြရန် အသိပညာ၊ စိတ်နေသဘောထား၊ ကျွမ်းကျင်မှုစွမ်းရည်၊ လုပ်ဆောင်လိုစိတ်တွန်းအားနှင့် စိတ်ပိုင်းဖြတ်မှုတို့ရှိရန်" လိုအပ်ချက်ရှိမှုအပေါ် ကမ္ဘာအနှံ့ သဘောတူညီမှု ရှိခဲ့ဖူးပါသည်။[၈၈] ပြင်းထန်ကြမ်းကြုတ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် လူသားများ ထိပ်တိုက်မတွေ့ခင်၊ သဘာဝလောကကြီး၏ စိတ်ချမ်းမြေ့ဖွယ်နှင့် အလှတရားတို့ကို ကိုယ်တွေ့ကြုံဆုံနိုင်ရန်အလို့ငှါ သဘာဝထဲ လူသားများ နှစ်မြုပ်လွှမ်းခြုံမိသွားစေရန် အခွင့်အလမ်းများ ရှိရမည်ဖြစ်သည်။[၈၉] သို့သော်လည်း၊ ယခုအခါ လူသားဦးရေ၏ ထက်ဝက်ကျော်က မြို့ပြအချက်အချာနေရာများတွင် နေထိုင်နေကြသည်ဟူသော အချက် အပြင်၊ လူသားဦးရေတိုးလာသည်နှင့် စားသုံးသူကုန်စည်များအပေါ် ကျွန်ုပ်တို့၏ အာသီသများ ကျယ်ပြန့်လာသည်နှင့်အမျှ အတိုင်းအတာမဲ့ တောရိုင်းမြေတို့ ကျုံ့လာပြီး၊ အလျှင်အမြန်ပင် ပျောက်ကွယ်သွားနေသည်ဟူသော ညစ်ညူးဖွယ် စိတ်ရှုပ်ထွေးရမှုတို့က ထိုအခြေအနေကို ရှုပ်ထွေးစေခဲ့သည်။[၉၀] အစ္စလာမ့်ယဉ်ကျေးမှုတွင်၊ နာမ်ပိုင်းဆိုင်ရာ အမှန်တရားကို ကိုယ်စားပြုသည့် တောကြီးမျက်မည်း (စိတ်ရှုပ်ထွေးပွေလီမှု)နှင့်ဆိုင်သည့် ခိုင်မာသော အစဉ်အလာတစ်ရပ်ရှိပါသည်။ နဗီတမန်တော်များ (တမန်တော်မူဆာ (မောရှေ)၊ တမန်တော် အီလီယာ့စ် (အိလိယာ)၊ တမန်တော် ယာဟ်ယာ (ဂျွန်)၊ တမန်တော် အီဆာ (ယေရှုခရစ်တော်)နှင့် တမန်တော် မိုဟမ္မဒ်နှင့် အခြားသော တမန်တော်များ (၄င်းတို့အပေါ် အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ))သည် အရာခပ်သိမ်းတို့၏ အရှင်သခင်၏ မျက်နှာတော်ကို ကြုံဆုံဖူးတွေ့နိုင်ရန်အလို့ငှါ တောကြီးမျက်မည်း (စိတ်ရှုပ်ထွေးသောက အခြေအနေများ)သို့ တိုးဝင်ကြရပြီး၊ ဉာဏ်ပညာနှင့် ဘုရားသခင် ဗျာဒိတ်တော်၏ အမှန်တရားများနှင့် ပြန်လည်ကြွမြန်းလာခဲ့ကြပါသည်။[၉၁] တောရိုင်းမြေတွင် ကိန်းဝပ်နေသော နာမ်ပိုင်းဆိုင်ရာ အမှန်တရားသည် ကဗျာ၊ စာပေ၊ ပန်းချီနှင့် အစ္စလာမ့်ယဉ်ကျေးမှုအတွင်းက အခြားသော အနုပညာများတွင် ပဲ့တင်ထပ်နေပေသည်။[၉၂]

၃.၁၁။ အခြားသော လူ့အဖွဲ့အစည်းများမှာကဲ့သို့ပင်၊ ခေတ်ပြိုင် အစ္စလာမ့် လူ့အဖွဲ့အစည်းများအတွင်းတွင်၊ တောရိုင်းမြေ အတွေ့အကြုံနှင့် တန်ဖိုးများက တရိရိ လျော့နည်းလာပြီဖြစ်သည်။ အစ္စလာမ်နိုင်ငံအများအပြားရှိ ကျေးလက်လူမှုအသိုက်အဝန်းများနှင့် အခြေတကျမရှိ လှည့်လည်သွားလာကြသော အုပ်စုများက ၄င်းတို့နေထိုင်ရာ ကန္တာရများ၊ မြက်ရိုင်းတောများ၊ တောင်တန်းများ၊ သစ်တောများ၊ စိမ့်မြေများနှင့် ပင်လယ်ကမ်းရိုးတန်းများ၏ စည်းဝါးနရီနှင့် သဟဇာတဖြစ်နေကြဆဲဖြစ်သော်လည်း၊ ထိုနယ်မြေများနှင့် ၄င်းတို့၏ နှောင်ကြိုးမှာမူ အားပျော့လျော့ရဲ လာနေပြီဖြစ်သည်။[၉၃] အစ္စလာမ်သာသနာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ရှိသည့် သဘာဝတရား၏ ဘာသာရေးဗေဒကို မွတ်စ်လင်မ်များက လုံးလုံးလျားလျား မေ့သွားခဲ့ခြင်း မရှိသေးသကဲ့သို့ စကြာဝဠာနှင့် ကမ္ဘာမြေတို့အပေါ် ထွဋ်မြတ်စွာ ရှုမြင်မှုသည်လည်း လုံးဝဥဿုံ ပျောက်ဆုံးသွားခြင်း မရှိသေးပါ။[၉၄] သို့ငြားလည်း၊ ဤသင်ကြားချက်များ၏ အနက်အဓိပ္ပါယ်ကို ပိုမိုပြည့်စုံစွာ နားလည်သိမြင်နိုင်ရန်အတွက် အရိုင်းသဘာဝအတွင်း စစ်မှန်သည့် တွေ့ကြုံခံစားမှုများ လိုအပ်ပါသည်။ ပင်ကိုယ်သဘာဝအတိုင်း မပြုမပြင် အရိုင်းဆန်နေဆဲ နေရာများနှင့် တောရိုင်း သတ္တဝါများနှင့် စစ်မှန်သော ဆက်နွယ်မှုများ ဖြစ်ထွန်းစေရန် လိုအပ်သည့်အပြင်၊ သဘာဝလောကအတွင်းတွင် ဝမ်းမြောက်ပျော်ရွှင်မှု အတွေ့အကြုံတစ်ခုကို တစ်ဦးချင်း၊ ပုဂ္ဂလဓိဌာန်ကျကျ ရှာဖွေတွေ့ရှိရန် လိုအပ်ပါသည်။ ဂေဟစနစ်ဆိုင်ရာ ပညာရေးကို စာသင်ခန်းများတွင် အကောင်းဆုံး သင်ယူနိုင်သည်မဟုတ်မူဘဲ၊ သဘာဝ၏ စည်းချက်ကာရံများ လွှမ်းမိုးပြီး၊ သက်ရှိ

အုပ်စုများကို လူသားများက ချုပ်ကိုင်လွှမ်းမိုးထားခြင်းမရှိသည့် တောင်ရိုင်းမြေများတွင်သာ အကောင်းဆုံး သင်ယူနိုင်သည်။ အလွှာဟ်အရှင်မြတ် အလိုတူပါက၊ ကမ္ဘာမြေကြီးနှင့် သက်ရှိဘဝတို့ အခြေချနေထိုင်ရာ နေရာများ ပုံသွင်းပေးသည့် ဖြစ်စဉ်များကို အတွေ့အကြုံအရ နားလည်သိမြင်မှုတို့ ရှိခြင်းအားဖြင့်၊ ဤသင်ယူမှုကပင် ကျွန်ုပ်တို့ကို ကမ္ဘာမြေကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်လာစေရန် ကူညီပံ့ပိုးပေးပေသည်။

၃.၁၂။ အစွန်လာမ်နိုင်ငံများနှင့် ကမ္ဘာတစ်ဝှန်းရှိ သင်ကြားရေးဆရာများကို သဘာဝအတိုင်း မပြုမပြင်ရှိသည့် တောရိုင်းနယ်များအတွင်း သဘာဝ၏ ဖန်တီးမှုများကို သင်ယူမှုအပေါ် နှစ်ခြိုက်ရွှင်လန်းမှုကို အတွင်းကျကျ ပင်ကိုယ်သဘာဝအတိုင်း ခံစားတတ်စေရန်နှင့် ထို့နောက်တွင် အရိုင်းသဘာဝကို နားလည်စေရန်၊ လေးစားစေရန်နှင့် အလေးဂရုပြုစေရန် တက်ရောက်ပါဝင်သူများကို တွန်းအားပေးသည့် နည်းလမ်းဖြင့် အရိုင်းသဘာဝနှင့် အတွင်းကျကျ ထိတွေ့မှုဖြစ်စေရန် စီမံစီစဉ်ပေးရန် ကျွန်ုပ်တို့က တိုက်တွန်းအပ်ပါသည်။ သိပ္ပံဆိုင်ရာ အသိပညာကို အနုပညာ၊ စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံနှင့် ထို့ထက်လွန်၍ ကျင့်ဝတ်ဗေဒနှင့် နာမ်ပိုင်းဆိုင်ရာ သုံးသပ်ဆင်ခြင်မှုတို့ဖြင့် ရောယှက်စေလျက်၊ အနာဂတ်ခေါင်းဆောင်များကို မွမ်းမံပြင်ဆင်ပေးရန်နှင့် ကမ္ဘာမြေအပေါ် ရှိသည့် တာဝန်ဝတ္တရားဆိုင်ရာ ပိုမိုကျယ်ပြောသည့် ကျင့်ဝတ်ဗေဒတို့ကို ထိုခေါင်းဆောင်တို့ လက်တွေ့ကျင့်သုံးရန်နှင့် ထပ်ဆင့် ဆက်သွယ်မှုပြုရန်အလို့ငှ် ငှင်းတို့ စိတ်အာရုံဝယ် ထင်လင်းမြင်ယောင်နိုင်သည့် တောရိုင်းမြေတွင် အကြွယ်ဝဆုံးနှင့် အမြော်အမြင် အကြီးဆုံး နှစ်မြှုပ်ပျော်ဝင်သွားမှုဖြစ်စေရေးအတွက် အထောက်အကူပေးရန် တိုက်တွန်းအပ်ပါသည်။

နာမ်ဝိဉ္ဉာဉ်ပိုင်းဆိုင်ရာ အကျင့်အကြံများ

၃.၁၂။ အစွန်လာမ်သာသနာ့ဥပဒေနှင့် ညီညွတ်သော အမူအကျင့်များက နာမ်ပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ဗေဒဆိုင်ရာ တန်ဖိုးများအတွက် အထူးသဖြင့် *သက္ကဝါ* ခေါ် ကြောက်ရွံ့ခန့်ငြားမှု၊ အလေးမူခြင်းနှင့် ဂရုတစိုက်ပြုခြင်းတို့ဆိုင်ရာ စိတ်နေသဘောထားတို့အတွက် လေးနက်သော လမ်းညွှန်ချက်များ ပြဋ္ဌာန်းပေးထားပါသည်။

အို-လူသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့ကိုလည်းကောင်း၊ အသင်တို့ အရင်က ရှိခဲ့ကြကုန်သော သူတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အရှင်မြတ်ကို ကိုးကွယ်ကြကုန်လော့။ သို့မှသာလျှင် အသင်တို့သည် (ထိုအရှင်မြတ်ကို) ကြောက်ရွံ့ခန့်ငြားမှုကို အခြေခံသည့် ဂရုစမ္မပြုမှုကို သင်ယူနိုင်ပေမည်။ (၂း၂၁)

အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းလုပ်ရပ်ကို နေရာအနှံ့ ရှုမြင်နေရခြင်းနှင့် သဘာဝတရား၏ လောကနှင့် လူ့ယဉ်ကျေးမှုများရှိ လောကနှစ်ခုစလုံးကို လွှမ်းခြုံ၊ ပုံနှံ့တည်ရှိသည့် ဘုရားသခင်၏ အနီးအပါးတည်ရှိနေမှုကို အပြည့်အဝ သတိမူမိခြင်းတို့က လူတို့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ မျက်နှာစာကို ခိုင်မာအားကောင်းစေပြီး၊ ယင်းနှင့် အညီ ပြုမူနေထိုင်ရန် ငှင်းတို့ကို စေ့ဆော်တိုက်တွန်းပေသည်။ အမှားအမှန်ခွဲခြားသိစိုဖြင့် သိစိတ်ရှိရှိ ကျင့်သုံးဆောက်တည်ပါက၊ ယင်းအကျင့်အကြံများက ကျွန်ုပ်တို့ဘဝများ ရှင်သန်နေထိုင်ပုံ နေထိုင်နည်းကို ပြောင်းလဲနိုင်ပါသည်။

၃.၁၄။ ***ရှဟာဒါဟ် - သက်သေခံခြင်း။*** ကျွန်ုပ်တို့ အစွန်လာမ်သာသနာ၏ သက်ဝင်ယုံကြည်မှုကို နှလုံးပိုက်လက်ခံသောအခါ၊ ဆွလသ်ဝတ်ပြုရန် ဖိတ်ခေါ်သံပြုသည့်အခါ၊ ကျွန်ုပ်တို့ ဆွလသ် တည်ဆောက်သောအခါနှင့် ကျွန်ုပ်တို့ ဘဝတစ်လျောက် အခြား မရေမတွက်နိုင်သော အချိန်များတွင်၊ ကျွန်ုပ်တို့ ကြောက်ရွံ့ရိုကျိုးခန့်ငြားရမည့်၊ အရာခပ်သိမ်းတို့အပေါ် အဆုံးစွန်သော ကောင်းမှုပြုခြင်းအားဖြင့် ခဝပ်ကိုးကွယ်ဝတ်ဖြည့်ရမည့် အရာအားလုံးတို့၏ အရှင် အလွှာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိကြောင်းကို သက်သေခံကြရသည့်အပြင်၊ တမန်တော်မိုဟမ္မဒ် (ဝေနေယျခပ်သိမ်းတို့အတွက်

ထိုတမန်တော်ကို ကရုဏာတော်အဖြစ် စေလွှတ်လိုက်သော အလ္လာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ) ၏ နဗီတမန်တော်ဖြစ်ခြင်းနှင့် သတင်းစကားတို့ကိုလည်း ကျွန်ုပ်တို့ သက်သေခံကြရပါသည်။

၃.၁၄။ ***ဆွလာဟ် - ဝတ်ပြုတည်ဆောက်ခြင်း***။ မပြုမနေရ ပြဋ္ဌာန်းထားသော နေ့စဉ်ငါးကြိမ်ပြုရသည့် ဆွလားသ် ဝတ်ပြုတည်ဆောက်မှုများအတွင်း၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ သက်ဝင်ယုံကြည်မှု၏ တန်ဖိုးများနှင့် ကျင့်ဝတ်ဆောင်တာများအတွင်း လေးနက်တည်ကြည်သော နှစ်မြုပ်ပျော်ဝင်မှုကို တွေ့ကြုံရသည်။ ကျွန်ုပ်တို့ ဆွလားသ် ဝတ်ပြုနေစဉ်နှင့် အလ္လာဟ်အရှင်မြတ်အား သန့်ရှင်းစင်ကြယ်ကြောင်း ဂုဏ်တော်မွမ်းစဉ်အတွင်း မိုးကောင်းကင်များနှင့် ကမ္ဘာမြေပေါ် ရှိ အရာအားလုံးတို့နှင့် ရောနှောချိတ်ဆက်သွားလေသည်။ အကြောင်းမှာ၊ အရာတစ်ခုချင်းစီသည် ၎င်း၏ ဝတ်ပြုမှုနှင့် ဂုဏ်တော်ချီးမွမ်းခြင်းကို သိရှိပြီး၊ အလ္လာဟ်အရှင်မြတ်ကလည်း ၎င်းတို့ ပြုလုပ်သည့်အရာများကို သိမြင်တော်မူသည် (၁၇း၄၄၊ ၂၂း၁၈၊ ၂၄း၄)။ ဆွလားသ်ဝတ်ပြုချိန်ကို နေ၏ တည်နေရာ အနေအထားအားဖြင့် သို့မဟုတ် ညအချိန်အပေါ် ၎င်း၏ သက်ရောက်မှုအားဖြင့် သိရှိကြသည်။ ဝတ်ပြုရန်အတွက် သန့်ရှင်းသော ရေဖြင့် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဆေးကြောပြင်ဆင်ကြရပြီး၊ အကယ်၍ ရေမရရှိပါက၊ သန့်ရှင်းသော မြေမှုန်တို့ဖြင့် ပြုလုပ်ရပါသည်။ ဝတ်ပြုသည့်နေရာတွင် ကျွန်ုပ်တို့ မတ်တပ်ရပ်ကြပြီး၊ အကယ်၍ ယင်းနေရာသည် အဆောက်အဦတစ်ခု၏ အပြင်ဘက်တွင်ဖြစ်ပါက သာပိုကောင်းလေသည်။ အကြောင်းမှာ၊ နဗီတမန်တော် မိုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)က *ကမ္ဘာမြေကို ကျွန်ုပ်အဖို့ စင်ကြယ်သန့်ရှင်းသော၊ စင်ကြယ်သန့်ရှင်းစေသော ဝတ်ပြုရာနေရာအဖြစ် ပြုလုပ်ပေးထားတော်မူ၏၊ သို့ရှိရာ ကျွန်ုပ်၏ အွမ္မာသ် အစုအဖွဲ့အတွင်းမှ လူတစ်ဦးတစ်ယောက်သည် မည်သည့်နေရာတွင် ရှိနေစေကာမူ၊ ဆွလားသ်ဝတ်ပြုရန် အချိန်ကျရောက်လာပါက၊ ၎င်းကို ဝတ်ပြုမှုပြုစေပါလေ* ဟု မိန့်ကြားတော်မူခဲ့၍ ဖြစ်သည်။[၉၁]

ဖန်ဆင်းခံအားလုံးတို့၏ အရှင်ကို ခဝပ်ကိုးကွယ်ခြင်းအတွက် ဆောက်လုပ်ခဲ့သော မူလအိမ်တော်ဖြစ်သော မက္ကာဟ်မြို့ရှိ ကအ်ဘာကျောင်းတော်ရှိရာဘက်သို့ မျက်နှာမူ၍ ရပ်ကြရပြီး၊ "***အကျွန်ုပ်သည် မိုးများနှင့် ကမ္ဘာမြေတို့ကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဘက်သို့သာလျှင် အကျွန်ုပ်၏ မျက်နှာကို လှည့်ပါပြီ...***"(၆း၇၉) ဟူသော ဟစ်ခေါ်တသမူကို ရွတ်ဖတ်စီးဖြန်းကြရသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ အဖွင့်ကဏ္ဍဖြစ်သော စူရာဟ် အလ်-ဖာသိဟဟ်နှင့် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းကို အစပြု ဖွင့်လှစ်ရပြီး၊ ယင်းက ဖန်ဆင်းရှင်နှင့် အဖန်ဆင်းခံအကြားရှိ ဆက်နွယ်မှုကို တစ်နေ့လျှင် ငါးကြိမ် အသစ်တစ်ဖန်လန်းဆန်းစေပြီး၊ ရှင်းလင်းကြည်လင်လာစေရန် ထောက်ကူပေးသည်။ အားလုံးအပေါ် အလွန်တရား သနားကြင်နာတော်မူသော၊ တစ်ဦးချင်းစီအပေါ် အလွန်သနားကရုဏာထားတော်မူသော၊ လုပ်ရပ်အားလုံးတို့ကို၊ အထီးတည်းစီရင်တော်မူသည်ဖြစ်သော ခပ်သိမ်းသော ဝေနေယျတို့၏ အရှင်သခင်ကို ချီးမွမ်းထောပနာပြုခြင်း၊ ကျေးဇူးတော်သိတတ် ချီးမွမ်းခြင်းတို့ဖြင့် ဝတ်ပြုမှုကို စတင်ပါသည်။ အရာခပ်သိမ်းတို့၏ အရှင်အပေါ် ကျွန်ုပ်တို့၏ သဒ္ဓါရိုးကျိုးစိတ်ပိုင်းဖြတ်မြုပ်နှံမှုကို ကြေညာကြပြီး၊ အရှင့်အထံတော်မှ အကူအညီအတွက် တိုးလျှိုးတောင်းပန်ကြပါသည်။ ကျွန်ုပ်တို့ ဆုပန်တောင်းဆိုကြသည့် အကူအညီဟူသည်မှာ အရာခပ်သိမ်းတို့၏ အရှင်၏ ကောင်းချီးမင်္ဂလာတော် ခစ္ဥောင်းကုန်သော (ဝေနေယျအပေါင်းတို့အပေါ် အရှင့်ကို ကြောက်ရွံ့ခန့်ငြားစိတ်ဦးစီးသော အလေးထားမှုနှင့် ကရုဏာစိတ်တို့ဖြင့် ၎င်းတို့အားလုံးအပေါ် အမြင့်ဆုံးကောင်းမှုကို ပြုကြကုန်သော) ပုဂ္ဂိုလ်မွန်တို့၏ လမ်းစဉ်သို့ လမ်းညွှန်မှုပင်ဖြစ်သည်။ ပျက်စီးရာပျက်စီးကြောင်းတရား၊ ဖျက်လိုဖျက်ဆီးပြုမှု၊ ရက်စက်ကြမ်းကြုတ်မှု သို့မဟုတ် မတရားမှုတို့ကြောင့် အရာခပ်သိမ်းတို့၏ အရှင်၏ အမျက်တော်ရှခြင်း ခံရသူအပေါင်းတို့၏ လမ်းစဉ် သို့မဟုတ် လမ်းမှားခြင်း

သို့မဟုတ် အဆင်ခြင်ကင်းမဲ့ခြင်းတို့အားဖြင့် ၄င်းတို့၏ ဘဝများကို အချည်းနှီးဖြစ်စေခဲ့သူများ၏ လမ်းစဉ်သို့ လမ်းညွှန်ပို့ဆောင်ခြင်း မဟုတ်ပါပေ။[၉၆]

၃.၁၆။ ***ဧကားသ် - အလ္လဒါန။*** အလိုအပ်ဆုံးသော သူများ ကင်းလွတ်ခွင့်ရစေရန်အလို့ငှါ တိကျသော အနိမ့်ဆုံးသတ်မှတ်ချက် ပမာဏအထက်ကျော်ပါက၊ စုဆောင်းသိမ်းဆည်းထားသော ကျန်ရှိသည့် အရာများကို စင်ကြယ်စေရန်အတွက် မိမိတို့ ငွေကြေးစုဆောင်းမှုများ၏ လေးဆယ်ပုံတစ်ပုံနှင့် ၄င်းတို့၏ ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်များ၏ အမျိုးမျိုးသော အချိုးအစားအတိုင်း တစ်နှစ်လျှင်တစ်ကြိမ် ဆင်းရဲသားများနှင့် လိုအပ်သူများထံ ပေးကမ်းလှူဒါန်းရန် မွတ်စ်လင်မ်တို့ကို ပြဋ္ဌာန်းထားသည်။ ပိုလျှံနေသော ဓနဥစ္စာတို့ကို လိုအပ်နေသူများအား မျှဝေပေးကမ်းလိုက်ခြင်းဖြင့် ဓနဥစ္စာစည်းစိမ်တို့ကို စင်ကြယ်စေလေသည်။ မပြုမနေရဖြစ်သော အလှူဒါန-အခွန်အတုပ်(စနစ်)မှတဆင့် လူချမ်းသာတို့၏ ဓနဥစ္စာတို့အတွင်း ဆင်းရဲသားတို့အတွက် ဝေစုဝေပုံအခွင့်အရေးကို အာမခံပေးခြင်းက သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်အလေးထားမှုကို ပိတ်ဆို့နှောင့်ယှက်နေသော အဓိကအချက်များအနက် သုံးခုဖြစ်သော ဆင်းရဲမွဲတေမှု၊ နာမကျန်းဖြစ်မှုနှင့် အသိခေါင်းပါးခြင်းတို့ကို တိုက်ဖျက်ရန် အထောက်အကူဖြစ်စေလေသည်။[၉၇]

၃.၁၇။ ***စ်ဖယာမ် - ဥပုသ်သီလစောင့်ထိန်းခြင်း။*** နှစ်စဉ်နှစ်တိုင်း တစ်လအပြည့်၊ မွတ်စလင်မ်တို့သည် အာရုံတက်ချိန်၏ ပထမဆုံးသော အလင်းရောင်ပေါ်သည့်အချိန်မှ နေဝင်ချိန်အထိ နေ့စဉ် ဥပုသ်သီလစောင့်ထိန်းကြရသည်။ ဥပုသ်သီတင်းဆောက်တည်မှု အစပြုခြင်းနှင့် အဆုံးသတ်ခြင်းကို လခြမ်းကို တွေ့မြင်ရခြင်းဖြင့် ပြုကြသည်။ မက္ကာဟ်မြို့အနီး တောင်ပူစာ ဟီရာရှိ ဂူတစ်ခုအတွင်း တမန်တော်မိုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)ထံ ကျမ်းတော်မြတ်ကုရ်အာန်ကို ပထမဆုံး ထုတ်ပြန်ပို့ချခဲ့သည့် လမြတ် ရမ္မသွာန်ကို ချီးမြှောက်ဂုဏ်ပြုရန် စားခြင်း၊ သောက်ခြင်းနှင့် အိမ်ထောင်ရေး ကိုယ်လက်နှီးနှောခြင်းတို့မှ ကျွန်ုပ်တို့ ရှောင်ကြဉ်ကြသည်။ ဤလမြတ်တွင် ဥပုသ်သီလဆောက်တည်ခြင်းဖြင့် ကျွန်ုပ်တို့၏ အရှင်သခင်အပေါ် ကျွန်ုပ်တို့ မှီခိုနေရမှုကို သတိမူမိစေသည်၊ အစား၊ အသောက်နှင့် ရုပ်ပိုင်းဆိုင်ရာ ချစ်မြတ်နိုးခြင်း၏ ကိုယ်လက်ကျွမ်းဝင်မှုတို့၏ ကောင်းချီးမင်္ဂလာတို့အတွက် ကျေးဇူးတင်စိတ်ဖြစ်စေသည့်အပြင်၊ ထိုကောင်းချီးအဖြာဖြာကို နှစ်ထောင်းအားရ အသိအမှတ်ပြုခြင်းကို ဖြစ်စေပါသည်။ တစ်လတာ ဆာလောင်မှုနှင့် ရေငတ်ခြင်းတို့၏ ထိုးနှက်မှုကို ကြုံတွေ့ခံစားရခြင်းဖြင့်၊ လူသားဖြစ်စေ၊ အခြားသော သက်ရှိပုံစံတို့ဖြစ်စေ ဆာလောင်မှုနှင့် ရေငတ်မှုတို့ကို ခံစားကြရသူများအတွက် ကိုယ်ချင်းစာနာစိတ် ကရုဏာတရားကို သင်ယူမိစေပါသည်။ ထို့ပြင်၊ မယိမ်းမယိုင် ဇွဲနပဲကြီးမှု၊ စိတ်စွမ်းအားနှင့် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်မှုတို့ကိုလည်း သင်ယူရရှိစေသည်။ ဂုဏ်ပေးချီးမြှောက်စိတ်ဖြင့် ကျွန်ုပ်တို့ ဥပုသ်သီလဆောက်တည်ကြပြီး၊ စားပွဲသောက်ပွဲများနှင့် အစားအစာကို အလှူဒါနပေးကမ်းခြင်းတို့ဖြင့် ကျွန်ုပ်တို့၏ ဥပုသ်သီလကို ပိတ်သိမ်းကြပါသည်။[၉၈]

၃.၁၈။ ***ဟာဇ္ဇ် - မြင့်မြတ်မြေသို့ ဝတ်ပြုဖူးမျှော်မှုခရီးစဉ်။*** ဒေသရင်း သားကောင်များ သို့မဟုတ် အပင်များကို သတ်ဖြတ်ခြင်း၊ ထိခိုက်စေခြင်း၊ နှောင့်ယှက်ခြင်းခြင်း မပြုအပ်သော၊ ကြည်ညိုဖွယ်မြော်မှုကာလအတွင်း ထိုအရာများအားလုံးနှင့် သဟဇာတဖြစ်စွာ နေထိုင်ရန်နှင့် ၄င်းတို့အပေါ် မည်သည့် အန္တရာယ်မျှ မကျရောက်စေရန် ကြိုးပမ်းကြရသည့် မြေနေရာ၊ ကမ္ဘာဦး မြင့်မြတ်ကျောင်းဆောင်တော် သို့မဟုတ် ကမ္ဘာပေါ်ရှိ ကာကွယ်ခြင်းခံ နယ်မြေဖြစ်သော ဟရမ် ဝတ်ကျောင်းတော်ရှိရာ မက္ကာဟ်မြို့သို့ ကြည်ညိုဖွယ်မြော်ခြင်းအတွက် ခရီးသွားခြင်းကို ကျွန်ုပ်တို့ တတ်စွမ်းနိုင်ပါက၊ တစ်သက်လျှင် တစ်ခါ ပြုလုပ်ကြသည်။ ထိုနေရာတွင် တမန်တော် အီဗရာဟင်မ်၊ အစ္စမာအီးလ်နှင့်

တမန်တော်မိုဟမ္မဒ် တို့ လျှောက်လှမ်းခဲ့ကြသော အတူတူဖြစ်သည့် တောင်ကုန်းများနှင့် တောင်ကြားများတွင် ကျွန်ုပ်တို့ လျှောက်လှမ်းကြပါသည်။ ထိုနဗီတမန်တော်များ၊ ၄င်းတို့၏ ကြင်ယာတော်များနှင့် သာဝကများ၊ ၄င်းတို့၏ နောက် ရောက်ရှိလာကြမည့် ယုံကြည်မှုသစ္စာခိုင်ကြည်သော မျိုးဆက်များအားလုံးတို့အပေါ်သို့ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေသား။ အတူတူပင်ဖြစ်သော ကျောက်စိုင်ကျောက်ခဲများကို ကျွန်ုပ်တို့ မြင်တွေ့ကြပါသည်၊ အတူတူပင်ဖြစ်သော လေကို ကျွန်ုပ်တို့ ရှူရှိုက်ကြပါ၏၊ တူညီသော သဲပြင်များတွင် လျှောက်လှမ်းပါ၏၊ အတူတူပင်ဖြစ်သော ဧမ်ဧမ်ရေကို သောက်သုံးကြပါ၏၊ ထို့နောက် ၄င်းတို့ ရှုမြင်ခဲ့သည့် အပင်များနှင့် တိရစ္ဆာန်မျိုးစိတ်အတူတူတို့ကို မြင်ကြပါသည်။ လူသေကိုလွှမ်းခြုံသောပိတ်စကဲ့သို့ ရိုးရှင်းသော အဝတ်အထည်များကို ဆင်တူ ဝတ်ရုံခဲ့ကြလျက်၊ အာရာဖာဟ် ကွင်းပြင်ထဲတွင် ဝတ်ပြုဆုတောင်းမှုတွင် ကျွန်ုပ်တို့ ရပ်ကြသည်၊ မွဇ်ဒလိဖာဟ်အရပ်တွင် ကြယ်များအောက် တစ်ညတာကို ကုန်ဆုံးစေပြီးနောက်၊ မီနာတောင်ကြားတွင် သုံးရက်တိုင် စခန်းချနေထိုင်ကြပါသည်။ မကောင်းမှုမိစ္ဆာ၏ သင်္ကေတဝတ္ထုများကို ကျောက်တုံးများဖြင့် ပစ်ပေါက်ကြပြီး၊ အလွှာဟ်အရှင်မြတ်အား ရည်စူးသော မြင့်မြတ်သည့် ဓလေ့တော်အားဖြင့် သက်ရှိတို့အားကျွေးမွေးရန် အသတ်ကို သတ်လျက် သားကောင်ကို စွန့်လွှတ်ပူဇော်ကြပါသည်။[၉၉] ဝေနေယျခပ်သိမ်းတို့၏ အရှင်သခင်ကို ရည်စူးသော ပထမဆုံးသော ဝတ်ပြုဆပ်ကပ်ရာအိမ်တော်ဖြစ်သည့် ကအ်ဘာဟ် ကျောင်းတော်အား လှည့်ပတ်ကြပြီး၊ အခွင့်ကြုံလောက်အောင် ကံကောင်းပါက၊ မူလအိမ်တော်၏ နောက်ဆုံးကြွင်းကျန်ရာအပိုင်းအစဖြစ်သော ကျောက်နက်တုံးအား၊ တမန်တော်မိုဟမ္မဒ် (ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေသား)၏ နှုတ်ခမ်းတော်များ၊ တမန်တော်၏ ထိုအမူအရာအတိုင်း[၁၀၀] လိုက်နာကျင့်သုံးကြသည့် ကြည်ညိုဖွယ်မြော်ခရီးသွားများအားလုံး၏ နှုတ်ခမ်းများ၊ ကျွန်ုပ်တို့၏နောက် ပြန်လည်ရှင်သန်ထကြရမည့်နေ့တိုင်အောင် ထိုသို့ပြုလုပ်ကြဦးမည့်သူများအားလုံး၏ နှုတ်ခမ်းများနှင့် ကျွန်ုပ်တို့၏ နှုတ်ခမ်းများ သင်္ကေတနိမိတ်ပုံအားဖြင့် ထိတွေ့ကြသည့်၊ လူသားမျိုးနွယ်တို့ သိသမျှအတွင်း အနှုံးညံ့အသိမ်မွေ့ဆုံး အမူအရာဖြစ်သည့် နမ်းရှုံ့ခြင်းကို ပြုကောင်းပြုနိုင်ပါသည်။

လှုပတင့်တယ်သော စံနမူနာ - ဝေနေယျခပ်သိမ်းတို့အတွက် ကရုဏာတရား

၃.၁၉။ ကျမ်းတော်မြတ်ကုရ်အာန်တွင်၊ အလွှာဟ်အရှင်မြတ်က နဗီတမန်တော်မိုဟမ္မဒ်အား (အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေသား) ကမ္ဘာအရပ်ရပ်သို့ ကရုဏာတော်တစ်ရပ်၊ ဖန်ဆင်းခံအားလုံးအတွက် ကရုဏာတော်တစ်ရပ်အဖြစ်၊ ဝေနေယျခပ်သိမ်းတို့အတွက် ကရုဏာတော်တစ်ရပ်အဖြစ် ဖော်ပြထားသည်။[၁၀၁] ***"ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ်ဖြင့်မှတပါး စေလွှတ်ခဲ့သည်မဟုတ်ပေ"*** (၂၁း၁၀၇)။

၃း၂၀။ ထိုကိုယ်တော်၏ ဓမ္မသတ်အဆုံးအဖြတ်များ၊ သူ၏ သင်ကြားမှုများနှင့် သူ၏ လုပ်ရပ်များတွင်၊ နဗီတမန်တော်သည် အဖန်ဆင်းခံ အားလုံးတို့အပေါ် အရှင်မြတ်ကို ကြောက်ရွံ့ခန့်ငြားမှုကို အခြေခံသည့် အလေးဂရုပြုမှု၊ အကန့်အသတ်မဲ့ ကောင်းမြတ်ခြင်းတရားနှင့် ကရုဏာတရားတို့ကို လက်တွေ့ကျင့်သုံးပြသခဲ့ပေသည်။ အဖန်ဆင်းခံအားလုံးတို့တွင်ရှိသော ဘုရားသခင်၏ ဘုန်းအသရေတော်၏ နိမိတ်လက္ခဏာတော်များကို လေးစားဂုဏ်ပေးသည့်၊ ယင်းတို့ကို အမြတ်တနိုးရှိသည့်၊ ထို့ပြင် ယင်းတို့ကို ကာကွယ်သည့် သဘာဝတရား၏ ဘာသာရေးအယူအဆတစ်ရပ်ဆီသို့ လူသားထုကို ဖိတ်ခေါ် ခဲ့သည်။ အဖန်ဆင်းခံ ဝေနေယျအပေါင်းတို့၏ အခွင့်အရေးကို ကာကွယ်ရပ်ခံသော၊ ဘုရားသခင်ကို ရိုကျိုးသည့် စနစ်အစီအမံတစ်ရပ်အတွက် နဗီတမန်တော်က ကြိုးပမ်းအားထုတ်ကာ တည်ဆောက်ခဲ့သည်။[၁၀၂] သူက

သူ့အသက်သတ်ခြင်းကို မရှောင်လွဲနိုင်သော၊ အသက်ရှင်သန်ရေးအတွက် အခြားအသက်ဘဝတို့ကို စားသုံးရမည့် လောကတစ်ခုအတွင်း ရှင်သန်နေထိုင်ခြင်း၏ အစစ်အမှန်ဖြစ်သော ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းကို ရှောင်ဖယ်ကျော်လွှားသည့် စိတ်ခံစားချက်အခြေခံ စံနှုန်းများအဖြစ်မဟုတ်မူဘဲ၊ ထပ်တူမရှိသည့် မြင့်မြတ်မှု၊ အကန့်သတ်မဲ့ ကြင်နာကရုဏာတရား၊ ပြိုင်ဘက်ကင်းသော ဂရုစိုက်မှု၊ အရာအားလုံးတို့အပေါ် အမြင့်ဆုံးကောင်းမြတ်ခြင်းတို့၏ ကိုယ်ကျင့်တရားကို သူက သင်ကြားပြသခဲ့သည်။ သူသည် သင်ကြားရုံသာ သင်ကြားခြင်းမဟုတ်ခဲ့ပါ။ သူ တိုက်ခိုက်ခဲ့သည်၊ ထို့အပြင် ဖြစ်တည်နေသည့် အရာအားလုံး အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာတို့ကို အာမခံပေးရန် ဥပဒေသများကို ချမှတ်ပေးခဲ့ပေသည်။[၁၀၃]

၃.၂။ အာရေးဗီးယားကျွန်းဆွယ်တစ်ခုလုံးတွင် အာဏာအကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည့်တိုင်၊ ကမ္ဘာမြေအပေါ် နူးညံ့သိမ်မွေ့စွာ ရှင်သန်နေထိုင်ခဲ့ပေသည်။ ရွံ့ဖြင့်ပြုလုပ်သော အိမ်တစ်လုံးအတွင်း ခြိုးခြံချွေတာစွာ နေထိုင်ခဲ့သည်၊ သူ့အဝတ်အစားများကို သူကိုယ်တိုင် ချုပ်လုပ်ဖာထေးခဲ့ပြီး၊ အသားကို အလွန်နည်းပါးစွာသာ စားသုံးခဲ့သည်။ တစ်ခါတစ်ပါးတွင် ကြင်ယာတော် အာအေရှာသခင်မအား ယဉ်ပါးအောင် မလေ့ကျင့်ပေးရသေးသော ကုလားအုတ်တစ်ကောင်ကို သူမ၏ ကိုင်တွယ်ဆက်ဆံပုံနှင့် စပ်လျဉ်းပြီး "အာအေရှာ၊ ကောန်စင်စစ် အလွှာဟ်အရှင်မြတ်သည် နူးညံ့သိမ်မွေ့ပြီး၊ နူးညံ့သိမ်မွေ့မှုကိုလည်း ချစ်မြတ်နိုးတော်မူပေသည်။ ထိုအရှင်သည် နူးညံ့သိမ့်မွေ့မှုအတွက် ကြမ်းတမ်းခက်ထန်မှုအတွက် မပေးသောအရာကို ဆုအဖြစ် ချီးမြှင့်တော်မူပြီး၊ မည်သည့်အရာကိုမျှ ၄င်းနှင့် တူစွာ ချီးမြှင့်ခြင်းမရှိပေ" ဟု ဆိုရင်း ဝေဖန်ပဲ့ပြင်ဆုံးမခဲ့ပေသည်။[၁၀၄] တစ်ကြိမ်တစ်ခါတွင်မူ၊ စိတ်မူမမှန် ကြမ်းတမ်းနေသည့် ကုလားအုတ်တစ်ကောင်အား ငြိမ်သက်တည်ငြိမ်အောင် ချော့မြူပေးတော်မူပြီး သကာလ၊ ပိုင်ရှင်အား ဤသို့ မေးတော်မူခဲ့၏ "အလွှာဟ်အရှင်မြတ်က သင့်ကို ပိုင်ဆိုင်စေခဲ့သော ဤတိရစ္ဆာန်နှင့် ပတ်သက်၍ အသင် အလွှာဟ်အရှင်မြတ်အား မကြောက်ရွံ့ပါလေသလော။ သင်က သူ့ကို ဆာလောင်အောင်ထားထားသည့်အပြင်၊ အားအင်ကုန်ခမ်းသည်အထိ ဝန်စည်စလွယ်များ တင်ပါသည်ဟု ဤကုလားအုတ်ကို ငါ့ကို တိုင်တန်းခဲ့သည်။"[၁၀၅] လူသားများအနေဖြင့် ၄င်းတို့၏ ရောင်းရင်း ရှင်သန်ဘက် သတ္တဝါများအား အထူးအားဖြင့် ဖျော်ဖြေရေးအတွက် သေးသိမ်နိမ့်ကျစေခြင်းကို ထိုတမန်တော်က တားမြစ်ပိတ်ပင်ခဲ့ပြီး၊ တိရစ္ဆာန်အချင်းချင်း တစ်ကောင်နှင့် တစ်ကောင် တိုက်ခိုက်ကြရန် တိုက်ပေးခြင်းကို သာသနာအဆုံးအမ ဥပဒေနှင့်မညီဟု ပညတ်တော်မူခဲ့ပေသည်။[၁၀၆] တမန်တော်သည် သိမ်မွေ့နူးညံ့လင့်ကစား၊ နဗီတမန်တော်သည် သတ္တဝါတစ်ကောင်ကောင်အား လက်ဖြောင့်သမားအတွက် ပစ်မှတ်သဖွယ် ဝါသနာစိတ်ပါမှုကြီးစွာ မှတ်ယူသူတိုင်းကို ကျိန်ဆဲတော်မူခဲ့ပေသည်။[၁၀၇] ရေဆာနေသော ခွေးတစ်ကောင်အား ရေတိုက်ကျွေးခဲ့သည့်အတွက် ဘုရားသခင်က ကျေးဇူးတင်ခဲ့ပြီး၊ ၄င်းတို့ကို အပြစ်များမှ ခွင့်လွှတ်ချမ်းသာပေးခြင်းခံရသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး၏ ဥပမာဖြစ်ရပ်အကြောင်း[၁၀၈]နှင့် ကြောင်တစ်ကောင်အား သေသည်အထိ အငတ်ထားမှုကြောင့် ငရဲမီးဖြင့် ပြစ်ဒဏ်ခတ်ခံရသူ အမျိုးသမီးတစ်ဦး၏ ဥပမာဖြစ်ရပ်အကြောင်းကို နဗီတမန်တော်က သူ၏ သာဝကများကို ပြောပြခဲ့သည်။[၁၀၉] အသိုက်မှမခွာသေးသည့် ငှက်ငယ်များအား ဖမ်းဆီးခဲ့သည့် သာဝကတစ်ဦးအား ၄င်းတို့၏ ငှက်သိုက်နှင့် ယင်းငှက်ငယ်များကို ကာကွယ်ရန် ပျာယာခတ်ကြိုးပမ်းနေသည့် မိခင်ဆီသို့ ပြန်ပို့ရန် နဗီတမန်တော်က အမိန့်ပေးခဲ့သည်။[၁၁၀] ပုရွက်ဆိတ်တောင်ပို့တစ်ခုကို မီးတင်ရှို့ထားသည့် မီးအနား နဗီတမန်တော် ရောက်ရှိလာသည့်အခါ "ငြိမ်းသတ်ကြ၊ ငြိမ်းသတ်ကြ"ဟု အမိန့်ပေးခဲ့ပါသည်။[၁၁၁]

၃.၂။ လူသားသမိုင်းတစ်လျှောက် မည်သူတစ်ဦးတစ်ယောက်သည် ကမ္ဘာမြေပေါ်ရှိ သက်ရှိ မျိုးကွဲစုံလင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် နဗီတမန်တော် ပြုလုပ်ခဲ့သည့်အရာကို ရရှိအောင်မြင်ခဲ့ပါသနည်း။ လူသားများအတွက်ဖြစ်စေ၊ တိရစ္ဆာန်များအတွက်ဖြစ်စေ၊ အဖိုးတန်သော အရိပ်နှင့် စားနပ်ရိက္ခာများပေးပါသော တောအုပ်အတွင်းမှ သစ်ပင်

တစ်ပင်စီတိုင်းကို ခုတ်လှဲခြင်းကို တားမြစ်ခဲ့ပြီး[၁၁၂] "တစ်စုံတစ်ယောက်သည် သစ်ပင်တစ်ပင်ကို စိုက်ပျိုးခဲ့ပါမူ၊ ထိုသူအတွက် အလှူဒါနအဖြစ် စာရင်းသွင်းခြင်းမခံရဘဲ၊ လူသားတစ်ဦးကဖြစ်စေ၊ အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံ သတ္တဝါတစ်ကောင်ကဖြစ်စေ၊ ယင်းသစ်ပင်ကို စားသုံးခဲ့သည်ဟူ၍ မရှိပေ"[၁၁၃] ဟု မိန့်မှတ်ကြားခဲ့လေသည်။ မဒီနာမြို့တော်သို့ နဗီတမန်တော် ပြောင်းရွှေ့ခဲ့သောအခါ၊ ထိုအိုအေစစ်မြို့တော်နှင့် စွန်ပလွံခြံတို့ကို ဝန်းပတ်ခြံရံထားသော မြင့်မြတ်သည့် ဘေးကင်းရာ(ဘေးမဲ့)နယ်မြေတစ်ခုကို တည်ဆောက်ခဲ့သည်။ ထိုအစောင့်အရှောက်ခံနယ်မြေအတွင်းတွင် ဒေသရင်း စိုက်ခင်းများကို ခုတ်ဖြစ်ခွင့်မရှိ၊ တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်ခြင်းနှင့် နှောင့်ယှက်ခွင့်မရှိဘဲ၊ ယင်းဇုံကို ဝန်းခြုံထားသော ပိုမိုကျယ်ပြန့်သည့် ကာကွယ်စောင့်ရှောက်ထားသည့် ဧရိယာ (*ဟင်းမ်မာ*)တွင်မူ တောရိုင်းပင်များနှင့် ခြံပုတ်များကို ခုတ်လှဲခွင့်မရှိချေ။[၁၁၄]

၃.၂၃။ လူအယောက် ၁၀,၀၀၀ ပါဝင်သော စစ်တပ်ဖြင့် မဒီနာမြို့တော်မှ မက္ကာဟ်သို့ ကြွချီရာလမ်းတွင်၊ နဗီတမန်တော်သည် မိခင်ခွေးမကြီးနှင့် မွေးကင်းစ ခွေးသားအုပ်ကို ဖြတ်ကျော်ခဲ့ပြီးနောက်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းခွေးမကို မနှောင့်ယှက်ကြောင်းသေချာစေရန် ယင်းခွေးမအပေါ် အကာအရံတစ်ခုကို စိုက်ထူပေးခဲ့လေသည်။[၁၁၅] (နဗီတမန်တော်နှင့် သူ၏ သက်ဝင်ယုံကြည်သူအုပ်စုတို့ကို ဖိနှိပ်ညှဉ်းပန်းနှိပ်စက်ခါ၊ သူ၏ သာဝကများစွာကို သတ်ဖြတ်ခဲ့ပြီး၊ ယင်းတို့ အုပ်စုကို အပြတ်ရှင်းရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော မြို့တော်) မက္ကာဟ်မြို့အတွင်းသို့ အောင်လံဝင့်ချီဝင်ရောက်ခဲ့ရာတွင်၊ ၄င်းတို့သည် ကြောက်မက်ဖွယ်ရာ လက်တုံ့ပြန်မှုကို စောင့်မျှော်နေခဲ့ကြသည်။ သို့ရာတွင်၊ ဝဟီဗျာဒိတ်တော်အရ အီဂျစ်ရှိ သူ၌ရှိရာသို့ လာရောက်ကြသော ညီအစ်ကိုတော်များအား တမန်တော် ယူစွဖ်က ပြောဆိုခဲ့သည့် ခွင့်လွှတ်ခြင်းစကားများဖြစ်သော "***ယနေ့ အသင်တို့အပေါ်၌ လုံးဝ အပြစ်တင်ခြင်းမရှိချေ။ အလွှာဟ်အရှင်မြတ်သည် အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။ စင်စစ်မူကား ထိုအရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်***"(၁၂း၉၃)ဟု ဆိုလျက် မြို့သူမြို့သားများအား နဗီတမန်တော်က ခွင့်လွှတ်ခဲ့လေသည်။[၁၁၆] ထို့နောက် (ကမ္ဘာမြေပြင်ပေါ်ဝယ် ရှေးဦးမဆွကတည်းက ကာကွယ်ခြင်းခံရသောနယ်မြေဧရိယာ) မက္ကာဟ်မြို့တော်၏ အနီးတစ်ဝိုက်နှင့် မက္ကာဟ်မြို့ကို လွှမ်းခြုံထားသော မည်သည့် တောရိုင်းပင်များ၊ ခြံပုတ်များနှင့် သီးနှံစိုက်ခင်းများကိုမျှ ခုတ်ဖြတ်ခွင့်မရှိသည့်၊ မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အမဲလိုက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုပိုင်သည့် ဘုရားသခင်၏ ထွဋ်မြတ်လှသော ကာကွယ်အစောင့်ရှောက်ခံနယ်မြေကို ပြန်လည်သတ်မှတ် တည်ထောင်တော်မူခဲ့လေသည်။[၁၁၇] မကွယ်လွန်ခင် မက္ကာမြို့သို့ ဟဂျ်ခရီးစဉ်ဖြင့် တစ်ဖန်ပြန်လည် ကြွရောက်တော်မူပြီး၊ နှုတ်ဆက်ခွဲခွာခြင်း ဒေသနာတရားဟု သိကြသည့် မိန့်ကြားကြေညာချက်များကို နာယူစေရန် အလွန်များပြားသော လူအုပ်ကြီးကို စုစည်းခဲ့သည်။ ထိုဒေသနာတော်တွင် နဗီတမန်တော်က *အို..လူခပ်သိမ်းတို့၊ အသင်တို့၏ အရှင်သည်လည်း တစ်ဆူတည်းရှိ၏၊ အသင်တို့၏ ဖခင်သည်လည်း တစ်ဦးတည်းပင်ဖြစ်၏။ အသင်တို့အားလုံးသည် အာဒမ်မှဆင်းသက်လာပြီး၊ အာဒမ်သည် မြေမှုန့်မှ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ အလွှာဟ်အရှင်မြတ်၏ အမြင်တွင် အသင်တို့အနက် အမှန်မြတ်ဆုံးသူများမှာ အလွှာဟ်အရှင်အား ကြောက်ရွံ့ခန့်ငြားစိတ်ဖြင့် ဂရုဓမ္မပြုမူအကြီးဆုံးသောသူများပင်ဖြစ်သည်။ အလွှာဟ်အရှင်အား ကြောက်ရွံ့ခန့်ငြားစိတ်ဖြင့် ဂရုဓမ္မပြုခြင်းမှလွဲ၍ အာရဗ်တစ်ဦးသည် အာရဗ်မဟုတ်သူထက် သာလွန်မြင့်မြတ်ခြင်းမရှိ၊ အသားအရည်နီမြန်းသူတစ်ဦးသည် အသားမည်းနက်သူထက် သာလွန်မြင့်မြတ်ခြင်းမရှိ၊ ထိုနည်းတူ အသားအရည်မည်းနက်သူတစ်ဦးသည် အသားအရည်နီမြန်းသူထက် သာလွန်မြင့်မြတ်သည်မရှိ* ဟု ကြေညာတော်မူခဲ့လေသည်။[၁၁၈]

၃.၂၄။ ထိုထိုသော အကြောင်းများကြောင့်ပင်၊ ကျွန်ုပ်တို့သည် နဗီတမန်တော် မိုဟမ္မဒ်ကို ကရုဏာတရား၊ ကြောက်ရွံ့ခန့်ငြားမှုအခြေခံ ဂရုဓမ္မပြုမှုနှင့် အဖန်ဆင်းခံအားလုံးတို့အပေါ် အမြင့်ဆုံးသော ကောင်းကျိုးဆောင်ခြင်းတို့၏

သာလွန်သည့် စံပြပုဂ္ဂိုလ်အဖြစ် ချီးမြှောက်ဂုဏ်ပြုပါ၏။ အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာသည် နဗိတမန်တော်အပေါ်သို့လည်းကောင်း၊ သူ၏ ကြင်ယာတော်များ၊ သူ၏ သာဝကများအပေါ်သို့လည်းကောင်း ကျရောက်ပါစေသား။ ကိုယ်တော့်၏ မြင့်မြတ်လှစွာသော စံနမူနာသည် ကျွန်ုပ်တို့အရှေ့ဝယ် အတုယူလိုက်နာရန် ထာဝစဉ်အမြဲရှိနေပါ၏။ ကျွန်ုပ်တို့၏ ရောင်းရင်း မွတ်စ်လင်မ်များအား လုံး၊ အထူးအားဖြင့် လူငယ်လူရွယ်များကို သင်ကြားပို့ချပေးသူတို့အား ကိုယ်တော့်၏ စံနမူနာကို နက်နက်ရှိုင်းရှိုင်း လေ့လာဆည်းပူးရန်နှင့် ယင်းစံနမူနာတို့အား သူတို့၏ ဘဝတွင် အမှန်တကယ် အကောင်အထည်ဖော်ရန်အတွက် ကြိုးပမ်းမှုပြုကြရန် ကျွန်ုပ်တို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထို့ပြင်တဝ၊ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှုကို မလိုက်နာသောသူများအား လုံးကိုလည်း နဗိတမန်တော်အား လုံးထဲမှအပြင်၊ ကြီးမြတ်သော ပညာရှိသူတော်ကောင်းအပေါင်းတို့နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာလုံးရှိ အသိဉာဏ်ပညာ၏ ဆရာအပေါင်းတို့ထဲမှ ကမ္ဘာမြေကြီးနှင့် ယင်း၏ သက်ရှိအုပ်စုအသိုက်အဝန်းများကို ဂရုဓမ္မပြုခြင်းအရာတွင် အကောင်းဆုံးပုဂ္ဂိုလ်အား လေးစားမြတ်နိုးရန်နှင့် ဂုဏ်ပေးချီးမြှောက်ရန် ကျွန်ုပ်တို့ တိုက်တွန်းသကဲ့သို့ ကိုယ်တော့်၏ စံနမူနာကို ဆင်ခြင်သုံးသပ်ကြည့်ပါရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

အခန်း (၄)

ဘဝရှင်သန်မှု၏ ရင်းမြစ်များ မျှဝေရာတွင် သာတူညီမျှမှု၊ မျှတမှုနှင့် တရားမျှတမှု

တိုးတက်ထွန်းကားမှုဆိုင်ရာ အမြင်မှန်

၄.၁။ အာကာသဟင်းလင်းပြင်မှ ရိုက်ယူထားသော ကမ္ဘာကြီး၏ ပုံရိပ်များကို ကြည့်ရာတွင်၊ ရုပ်ဒြပ်သဘောအရ ၄င်းသည် အနှစ်သာရအဖြင့် အပိတ်စနစ်တစ်ရပ်အဖြစ် လုပ်ဆောင်လည်ပတ်သည်ကို ကျွန်ုပ်တို့ သိမြင်လာရသည်။ ခေတ်ကပ်ကာလပေါင်းများစွာ တစ်လျှောက်လုံး ကမ္ဘာမြေပေါ်ရှိ သက်ရှိတို့ လိုအပ်ခဲ့ဖူးသမျှ အရာအားလုံးနီးပါးကို နေ၏ စွမ်းအင်စီးဆင်းမှုက မောင်းနှင်၍ လ၏ ဆွဲငင်ခြင်း၏ သက်ရောက်ကာ၊ မြောက်မြားလှစွာသော ဒြပ်စင်များ၊ ကြယ်များအကြားက အမှုန်များ၊ လေ၊ ရေနှင့် အမျိုးမျိုးသော သံသရာစက်များတွင်း လှည့်လည်နေသော အာဟာရများနှင့်အတူ ထိုစနစ်က ရရှိနေစေခဲ့လေသည်။[၁၁၉] ယင်းအချက်က ကမ္ဘာမြေမျက်နှာပြင်ဧရိယာ၊ ၄င်းရှိ ဝတ္ထုပစ္စည်းများနှင့် ၄င်း၏ ရင်းမြစ်များက အကန့်အသတ်ရှိကြောင်း ကျွန်ုပ်တို့ကို အသိအမှတ်ပြုစေသည်။ ၄င်းတွင် နယ်နိမိတ် အကန့်အသတ်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် “***အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည့်အပြင်၊ ထိုအရာများကို အလွန်တိကျသော အတိုင်းအထွာနှင့် ပြဋ္ဌာန်းစီရင်ထားခဲ့လေသည်***” (၂၅း၂)၊ “***ငါအရှင်မြတ်သည် အရာခပ်သိမ်းကို အလွန်တိကျသော အတိုင်းအထွာအားဖြင့် ဖန်ဆင်းခဲ့လေသည်***” (၅၄း၄၉)၊ နှင့် ***“...အသင်တို့သည် စားသောက်ကြလေကုန်။ သို့ရာတွင် အသင်တို့သည် အလွန်အကျွံ မဖြုန်းတီးကြကုန်လင့်။ ထိုအရှင်မြတ်သည် အလွန်အကျွံ ဖြုန်းတီးသူများကို ချစ်ခင်နှစ်သက်တော်မူသည် မဟုတ်ပေ***” (၇း၃၁)ဟူသော အသိပေးချက်တွင်လည်းကောင်း ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့အား သတိပေးထားသကဲ့သို့၊ ထိုအကန့်အသတ်ဘောင်များကို မကျော်လွန်ကြစေရန်လည်း သတိပေးထားလေသည်။

၄.၂။ ခုနှစ် ၂၀၂၀နှင့် ၂၀၂၁တို့ကို လူသားမျိုးနွယ်တို့ အကြီးကျယ်ဆုံးသော စိန်ခေါ်မှုများအနက် တစ်ခုကို စုပေါင်း ရင်ဆိုင်တွေ့ခဲ့ကြရသောနှစ်များအဖြစ် နောင်လာနောက်သားတို့ သိမှတ်ကြနိုင်ခြေ အလွန်အလွန် များပေသည်။ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗရုတ်သုတ်ခ ဖြစ်ရပ်ဆိုးများအပေါ် ကျွန်ုပ်တို့၏ ပူပန်မှု ရှိနေလျက်ပင်၊ လူသားတစ်ဦးချင်းစီတိုင်းကို ကူးစက်သက်ရောက်ရန် စွမ်းပကားရှိသည့် ဗိုင်းရပ်စ်တစ်မျိုးကို ထိန်းချုပ်ရန် ရုန်းကန်ခဲ့ရပြန်သည်။ ကျဉ်းမြောင်းကျုံ့ဝင်လာပြီဖြစ်သော ကျွန်ုပ်တို့ ကမ္ဘာကြီး၏ ထိခိုက်နိုင်ခြေအန္တရာယ်ကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်က လှစ်ဟပြသခဲ့သည်။ ပိုမိုဆင်းရဲနွမ်းပါးသော တိုင်းပြည်များကိုမူ လက်မဲ့ဖြစ်စေခဲ့လျက်၊ ပိုမိုကြွယ်ဝချမ်းသာသော တိုင်းပြည်များက အသစ်ထုတ်လုပ်လိုက်သော ကာကွယ်ဆေး ထိုးနှံမှုကို သန်းနှင့်ချီ၍ ပြုလုပ်ခဲ့ပြီး၊ ယင်းက ကျွန်ုပ်တို့၏ ကမ္ဘာ့ရွာကြီးအတွင်း တန်းတူမညီမျှမှုနှင့် အလွန်အလွန် မတရားမှုကို ဖွင့်ချခဲ့လေပြီ။

၄.၃။ ကျွန်ုပ်တို့သည် ယခုအခါ အလျင်အမြန်တိုးပွားလာသော လူဦးရေနှင့် စီးပွားရေးတိုးတက်မှုတို့၏ အကျိုးဆက်အနေဖြင့် လိုသည်ထက် ဝန်ပိုထမ်းနေရသော၊ အပူလွန်ကဲလာသော ဂြိုဟ်တစ်ခုပေါ်တွင် နေထိုင်ရှင်သန်နေကြသည်။ တိုးပွားလာနေသော လူဦးရေများက သဘာဝလောကကြီးအတွင်းမှ ကျုံ့ဝင်နည်းပါးလာနေသော ရင်းမြစ်များထံမှ ပို၍ ပို၍ များလားသော တောင်းဆိုမှုများ ဆက်လက်ပြုလုပ်နေကြပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၂,၀၀၀

ဝန်းကျင်ခန့်က ရေခဲများ ဆုတ်လျော့ ဆုတ်ခွာသွားခဲ့သည့်အခါ၊ ကမ္ဘာ၏ လူသား ဦးရေမှာ ၄ သန်း ဖြစ်နိုင်ကောင်းသည်ဟု ခန့်မှန်းကြပါသည်။ နှစ်ပေါင်း ၁၄,၀၀၀နီးပါးအတွင်း ၁၉၉၀ပြည့်နှစ်တွင် လူဦးရေ ၁.၆ဘီလီယံသို့ ရောက်ရှိလာခဲ့ပြီး၊ ထိုမှ နှစ်ပေါင်း ၁၂၀ခန့်သာ ကြာသည့်အခါ၊ ကျွန်ုပ်တို့ ဦးရေသည် ၈.၁ ဘီလီယံနီးပါးခန့် ရှိလာပြီဖြစ်သည်။ ကျွန်ုပ်တို့၏ ဦးရေသည် ခုနှစ် ၂၁၀၀တွင် ၁၁ ဘီလီယံ ဝန်းကျင်ဖြစ်လာမည်ဟု ခန့်မှန်းကြသည်။[၁၂၀] ဤမျှလောက်သော ပမာဏကြီးအား မည်သို့ ကျွေးမွေးကြမည်နည်း၊ မည်သို့ အဝတ်အစားဆင်ယင်မည်နည်း၊ မည်သို့ နေရာထိုင်ခင်းပေးရမည်နည်း။ ထို့ပြင်၊ ကျွန်ုပ်တို့ ယခုလုပ်ဆောင်နေကြသည့်အတိုင်း ကမ္ဘာမြေကို အရည်အသွေးနိမ့်ယုတ်လျော့စေရန် ဆက်လက်လုပ်ဆောင်နေပါက၊ ခုနှစ် ၂၁၀၀တွင် ဤဂြိုဟ်ကမ္ဘာ၏ အခြေအနေမှာ မည်သို့ဖြစ်လိမ့်မည်နည်း။

၄.၄။ ပညာတတ်လူဦးရေတစ်ခုက မိသားစုများ၏ အရွယ်အစားကို ကန့်သတ်ခြင်းဖြင့် လူသားဦးရေကို လျော့ချရန် အထောက်အကူပြုသည်ကို အသိအမှတ်ပြုလာခဲ့ရသည်။ သို့သော်လည်း ပညာတတ်လူဦးရေတစ်ခုက သဘာဝပတ်ဝန်းကျင်အပေါ် လူသားတို့၏ ထိခိုက်သက်ရောက်စေမှုကို လျော့ချပေးရန် အထောက်အကူ ဖြစ်စေလိမ့်မည်ဟူသော မျှော်လင့်ချက်မှာမူ ခိုင်မာခြင်းမရှိခဲ့သေးပေ။ ပညာရေးက စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေလျက်၊ တိုးတက်အောင်မြင်သော စားသုံးသူများ၏ လူလတ်တန်းစားတစ်ရပ်ကို ပေါ်ပေါက်စေသည့် တိမ်းညွတ်မှုရှိပေသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် သေးကျုံ့လာသော ရင်းမြစ် အခြေတစ်ခုအတွင်း တိုးတက်မှုကို မည်သို့ ရရှိနိုင်ပါသနည်း။ မြင့်မားသည့် ပညာတတ်စားသုံးသူ လူဦးရေရှိသည့် ဖွံ့ဖြိုးမှုရှေ့တန်းရောက် စက်မှုနိုင်ငံများသည် ပိုမိုဆင်းရဲသော တိုင်းပြည်များက ပေးဆပ်ရလျက်၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ကျွန်ုပ်တို့ ကမ္ဘာမြေကို ယိုယွင်းစေမှုတို့ ဖြစ်စေရန် အကြီးမားဆုံး ပံ့ပိုးကူညီသူများပင်ဖြစ်သည်။ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ကတိကဝတ်များ ရှိနေသည့်တိုင်အောင်၊ သဘာဝပတ်ဝန်းကျင်က ဆိုးရွားစွာ ပျက်စီးယိုယွင်းမှု ဆက်လက်ဖြစ်ပေါ်နေသည်နှင့် တစ်ပြိုင်နက်တည်းတွင်၊ ချမ်းသာသူနှင့် ဆင်းရဲသူတို့အကြား ကွာခြားမှုကို ဆက်လက် ကျယ်ပြန့်နေဆဲဖြစ်သည်။ ဤအခြေအနေက ကျွန်ုပ်တို့၏ အင်စတီကျူးရှင်းများက ကတိပေးနေခဲ့သည့် ကောင်းမွန်သော ဘဝ၏ သဘောသဘာဝနှင့် စပ်လျဉ်းပြီး မေးခွန်းများ ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့ လိုလားတောင့်တသော ကောင်းမွန်သော ဘဝရှင်သန်မှုနှင့် တိုးတက်ထွန်းကားမှု၏ နယ်နိမိတ်အကန့်အသတ်မှာ အဘယ်နည်း။ ကျမ်းတော်မြတ်ကုရ်အာန်က "...***အသင်တို့သည် မိမိတို့အဖို့ အလွှာဟ်အရှင်မြတ်က ခွင့်ပြုထားတော်မူသည့် သန့်ရှင်းစင်ကြယ်သည့် အရာများကို ပိတ်ပင်တားမြစ်ခြင်း မပြုကြကုန်လင့်။ [သို့သော်လည်း] စည်းဘောင်ကို မလွန်ကျူးကြကုန်လင့်***' (၅း၈၇)ဟု ကျွန်ုပ်တို့အား ပြောပြထားပေသည်။ ၈.၁ ဘီလီယံ ရှိကုန်သော ကျွန်ုပ်တို့အားလုံးသည် ကြောင်းကျိုးဆီလျော်စွာ ကျေနပ်နှစ်သက်ဖွယ် လူနေမှုဘဝပုံစံကို စတင်ပြောင်းလဲ တည်ဆောက်နေသည့် တစ်ချိန်တည်းတွင် ကျွန်ုပ်တို့၏ သဘာဝလောကအပေါ် သက်ရောက်ထိခိုက်စေမှုများကို လျော့ချနိုင်ပါသနည်း။ မိုဟန်ဒတ်စ် ဂန္ဒီက လူသိများ ကျော်ကြားလှစွာ မှတ်ချက်ပြုခဲ့သည့်အတိုင်းပင်၊ "ကမ္ဘာမြေကြီးက လူတိုင်း၏ လိုအပ်ချက်ကို ကျေနပ်စေလောက်အောင် လုံလောက်စွာ ပံ့ပိုးပေးသော်လည်း၊ လူတိုင်း၏ လောဘအလိုကို ပြည့်စေရန်အတွက်မူ မထောက်ပံ့ပေးပါ"။[၁၂၁] နောက်လာမည့် ဆွေးနွေးမှုက လူနေမှုဘဝပုံစံနှင့် ရှင်သန်မှု၏ ရင်းမြစ်များ၊ အကျိုးခံစားခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတို့နှင့် ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုတို့အပါအဝင် စီးပွားရေးအဆောက်အဦတို့နှင့် စပ်လျဉ်း၍ ထင်ရှားစွာ သက်ဆိုင်ဆက်စပ်သော အစွန်းလွန် သင်ကြားမှုများကို မီးမောင်းထိုးပြနေပေသည်။[၁၂၂]

ဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုဘဝပုံစံ

၄.၅။ ဖွံ့ဖြိုးတိုးတက်မှု (လူသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် နေထိုင်မှုဘဝအရည်အသွေးကို တိုးတက်ကောင်းမွန်စေရန်အတွက် ကမ္ဘာမြေနှင့် ၎င်း၏ ရင်းမြစ်များကို အပြောင်းအလဲဖြစ်စေခြင်း)သည် များစွာသော မွတ်စ်လင်မ်နိုင်ငံများ၏ ဦးစားပေးစာရင်းတွင် ထိပ်တန်း၌ ရှိနေပေသည်။ ၎င်းနိုင်ငံများအနက်မှ အချို့သည် လက်ရှိ ကမ္ဘာပေါ်တွင် အဆင်းရဲအနုံခြာဆုံးနှင့် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးတိုင်းပြည်များ ဖြစ်ကြသည်။ မိခင်နှင့် ကလေး သေဘေးကန့်သတ်မြင့်မားနေစဉ်မှာပင်၊ အသက်ရှင်သန်နိုင်ခြေ အမြင့်ဆုံးအရွယ်၊ စာတတ်မြောက်မှုနှင့် ဝင်ငွေတို့သည့် ၎င်းတို့အနက် အများစုတွင် နိမ့်ကျလျက်ရှိသည်။ အစ္စလာမ်သာသနာနှင့် ဆက်စပ်ကြည့်ပါက ဖွံ့ဖြိုးတိုးတက်မှုဟူ မည်သည်ကို အတိအကျ ဆိုလိုပါသနည်း၊ ထို့ပြင် ၎င်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေးဆပ်ရမှုက မည်သည်တို့ဖြစ်သနည်း။ ကျွန်ုပ်တို့သည် အစ္စလာမ်သာသနာဟူသည်ကို အစဉ်အလာအရ အသုံးအဖြုန်းလည်းမကြီးလွန်း၊ ခြိုးခြံခြစ်ကုတ်မှုလည်း မလွန်ကဲလွန်းသော အလယ်အလတ် ဘက်မျှသော လမ်းစဉ်အဖြစ် ဖော်ပြလေ့ရှိသည်။ ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့အား လက်ရှိရုပ်ကမ္ဘာ၏ ကောင်းကျိုးကို တမလွန်ဘဝ၏ အဆုံးစွန်အားဖြင့် ဝိညာဏ်ပိုင်းဆိုင်ရာ ကောင်းကျိုးနှင့်အတူ ကြိုးပမ်းရှာဖွေဆည်းပူးရန် ဆုံးမထားတော်မူပြီး၊

...အို ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည့် ကျွန်ုပ်တို့ကို ဤ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း (နှစ်ဘဝလုံး၌ပင်) ကောင်းကျိုးချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ ဘေးဒဏ်မှလည်း ကယ်ဆယ်တော်မူပါ။ (၂း၂၀၁)

ဟု ဆုတောင်းပတ္ထနာပြုကြရန် ညွှန်ကြားတော်မူပါသည်။

ယင်းသည် ကျွန်ုပ်တို့ မျှော်လင့်ရည်သန်သော ဘဝနေမှုပုံစံနှင့် စပ်လျဉ်း၍ မည်သည်ကို သွယ်ဝိုက်ညွှန်းဆိုပါသနည်း။ အလွန်တိုတောင်းလှသည့် လက်ရှိ ဘဝ ကမ္ဘာ၏ ကောင်းကျိုးစည်းစိမ်ကို ရှာဖွေဆည်းပူးကြရာတွင်၊ တမလွန်ဘဝ၏ ထာဝရတည်တံ့မည့် ကောင်းကျိုးချမ်းသာကို ပိုမိုဦးစားပေးသင့်သည်ဟူသော အချက်ကို မျက်ခြေမပြတ်သင့်ပါပေ။ နာမ်ဝိညာဏ်ပိုင်းဆိုင်ရာ ကောင်းကျိုးချမ်းသာကို ရင်းပြီးမှသာ ပိုင်ဆိုင်ရရှိမည့် ရုပ်ဝတ္ထုဆိုင်ရာ ကောင်းကျိုးစည်းစိမ် ချမ်းသာများနောက် စိုက်လိုက်မတ်တပ် လိုက်လံရှာမှီးခြင်းကို ခွင့်ပြုရမည်မဟုတ်ပေ။ ၎င်းသည် ကျင့်ဝတ်နှင့်ညီညွတ်သော ချုပ်တည်းမှု၏ လက်အောက်ခံသာ ဖြစ်ရပေမည်။[၁၂၃]

၄.၆။ အတိုးအညွှန့် (*ရီဘာ*)က တွန်းအားပေးမောင်းနှင်သော စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုအပေါ် အခြေတည်ထားသည့် လက်ရှိခေတ်ပြိုင် စီးပွားရေးဆိုင်ရာ စနစ်သည် ပင်ကိုယ်သဘာဝအားဖြင့် မက်မငြေလောက်အောင် အစားကြူးမှုဖြစ်ပြီး၊ ရေရှည်တည်တံ့မည်မဟုတ်ဘဲ၊ အစ္စလာမ်၏ အခြေခံမူစည်းမျဉ်းများနှင့် ပြဒါတစ်လမ်း သံတစ်လမ်းပင်ဖြစ်နေပေသည်။ ကျွန်ုပ်တို့အနေဖြင့် ခေတ်မီ စက်မှုတိုးတက်ထွန်းကားသော နိုင်ငံများ၏ လူနေမှုဘဝပုံစံကို ခံစားစံစားရန် ဖြစ်နိုင်၏ မဖြစ်နိုင်၏ကို ဘေးဖယ်ထား၍၊ အစ္စလာမ်၏ သွန်သင်ညွှန်ကြားချက်များအရ ၎င်း(နေထိုင်မှုဘဝပုံစံ)ကို ခွင့်ပြုပါ၏လောဟူသော မေးခွန်းကိုသာ မေးမြန်းရမည်ဖြစ်သည်။ နဗီတမန်တော် မိုဟမ္မဒ် (ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းခြီး မင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)နှင့် တမန်တော်၏ သာဝကကြီးများသည် ဤလောက၏ အရာများ (၎င်းတို့၏ အိမ်ထောင်ဘက်များနှင့် သားသမီးများ၊ အေးမြသောရေ သောက်ရခြင်း၊ စိမ်းစိုသော တောင်ကြား၊ လှပကောင်းမွန်သော အစီးအနင်း တိရစ္ဆာန်နှင့် ၎င်းတို့၏ ပုခုံးထက်က မိုးရေအထိအတွေ့)တို့ တွင် ကြီးမားသည့် ပျော်ရွှင်ကြည်နူးမှုကို ခံစားခဲ့သည့်တိုင်၊ ယနေ့ခေတ် စံချိန်များအားဖြင့်ဆိုပါမူ၊ ထိုပုဂ္ဂိုလ်မွန်များသည် အခြိုးခြံအချွေတာဆုံးပုံစံဖြင့်သာ သူတို့၏ ဘဝများကို ရှင်သန်နေထိုင်ခဲ့ကြပေသည်။

၄.၇။ ဖွံ့ဖြိုးတိုးတက်မှု၏ ရည်မှန်းချက်သည် များနိုင်သလောက်များများ စားသုံးရန်မဟုတ်မှာဘဲ၊ လူများအား ကျန်းမာကာ၊ စိတ်ကျေနပ်ချမ်းမြေ့ပြီး၊ မြင့်မြတ်သော ဘဝများ ရရှိမှုကို ဖြစ်နိုင်စေရန်သာ ဖြစ်သည်။ ကမ္ဘာမြေ၏ ရင်းမြစ်များကို အလွန်အကျွံ စားသုံးခြင်းမပြုဘဲ၊ ကျန်းမာပြီး ပျော်ရွှင်ချမ်းမြေ့သော ဘဝတစ်ခု ရှင်သန်နေထိုင်ရန် အမှန်တကယ်ပင် ဖြစ်နိုင်ပါသည်။ ယင်းသည် အများသိကြေညာရန် လွယ်ကူသော်ငြားလည်း၊ အထူးသဖြင့် နိုင်ငံတော် သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအဆအားဖြင့် လက်တွေ့ကျင့်သုံးရန် ပိုမိုခက်ခဲပါသည်။ ဘဝ၏ စစ်မှန်သော အရည်အသွေးကို မြင့်မားအောင်ပြုနေလျက်ရှိစဉ်မှာပင်၊ ဘဝရှင်သန်မှု၏ ရင်းမြစ်များကို ကျွန်ုပ်တို့၏ စားသုံးခြင်းများကို တည်ငြိမ်စေရန်နှင့် လျော့ကျစေရန် အစီအမံများကို ပြဋ္ဌာန်းနိုင်ရေးအတွက် မွတ်စလင်မ် ဥပဒေသများများ၊ စီးပွားရေးပညာရှင်များနှင့် ဂေဟစနစ်ဆိုင်ရာ ပညာရှင်များအနေဖြင့် ၄င်းတို့ တိုင်းပြည်များ၏ စီမံအုပ်ချုပ်ရေးဌာနများ၊ ဒေသန္တရ အုပ်စုအသိုက်အဝန်းများနှင့် လက်တွဲလုပ်ဆောင်ကြရန် ကျွန်ုပ်တို့က တိုက်တွန်းပါသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် အနာဂတ်မျိုးဆက်များအနေဖြင့် ၄င်းတို့၏ လိုအပ်ချက်များ ပြည့်မီစေနိုင်စွမ်းကို အလဲအထပ်မလုပ်ဘဲ လက်ရှိသမယ၏ လိုအပ်ချက်များကို ပြည့်မီစေသည်ကို အာမခံပေးရန်နှင့် သဘာဝ၏ တစ်လုံးတစ်ဝတည်း တည်တံ့ခိုင်မြဲနေမှု သို့မဟုတ် အခြားသော မျိုးစိတ်များ ရှင်သန်ကျန်ရစ်နိုင်မှုကို မခြိမ်းခြောက်ပါဟု အာမခံပေးရန် ၄င်းတို့အား ကျွန်ုပ်တို့က တိုက်တွန်းပါသည်။

၄.၈။ လူဦးရေတိုးပွားလာခြင်းအပေါ် အကန့်အသတ်များ - ကမ္ဘာမြေ သို့မဟုတ် ၄င်းပေါ် ရှိ မည်သည့်နိုင်ငံတစ်ခုခုကမဆို ထောက်ပံ့ပေးထားနိုင်သည့် လူဦးရေဟူသည် လူဦးရေမည်ရွေ့မည်မျှရှိသည် ဟူသည့်အချက်နှင့် စွမ်းအင်နှင့် အခြားသော ရင်းမြစ်များ လူတစ်ဦးချင်းစီက မည်မျှ စားသုံးမှုပြုသနည်း၊ ဖြုန်းတီးကြသနည်းဆိုသည့် အချက်များအပေါ် မူတည်နေပါသည်။ ကမ္ဘာမြေ၏ ရင်းမြစ်များကို အလွန်အကျွံ သုံးစွဲမှု၊ ဖြုန်းတီးမှုဆန်သော သုံးစွဲမှုတို့အားဖြင့် စက်မှုဖွံ့ဖြိုးမှုမရှိသေးသည့် ကမ္ဘာခြမ်းမှ ပိုမိုများပြားသော လူဦးရေတို့ထက် အတိုင်းအထွာနည်းလမ်းအများစုအားဖြင့်[၁၂၄] စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ပိုမိုကြီးမားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေလျက်ရှိသည်ဟု သဘာဝပတ်ဝန်းကျင်ပညာရှင်များနှင့်တကွ ကြွယ်ဝချမ်းသာမှု ပိုမိုနိမ့်ကျပြီး၊ စက်မှုဖွံ့ဖြိုးခြင်းမရှိသေးသည့် နိုင်ငံများက ထောက်ပြခဲ့ကြပြီးဖြစ်သည်။ အချို့က အရင်းအမြစ်များကို သာတူညီမျှ ပြန်လည်ဖြန့်ဖြူးမှုကို လူဦးရေထိန်းချုပ်မှုအတွက် အစားထိုးလုပ်ဆောင်ချက်အဖြစ် တောင်းဆိုခဲ့သည်။ သို့သော်ငြားလည်း၊ အရင်းအမြစ်များကို ပိုမို၍ သာတူညီမျှရှိသော ဖြန့်ဖြူးမှု(လုပ်ဆောင်ချက်)ဖြင့်ပင်လျှင်၊ ကျွန်ုပ်တို့ မွေးဖွားနှုန်းက ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ နောင်လာနောက်သားများ လက်တွေ့ကျကျ မျှော်မှန်းရည်သန်နိုင်သည့် လူနေမှုပုံစံအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိလာလိမ့်မည်ဟူသော အချက်ကို ရင်ဆိုင်ရမည်သာဖြစ်သည်။[၁၂၅] ကျွန်ုပ်တို့ မေးသင့်သည့် မေးခွန်းမှာ ကမ္ဘာကြီးက လူသားဦးရေမည်မျှကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်နည်းဟူသည့် မေးခွန်းမျှသာမဟုတ်ဘဲ၊ ဖြန့်ဖြူးမှုဆိုင်ရာ တရားမျှတမှုက လွှမ်းမိုးပျံ့နှံ့သည့်အခါ လူမည်မျှကို ကျန်းမာပျော်ရွှင်စွာ အရှည်ရပ်တည်နိုင်အောင် ကမ္ဘာကြီးက ထောက်ပံ့ပေးနိုင်သနည်းဟူသည့် မေးခွန်းဖြစ်သည်။

၄.၉။ မိသားစုဝင်အရေအတွက်ကို ထိန်းချုပ်ရန်အတွက် နိုင်ငံတော်အစိုးရများ၏ ပြင်းထန်ကြမ်းကြုတ်သော ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများက ကျင့်ဝတ်နှင့်မညီပေဟု ကျွန်ုပ်တို့ ယုံကြည်သည့်နည်းတူ၊ မွေးဖွားနှုန်းကို ထိန်းချုပ်ခြင်းဆိုင်ရာ အများစုသော နည်းလမ်းများကို လက်လှမ်းမမှီအောင် ပိတ်ဆို့လိုသည့် အာဏာရှင်ဆန်သော အားထုတ်မှုများကလည်း ထိုနည်းနှင့်နှင်ပင်ဖြစ်ပေသည်။ သားသမီးထွန်းကားခြင်း၏ ကျက်သရေမင်္ဂလာကို ရရှိခံစားပိုင်ခွင့်သည် အစွမ်းလာမ်သာသနာတွင် အခြေခံကျပြီး၊ သားသမီးများ မွေးဖွားမှုဆိုင်ရာ လူတစ်ဦးချင်း၏ လွတ်လပ်မှုကို ဥပဒေအာဏာစက်ဖြင့် ကန့်သတ်ရန် ခက်ခဲလှပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် သားသမီးများအား

ဤလောကကမ္ဘာ၏ အဆင်တန်ဆာတစ်ခုသဖွယ် ဖော်ပြထားပြီး၊ အစွယ်လာမ့်ဥပဒေပညာရှင်များက မျိုးဆက်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အစွယ်လာမ့်ဥပဒေ၏ အရေးပါဆုံး ရည်မှန်းချက်များအနက်မှ တစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံထားပေသည်။[၁၂၆] ကမ္ဘာမြေပေါ်ရှိ အခြားသူများ အားလုံးကဲ့သို့ပင်၊ မွတ်စ်လင်မ်မိသားစုများသည်လည်း သားသမီးအမြောက်အများကို မွေးမြူပြုစုခြင်း၏ ကောင်းချီးမင်္ဂလာနှင့် အရည်အသွေးမြင့်သော ပြုစုပျိုးထောင်မှု၊ ပညာရေးနှင့် ကျန်းမားရေးစောင့်ရှောက်မှုတို့ကို ပံ့ပိုးပေးခြင်း၏ ကောင်းချီးမင်္ဂလာတို့အကြား ရွေးချယ်စရာတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ လူတစ်ဦးချင်းစီတိုင်းသည် ၄င်းတို့တစ်ဦးချင်းစီ၏ ဘဝအခြေအနေများနှင့် ကျွန်ုပ်တို့၏ ဘာသာရေးသက်ဝင်ယုံကြည်မှု၏ ကျင့်ဝတ်စည်းမျဉ်းများနှင့်အညီ ကြောင်းကျိုးဆီလျော်ပြီး၊ ကျင့်ဝတ်နှင့်ညီသော ရွေးချယ်မှုများပြုလုပ်ရန်အတွက် လွတ်လပ်မှု၊ ခွန်အားဖြည့်ပေးမှုနှင့် ခိုင်လုံသော သတင်းအချက်အလက်များ လိုအပ်ပေသည်။[၁၂၇]

ဘဝရှင်သန်မှုဆိုင်ရာ ရင်းမြစ်များ

၄.၁၀။ ကျွန်ုပ်တို့ ရှုရှိုက်သောလေ၊ ကျွန်ုပ်တို့ သောက်သုံးသော ရေ၊ ကျွန်ုပ်တို့ ထွန်ယက်သော မြေနှင့် ကမ္ဘာမြေကြီးကို ကျွန်ုပ်တို့နှင့်အတူ မျှဝေနေထိုင်ပြီး၊ ကျွန်ုပ်တို့အားလုံး မှီခိုနေကြရသည့် သက်ရှိ အုပ်စုအသိုက်အဝန်းများအားလုံးကို ယေဘုယျအားဖြင့် အရင်းအမြစ်များဟု ခေါ်ဆိုပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် အာရဗီစကားလုံး (*မဝါရိုးဒ်*)၏ စမ်းချောင်းများ၊ ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ဖန်ဆင်းပြုလုပ်ထားသော မရှိမဖြစ် ရင်းမြစ်နှင့် အားလုံး၏ ရှင်သန်မှုက မှီတည်နေရသော ရေ၏ အခြားသော အရင်းအမြစ်များနှင့် ဆက်နွယ်မှုကို ကြည့်ပါက၊ ယင်းတို့သည် သက်ရှိဘဝ၏ ရင်းမြစ်များအတွက် ပို၍ အခြေခံကျသည်ကို နားလည်နိုင်ပါလိမ့်မည်။ ခေတ်သစ်ကမ္ဘာကို လွှမ်းမိုးထားသော စီးပွားရေးစနစ်အတွင်းတွင်၊ ရုပ်ပိုင်းဆိုင်ရာ ကုန်ကြမ်းအရင်းအမြစ်များနှင့် အဓိကကျသော စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားရသည့် ကုန်စည်များအဖြစ် ရှုမြင်ကြသည်။ အရင်းအမြစ်များနှင့် ကုန်စည်များသည် ပင်ကိုယ်တန်ဖိုးမရှိကြဘဲ၊ လူသားများက ပေးအပ်ထားသော တန်ဖိုးမျှသာရှိသည်ဟု ယုံကြည်လျက်ရှိကြသည်။ သို့ငြားလည်း၊ အစောပိုင်းတွင် မှတ်ချက်ပြုခဲ့သကဲ့သို့ပင်၊ ကျမ်းတော်မြတ်ကုရ်အာန်က သက်ရှိသက်မဲ့ နှစ်ခုလုံးပါဝင်သည့် ထိုအရာများကို အလ္လာဟ်အရှင်မြတ်၏ နိမိတ်သက်သေလက္ခဏာတော်များအဖြစ်လည်းကောင်း၊ အရှင်မြတ်၏ အဖန်ဆင်းခံများအဖြစ်လည်းကောင်း၊ အရှင်မြတ်ကို နာခံရိုကျိုးကြကုန်သော အရာများအဖြစ်လည်းကောင်း၊ အရှင်မြတ် သန့်ရှင်းစင်ကြယ်ကြောင်း ဟစ်ကြွေးခေါ်ဝေါ်ကြသည့် အရာများအဖြစ်လည်းကောင်း၊ အရှင်မြတ်အား ခပ်ကိုးကွယ်ကြသည့် အရာများအဖြစ်လည်းကောင်း ဖော်ပြထားပေသည်။ အရာရာကို ပြုနိုင်စွမ်းအားရှိတော်မူသော၊ ဘုန်းအသရေတော် သန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းခဲ့သည့် မည်သည့်အရာမျှ တန်ဖိုးမဲ့သည်ဟူ၍ မရှိပါပေ။ မည်သည့်အရာကိုမျှ အမှုမှတ်မဲ့ အချည်းနှီးဖန်ဆင်းခဲ့ခြင်းမရှိပါပေ။ အရာအားလုံးကို မှန်ကန်ဖြောင့်မတ်မှုဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး၊ အရာတစ်ခုချင်းစီတိုင်းတွင် ကျွန်ုပ်တို့ လေးစားရမည့် အခွင့်အရေးများ ရှိကြပေသည်။ အဖန်ဆင်းခံ အရာအားလုံးတို့တွင် လူသားများက အသိအမှတ်ပြုလေးစားရန် တာဝန်ရှိသော အခြေခံ မချိုးဖောက်မထိပါးနိုင်မှု (*ဟုရ်မာဟ်*)ရှိကြသည်။ ၄င်းတို့အား ပေါ့ပါးသေးသိမ်အောင် သို့မဟုတ် ၄င်းတို့အား မလေးမစားပြု လျစ်လျူရှုခြင်းတို့ကို ပြုလုပ်နိုင်သည့် လွတ်လပ်မှုမရှိသည့်အပြင်၊ အချည်းနှီးဖြုန်းတီးခြင်း၊ ကုန်ခမ်းစေခြင်း၊ အဆင့်နိမ့်လျော့ကျစေခြင်း သို့မဟုတ် သေးသိမ်စေခြင်း၊ ၄င်းတို့ကို အမှတ်တမဲ့ အလေးစိုက်မှုကင်းစွာ သို့မဟုတ် စည်းလွတ်ဘောင်လွတ်ဆက်ဆံခြင်းတို့ ပြုလုပ်ရန် ပို၍ပင် လွတ်လပ်မှုကင်းမဲ့ပေသည်။ ၄င်းတို့ကို အသုံးပြုသည့်အခါ၊ ၄င်းတို့၏ ဖန်ဆင်းရှင်ကို လေးစားတန်ဖိုးထားရန်နှင့် ရိုသေလေးမြတ်ရန် ဝတ္တရားရှိပေည်။

၄.၁၁။ ကျွန်ုပ်တို့နှင့်အတူ မြေကမ္ဘာကို အတူမျှဝေနေထိုင်ကြသည့် သိမြင်ခံစားတတ်သော ကျွန်ုပ်တို့၏ ရောင်းရင်းသတ္တဝါများဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များအတွက်မူ၊ ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့ကဲ့သို့ပင် အုပ်စုအသိုက်အဝန်းများအဖြစ် ဖော်ပြထားပေသည် (၆း၃၈)။ အုပ်စုအသိုက်အဝန်းများအဖြစ် ၄င်းတို့၏ တန်ဖိုးသည် ကုန်စည်များအဖြစ် ၄င်းတို့၏ တန်ဖိုးများထက် သာလွန်ရှေ့ရောက်ပေသည်။ မည်သည့် ကုန်စည်ကိုမျှ သေးသိမ်တန်ဖိုးမဲ့စေရန် သို့မဟုတ် အလွဲသုံးခြင်း မပြုအပ်ပေ။ အားလုံးကို လေးစားသင့်ပြီး၊ အလေးဂရုပြု၍ ကိုင်တွယ်ဆက်ဆံသင့်သည်။ မည်သို့ပင်ဆိုစေ၊ အုပ်စုအသိုက်အဝန်းများကို ပို၍ မြင့်မားသော လေးစားတန်ဖိုးထားမှုနှင့် ဂရုစိုက်မှု (*သက္ကတ*)၊ သနားကရုဏာ (*ရဟ်မာဟ်*)နှင့် ကောင်းမြတ်မှု (*အဲဟ်စာန်း*)တို့ဖြင့် ဆက်ဆံကြပေသည်။ "ဘုံကောင်းကျိုး"ဟူသည်ကို မျိုးစိတ်များအားလုံးနှင့် မျိုးဆက်အားလုံးတို့၏ ကောင်းကျိုးပါဝင်သည်ဟု ထင်ရှားစွာ သဘောပေါက်နားလည်ကြသည်။

၄.၁၂။ အစ္စလာမ့်ဥပဒေတွင်၊ ရေ၊ သဘာဝစားကျက်မြေ၊ မီး (လောင်စာထင်းနှင့် စွမ်းအင်ဆိုင်ရာ အခြားသော ရင်းမြစ်များအပါအဝင်)၊ သစ်တောများ၊ သစ်ပင်လွှမ်းမြေများ၊ ငါးနှင့် တောရိုင်းတိရစ္ဆာန်များ တို့ကဲ့သို့သော အလွန်အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာပစ္စည်းများနှင့် ဘဝရှင်သန်မှု၏ ရင်းမြစ်များကို ၄င်းတို့၏ ပင်ကိုယ်သဘာဝအခြေအနေတွင် (တစ်ဦးတစ်ယောက်ပိုင်အဖြစ်) ပိုင်ဆိုင်နိုင်ခွင့်မရှိပေ။ လူအဖွဲ့အစည်းအတွင်းရှိ လူအားလုံးက ဘုံပိုင်ဆိုင်ကြခြင်းဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့် အခြားသော အုပ်စုဝင် လူပုဂ္ဂိုလ်များ၏ အခွင့်အရေးကို မထိပါး မချိုးဖောက်သရွေ့ ၄င်းတို့၏ လိုအပ်ချက်အတိုင်းအတာကိုလိုက်၍ ထိုအရာများထံမှ အကျိုးကျေးဇူးများကို ခံစားပိုင်ခွင့်ရှိပေသည်။ ထိုအရင်းအမြစ်များက အကျိုးအမြတ်ရယူပြီးနောက် အပြန်အလှန်အားဖြင့်၊ ထိုအရင်းအမြစ်များ၏ ပင်ကိုယ်တန်ဖိုးကို တတ်နိုင်သရွေ့ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ လူပုဂ္ဂိုလ်များက ထိုအရာများကို ပျက်စီးခြင်း၊ ယိုယွင်းစေခြင်း၊ သို့မဟုတ် တန်ဖိုးယုတ်လျော့နိမ့်ကျစေခြင်းတို့ ဖြစ်စေပါက၊ လူအဖွဲ့အစည်းဝင် အခြားလူပုဂ္ဂိုလ်များအားလုံး၏ အခွင့်အရေးများကို ချိုးဖောက်သည့်အတွက်၊ ထိုထိခိုက်မှုကို ပြန်လည်ပြုပြင် ကုစားပေးသည့် အတိုင်းအတာအထိ ပြန်လည်ပေးလျော်စေရန် ပြဋ္ဌာန်းသည်။[၁၂၈]

၄.၁၃။ ရင်းမြစ်များကို ထိန်းသိမ်းတည်တံ့စေခြင်းအတွက် တာဝန်ခံမှုသည် နဗီတမန်တော် မုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)က ပြဋ္ဌာန်းခဲ့သော အခြေခံကျသော ဥပဒေဆိုင်ရာ မူစည်းများနှင့် ကိုက်ညီပေသည်။ နဗီတမန်တော် မုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)က "အရာတစ်ခု၏ ကောင်းကျိုးသည် ၄င်းနှင့် တွယ်ဆက်နေသည့် ပြန်လည်ပေးလျော်ရမည့်ဝတ္တရားနှင့် အပြန်အလှန်ဖြစ်သည်"[၁၂၉]၊ ထို့အပြင် အပြန်အလှန်အားဖြင့် "အရာတစ်ခုအတွက် ပြန်လည်ပေးလျော်ရမည့်ဝတ္တရားဟူသည်မှာ ထိုအရာထံမှ အကျိုးကျေးဇူးနှင့် ယှဉ်တွဲနေသည့် ဝတ္တရားဖြစ်သည်"ဟု မိန့်ဆိုခဲ့သည်။[၁၃၀] ဘဝရှင်သန်မှုရင်းမြစ်တစ်ခုကို အကျိုးအမြတ်အတွက် အရှည်တည်တံ့စွာ သုံးစွဲပိုင်ခွင့်က ယင်းရင်းမြစ်ကို မပျောက်ကွယ်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးပွားထွန်းကားလာစေခြင်းတို့တွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် မက်လုံးပေးထားသည်။ ထိုနည်းတူစွာပင်၊ ရင်းမြစ်တစ်ခု မပျောက်ကွယ်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ စီးပွားရေး အကျိုးအမြတ်များ၏ မျှတသော ဝေစုဝေပုံကို၊ ထိုအရာကို မပျောက်ကွယ်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ဝန်ကို ထမ်းရွက်ရသည့် လူပုဂ္ဂိုလ်များထံသို့ ပေးအပ်သင့်ပေသည်။[၁၃၁] ကျွန်ုပ်တို့၏ အမြင်တွင်၊ ဤစည်းမျဉ်းများက ပြန်လည်အသစ်ဖြစ်ထွန်းနိုင်သည်ဖြစ်စေ၊ မဖြစ်ထွန်းနိုင်သည်ဖြစ်စေ ဘဝရှင်သန်မှုဆိုင်ရာ ရင်းမြစ်များအားလုံးကို ဝန်နှင့်အား ထိရောက်စွာနှင့် အကန့်အသတ်ဖြင့်သာ

အသုံးပြုရန် ပြဋ္ဌာန်းထားသည်။ အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သော ရင်းမြစ်များကို အရှည်တည်တံ့စေမည့်နည်းလမ်းဖြင့်သာ အသုံးပြုသင့်သည်။ ၄င်းတို့ ပြန်လည်ရှင်သန်ထွန်းကားမည့် နှုန်းထက် ကျော်လွန်၍ ၄င်းတို့ကို သတ်ဖြတ်ရိတ်သိမ်းခြင်း မပြုအပ်ပေ။ အသစ်ပြန်လည်မဖြစ်ထွန်းနိုင်သော ရင်းမြစ်များကိုမူ အရှည်တည်တံ့စေမည့် နည်းလမ်းဖြင့် အသုံးပြုရန် မဖြစ်နိုင်သော်လည်း၊ ၄င်းတို့ကို ပြန်လည်အသုံးပြုခြင်း၊ လျော့၍ သုံးစွဲခြင်းနှင့် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သော အစားထိုးအရာများ သုံးစွဲခြင်းတို့ဖြင့် ၄င်းတို့၏ သက်တမ်းများကို ရှည်လျားစေသင့်ပါသည်။[၁၃၂]

၄.၁၄။ **အကျိုးခံစားခွင့် တစ်ဖြစ်လဲ ပုဂ္ဂလိကပိုင်ပစ္စည်း။** အစ္စလာမ့်ဥပဒေက ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုအတွက် လိုအပ်မှုကို အတည်ပြုပေးသည်။ သို့သော်လည်း၊ ထိုပိုင်ဆိုင်မှုသည် အကြွင်းမဲ့မဟုတ်ချေ။ ယင်းသည် အကျိုးခံစားခွင့်သဘောတရားနှင့် နီးစပ်ပေသည်။ ၁၄ရာစုနှစ် ဥပဒေပညာရှင် အဘူလ် ဖရာ့ချ် အဗ္ဗဒါရ် ရဟ်မာန် အစ်ဗနေ ရဂျားဘ်၏ စကားဖြင့်ဆိုရပါက၊ "ပစ္စည်းဥစ္စာတို့၏ တစ်ပါးတည်းသော ပိုင်ရှင်အစစ်အမှန် အလွန်တရာသန့်ရှင်းစင်ကြယ်တော်မူသော၊ ချီးမွမ်းခြင်းခံထိုက်တော်မူသော ၄င်းတို့၏ ဖန်ဆင်းရှင်သာဖြစ်သည့်အတွက်၊ လူတို့အနေဖြင့် အမှန်စင်စစ်အားဖြင့် ပစ္စည်းဥစ္စာများကို မပိုင်ဆိုင်ပေ။ အမှန်အားဖြင့်၊ ပို့ချထင်ရှားစေပြီးသော ဥပဒေတော်မြတ်က ခွင့်ပြုထားသည့် ပုံစံအားဖြင့်သာ ထိုအရာတို့ထံမှ အကျိုးခံစားခွင့်မှလွဲ၍ မည်သည့်အရာတစ်ခုကိုမျှ လူသားတို့ မပိုင်ဆိုင်ကြပေ။"[၁၃၃] ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်ခွင့်ကို တိတိကျကျ တင်းကျပ်စွာ ကာကွယ်ပေးထားသော်လည်း၊ ၄င်းတို့ကို အသုံးပြုခြင်းအပေါ် အရေးပါသော ကန့်သတ်ချက်များရှိပေသည်။ ထိုကန့်သတ်ချက်များအနက်မှ အရေးကြီးသော ကန့်သတ်ချက်များမှာ အခွင့်အရေးများကို မတော်မတရားသုံးစွဲခြင်းနှင့် သက်ဆိုင်သည့် ကန့်သတ်ချက်များပင်ဖြစ်သည်။[၁၃၄]

၄.၁၅။ **မဖျက်ဆီးရ။** နဗီတမန်တော် မုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)က "ပျက်စီးဆုံးရှုံးစေခြင်း ဖျက်ဆီးခြင်း မပြုရ၊ ထို့ပြင် ဖျက်ဆီးမှုအားဖြင့် လက်တုံ့ပြန်ခြင်းမပြုရ (*လာ ဒ့ါရာ ဝ လာ ဒိရားရ်)* ဟု ကြေညာမိန့်မြွက်ခဲ့ပေသည်။[၁၃၅] ထိုနည်းနှင့်နှင်ပင်၊ အစ္စလာမ့် ဥပဒေပညာရှင်များ (ဓမ္မသတ်ပညာရှင်များ)က လူတစ်ဦးသည် မိမိ၏ အခွင့်အရေးကို ကျင့်သုံးခြင်းအားဖြင့် အခြားသူတစ်ဦးကို ထိခိုက်နစ်နာစေမှုဖြစ်စေရန် ရည်ရွယ်ပါက သို့မဟုတ် ယင်းအခွင့်အရေးကို ကျင့်သုံးခြင်းက ၄င်းကို ပိုင်ဆိုင်သူကို လျောက်ပတ်ဆက်နွယ်သော အကျိုးကျေးဇူးမဖြစ်စေဘဲ အခြားသူတစ်ဦးကို ထိခိုက်နစ်နာစေမှု ဖြစ်စေလျှင်၊ သို့မဟုတ် ယင်းကို ပိုင်ဆိုင်သူကို အကျိုးကျေးဇူးဖြစ်စေသော်ငြားလည်း၊ ယင်းအခွင့်အရေးကျင့်သုံးမှုက အခြားသော လူပုဂ္ဂိုလ်များအပေါ် အလွန်အကျူး ထိခိုက်နစ်နာစေမှုဖြစ်စေလျှင်လည်းကောင်း၊ လူအဖွဲ့အစည်းနှင့် အဖန်ဆင်းခံအားလုံးတို့ တစ်လုံးတစ်ဝတည်း (*အလ် ခလ်ဂ်)*အပေါ် ယေဘုယျသဘော ထိခိုက်နစ်နာစေမှုဖြစ်စေခဲ့လျှင် ထိုသူသည် မိမိ၏ အခွင့်အရေးကို ပျက်ပြယ်စေသည်ဟု အဆုံးအဖြတ်ပြုခဲ့ကြသည်။ ဂေဟစနစ်များကို ယိုယွင်းထိခိုက်စေခြင်းနှင့် ဇီဝမျိုးကွဲစုံလင်မှုကို လျော့နည်းစေခြင်းတို့သည် ယေဘုယျသဘော ထိခိုက်နစ်နာဆုံးရှုံးမှုဟူသော ခေါင်းစဉ်အောက် ထင်ရှားစွာ ကျရောက်ပါသည်။

၄.၁၆။ မွတ်စ်လင်မ် ဥပဒေပညာရှင်(ဓမ္မသတ်ပညာရှင်)များ၏ ရေအခွင့်အရေးကို ခွဲဝေနေရာချမှုကိစ္စတွင် ကျွမ်းကျင်ပိုင်နိုင်မှုက အလွန်ခြောက်သွေ့သော အရှေ့အလယ်ပိုင်းဒေသနှင့် အတော်အတန်ခြောက်သွေ့သော အရှေ့အလယ်ပိုင်းဒေသတို့ရှိ ယဉ်ကျေးမှုများက ရှားပါးသော အရင်းအမြစ်များကို ဂရုတစိုက်ကြီးကြပ်ရာတွင်၊ ထို့ပြင် ၄င်းတို့ကို စီမံခန့်ခွဲခြင်းကို အစ္စလာမ့် ကျင့်ဝတ်ဘောင်အတွင်း သွတ်သွင်းခြင်းကိစ္စတို့တွင် ထောင်စုနှစ်များနှင့်ချီ၍ ရရှိလာခဲ့သော အတွေ့အကြုံများမှ အနှစ်သာရစစ်ထုတ်ရရှိပိုင်ဆိုင်ထားမှုကို ကိုယ်စားပြုပေသည်။ သက်ရှိအားလုံးကို ပြုလုပ်ထားသော၊ ထို့ပြင် သက်ရှိတစ်ခုချင်းစီတိုင်းက မှီခိုနေရသော ဤအရေးကြီးဆုံး သက်ရှိဘဝတို့၏ ရင်းမြစ်က

ယခင်က ပေါများခဲ့လှသော်လည်း၊ ယခုအခါ တိုး၍ တိုး၍ ရှားပါးလာပြီဖြစ်သော သက်ရှိဘဝတို့၏ အခြားသော ရင်းမြစ်များနှင့် သက်ဆိုင်သော အခွင့်အရေးများကို ခွဲတမ်းချခြင်းကိစ္စအတွက် သာဓကပြသော အခြေခံအဖြစ် ဆောင်ရွက်ပေးနိုင်ပေသည်။[၁၃၆]

၄.၁၇။ အစ္စလာမ့်ယဉ်ကျေးမှု၏ သြချလောက်စရာအကောင်းဆုံး ဖြစ်ထွန်းအောင်မြင်မှုများအနက်မှ တစ်ခုမှာ ယိမင်နှင့် အိုမန်မှ အီရန်နှင့် တာကစ္စတန်၊ မြောက်အာဖရိကနှင့် အန်ဒလူးဆီးယား၊ အိန္ဒိယနှင့် အရှေ့တောင်အာရှတို့အထိ လွှမ်းခြုံသော အစ္စလာမ်ယဉ်ကျေးမှုများက ဤရေအခွင့်အရေးများနှင့် သက်ဆိုင်သည့် အညွှန်းဘောင်အတွင်း ဖွံ့ဖြိုးတိုးတက်စေခဲ့သော အောင်မြင်ထွန်းကားလာသည့် သီးနှံစိုက်ခင်းစိုက်ပျိုးရေးလုပ်ငန်းများပင်ဖြစ်သည်။[၁၃၇] အစ္စလာမ့်ယဉ်ကျေးမှု၏ စိုက်ပျိုးမွေးမြူရေး ရိုးရာအမွေအနှစ်ကို "ပျိုးထောင်စိုက်ပျိုးရေး"ဟု အဓိပ္ပါယ်ဆောင်သော်လည်း၊ "အောင်မြင်တိုးတက်ထွန်းကားခြင်း"ဟုပါ အဓိပ္ပါယ်ရသည့် အာရဗီဝေါဟာရအားဖြင့် *ဖစ်လ်လာဟာ* ဟု ယေဘုယျအားဖြင့် သိကြသည်။[၁၃၈] ဤအဓိပ္ပါယ်နှစ်ခွထွက်မှုကို ဟစ်ဘဟ် အကြောင်း ကျမ်းငယ် ပြုစုရေးသားသူက "စိုက်ပျိုးမွေးမြူရေးသည် ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်ဖြစ်သည်၊ အကြောင်းမှာ စားနပ်ရိက္ခာအားလုံးအပြင် ထိုယဉ်ကျေးမှုမှ သယ်ဆောင်လာသော အဓိက အကျိုးကျေးဇူးများနှင့် ကောင်းချီးများကို ယင်းမှ ဆင်းသက်ရရှိလာခြင်း ဖြစ်သည်။"[၁၃၉] *ဖစ်လ်လာဟာဟ်* ၏ သီးနှံပန်းမာလ်စိုက်ပျိုးခြင်းအတတ် နည်းလမ်းများကို မိုးရေနှင့် မြေဆီလွှာတို့ကို သိုလှောင်ထိန်းသိမ်းထားရန်အတွက် ယီမင်၊ အိုမန်၊ အင်ဒိုနီးရှားနှင့် အခြားသော အစ္စလာမ်နိုင်ငံများတွင် ဖန်တီးဖြစ်ပေါ်စေခဲ့သော အဆင့်မြင့်စွာ ပြုပြင်မြှင့်တင်ထားသည့် မြေပြင်ခြင်းဆိုင်ရာ နည်းပညာများဖြင့် အထောက်အကူပေးထားခဲ့သည်။ အီရန်နှင့် အိုမန် (နှင့် ယခင်က ဟိဂျာဇ်ရှိ အိုင်းန် ဇူဘေဒါဟ်)နှင့် အန်ဒလူးဆီးယားတို့တွင် မြေအောက်နှင့် မြေပေါ် တူးမြောင်းများလည်း ရှိခဲ့ကြသည်။ ထို ရေတူးမြောင်းများကို အာရေဗီးယားကျွန်းဆွယ်တွင် *ဖလဂ်* (ဗဟုဝုစ်ကိန်း *အဖ်လားဂ်*)ဟု သိမှတ်ကြပြီး၊ ပါရှန်းစကားပြောတိုင်းပြည်များတွင်မူ ကနားဇ် သို့မဟုတ် ကာရိဇ် ဟု သိမှတ်ခေါ်ဝေါ်ကြသည်။[၁၄၀]

၄.၁၈။ ခလီဖွာသမ္မတကြီး အလီ အစ်ဗနေ အဘီ တွာလစ်ဘ်က အီဂျစ်ကို အုပ်ချုပ်ရန် ၄င်းရွေးချယ်ခဲ့သော မာလစ်က် အယ်အဆ်ရှ်တာ အန်-နခါဟီထံသို့ "အသင်သည်...အခွန်ဝင်ငွေများ ကောက်ခံခြင်းထက် မြေကို ထွန်ယက်ပျိုးထောင်စိုက်ပျိုးခြင်းအပေါ် ပို၍ အာရုံစူးစိုက်ပါလေ၊ အကြောင်းမှာ စိုက်ပျိုးခြင်းမရှိဘဲ အခွန်ဝင်ငွေများ မရရှိနိုင်သည့်အတွက်ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးခြင်းမရှိဘဲ အခွန်ဝင်ငွေကို တောင်းဆိုမှုပြုသူတိုင်းသည် မြေကို ယိုယွင်းပျက်စီးစေပြီး၊ ပြည်သူများအထံ ပျက်စီးဆုံးရှုံးမှုကို သယ်ဆောင်လာသူဖြစ်သည်။ ထိုသူ၏ အုပ်ချုပ်မှုသည် အခိုက်အတန့်မျှသာ ရှည်ကြာလိမ့်မည်။"[၁၄၁]ဟု ဖော်ပြထားသည့် မြေကို ထွန်ယက်စိုက်ပျိုးခြင်း (*အင်မ်မာရှသ် သလ်အရ်သ်*)ပြုရန် လိုအပ်မှုကို အလေးပေးထားသည့် ကောင်းမွန်သော အုပ်ချုပ်မှုနှင့်ဆိုင်သည့် စာတစ်စောင်ရေးသားခဲ့ပါသည်။ စွန့်ပစ်ထားသည့်မြေကို ပြန်လည်အသုံးပြုနိုင်အောင် ပြင်ဆင်ပြီး၊ တိုးတက်ကောင်းမွန်စေခဲ့သည့် လူတစ်ဦးကို အကြံပြုစကားဆိုရာတွင်၊ ခလီဖွာသမ္မတကြီး အလီက ဤသို့ဆိုရင်း မြေကို အသုံးပြုခြင်းနှင့် သက်ဆိုင်သည့် အစ္စလာမ့်ကျင့်ဝတ်တရားကို ပြေပြစ်စွာ အနှစ်ချုပ်တင်ပြခဲ့ပါသည် "အသင်သည် အကျိုးပြုသူဖြစ်နေပြီး၊ ပျက်စီးယိုယွင်းစေသူမဖြစ်သမျှကာလပတ်လုံး၊ ထွန်ယက်စိုက်ပျိုးသူဖြစ်ပြီး၊ ဖျက်ဆီးသူမဖြစ်သမျှကာလပတ်လုံး၊ ဤမြေကို ဝမ်းမြောက်စွာ ယူငင်ပိုင်ဆိုင်ပါလော့။"[၁၄၂]

အကြွေးတင်နေသော ကျွန်ုပ်တို့၏ ကမ္ဘာကြီး - မလျော်မကန်အသုံးချ၍ ဖွံ့ဖြိုးမှု သို့မဟုတ် အကျိုးပြုခြင်းအားဖြင့် ဖွံ့ဖြိုးမှု

၄.၁၉။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဆောက်အဦကို ယခုအခါ သဘာဝလောကကြီးကို ဝါးမြိုနေပြီဖြစ်သည့် အယောင်ဆောင်ခမ်းနားမှုသဏ္ဌာန်အပေါ် တည်ဆောက်ထားခြင်းဖြစ်သည်။ ငွေကြေးပိုက်ဆံသည် စိတ်ကူးယဉ် ဇာတ်လမ်းသာဖြစ်ပြီး၊ ၄င်းကို "သူ့ချည်းသက်သက် မည်သည့် ကိုယ်ပိုင်တန်ဖိုးမှ မရှိဘဲ၊ မည်သည့်အရာတစ်ခုခုနှင့်မျှ တိုက်ရိုက်ဆက်နွယ်ချက်မရှိသည့် ဗလာသဘော သက်သေတစ်ခု"[၁၄၃] အဖြစ် ဖော်ပြကြသည်။ "ပိုက်ဆံကို တီထွင်ဖန်တီးသည့် နည်းလမ်းနှင့် ပတ်သက်၍ အတန်ငယ် မှော်ဆန်သည့်အရာ တစ်ခုခု ရှိနေပေသည်။ အခြားမည်သည့် ကုန်စည်မျှ ထိုနည်းနှင့်နှင် အလုပ်မဖြစ်ကြပေ။ ပိုက်ဆံပုံပိုးမှုက အသုံးပြုခြင်းမှတစ်ဆင့် ကြီးထွားလာသည်၊ ကြွေးမြီမှတစ်ဆင့် ကျယ်ပြန့်လာသည်။ ကျွန်ုပ်တို့က (သူများထံသို့)ပိုချေးလေလေ ကျွန်ုပ်တို့တွင် ပိုက်ဆံပိုရှိလာလေလေဖြစ်သည်။ အကြွေးများလာလေလေ၊ ပိုက်ဆံပိုများလာလေလေဖြစ်သည့်"[၁၄၄] အားလျော်စွာ ပိုက်ဆံကို သင်္ကေတသက်သက်မျှသာ အသိအမှတ်ပြုလာကြခြင်းဖြစ်သည်။ အရှည်မတည်တံ့နိုင်သည့် စီးပွားရေးတိုးတက်မှုတစ်ခုက ကျားကန်ပေးထားသည့် စားသုံးမှုပုံစံကို ပံ့ပိုးပေးခြင်းအားဖြင့် အလွန်အကျွံထူပြောလာသော ကြွေးမြီသည် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ် ပြိုလဲပျက်စီးမှု၏ တိုက်ရိုက်အကြောင်းတရားတစ်ခုဖြစ်သည်။ ဤအစဉ်တိုးလာနေသာ ကြွေးမြီပမာဏက အကန့်အသတ်နှင့်သာ ရှိသည့် ကမ္ဘာမြေကြီး၏ စစ်မှန်ပြီး၊ လက်ဆုပ်လက်ကိုင်ပြနိုင်သော အရင်းအမြစ်များကို အပြီးတိုင်ပျက်သုဉ်းစေမှုကို အချိန်မည်မျှကြာကြာ ကျွန်ုပ်တို့ ခွင့်ပြုထားနိုင်မည် မို့ပါနည်း။[၁၄၅]

၄.၂၀။ ***ရီဘာ။*** အစ္စလာမ်က *ရီဘာ* ကို တားမြစ်ပိတ်ပင်ထားပြီး၊ ၄င်းသည် အတိုးအညွှန့် သို့မဟုတ် အတိုးယူခြင်းအပါအဝင်၊ ကုန်သွယ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများမှ ရရှိသော မမျှမတ ဂုတ်သွေးစုပ်ခြင်းဆန်သည့် အကျိုးအမြတ်ပင်ဖြစ်သည်။ ရီဘာကို အကြွေးမြီတစ်ခုပုံစံဖြင့် ဘာမျှမရှိသည့်အရာမှ ငွေကြေးဖြစ်ပေါ်စေခြင်းနှင့် အကြွေးတစ်ခုအပေါ် အတိုးယူခြင်းနှင့်လည်း သက်ဆိုင်သကဲ့သို့၊ ယေဘုယျအားဖြင့် စီးပွားရေးအရ မတရားမှုနှင့်လည်း သက်ဆိုင်ပေသည်။ ကျမ်းတော်မြတ်ကုရ်အာန်က အတိုးစားသုံးခြင်းမှတစ်ဆင့် အခြားသူများအပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်သူများကို ပြစ်တင်ရှုံ့ချထားပြီး၊ ကျွန်ုပ်တို့အား ဤသို့ သတိပေးထားပါသည်။

"လူများ၏ ဓနဥစ္စာတွင် ရောနှောတိုးပွားစေရန် အသင်တို့ အတိုးပေးခြင်းသည် အလ္လာဟ်၏ အထံတော်တွင် ယင်းသည် တိုးပွားသည် မဟုတ်ချေ။ စင်စစ် အလ္လာဟ်၏ ကျေနပ်နှစ်သက်မှုကို လိုလားလျက် အသင်တို့သည် ဇကာသ်ပေးဆောင်ပါလျှင် ထိုသူများသည်သာလျှင် (ယင်းကို) တိုးပွားအောင်ပြုသူများဖြစ်ကြ၏" (၃၀း၃၉)။

"အလ္လာဟ်သည် အတိုးအညွှန့်ကို ဆုတ်ယုတ်ပျက်စီးစေတော်မူ၍ (ပေးကမ်းစွန့်ကြဲသုံးစွဲကြကုန်သော) အလှူဝတ္ထုများကိုမူ တိုးပွားစေတော်မူ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်ကျေးဇူးကန်သူနှင့် ပြစ်မှုဒုစရိုက်များ ကျူးလွန်သော မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချစ်ခင်နှစ်သက်တော်မူသည် မဟုတ်ချေ" (၂း၂၇၆)။

*ရီဘာ*က ငွေကြေးပြည့်စုံသူက လိုအပ်သူများကို အမြတ်ထုတ်နိုင်စေသော၊ အတိုးအရင်းပေါင်းခြင်းဖြင့် တိုးပွားလာနေသော အမှန်တကယ်မရှိနေသည့်အရာမှ ဖန်တီးထားသော ငွေရင်းကို ပြန်လည်ပေးဆောင်ရန်အတွက် ငွေးချေးသူကို ပို၍ ပင်ပင်ပန်းပန်း အလုပ်လုပ်စေရန် အဓမ္မခိုင်းစေသော၊ လုပ်ပိုင်ခွင့်အာဏာစွမ်းပကားရှိသူက ကူကယ်ရာမဲ့သူကို အနိုင်အထက်ပြုသော အာဏာအခြေခံ ဆက်ဆံရေးတစ်ရပ်ကို ထင်ရှားပြသလျက်ရှိသည်။ ကြွယ်ဝချမ်းသာသူများက

၄င်းတို့၏ လိုသည်ထက်ပိုစွာ ကိန်းခန်းကြီးသည့် လူနေမှုပုံစံများနှင့် နေထိုင်စေနိုင်ရန်အတွက် အမှန်တကယ်မတည်ရှိနေသော ပိုက်ဆံကို အသုံးပြုကြသည်။ ယင်းက အဆုံးသတ်တွင် ကမ္ဘာတစ်လွှားရှိ ဂေဟစနစ်များကို ယိုယွင်းပျက်စီးစေလေသည်။[၁၄၆]

၄.၂။ ***ဇကားသ်။*** *ရီဘာ*သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်အတွက် အဓိကကျလွန်းသည့်အတွက်၊ ၄င်းမရှိသည့် ကမ္ဘာတစ်ခုကို စီးပွားရေးပညာရှင်တို့ စိတ်ကူးမြင်ယောင်ကြည့်ရန် မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ သို့သော်လည်း၊ လွန်ခဲ့သော ထောင်စုနှစ်၏ အချိန်အများစုတစ်လျှောက်လုံး၊ အတိုးစားခြင်းကို ခရစ်ယာန်သာသနာလွှမ်းမိုးသော ဥရောပအပြင် အစွန်လာမ်ကမ္ဘာတို့တွင် တားမြစ်ပိတ်ပင်ထားခဲ့ကြသည်။ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုအပေါ် အခြေခံထားသည့် စီးပွားရေးအဆောက်အဦနှင့် ဆန့်ကျင်စွာပင်၊ အပြစ်များကို စင်ကြယ်စေသော အလှူဒါန *(သဇ်ကီယာဟ်)*မူစည်းမျဉ်းအပေါ် အခြေခံပြီး၊ ကြွယ်ဝချမ်းသာမှုအပေါ် ကောက်ခံသည့် မပေးမနေရ အခွန်တည်းဟူသော၊ ဆွလားသ်ဝတ်ပြုမှုနှင့် တန်းတူတာဝန်ဖြစ်သည့် ဇကားသ်[၁၄၇] အားဖြင့် သာဓကပြုထားသည့် စီးပွားရေးအဆောက်အဦတစ်ခု၏ မြင်ကွင်းကို မွတ်စ်လင်မ် စီးပွားရေးပညာရှင်များက ဖိတ်ခေါ်ပြသကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်က "အသင်တို့သည် ဆွလားသ် ဝတ်ပြုခြင်းကို အမြဲတစေ ဆောက်တည်ကြလေကုန်၊ ၄င်းအပြင် အသင်တို့သည် ဇကားသ် တရားဝင်ဒါနကြေးများကိုလည်း ပေးဆောင်ကြလေကုန်..."(၂း၁၁၀)ဟု အမိန့်ပေးထားတော်မူသည်။ ကြွယ်ဝချမ်းသာမှုမှ အပိုအလျှံများကို မျှဝေပေးကမ်းခြင်းဖြင့် ထိုဥစ္စာဓနများကို စင်ကြယ်သန့်ရှင်းစေသကဲ့သို့ပင်၊ ကြွယ်ဝချမ်းသာသူများမှ လိုအပ်နေသူများထံသို့ ပစ္စည်းဥစ္စာများ လည်ပတ်စီးဆင်းခြင်းအားဖြင့် လူ့အဖွဲ့အစည်းများကို စင်ကြယ် သန့်ရှင်းစေလေသည်။[၁၄၈] ဤသို့ စင်ကြယ်သန့်ရှင်းမှုဖြစ်စေရန် အခြားသော ပုံပိုးကူညီပေးမှုများတွင် ဆဒ္ဒကာဟ် (မိမိဆန္ဒအလျောက်ပြုသည့် ဒါန၊ အလှူအတန်း)၊ အောင်ဝ်ကားဖ် (အလှူဒါနဆန်သော ပေးအပ်မှုများ)၊ အင်နိဖားက် (လိုအပ်ချက်ရှိသော ဆွေမျိုးသားချင်းများနှင့် အိမ်မွေးတိရစ္ဆာန်များက လူတစ်ဦး၏ ကြွယ်ဝမှုအတွင်း တောင်းဆိုနိုင်သည့် အခွင့်အရေးရှိစေသာ ထောက်ပံ့ကူညီမှု)နှင့် အတိုးမပါသော၊ ချမ်းသာကြွယ်ဝသူများအနေဖြင့် လိုအပ်နေသူများထံ ပေးကြရန် ကုရ်အာန်က တိုက်တွန်းထားသော ချေးငှားမှုတည်းဟူသော ကဒ် ဟဆန် (လှပတင့်တယ်သော ချေးငှားမှု)တို့ ပါဝင်ပါသည်။

အသင်တို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် နာခံကြလေကုန်။ ထို့မှတပါး၊ အသင်တို့သည် မိမိတို့ကိုယ်တိုင် ကောင်းစားရန် သုံးစွဲ(လှူဒါန်း)ကြလေကုန်။ စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုမှ လွတ်ကင်းပါမူ ယင်းသူတို့သည်သာလျှင် အောင်မြင်သူများဖြစ်ကုန်၏။ အကယ်၍ အသင်တို့သည် အလွှာဟ်အရှင်မြတ်အား ကောင်းမြတ်စွာ ချေးငှားကြသည်ရှိသော်၊ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ယင်းချေးငှားခြင်းကို ဆထက်တိုးပွားတော်မူပေမည်....(၆၄း၁၆-၁၇)။

ကျမ်းတော်မြတ်ကုရ်အာန်က ဤသို့ ထပ်လောင်း အတည်ပြုထားသည်။

"အသင်တို့သည် မိမိတို့ နှစ်သက်ကြကုန်သော ဥစ္စာပစ္စည်းများအနက်မှ လှူဒါန်းသုံးစွဲခြင်း မပြုသမျှ ကာလပတ်လုံး၊ မြင့်မြတ်သော အကျင့်တရားအစစ်အမှန်(၏ အကျိုးကျေးဇူး)ကို မည်သည့်အခါမျှ ရရှိနိုင်မည်မဟုတ်ပေ။ ၄င်းအပြင် မည်သည့်အရာကိုမဆို အသင်တို့ လှူဒါန်းသုံးစွဲကြပါမူ အလွှာဟ်အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့ သိတော်မူသော အရှင် ဖြစ်တော်မူသည်" (၃း၉၂)။

ခြိုးခြံခွေတာမှုနှင့် အလွန်အကြူးဖြုန်းတီးမှုအကြား

၄.၂။ ***အစ်ကသိဆွားဒ် နှင့် အစ်ရားဖ်။*** ခွေတာမှု၊ အလိမ္မာဉာဏ်ရှိမှု၊ အစွန်းမရောက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ဟု အဓိပ္ပါယ်ဆောင်သည့် အာရဗီစကားလုံး *အစ်က်သီဆွားဒ်* ဟူသည် အစ္စလာမ်သာသနာတွင် စီးပွားရေးပညာရပ်အတွက် အဓိက သုံးစွဲသည့် စကားရပ်ဖြစ်သည်။[၁၄၉] နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)က ဤသို့ပြောဆိုခဲ့သည်ဟု မှတ်တမ်းရှိပါသည် "ကြွယ်ဝချမ်းသာမှုနှင့် သုံးစွဲမှုတွင် ဖြုန်းတီးရာရောက်သော လိုအပ်သည်ထက်ပိုမိုကာ အလွန်အကျွံသုံးဖြုန်းမှုကို သတိမူကြလော့။ သတိမူကြရန် အသင်တို့တွင် တာဝန်ရှိပေသည်၊ အကြောင်းမူကား မိမိတို့၏ သုံးစွဲမှုတွင် ဆင်ဆင်ခြင်ခြင်ရှိကြကုန်သော မည်သူ့ကိုမျှ ဆင်းရဲတွင်းသို့ ပို့ဆောင်ခဲ့ခြင်း မရှိသေးသည့်အတွက်ဖြစ်သည်။"[၁၅၀] ကျမ်းတော်မြတ်ကုရ်အာန်က လူသားတို့အား အစွန်းရောက်မလွန်ကျူးခြင်း၊ ဟန်ချက်ညီမျှတခြင်းနှင့် ထိန်းထိန်းသိမ်းသိမ်းရှိခြင်းတို့ဆီသို့ လမ်းညွှန်ထားပေသည်။[၁၅၁] အလွန်တရာသနားကြင်နာတော်မူသော အရှင်၏ စစ်မှန်သော ကျွန်များအား ကျမ်းတော်မြတ်ကုရ်အာန်က ***"ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းနှီး ဖြုန်းတီးကြသည်လည်း မဟုတ်ပေ။ စိစစ်စေးနှဲကြသည်လည်းမဟုတ်ပေ။ ထိုနှစ်ခု၏ အကြားတွင် မလွန်မယုတ် အလယ်(အလတ် သုံးစွဲမှု)သာလျှင် ဖြစ်ပေသတည်း"*** (၂၅း၆၇)ဟု ဖော်ပြထားပေသည်။ မလွန်ကျူးခြင်းက မျှတခြင်း (*ကစ်သ်*)နှင့် ယင်းနှင့် နွယ်ဆက်နေသော ဟန်ချက်ညီမျှမှုဆီသို့ တိမ်းညွတ်ပြီး၊ မလွန်ကျူးအောင် ထိန်းသိမ်းမှုမရှိခြင်းက စည်းဘောင်ချိုးဖောက်လွန်ကျူးမှုနှင့် မတရားမှုတို့ကို အထောက်အပံ့ဖြစ်စေပြီး၊ အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းခြင်းကို တည်ဆောက်ဖြစ်ထွန်းစေခဲ့ရာတွင် အသုံးပြုခဲ့သော ဟန်ချက်ညီမှုကို နှောင့်ယှက်ဖျက်ဆီးလေသည်။[၁၅၂] ကျမ်းတော်မြတ်ကုရ်အာန်က အချည်းနှီးဖြုန်းတီးခြင်းဆန်သော အလွန်အကျွံဖြစ်မှုကို ရှုံ့ချရာတွင် အလွန်ရှင်းလင်းပြတ်သားလှသည်၊ "...စားသောက်ကြလေကုန်။ ထို့ပြင် အသင်တို့သည် (ယင်းစားသောက်ဖွယ်ရာများကို) မဖြုန်းတီးကြကုန်လင့်။ အကြောင်းသော်ကား ထိုအရှင်မြတ်သည် ဖြုန်းတီးသူများအား နှစ်သက်တော်မူသည် မဟုတ်ပေ" (၇း၃၁၊ ထို့ပြင် ၆း၁၄၁ ကိုလည်းကြည့်)။ လူသိများသော ဟဒီးစ်တော်တစ်ရပ်ကလည်း အလွန်ပေါကြွယ်လှသော ရင်းမြစ်ကို သုံးစွဲခြင်းတွင်ပင်၊ ဖြုန်းတီးမှုကို မည်မျှ စက်ဆုပ်ဖွယ်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြဆိုထားပေသည်။*...အလ္လာဟ်အရှင်မြတ်၏ ရုစူလ်တမန်တော် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေ)သည် သာဝကကြီး ဆအ့ဒ်က ဆွလားသ် ဝတ်ပြုရန် ဥဒူးပြုကိုယ်လက်သန့်စင်နေစဉ်၊ ၎င်း၏ အနီးမှ ဖြတ်သွားပြီး၊ ဤသို့ မိန့်ကြားတော်မူခဲ့၏ "အို..ဆအ့ဒ်၊ ဤအလွန်အကျူးပြုမှုသည် အဘယ်နည်း။" သူက ပြန်လည်ဖြေကြားခဲ့သည် "ဆွလားသ်ဝတ်ပြုရန် ဆေးကြောသန့်စင်ခြင်းတွင် အလွန်အကျူးပြုမှု ရှိပါသလား"၊ နဗီတမန်တော်က "ရှိတယ်။ အကယ်၍ အသင်ဟာ စီးဆင်းနေသာ မြစ်ကမ်းဘေးတွင် နေခဲ့လျှင်ပင် အလွန်အကျူးဖြုန်းတီးမှုရှိ၏"ဟု မိန့်မြွက်တော်မူခဲ့၏။"*[၁၅၃]

ဤသို့အားဖြင့်၊ အခြားပို၍ရှားပါးသော သဘာဝတွင်းထွက်များနှင့် ဇီဝရင်းမြစ်များ မည်သည့်အရာကိုမဆို မဆိုထားဘိ၊ လေ၊ မြေ၊ ပင်လယ်သမုဒ္ဒရာများနှင့် ယခင်ကအလွန်ကျယ်ပြောခဲ့သော သစ်တောများကဲ့သို့သော ပေါများကြွယ်ဝလှသည့် ရင်းမြစ်များကိုပင်လျှင် အချည်းနှီးဖြုန်းတီးရာရောက်သော သုံးစွဲမှုကို တားမြစ်ထားလေသည်။

၄.၂၃။ **အလွန်အကျွံစားသုံး(အသုံးပြု)ခြင်း။** အလ္လာဟ်အရှင်မြတ်သည့် ကျွန်ုပ်တို့ လိုအပ်သမျှအရာအားလုံးအပြင် ထိုတက်ပိုမိုစွာ ချီးမြှင့် ထောက်ပံ့ထားသော်လည်း၊ လူသားတို့၏ လောဘလိုအင်သည်ကား အတိုင်းမသိပါပေ။ အစ္စလာမ်နည်းကျ လောကအမြင်တွင်၊ အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်အရှင်သခင်ဖြစ်တော်မူသော ကျွန်ုပ်တို့၏ အရှင်ကို ကျေးဇူးမသိတတ်မှု အမျိုးအစားတစ်ခုအဖြစ် လောဘဇောကို မှတ်ယူထားပေသည်။

ကေန်မလွဲ လူသားသည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကျေးဇူးကန်းသူဖြစ်၏။ ထို့ပြင်၊ ထိုလူသည် ကျေးဇူးကန်းမှုနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင်ပင် သက်သေဖြစ်၏။ ထို့ပြင် ကေန်စင်စစ် လူသည် ဓနဥစ္စာကို ခုံမင်ခြင်း၌ လွန်စွာပြင်းထန်၏။ (၁၀၀း၆-၈)

ဥစ္စာဓနတို့အား သူ့ချည်းသက်သက်အတွက် စုဆောင်းစုပုံစေခြင်း (အချို့သော စီးပွားရေးစနစ်များတွင် ဤသည်ကို ဖြစ်ထိုက်သော ရည်မှန်းချက်ပန်းတိုင်ဟု မှတ်ယူကြသည်)ကို အားမပေးပေ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် 'အပြိုင်အဆိုင်ပြုခြင်း'ဟု ကင်ပွန်းတပ်ထားသည့် ကဏ္ဍတွင် ဤသို့ အသိပေးကြေညာထားတော်မူ၏။

(ဥစ္စာပစ္စည်း၊ သားသမီးအစရှိသော လောကီစည်းစိမ်)ပေါများကြွယ်ဝမှုနှင့် စပ်လျဉ်း၍ လောဘရမ္မက်တို့သည် အသင်တို့အား (တမလွန်ဘဝကို) လျစ်လျူရှု ပေါ့တန်စေခဲ့၏။ နောက်ဆုံးတွင် အသင်တို့သည် သင်္ချိုင်းများကို တွေ့မြင်ခဲ့ကြရလေသည်။ သတိပြုကြလေကုန်၊ အသင်တို့သည် မကြာမြင့်မီပင် သိရှိလာကြပေမည်။ တစ်ဖန် သတိပြုကြလေကုန်၊ အသင်တို့သည် မကြာမြင့်မီပင် သိရှိလာကြပေမည်။ အကယ်၍သာ အသင့်တို့သည် တပ်အပ်သေချာစွာ သိခြင်းအားဖြင့် သိရှိကြသည် ရှိသော်၊ အလျှင်း (လျစ်လျူရှု ပေါ့တန်ကြမည်) မဟုတ်ပေ။ ထို့နောက် မလွဲကေန် အသင်တို့သည် ယင်း ဂျဟန္နမ်ငရဲကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ကြပေမည်။ ထို့နောက် အသင်တို့ ရရှိခံစားခဲ့သော ကောင်းချီးမင်္ဂလာ၊ စည်းစိမ်များနှင့် စပ်လျဉ်း၍ မုချအမှန် ထိုနေ့တွင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်ဖြစ်သတည်း (၁၀၂း၁-၈)။

ယခုလာမည့် ဟဒီးစ်တော်တွင် ဥစ္စာဓနများ စုပုံများပြားစေခြင်းနှင့် ကြွေးမြီအပေါ် သဘောထားတို့နှင့် သက်ဆိုင်သည့် နဗီတမန်တော်မြတ်၏ သင်ကြားမှုကို သာဓကဆောင်ဖော်ပြထားပေသည်။ အကယ်၍ ငါကိုယ်တော်တွင် အုဟုဒ်တောင်မျှလောက်သော ရွှေတို့ ပိုင်ဆိုင်နေစေကာမူ၊ ကြွေးမြီများကို ပြန်လည်ပေးဆပ်ရန်အတွက် ငါကိုယ်တော်သိမ်းဆည်းထားတော်မူမည့် ပမာဏမှလွဲ၍၊ ယင်းတို့အား သုံးရက်ထက်ပို၍ ငါကိုယ်တော်နှင့်အတူ ရှိနေစေချင်လောက်အောင် ငါကိုယ်တော်ကို ကျေနပ်မှု ပေးစွမ်းနိုင်မည်မဟုတ်ပေ။[၁၅၄]

ဤသို့အားဖြင့် မလိုအပ်သော အရာများမရှိဘဲ ပြုလုပ်ခြင်းတွင် တွေ့ကြုံရသည့် အလိုပြည့်စုံကျေနပ်မှုတွင် အခြေတည်သော လမ်းစဉ်တစ်ခုဆီသို့ ပြောင်းလဲစေလျက်၊ စုပုံများပြားစေခြင်းအားဖြင့် ပေါကြွယ်ဝခြင်းအတွက် အားထုတ်မှုတို့ကို ပြန်လည်သုံးသပ်ဆင်ခြင်ရန် လိုအပ်မှုဖြစ်စေလေသည်။

၄.၂၄။ **လွတ်လပ်ပွင့်လင်းပြီး၊ မျှတသော စီးပွားရေးအဆောက်အဦတစ်ခု။** အစ္စလာမ့်နည်းကျ စီးပွားရေးဆိုင်ရာ အမွေအနှစ်[၁၅၅]၏ ထူးကဲထင်ရှားသော လက္ခဏာရပ်များအနက်မှအချို့မှာ၊ လူတစ်ဦးချင်းစီများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ကောင်းကျိုးချမ်းသာသည် အမြတ်အစွန်း[၁၅၆]ထက် ပိုအရေးပါသည်ဟူသည့် အချက်ပေါ် ရပ်ခံတိုက်တွန်းမှုနှင့် ကုန်သွယ်ရေးလုပ်ဆောင်ကြသူအားလုံးအတွက် ဈေးကွက်ကို လွတ်လပ်စွာဖွင့်ထားရမည်၊ ပွင့်လင်းလွတ်လပ်သော လုပ်ဆောင်ချက်များအားဖြင့် ဈေးနှုန်းကို ပြဋ္ဌာန်းရမည်နှင့် ထုတ်ကုန်များကို အစစ်ဆေးခံနိုင်ရမည်ဟူသော ဖြတ်ထုံးများဖြစ်ပေသည်။ ကုန်စည်များကို သိုလှောင်ထားမှု၊ ကုန်သွယ်မှုကို လက်ဝါးကြီးအုပ်မှု၊ အဆမတန်ဈေးတင် နှုန်းထားသတ်မှတ်မှုနှင့် မှားယွင်းသော သို့မဟုတ် လှည့်ဖျားရာရောက်သော ကြော်ငြာမှုတို့ကို ပိတ်ပင်တားမြစ်သည်။ ဤဓမ္မသတ် ဖြတ်ထုံးများက အရင်းအမြစ်များကို မျှတသော ဖြန့်ဖြူးမှုနှင့် သာတူညီမျှမှုနှင့် တရားမျှတမှုအပေါ် အခြေခံသော ကုန်သွယ်မှုတို့ကို ဖြစ်နိုင်စေလေသည်။ အလုပ်သမားတို့၏ အခွင့်အရေးအပေါ် အလေးအနက်ထားမှုကို ဤဟဒီးစ်တော်တွင် ဖော်ပြထားသည်။ "ငှင်း၏ ချွေးမခြောက်ခင်၊

အလုပ်သမားအား လုပ်အားခပေးလော့"။[၁၅၇] ပွင့်လင်းမြင်သာမှုကို အာမခံပေးသည့် လုပ်ထုံးနည်းလမ်းများအတွက် ဒီဂျစ်တယ်ပုံစံ ငွေကြေးနှင့် လက်ရှိဖြစ်နေသော (ငွေထုတ်ယူမှုများအတွက် အမှန်တကယ်လိုအပ်သော ငွေပမာဏစုစုပေါင်း၏)ငွေအစိတ်အပိုင်းတစ်ရပ်ကိုသာ အရံငွေထားရန် လိုအပ်သော ဘဏ်စနစ်တို့ထက် ရွှေနှင့် ငွေကို ကုန်စည်ဖလှယ်ခြင်း၏ ကြားခံအဖြစ် အသုံးပြုမှုက ပိုမိုလက်သင့်ခံ လိုလားကြသည်။ ဖြုန်းတီးမှုဆန်သော အလွန်အကျွံသုံးစွဲမှုကို ဆန့်ကျင်သည့် အစွန်လာမ့်နည်းကျ စီးပွားရေးဆိုင်ရာ သင်ကြားမှုများ၏ ရပ်တည်ချက်က တစ်သမတ်တည်းသဘောဆောင်သည့် ထုတ်လုပ်မှုမော်ဒယ်ပုံစံများထက် စီးပွားရေးအရ လည်ပတ်စီးဆင်းမှုကို ပိုမို နှစ်ခြိုက်အားပေးလေသည်။

အပြန်အလှန် တိုင်ပင်နှီးနှောခြင်းအားဖြင့် လုပ်ဆောင်မှု

၄.၂၅။ လူတို့၏ အခြေခံကျသော အခွင့်အရေးတစ်ရပ်မှာ ၄င်းတို့၏ ကောင်းကျိုးချမ်းသာအပေါ် သက်ရောက်မှုရှိသည့် အရာကိစ္စတိုင်းတွင် ဆွေးနွေးတိုင်ပင်နှီးနှောခြင်း (*ရှယ်ရာ*)ပင်ဖြစ်သည်။[၁၅၈] ဤမြေကမ္ဘာပေါ်ဝယ် *ခလီဖာဟ်* တစ်ဦးသဖွယ် ဖြစ်သော အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းစီတိုင်းကို ၄င်းသည် မိမိ၏ ဘဝရှင်သန်မှုအား ဘာပြုလုပ်ခဲ့သည်ဟူသည်အတွက်သာ တရားစီရင်မည့်နေ့တွင် စစ်ဆေးစီရင်ခံရမည်ဖြစ်သည်။ ဤကြီးမားလှသော တာဝန်ဝတ္တရားက စီမံကိန်းချခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် လွတ်လပ်မှုကို တောင်းဆိုပေသည်။[၁၅၉] ကျမ်းတော်မြတ်ကုရ်အာန်က "မိမိတို့၏ အရေးကိစ္စများကို အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြကုန်သော သူများ"(၄၂း၃၈) သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ ပိုမိုကောင်းမွန်ပြီး၊ ပိုမိုရေရှည်တည်မြဲမည့် ဆုလာဘ်များ ရရှိကြမည်ဟု ကတိပြုထားပေသည်။ အလုံးစုံသော လူမှုအစုအဖွဲ့များနှင့် လူမျိုးအစုအဖွဲ့များမှ လူများကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ နှီးနှောတိုင်ပင်ရမည်ဖြစ်သည်။ ၄င်းတို့၏ အခွင့်အရေးများကို ပြည့်ဝစွာ အာမခံမဆောင်ကြဉ်းပေးနိုင်သမျှကာလပတ်လုံး အင်အားအနည်းဆုံးသူများကို အသန်မာဆုံးအဖြစ် မှတ်ယူရမည်ဖြစ်ပြီး၊ အသန်စွမ်းဆုံးသောသူများကို ၄င်းတို့ ဥပဒေကို အပြည့်အဝမလိုက်နာသရွေ့ အားအနည်းဆုံးသူများအဖြစ် မှတ်ယူကြရမည်ဖြစ်သည်။[၁၆၀] ခလီဖာဟ် သမ္မတကြီး အလီ အစ်ဗနေ အဘီ သွာလစ်ဘ်က ဤသို့ ကြေညာခဲ့ပေသည် "ကိုယ်ကျင့်သိက္ခာစောင့်ထိန်းကြသူများက ဆိုးသွမ်းယုတ်မာသောသူများ(၏ ဖိနှိပ်မှု)ထံမှ ငြိမ်းချမ်းမှုနှင့် အကာအကွယ် ရရှိသည့်အချိန်တိုင်အောင် အားနည်းသူများ၏ အခွင့်အရေးကို အားကြီးသန်မာသူများထံမှ ရယူရမည်။"[၁၆၁] အီဂျစ်ရှိ ၄င်း၏ ဘုရင်ခံအုပ်ချုပ်သူဖြစ်သော မုဟမ္မဒ် အစ်ဗနေ အဘီဘကရ်အား ဤသို့ တိုက်တွန်း အကြံပြုခဲ့သည် "ကြီးမြတ်သူများက အသင့်ထံမှ ၄င်းတို့ကို မျက်နှာသာပေးသည့်အနေအားဖြင့် မတရားမှုကို မမျှော်လင့်နိုင်ရန်နှင့် နိမ့်ကျသူများက သူတို့အပေါ် အသင်၏ တရားမျှတမှုအပေါ် စိတ်ပျက်လက်ပျက်မဖြစ်ကြစေရန်အလို့ငှာ ၄င်းတို့အား တန်းတူဆက်ဆံမှုကို ရရှိခံစားစေပါလော့။"[၁၆၂]

၄.၂၆။ ၄င်းတို့အနေဖြင့် ၄င်းတို့၏ အသိဉာဏ်နှင့် အတွေ့အကြုံတို့ကို အပြည့်အဝအသုံးချနိုင်စေရန်နှင့် လူမျိုးနွယ်၊ လူမျိုးစု၊ လိင်၊ ဘာသာရေးတို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှု သို့မဟုတ် အခြားပုံစံများဖြင့် ခွဲခြားဆက်ဆံမှုများအကြောင့် ကောင်းကျိုးခံစားမှု ကင်းမဲ့ခြင်း မဖြစ်ပေါ်စေရန် အလို့ငှာ စွမ်းပကားအာဏာမဲ့သူများကို စွမ်းအားပြည့်ဖြိုးစေရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်ရန်နှင့် မိမိတို့၏ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် မိမိတို့ အကျိုးစီးပွားများကိုပါ ရင်းထားရသော လူများကို ထိရောက်သော ပါဝင်လုပ်ဆောင်နိုင်မှုကို အာမခံပေးပါရန် အစွန်လာမ်နိုင်ငံများနှင့် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများအားလုံးတို့မှ အုပ်ချုပ်ရေးအာဏာပိုင်များအား ကျွန်ုပ်တို့မှ တိုက်တွန်းနှိုးဆော်ပါသည်။[၁၆၃]

အခန်း ၅

ကမ္ဘာမြေအား အလေးထား ဂရုစိုက်ခြင်းအတွက် မူစည်းမျဉ်းများနှင့် လက်တွေ့အမူအကျင့်များ

ရှာရီယာဟ် တရားတော်နှင့် ၄င်း၏ ရည်မှန်းချက်များ

၅.၁။ **သဘော်သဖွယ် မြေကမ္ဘာ။** လွန်ခဲ့သော နှစ်များအတွင်း၊ စာရေးဆရာများက ဤကမ္ဘာဂြိုဟ်အား အဆုံးသတ်ကံကြမ္မာအားဖြင့် အားလုံးအချင်းချင်း ချိတ်ဆက်ယှက်နွယ်ကာ တစ်ခုတည်းစုစည်းနေကြသော သက်ရှိမျိုးစိတ်များတည်းဟူသော ယင်း၏ အဖိုးအနှုတ်လှသည့် ကုန်စည်သေတ္တာနှင့်အတူ နေကို ပတ်၍ ရွက်လွှင့်နေသော တမန်တော် နူးဟ်၏ သဘော်ကြီးတစ်စင်းဖြစ်သည့် သဘော်တစ်စင်းသဖွယ် စိတ်ကူးမြင်ယောင်ခဲ့ဖူးကြသည်။ နဗီတမန်တော် မုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က အပြန်အလှန်မှီခိုနေရမှုမှ ဖြစ်ပေါ်လာသော တာဝန်ဝတ္တရားများကို ရှင်းလင်းပြဆိုရန်အတွက် သဘော်တစ်စင်း၏ ဥပမာကို အသုံးပြုခဲ့သည်။ ကုန်းပတ်ပေါ်နှင့် ကုန်းပတ်အောက်ရှိ နေရာအသီးသီးတွင်ရှိနေသော ခရီးသည်များသည် သောက်ရေဖြန့်ဖြူးခြင်းကဲ့သို့သော တစ်ဦးချင်းစီ၏ ဝန်ဆောင်မှုများကို လိုအပ်ကြသည်။ ရေရရှိရေး ၄င်း၏ စိတ်မရှည်မှုဖြင့်၊ ကုန်းပတ်အောက်ရှိ ခရီးသည်တစ်ဦးက သူ၏ ရေသောက်ခွင့်ကို တောင်းဆိုလျက်၊ ပုဆိန်တစ်လက်ဖြင့် ကုန်းပတ်ဘောင်တွင် အပေါက်ဖောက်ရန် စတင်ခုတ်ထစ်လေသည်။ နဗီတမန်တော်က "ယခုအခါ၊ သူ၏ လက်များကို ချုပ်ထားကြမည်ဆိုပါက၊ ၄င်းတို့သည် သူ့ကိုရော၊ သူတို့ကိုယ်တိုင်ကိုပါ ကယ်ဆယ်ရာရောက်ပေလိမ့်မည်။ သို့သော်လည်း၊ ခရီးသွားများက သူ့ကို လွှတ်ထားလိုက်မည်ဆိုပါက၊ ၄င်းတို့သည့် ထိုသူကိုရော၊ သူတို့ကိုယ်တိုင်ကိုပါ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေလိမ့်မည်"ဟု နဗီတမန်တော်က ဆိုသည်။[၁၆၄] ဤသာဓကဆောင်ဇာတ်လမ်းအတွင်းမှ ထိုခရီးသည်သည် မိမိတို့ လိုလားတပ်မက်သော ကုန်စည်များကို သဘာဝတရားထံမှ ထုတ်ယူသုံးစွဲရန် စိတ်မရှည်မှုဖြင့် ဘဝရှင်သန်မှုကို အထောက်အပံ့ပေးသည့် ကမ္ဘာမြေ၏ စွမ်းရည်ကို သိသာထင်ရှားစွာ ယုတ်လျော့စေခဲ့ပြီးဖြစ်သော ယနေ့ခေတ်ပြိုင် လူသားများ၏ အပြုအမူနှင့် စိတ်နေသဘောထားတို့ကို ဥဒါဟရုဏ်ဆောင်နေပေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြမှု၊ မူဝါဒနှင့် လှုပ်ရှားတိုက်ပွဲဝင်မှု (ဤအခန်း၏ အဓိကအကြောင်းအရာများ)သည် ကျွန်ုပ်တို့၏ လက်များကို ထိန်းချုပ်နိုင်စေမည့် နည်းလမ်းများအနက်မှ နည်းလမ်းအချို့ဖြစ်ပါသည်။

၅.၂။ အစွန်လာမ်ယုံကြည်မှုအစဉ်အလာ၏ ထူးခြားထင်ရှားသော မျက်နှာစာမှာ လူသားဖြစ်စေ၊ အခြားသော သတ္တဝါများဖြစ်စေ အတူတူပင် အဖန်ဆင်းခံသတ္တဝါများ၏ အခွင့်အရေးကို အာမခံပေးမှုအပေါ် ယင်း၏ အလေးအနက်ထားမှု ဖြစ်သည်။ အမှန်အားဖြင့်၊ အစွန်လာမ်ကို ဥပဒေသာသနာဟု သမုတ်လေ့ရှိကြပေသည်။[၁၆၅] ကျမ်းတော်မြတ်ကုရ်အာန်နှင့် နဗီတမန်တော် မုဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)၏ စံပြုလက်တွေ့အကျင့်အကြံ (*စွန္နာဟ်*)[၁၆၆] တို့မှ အဓိကအားဖြင့် ဆင်းသက်လာသည့် အစွန်လာမ်သာသနာ၏ ကျင့်ဝတ်ဥပဒေက လမ်း၊ ဘဝရှင်သန်မှုများ၏ ရင်းမြစ်ဖြစ်သော ရေသို့

သွားရာလမ်းဟု အတိအကျဆိုလိုသည့် *ရှာရီအာဟ်* ဟု သိမှတ်ကြသည်။[၁၆၇] ၄င်း၏ ရည်မှန်းချက်မှာ သတ္တဝါခပ်သိမ်းတို့၏ အရှင် အလွန်တရာသနားကြင်နာတော်မူသော၊ အလွန်တရာကရုဏာထားတော်မူသော အရှင်၏ ဆန္ဒတော်နှင့်အညီ မည်သို့ပြုမူဆောင်ရွက်သည်ကိုလည်းကောင်း၊ (တစ်ကိုယ်ရည်တည်းဖြစ်စေ၊ အစုအပေါင်းလိုက်ဖြစ်စေ) ကျင့်ဝတ်စည်းကမ်းများနှင့်အညီဆုံးနည်းလမ်းဖြင့် ဘဝကို မည်သို့ ရှင်သန်နေထိုင်သည်ကို ရေးဆွဲလမ်းညွှန်ရန်ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့်၊ ကိုယ်ကျင့်တရားဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ပညာရပ်တို့သည် အနှစ်သာရအားဖြင့် တစ်ခုတည်း အတူတူပင်ဖြစ်သည်။[၁၆၈] အပြုအမူလုပ်ရပ်များကို အဆင့်ငါးဆင့်ရှိသော ချိန်ခွင်နှင့်အညီ ချိန်ထိုး အကဲဖြတ်ကြသည်။ အပြုအမူလုပ်ရပ်တစ်ခုသည် မပြုမနေရ လုပ်ရပ်၊ ပြုလုပ်သင့်ကြောင်း တိုက်တွန်းထားသော လုပ်ရပ်၊ ခွင့်ပြုထားသော လုပ်ရပ်၊ မနှစ်မြို့ဖွယ်ဖြစ်သော လုပ်ရပ် သို့မဟုတ် တားမြစ်ပိတ်ပင်ထားသော လုပ်ရပ်တစ်ခုဖြစ်နိုင်ပေသည်။[၁၆၉] ဤသို့အားဖြင့် *ရှာရီအာဟ်* သည် ပိတ်ပင်ရုံ၊ တားမြစ်ရုံမျှမက၊ ဖြစ်သင့်ဖြစ်ထိုက်သည့်အရာ၏ ကိုယ်ကျင့်တရားလမ်းစဉ်ကို ပုံဖော်ပေးသည့် လမ်းညွှန်ပြဌာန်းခြင်းလည်းဖြစ်သည်။ တရားရုံးများ၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် အလွန်အရေးပါသော ဥပဒေအရ မပြုမနေရတာဝန်များအပြင်၊ လူတစ်ဦးချင်းစီ၏ အသိတရားနှင့် လူမှုအသိတရားအားဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စံထားအပ်သည့် စံချိန်စံညွှန်းများနှင့် အပြုအမူများကိုလည်း ချမှတ်ပေးထားသည်။ တရားရုံးများက ပျက်ကွက်သည့်အခါမျိုးတွင်ပင် သို့မဟုတ် အစွမ်းသတ္တိရှိသော်လည်း ကြိုးစားအားထုတ်ခြင်းမရှိသည့်အခါမျိုးတွင်ပင်၊ ယုံကြည်သက်ဝင်သူများက အမြဲတစေ (လိုက်နာရန်) ရည်မှန်းရည်စူးနေရမည့် စံနှုန်း များကို *ရှာရီအာဟ်*က ချမှတ်ပေးထားသည်။[၁၇၀]

၅.၃။ ကာလံဒေသံကိုလိုက်၍ ပြောင်းလဲနေသော အခြေအနေများနှင့်အညီ ပိုင်းခြားသိမြင်မှုနှင့် ဂရုဓမ္မပြုမူတို့နှင့် ကျင့်သုံးသော *ရှာရီအာဟ်* ၏ မူစည်းမျဉ်းများက ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်သိသော အပြုအမူတို့ကို အာမခံပေးမှုကို ရည်ရွယ်သည့် အခြေခံစည်းမျဉ်းတစ်စုံကို ပြဋ္ဌာန်းပေးသည်။ အစွမ်းမဲ့ ရွေးပဒေနှင့် ပတ်သက်၍ လေ့လာတွေ့ရှိခဲ့ပြီးသည့်အတိုင်းပင်၊ ဒေသန္တရအစုအဖွဲ့များက အစိုးရ၏ ကြားဝင်စွက်ဖက်မှုကို အားကိုးစရာမလိုဘဲ *ရှာရီအာဟ်* ဓမ္မသတ်ဖြတ်ထုံးများကို အကောင်အထည်ဖော်ဆောင်ရွက်လေ့ရှိသည်။ အကြောင်းမှာ ထိုသို့ဆောင်ရွက်ခြင်းက ၄င်းကို ယုံကြည်သက်ဝင်သူများနှင့် စည်းမျဉ်းဥပဒေသများကို အနက်ပြန်ဆိုရန် သင်ယူတတ်ကျွမ်းသူများ၏ အဆုံးအဖြတ်ပြုမှုကို လက်ခံလိုစိတ်ရှိသူများကိုသာ လိုအပ်၍ ဖြစ်သည်။ နှစ်ပေါင်း ၁၄၀၀ကျော်က စုစည်းရရှိလာသည့် နားလည်ကျွမ်းကျင်မှုအား အနှစ်ထုတ်ရယူထားမှုနှင့် "ပွင့်လင်းမြင်သာပြီး၊ မျှတသော ကိုင်တွယ်ဖြေရှင်းမှုတို့အပေါ် အလေးအနက်ထားပြုတို့မှတစ်ဆင့်၊ မည်သည့် အစွမ်းအသိုက်အဝန်းတစ်ခုခုကမဆို ၄င်း၏ ပြဿနာများကို အဖြေရှာနိုင်မည့် 'စစ်မှန်သောလမ်းစဉ်'တစ်ခုကို *ရှာရီအာဟ်* နှင်းအပ်ခဲ့ပြီးဖြစ်သည်။"[၁၇၁] *ရှာရီအာဟ်* သည် သဘာဝပတ်ဝန်းကျင်အပြင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းလမ်းကိရိယာများနှင့် မူဝါဒများနှင့် သက်ဆိုင်သော တန်ဖိုးများ၊ မူစည်းမျဉ်းများ၊ အဆုံးအဖမစည်းကမ်းများနှင့် ဓမ္မသတ်ဖြတ်ထုံးများအရာတွင် ပေါကြွယ်ဝလှပေသည်။ ဤအသိပညာ ထုထည်ခန္ဓာကို ဖစ်ခ် အယ်လ် ဘိုင်းယာဟ် (အစွမ်းမဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ)အဖြစ် အသိအမှတ်ပြု လက်ခံစပြုလာနေသည့်အပြင်၊ ကမ္ဘာ၏ အမျိုးမျိုးသော ဒေသအစိတ်အပိုင်းများတွင် ၄င်း၏ ပြန်လည်ရှင်သန်နိုးထလာမှုကို ယခုအခါ ရှေ့ဆောင်ပြုလုပ်လာနေကြပြီဖြစ်သည်။[၁၇၂]

၅.၄။ ***ရှာရီယာဟ် ၏ အန္တိမပန်းတိုင်ရည်မှန်းချက်များ။***[၁၇၃] အစွမ်းမဲ့ဥပဒေ၏ အခြေခံအုတ်မြစ် မူစည်းမျဉ်းမှာ "အရေးအရာကိစ္စရပ်များကို ၄င်းတို့၏ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစား၍ အကဲဖြတ်စိစစ်ကြသည် (*မကားဆစ်ဒ်*)" ဟူသည့်အချက် ဖြစ်သည်။ *ရှာရီအာဟ်* ၏ အန္တိမပန်းတိုင်ရည်မှန်းချက်မှာ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ ကောင်းကျိုးချမ်းသာ (*မဆားလိဟ် အယ်လ်-ခလ်ခ် သို့မဟုတ် မဆားလိဟ် အယ်လ်-အိဘား*)ကို

မြှင့်တင်ရန်ပင်ဖြစ်သည်။[၁၇၄] မွတ်စ်လင်မ် ဓမ္မသတ်ပညာရှင်များက လူသားတို့၏ အသိုက်အဝန်းအဖွဲ့အစည်း အလုပ်ဖြစ်လည်ပတ်ရန်နှင့် ထွန်းကားရန်ဆိုပါက၊ မရှိမဖြစ်အရေးပါသော တင်ကူးလိုအပ်ပြဋ္ဌာန်းချက် အနည်းဆုံး ငါးခုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ ပထမတစ်ခုမှာ လူ့အဖွဲ့အစည်းကို တည်ဆောက်မှု၏ အခြေခံဖြစ်သော ယုံကြည်မှုများ၊ ကျင့်ဝတ်တန်ဖိုးများနှင့် ကိုယ်ကျင့်တရားတို့၏ ပန်းတိုင်ဟူသော *ဒီးန်* သို့မဟုတ် သာသနာပင်ဖြစ်သည်။ အသက်ဘဝ (နာဖစ်)သည် ဒုတိယ လိုအပ်ချက်အခြေအနေဖြစ်သည်။ အကြောင်းမှာ အသက်ဘဝတို့ကို ကာကွယ်စောင့်ရှောက်မှုမရှိဘဲ၊ မည်သည့် လူ့အဖွဲ့အစည်းမျှ လူပ်ရှားလည်ပတ်နိုင်မည်မဟုတ်၍ ဖြစ်သည်။ တတိယအချက်မှာ၊ ၄င်းတို့၏ နောင်မျိုးဆက်များကို လုံခြုံဘေးကင်းသော မိသားစုဆက်ဆံမှုများအတွင်း မွေးဖွားကြီးပြင်း၊ ပျိုးထောင်ခံရကြောင်း အာမခံပေးမှုမှတစ်ဆင့် လူ့အဖွဲ့အစည်း၏ နောင်လာနောက်သားများ (*နဆဲလ်*)ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ စတုတ္ထအချက်အနေဖြင့်၊ လူတစ်ဦးအနေဖြင့်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်သော ကြောင်းကျိုးဆီလျော်သော အပြုအမူဖြစ်သည်ဆိုသည်ကို သေချာစေရန် ဆင်ခြင်တုံတရားကို (*အက်လ်*)ကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။ ပဉ္စမအချက်မှာ၊ လူတစ်ဦးချင်းအနေဖြင့် ၄င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုကို အာမခံပေးရန် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (*မားလ်*)ကို လိုအပ်သည် ဟူသည့်အချက်ဖြစ်သည်။ ဤလိုအပ်ချက်များသည် ယနေ့လက်ရှိနှင့် အနာဂတ်မျိုးဆက် နှစ်ခုလုံး၏ ကောင်းကျိုးချမ်းသာနှင့် သက်ဆိုင်ပေသည်။ ထိုသက်ဆိုင်မှုသည် နောင်လာနောက်သားများ၏ အရေးကိစ္စတွင် ရှင်းရှင်းလင်းလင်းဖြစ်ပြီး၊ ဘာသာတရာ၊ အသက်ရှင်သန်မှုဘဝ၊ ဆင်ခြင်တုံတရားနှင့် ပစ္စည်းဥစ္စာတို့နှင့် စပ်လျဉ်း၍ မထင်မရှား သက်ဆိုင်ပေသည်။

ကောင်းကျိုး အကျိုးအမြတ်များနှင့် ပျက်စီးဆုံးရှုံးမှုများ

၅.၅။ အစ္စလာမ့်ဓမ္မသတ်ရေးရာ ပညာရပ်တွင်၊ အပြုအမူလုပ်ရပ်အားလုံးကို ၄င်းတို့၏ အကျိုးအမြတ်များ(*မဆားလ်လိဟ်*)နှင့် ပျက်စီးဆုံးရှုံးစေမှုများ (*မဖားစ်ဆစ်ဒ်*) တို့ကဲ့သို့သော ထိုအပြုအမူလုပ်ရပ်များ၏ အကျိုးရလဒ်များဖြင့် ချိန်ဆက်ကြသည်။[၁၇၆] ဆင်တူသော ဓမ္မသတ်ဖြတ်ထုံးများအပေါ် အလုံးစုံခြုံငုံသော ခွဲခြမ်းစိတ်ဖြာမှုမှတစ်ဆင့်၊ အတိတ်ကာလက ဓမ္မသတ်ပညာရှင်များသည် ပညတ်ဥပဒေဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် လမ်းညွှန်ချက်များအဖြစ် အသုံးတော်ခံသည့် နည်းစနစ်ပိုင်းဆိုင်ရာ ဥပဒေပြုမူစည်းမျဉ်းများ (*ကဝါးအိဒ် အူစူးလ်လီယာဟ် ဖစ်က်ဲခီယာဟ်*)ကို ပုံသေနည်းပြုလုပ်တီထွင်ခဲ့ကြပြီးဖြစ်သည်။[၁၇၇] ၄င်းတို့သည် တစ်စတစ်စ ဖြစ်ထွန်းလာနေပြီဖြစ်သော အစ္စလာမ့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓမ္မသတ်အတွေးအခေါ်ဆိုင်ရာ ပညာရပ်အတွက် မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ မွတ်စ်လင်မ် ဓမ္မသတ်ပညာရှင်များနှင့် ဥပဒေပြုသူများအနေဖြင့် အဖန်ဆင်းခံများအားလုံး၏ ဘုံကောင်းကျိုးကို အမြဲတစေ ဦးထိပ်ပန်ဆင်ရည်စူးသင့်ပါသည်။ ၄င်းတို့အနေဖြင့် အကျိုးစီးပွားအားလုံးကို သဟဇာတဖြစ်အောင်နှင့် ဖြည့်ဆည်းပေးရန် အားထုတ်သင့်ပါသည်။ သို့သော်လည်း၊ အကျိုးစီးပွားအားလုံးကို စိတ်ကျေနပ်စေသည်အထိ ပြေလည်စေရန် မဖြစ်နိုင်သည့်အခါများတွင်၊ အားလုံးနှင့် သက်ဆိုင်သော ဘုံကောင်းကျိုးက ဦးစားပေးခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေသများကို လိုက်နာရန် တောင်းဆိုပြဋ္ဌာန်းပါသည်။ ၁၄ရာစုနှစ် ဓမ္မသတ်ပညာရှင် သကီး အဒ်ဒီးန်း အဟ်မဒ် အစ်ဗနေ သိုင်မီယာဟ်က အခြေခံမူစည်းမျဉ်းကို ဤသို့ ပြေပြစ်စွာ ဖော်ထုတ်တင်ပြခဲ့သည် -

လိုအပ်သည်မှာ ကောင်းကျိုး အကျိုးအမြတ်များအားလုံးကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ယင်းတို့ကို ပြီးပြည့်စုံစေရန်၊ ထို့အပြင် ပျက်စီးဆုံးရှုံးမှုများ ဆိုးကျိုးများကို သုတ်သင်ရှင်းလင်းရန် သို့မဟုတ် အနိမ့်ဆုံးဖြစ်စေရန်ဖြစ်သည်။ ၄င်းတို့သည် စေ့စပ်၍မရနိုင်ကြောင်း သိသာထင်ရှားပါက၊ ကောင်းမွန်မှုပိုနိမ့်သည့်အရာကို ပယ်ခြင်းအားဖြင့်

ပိုမိုသာလွန်ကောင်းမြတ်သည်ကို ထိန်းသိမ်းထားရန်နှင့်၊ ပို၍ ဆိုးကျိုးနည်းသည်ကို လက်ခံပေးခြင်းအားဖြင့် ပိုမိုကြီးမားသော ဆိုးကျိုးအန္တရာယ်ကို ဖယ်ရှားရမည်ဖြစ်သည်။ ဤသည် ဓမ္မဥပဒေကပေးသော လုပ်ပိုင်ခွင့်ဖြစ်သည်။[၁၇၈]

လူအရေအတွက် အများဆုံး၏ ကောင်းကျိုးချမ်းသာ၊ ပါဝင်ပတ်သက်နေသည့် အမျိုးမျိုးသော အကျိုးစီးပွားများ၏ အရေးပါမှု၊ ကောင်းကျိုးနှင့် အန္တရာယ်တို့၏ သေချာမှု သို့မဟုတ် ဖြစ်တန်စွမ်းနှင့် အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုမပါဘဲ၊ သက်ရောက်မှုခံရသည့်သူများ၏ ကောင်းကျိုးချမ်းသာကို အာမခံပေးမည့် ၄င်းတို့၏ လုပ်နိုင်စွမ်းတို့ကို ချင့်ချိန်တွက်ဆခြင်းအားဖြင့် ယေဘုယျကောင်းကျိုးကို အာမခံပေးနိုင်ရန် ဓမ္မသတ်ပညာရှင်များက ချမှတ်ပြဋ္ဌာန်းခဲ့သည့် မူစည်းမျဉ်းများကို အောက်ပါစာပိုဒ်များတွင် အနှစ်ချုပ်တင်ပြထားသည်။

- **အားလုံး၏ ယေဘုယျကောင်းကျိုးချမ်းသာနှင့် လူတစ်ဦးချင်း၏ ကောင်းကျိုးချမ်းသာ။** စေ့စပ်ရန် မဖြစ်နိုင်သည့်အခါမျိုးတွင်၊ အလုံးစုံ၏ ယေဘုယျ အကျိုးစီးပွား[၁၇၉] က လူတစ်ဦးချင်းစီနှင့် အစုအဖွဲ့အချို့၏ အကျိုးစီးပွားထက် ပိုအခရာကျသည်။ အစ္စလာမ့်ဓမ္မဥပဒေ၏ မူစည်းမျဉ်းများအနက် အချို့မှာ - "တစ်စုအဖွဲ့၏ သီးသန့် အကျိုးစီးပွားထက် တစ်ခွင့်တစ်ပြင်အားလုံး၏ အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဦးစားပေးသည်"၊ နှင့် "ယေဘုယျကောင်းကျိုးချမ်းသာက တစ်ဦးချင်းကောင်းကျိုးချမ်းသာထက် အခရာကျသည်" တို့ဖြစ်သည်။ ထိုအခြေခံမှ "အများပြည်သူထံကျရောက်မည့် ယေဘုယျ ထိခိုက်မှုအန္တရာယ်ကို ရှောင်ရှားရန် တစ်သီးပုဂ္ဂလ ထိခိုက်မှုအန္တရာယ်ကို လက်ခံသည်"ဟူသော မူစည်းမျဉ်းက ဆင်းသက်လာပါသည်။[၁၈၀] သို့သော်လည်း၊ အများပြည်သူအကျိုးစီးပွားတည်းဟူသော ခေါင်းစဉ်ဖြင့် လူတစ်ဦးချင်း၏ အခွင့်အရေးကို ငြင်းပယ်ခြင်းမရှိပါ။[၁၈၁]
- **ပို၍ ကြီးမားသော လိုအပ်ချက်နှင့် ပို၍နိမ့်ပါးသော လိုအပ်ချက်။** *ကောင်းကျိုး အကျိုးအမြတ်များ* နှင့် ပျက်စီးဆုံးရှုံးမှုများကို ၄င်းတို့၏ အရေးပါမှုနှင့် အရေးပေါ်လိုအပ်မှုတို့နှင့်အညီ ချိန်ဆက်အကဲဖြတ်ပါသည်။[၁၈၂] ထိုအချက်များက ပို၍ ရှောင်တခင်မဆန်သော လိုအပ်ချက်များ သို့မဟုတ် အသေးစားပြောင်းလဲမှုများနှင့် ပဋိပက္ခဖြစ်လာပါက၊ အခြေခံကျသော လိုအပ်ချက်များကို ဦးစားပေးပြီး၊ ထိုအချက်များက အသေးစားပြင်ဆင်ပြောင်းလဲမှုများနှင့် ပဋိပက္ခဖြစ်သည့်အခါ အရေးပါမှုပိုနိမ့်သည့် လိုအပ်ချက်များကို ဦးစားပေးသည်။ အလွန်ခိုင်မာရှင်းလင်းစွာ ဆက်နွယ်မှုရှိသည့် မူစည်းမျဉ်းများမှာ - "မကောင်းမှုနှစ်ခုအနက် ပိုသေးသော မကောင်းမှုကို ရွေးချယ်ရမည်"၊ "ပြင်းထန်သော ထိခိုက်ပျက်စီးနစ်နာမှုကို လေးနက်ပြင်းထန်မှု ပိုနိမ့်သော ထိခိုက်ပျက်စီးမှုအားဖြင့် ဖယ်ရှားရမည်"နှင့် "တစ်ခုနှင့်တစ်ခု ဆန့်ကျင်လျက်ရှိသည့် ပျက်စီးဆုံးရှုံးမှုနှစ်ခုအနက် တစ်ခုကို မရှောင်လွှဲနိုင်ပါက၊ ပို၍ သေးငယ်သော ထိခိုက်မှုအန္တရာယ်ကို ပြုလုပ်ခြင်းအားဖြင့် ပိုမိုလေးနက်ပြင်းထန်သော ထိခိုက်မှု အန္တရာယ်ကို ရှောင်ရှားရမည်"တို့ဖြစ်သည်။
- **ဦးစားပေးအစဉ်များကို လက်ခံကိုင်စွဲခြင်း (အယ်လ် အဟမ်း ဝအလ်-မူဟင်းမ်)။** တစ်ခုမဟုတ် တစ်ခုကိုသာ ရွေးချယ်နိုင်သည့် ဝတ္ထုရားများ သို့မဟုတ် ပိတ်ပင်တားမြစ်ချက်များအကြား ရွေးချယ်မှုတစ်ခုကို ကြုံတွေ့ရပါက၊ ပို၍ အရေးကြီးသည့်အရာက အရေးပါအရေးကြီးမှုနိမ့်သည့် အရာထက် ပိုအခရာကျသည်။[၁၈၃]
- **အမှန်တကယ်ဖြစ်သော အကျိုးစီးပွားနှင့် မှန်းဆတွေးယူမှုကိုအခြေခံသော အကျိုးစီးပွား။** အရေးပါမှုဆင်တူသော မှန်းဆတွေးယူထားသည့် သို့မဟုတ် ဖြစ်ကောင်းဖြစ်နိုင်သော အကျိုးစီးပွားများနှင့် ပဋိပက္ခဖြစ်သည့် အခြေအနေမျိုးတွင် အမှန်တကယ်ဖြစ်သော သို့မဟုတ် သိရှိပြီးဖြစ်သော အကျိုးစီးပွားကို ဦးစားပေးသည်။ မရေရာ မသေချာသော ပေးဆပ်ရမည့်တန်ဖိုးနှင့် အကျိုးအမြတ်တို့ထက် သေချာသည့် ပေးဆပ်ရမည့်တန်ဖိုးနှင့် အကျိုးအမြတ်တို့ကို ပို၍ အလေးပေးသည်။

- **အာဏာစွမ်းပကားရှိသူနှင့် မရှိသူတို့၏ အကျိုးစီးပွားများ။** အမျိုးမျိုးသော အစုအဖွဲ့များ၏ ၄င်းတို့ ကိုယ်ပိုင် အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်စွမ်းကို ဆင်ခြင်သုံးသပ်ရသည်။ "ဆင်းရဲသားများကို ၄င်းတို့အထံကျရောက်မည့် ဘေးဒုက္ခအန္တရာယ်မှ ရှောင်လွှဲပေးခြင်းက လူချမ်းသာများကို ၄င်းတို့အထံကျရောက်မည့် ဘေးဒုက္ခအန္တရာယ်မှ ရှောင်လွှဲပေးခြင်းထက် ပိုအရေးကြီးသည်"ဟူသော မူစည်းမျဉ်းနှင့် "ဆင်းရဲသားများ၏ ကောင်းကျိုးချမ်းသာသည် လူချမ်းသာများ၏ ကောင်းကျိုးချမ်းသာထက် ပိုအခရာကျသည်"ဟူသော ဓမ္မသတ်စည်းမျဉ်းများနှင့်အညီ ကောင်းကျိုးခံစားမှုမဲ့ပြီး၊ ဩဇာလွှမ်းမိုးမှုပို၍ နည်းသော အစုအဖွဲ့များကို ကာကွယ်ရန်မှာ မပြုမနေရတာဝန်ဖြစ်သည်။[၁၈၄]
- **ပျက်စီးဆုံးရှုံးမှုများကို ရှောင်လွှဲခြင်း။** "ပျက်စီးဆုံးရှုံးစေခြင်း ဖျက်ဆီးခြင်း မပြုရ၊ ထို့ပြင် ဖျက်ဆီးမှုအားဖြင့် လက်တုံ့ပြန်ခြင်းမပြုရ"၊ "ပျက်စီးဆုံးရှုံးမှုကို ဖယ်ရှားရမည်"နှင့် ၄င်းကို လုံးလုံးလျားလျား မဖယ်ရှားနိုင်သည့်အခါ၊ "အဖြစ်နိုင်ဆုံးအတိုင်းအတာအထိ ပျက်စီးဆုံးရှုံးမှုကို ဖယ်ရှားရမည်"ဟူသော မူစည်းမျဉ်းများကို လက်တွေ့အသုံးချဖြင့်၊ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်ခင်၊ ယင်းကို ရှောင်လွှဲရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန်မှာ ပြဋ္ဌာန်းတာဝန်ဖြစ်သည်။ ကောင်းကျိုး အကျိုးအမြတ်ကို ရရှိအောင် ကြိုးပမ်းခြင်းက ၄င်းနှင့် ပမာဏတူ သို့မဟုတ် ပမာဏပိုကြီးသော မလွှဲမရှောင်သာသည့် ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါက၊ အသုံးပြုရမည့် ဓမ္မသတ်စည်းမျဉ်းမှာ "ထိခိုက်မှုကို ရှောင်ရှားခြင်းသည် ကောင်းကျိုး အကျိုးကျေးဇူး ရရှိအောင်ပြုခြင်းထက် ပိုအရေးကြီးသည်"ဟူသော စည်းမျဉ်းဖြစ်သည်။[၁၈၅] ယင်းတွင် ပါဝင်နေသည်မှာ ပြန်လည်ပြင်ဆင်၍ မရနိုင်တော့သည့် သို့မဟုတ် အလွန်လေးနက်ပြင်းထန်သည့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော အပြုအမူလုပ်ရပ်များကို ရှောင်ရှားရမည်ဟူသည့် သတိထားကြိုတင်ကာကွယ်သော မူစည်းမျဉ်းကို အသုံးပြုခြင်းအတွက် ဖြစ်သင့်ကြောင်း ခိုင်မာသည့် သက်သေပြချက်ပင်ဖြစ်သည်။

မှန်ကန်ခြင်းများနှင့် မှားယွင်းခြင်းများ

၅.၆။ **မျိုးစိတ်များကို အပြီးတိုင်သုတ်သင်ဖျက်ဆီးခြင်း။** အထက် (စာပိုဒ် ၂.၅)တွင် မှတ်ချက်ပြုခဲ့သကဲ့သို့၊ အလွှာဟ်အရှင်မြတ်သည် အရာတစ်ခုချင်းစီကို *ဘိ အစ်လ်-ဟက်* ဖြောင့်မတ် မှန်ကန်ခြင်းတရားဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး၊ အဖန်ဆင်းခံ သက်ရှိသတ္တဝါတိုင်းတွင် အခွင့်အရေးများ ရှိသည်။ "ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုအကြားခွဲ ရှိသမျှတို့ကိုလည်းကောင်း ကစားခုန်စားသောအားဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။ ***ငါအရှင်မြတ်သည် ယင်းတို့ကို ထိုက်သင့်မှန်ကန်စွာဖြင့်မှတစ်ပါး ဖန်ဆင်းတော်မူသည်မဟုတ်ပေ...”*** (၄၄း၃၈-၃၉)။ မည်သည့်အရာကိုမျှ အချည်းနှီးဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။ အားလုံးကို မှန်ကန်မှုဖြင့် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည့် မည်သည့်အရာကိုမျှ ပေါ့ပေါ့တန်တန် မမှတ်ယူ မဆက်ဆံသင့်ဘဲ၊ အမှန်တရားအားဖြင့်မှလွဲ၍ အသက်ကို မည်သည့်အခါတွင်မျှ မသတ်ဖြတ်ရချေ။ သို့ရာတွင် လူသားများသည် လူတစ်ဦးချင်း၏ အသက်များကို ထုတ်ယူခြင်းကို ဖြစ်သင့်မှန်ကန်ကြောင်း ပြဆိုနိုင်ငြားအံ့၊ အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံသတ္တဝါများ၏ မည်သည့် မျိုးစိတ်ကိုမျှ ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ အပြီးတိုင်ပျောက်ကွယ်သွားအောင် လုပ်ခွင့်မရှိပေ[၁၈၆] (ကမ္ဘာမြေပြင်ပေါ်မှ အပြီးတိုင် ပျောက်ကွယ်စေခြင်းဟူသည်မှာ ဘုရားသခင်၏ သက်သေလက္ခဏာတော်ကို ဖျောက်ဖျက်ခြင်း၊ အလွှာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်ကြောင်း ချီးမွမ်းကြွေးကြော်မှု၊ ခဝပ်ကိုးကွယ်ခြင်းနှင့် အမှုတော်ထမ်းရွက်ခြင်းပုံစံတစ်ခုကို အသံဆိတ်စေခြင်း၊ ကမ္ဘာမြေပြင်ပေါ် ရှိ

သက်ရှိဘဝအဆောက်အဦအတွင်းမှ ထပ်တူမရှိ တစ်သီးတစ်သန့်ဖြစ်သော၊ ပြန်လည်၍ အစားထိုးမရနိုင်သည့် အရာတစ်ခုကို ဖျက်ဆီးခြင်းပင်ဖြစ်ပါသည်)။ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ဖျက်ဆီးခြင်း (ဂေဟစနစ်ကြီးတစ်ခုလုံး၊ ကျွန်ုပ်တို့အပါအဝင် မျိုးစိတ်များ၏ အုပ်စုအသိုက်အသိုက်အဝန်းများကို သုတ်သင်ဖျက်ဆီးခြင်း) ပြစ်မှု၏ ဆိုးယုတ်မှုကို လူမျိုးတုန်းသတ်ဖြတ်မှု (လူမျိုးစုများနှင့် ယဉ်ကျေးမှုများကို သုတ်သင်ဖျက်ဆီးခြင်း)၏ ကြောက်မက်ဖွယ်ရာများကို စဉ်းစားဆင်ခြင်ခြင်းဖြင့်သာ အကောင်းဆုံးနားလည်ခံစားနိုင်ပေမည်။ အဖန်ဆင်းခံများ (*အယ်လ်-ခလ်က်၊ အယ်လ်-အားလမီးန်*)အပေါ် ကျူးလွန်သော ပြစ်မှုသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ပြစ်မှုနှင့် အလားသဏ္ဌာန်တူပြီး၊ ထို့ထက်ပို၍ လေးနက်ပြင်းထန်မှု မလျော့နည်းပေ။[၁၈၇] ကမ္ဘာမြေပေါ် ရှိ ဤသို့သော ပျက်စီးရာပျက်စီးကြောင်း အမျိုးအစားကို အသိအမှတ်ပြုရန်၊ တရားစွဲဆိုရန်နှင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေပြုခြင်းတွင် ပြစ်မှုအဖြစ် သတ်မှတ်ရန် လိုအပ်နေပေသေးသည်။[၁၈၈]

၅.၇။ **တိရစ္ဆာန်များ၏ ကောင်းကျိုးချမ်းသာနှင့် တိရစ္ဆာန် အခွင့်အရေး။** *ဟူကူးကွလ် ဘဟားအင်းမ် ဝလ် - ဟယဝန်း* ဟူသည့် တိရစ္ဆာန်များ၏ အခွင့်အရေးကို အလွှာဟ်အရှင်မြတ်၏ ကျေးကျွန်များ ဆိုလိုသည်မှာ လူများနှင့် တိရစ္ဆာန်များ ၏ အခွင့်အရေးဟူသော *ဟူကူးကွလ် အိဘားဒ်* အမျိုးအစားများအနက်မှ တစ်ခုအဖြစ် အလေးအမြတ်ပြု ထိန်းသိမ်းထားသည်။[၁၈၉] ဤအခွင့်အရေးများကို မြောက်မြားစွာသော *အဟဒီးစ်* တော်တို့တွင် အသေးစိတ်ဖော်ပြထားပြီး၊ မွတ်စ်လင်မ် ဓမ္မသတ်ပညာရှင်များ၏ ဓမ္မသတ်ဖြတ်ထုံးများတွင် အနှစ်ချုပ်တင်ပြထားကြသည်။ ဓမ္မသတ်ပညာရှင်များက ရှင်းလင်းထိရောက်စွာ ဖော်ပြထားသော အခွင့်အရေးအများစုတို့သည် အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းမျိုးစိတ်များထဲမှ လှောင်ထားသော အကောင်များနှင့် သက်ဆိုင်သော်လည်း၊ အချို့အခွင့်အရေးများမှာ တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်ခြင်းနှင့် သက်ဆိုင်ပေသည်။ ကိုယ်ကျင့်သီလနှင့် ဆိုင်သော ကျွန်ုပ်တို့၏ ဝတ္တရားများသည် အဓိကအားဖြင့် ယင်းတို့၏ ကောင်းကျိုးချမ်းသာသည် ကျွန်ုပ်တို့၏ လုပ်ရပ်များအပေါ် အများဆုံး မှီတည်နေရသည့် သတ္တဝါများနှင့် သဘာဝအားဖြင့် သက်ဆိုင်ပေသည်။ ယနေ့ခတ်တွင် ၄င်းတို့အပေါ် သက်ရောက်မှုထက် အတိတ်ကာလတွင် တောရိုင်းတိရစ္ဆာန်အရေအတွက် အများစုသည် လူသားများ၏ လုပ်ရပ်များ၏ သက်ရောက်ထိခိုက်မှုကို အလွန်အလွန်နည်းပါးစွာသာ ခံစားခဲ့ကြရသည်။ ယခုအခါတွင်၊ ၄င်းတို့၏ ကောင်းကျိုးချမ်းသာနှင့် ရှင်သန်ကျန်ရစ်မှုတို့သည် လူသားများ၏ လုပ်ရပ်များအပေါ် တိုး၍ တိုး၍၊ တစ်ခါတစ်ရံတွင် လုံးဝဥဿုံ မှီတည်နေပသည်။[၁၉၀] တိရစ္ဆာန်များ၏ အခွင့်အရေးကို ဥပဒေ၏ စွမ်းအားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည် (ဥပဒေ၏ စွမ်းအားဟုဆိုရာတွင်၊ *မူဟ်တစစ်ဘ်* (ကောင်းကျိုးဆောင်ရန်နှင့် ဆိုးကျိုးကို ရှောင်လွှဲဖယ်ရှားရန် တာဝန်ပေးအပ်ခြင်းခံရသည့် စုံစမ်းစစ်ဆေးရေးအရာရှိ - စာပိုဒ် ၅.၃၂ကို ကြည့်ပါ)၏ ရာထူးမှမျှသာမဟုတ်ဘဲ၊ ဓမ္မသတ်ပညာရှင်အများစု၏ အမြင်တွင် တရားရုံးများအားဖြင့် စွမ်းဆောင်ပေးခြင်းများပါဝင်ပါသည်။)[၁၉၁] တိရစ္ဆာန်များ ဤအခွင့်အရေးများကို ဆောင်ကြဉ်းရယူမှုပြုပေးလျှင်၊ ကြီးကြီးမားမား စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်း အမူအကျင့်များအပေါ် သက်ရောက်မှုက တော်လှန်ရေးဆန်ဆန်အပြောင်းအလဲဖြစ်ပေမည်။ ဇီဝဗေဒနှင့် ဆေးပညာသုတေသနနှင့် တောရိုင်းတိရစ္ဆာန်တို့ကို ကုန်သွယ်မှုပြုသည့် နည်းလမ်းများတွင်နှင့် အရေးပါသော အပြောင်းအလဲများ လိုအပ်မည်ဖြစ်ပြီး၊ သားသတ်ရုံများ၊ တိရစ္ဆာန်မွေးမြူရေးခြံများနှင့် ဈေးကွက်များ၊ တိရစ္ဆာန်ရုံများနှင့် အိမ်မွေးတိရစ္ဆာန်ဆိုင်များ၏ ဒီဇိုင်းနှင့် စီမံခန့်ခွဲမှုတို့တွင် တော်လှန်ရေးဆန်ဆန် အပြောင်းအလဲဖြစ်ပေမည်။ မွတ်စ်လင်မ် ဥပဒေပညာရှင်များအနေဖြင့် သက်ရှိသတ္တဝါများကို အသုံးပြုခြင်းနှင့် အနိုင်ကျင့် အလွဲသုံးခြင်းတို့နှင့် သက်ဆိုင်သော ရှာရီအာဟ် ဥပဒေ၏ ညွှန်ဆိုမှုများ စေ့စေ့စပ်စပ် လေ့လာကြည့်ရှုရမည်ဖြစ်ပြီး၊ မှားယွင်းသောလုပ်ရပ်များကို ပြင်ဆင်တည့်မတ်ပေးရန် ရဲရင့်သော ရပ်တည်ချက်များ ရှိရမည်ဖြစ်သည်။[၁၉၂]

ကျွန်ုပ်တို့၏ အစားအစာများကို ရရှိစုဆောင်းခြင်း - ဟလာလ်နှင့် သွိုင်ယစ်ဘ်

၅.၈။ ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၏ အခြေခံကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများဆိုင်ရာ ဤသင်ကြားချက်များကို ထည့်သွင်းဆင်ခြင်လျက်၊ ကျွန်ုပ်တို့ စားသုံးသော အစားအစာများအကြောင်း စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

အသင်တို့သည် မိမိတို့အား အလွှာဟ်အရှင်မြတ်က ပေးသနားတော်တော်မူသည်များအနက်မှ (စားသုံး)ခွင့်ပြုထားတော်မူသော သန့်စင်သောအရာများကို စားသုံးကြလေကုန်။ ၄င်းပြင်၊ အသင်တို့သည် မိမိတို့ သက်ဝင်ယုံကြည်လျက်ရှိကြကုန်သော အလွှာဟ်အရှင်မြတ်အားသာ ကြောက်ရွံ့ကြလေကုန်။ (၅း၈၈)

အီမာန် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူကြကုန်သော သူတို့အပေါ်၀ယ် ၄င်းတို့ စားသုံးမိခဲ့ကြသည်များအတွက် အပြစ်တစ်စုံတစ်ရာမရှိချေ။ ခြင်းချက်မှာကား သူတို့သည် သက္ကဝါ အလွှာဟ်အား ကြောက်ရွံ့ ရိုကျိုးခြင်းတရားကို ကျင့်ကြံဆောက်တည်ကြရမည်။ သက်ဝင်ယုံကြည်ကြလျက်၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြလော့။ ထို့နောက် (ထပ်မံ၍) သက္ကဝါကို ကျင့်ကြံဆောက်တည်ကြလျက် (ထပ်မံ၍) သက်ဝင်ယုံကြည်မှုထားရှိကြလော့။ တစ်ဖန်ထပ်လောင်း၍လည်း သက္ကဝါကို ကျင့်ကြံဆောက်တည်ပြီး ကောင်းမှုကို အဆုံးစွန်ပြုလုပ်ကြကုန်လော့။ စင်စစ် အလွှာဟ်အရှင်မြတ်သည် ကောင်းမှုကျင့်ကြံပွားများသူတို့ကို ချစ်ခင်နှစ်သက်တော်မူ၏။ (၅း၉၃)

ဓမ္မဥပဒေနှင့်မညီသော (*ဟလာလ်* မဟုတ်သော) အစားအစာများကို စားသုံးခြင်းနှင့် စပ်လျဉ်းသည့် ကျမ်းဂန်စာသားများ၏ ဥပဒေဆိုင်ရာ သီးခြားအရေးပါမှုကို မည်သည့်နည်းနှင့်မျှ ငြင်းဆိုခြင်းမရှိဘဲ၊ အလျဉ်းကောင်းမွန်ခြင်းမရှိသော (သွိုင်ယစ်ဘ် မဖြစ်သော) အစားအသောက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စင်စစ် ယေဘုယျအားဖြင့် အစားအစာများ စားသုံးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဤနေရာတွင် ပိုမိုကျယ်ပြန့်သော သွယ်ဝိုက်ညွှန်းဆိုမှုများကို တွေ့နိုင်ပါသည်။ အစားအစာများကို စားသုံးသူအဖြစ်လည်းကောင်း၊ ထုတ်လုပ်သူအဖြစ်လည်းကောင်း၊ ဝေဒနာခံစားရမှုများနှင့် ဖျက်ဆီးမှုများကို အနည်းဆုံးဖြစ်စေရန် ကျင့်ဝတ်အရ တာဝန်ရှိပါသည်။[၁၉၃] အစားအစာကို စားသုံးခြင်း (ကျွန်ုပ်တို့ ဘဝရှင်သန်တည်ဆောက်ရန်အတွက် တိရစ္ဆာန်ဖြစ်စေ၊ အပင်ဖြစ်စေ၏ အသက်သတ်ခြင်း)သည် သေးငယ်သော ကိစ္စမဟုတ်ပါ။ စိုက်ပျိုးရေး၊ ကျွဲ၊ နွား၊ မြင်း မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းခြင်းနှင့် အမဲလိုက်ခြင်းတို့နှင့် ဆက်စပ်နေသည့် သိမြင်ခံစားတတ်သည့် အသက်များဖြစ်စေ၊ သိမြင်ခံစားနိုင်စွမ်းမရှိသည့် အသက်များဖြစ်စေ ဆုံးရှုံးခြင်းတို့ကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားပါက၊ ကျွန်ုပ်တို့၏ ရှင်သန်နေထိုင်မှုတွင် သိမြင်ခံစားနိုင်စွမ်းရှိသော အသက်ဘဝများအပါအဝင် ရှင်သန်မှုများ၏ ထိတ်လန့်တုန်လှုပ်ဖွယ် ပမာဏရှိ သေဆုံးမှုများ မလွဲမသွေ ပါဝင်နေသည်ဟူသည့်အချက်ကို ကျွန်ုပ်တို့ ရှောင်ကွင်း၍ မရနိုင်ပါ။[၁၉၄] (၄င်းတို့အား စားသုံးခြင်းမှ)ကျွန်ုပ်တို့ ရရှိလာသည့် ခွန်အားများကို အသုံးပြု၍ ကျွန်ုပ်တို့ ယူခဲ့သည်ထက် သာပို၍ ပြန်လည်ပေးအပ်ခြင်းဖြင့် ၄င်းတို့ကို သတ်ဖြတ်ခြင်းအတွက် အစားပေးလျော်ရန် ကျွန်ုပ်တို့တွင် ကျင့်ဝတ်အရ တာဝန်ရှိပါသည်။[၁၉၅] သတ်ဖြတ်ခြင်းနှင့် စားသုံးခြင်းပြုရာတွင်၊ အလွှာဟ်အရှင်မြတ်၏ နာမတော်ကို ကျေးဇူးတင်ရှိသည့်အနေဖြင့် တသပြီး၊ အဆုံးစွန်သော ကောင်းမှုများကို ပြုလုပ်ခြင်းအားဖြင့် ထိုကျေးဇူးကို ပြန်ဆပ်ကြပါလျှင်၊ ၄င်း(သတ္တဝါ)တို့၏ သေဆုံးရခြင်းက အဓိပ္ပါယ်ပြည့်ဝလာနိုင်ပေသည်။ ထိုသည့်အခါ သတ်ဖြတ်ခြင်း လုပ်ရပ်သည် အရှိသေတန် သိမ်ဖျဉ်းစေသော လုပ်ရပ်ဖြစ်တော့မည်မဟုတ်ဘဲ၊ စွန့်လွှတ်ပူဇော်ခြင်းအတွက် ပေးဆပ်မှုတစ်ခု ဖြစ်လာပေမည်။[၁၉၆] ထူးကဲထင်ရှားစွာပင်၊ စာပိုဒ် ၃.၄တွင် ကိုးကားခဲ့သော "အလွှာဟ်အရှင်မြတ်က အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အမြင့်မား အဆုံးစွန်သော ကောင်းမှုပြုခြင်းကို ပညတ်ထားတော်မူသည်"ဟူသော အမြင့်မားအဆုံးစွန်ဆုံးသော

ကောင်းမှုပြုခြင်းနှင့် သက်ဆိုင်သည့် ဟဒီးဆ်တော်သည် ကောင်းမြတ်ခြင်းနှင့် စပ်ဆိုင်လေ့မရှိသည့် ဆိုကြပါစို့ အသက်သတ်ခြင်းကဲ့သို့သော နယ်ပယ်တစ်ရပ်တွင် မြင်သာထင်ရှားသော ပုံဖော်ပြသခြင်းတစ်ခုဖြင့် ဆက်လက် သက်ဆိုင်နေဆဲဖြစ်သည်။ သို့သော် ထိုနယ်ပယ်သည် ကောင်းမွန်မှုတို့ အလျဉ်းကင်းမဲ့နေသည့်အခါ သွေဖည်လွဲချော်မှု အဖြစ်နိုင်ဆုံးသော နယ်ပယ်ပင်ဖြစ်သည်။[၁၉၇]

အလွှာဟ်အရှင်မြတ်က အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အမြင့်မားအဆုံးစွန်ဆုံးသော ကောင်းမှုပြုခြင်း၊ အလှတရားနှင့် သာလွန်ကောင်းမြတ်မှု (*အဟ်စာန်*) တို့ကို ပညတ်ထားခဲ့ပြီးဖြစ်သည်။ ထို့အတွက် အသင် အသက်ကို သတ်ဖြတ်ပါလျှင်၊ ထိုသတ်ခြင်းကို အကောင်းမွန်ဆုံး သတ်ခြင်းဖြစ်ပါစေလေ၊ ထို့အပြင် အစုလိုက်သတ်ဖြတ်ရပါလျှင်၊ ထိုသတ်ဖြတ်ခြင်းကို အကောင်းမွန်ဆုံး သတ်ဖြတ်ခြင်းဖြစ်ပါစေလေ။ အသင်တို့ တစ်ဦးချင်း၏ ဓါးသွားများကို ထက်မြစေပြီး၊ အသတ်ဖြတ်ခံရသည့် တိရစ္ဆာန်အတွက် လွယ်ကူသက်သာမှုပေးပါလေ။[၁၉၈]

၅.၉။ စိုက်ပျိုးမွေးမြူခြင်း အချို့အမျိုးအစားများ၊ ကွဲနွားမြင်းတိရစ္ဆာန်မွေးမြူခြင်း အချို့အမျိုးအစားများနှင့် အမဲလိုက်ခြင်း အချို့အမျိုးအစားများသည် အခြားအမျိုးအစားများထက် အသက်ဘဝများကို အတိုင်းထက်အလွန် ဖြုန်းတီးရာရောက်ပြီး၊ ကမ္ဘာမြေပေါ်ရှိ သက်ရှိဘဝ အဆောက်အဦကို အလွန့်အလွန် ဖျက်ဆီးမှုပြုပေသည်။[၁၉၉] လက်ရှိအထိ ဖျက်ဆီးမှုအကြီးဆုံး၊ ဖြုန်းတီးမှုအများဆုံးမှာ မြေဆီလွှာ၊ လေနှင့် ရေတို့ကို အဆိပ်သင့်စေပြီး၊ ဒေသခံမျိုးရင်း အပင်များ စုံလင်ကွဲပြားမှုကို မြေကို ပိုးသတ်စိုက်ပျိုးသည့် တစ်သီးတည်းစိုက်ခင်းများ၊ ကြက်ဘဲ မွေးမြူရေးခြံများ၊ အသားတိုးမွေးမြူရေးခြံများ၊ သားသတ်ရုံများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများနှင့် ကြီးမားသော စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများ (ပင်လယ်ကြမ်းပြင်နှင့် ထွန်းကားဆဲ ကမ်းရိုးတန်းနှင့် ရေချိုဂေဟစနစ်များကို ညစ်ညမ်းမှုဖြစ်စေသည့် ပုပ်သိုးပျက်စီးစေသည့် ရင်းမြစ်များဖြင့် အစားထိုးခံရသည့် ရေအောက်သက်ရှိစနစ်တို့ကို ပွတ်တိုက်ခြစ်ယူသည့် အလွန်ကြီးမားသော ပိုက်ကွန်များပါသည့် ဆွဲပိုက်သုံးငါးဖမ်းစက်လှေများ)ဖြင့် အစားထိုးသည့် ကြီးကြီးမားမား စီးပွားဖြစ် စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးခြံလုပ်ငန်းများပင်ဖြစ်သည်။ ယနေ့ကျင့်သုံးနေသည့် ကြီးမားသော စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိဘဝကွဲပြားစုံလင်မှုကို ဖျောက်ဖျက်နေသည့် တစ်ခုတည်းသော အကြီးမားဆုံး အကြောင်းတရားအပြင်၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၏ အပြင်းထန်ဆုံးလက်သည်တရားခံ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။[၂၀၀] ဤသည်ပင် ကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းတရား၊ ဖျက်ဆီးမှု၊ အရည်အသွေးယုတ်လျော့စေမှုနှင့် အရှိသေတန်နိမ့်ပါးစေမှုတို့ကို ဖြစ်စေသော *အစ်ဖ်ဆွားဒ် ဖစ်လ်အရ်သွ်* ၏ အနှစ်သာရအပြည့်ဆုံး သရုပ်မှန်ပင် မဟုတ်ပါလော။

၅.၁၀။ **အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း။** ကျမ်းတော်မြတ်ကုရ်အာန်က အစားအစာအတွက်လည်းကောင်း၊ ဆင်တူသော ခိုင်လုံသည့် လိုအပ်ချက်များအတွက်လည်းကောင်း အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းကို ခွင့်ပြုထားသည်။ သို့သော်လည်း အစွလာမ့်ဥပဒေက အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံသတ္တဝါများကို ရက်စက်စွာ သို့မဟုတ် အချည်းနှီး အလဟဿ အသုံးချခြင်းမပြုရန် တားမြစ်ထားသည်။ ယင်းဥပဒေက ကမ္ဘာမြေအပြင်ဝယ် ပျက်စီးရာပျက်စီးကြောင်းတရား (*အစ်ဖ်ဆွားဒ် ဖိလ်-အရ်သွ်*) သို့မဟုတ် ဖြုန်းတီးရာရောက်သည့် အချည်းနှီး အလွန်အကျူးပြုမှု (*အစ်ရားဖ်*)ကို ခွင့်မပြုပေ။ ဂေဟစနစ်တစ်ခုအတွင်းမှ မျိုးစိတ်တစ်ခုအား လုံးဝဥဿုံ ပျောက်ကွယ်သွားစေရန် ခြိမ်းခြောက်သည့် မည်သည့် အပြုအမူတစ်ခုမဆို ကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းပြုခြင်းပင်ဖြစ်သည်။ တရားဝင်ခိုင်လုံသည့် လိုအပ်ကချက်ကို ကျော်လွန်သည့် မည်သည့် သတ်ဖြတ်ခြင်းမဆို ဖြုန်းတီးရာရောက်သည့် အချည်းနှီး အလွန်အကျူးပြုမှုပင် ဖြစ်သည်။ အစွလာမ်သာသနာ၏ သွန်သင်ချက်များက အလေးအနက်မရှိ အပျော်အပျက်သဘော ရက်စက်ကြမ်းကြုတ်မှု

(အာဘသ် သဒ်ဟီးဘ်) သို့မဟုတ် ရှောင်ကွင်း၍ ရနိုင်သော (မလွဲမရှောင်သာမဟုတ်သော) နာကျင်မှုကို ခံစားစေခြင်းဖြစ်သည်။ နဗီတမန်တော်မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က "သက်ရှိသတ္တဝါတစ်ကောင်ကို ပစ်မှတ်အဖြစ် မှတ်ယူအသုံးပြုသည့်" မည်သူတစ်ဦးတစ်ယောက်ကိုမဆို ကျိန်ဆဲတော်မူခဲ့သည်။[၂၁] မည်သူမဆို စာကလေး သို့မဟုတ် ထို့ထက်ပိုသေးငယ်သော တစ်ကောင်ကောင်ကို သတ်ဖြတ်ခဲ့ပါလျှင်၊ ၄င်းက အကြွင်းမဲ့စွမ်းအားရှိတော်မူသော၊ အလွန်တရာသန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်အထံသို့ ရှင်ပြန်ထရမည့်နေ့တွင် "အိုးအရှင်၊ ဤသူသည် ကျွန်တော်မျိုးအား အပျော်အပျက်သဘော သတ်ဖြတ်ခဲ့ပါသည် (ဆိုလိုသည်မှာ ထိုသူသည် ကျွန်ုပ်ကို သတ်ဖြတ်ခြင်းမှ မည်သည့် အကျိုးကျေးဇူးမျှ မရရှိခဲ့သကဲ့သို့ အရှင်မြတ်ပိုင်စိုးတော်မူသော ကမ္ဘာမြေပြင်တွင် လွတ်လပ်စွာ ရှင်သန်နေထိုင်ရန်လည်း ခွင့်မပြုခဲ့ပါ"ဟု မြည်ကြွေးတိုင်တန်းပေလိမ့်မည်ဟု နဗီတမန်တော်က ကျွန်ုပ်တို့ကို သတိပေးတော်မူခဲ့ပါသည်။[၂၂] အစ္စလာမ့်ဥပဒေ၏ သွန်သင်မှုတစ်ခုအရ၊ "အမဲလိုက်ခြင်းကို အားကစားသဖွယ်ပြုခြင်းမှအပ ခွင့်ပြုပါသည်"။ [၂၃] လူတစ်ဦးချင်းအဖြစ်၊ အပျော်အပျက်သဘော ကစားခုန်စားခြင်းအတွက် သတ်ဖြတ်ခြင်းကို လေးလေးနက်နက် စွန့်လွှတ်ရန် တာဝန်ရှိပြီး၊ လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့်၊ ယင်းကို ရှောင်ကြဉ်ရန် အရေးယူလုပ်ဆောင်သင့်ပါသည်။[၂၄]

၅.၁၁။ **ပိုးမွှားများနှင့် ကျူးကျော်ဝင်ရောက်လာသော ဒေသခံမဟုတ်သည့် မျိုးစိတ်များ။** ကျွန်ုပ်တို့၏ ရှင်သန်မှု၊ ကျန်းမာရေး၊ သီးနှံများနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်ခြင်းအတွက် တိရစ္ဆာန်များနှင့် အပင်များကို သတ်ခြင်းက တရားဝင်ပါသည်။ ဇီဝမျိုးကွဲပြားစုံလင်မှုအပေါ် အဓိက ခြိမ်းခြောက်မှုတစ်ရပ်မှာ ကျူးကျော်သော ဒေသခံမဟုတ်သည့် မျိုးစိတ်များ ယူဆောင်လာခြင်းဖြစ်ပြီး၊ ကမ္ဘာမြေပြင်ပေါ် ရှိ သက်ရှိအစုအဖွဲ့ အသိုက်အဝန်းများ၏ ကောင်းကျိုးချမ်းသာအတွက်ဆိုပါက၊ ဂေဟစနစ်များနှင့် ဒေသခံမျိုးစိတ်များကို ခြိမ်းခြောက်နိုင်ခြေရှိသည့် ထိုပြင်ပမျိုးစိတ်များ ယူဆောင်တင်သွင်းလာမှုကို တားဆီးပိတ်ပင်ရန်နှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပြီးခဲ့သော ဒေသများတွင် ထိုသို့သော မျိုးစိတ်များကို ထိန်းချုပ်ကန့်သတ်ရန် သို့မဟုတ် ဖယ်ရှားပစ်ရန် လိုအပ်ပါသည်။[၂၅] သို့သော်လည်း၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်စေမှု (*အစ်ဖ်ဆွားဒ်*)နှင့် ဖြန်းတီးရာရောက်သော အချည်းနှီး အလွန်အကျူးပြုမှု (*အစ်ရားဖ်*)ကို ရှောင်ရှားနိုင်ရန်အတွက်၊ စိုက်ထုတ်မှုအနည်းဆုံးနှင့် အကျိုးအများဆုံးပေးနိုင်ပြီး၊ ဖျက်ဆီးမှုအနည်းဆုံးဖြစ်သော နည်းလမ်းများကို အသုံးပြုရန် ဝတ္တရားရှိပေသည်။[၂၆] တစ်ခါတစ်ပါး၌ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)သည် မိနာအရပ်ရှိ လိုဏ်ဂူတစ်ခုအတွင်း ကိုယ်တော်သခင်၏ အချို့တော် သာဝကများနှင့် ရှိနေစဉ် မြွေပွေး (သေစေလောက်သော အဆိပ်ရှိသည့် မြွေ)တစ်ကောင်သည် ၄င်းတို့အရှေ့ဝယ် ရောက်ရှိလာခဲ့သည်။ ကိုယ်တော်က ယင်းမြွေကို သတ်ရန် ၄င်းတို့ကို အမိန့်ပေးခဲ့သည်။ သို့သော် ယင်းမြွေက ၄င်းတို့ထံပါးမှ ထွက်ပြေးသွားသည့်အခါ၊ ထိုမြွေနောက်သို့ လိုက်ရန် အမိန့်မပေးခဲ့ချေ။ ထိုအစား "အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ထိုမြွေ၏ မကောင်းဆိုးဝါးအန္တရာယ်မှ ကယ်တင်ခဲ့သကဲ့သို့ပင်၊ ထိုမြွေအားလည်း အသင်တို့၏ မကောင်းဆိုးဝါး အန္တရာယ်မှ ကာကွယ်ခဲ့ပေသည်"ဟုသာ မိန့်မြွက်တော်မူခဲ့ပေသည်။[၂၇] ကျွန်ုပ်တို့၏ ရှင်သန်မှု၊ ကျွန်ုပ်တို့၏ အိမ်မွေးတိရစ္ဆာန်များနှင့် ကျွန်ုပ်တို့၏ သီးနှံများကို ကာကွယ်ခြင်းက အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံသတ္တဝါများအနက်မှ မည်သည့် မျိုးစိတ်တစ်ခုခုကိုမဆို အပြီးတိုင် ကွယ်ပျောက်သွားအောင် သတ်ဖြတ်ရှင်းလင်းခြင်းကို မဆိုထားဘိ၊ မလိုလားအပ်သည့် သတ်ခြင်းကိုပင် မဖြစ်စေရန် အာမခံပေးမည့် ကန့်သတ်ပြဋ္ဌာန်းမှုများအဖြစ် ထိုချုပ်တည်းမှုမူစည်းမျဉ်းကို ကျွန်ုပ်တို့ အနက်ပြန်ဆိုရန် လိုအပ်ပါသည်။[၂၈]

၅.၁၂။ **မျိုးဗီဇပြုပြင်ထားသည့် သက်ရှိသတ္တဝါများ။** မျိုးဗီဇပြုပြင်ခြင်းနည်းပညာသည် ၄င်းနှင့်အတူ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ကျသော ပြဿနာအများအပြားကို သယ်ဆောင်လာသည်။ မျိုးဗီဇကို ခြယ်လှယ်ပြင်ဆင်မှုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဆိုးဆိုက်စေနိုင်သည့် "အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို ရှိုင်တွာန်မိစ္ဆာဆန်သော ပြင်ဆင်မှု"အဖြစ် လုံးဝဥဿုံ ပိတ်ပင်တားမြစ်ပါသလော။ သို့မဟုတ် မျိုးဗီဇနှင့် သက်ဆိုင်သော ကျန်းမာရေးပြဿနာများကို ကုသရန်နှင့် ကျွန်ုပ်တို့၏ သီးနှံများ၏ မိုးခေါင်မှုဒဏ်နှင့် ရောဂါပိုးမွှားများ၏ ဒဏ်ကို ခံနိုင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် အငတ်ဘေးကို ကျော်လွှားနိုင်စေသည့် တရားဝင်ပြုပိုင်ခွင့်ရှိသော နည်းလမ်းဖြစ်ပါသလော။ အများစုသော မကောင်းခြင်းများကို ၄င်းတို့က ဖြစ်စေသော အကျိုးကျေးဇူးများ၏ အခြေခံပေါ်တွင် လက်သင့်ခံထိုက်ကြောင်း အကြောင်းပြချက်များ ပေးကြသည်နှင့် တစ်ပြိုင်တည်းတွင် မူးယစ်ဆေးဝါးများနှင့် လောင်းကစားခြင်းကဲ့သို့ ထိခိုက်နိုင်မှု အန္တရာယ်က ကောင်းခြင်းထက် ပိုမိုကြီးမားပါက၊ *ရှာရီအာဟ်*တရားတော်က ၄င်းတို့ကို တားမြစ်ခြင်းကို ပြဋ္ဌာန်းထားသည်ဟု စိတ်ဝယ်မှတ်စွဲနိုင်ပါသည်။[၂၀၉] အခြားတစ်ဖက်တွင်လည်း၊ အကယ်၍ မျိုးဗီဇပြုပြင်ခြင်း နည်းပညာကို အကန့်အသတ်နှင့် ခွင့်ပြုသည်ဆိုပါက၊ ထိုအကန့်အသတ်ကို မည်သို့ သတ်မှတ်ပြဋ္ဌာန်းပါသနည်း။[၂၁၀]

အသက်ရှင်သန်မှု၏ ရင်းမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း

၅.၁၃။ ယနေ့ သဘာဝလောကကြီးနှင့် ကျွန်ုပ်တို့၏ ဖောက်ပြန်ယိုယွင်းစေသော ဆက်နွယ်မှုတို့၏ ရလဒ်အဖြစ် ပျောက်ကွယ်သွားပြီဖြစ်သည့် အတိတ်က မွတ်စ်လင်မ်တို့ အသုံးပြုခဲ့သည့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အမူအကျင့်များမှ သင်ယူစရာများစွာရှိကြောင်း ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသိအမှတ်ပြုလာကြသည်။ *ဟရာမ်မိုင်းန်း*၊ *ဟီမာ*၊ *ဟရီမ်* ဇုန်များနှင့် *ဝကဖ်*တို့ကဲ့သို့သော အင်စတီကျူးရှင်းများသည် ကမ္ဘာမြေကြီး၊ ၄င်း၏ ကုန်းမြေများနှင့် ရေပြင်များအပြင်၊ အောက်တွင် အနှစ်ချုပ်ဖော်ပြထားသည့်အတိုင်း ထိုကုန်းမြေရေထုတို့က ခိုကိုးရာပေးထားသည့် သက်ရှိပုံစံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အခြေခံဖြစ်စေသည်။

၅.၁၄။ **ဟရာမိုင်းန်း။** အစ္စလာမ့်သင်ကြားမှုတွင် မက္ကာဟ်နှင့် မဒီနာတို့ကို ဝန်းရံသိုင်းခြုံထားသည့် အယ်လ်ဟရာမိုင်းန် အက်ရှ် ရှရီဖိုင်းန် တို့ဟူသော မကျူးကျော် မစော်ကားထိုက်သည့် ဘေးကင်းခိုလှုံရာ နေရာနှစ်ခုသည် ကမ္ဘာမြေပေါ်တွင် ရှေးအကျဆုံး အကာကွယ်ခံ နယ်မြေနှစ်ခုဖြစ်သည်။ ထိုနေရာတစ်ခုချင်းစီသည် လူသားများအတွက်၊ တောရိုင်းတိရစ္ဆာန်များအတွက်နှင့် ဒေသရင်းစိုက်ခင်းသီးနှံများအတွက် မကျူးကျော်မစော်ကားအပ်သည့် ဘေးကင်းခိုလှုံရာနေရာတစ်ခု[၂၁၁] ဖြစ်သည်။ ၄င်းတို့ပရဝုဏ်အတွင်းတွင်၊ ဒေသရင်းအပင်များကို ဖျက်ဆီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်များကို သတ်ခြင်း သို့မဟုတ် ဒဏ်ရာအနာတရဖြစ်စေခြင်းကို (နှောင့်ယှက်ခြင်းကိုပင်လျှင်) တားမြစ်ပိတ်ပင်ထားသည်။[၂၁၂] မက္ကာဟ်မြို့သူမြို့သားအားလုံးတို့ အစ္စလာမ်သာသနာကို လက်ခံခဲ့ကြသည့်နေ့တွင်၊ တမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က မက္ကာဟ်မြို့၏ ထွဋ်မြတ်သော နယ်မြေဇုန်နှင့် စပ်လျဉ်း၍

အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ထားသော ဘေးရန်ကင်းစင်လုံခြုံမှုအားဖြင့် မက္ကာဟ်မြို့သည် ပြန်လည်ရှင်ပြန်ထမြောက်ကြမည့် နေ့တိုင်အောင် ထွဋ်မြတ်ပေသည်။ ယင်း၏ ပရဝုဏ်အတွင်းရှိ ဆူးပင်များကို မခုတ်လှဲရ၊ သားကောင်များကို မနှောင့်ယှက်ရ၊ ယင်း၏ ပရဝုဏ်အတွင်း ပျောက်ဆုံးသော အရာဝတ္ထုများကို တွေ့ရှိကြောင်း ကြေညာမည့်သူများသာလျှင် ကောက်ယူရမည်၊ ယင်း၏ စိမ်းလန်းစိုပြေသော နွယ်မြက်သစ်ပင်တို့အား မခုတ်လှဲရ[၂၁၃]

ဟု ကြေညာမောင်းခတ်တော်မူခဲ့ပေသည်။

နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က ဤသို့မိန့်ဆိုရင်း အလားတူ ဘေးကင်းလုံခြုံရာ ဘေးမဲ့နယ်မြေတစ်ခုကို အယ်လ်-မဒီနာဟ်[၁၄] အနီးပတ်ဝန်းကျင်ရှိ တောင်များနှင့် မီးတောင်ချော်ရည်ကျောက်ကွင်းပြင်တို့အကြားတွင်လည်း သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

အမှန်ကောန် အဲဗရာဟင်မ်က မက္ကာဟ်မြို့ကို ဘေးရန်ကင်းစင်ရာနယ်မြေတစ်ခုအဖြစ် ကြေညာခဲ့ပြီး၊ ငါကိုယ်တော်က ချော်ရည်ကျောက်များရှိရာ မြေနေရာနှစ်ခုအကြားရှိသည့် အယ်လ်-မဒီနာဟ်ကို ဘေးရန်ကင်းစင်ရာနယ်မြေအဖြစ် သတ်မှတ် ကြေညာတော်မူ၏။ ၄င်းရှိ အပင်များကို မခုတ်လှဲရ၊ ၄င်းရှိ သားကောင်များကို အမဲလိုက်ခြင်း မပြုရ။[၁၅]

ကိုယ်တော်သခင်၏ သာဝကတော်တစ်ပါးဖြစ်သည့် အဘူ ဟူရိုင်ရာဟ် သခင်က "ချော်ရည်ကျောက်များရှိရာ နယ်မြေနှစ်ခုအကြားက မြေပြင်တွင် ဒရယ်များကို တွေ့ခဲ့လျှင်လည်း၊ ကျွန်ုပ်သည် ၄င်းတို့ကို အနှောင့်အယှက်ပေးမည်မဟုတ်ပါ။ ကိုယ်တော်သခင် (နဗီတမန်တော်)ကလည်း အယ်လ်-မဒီနာ၏ ဝန်းကျင်ကို တစ်ဆယ့်နှစ်မိုင်အထိ ဘေးမဲ့မြေ (*ဟိမာ*)အဖြစ် ပြုလုပ်တော်မူခဲ့ပါသည်"[၁၆] ဟု ဆိုခဲ့ပါသည်။

၅.၁၅။ **ထွဋ်မြတ်သည့် ဘေးရန်ကင်းစင်ရာ နှစ်ဌာနကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် စီမံကိန်းရေးဆွဲခြင်း။** အထက်တွင် ဖော်ပြခဲ့သကဲ့သို့၊ ကျူးကျော်စော်ကားခြင်းမပြုအပ်သည့် ဘေးရန်ကင်းစင်ရာ နှစ်ဌာနအတွင်း၊ ဒေသရင်းအပင်များကို ဖျက်ဆီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်များကို သတ်ခြင်း သို့မဟုတ် ဒဏ်ရာအနာတရဖြစ်စေခြင်းကို (နှောင့်ယှက်ခြင်းကိုပင်လျှင်) တားမြစ်ပိတ်ပင်ထားသည်။ ဒေသရင်း သီးနှံစိုက်ခင်းများနှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်မှုမှ ရှောင်ရှားခြင်းက ၄င်းတို့၏ ရှင်သန်ပေါက်ပွားနေထိုင်ရာ နေရာများကို ကာကွယ်မှုမရှိဘဲ၊ မရရှိနိုင်ပါ။ ကျွန်ုပ်တို့၏ အမြင်တွင်၊ ယင်းအချက်က မက္ကာဟ်နှင့် အယ်လ်-မဒီနာဟ်တို့ရှိ ထွဋ်မြတ်သော သီးသန့်နယ်မြေ ပရဝုဏ်အတွင်း စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် ဆောက်လုပ်ခြင်းတို့ကို ပြုလုပ်ရာတွင် သာမန်ထက်ထူးကဲသော သတိအသိကြီးမှု၊ ဂရုဓမ္မပြုမှုတို့နှင့် ဆောင်ရွက်ရန် ပြဋ္ဌာန်းပါသည်။[၁၈] ယင်းကိုသာ အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့ပါက၊ မကျူးကျော်မစော်ကားအပ်သော ဘေးရန်ကင်းစင်ရာ ဌာနနှစ်ခုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရှည်တည်တံ့သော ထို့ထက်လွန်၍ အဖန်ဖန်တိုးပွားစေသော ဖွံ့ဖြိုးတိုးတက်မှု သာဓကပုံစံများ၊ ဇီဝပထဝီနယ်အခြေခံ မြို့ပြနှင့် ကျေးလက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေါင်းစပ်ထားသော စီမံကိန်း အစီအမံများအတွက် အကောင်းဆုံးအမူအကျင့်များကို သရုပ်ဖော်ပြသမှု ဖြစ်လာပါလိမ့်မည်။ ထိုနှစ်ဌာနသို့ ဘာသာရေးကျင့်စဉ်ခရီးအကြိုးနှင့် ခရီးအငယ်တည်းဟူသော *ဟဂ်ျ*နှင့် *အွမွရာဟ်* ဘာသာရေးကျင့်စဉ်ခရီးသွားများ နှစ်စဉ် သန်းနှင့်ချီ၍ လာရောက်လည်ပတ်ကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သာလွန်ကောင်းမွန်မှု၏ အမြင့်ဆုံးစံချိန်စံညွှန်းများကို လူသားမျိုးနွယ်နှင့် အခြားသော အဖန်ဆင်းခံသတ္တဝါများအကြားရှိ သဟဇာတဖြစ်မှုကို ရုပ်လုံးထင်ရှားမှုသဖွယ်၊ ထို့ပြင် ကမ္ဘာမြေအပေါ် လူသား၏ တာဝန် (အစ္စလာမ် သွန်သင် သင်ကြားမှုအတွင်းမှ ခလီဖာဟ် ဟူသော သဘောတရား)ကို ဖော်ထုတ်ပြသမှုသဖွယ် သရုပ်ဖော်ပြသခြင်းဖြင့်၊ ၄င်းတို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိတရားနိုးကြားမှုကို မွတ်လင်မ်ကမ္ဘာတစ်ခွင်လုံးသို့ ပျံ့နှံ့စေနိုင်သည့် စွမ်းပကားရှိပါသည်။ အပြန်အလှန်အားဖြင့်၊ ကမ္ဘာမြေပေါ် ရှိ ဤအထွဋ်မြတ်ဆုံးနှစ်ဌာနကို ယိုယွင်းနိမ့်ပါးစေခြင်းနှင့် မတော်မတရားအသုံးချမှုတို့ ပြုလုပ်ခဲ့ပါက၊ ဤကမ္ဘာဂြိုဟ်ပေါ် ရှိ ကျန်အစိတ်အပိုင်းများကို ပျက်စီးယိုယွင်းစေခြင်းက မမှားပါဟူသော သတင်းစကားကို မွတ်စ်လင်မ်ကမ္ဘာ တစ်ခွင်သို့ ကြေညာ မောင်းခတ်ပေလိမ့်မည်။[၁၉]

၅.၁၆။ ***ဟိမားဟ်***။ အစ္စလာမ့်ဥပဒေတွင်၊ *ဟိမာ*[၂၀] ဟူသော ပုဒ်သည် "အကာကွယ်အစောင့်ရှောက်ခံ နယ်မြေ"ဟု အဓိပ္ပါယ်ဆောင်ပါသည်။ *ဟိမား* များသည် အစ္စလာမ်မတိုင်မီ ခေတ် အာရေးဗီးယားကျွန်းဆွယ်တွင် တည်ရှိခဲ့သော်လည်း၊ ၄င်း၏ ယနေ့ခေတ် ပုံစံတွင်မူ၊ *ဟိမား* သည် နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)ချမှတ်ခဲ့ပြီး၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် မရှိမဖြစ် အခရာကျသော ကိရိယာများအနက် တစ်ခုဖြစ်လာသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းလျက်ရှိသည်။ "အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ နဗီတမန်တော်အတွက်မှအပ မည်သည့် သီးသန့်အထိန်းသိမ်းခံနယ်မျှ မရှိ" ကြေညာလျက်၊ အစ္စလာမ်မတိုင်မီခေတ်က အုပ်ချုပ်သူများနှင့် မျိုးနွယ်စု ခေါင်းဆောင်များ သီးသန့်အသုံးပြုရန် ပုဂ္ဂလိကပိုင် သီးသန့်ထိန်းသိမ်းစောင့်ရှောက်ခံနေရာများ ပြုလုပ်သည့် အလေ့အထကို ဖျက်သိမ်းခဲ့ပြီး၊ ဟိမားတစ်ခုကို အကျယ်ပြန့်ဆုံး အနက်အဓိပ္ပါယ်အားဖြင့် ဘုံကောင်းကျိုးအတွက်သာ တည်ထောင်နိုင်သည်ဟု စည်းမျဉ်းသတ်မှတ်ခဲ့ပေသည်။[၂၀]

၅.၂၀။ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က *ဟိမား* နှစ်ခုကို သတ်မှတ်ထူထောင်ခဲ့သည်။ *ဟိမား အက်ရ်-ရှဂျာ* (သစ်ပင်များ၏ *ဟိမား*)[၂၁]ဟု ကျယ်ကျယ်ပြန့်ပြန့်သိကြသည့် ပထမတစ်ခုမှာ အယ်လ်-မဒီနာဟ်၏ ဟရာမ်ကို သိုင်းခြုံဝန်းရံထားသည်။ ထို *ဟရာမ်* နှင့် ယင်းကို ဝန်းပတ်ရံထားသည့် *ဟိမား*တို့သည် ဟရာမ်အတွင်းတွင် အမဲလိုက်ခြင်းနှင့် သစ်ပင် စိုက်ခင်းများကို ခုတ်ဖြတ်ခြင်းကို တားမြစ်ထားသည့်၊ ဝန်းပတ်ရံထားသည့် *ဟိမား*အတွင်း သစ်ပင်ခုတ်လှဲခြင်းနှင့် သစ်ပင်ခြုံပင်များ ခုတ်ဖြတ်ခြင်းကို တားမြစ်ထားသည့် ထိန်းသိမ်းစောင့်ရှောက်ခံ နယ်မြေဇုန်များဖြစ်သည်။[၂၁] ကိုယ်တော်သခင်က ဒေသရင်း အပင် မျိုးအစုအဖွဲ့များနှင့် ၄င်းတို့နှင့် ဆက်စပ်နေသည့် ဒေသရင်း တိရစ္ဆာန်များ၏ ဇီဝမျိုးကွဲစုံလင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ထိရောက်မှုရှိစွာ သီးသန့် သတ်မှတ်ပြဋ္ဌာန်းထားသည့် *ဟိမား အက်ရ်-ရှဂျား*နှင့် ကွဲလွဲစွာပင်၊ ပိုမိုသေးငယ်သော *ဟိမား အန်-နကီး* ကို ထပ်ဖန်တလဲလဲ ဖိစီးအနှိပ်စက်ခံ မွတ်စ်လင်မ် အသိုက်အဝန်း၏ မြင်းတပ်သုံး မြင်းများ၏ စားကျက်အဖြစ် (ရေရှည်တည်တံ့စေသည့် နှင့် ပြန်လည်သစ်လွင်ရှင်သန်လာမည့်) အသုံးပြုရန်အတွက် အယ်လ်-မဒီနာဟ်၏ တောင်ဘက် ဓ၀ကီလိုမီတာခန့်တွင် ထူထောင်ခဲ့သည်။[၂၂] အယ်လ်-မဒီနာဟ်၏ အရှေ့ဘက် ၁၆၀ ကီလိုမီတာတွင် ဗဟိုပြုသည့်[၂၃] *ဟိမား အရ်-ရဒါဒါဟ်* ကို ခလီဖွာဟ် သမ္မတကြီး အွမ်မရ် အစ်ဗနေ အယ်လ်-ခတ္တာဘ်က သတ်မှတ်ထူထောင်ခဲ့သည်။ ခလီဖွာဟ် သမ္မတကြီး အွမ်မရ်သည် ၄င်း၏ မန်နေဂျာကို အောက်ပါအတိုင်း ညွှန်ကြားလမ်းညွှန်သည့်အခါက၊ ဒေသခံပြည်သူများကို ထိခိုက်မှု အန္တရာယ် သက်ရောက်စေခြင်းမရှိသည့် နည်းလမ်းများအတိုင်း ဟိမား များကို စီမံခန့်ခွဲရမည်ဟူသည့် မူစည်းမျဉ်းကို ရှင်းလင်းတိကျစွာ ပြောဆိုခဲ့သူဖြစ်သည်။

> အို...ဟူနေး၊ သတိမူပါလော့။ အများပြည်သူတို့အပေါ်ဝယ် သင်၏ တောင်ပံများကို နှိမ့်ချထားပါလော့။ အဖိနှိပ်ခံများ၏ တောင်းဆုကို အလ္လာဟ်အရှင်မြတ်က ဖြည့်ဆည်းပေးမည်ဖြစ်သည့်အတွက်၊ ၄င်းတို့၏ တောင်းဆုကို သတိထားပါလေ။ ကုလားအုတ်များနှင့် သိုးများအပေါ် မှီခိုနေကြသူများကို စာရင်းသွင်းပါ။ အစ်ဗနေ အောင်းဖ်နှင့် အစ်ဗနေ အဖ်ဖာန်းတို့သည် ၄င်းတို့၏ တိရစ္ဆာန်အုပ်များ သေဆုံးကုန်ပါက၊ ၄င်းတို့၏ စွန့်ပလွှံပင်များနှင့် စိုက်ခင်းများအပေါ် အားထားကြမည်ဖြစ်သဖြင့် ၄င်းတို့၏ တိရစ္ဆာန်အုပ်များကို ငြင်းဆိုပယ်ဖျက်ပါလေ။ လိုအပ်ချက်ရှိသူတစ်ဦးမှာမူ ၄င်း၏ တိရစ္ဆာန်အုပ်များ သေဆုံးကုန်ပါက၊ "အို...ယုံကြည်သက်ဝင်သူတို့၏ ခေါင်းဆောင်၊ အကျွန်ုပ်သည် ၄င်းတို့အတွက် ရွှေငွေတို့ကို သုံးစွဲခြင်းထက်၊ စားကျက်ခင်းများ ပေးခြင်းက အကျွန်ုပ်တို့ ပိုမိုလွယ်ကူပါသည်"ဟု မြည်တမ်းလျက် ကျွန်ုပ်ထံ လာပေမည်။ အမှန်စင်စစ်၊ ဤသည် ၄င်းတို့၏ မြေပင်ဖြစ်သည်။ အသိမိုက်အမှောင်ကျသည့် ခေတ်အခါက ၄င်းတို့သည် ထိုမြေအတွက် တိုက်ခိုက်ခဲ့ကြပြီး၊ ထိုမြေအပေါ်ဝယ် ၊ ၄င်းတို့ အစ္စလာမ်သာသနာကို လက်ခံပွေ့ဖက်ခဲ့ကြပေသည်။[၂၄]

၅.၁၈။ ဤသမိုင်းဝင် *ဟိမား* သုံးခုသည် အစ္စလာမ်ဥပဒေအတွင်း ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေရေယာနှင့် သက်ဆိုင်သည့် ဓမ္မသတ်ဖြတ်ထုံးများကို မွတ်စ်လင်မ် ဓမ္မသတ်ပညာရှင်များ ရယူသည့် အဓိက ရှေးထုံးများဖြစ်ကြသည်။ *ဟိမား*နှင့် သက်ဆိုင်သည့် ရှေးဦး အုပ်ချုပ်သူ ခလီဖာဟ်များ၏ မူဝါဒများသည် ထိုအင်စတီကျူးရှင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုအတွက် ဖြည့်စွက်အထောက်အကူပြုသည့် ရင်းမြစ်တစ်ခု ဖြစ်လာခဲ့သည်။[၂၇] ဓမ္မသတ်ဆိုင်ရာ ရှုမြင်ပုံများကို *ဟိမား*တစ်ခုသည် တရားတော်နှင့် ညီညွတ်ခိုင်လုံမှုရှိရန် အောက်ပါ စည်းကမ်းချက်အခြေအနေများကို ပြည့်မီရမည်ဟု သတ်မှတ်တင်ပြခဲ့သည့် ၁၅ရာစုနှစ် အီဂျစ် ဓမ္မသတ်ပညာရှင် ဂျလာလွဒ် ဒီးန် အဗွဒါရ် ရဟ်မားန် အက်စ် စူယွတ်သီးက ကောင်းစွာ အနှစ်ချုပ် ဖော်ပြခဲ့သည်။[၂၈]

- ၄င်းကို "အီမာမ်" (တရားဝင်အသိအမှတ်ပြုခံရသည့် အုပ်ချုပ်ရေးအာဏာပိုင်)က တည်ထောင်ခြင်းဖြစ်ရမည်။
- အလ္လာဟ်အရှင်မြတ်၏ လမ်းတော်အတွင်း - ဆိုလိုသည်မှာ အများပြည်သူကောင်းကျိုးချမ်းသာ၊ ဘုံကောင်းကျိုးတို့နှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်များအတွက် - တည်ထောင်ခြင်းဖြစ်ရမည်။
- ၄င်းသည် ဒေသခံလူထုကို မလျော်ကန်သော ခက်ခဲမှုမဖြစ်စေရပါ - ၄င်းတို့၏ စားနပ်ရိက္ခာအတွက် မရှိမဖြစ် အရေးပါသော အရင်းအမြစ်များကို ၄င်းတို့ဆီမှ ယုတ်လျော့စေမှုမဖြစ်စေရပါ။
- ၄င်းသည် ပျက်စီးဆုံးရှုံးမှုများထက် အစစ်အမှန် အကျိုးအမြတ်များကို ဆက်လက် ဖြစ်ထွန်းစေရမည် - အကယ်၍ ထိုသို့ ဆက်လက် မဖြစ်နိုင်တော့ပါက၊ ၄င်းကို စီမံခန့်ခွဲမှုကို ပြုပြင်ရမည်။

ဤစည်းကမ်းချက်သတ်မှတ်ချက် လေးခုသည် အထိန်းသိမ်းအစောင့်ရှောက်ခံနယ်မြေရေယာအတွင်း သာတူညီမျှမှုနှင့် သက်ဆိုင်သည့် လက်ရှိတွေးခေါ်ဆင်ခြင်မှုနှင့် ကိုက်ညီပါသည်။

၅.၁၉။ *ဟိမား* သည် တောရိုင်းမြေနှင့် ၄င်းက မှီခိုရာပေးထားသည့် သက်ရှိ မျိုးကွဲစုံလင်မှုတို့ကို ကာကွယ်ခြင်းအတွက် အစ္စလာမ့်ဥပဒေရှိ အရေးကြီးဆုံးသော ယဉ်ကျေးမှုဆိုင်ရာ ရှေးထုံးတစ်ခုဖြစ်သော်လည်း၊ ၄င်းသည် အစ္စလာမ်နှင့် ကမ္ဘာတစ်လွှားရှိ အခြားသော ယဉ်ကျေးမှုများတွင် ရာစုနှစ်များ အမှန်အားဖြင့် ထောင်စုနှစ်ချီ၍ လူမှုအစုအဖွဲ့ အသိုက်အဝန်းများက ၄င်းတို့၏ ရှင်သန်ရပ်တည်ရေးအတွက် မှီခိုနေရသည့် ဒေသခံ သဘာဝ ဂေဟစနစ်များကို ကာကွယ်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် ၄င်းအစုအဖွဲ့တို့ တစ်ဆင့်ချင်း ဖွံ့ဖြိုးလာစေခဲ့သည့် များလှစွာသော အလားသဏ္ဌာန်တူ ထိန်းသိမ်းစောင့်ရှောက်ခြင်း အမူအကျင့်များအနက်မှ တစ်ခုဖြစ်သည်။[၂၉] ထိုသို့သော ရှေးရိုးအစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်ခြင်း အမူအကျင့်များ၏ ဥပမာများမှာ အင်ဒိုနီးရှားရှိ *အဒတ်*စနစ်အတွင်းမှ မင်နန်းကဘူး *လူဘူက် လာရှန်ဂ်* နှင့် *ဟူတန် လာရှန်ဂ်* ၊ မြောက်အာဖရိကမှ *အင်ဒဲလ်*နှင့် အိုမန်မှ *ဟော်သားဟ်စ်* တို့ဖြစ်သည်။[၃၀] ရှေးရိုးအစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်ခြင်း အမူအကျင့်များ ပြန်လည်ရှင်သန်လာရန် ကြိုးပမ်းအားထုတ်မှုအတွင်းတွင်၊ ရှေးအစဉ်အလာ အမူအကျင့်များနှင့် နည်းပညာများ၏ အောင်မြင်မှုသည် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုက မှီခိုနေရသည့် သက်ရှိရင်းမြစ်များကို ဂရုပြုထိန်းသိမ်းရာတွင် ထိုအစဉ်အလာများအတွက် ယုံကြည်ပုံအပ်ခံရသူများ၊ လက်တွေ့ကျင့်သုံးသူများဖြစ်ကြသည့် ဒေသခံအစုအဖွဲ့ အသိုက်အဝန်းများကို သာတူညီမျှစွာ ပါဝင်လုပ်ကိုင်နိုင်စေသည့် အစီအမံအခင်းအကျင်းများ တည်ရှိနေမှုအပေါ် မှီတည်နေသည်ကို စိတ်ဝယ်မှတ်သားထားသင့်ပါသည်။[၃၁]

၅.၂၀။ ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဦးဆောင်ဆော်သြသူများ၊ ဘာသာရေးအခြေခံ အစုအဖွဲ့များနှင့် အစ္စလာမ် နိုင်ငံများရှိ ဒေသခံ အစုအဖွဲ့ အသိုက်အဝန်းများအား ဟိမားများအပြင် ၄င်းနှင့် အလားသဏ္ဌာန်တူ ရှေးရိုး အထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေရေယာများနှင့် *လူဘူက် လာရှန်ဂ်*၊ *ဟူတန် လာရှာဂ်*၊ *အင်ဒဲလ်*နှင့် *ဟော်သားဟ်စ်* တို့ကဲ့သို့သော ထိရောက်စွာ

စီမံထားသည့် အခြားသော ထိန်းသိမ်းစောင့်ရှောက်ခြင်း ဧရိယာများ၏ တန်ဖိုးကို အသိအမှတ်ပြုရန်လည်းကောင်း၊ ထိုအမှုအကျင့်များတွင် ရှုပ်လုံးပေါ်နေသည့် စုပုံလာပြီးဖြစ်သော အမွေဆက်ခံရရှိခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာတို့ ကိန်းအောင်းတည်ရှိနေသည့် ရှေးရိုးအစဉ်အလာ စီမံခန့်ခွဲသူများအား ၄င်းတို့ကို ဆက်လက်စီမံခန့်ခွဲနိုင်ရန် လုပ်ပိုင်ခွင့် စွမ်းအားများ ရရှိကြစေရန်လည်းကောင်း ကျွန်ုပ်တို့မှ တောင်းဆိုအပ်ပါသည်။ ထိုအေဂျင်စီများ၊ အစုအဖွဲ့များနှင့် အစွယ်လာမ်နိုင်ငံများနှင့် အခြားသော နိုင်ငံအားလုံးတို့မှ အစုအဖွဲ့ အသိုက်အဝန်းများအား ထိုသို့သော ထိရောက်မှုရှိစွာ၊ သာတူညီမျှမှုအခြေခံဖြင့် စီမံခန့်ခွဲသော ထိန်းသိမ်းအစောင့်ရှောက်ခံနယ်မြေများနှင့် *ဟိမား*၏ ကျင့်ဝတ်စည်းမျဉ်းများကို ရှုပ်လုံးပေါ်စေသော၊ ဇီဝမျိုးကွဲစုံလင်မှုနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အထူးအရေးပါသော နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်သော၊ ဂေဟစနစ်ဆိုင်ရာ ကိုယ်စားပြုမှုရှိရှိ ချိတ်ဆက်နေသော၊ ထို့အပြင် ပိုမိုကျယ်ပြန့်သော မြေပြင်ရုပ်ဝန်းများနှင့် ပင်လယ်ပြင်ရုပ်ဝန်းများထဲသို့ ပေါင်းစပ်သွတ်သွင်းထားသည့် အခြားသော ထိရောက်မှုရှိသည့် နယ်မြေအခြေခံ ထိန်းသိမ်းစောင့်ရှောက်ခြင်း အစီအမံများ၊ ယင်းတို့ကို မည်သို့ပင် အမည်ကင်ပွန်းတပ်သည်ဖြစ်စေ၊ ထူထောင်ကြရန် ကျွန်ုပ်တို့မှ တိုက်တွန်းနှိုးဆော်အပ်ပါသည်။[၂၂]

၅.၂။ **တောရိုင်းမြေများနှင့် သဘာဝတောရိုင်းဆန်မှု၏ တန်ဖိုး။** ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ မူဝါဒရေးဆွဲခြင်းနှင့် စီမံကိန်းချခြင်းတို့တွင်၊ (အစွယ်လာမ်နိုင်ငံများနှင့် ကမ္ဘာပေါ်ရှိ အခြားသောနိုင်ငံများတွင်) "ယဉ်ကျေးမှု"၏ တိုက်ခိုက်မှုများအကြား လျင်မြန်စွာ ပျောက်ကွယ်လာနေပြီဖြစ်သည့် တောရိုင်းဆန်မှု သို့မဟုတ် တောရိုင်းမြေများ၏ တန်ဖိုးအပေါ် လွန်စွာကြီးသော အာရုံစိုက်မှုတို့ကို ကျွန်ုပ်တို့ မြင်တွေ့လိုပါသည်။[၂၃] အဖန်ဆင်းခံသတ္တဝါအပေါင်းတို့သည် အလွှာဟ်အရှင်မြတ်ကို ဂုဏ်တော်မွှမ်းနေကြသည့် သီးသန့် သက်သေနိမိတ်လက္ခဏာများဖြစ်ကြသည်၊ အဖန်ဆင်းခံတစ်ခုချင်းစီကို ဖြောင့်မတ်မှန်ကန်မှုဖြင့် ဖန်ဆင်းခဲ့သည်ဟူသည့် ဆုံးမသြဝါဒတို့ စိမ့်ဝင်ထုံလွှမ်းနေသည့် မွတ်စ်လင်မ် ကျင့်ဝတ်ဗေဒပညာရှင်များအနေဖြင့် ကမ္ဘာမြေတွင် ကြွင်းကျန်နေသေးသည့် တောရိုင်းမြေများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းအားထုတ်မှုတွင် ရှေ့တန်းများ ပါဝင်လှုပ်ရှားသူများဖြစ်ကြစေရန် ကျွန်ုပ်တို့ မျှော်လင့်သင့်သည် မဟုတ်ပါလော။ စူးစမ်းမှု၊ လေ့လာမှုနှင့် ထိုနိမိတ်လက္ခဏာများနှင့် အရှင်မြတ်က အရှင်၏ ဖန်ဆင်းမှုကို အမိန့်ပေးညွှန်ကြားပြီး၊ တည်တံ့ခိုင်မြဲစေသော သဘာဝဖြစ်စဉ်များ (အလွှာဟ်အရှင်မြတ်၏ *စွန်နန်* တော်)တို့အပေါ် ချီးကျူးဂုဏ်မွှမ်းမှုတွင် စီးမျောနစ်မြုပ်နေနိုင်မှုတို့အတွက် အကောင်းဆုံး ဖြစ်နိုင်ခြေအလားအလာတို့ကို အတောမသိကျယ်ပြောသည့် တောရိုင်းမြေများတွင်သာ ကျွန်ုပ်တို့ ရရှိပါသည်။ အစွယ်လာမ်ယဉ်ကျေးမှုများတွင်၊ နာမ်ပိုင်းဆိုင်ရာ အမှန်တရားကို ကိုယ်စားပြုသည့် တောရိုင်းဆန်မှု၏ ခိုင်မာအားကောင်းသော အစဉ်အလာရှိပါသည်။ အကြောင်းမှာ နဗီတမန်တော်များ (မူဆာ၊ အီလီယာ့စ်၊ ယာဟ်ယာ၊ အီစာ၊ မူဟမ္မဒ်နှင့် အခြားသော နဗီတမန်တော်များ (၄င်းတို့ အားလုံးအပေါ်သို့ အလွှာဟ်အရှင်မြတ် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာကျရောက်ပါစေသား။)သည် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင်၏ အနီးအပါး လွှမ်းခြုံတည်ရှိမှုကို တွေ့ကြုံခံစားနိုင်ရန် တောရိုင်းမြေများသို့ ထွက်ခွာသွားကြပြီး၊ အလွှာဟ်အရှင်မြတ်အထံတော်မှ ဗျာဒိတ်တော်ပို့ချမှု၏ အမှန်တရားနှင့် ပညာတို့ကို ဆောင်ကြဉ်း၍ ပြန်လာခဲ့ကြသောကြောင့်ပင်ဖြစ်သည်။[၂၄]

၅.၂။ ***ဟရီမ်း* ဇုန်များ - သဘာဝပတ်ဝန်းကျင်အခြေပြု ကန့်သတ်အသုံးချမြေနေရာများနှင့် စိမ်းလန်းစိုပြေရေး နယ်အပိုင်းအခြား အရံအတားများ။** သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အစွယ်လာမ် ရိုးရာအမွေအနှစ်တွင်၊ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ပိတ်ပင်တားမြစ်ထားသော သို့မဟုတ် အဖိုးတန်အသုံးဝင်အရာများနှင့် သဘာဝရင်းမြစ်များ ပျက်စီးယိုယွင်းမှုကို တားဆီးကာကွယ်နိုင်ရန်အတွက်

ကန့်သတ်ထားသော *ဟရီးမ်* ဟုခေါ်တွင်သည့် မကျူးကျော်မထိပါးအပ်သည့် ဇုန်နယ်မြေများရှိသည်။ ပင်လယ်များ၊ ကန်များ၊ မြစ်များ၊ စမ်းချောင်းများ သို့မဟုတ် ရေထွက်ဦးများကဲ့သို့သော သဘာဝအတိုင်းဖြစ်သည့် ရေအရင်းအမြစ်များဖြစ်စေ၊ ရေတွင်းများ၊ ရေလှောင်ကန်များနှင့် မြေပြင်ပေါ်နှင့် မြေအောက် တူးမြောင်းများ ကဲ့သို့သော လူတို့ ဖန်တီးပြုလုပ်ထားသည့် ရေအရင်းအမြစ်များဖြစ်စေတို့တွင်လည်း အစွန်လာမ်ဥပဒေတွင် မထိပါးမကျူးကျော်အပ်သည့် ဇုန်နယ်မြေများရှိသည်။ ထို *ဟရီးမ်*များသည် အသုံးချမှုကန့်သတ်ချက်ရှိသည့် မြေနေရာများနှင့် အလားသဏ္ဌာန်တူသည်။ အကြောင်းမှာ ရေအရင်းအမြစ်များ ပျက်စီးယိုယွင်းမှုကို တားဆီးကာကွယ်ရန်၊ ၄င်းတို့၏ စီမံခန့်ခွဲမှုကို ပံ့ပိုးကူညီရန်နှင့် နှောင့်ယှက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုအန္တရာယ်များမှ ကာကွယ်တားဆီးရန် ပြဋ္ဌာန်းထား၍ ဖြစ်သည်။[၂၃] အချို့သော ဓမ္မသတ်ပညာရှင်များ၏ အလိုအရ၊ အခြေချဆောက်လုပ်နေထိုင်မှု (*အားမီး*)တိုင်းတွင် မြေယာခုတ်ထွင်ရှင်းလင်းပြုပြင်ခြင်းအားဖြင့် မြေလွတ်မြေရိုင်းများကို ရယူပိုင်ဆိုင်အသုံးပြုပိုင်ခွင့်ကို တားမြစ်ကန့်သတ်ထားသည့် စိမ်းလန်းစိုပြေရေး နယ်အပိုင်းအခြား အရံအတားဆန်သော ၄င်းအခြေချနေထိုင်သည့်မြေနေရာကို ပတ်ဝန်းရံထားသည့် *ဟရီးမ်* တစ်ခု ရှိသင့်ပါသည်။ တိရစ္ဆာန်စာအပင်များ၊ ထင်းနှင့် အလားတူအရာများ ကဲ့သို့သော အခြေချနေထိုင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နေထိုင်သူများ၏ ကောင်းကျိုးချမ်းသာနှင့် အကိုက်ညီဆုံးဖြစ်သည့် အသွင်ပုံစံဖြင့် ထိုမြေများကို အသုံးပြုခြင်းနှင့် ပြုပြင်ခြင်းတို့ကို ကူညီပံ့ပိုးလုပ်ဆောင်ပေးနိုင်ရန်တို့အတွက်၊ ထို မြို့နီစီပါယ် အများပိုင်မြေများကို အခြေချနေထိုင်သူများက စီမံအုပ်ချုပ်ရမည်ဖြစ်သည်။[၂၄]

၅.၂၃။ ***အော်ဝ်ကားဖ် - အလှူဒါနဆန်သော နှင်းအပ်မှုများ။*** *အော်ဝ်ကားဖ်* (ဧကဝုစ်ကိန်းမှာ *ဝကားဖ်*)ဆိုသည်မှာ အလွှာဟ်အရှင်မြတ်၏ လမ်းတော်အတွက် အမြဲထာဝရအတွက် ရည်စူးလှူဒါန်းသည့် အလှူဒါနဆန်သော ပေးအပ်မှုများဖြစ်သည်။ အစွန်လာမ့်ယဉ်ကျေးမှုတွင်၊ ၄င်းတို့သည် လူတစ်ဦးချင်းက အများပြည်သူကောင်းကျိုးအတွက် ပေးအပ်လှူဒါန်းမှုများ ပြုနိုင်စေသော အရေးကြီးဆုံး အင်စတီကျူးရှင်းဖြစ်သည်။[၂၅] *ဝကားဖ်*သည် ခိုင်ဘာတွင် ၄င်းရရှိပိုင်ဆိုင်ခဲ့သည့် မြေအချို့နှင့် စပ်လျဉ်း၍ လုပ်သင့်သည့်အရာများကို နဗီတမန်တော်ကို အုမာရ် အစ်ဗနေ အယ်လ်-ခတ္တားဗ်က မေးမြန်းသည့်အခါတွင် စတင်ဖြစ်ထွန်းလာခဲ့သည်။ နဗီတမန်တော်က ယင်းမြေကို ပေးအပ်လှူဒါန်းမှုပြုလုပ်ပြီး၊ ၄င်းမှ ထွက်ရှိရာများကို အလှူဒါနအဖြစ် ပေးကမ်းစွန့်ကြဲရန် အကြံပြုခဲ့သည်။ အုမရ်သခင်၏ သားတော် အဗ္ဗဒွလ္လာဟ်က သူ၏ ဖခင်သည် "ဤမြေကို မရောင်းချရ သို့တည်းမဟုတ် လက်ဆောင်အဖြစ် မပေးရ သို့တည်းမဟုတ် အမွေဆက်ခံခြင်းမရှိစေရ၊ ထို့ပြင် ၄င်းမှ ဆွတ်ခူးရရှိသည်များကို ဆင်းရဲသားများ၊ ဆွေမျိုးနွယ်ဝင်များ၊ ကျွန်များကို လွတ်လပ်စေရာတွင်၊ အလှာဟ့်လမ်းတော်တွင်၊ ခရီးသွားများအတွက်နှင့် ည့ဲသည်များအတွက် ရည်စူးအသုံးပြုရမည်"ဟု ကြေညာလျက်၊ ထိုမြေကို လှူဒါန်းခဲ့သည်ဟု ဆင့်ပြန်ခဲ့သည်။[၂၆]

၅.၂၄။ *ဝကားဖ်* မြေတစ်ခုကို အများပြည်သူကောင်းကျိုးအတွက် ယေဘုယျအားဖြင့် ရည်စူးလှူဒါန်းနိုင်သကဲ့သို့၊ အလှူရှင်က သတ်မှတ်ချက်ထားရှိသည့် အခြား တရားဝင်ခွင့်ပြုထားသော မည်သည့် အကြောင်းတစ်ခုခုအတွက်မဆိုလည်း ရည်စူးချက်ထား လှူဒါန်းနိုင်ပါသည်။ ၄င်းသည် အလှူရှင်က ပြဋ္ဌာန်းသတ်မှတ်ထားသည့် လှူဒါန်းမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် အစဉ်ထာဝရအတွက် ပိုင်းဖြတ်ရည်စူးလှူဒါန်းထားသော မြေ သို့မဟုတ် အဆောက်အဦများပါဝင်သည့် ဂေါပကအဖွဲ့တစ်ခု ဖြစ်လေ့ရှိသည်။ ၄င်းသည် ဘဏ္ဍာတော်ထိန်းအဖွဲ့တစ်ခု၊ စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခု၏ အမြတ်အစွန်းအတွင်း အစုရှယ်ယာတစ်ခုလည်း ဖြစ်နိုင်ပါသည်။ ရော်မာဟ်၏ ရေတွင်းကို ဝယ်ယူ၍ အများအတွက် ရည်စူးလှူဒါန်းခဲ့သော အွစ်မာန်း အစ်ဗနေ အာဖာန်၏ နမူနာကို အတုယူ၍ ရေတွင်းများနှင့် ရေလှောင်ကန်များကို အများပြည်သူကောင်းကျိုးအတွက် လှူဒါန်းလေ့ရှိသည်။[၂၇] ၄င်္ဂါများကို အစာကျွေးရန်နှင့် အိမ်မွေးတိရစ္ဆာန်များကို စောင့်ရှောက်ရန်အတွက် ပေးကမ်းလှူဒါန်းမှုများ

ကာလရှည်ကြာကတည်းက ရှိခဲ့ပြီးဖြစ်သော်လည်း၊ *ဝကားဖ်* သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် နည်းလမ်းတစ်ခုအဖြစ် အသုံးမပြုဘဲ နေကြဆဲဖြစ်သည်။ *ဝကားဖ်*မြေတစ်ခုသည် ဂေဟစနစ်နှင့် မြက်ရိုင်းနှင့် ခြုံပင်လွှမ်းမြေဆိုင်ရာ သုတေသန၊ တောရိုင်းတိရစ္ဆာန်များ ပြန့်ပွားရေးနှင့် ပြန်လည်အစပြုရှင်သန်နေထိုင်စေခြင်း၊ တိရစ္ဆာန်များ နေထိုင်ကျက်စားရာနေရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာထင်းစိုက်ခင်း သို့မဟုတ် စားကျက်မြေ၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးနှင့် အပန်းဖြေရေးဆိုင်ရာ နေရာအဆောက်အဦများ ကဲ့သို့သော ပရဟိတဆန်သော ရည်ရွယ်ချက်များအတွက် မြေစောင့်ရှောက်ရေးအဖွဲ့ ပုံစံမျိုးဖြစ်နိုင်သည်။ မတူသော ပုံစံအားဖြင့်၊ ၄င်းကို ထိုသို့သော သုတေသနနှင့် ပြန်လည်အစပြုစေခြင်းတို့ကို ဘဏ္ဍာငွေထောက်ပံ့ရန်၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ရည်ရွယ်ချက်များအတွက် မြေဝယ်ယူရန် သို့မဟုတ် ကာကွယ်စောင့်ရှောက်ထားသော နယ်မြေအတွင်းနှင့် ပြင်ပတွင် နေထိုင်ကျက်စားရာမြေ ပြန်လည်ထိန်းသိမ်းခြင်းနှင့် ချဲ့ထွင်ကျယ်ပြန့်စေခြင်းတို့အတွက် ဘဏ္ဍာငွေထောက်ပံ့ရန်တို့အတွက်လည်း အသုံးပြုနိုင်ပါသည်။ ဆယ့်နှစ်ရာစုနှစ် အလယ်ရောက်သည်အထိ လည်ပတ်နေဆဲဖြစ်သော၊ ဒမတ်စကတ်ရှိ သက်ရွယ်ကြီးရင့်လာသော တိရစ္ဆာန်များကို စောင့်ရှောက်ပေးရန်အတွက် လှူဒါန်းမြေတစ်ခုကို ပိုမိုကြီးမားသော ဆီးရီးယား၏ ဆယ့်နှစ် ရာစုနှစ် အုပ်ချုပ်သူ နူးရ်ရွဒ္ဒီးန်း မဟ်မူးဒ် ဇန်ဂီးက ထူထောင်ခဲ့သည်ဟူသောအချက်မှ *အော်ဝ်ကားဖ်* စနစ်၏ တန်ဖိုးကို တွက်ယူရရှိနိုင်ပါသည်။

၅.၂၅။ ကမ္ဘာနိုင်ငံအများအပြားတွင်၊ သဘာဝပတ်ဝန်းကျင်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ရုပ်ပိုင်းပစ္စည်းနှင့် ဘဏ္ဍာငွေ အထောက်အပံ့များ၏ အဓိကရင်းမြစ်များမှ လှူဒါန်းမှုဆန်သော ပံ့ပိုးမှုများပင်ဖြစ်သည်။ အထူးအားဖြင့် ပိုမိုဆင်းရဲသော တိုင်းပြည်များတွင်၊ အစိုးရများသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ကုန်ကျစရိတ် အပြည့်အဝကို ကျခံနိုင်ခြင်းမရှိပေ။ ထိုသို့ အကုန်ကျခံခြင်းလည်း မရှိသင့်ပါပေ။ ပုဂ္ဂလိက ပံ့ပိုးကူညီမှုများမှတစ်ဆင့်၊ လူတစ်ဦးချင်းတို့အနေဖြင့် ကမ္ဘာမြေပေါ်ဝယ် *ခလီဖာဟ်*များ၏ အခန်းကဏ္ဍတာဝန်ကို ထမ်းဆောင်နိုင်ပြီး၊ အကျိုးကျေးဇူး အရှိဆုံးဟု ၄င်းတို့ ယူဆသည့် စီမံကိန်းများကို ထောက်ပံ့ကူညီနိုင်ကြပေသည်။ အစ္စလာမ်နိုင်ငံများ (အမှန်အားဖြင့် နိုင်ငံအားလုံး)တို့အား ကမ္ဘာမြေနှင့် ၄င်း၏ သက်ရှိ အုပ်စုအသိုက်အဝန်းများကိုကို ထိန်းသိမ်းဂရုစိုက်ခြင်းအတွက် အော်ဝ်ကားဖ်နှင့် အလားသဏ္ဌာန်တူ ပေးအပ်လှူဒါန်းမှုများ၊ မြေထိန်း/ဘဏ္ဍာထိန်းအဖွဲ့များနှင့် လက်ဆောင်ပေးခြင်းများကို အသုံးပြုခြင်းကို အားပေးအားမြှောက်ပြုန်းဆော်ကြပါရန် ကျွန်ုပ်တို့မှ တိုက်တွန်းအပ်ပါသည်။

၅.၂၆။ **နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပဋိပက္ခ။** *စိယာ* (အစ္စလာမ့်နည်းကျ အစိုးရလုပ်ကိုင်ဆောင်ရွက်မှု)၏ ယေဘုယျစည်းမျဉ်းများက မည်သည့်နိုင်ငံမျှ အခြားနိုင်ငံတစ်ခု၏ စားနပ်ရိက္ခာရရှိရေးနည်းလမ်းများကို လက်လွတ်ဆုံးရှုံးအောင် ပြုပိုင်ခွင့်မရှိဟူသော အချက်နှင့် တိုင်းပြည်တစ်ခုတွင် ဖော်ဆောင်သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အခြားနိုင်ငံတစ်ခု၏ သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် ယိုယွင်းယုတ်လျော့စေခြင်းတို့ကို မဖြစ်ပေါ်စေသင့်ဟူသော အချက်တို့ကို အသိအမှတ်ပြုသည်။[၂၄၀] တိုင်းပြည်များနှင့် ၄င်းတို့၏ ခေါင်းဆောင်များအနေဖြင့် မိမိတို့ မတရားပြုခံရသည့်အခါ ထိုအတိုင်းပြန်လည်တုံ့ပြန်လိုစိတ် တိမ်းညွတ်မှုကို လက်မခံငြင်းပယ်သင့်ပါသည်။ အကြောင်းမှာ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က "ထိခိုက်နစ်နာမှုမရှိစေရ၊ ထိခိုက်နစ်နာစေခြင်းဖြင့် လက်တုံ့ပြန်ခြင်း မရှိစေရ"ဟု မိန့်တော်မူခဲ့၍ ဖြစ်သည်။[၂၄၁] "'အခြားသူများက ကျွန်ုပ်တို့အပေါ် အကောင်းပြုပါက၊ ကျွန်ုပ်တို့ကလည်း ၄င်းတို့အပေါ် ပြန်ကောင်းပါမည်၊ သူတို့က ကျွန်ုပ်တို့ကို မတရားပြုပါက၊ ကျွန်ုပ်တို့ကလည်း ၄င်းတို့ကို မတရားမှုပြုကြပါမည်'ဟု ပြောကြသူများ မဖြစ်စေကြကုန်လင့်။ ထိုအစား သင်တို့အပေါ် ကောင်းမှုပြုကြသူများအပေါ် ကောင်းမှုပြန်ပြုကြပါမည်၊ သင်တို့အပေါ် မကောင်းပြုသူများအပေါ် မကောင်းမှုပြန်မပြုပါဟု

စိတ်ပိုင်းဖြတ်ကြလော့"ဟူ၍လည်း နဗီတမန်တော်က ကျွန်ုပ်တို့ကို လမ်းညွှန်သင်ကြားခဲ့ပါသည်။[၂၅] မွတ်စ်လင်မ် ဥပဒေပညာရှင်များက စစ်ရေးနည်းဗျူဟာအဖြစ် သဘာဝပတ်ဝန်းကျင် ဖျက်ဆီးမှုကို တားမြစ်ပိတ်ပင်ခဲ့ပြီး[၂၆] အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများအပေါ် မထိပါးမစော်ကားအပ်မှု (*ဟူရ်မာဟ်*)ကို စစ်ပွဲ(ဟူသော အကြောင်းပြချက်)အားဖြင့် မချေဖျက်နိုင်ဟု စီရင်ထုံးဖွဲ့ခဲ့ပါသည်။[၂၇] ခေတ်သစ် စစ်ပွဲများတွင် အသုံးပြုလေ့ရှိသည့်၊ မြေလှန်ဖျက်ဆီး မီးလောင်တိုက်သွင်းသည့် ဗျူဟာသည် ထိုကဲ့သို့ ချုပ်တည်းထိန်းချုပ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ မြေကို ထွန်ယက်စိုက်ပျိုးခြင်းနှင့် ပေါက်ပွားမှု (ဟလားက် အယ်လ်-ဟာ့သ် ဝ အန်း-နဆဲလ်)ကို ဖျက်ဆီးမှု၏ ရုပ်လုံးဖော်ပြသမှု ပြယုဂ်ပင်ဖြစ်သည်။ အစ္စလာမ်တိုင်းပြည်များနှင့် ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းရှိ အစိုးရများနှင့် ဓမ္မသတ်/ဥပဒေပညာရှင်များအနေဖြင့် မြေလှန်ဖျက်ဆီး မီးလောင်တိုက်သွင်းသည့် ဗျူဟာများနှင့် နူကလီးယားနှင့် အခြားသော အစုလိုက်အပြိုလိုက် သေကြေပျက်စီးစေနိုင်သော လက်နက်များ အသုံးပြုမှုကို ပြတ်ပြတ်သားသား ရှုံ့ချကြရန်လည်းကောင်း၊ ၎င်းတို့၏ အစိုးရများအနေဖြင့် ထိုအရာများကို လေးနက်တည်ကြည်စွာ ငြင်းပယ်ကြောင်း သေချာစေရန် ကြိုးပမ်းအားထုတ်ကြရန်လည်းကောင်း၊ ၎င်းတို့ အပြီးတိုင်ချုပ်ငြိမ်းစေရေးအတွက် အတူတကွ လက်တွဲလုပ်ဆောင်ကြရန်လည်းကောင်း ကျွန်ုပ်တို့မှ တောင်းဆိုအပ်ပါသည်။

ကိုယ်ကျင့်တရားဆိုင်ရာ ရှာရီယာ်အခြေပြု မူဝါဒများ

၅.၂၇။ ***အက်စ်-ဆွီယားဆသ် အက်ရှ်-ရှာရီးယာဟ်။*** မွတ်စ်လင်မ် ဥပဒေပညာရှင်များက အုပ်ချုပ်ရေးအာဏာပိုင်များ၏ တာဝန်ဝတ္တရားများကို "ပြည်သူပြည်သားများ၏ အရေးအရာကိစ္စရပ်များကို အုပ်ချုပ်သူ၏ စီမံခန့်ခွဲမှုသည် တိုင်းသူပြည်သားများ၏ ကောင်းကျိုးချမ်းသာရှိမှုနှင့်အညီ ဖြစ်ရမည်"ဟူသော မူစည်းမျဉ်းအရ အဓိပ္ပါယ်ဖွင့်ဆိုကြသည်။[၂၅] တစ်စစ များပြားလာသော လူသားတို့၏ ထိခိုက်သက်ရောက်မှုများနှင့်အတူ၊ သဘာဝဖြစ်စဉ်များနှင့် မတူခြားနားသောအသုံးပြုမှုများနှင့်စပ်လျဉ်း၍ မတူသော ဒေသများတွင် ပါဝင်ကိန်းအောင်းနေသော အပ်စပ်သက်ဆိုင်မှုနှင့် အကန့်အသတ်များအပေါ် ခိုင်မာလေးနက်သော နားလည်မှုအပေါ် အခြေခံသည့် အမြော်အမြင်ဖြင့် စီမံရန် အခါခပ်သိမ်းထက် ပိုမိုတိုးလာသည့် လိုအပ်မှုရှိနေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းရေးဆွဲခြင်းတွင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနှင့် သဘာဝရင်းမြစ်များ ပြုန်းတီးမှုကို အနည်းဆုံးဖြစ်စေရန်အလို့ငှာ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို အကဲဖြတ်စိစစ်မှု အစဉ်အမြဲထည့်သွင်းသင့်ပါသည်။[၂၆] အုပ်ချုပ်ရေး အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ စီမံကိန်းများကြောင့် ထိခိုက်မှုခံရသူများနှင့် ဆွေးနွေးတိုင်ပင်နှီးနှော (*ရှူးရာ*)၍ ဆောင်ရွက်ကြရန် ဝတ္တရားရှိပါသည်။ ဒေသန္တရအဆင့်တွင်၊ ဒေသခံပြည်သူတို့ ပါဝင်ခွင့်ရှိသည့် စီမံကိန်းချခြင်းနှင့် အဓိက အကျိုးစီးပွားသက်ဆိုင်သူများ ပါဝင်သည့် စုပေါင်းညှိနှိုင်း စီမံခန့်ခွဲမှုတို့အားဖြင့် ယင်းကို အကောင်းဆုံး လက်တွေ့အကောင်အထည်ဖော်ကြသည်။

၅.၂၈။ **ဂေဟဗေဒစနစ်ဆိုင်ရာ စီမံကိန်းချမှတ်ခြင်း - သဘာဝတရားအံဝင်သည့် ဒီဇိုင်း။** အစ္စလာမ်နိုင်ငံများနှင့် ကမ္ဘာတစ်လွှားမှ မူဝါဒရေးဆွဲချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် ဒီဇိုင်းဆွဲသူများအနေဖြင့် လူသားတို့သည် သဘာဝနိယာမဥပဒေသများနှင့် အရာခပ်သိမ်းတို့၏ အရှင်က သဘာဝနည်းကျ ဖန်ဆင်းမှုကို စီစဉ်ညွှန်ကြားသည့် အဆင်အပြင်တို့နှင့် လိုက်လျောညီညွတ်စွာလည်းကောင်း၊ သဘာဝတရားဖန်ဆင်းမှုအတွင်း ပျံ့နှံ့တည်ရှိနေသော ဖန်ဆင်းရှင်၏ နိမိတ်လက္ခဏာတော်များကို အသိသတိကပ်စွာလည်းကောင်း၊ ၎င်းတွင် ကိန်းအောင်းနေသော အလိုသဘော တိမ်းညွတ်မှုအပေါ် လွှမ်းမိုးကြီးစိုးခြင်းလည်းမရှိ၊ ၎င်းကို သတိမမူခြင်းလည်း မရှိဘဲလျက် ၎င်း အလိုသဘော တိမ်းညွတ်မှု (*ဖစ်တရာဟ်*)နှင့် သဟဇာတဖြစ်စွာလည်းကောင်း စီမံကိန်းချ၊ ဒီဇိုင်းရေးဆွဲသင့်သည်ဟူသည့် အမြင်ကို

လက်ခံအတည်ပြုပေးကြရန် ကျွန်ုပ်တို့မှ တိုက်တွန်းအပ်ပါသည်။ မည်သည့်နေရာဒေသတစ်ခုခုကိုမဆို ဖွဲ့စည်းဖြစ်တည်နေသည့် သဘာဝတရား၏ အစိတ်အပိုင်း အရာပစ္စည်းများနှင့် သက်ရှိအစုအဖွဲ့ အသိုက်အဝန်းများကို ဖန်ဆင်းရှင်၏ အလိုဆန္ဒတော်ကို ဖော်ကြူးပြသမှုအဖြစ် ကျွန်ုပ်တို့က နားလည်သဘောပိုက်ပါသည်။ ၄င်းဖော်ကြူးပြသမှုများနှင့်အညီ လုပ်ဆောင်ခြင်းသည် အရာခပ်သိမ်းတို့၏ အရှင်ကို ရည်စူးသည့် ကိုးကွယ်ဝတ်ဖြည့်ဆောင်ရွက်မှုအတွင်း အမြင့်မားဆုံး ကောင်းမြတ်မှုနှင့် အလှတရားတို့ကို ရှာဖွေဆည်းပူးသည့် မည်သည့် အားထုတ်လုပ်ဆောင်မှုအတွက်မဆို မရှိမဖြစ်အရေးပါပါသည်။ ကမ္ဘာမြေအပေါ် ထိုသို့ တုံ့ပြန်နိုင်စွမ်းရှိခြင်းသည် ဗလာနယ်တွင် မည်သည့်အဓိပ္ပါယ်မျှမရှိချေ။ အဓိပ္ပါယ်တစ်ခုခုရှိရန်အတွက် နေရာတစ်ခုစီတိုင်း၏ သီးသန့် အရှိတရားများတွင် အခြေပြုရန် လိုအပ်ပါသည်။[၂၄၇] ရည်မှန်းချက်မှာ ထိုနေရာ၏ ကြွယ်ဝမှုနှင့် အကန့်အသတ်များအတွင်း တိုးတက်ထွန်းကားရန်၊ ဒေသထွက် အစားအစာများကို စားသုံးရန်၊ ဒေသထွက် ပစ္စည်းများကို သုံးစွဲရန်၊ ဒေသရင်း အပင်များကို စိုက်ပျိုးရန်နှင့် ဒေသခံ တောရိုင်းသဘာဝကို ထိန်းသိမ်းစောင့်ရှောက်ရန် အားပေးအားမြှောက်ပြုရန်ဖြစ်သည်။

၅.၂၉။ ဂေဟစနစ်ဆိုင်ရာ ဒီဇိုင်း - ဥယျာဉ် ဒီဇိုင်းဆိုင်ရာ အစွန်လာမ့် ရိုးရာအစဉ်အလာ။ အစွန်လာမ့်နည်းကျ ဥယျာဉ်အစဉ်အလာက ကမ္ဘာတစ်ဝှမ်းမှ မွတ်စ်လင်မ် အသိုက်အဝန်းများအတွက် သဘာဝနှင့်အညီ ဒီဇိုင်းပုံစံချရန် စကြာဝဠာဆိုင်ရာ၊ သဘာဝ အလှဗေဒဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အညွှန်းဘောင်ကို ပံ့ပိုးပေးအပ်နိုင်ပါသည်။ ဤအစဉ်အလာ၏ အရင်းအမြစ်သည် ရေအလွန်ရှားပါးပြီး၊ အလွန်တန်ဖိုးရှိသည့် အလွန်ခြောက်သွေ့သော ဒေသများနှင့် မိုးရေအနည်းငယ်ရရှိသည့် ခြောက်သွေ့ဒေသများရှိ အိုအေစစ်များ၊ သီးပင်စိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများရှိ *ဖစ်လ်လားဟတ်* ရိုးရာအမွေအနှစ်တွင် ဖြစ်သည်။ ၄င်း၏ ရှေးဟောင်းဂန္ဓဝင်နှင့် ဒေသိယမျိုးကွဲများတွင်ပါ၊ အစားအစာများ စိုက်ပျိုးထုတ်လုပ်မှုတွင် အမြစ်တွယ်သည့် အစဉ်အလာတစ်ခုဖြစ်ပါသည်။ အနှစ်သာရအားဖြင့်၊ မွေးမြူရေးတိရစ္ဆာန်များအတွက် အသီးများနှင့် နွယ်မြက်ပင်များနှင့် အစာများ၊ ၄က်အိမ်များနှင့် ပျားအုံစင်များ၊ ၄က်များအတွက် အသိုက်များ၊ အားလုံးအတွက် ရေဖြင့်၊ ရှင်သန်မှုတည်တံ့အောင် အထောက်အပံ့ပေးသောအရာဖြစ်ပါသည် (၄င်းသည် လှပသလောက် အကျိုးကျေးဇူးလည်း ကြီးမားလှပါသည်)။[၂၄၈] ၄င်းက အဆုံးစွန်အမြင့်ဆုံးသော ကောင်းခြင်းတရာ၊ အလှတရားနှင့် ကမ္ဘာမြေပေါ်က သုခဘုံဖြစ်သော *အိဟ်စားန်* ဆိုက်ရောက်ရရှိရေးအတွက် အသိဉာဏ်ဦးစီးသော အားထုတ်မှုကို ကိုယ်စားပြုပေသည်။ ၄င်းသည် ကမ္ဘာမြေကို ဂရုဓမ္မပြုခြင်းအတွက် တာဝန်ရှိမှုဖြစ်သော လူသား *ခိလာဖာဟ်* ကို ဖော်ကြူးမှု တစ်ရပ်ဖြစ်သည်။ သဘာဝတရားကို အမြင့်ဆုံးအဆင့်ထိ ထွန်းကားအောင် ပြုရာတွင်၊ ကျွန်ုပ်တို့ လူသားများက သဘာဝတရားကို ခံစားပြီး သဘာဝတရားနှင့်အတူ အမြင့်ဆုံး တိုးတက်ထွန်းကားအောင် ပြုကြသည့်အပြင်၊ *ရှာရီယာဟ်*၏ အခြေခံ ရည်မှန်းချက်ဖြစ်သော အားလုံးအတွက် အမြင့်ဆုံးကောင်းမြတ်မှုဆီသို့ တိမ်းညွတ်စေလျက်၊ *သကားဖူလ်* အပြန်အလှန်ဖြစ်မှု၊ နှစ်ဦးနှစ်ဖက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်အကျိုးရှိစေမှုအခြေခံ ဆက်ဆံရေးကို အကောင်အထည်ပေါ်စေပါသည်။ မြေပေါ်တွင် ပိုများသော သက်ရှိများ ရှိလာစေရန် သဘာဝမြေပြင်ကို ကျယ်ပြန့်စေခြင်းထက် ပိုမိုကောင်းမြတ်သော ဥယျာဉ်ခြံစိုက်ပျိုးမှု ရှိနိုင်ပါမည်လော။ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)၏ စကားဖြင့် ဆိုပါက "သေနေသောမြေကို ရှင်သန်အောင်ပြုသူ မည်သူအတွက်မဆို၊ ၄င်းတွင် ဆုလာဘ်တစ်ခုရှိပြီး၊ အစာရှာသော တိရစ္ဆာန်တစ်ကောင်ကောင်က ယင်းဆီမှ စားသောက်သည့် အရာမှန်သမျှကို ထိုသူ၏ အလှူဒါနအဖြစ် မှတ်သားတွက်ချက်ပေလိမ့်မည်။"[၂၄၉]

မှန်ရာကို စောင့်ရှောက်ခြင်း၊ အမှားကို ရှောင်ကြဉ်ခြင်း

၅.၃၀။ ***ဟစ်ဘဟ်။*** အစ္စလာမ့် သင်ကြားမှု၏ ထူးခြားထင်ရှားသော မျက်နှာစာတစ်ခုမှာ လူတစ်ဦးချင်းစီ အားလုံးတို့သည် ကောင်းမှုကို အမိန့်ပေးခိုင်းစေ၍ ဆိုးယုတ်မှုကို ၄င်းတို့ တတ်စွမ်းသမျှ အပြည့်ဝဆုံး ရှောင်ရှားကြရန် တာဝန်ရှိသည်ဟူသည့်အချက်ဖြစ်သည်။ *အမဲရ်* ဟူသည် အမိန့်ပေးသည်ဟု အဓိပ္ပါယ်ရသည်။ အမျိုးသားရော၊ အမျိုးသမီးပါ လူတစ်ဦးချင်းကို လုပ်နိုင်စွမ်းသည်ဟု စိတ်ခွန်အားပြည့်ဝစေခြင်းဖြစ်သည်။

အသင်တို့တွင် (အကြင်သို့သော) အဖွဲ့အစည်းတစ်ခု ရှိရပေမည်။ ထိုအဖွဲ့အစည်းသည် (လူသားတို့အား) ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ကြရမည်။ ထို့ပြင် ကောင်းမြတ်သောအရာများကို ညွှန်ကြားကြရမည်။ ၄င်းပြင် ထိုအဖွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။ ဤသို့သော သူများသည်ပင်လျှင် အောင်မြင်မည့်သူများ ဖြစ်ကြပေသတည်း။ (၃း၁၀၄၊ ၃း၁၁၀၊ ၁၁၄၊ ၉း၇၁၊ နှင့် ၂၂း၄၁ ကိုလည်းကြည့်။)

နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က "အသင်တို့အနက် တစ်ဦးဦးသည် မမှန်ကန်မှုတစ်ခုကို မြင်တွေ့ပါလျှင်၊ ၄င်းကို သူ၏ လက်ဖြင့် ပြင်ဆင်တည့်မတ်စေပါလေ။ ထိုသူက ယင်းသို့ မစွမ်းသာပါက၊ ၄င်းကို သူ၏ နှုတ်လျှာဖြင့် ပြင်ဆင်တည့်မတ်စေပါလေ။ ထို့နောက် ထိုသူက ယင်းသို့ မစွမ်းသာပါက၊ ၄င်းကို သူ၏ စိတ်နှလုံးသားဖြင့် ပြင်ဆင်တည့်မတ်စေပါလေ - သို့ရာတွင် ဤသည် ယုံကြည်သက်ဝင်မှု၏ အနိမ့်ဆုံးအဆင့်ပင်ဖြစ်သည်။"[၂၅၀]

၅.၃၁။ ကောင်းမှုကို ဆောက်တည်ရန်နှင့် အမှားကို ကြဉ်ရှောင်ရန် တာဝန်ဝတ္တရားကို အစ္စလာမ်ဥပဒေတွင် *ဟစ်ဘာဟ်* ဟု သိမှတ်ကြသည်။ အပြုသဘောဆောင်သည့် ဖျောင်းဖျသိမ်းသွင်းမှုနှင့် အာဏာစက်သက်ရောက်စေမှုတို့ မပါသည့် ကိုယ်ကျင့်တရားဆိုင်ရာ အသိတရားဆီသို့ ဖျောင်းဖျရပ်ခံမှုသည် အသိမ်ဖျဉ်းဆုံးနှင့် တစ်ကိုယ်ကောင်းဆန်သည့် စိတ်လိုအင်ဆန္ဒများ၏ အထက်သို့ ကျော်လွန်တက်လှမ်းရန် မအောင်မြင်သူများ၊ မျှတမှု စည်းဘောင်ကို ဘောင်ကျော်သူများ၊ မိမိတို့ စိတ်ကျေနပ်သည့်အတိုင်း အခြားသူများ၏ အခွင့်အရေးကို ထိပါးချိုးဖောက်သူများနှင့် ယှဉ်လျှင် မိမိကိုယ်ကိုယ် ချုပ်တည်းမှုဖြင့် ပိုမိုမြင့်မြတ်သည့် ကိုယ်ကျင့်တရားဆိုင်ရာ ဗီဇအသိကို တုံ့လှယ်ပြုမူသူများအား အကျိုးပျက်စီးစေသည့်အတွက် ကိုယ်ကျင့်တရားဆိုင်ရာ သွန်သင်ဆုံးမမှုများကို ဖိအားပေး အရေးယူမှုများဖြင့် ကျားကန်ထားရပေမည်။ ထို့ကြောင့် ဥပဒေ၏ အင်အားအာဏာစက်နှင့် နိုင်ငံရေးဩဇာအာဏာတို့သည် တရားမျှတမှုနှင့် သာတူညီမျှမှုတို့ကို ဆောင်ကြဉ်းခြင်းအတွက် မရှိမဖြစ်အရေးပါလှပေသည်။[၂၅၁] ခလီဖာ သမ္မတကြီး အွတ်စ်မားန် အစ်ဗနေ အာဖားန်က "အလ္လာဟ်အရှင်မြတ်က ကုရ်အာန်မှတစ်ဆင့် မစည်းကျပ် မထိန်းချုပ်ထားသည့် မကောင်းမှုများကို အလ္လာဟ်အရှင်မြတ်သည် *နွယ်တန်း* (အုပ်ချုပ်ရေးအာဏာပိုင်)မှ တစ်ဆင့် စည်းကျပ်ထိန်းကွပ်ပေသည်"ဟု မှတ်ချက်ပြုခဲ့သည်။[၂၅၂]

၅.၃၂။ ***မုဟ်သဆွစ်ဘ်။*** လူတစ်ဦးချင်းနှင့် လူမှုအဆောက်အဦ၏ ကိုယ်ကျင့်ဆိုင်ရာ အသိတရားတို့ ပျက်ကွက် ကျရှုံးသည့်အခါ လူအဖွဲ့အစည်း၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အာဏာရှိသည့် အရေးကြီးဆုံး အင်စတီကျူးရှင်းများအနက်မှ တစ်ခုမှာ *ဟစ်ဘာဟ်*ကို လက်တွေ့အကောင်အထည်ဖော်ခြင်း တာဝန်ပြဌာန်းထားသည့် *မုဟ်သဆွစ်ဘ်* ဌာန/ရာထူးပင်ဖြစ်သည်။ စျေးများ၊ လမ်းများ၊ အဆောက်အဦများ၊ ရေစီးမြောင်းများ၊ *ဟိမာ*းများနှင့် ထိုနည်းနှင့်နှင်အရာတို့ကို စုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးအသွင် ၄င်း၏ ရာထူးနှင့် သက်ဆိုင်သည့် အစ္စလာမ့်ဥပဒေဆိုင်ရာ ဓမ္မသတ်ဖြတ်ထုံးများနှင့် နှံ့နှံ့စပ်စပ် အကျွမ်းဝင်သည့် *မုဟ်သဆွစ်ဘ်* သည် (ဓမ္မသတ်)ဥပဒေပညာရှင်တစ်ဦးဖြစ်သည်။

ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ ညစ်ညမ်းပစ္စည်းများအား ဖယ်ရှားခြင်းတို့နှင့် သက်ဆိုင်သော စည်းကမ်းပြဋ္ဌာန်းချက်များနှင့် စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်နှင့် အနှောင့်အယှက်များကို သုတ်သင်ရှင်းလင်းခြင်း၊ *ဟိမား*များကို ချိုးဖောက်ခြင်းနှင့် ကျူးကျော်ဝင်ရောက်ခြင်းတို့မှ ကာကွယ်ခြင်းနှင့် တိရစ္ဆာန်တို့၏ အခွင့်အရေးများကို ထိန်းသိမ်းခြင်းတို့ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားအများအပြားသည် *မဟာသဆွစ်ဘ်*၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ပါသည်။ ရှာရီယာဟ်နှင့်အတူ ၄င်း၏ ရည်ရွယ်ချက်နှင့် တန်ဖိုးများကို မချိုးဖောက်သည့် ဒေသဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့် အကျင့်အကြံ (*အားဖ် ဝ အားဒ်ဒါဟ်*)တို့အပေါ် အခြေခံသည့် ရုတ်တရက်ရှောင်တခင်ပြုလုပ်ရသည့် စီရင်ဆုံးဖြတ်မှုများပြုလုပ်ရန်၊ နစ်နာကြေး/လျော်ကြေးငွေ စီစစ်သတ်မှတ်ခြင်း၊ အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာကို ထိန်းသိမ်းအာမခံပေးနိုင်ရန်အလို့ငှာ ဒဏ်ကြေးနှင့် အခြားသော ပြစ်ဒဏ်များကို ပြဋ္ဌာန်းနိုင်သည့် ကျယ်ပြန့်သော ကိုယ်ပိုင်ဆင်ခြင်ဉာဏ်နှင့် စီရင်ဆုံးဖြတ်နိုင်မှုအာဏာ *မဟာသဆွစ်ဘ်*တွင် ရှိပေသည်။[၂၃၃] တရားဝင်ပုံစံကျ အစွပ်စွဲတရားရုံးများ၏ အဖြည့်အကူသဖွယ် လည်ပတ်ဆောင်ရွက်သည့် ယင်းဌာနတွင် လက်ငင်းချက်ချင်း အာဏာစက်သက်ရောက်နိုင်သည့် အကျိုးကျေးဇူးရှိပေသည်။[၂၃၄] ခလီဖွာဟ် သမ္မတကြီး အုမရ် အစ်ဗနေ အယ်လ်-ခတ္တားဘ်က ခန့်အပ်ခဲ့သည့် ပထမဆုံးသော မုဟ်သဆွစ်ဘ်သည် အက်ရှ်-ရှိဖာ ဘင့် အဗ္ဗဒ္ဒလ္လာဟ်ဟု သိကြသည့် အမျိုးသမီးတစ်ဦးဖြစ်သည်ဟု မှတ်တမ်းတင်ဖော်ပြထားသည်။[၂၃၅]

၅.၃၃။ လူတစ်ဦးချင်းအဆင့်တွင်၊ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းစီသည် ၄င်း၏ လုပ်ရပ်အပြုအမူတို့အတွက် တာဝန်ရှိကြပြီး၊ မိသားစု၊ အိမ်နီးချင်းနှင့် လူ့အဖွဲ့အစည်း တစ်ခွင်လုံးကို အသိဉာဏ်ဦးစီးသည့် ကိုယ်ကျင့်ဆိုင်ရာ အသိတရားနှင့်အညီ လွှမ်းမိုးမှုပြုရန် ဝတ္တရားရှိပေသည်။ လူမှုအဆက်အဉီ၏ ကိုယ်ကျင့်အသိတရားသည် အလွန့်အလွန် အာဏာကြီးနိုင်ပြီး၊ ထိရောက်စွာ လည်ပတ်လုပ်ဆောင်သည့်အခါ၊ ၄င်းသည် အုပ်ချုပ်ရေးအာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုကို လိုအပ်မှု ပမာဏများစွာကို မလိုအပ်တော့အောင် ပြုနိုင်ပေသည်။ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က "သန်စွမ်းသော ယုံကြည်သက်ဝင်သူသည် အားနည်းချည့်နဲ့သည့် ယုံကြည်သက်ဝင်သူထက် ပို၍ ကောင်းပြီး၊ အလ္လာဟ်အရှင်မြတ်က ပိုချစ်ပေသည်"ဟု မိန့်မြွက်ခဲ့ပေသည်။[၂၃၆] အမျိုးသားတစ်ဦးချင်းစီနှင့် အမျိုးသမီးတစ်ဦးချင်းစီတို့သည် ကမ္ဘာမြေပြင်ပေါ် ရှိ ခလီဖွာဟ်တစ်ဦးဖြစ်ပြီး၊ ၄င်း၏ ဘဝရှင်သန်မှုအပေါ် လုပ်ခဲ့သည့်အရာများအတွက် တရားစီရင်မည့်နေ့တွင် အထီးတည်း စစ်ဆေးစီရင်ခြင်းခံရပေမည်။

၅.၃၄။ **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှု။** အစိုးရအင်စတီကျူးရှင်းများအနေဖြင့် ကြောက်မက်ဖွယ် မတရား မှားယွင်းမှုများကို ဆန့်ကျင်ရင်ဆိုင်ရန် ပျက်ကွက်သည့်အခါ သို့မဟုတ် လုပ်နိုင်စွမ်းမရှိခြင်း၊ စွမ်းဆောင်ရည်မရှိခြင်း၊ လျစ်လျူရှုခြင်း၊ အကျင့်ပျက်ခြစားခြင်း သို့မဟုတ် စိတ်လိုလက်ရ ဖိနှိပ်ခြင်းနှင့် အာဏာရှင်ဆန်ခြင်းတို့မှတစ်ဆင့် ထိုမတော်မတရားမှုများကို ၄င်းတို့ကပင် ပြုနိုင်စေသည့်အခါများတွင် ကောင်းမှုကျင့်ဆောင်ရန်နှင့် မကောင်းမှုကို ကြဉ်ရှောင်ရန် လူတစ်ဦးချင်း၏ ဝတ္တရားသည် ပိုမိုး၍ အရေးပါလာပေသည်။ ခြိမ်းခြောက်မှုအန္တရာယ်များက တိုး၍တိုး၍ ပြင်းထန်လေးနက်လာသည့်အခါတွင်လည်း ပိုမို၍ အရေးပါလာပါသည်။ ၄င်းတို့၏ (နှင့် အခြားသောသူများ၏) သက်ဝင်ယုံကြည်ခွင့်၊ အသက်ရှင်သန်ခွင့်၊ သားသမီးမွေးပိုင်ခွင့်၊ စိတ်ကျန်းမာရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ကို ကာကွယ်ရန် မွတ်စ်လင်မ်များကို သင်ကြားထားသည်။ ဖြစ်နိုင်သမျှ အခါတိုင်းတွင် ၄င်းကို ဖျောင်းဖျသိမ်းသွင်းခြင်းဖြင့် ရရှိအောင်မြင်အောင် ပြုကြရမည်ဖြစ်သည်။ ထိုသို့နည်းအားဖြင့် ရရှိအောင်မြင်ရန် ကျဆုံးခဲ့ပါက၊ ပိုမို တင်းကျပ်အားပြင်းသော အရေးယူဆောင်ရွက်မှုများဖြင့် ရရှိအောင်မြင်စေရမည်ဖြစ်သည်။ လက်ရှိ

ဆုံးရှုံးနိုင်ခြေ အန္တရာယ်မှာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကျင့်သုံးဆောက်တည်မှုဆိုင်ရာ လွတ်လပ်မှု သို့မဟုတ် မိမိ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သို့မဟုတ် မိမိအသက်ကိုပင် ကာကွယ်မှုဆိုင်ရာ လွတ်လပ်မှု တို့ထက် ပိုမိုကြီးမားပေသည်။ အကြောင်းမှာ ဖြစ်လာလတ္တံ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းပြဿနာ၏ လေးနက်ပြင်းထန်မှုက လူသမိုင်းတစ်လျှောက်ရှိ အခြားသော အကျပ်အတည်းပြဿနာအားလုံးကိုပင် မှေးမှိန်သွားစေနိုင်၍ ဖြစ်သည်။ ပို၍စောသော မျိုးဆက်ဖြစ်သည့် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ ကလေးများနှင့် ကျွန်ုပ်တို့ ကလေးများ၏ ကလေးများကို မည်သည့် အမွေကို ချန်ထားခဲ့ပြီးဖြစ်ပါသနည်း။ ၄င်းတို့က ကျွန်ုပ်တို့၏ အကျင့်ပျက်မှု အမွေအနှစ်၏ မျိုးဆက်များအကြား မတရားမှုကို စွပ်စွဲသည့်သဘော လက်ညှိုးထိုးလာပါကလည်း အံ့ဩစရာမရှိလှပါပေ။ ၄င်းတို့၏ အနာဂတ်ကို လုံခြုံစိတ်ချရစေရန်အတွက် လုပ်ပိုင်ခွင့်စွမ်းအားရှိမှုဆိုင်ရာ နည်းလမ်းတိုင်းကိုသော်လည်းကောင်း၊ ကမ္ဘာမြေပေါ်ရှိ ပိုမိုကျယ်ပြန့်သော သက်ရှိအုပ်စု အသိုက်အဝန်း၏ နည်းလမ်းတိုင်းကိုသော်လည်းကောင်း အမိအရဆုပ်ကိုင်ရုံမှအပ ၄င်းတို့တွင် မည်သည့် ရွေးချယ်စရာမျှ မရှိပါပေ။ တွားသွားသတ္တဝါခေတ်၏ နောက်ဆုံးပိုင်းဖြစ်သော Cretaceous Period[၅၇] ၏ နောက်ဆုံးပိုင်းခန့်က ဖြစ်ပေါ်ခဲ့သည့် ဘေးကပ်ဆိုးကြီးပြီးကတည်းက မတွေ့ရတော့သည့် ပမာဏအတိုင်းအတာဖြင့် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်မှုဆီသို့ ဦးတည်စေသော လူသားမျိုးနွယ်၏ လုပ်ဆောင်ချက်များကို စုဝေးများပြားလာသည့် သက်သေအထောက်အထားများက ညွှန်ပြနေသည့်အတိုင်း၊ ကျွန်ုပ်တို့ ကိုယ်ပိုင်ရှင်သန်မှုအပြင် ကမ္ဘာပေါ်ရှိ အခြားသော သက်ရှိပုံစံများ၏ ပျက်ကပ်ဖြစ်စေမည့် အကျိုးဆက်များသည် လူသမိုင်းတစ်လျှောက်လုံး ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုအပေါင်းကိုပင် မှေးမှိန်သွားစေနိုင်ပါသည်။[၅၈]

၅.၃၅။ ဤအခြေအနေများတွင် လူတစ်ဦးချင်းနှင့် အုပ်စု အစုအဖွဲ့များ၏ ကျင့်ဝတ်တန်သော ဝတ္တရားများမှာ အဘယ်တို့နည်း။ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို ကာကွယ်သည့် တက်ကြွလှုပ်ရှားမှုက ၄င်း၏ ကျင့်ဝတ်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းကို နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)ကို **"အသင်သည် ဤသို့ ပြောကြားပါလေ - မုချကေန်၊ ငါ၏ ဆွလာတ်ဝတ်ပြုမှုသည်လည်းကောင်း၊ ငါ၏ စွန့်လှူစွန့်စားမှုတို့သည်လည်းကောင်း၊ ငါ၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ ငါ၏ အသက်သေခြင်းသည်လည်းကောင်း စကြာဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှစ်သက်တော်မူရန်သာလျှင်ဖြစ်ပေသည်"** (ကုရ်အာန် ၆း၁၆၂)ဟု အမိန့်ပေးညွှန်ကြားခဲ့သကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် အားထုတ်ကြိုးပမ်းခြင်း၊ အရာခပ်သိမ်းတို့၏ အရှင်၏ အရေးကိစ္စတို့အတွက် မိမိ၏ ဘဝကို ပိုင်းဖြတ်အပ်နှံထားခြင်းတို့တွင် တွေ့ရှိပေသည်။ မွတ်စ်လင်မ်များသည် ၄င်းတို့၏ ဘဝများကို ကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးယိုယွင်းခြစားမှုများ၏ ထိခိုက်သက်ရောက်မှုများကို ဖယ်ရှားခြင်းတွင်လည်းကောင်း၊ ကမ္ဘာမြေ၏ လှပတင့်တယ်ကျက်သရေရှိပြီး၊ အားအင်ချည့်နဲ့သည့် သက်ရှိ အုပ်စု အသိုက်အမြုံများ၏ သာယာဝပြောရေးအတွက်လည်းကောင်း တိုး၍တိုး၍ ရည်စူးမြှုပ်နှံလာနေကြပါသည်။ ထိုသို့သော ကြိုးပမ်းအားထုတ်မှုတွင်၊ အသိမ်မွေ့ဆုံးနှင့် သဟဇာတဖြစ်စွာ ညီညွတ်မှုအရှိဆုံး ချဉ်းကပ်မှုများသည် ပို၍ ခက်ထန်သော၊ ပိုမိုပြင်းထန် အတင်းအကျပ်ဆန်သော ချဉ်းကပ်မှုများထက် အခရာကျရပေမည်။ ကမ္ဘာမြေပေါ်မှ အလွန်တရာ သနားကြင်နာတော်မူသော အရှင်၏ အဖန်ဆင်းခံများကို ကာကွယ်ပေးရန် ပညာပေးဆန်သော သိမြင်နိုးကြားလာစေမှု၊ ရပ်ခံစည်းရုံးလှုံ့ဆော်မှုနှင့် အခြားသော သိမ်းသွင်းစည်းရုံးသည့် နည်းလမ်းများသည် စိတ်ခန္ဓာကျန်းမာသော မွတ်စ်လင်မ် အမျိုးသား အမျိုးသမီး တစ်ဦးချင်းစီတိုင်းအတွက် ပြဋ္ဌာန်းတာဝန်ဖြစ်ပေသည်။ ဤချဉ်းကပ်မှုနည်းလမ်းများ မအောင်မြင်ပါက၊ မည်သည်ကို ပြုလုပ်ရမည်နည်း။ အကြမ်းမဖက်ငြိမ်းချမ်းသောနည်းဖြင့် တွန်းလှန်ခုခံခြင်း လိုအပ်ကောင်း

လိုအပ်နိုင်သော်လည်း၊ ဖြစ်နိုင်သမျှ ကျင့်ဝတ်နှင့်အညီဆုံး ခုခံတွန်းလှန်မှု ဖြစ်ရပေမည်။ ယင်းနောက် ငြိမ်းချမ်းသောနည်းဖြင့် ဆန့်ကျင်တွန်းလှန်မှု မအောင်မြင်ပါက မည်သို့နည်း။ အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အမြင့်ဆုံးကောင်းမြတ်မှုကို ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင်၊ ထိခိုက်နစ်နာမှုမရှိစေရ၊ ထိခိုက်နစ်နာစေခြင်းဖြင့် လက်တုံ့ပြန်ခြင်း မရှိစေရဟု ပြဋ္ဌာန်းပြီးဖြစ်သည်ဟု နဗီတမန်တော် မူဟမ္မဒ် (အလွှာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က ကြေညာမိန့်ကြားခဲ့သည့်အတွက် မွတ်စ်လင်မ်တစ်ဦး၏ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် ကြိုးပမ်းအားထုတ်မှုသည် အမြင့်ဆုံးသော ကောင်းမြတ်မှုဖြင့် လွှမ်းခြုံနေရပေမည်။ လူတစ်ဦးအနေဖြင့် ဖြတ်ကျော်မလွန်ကျူးနိုင်သော နယ်စည်းများရှိသည်။ အကြောင်းမှာ မွတ်စ်လင်မ် ဥပဒေ/ဓမ္မသတ်ပညာရှင်များ အပြင် အခြားသော ယုံကြည်သက်ဝင်မှု အစဉ်အလာများမှ နာမ်ပိုင်းဆိုင်ရာ ရှေ့ဆောင်ရှေ့ရပ်ပြုသူများ၊ ကမ္ဘာတစ်လွှားမှ အသိပညာကြီးသူများ၊ ကိုယ်ကျင့်တရားစောင့်ထိန်းသူများအားလုံးတို့က ကိုယ်ကျင့်တရားနှင့် ညီညွတ်သော ရည်မှန်းချက်ပန်းတိုင် ပေါက်မြောက်အောင်မြင်ရန်အတွက် ကိုယ်ကျင့်တရားနှင့် မကိုက်ညီသော နည်းလမ်းများကို ခိုင်လုံမှန်ကန်သည်ဟု ဆင်ခြင်မပေးနိုင်ဟု အခိုင်အမာ ပြောဆိုကြသည့်အတွက်ဖြစ်သည်။ စိတ်ပျက်ညစ်ညူးဖွယ်အခြေအနေနှင့် ရင်ဆိုင်တွေ့ဆုံရစဉ်ကာလအတွင်း အစ္စလာမ်၏ အပြုသဘောဆောင်သော ချဉ်းကပ်မှုသည် နဗီတမန်တော် မူဟမ္မဒ် (နဗီတမန်တော် မူဟမ္မဒ် (အလွှာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာခြင်းနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က "ပြန်လည်ရှင်ပြန်ထမြောက်ရမည့် အချိန်နာရီသည် အသင်တို့အနက် တစ်ဦးဦးပေါ်သို့ ကျရောက်လာပြီး၊ ထိုသူ၏ လက်အတွင်း စွန့်ပလွှဲပင်အညောင့်ပေါက် အပင်ငယ်တစ်ခု ရှိနေပါက၊ ထိုသူသည် ယင်းအပင်ကို စိုက်ဖြစ်ပါစေလေ"ဟု မိန့်မှာခဲ့သည့် မှာတမ်းတွင် သာဓကဆောင်လျက်ရှိပါသည်။[၁၅]

နောက်ဆက်တွဲ

ရှေ့လမ်းစဉ်

ယခုအခါ မွတ်စ်လင်မ်တို့သည် ကမ္ဘာလူဦးရေ၏ လေးပုံတစ်ပုံ ရှိနေပြီဖြစ်သည့်အလျောက်၊ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်း ပြဿနာများကို ဖြေရှင်းခြင်းတွင် ရှေ့တန်းမှ ပံ့ပိုးကူညီနေသင့်ပါသည်။ အမှန်အားဖြင့်၊ ထို့ထက်လွန်၍ ကျွန်ုပ်တို့ ပံ့ပိုးကူညီသင့်သည်ဟု ညွှန်းဆိုသော ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၏ ထူးခြားထင်ရှားသော မျက်နှာစာများကို ကျွန်ုပ်တို့ တွေ့မြင်ပါသည်။

- ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၏ စကြာဝဠာဗေဒသည် ကမ္ဘာမြေပြင်တွင် ကောင်းမှုပြုရန်နှင့် ၄င်းအပေါ်ဝယ် ဖျက်ဆီးမှုများပြုခြင်းမှ ရှောင်ကြဉ်ရန် လူသားများကို တာဝန်ပြဋ္ဌာန်းထားသော အရာခပ်သိမ်းတို့၏ အရှင်၏ ဂုဏ်တော် ချီးမွမ်းမှုပြုရန် မိုးကောင်းကင်များနှင့် ပထဝီမြေပေါ်ရှိ အရာအားလုံးတို့က တစ်ခုနှင့် တစ်ခု ထောက်ပံ့ကူညီနေကြသည်ဟူသော အသိအမှတ်ပြုမှုတွင် အရင်းခံပါသည်။
- ကျွန်ုပ်တို့ ယုံကြည်သက်ဝင်မှု သာသနာ၏ လမ်းညွှန်ယုံကြည်ချက်နှင့် ကိုယ်ကျင့်တရားတို့သည် အဖန်ဆင်းခံ သတ္တဝါတိုင်းအပေါ် ကျွန်ုပ်တို့၏ ဆက်ဆံမှုအတွင်း ဖန်ဆင်းခံအားလုံး၏ အရှင်ကို ကြောက်ရွံ့ရိုကျိုးမှုတွင်လည်းကောင်း၊ ကျွန်ုပ်တို့ ပြုလုပ်သမျှအရာ အားလုံးတွင် အမြင့်ဆုံးကောင်းမှုနှင့် အလှတရားရှိအောင် လုပ်ခြင်းအားဖြင့်၊ အကန့်အသတ်မရှိသည့် ကရုဏာတော်မှတစ်ဆင့် အရာအားလုံးကို လွှမ်းခြုံထားသော အနှိုင်းမဲ့ သနားကရုဏာတော်ရှင်၏ ဂုဏ်ကျက်သရေတော်ကို ကူးလူးတုံ့ပြန်ခြင်းအားဖြင့် အရာခပ်သိမ်းတို့၏ အရှင်ထံ ရည်စူးပုံအပ်ခြင်းတို့တွင် နစ်မြုပ်နေပါသည်။
- လူသားမျိုးနွယ်နှင့် အခြားသော သက်ရှိများအတွက်ဖြစ်သော ရှင်သန်ခြင်းဆိုင်ရာ အရင်းအမြစ်များတွင် ရောင့်ရဲတင်းတိမ်မှုရှိခြင်း၊ ၄င်းတို့၏ အသီးအပွင့် အကျိုးကျေးဇူးများကို မျှတစွာ၊ သာတူညီမျှဖြစ်စွာ မျှဝေအသုံးပြုမှုဖြစ်စေရန်အလို့ငှာ ဖြန်းတီးမှုဆန်သော အလွန်အကျွံဖြစ်မှုကို ရှောင်ရှားခြင်းဖြင့် ထိုရင်းမြစ်တို့၏ နဂိုရှိရင်းစွဲ အကန့်အသတ်များကို လေးစားခြင်း၊ ပေးကမ်းလှူတန်းခြင်းနှင့် ပြုစုပျိုးထောင်ခြင်းတို့ဖြစ်စေရန် ကမ္ဘာမြေနှင့် ၄င်းပေါ်တွင် နေထိုင်ကြသူများကို တလွဲအသုံးချခြင်းမှ ရှောင်ကြဉ်ခြင်းတို့နှင့် တစ်ပြိုင်နက်တည်းတွင် ခြိုးခြံချွေတာသော မလွန်မကျူး အလယ်အလတ်ဖြစ်မှုတွင် ကျွန်ုပ်တို့ သက်ဝင်ယုံကြည်မှု သာသနာ၏ စီးပွားရေးဆိုင်ရာ တန်ဖိုးထားမှုများက ပေါ်လွင်ထင်ရှားနေပါသည်။
- ကျွန်ုပ်တို့ ယုံကြည်သက်ဝင်မှုသာသနာ၏ ဥပဒေသတို့နှင့် ၄င်းမှ သက်ဆင်းရရှိလာသော မူဝါဒများနှင့် လက်တွေ့ အကျင့်အကြံများက အရာအားလုံးတို့၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာတို့ ထိန်းသိမ်းစောင့်ရှောက်ပေးရန်၊ ကောင်းမှုကို ကျင့်ဆောင်၍ မကောင်းမှုကို ရှောင်ကြဉ်ရန်နှင့် ကမ္ဘာမြေပြင်ပေါ်ဝယ် *ခလီဖာဟ်*၏ လူသားတာဝန်ကို အကောင်အထည်ဖော် ကျင့်သုံးရန် ရည်ရွယ်ပါသည်။

အနိမ့်ဆုံးအားဖြင့် အရာနှစ်ခုက ကျွန်ုပ်တို့၏ အောင်မြင်မှုကို အဟန့်အတားပြုရန် ခြိမ်းခြောက်မှုပြုနေသည်။ ပထမတစ်ခုမှာ ကျွန်ုပ်တို့ဘဝရှင်သန်မှုအတွင် ထို သင်ကြားမှုများကို လက်တွေ့ အကောင်အထည်ဖော် ဆောက်တည်ရန် ကျွန်ုပ်တို့

ပျက်ကွက်နိုင်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အပေါ် ဆုံးမသွန်သင်ချက်များ၏ မွန်မြတ်မှုမှ ကျွန်ုပ်တို့အား လမ်းလွဲသွားစေရန် အလိုလောဘ၊ ပျင်းရိဖင့်နွဲမှု သို့မဟုတ် အသေးအဖွဲ သိမ်ဖျင်းသည့်ကိစ္စများတွင် ပူပန်သောကဖြစ်နေခြင်းတို့ကို ကျွန်ုပ်တို့က ခွင့်ပြုနိုင်သည်ဟု ဆိုလိုပါသည်။ အခြားတစ်ခုမှာ မပြီးဆုံးနိုင်တော့သည့် တိုးတွက်မှုနှင့် စားသုံးမှုအခြေခံသော လွှမ်းမိုးနေသည့် စီးပွားရေးစနစ်ပုံစံဖြစ်သည်။ ဂလိုဘယ်လ်လိုင်ဇေးရှင်းအခြေပြု စီးပွားရေးပညာရပ်ကို လူအနည်းငယ်ကသာ နားလည်ပြီး၊ လူအနည်းငယ်သာ ကြီးစိုးမောင်းနှင်ပြီး၊ ယင်းလူအနည်းငယ်သာ ထိုစီးပွားရေးက အကျိုးအမြတ်ရှိနေခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းကို ရင်ဆိုင်ရန် ပျက်ကွက်မှုက အဆုံးသတ်တွင် ကျွန်ုပ်တို့၏ ကမ္ဘာရွာကြီး ပျက်သုဉ်းမှုကို အတည်ပြုတံဆိပ်ခတ်နိုပ်နိုင်ပါသည်။ ဖြစ်လာလတ္တံ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်း၏ လေးနက်ပြင်းထန်မှုက လူသားသမိုင်းတစ်လျှောက်လုံးရှိ အခြားသော အကျပ်အတည်းပြဿနာများအားလုံးကိုပင် မှေးမှိန်သွားအောင် ခြိမ်းခြောက်နေပါသည်။ ၎င်း၏ အကျိုးဆက်သက်ရောက်မှုများတွင် မျိုးနွယ်၊ ဘာသာတရား၊ ယဉ်ကျေးမှု သို့မဟုတ် မြေပုံများပေါ်တွင် ကျွန်ုပ်တို့ ရေးဆွဲထားသော မျဉ်းများအကြား မည်သည့် ထူးကဲကွာခြားချက်များ မရှိပေ။ သဘာဝလောကကြီးအတွင်း အရာအားလုံးတို့၏ အရှင်နှင့် ကျွန်ုပ်တို့သည် နောက်ကြောင်းပြန်လှည့် ပြောင်းလဲ၍ မရလောက်အောင် ချိတ်ဆက်နေသည်ကို ယင်းအချက်က ကျွန်ုပ်တို့အား သတိပေးနေပါသည်။ "အာကာသ ကောင်းကင်များ၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှတို့သည်လည်းကောင်း၊ အလွှာဟ်အရှင်မြတ် ပိုင်ဆိုင်သော ပစ္စည်းများသာ ဖြစ်သည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြံလျက် ရှိတော်မူသော အရှင်ဖြစ်တော်မူသည်" (၄း၁၅)။ အရှေ့တွင် ဆိုခဲ့သည့် အရာများကို ဆင်ခြင်သုံးသပ်လျက်၊ အောက်ပါ သန္နိဋ္ဌာန်များ ကျွန်ုပ်တို့ ချမှတ်အပ်ပါသည် -

- အရိုင်းသဘာဝအတွင် သဘာဝ၏ ဖန်တီးချက်များအကြောင်း လေ့လာသင်ယူမှု၏ စိတ်ရှွင်လန်းပျော်ရွှင်မှုကို စိတ်ရင်းအရိုးခံအတိုင်း တွေ့ကြုံခံစားရန်နှင့် လေ့လာသင်ယူသူများအနေဖြင့် သဘာဝတရားကို နားလည်၊ လေးစားကာ ယင်းကို ဂရုစိုက်ခြင်းကို တွန်းအားပေးသည့် နည်းလမ်းဖြင့် အရိုင်းသဘာဝနှင့် အရိုးခံစိတ်ခံစားချက်ပါသော ထိတွေ့မှုများ ရရှိစေရန် အစီအမံများပြုပေးရန် သင်ကြားသူများကို တိုက်တွန်းနှိုးဆော်ရန် (စာပိုဒ် ၃.၁၁ ကိုကြည့်ပါ။)
- ကမ္ဘာမြေကြီးနှင့် ၎င်းပေါ် ရှိ သက်ရှိ အုပ်စု အသိုက်အဝန်းများကို ဂရုဓမ္မထား အာရုံစိုက်ခြင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော် မူဟမ္မဒ် (အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)၏ စံနမူနာကို လေးနက်စွာ သင်ယူကြရန်နှင့် ၎င်းတို့၏ ဘဝအတွင်း ကိုယ်တော်သခင်၏ စံနမူနာကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရန် ကျွန်ုပ်တို့၏ ရောင်းရင်းမွတ်စ်လင်မ်များ အားလုံး၊ အထူးသဖြင့် ကလေးလူငယ်များကို သင်ကြားပေးသူများအား တိုက်တွန်းနှိုးဆော်ရန် (စာပိုဒ် ၃.၂၃ ကို ကြည့်ပါ)။
- အနာဂတ်မျိုးဆက်များအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ပြည့်ဝစေရန် စွမ်းဆောင်နိုင်မှုကို လက်လွှတ်ဆုံးရှုံးမှု မဖြစ်စေသော၊ ထို့ပြင် သဘာဝ၏ တည်တံ့ခိုင်မြဲမှု သို့မဟုတ် အခြားမျိုးစိတ်များ၏ ရှင်သန်ကျန်ရစ်မှုကို ခြိမ်းခြောက်မှုမပြုသော နည်းလမ်းနိဿယတို့ကို ၎င်းတို့၏ တိုင်းပြည်ရှိ စီမံအုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဒေသန္တရ အသိုက်အဝန်းတို့အား ပြဋ္ဌာန်းသတ်မှတ်ပေးရန် မွတ်စ်လင်မ် ဥပဒေ/ဓမ္မသတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ နှင့် ဂေဟစနစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို တိုက်တွန်းနှိုးဆော်ရန် (စာပိုဒ် ၄.၇ ကိုကြည့်ပါ)။

- အလုံးစုံသော လူမှုအခြေခံနှင့် လူမျိုးအခြေခံ အစုအဖွဲ့များ၊ ရှေးရိုးရာ လူ့အဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းလူမျိုးများတို့နှင့် ခွဲခြားဆက်ဆံမှုမရှိဘဲ ဆွေးနွေးတိုင်ပင်နိုးနှောရန်၊ အခွင့်အရေးများကို အပြည့်အဝ မဆောင်ကြဉ်း အာမမခံပေးနိုင်သေးသမျှ ကာလပတ်လုံး အားနည်းအချည့်နှဲ့ဆုံးသော သူများကို အင်အားအကြီးဆုံး လူများအဖြစ် မှတ်ယူရန်နှင့် ဥပဒေကို အပြည့်အဝ မလိုက်နာသရွေ့ အင်အားအကြီးဆုံးသူများကို အားနည်းအချည့်နှဲ့ဆုံးသူများအဖြစ် မှတ်ယူရန်တို့သည် မရှိမဖြစ် အရေးပါကြောင်း ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက် ချမှတ်ပြုလုပ်သူများကို သတိပေးနှိုးဆော်ရန် (စာပိုဒ် ၄.၂၆ ကို ကြည့်ပါ)။
- ရုပ်ကြွင်းလောင်စာမှ လျှင်မြန်စွာ ကူးပြောင်းရန်၊ နေ၊ လေနှင့် ရေတို့အားဖြင့် စွမ်းအင်ပေးသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဆောက်အဦဆီသို့ ပြောင်းလဲမှုစတင်ရန်နှင့် ထို "အစိမ်းရောင်"(သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သဟဇာတဖြစ်သော) စွမ်းအင်ရင်းမြစ်များ၏ ဂေဟစနစ်ဆိုင်ရာ သက်ရောက်မှုများကို တိုးသည်ထက်တိုး၍ လျှော့ချသွားရန်တို့အတွက် လိုအပ်သော အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ကြရန် မူတ်စ်လင်မ်နိုင်ငံများနှင့် အခြားနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ကော်ပိုရေးရှင်းတို့အား တောင်းဆိုပန်ကြားသွားရန် (စာပိုဒ် ၁.၁၁ ကို ကြည့်ပါ)။
- အရှည်မတည်တံ့နိုင်သော၊ ကိုယ်ကျင့်တရားနှင့် မကိုက်ညီသော အစားအစာထုတ်လုပ်မှုနှင့် သီးနှံရိက္ခာ ရိတ်သိမ်းရရှိမှု နည်းလမ်းများမှ လျှင်မြန်စွာ ကူးပြောင်းကြရန် လိုအပ်သော အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ကြရန် မူတ်စ်လင်မ်နိုင်ငံများနှင့် အခြားနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ကော်ပိုရေးရှင်းတို့အား တောင်းဆိုပန်ကြားသွားရန် (စာပိုဒ် ၅.၈ ကို ကြည့်ပါ)။
- ဟိမားများနှင့် အလားသဏ္ဌာန်တူ ရိုးရာ ကာကွယ်အထိန်းသိမ်းခံ နေရာများနှင့် ထိရောက်စွာ စီမံထိန်းသိမ်းစောင့်ရှောက်ထားသည့် အခြားသော မြေရေယာများ၏ တန်ဖိုးကို အသိအမှတ်ပြုရန်နှင့် ထိုအမှုအကျင့်များတွင် ရုပ်လုံးပေါ်နေသည့် စုပုံလာပြီးဖြစ်သော အမွေဆက်ခံရရှိခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာတို့ ကိန်းအောင်းတည်ရှိနေသည့် ရှေးရိုးအစဉ်အလာ စီမံခန့်ခွဲသူများအား ၄င်းတို့ကို ဆက်လက်စီမံခန့်ခွဲနိုင်ရန် လုပ်ပိုင်ခွင့်စွမ်းအားများရှိစေရန်တို့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စည်းရုံးလှုံဆော်ရပ်ခံသူများ၊ မူတ်စ်လင်မ် နိုင်ငံများနှင့် အခြားနိုင်ငံများအားလုံးရှိ ဘာသာရေးအခြေခံ အစုအဖွဲ့များနှင့် ဒေသန္တရ အုပ်စု အသိုက်အဝန်းများကို တောင်းဆို ပန်ကြားသွားရန် (စာပိုဒ် ၅.၂၀ ကို ကြည့်ပါ)။
- ထိရောက်မှုရှိစွာ၊ သာတူညီမျှမှုအခြေခံဖြင့် စီမံခန့်ခွဲသော ထိန်းသိမ်းအစောင့်ရှောက်ခံနယ်မြေများနှင့် *ဟိမား*၏ ကျင့်ဝတ်စည်းမျဉ်းများကို ရုပ်လုံးပေါ်စေသော၊ ဇီဝမျိုးကွဲစုံလင်မှုနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် အထူးအရေးပါသော နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်သော၊ ဂေဟစနစ်ဆိုင်ရာ ကိုယ်စားပြုမှုရှိရှိ ချိတ်ဆက်နေသော၊ ထို့အပြင် ပိုမိုကျယ်ပြန့်သော မြေပြင်ရုပ်ဝန်းများနှင့် ပင်လယ်ပြင်ရုပ်ဝန်းများထဲသို့ ပေါင်းစပ်သွတ်သွင်းထားသည့် အခြားသော ထိရောက်မှုရှိသည့် နယ်မြေအခြေခံ ထိန်းသိမ်းစောင့်ရှောက်ခြင်း အစီအမံများ၊ ထူထောင်ကြရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စည်းရုံးလှုံဆော်ရပ်ခံသူများ၊ မူတ်စ်လင်မ် နိုင်ငံများနှင့် အခြားနိုင်ငံများအားလုံးရှိ ဘာသာရေးအခြေခံ အစုအဖွဲ့များနှင့် ဒေသန္တရ အုပ်စု အသိုက်အဝန်းများကို တိုက်တွန်းနှိုးဆော်သွားရန် (စာပိုဒ် ၅.၂၀ ကို ကြည့်ပါ)။

- အတိတ်ကာလအတွင်း အတုယူစရာ နမူနာဖြစ်စေသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အလေ့အထများ ထူထောင်ခြင်းတွင် ဦးဆောင်ခဲ့သော *ဝကားဖ်*(လူဒါန်းပေးအပ်မှု)စနစ်ကို ပြန်လည် အသက်ဝင်စေရေး စတင် လုပ်ဆောင်ကြရန် တစ်ကမ္ဘာလုံးမှ မွတ်စ်လင်မ် အသိုက်အဝန်းများအား တိုက်တွန်းနှိုးဆော်သွားရန် (စာပိုဒ် ၅.၂၄ ကို ကြည့်ပါ)။
- အစ္စလာမ်တိုင်းပြည်များနှင့် ကမ္ဘာပေါ် ရှိ တိုင်းပြည်တိုင်းရှိ အစိုးရများနှင့် ဓမ္မသတ်/ဥပဒေပညာရှင်များအနေဖြင့် မြေလှန်ဖျက်ဆီး မီးလောင်တိုက်သွင်းသည့် ဗျူဟာများနှင့် နူကလီးယားနှင့် အခြားသော အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေနိုင်သော လက်နက်များ အသုံးပြုမှုကို ပြတ်ပြတ်သားသား ရှုံ့ချခြင်းကို ထုတ်ပြန်ကြရန်လည်းကောင်း၊ ၄င်းတို့၏ အစိုးရများအနေဖြင့် ထိုအရာများကို လေးနက်တည်ကြည်စွာ ငြင်းပယ်ကြောင်း သေချာစေရန် ကြိုးပမ်းအားထုတ်ကြရန်လည်းကောင်း၊ ၄င်းတို့ အပြီးတိုင်ချုပ်ငြိမ်းစေရေးအတွက် အတူတကွ လက်တွဲလုပ်ဆောင်ကြရန်လည်းကောင်း၊ ၄င်းတို့အား တိုက်တွန်းနှိုးဆော်သွားရန် (စာပိုဒ် ၅.၂၆ ကို ကြည့်ပါ)။
- လူသားတို့သည် အလွှာဟ်အရှင်မြတ် ဖန်ဆင်းထားသော စကြာဝဠာခပ်သိမ်းနှင့်ဆိုင်သည့် အယ်လ်-မီဇာန် (ချိန်ခွင်)ဖြစ်သော၊ သဘာဝလောကကြီးနှင့် လိုက်လျောညီထွေ သဟဇာတသည့် နည်းလမ်းပုံစံဖြင့် စီမံကိန်းချ၊ ဒီဇိုင်းဆွဲသင့်သည်ဟူသော အမြင်ကို အတည်ပြုထောက်ခံပေးရန် အစ္စလာမ်နိုင်ငံများနှင့် ကမ္ဘာတစ်လွှားမှ မူဝါဒရေးဆွဲချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် ဒီဇိုင်းဆွဲသူများကို တိုက်တွန်းနှိုးဆော်ရန် (စာပိုဒ် ၅.၂၈ ကို ကြည့်ရန်)။

ကျွန်ုပ်တို့သည် ထပ်မံ၍ သန္နိဋ္ဌာန်ပြုပါသည်

- အစ္စလာမ်၏ ရှုထောင့်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သင်ကြားချက်များအတွက် သင်ကြားရေးဌာနတစ်ခု တည်ထောင်ရန်။
- အယ်လ်-မီဇာန် မူစည်းမျဉ်းများနှင့် အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရှေ့ဆောင်ရန် ဘာသာရေးအခြေပြု အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ခုကို ဖန်တီးတည်ဆောက်ရန်။
- မြို့တော်ကြီးများ၊ တက္ကသိုလ်များ၊ အင်စတီကျူးရှင်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း အစရှိသည်တို့မှ ရှေ့ဆောင်ရှေ့ရပ်ပြုမှုနှင့် လှုံ့ဆော်မှု ကမ်ပိန်းများဖြင့် အယ်လ်-မီဇာန် လှုပ်ရှားမှု ဆယ်စုနှစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုကို ဦးဆောင်မှုပြုရန်အတွက် လူငယ်ဘာသာရေးခေါင်းဆောင်များအား တိုက်တွန်းအားပေးမည့် အယ်လ်-မီဇာန် လူငယ်ကောင်စီတစ်ရပ် ဖန်တီးတည်ထောင်ရန်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အယ်လ်-မီဇာန် ကမ္ဘာလုံးဆိုင်ရာ အောင်မြင်ပေါက်မြောက်မှုဆု တစ်ခု ဖန်တီးရန်။
- ထိုရှေ့ဆောင်ရှေ့ရပ်ပြုမှု၏ အကြံပြုတိုက်တွန်းချက်များကို အရေးစိုက်ကိုင်တွယ်သည့် ဒေသန္တရအဆင့် စီမံကိန်းများကို အားပေးမြှင့်တင်ရန် လုပ်ဆောင်ချက်အတွက် အယ်လ်-မီဇာန် ရန်ပုံငွေတစ်ခု ဖန်တီးရန်။

- ကမ္ဘာတစ်ဝှမ်းမှ မွတ်စ်လင်မ်များကို ချိတ်ဆက်၍ ၄င်းတို့၏ အသိပညာနှင့် အတွေ့အကြုံများကို ဖလှယ်မျှဝေရန် အယ်လ်-မီဇာန် ကွန်ယက်တစ်ခု ဖန်တီးရန်။
- အယ်လ်-မီဇာန်နှင့် သက်ဆိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများအကြောင်း အများပြည်သူသိရှိမှုကို မြှင့်တင်ရန်နှင့် အားပေးခြီးမြှောက်ရန် ရည်စူးသည့် နေ့တစ်နေ့အဖြစ် အယ်လ်-မီဇာန် နိုင်ငံတကာနေ့တစ်နေ့ ဖန်တီးရန်။
- ပညာရှင်များ၊ အင်စတီကျူးရှင်းများနှင့် တက်ကြွလှုပ်ရှားသူများက သက်ဆိုင်ရာ ပြဿနာကိစ္စရပ်များနှင့် ခေါင်းစဉ်များကို ဆွေးနွေးရန် တွေ့ဆုံကြသည့် တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပသော အယ်လ်-မီဇာန် ကမ္ဘာလုံးဆိုင်ရာ ကွန်ဖရင့် ပေါ်ပေါက်ရေး အားထုတ်ကြိုးပမ်းရန်။
- အယ်လ်-မီဇာန် ပလီများ ရှေ့ဆောင်အစီအမံတစ်ရပ်ကို အကောင်အထည်ဖော်ရန်။ ယင်းသည် ပါဝင်လှုပ်ရှားကြသည့် ပလီတိုင်းတွင် အစ္စလာမ်နှင့် သဘာဝပတ်ဝန်းကျင်တို့နှင့် ပတ်သက်သည့် သင်ကြားပို့ချမှုများ ပြုလုပ်မည်ဟု ဆိုလိုပါသည်။
- အယ်လ်-မီဇာန်၏ အနာဂတ်ခေါင်းဆောင်များဖြစ်လာစေရန် မွတ်စ်လင်မ် လူငယ်များကို စွမ်းအားမြှင့်တင်ပေးရန်နှင့် ၄င်းတို့ သင့်လျော်သည်ဟု ထင်မြင်သည့် ဦးတည်ရာလမ်းကြောင်းအတိုင်း ရှေ့ဆက်ချီတက်ရန် ၄င်းတို့ကို ယုံကြည်ပုံအပ်ရန်။

တောင်းဆုပတ္ထနာ

ကျွန်တော်မျိုးတို့ မျိုးစိတ်တစ်ခုလုံးအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ကျွန်တော်မျိုးတို့ ကမ္ဘာမြေပေါ် ပြုလုပ်ခဲ့သည့် ပျက်စီးဆုံးရှုံးစေမှုများကို ပြုပြင်နိုင်ရန်လည်းကောင်း၊ အရှင့်၏ ဖန်ဆင်းမှုကို ပုံပျက်ပန်းပျက်ဖြစ်စေမှု ရပ်တန့်စေရန်လည်းကောင်း၊ အရှင်မြတ်က ကျွန်တော်မျိုးတို့အား စတင်ဖန်ဆင်းခဲ့သည့် အရှင့်၏ သဘာဝလမ်းစဉ်သို့ ပြန်လှည့်ရန်လည်းကောင်း၊ "'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်၏ ကျွန်များသည် ပထဝီမြေပေါ်ဝယ် ကျိုးနွံစွာ၊ ဖြည်းညင်းစွာ ကွန္ဒြေသိက္ခာရှိစွာ လမ်းလျှောက်ကြသူများဖြစ်သည်...(၂၅း၆၃)"ဟူသော အချက်ကို စိတ်နှလုံးဝယ် ထင်စွဲစေရန်လည်းကောင်း အကျွန်ုပ်တို့ လူသားမျိုးနွယ်တစ်ခုလုံးအား လမ်းညွှန်ပြသပေးပါရန် အရာခပ်သိမ်းတို့၏ အရှင်ထံ ကျွန်တော်မျိုးတို့ ဆုတောင်းပန်ကြားအပ်ပါသည်။

ဤလှုပတင့်တယ်ကာ ကျက်သရေရှိသော ကမ္ဘာမြေကြီးနှင့် ၄င်း၏ အပေါ် ရှင်သန်နေထိုင်ကြသည့်အရာ အားလုံးတို့အတွက် ဂရုစိုက်နိုင်ခွင့်သို့ လမ်းညွှန်ထိန်းကျောင်းပေးပါရန်နှင့် သတိရတမ်းတရန်၊ ကျေးဇူးသိတတ်ရန်နှင့် အလှပဆုံး ဆပ်ကပ်ဝတ်ပြုကိုးကွယ်မှုပြုနိုင်ရန် ကျွန်ုပ်တို့အား ကူညီစောင်မပေးပါရန် အရာခပ်သိမ်းတို့၏ အရှင်ထံ ကျွန်တော်မျိုးတို့ ဆုတောင်းပတ္ထနာပြုပါ၏။[၂၆၀]

အသိအမှတ်ပြုမှုများ

အာရဗီစာသားများကို ဘာသာပြန်ဆိုခြင်းနှင့် တည်းဖြတ်ခြင်း

Zina Alani Mougharbel
Zainab A. Alsuhaibany, PhD
Ali As-Sammani Muhammad Umar Randa Hamwi
M. Anas Zarka, PhD
Hany M. A. Tatwany
Tarek Abul Hawa
Samir Boudinar
Amal Salem Alhadrami
Amr Al-Hafi. PhD
Abdulhadi Aloufi, PhD
Hanaan Llewellyn
Othman Abd-ar-Rahman Llewellyn Aishah Ali Abdallah

ပြန်လည်ဖတ်ရှုသုံးသပ်ပေးသူများ

Abdulhadi Aloufi, PhD, Taibah University, Al-Madinah Al-Munawwarah
Hany M. A. Tatwany, Former Vice President, Saudi Wildlife Authority
Samir Boudinar, Executive Director, Al-Hokama Center for Peace Research, Rabat, Morocco
Tarek Abul Hawa, consultant in protected area management and community outreach, Amman
Md. Abu Sayem, PhD, associate professor of World Religions and Culture, University of Dhaka
Azizah Al-Hibri, PhD, Professor Emerita, The Law School, University of Richmond
Azmaira Alibhai, Faith and Ecosystems Coordinator, UNEP Faith for Earth Initiative
Wardah Alkatiri, PhD, Universitas Nahdlatul Ulama Surabaya / Amani Institute Indonesia
Hassane Bendahmane, PhD, environmental consultant in environmental policy and sustainable development
Mohammad Khalil Elahee, PhD, Professor, The University of Mauritius
Atallah FitzGibbon, Islamic Relief Worldwide
Muhammed Nizaar Gardee, Consultant, United Ulama Council of South Africa
Karenna Gore, J.D., Founder and Executive Director, Center for Earth Ethics, Union Theological Seminary,
Mumtaz Hussain, Chief Editor, The Environ Monitor
Mawil IzziDien, PhD, Professor of Islamic Studies, University of London SOAS
Samira Idllalene, PhD, University Cadi Ayyad, Marrakech, consultant in environmental law
David Solomon Jalajel, PhD, Prince Sultan Institute for Environmental, Water & Desert Research, King Saud University Hajj Muhammad Amir Kpakpo Addo, Federation of Muslim Councils, Ghana and Ghana Conference of Religions for Peace
Farhana Mayer, DPhil Researcher, Qur'anic Studies, Faculty of Oriental Studies, St Stephen's House, University of Oxford
Patricia Musick, environmental artist and educator

Alesandra Safiyah Palange, University College London, founding member of Muslims Declare
Mothiur Rahman, founder of New Economy Law, member of Muslims Declare
Muhammad Tariqur Rahman, Islamic Circle of North America (ICNA)
Reza Shah-Kazemi, PhD, Research Associate, Institute of Ismaili Studies, London
Joyce d'Silva, Ambassador Emeritus & former Chief Executive of Compassion in World Farming
Sarra Tlili, PhD, Associate Professor of Arabic Language and Literature, University of Florida
Risikatu Usman, Muslim Women's Association in Nigeria
Rianne C ten Veen, Green Creation, GreenFaith, and IFEES
Nafi Yalçın, PhD, Istanbul Foundation for Science and Culture
M. Anas Zarka, PhD, Advisor, Shariah compliance at The International Investor Co, Kuwait

မိတ်ဆက်နိဒါန်း မှတ်စုများ

Al-Mīzān အတွက် အဖွင့်မိတ်ဆက်နိဒါန်းတစ်ခု မရေးရန် ကျွန်ုပ်တို့ ရွေးချယ်ဆုံးဖြတ်ခဲ့သော်လည်း၊ ပုံမှန်အားဖြင့် ၄င်းနှင့် သက်ဆိုင်ပေမည့် အစိတ်အပိုင်းနှစ်ရပ်ဖြစ်သော ရှေးဟောင်းဂန္ထဝင်ရင်းမြစ်များကို ညွှန်းဆိုကိုးကားရန် ကျွန်ုပ်တို့ အသုံးပြုသော စနစ်အပေါ် ရှင်းလင်းချက်နှင့် ကျမ်းတော်မြတ်ကုရ်အာန်၏ စာပိုဒ်များကို ဘာသာပြန်ဆိုခြင်းအတွက် ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံအပေါ် မှတ်ချက်စာစုများကို နောက်ဆက်တွဲများအဖြစ် ကျွန်ုပ်တို့ ထည့်သွင်းခဲ့ပါသည်။

ထည့်သွင်းသင့်သော အခြားသော အစိတ်အပိုင်းများအနက်မှ တစ်ခုမှာ စံပြုအသံလှယ်စနစ် (Standard Transliteration System)နှင့် ကျွန်ုပ်တို့ အသုံးပြုရန် ရည်ရွယ်သော အသံထွက်ပုံ အမှတ်အသားများအကြောင်း ရှင်းလင်းချက် ဖြစ်ပါသည်။

မူရင်း အာရဗီ ရင်းမြစ် စာရွက်စာတမ်းများကို အကိုးအကားပြု ရည်ညွှန်းခြင်းအတွက် အသုံးပြုသော စနစ်

ဤသဘောတူကြေညာစာတမ်းကို ပြုစုရေးသားရာတွင် ကျွန်ုပ်တို့ တွေ့ကြုံရသည့် စိန်ခေါ်မှုများအနက်မှ တစ်ခုမှာ ကျွန်ုပ်တို့ အသုံးပြုသည့် *ဟဒီးစ်*တော်များ၊ *တဖ်စီရ်*များနှင့် *ဖစ်ဟ်* နှင့် *အူဇူလ် အယ်လ်-ဖစ်ဟ်* တို့ဆိုင်ရာ စာအုပ်များကဲ့သို့သော မူရင်း အာရဗီ ရင်းမြစ်များကို အီဂျစ်မှ လက်ဘနွန်၊ ပင်လယ်ကွေ့နိုင်ငံများ၊ အီရတ်၊ မော်ရိုကိုနှင့် အခြားသော နိုင်ငံများစွာတွင် အခြေစိုက်သော ထုတ်ဝေသူ အမြောက်အများက ထုတ်ဝေခဲ့ပြီးဖြစ်သည်ဟူသည့် အချက်ဖြစ်သည်။ ဤရင်းမြစ်များတွင် စာမျက်နှာနံပါတ် စီစဉ်သတ်မှတ်ပုံမှာ တည်းဖြတ်မှု တစ်ခုနှင့် တစ်ခု ခြားနားလျက်ရှိပြီး၊ များလှစွာသော စာဖတ်သူများအနေဖြင့် တည်းဖြတ်မှုတစ်ခုထက်ပို၍ သို့မဟုတ် အများဆုံးနှစ်ခုထက်ပို၍ မရှိနိုင်ပေ။ ဤရင်းမြစ်များအနက်မှ အများအပြားကို ယခုအခါ အင်တာနက်တွင် ရရှိနိုင်ပြီ ဖြစ်သော်လည်း၊ ၄င်းတို့အားလုံးကို မရရှိနိုင်သည့်အပြင်၊ ရှေးရိုးအစဉ်အလာ ပညာရှင် တစ်ချို့က ဤစာအုပ်စာတမ်းများ၏ စာအုပ်မိတ္တူများသက်သက်ကိုသာ အမှီပြုနေဆဲဖြစ်သည်။ ဤအကြောင်းပြချက်ကြောင့်ပင်၊ ကျွန်ုပ်တို့၏ ရည်ညွှန်းကိုးကားမှုတွင် တစ်ချို့သော တည်းဖြတ်ထုတ်ဝေမှုများ၏ စာမျက်နှာအမှတ်များကို ရည်ညွှန်းခြင်းအစား၊ တည်းဖြတ်ထုတ်ဝေမှုအားလုံးတွင် များသောအားဖြင့် ထပ်တူဖြစ်သည့် မူလရင်းမြစ်စာအုပ်စာတမ်းများ၏ အခန်းအမည်များကိုသာ ရည်ညွှန်းကိုးကားရန် ကျွန်ုပ်တို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၄င်းပုံစံတွင် ပိုမို၍ နေရာယူသော အားနည်းချက်ရှိသော်လည်း၊ အစွယ်လာမ်ကမ္ဘာရှိ ပညာရှင်များနှင့် အခြားသော စာဖတ်သူများ ပိုမိုလွယ်ကူစွာ လက်လှမ်းမီရရှိနိုင်သည့် ရည်ညွှန်းကိုးကားမှုများ ပြုလုပ်ပေးခြင်းဟူသော အကျိုးကျေးဇူးက သာလွန်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

တစ်ပြိုင်တည်းတွင်ပင်၊ ကွန်ပြူတာနှင့် အင်တာနက်ရရှိနိုင်သော စာဖတ်သူများအနေဖြင့် ၄င်းတို့ကို ချက်ချင်း ကြည့်ရှုနိုင်စေရန်အလို့ငှါ ကျွန်ုပ်တို့၏ နောက်ဆုံးပိတ်မှတ်စုများတွင် ဤရင်းမြစ်များအတွက် ယုံကြည်အားထားရနိုင်သည့် ဒီဂျီတယ် ရည်ညွှန်းချက်များနှင့် ကိုးကားသော စာအုပ်စာတမ်းများနှင့် အကြံပြုထားသော ဖတ်ရန် စာရင်းတွင် PDF စာရွက်စာတမ်းများကဲ့သို့သော ဒီဂျီတယ် မူများ ကို ထည့်သွင်းရန် ကျွန်ုပ်တို့ အားထုတ်ခဲ့သည်။

ကျမ်းတော်မြတ်ကုရ်အာန်၏ စာပိုဒ်များကို ဘာသာပြန်ဆိုခြင်းအတွက် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုပုံစံ

ဤစာရွက်စာတမ်းတွင်၊ ကျမ်းတော်မြတ်ကုရ်အာန်၏ တစ်ခုတည်းသော ဘာသာပြန်မူတစ်ခုကို လက်ကိုင်စွဲထားခြင်း မရှိပါ။ ကောင်းမွန်သော ဘာသာပြန်မူ အများအပြား ရရှိနိုင်သော်လည်း၊ တစ်ခုချင်းစီတိုင်းတွင် ၄င်း၏ အားနည်းချက်များရှိပြီး၊ ဘာသာပြန်မူတစ်ခုတည်းကိုသာ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ကန့်သတ်ထားခဲ့ပါက အခြားသော ဘာသာပြန်ဆရာများ၏

နက်ရှိုင်းသော အသိအမြင်များမှ ကျွန်ုပ်တို့ကို ဖြတ်တောက်ထားပေလိမ့်မည်။ အာရဗီစာသားများ၏ ဖြစ်နိုင်သမျှ အစစ်မှန်ဆုံး နီးကပ်မှုအတွက် အားထုတ်ကြိုးပမ်းသည့် စာရေးဆရာတစ်ဦးကဲ့သို့ပင်၊ စာပိုဒ်တစ်ခုချင်းစီ၏ အရေးကြီးဆုံး ညွှန်းဆိုမှုနှင့် လက်ရှိဘာသာရပ်စပ်လျဉ်း၍ အသက်ဆိုင်ဆုံး အသေးစိတ်အနက် အလေးအနက်ပြု၍ ယင်းအနက်အဓိပ္ပါယ်ကို ကျွန်ုပ်တို့ စွမ်းနိုင်သမျှ အပြည့်ဝဆုံး သယ်ဆောင်ပေးရန် အားထုတ်လျက် ကျွန်ုပ်တို့အနေဖြင့် စာပိုဒ်တစ်ခုချင်းစီတိုင်းကို ယင်းအတိုင်းသာ မှတ်ယူကိုင်တွယ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင်၊ လူသိများကျော်ကြားပြီး၊ အွန်လိုင်းနှင့် ကျွန်ုပ်တို့ စာကြည့်တိုက်များတွင် ရရှိနိုင်သော ကျယ်ပြန့်စွာ လက်ခံထားကြသည့် အင်္ဂလိပ် ဘာသာပြန်မူများ အားလုံးနီးပါးကို ကျွန်ုပ်တို့ အသုံးချခဲ့ပါသည်။ အကျယ်ပြန့်ဆုံး ကျွန်ုပ်တို့ အားကိုးအားထားပြုခဲ့သည့် ဘာသာပြန်မူများအနက်မှ အချို့မှာ Muhammad Asad (1980)၊ Abdal Hakim Murad, et al. / the Nawawi Foundation (2002)၊ Muhammad Marmaduke Pickthall (1930)၊ နှင့် Abdullah Yusuf Ali (1934) တို့၏ မူများဖြစ်သည်။ ကျွန်ုပ်တို့ အသုံးပြုခဲ့သည့် ထိုမျှလောက် မကျော်ကြားသော ဘာသာပြန်မူများအနက်မှ တစ်ချို့မှာ A. J. Arberry (1955)၊ Syed Abdul Latif (1969/1993)၊ Muhammad Abdel-Haleem (2004)နှင့် Tarif Khalidi (2009)တို့၏ မူများဖြစ်ပါသည်။ ပိုမို၍ သစ်လွင်သော ဘာသာပြန်မူများဖြစ်သည့် Mustafa Khattab (2015)နှင့် The Study Qur'an by Seyyed Hossein Nasr et al. (2015)တို့ကိုလည်း ကျွန်ုပ်တို့ ရည်ညွှန်းကိုးကားခဲ့ပါသည်။ Islam Awakened ဝဘ်ဆိုဒ် https://www.islamawakened.com/quran/ သည် ဘာသာပြန်မူများကို နှိုင်းယှဉ်လေ့လာရန် အလွန်အသုံးဝင်ကြောင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် လေးစားခံရသော *သဖ်စီ* မူများအနက်မှ အထူးအားဖြင့် အစောပိုင်း At-Tabarī ၏ စွယ်စုံကျမ်းဆန်သော *သဖ်စီ* နှင့် ဓမ္မသတ်စီရင်ထုံးများအပေါ် ယင်း၏ အလေးအနက်ပြုမှုအားဖြင့် တစ်မူကွဲကာ ဘက်မျှ၍ ခန့်ငြားသော Al-Qurtubī ၏ *သဖ်စီ* တို့ကဲ့သို့ အချို့ကိုလည်း ကျွန်ုပ်တို့ အသုံးချခဲ့ပါသည်။

အဓိက အာရဗီ ဝေါဟာရများ (ဝေါဟာရ အဘိဓါန်)

ဤသဘောတူကြေညာစာတမ်း၏ သတင်းစကားကို စာဖတ်သူများ နားလည်စေရန် အထောက်အကူပြုနိုင်မည့် အဓိကကျသော အာရဗီ စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်၊ ကျွန်ုပ်တို့အနေဖြင့် (၁၃ရာစု ရီးယန်း ပြက္ခဒိန်အရ) ၁၂၉၀ ခုနှစ်တွင် အစ်ဗနေ မန်ဇူးရ် (Ibn Manzur)အပြီးသတ်ခဲ့သော အလွန်ပြည့်စုံသည့် လိစာန် အယ်လ်-အာရဗ် အဘိဓါန် (Lisan al-'Arab)၊ အဒ်ဝဒ် ဝီလီယမ် လိန်း (Edward William Lane)၏ အာရဗီ-အင်္ဂလိပ် အဘိဓာန် (Arabic-English Lexicon)နှင့် ဟန်စ် ဝိယာ (Hans Wehr)၏ ခေတ်သစ် အာရဗီအရေးအသားဆိုင်ရာ အဘိဓာန် (A Dictionary of Modern Written Arabic) (၁၉၇၄)တို့ကို အသုံးပြုခဲ့သည်။ စကားရပ်တစ်ခုချင်းစီတိုင်းအတွက်၊ အာရဗီရင်းမြစ်နှင့် ၎င်း၏ အဓိပ္ပါယ်ကို ကျွန်ုပ်တို့က စဉ်းစားသုံးသပ်ပြီး၊ ထို့နောက်တွင် အယ်လ်-မီဇာန်တွင် အသုံးပြုသည့်အတိုင်း စကားရပ်ကို စဉ်းစားသုံးသပ်ပါသည်။

အလ္လာဟ် (Allāh) (စာပိုဒ် ၁.၁၊ ၂.၁၊ ၂.၁-၂.၉၊ ၂.၂၃၊ ၃.၁-၃.၈၊ ၄.၁၀၊ ၅.၂၈၊ ၅.၃၅။ မှတ်စု အမှတ် ၃၂၊ ၃၅၊ ၃၇-၃၉၊ ၄၀-၄၃၊ ၄၆၊ ၄၇၊ ၇၁-၇၃၊ ၇၆-၈၂၊ ၉၅၊ ၉၆၊ ၁၈၉ တို့တွင်ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ရုဗ္ဗလ် အားလမီးန်* (*Rabb al-'ālamīn*)၊ *သောင်ဟီးဒ်* (*tawhīd*)၊ *အိဘာဒါဟ်* (*'ibadah*)၊ *အစ္စလာမ်* (*islām*)။

အာရဗီဘာသာစကားတွင် ဘုရားသခင်ဟူသော ဝေါဟာရအတွက် အဓိက စကားလုံး အလ္လာဟ် (Allāh)ကို တိကျသော ကိန်းပြစကားလုံး al- "the"နှင့် အိလားဟ် (ilāh) "နတ်ဘုရား"၊ "ဘုရား"တို့၏ "နတ်ဘုရား (the deity)" သို့မဟုတ် "ဘုရားသခင် (the God)" ဟု အဓိပ္ပါယ်ရသော al-lāh အဖြစ် ချုံ့ထားသော စကားလုံးအဖြစ် ဘာသာဗေဒပညာရှင်အများစုက မှတ်ယူလက်ခံထားကြသည်။ ၎င်းသည် ဘုရားသခင်ဟူသော ဝါဟာရအတွက် အာရာမိတ် (Aramaic)ဝေါဟာရ အီလာဟ် (Elah)နှင့် ဟီးဘရူး ဝေါဟာရ အလ် (El - အလ်လိုဟင်းမ် (Elohim)တို့နှင့် ဘာသာဗေဒအားဖြင့် ဆက်နွယ်နေသည်။ အလ္လာဟ် ဟူသည် မွတ်စ်လင်မ်၊ ဂျူး၊ ခရစ်ယာန်တို့အတူတူပင် ကိုးကွယ်ကြသော တူညီသော ဘုရားသခင်ကို ရည်ညွှန်းပြီး၊ အာရဗီစကားပြောသော ခရစ်ယာန်များနှင့် ဂျူးများသည် မွတ်စ်လင်မ်တို့ကဲ့သို့ပင် ဘုရားသခင်ကို အလ္လာဟ် ဟု ခေါ်ဝေါ်ပြောဆိုကြသည်။ မွတ်စ်လင်မ်တို့က "အလ္လာဟ်"ဟူသည်ကို ဘုရားသခင်၏ အလှပအတင့်တယ်ဆုံးနာမတော်များအနက် ပထမဆုံးနှင့် အလွန်အလွန် မွန်မြတ်မြင့်မားသော နာမတော်ဟု မှတ်ယူကြသည်။ အကြောင်းမှာ ဘုရားသခင်၏ သီးသီးသန့်သန့်ဖြစ်သော ဂုဏ်တော်တစ်ခုခုကို အထူးပြုသော အခြားသော နာမတော် တစ်ခုချင်းစီတိုင်းနှင့် မတူကွဲပြားစွာပင်၊ "အလ္လာဟ်"ဟူသော နာမတော်သည် အပြည့်စုံဆုံးနှင့် ထွဋ်ခေါင် အမွန်မြတ်ဆုံးဖြစ်သည်။

အယ်လ်-အမာနာဟ် (Al-Amānah) (စာပိုဒ် ၂.၁၆၊ ၂.၂၀၊ ၂.၂၁။ အပိတ်မှတ်စု အမှတ် ၆၇ တို့တွင်ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ခလီဖာ ဖစ်လ် အရ်ဒ်* (*khalīfah fī 'l-ard*) /*ခစ်လားဖာဟ် ဖစ်လ် အရ်ဒ်* (*khilāfah fī 'l-ard*)၊ *အစ်လားဟ် ဖစ်လ် အရ်ဒ်* (*islāh fi 'l-ard*)၊ *ဖဆွာဒ် ဖစ်လ် အရ်ဒ်* (*fasād fī 'l-ard*)/*အစ်ဖ်ဆွာဒ် ဖစ်လ် အရ်ဒ်* (*ifsād fi 'l-ard*)၊ *အိဘာဒါဟ်* (*ibadah*)၊ *အီမာန်* (*īmān*)။

သစ္စာရှိသော၊ အားကိုးအားထိုက်ပြုထိုက်သော၊ ယုံကြည်ထိုက်သော၊ ထို့အပြင် ဘေးအန္တရာယ်ကင်းမှုနှင့် လုံခြုံမှုဟု အဓိပ္ပါယ်ရသော အာရဗီ ရင်းမြစ်စကားလုံး *အ-မ-နှ* မှ ဆင်းသက်လာသည့် *အမားနာဟ်* ဟူသော ဝေါဟာရက ယုံကြည်ထိုက်မှုနှင့် ယုံကြည်အပ်နှံမှုဟု ဆိုလိုသည်။ *အယ်လ်-အမားနာဟ်* ဟူသည် ကျမ်းတော်မြတ်ကုရ်အာန်၏ သင်ကြားမှုအရ၊ အလ္လာဟ်အရှင်မြတ်က မိုးကောင်းကင်များ၊ ပထဝီမြေနှင့် တောင်တန်းများထံသို့ ယုံပုံလွှဲအပ်မှုဖြစ်သည်။ သို့သော် ၎င်းတို့သည် ကြောက်ရွံ့ကြပြီး၊ ထိုဝန်ကို ထမ်းရန် ငြင်းဆိုခဲ့ကြသော်လည်း၊ လူသားမှာမူ မိုက်ကန်းရဲရင့်လျက် ၎င်းတာဝန်ကို ထမ်းဆောင်ရန် ဝန်ခံခဲ့လေသည် (၃၃း၇၂)။ *အမားနာဟ်*ကို မိမိ၏ ယုံကြည်မှုများ၊ ရည်စူးချက်များနှင့်

လုပ်ဆောင်ချက်များနှင့် ၄င်းတို့၏ အကျိုးဆက်ရိုက်ခတ်မှုများ (၄င်းက ဖြစ်စေသည့် ဆုလာဘ်များ၊ ပြစ်ဒဏ်များနှင့်အတူ)အတွက် အလွှာဟ်အရှင်မြတ်ထံ ကျင့်ဝတ်အရာ တာဝန်ခံမှု (*တက်လိဖ် (taklīf)*)ကြောင့် တာဝန်ရှိမှုကို လက်ခံထားခြင်းဟု အများအားဖြင့် နားလည်ကြသည်။ ၄င်းသည် ကမ္ဘာမြေအပေါ်ဝယ် တာဝန်ရှိမှုနှင့် တာဝန်ခံမှုဟူသော *ခစ်လ်လာဖာဟ် ဖစ်လ် အရ်ဒ်* (*khilāfah fī 'l-ard*)နှင့် ဆက်စပ်နေပြီး၊ ထိုသဘောတရားနှင့်နှင့်ပင်၊ အမားနာဟ် သည် ကမ္ဘာမြေအပေါ် ပျက်စီးရာပျက်စီးကြောင်းတရား၊ ထကြွသောင်းကျန်း ပျက်စီးစေမှုနှင့် ဖျက်ဆီးမှုတို့ကို ဖြစ်စေခြင်း (*အစ်ဖ်ဆွားဒ် ဖစ်လ် အရ်ဒ်* (*ifsād fi'l-ard*)နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

အယ်လ်-အမဲရ် ဘစ်လ် မအာရူးဖ် (Al-Amr bi 'l-Ma'rūf) (စာပိုဒ် ၄.၁၇၊ ၅.၇၊ ၅.၃၀-၅.၃၄။ ရှေ့လမ်းစဉ်၊ အပိတ်မှတ်စု အမှတ် ၂၅၂ တို့တွင် ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အန်း-နဟိုင်း အန္နလ် မွန်ကာရ်*(*an-nahy 'an al-munkar*)၊ *ဟစ်ဘာဟ်* (*hisbah*)၊ *မုဟ်သဆွစ်ဘ်* (*muhtasib*)။

အာရဗီရင်းမြစ် *အ-မ-ရ* တို့မှဆင်းသက်လာကာ၊ ဩဇာအာဏာဟု ဆိုလိုသည့်၊ စကားရပ် *အမဲရ်*သည် အမိန့်ပေးသည်၊ ညွှန်ကြားသည်နှင့် လွှမ်းမိုးသည်ဟု အဓိပ္ပါယ်ဆောင်သည်။ အာဏာ၊ ဩဇာတိက္ကမနှင့် လွှမ်းမိုးမှုတို့နှင့် သက်ဆိုင်သည်။ မအာရူးဖ် ဟူသော စကားရပ်သည် အတွေ့အကြုံအားဖြင့် သိရှိသည်၊ မှတ်မိသည်၊ အတည်ပြုသည်နှင့် မှန်သည်၊ ကောင်းသည်ကို အသိအမှတ်ပြုပေးသည်ဟု ဆိုလိုပြီး၊ ကောင်းသည်၊ မှန်သည်နှင့် ဂုဏ်ရှိသည်ဟု သိမှတ်ခံရသည့်အရာဟု အဓိပ္ပါယ်ဆောင်သည့် အာရဗီ ရင်းမြစ် *'-ရ-ဖ* မှ ဆင်းသက်လာသည်။ *အယ်လ်-အမဲရ် ဘစ်လ် မအာရူးဖ် (Al-Amr bi 'l-Ma'rūf)*ဟူသည် ကောင်းသည်၊ မှန်သည်ဟု ကောင်းစွာ သိကြသည့်အရာကို အမိန့်ပေးသည်၊ ပြဋ္ဌာန်းသည်ဟု အဓိပ္ပါယ်ဆောင်ပေသည်။ အစ္စလာမ့်သင်ကြားမှု၏ ထူးကဲထင်ရှားသည့် မျက်နှာစာတစ်ခုမှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လူတစ်ဦးချင်းစီတိုင်း အားလုံးတို့သည် ကောင်းရာကို အမိန့်ပေးစေခိုင်း၍၊ ၄င်းတို့ တတ်စွမ်းနိုင်သည့် အပြည့်ဝဆုံး အတိုင်းအတာထိ မကောင်းမှုကို ရှောင်ကြဉ်ရန် တာဝန်ရှိမှုနှင့်အတူ လုပ်ပိုင်ခွင့် နှင်းအပ်ခံထားရသည်ဟူသည့် အချက်ဖြစ်သည် (၃း၁၀၄၊ ၃း၁၁၀၊ ၁၁၄၊ ၉း၇၁နှင့် ၂၂း၄၁ တို့ကိုလည်းကြည့်ပါ)။ ကောင်းမှုကို ပြဋ္ဌာန်း၍ မကောင်းမှုပြုခြင်းကို တားမြစ်ဟန့်တားရန် ဤဝတ္တရားကို အစ္စလာမ်ဥပဒေနှင့် ကိုယ်ကျင့်တရားဗေဒတွင် *ဟစ်ဘာဟ်* ဟုလည်း သိမှတ်ကြသည် (အောက်ကို ကြည့်ပါ)။

အန်း-နဟိုင်း အန္နလ်-မွန်ကဲရ် (***An-Nahy 'an al-Munkar***) (စာပိုဒ် ၄.၁၇၊ ၅.၃၀-၅.၃၄၊ ရှေ့လမ်းစဉ်၊ အပိတ်မှတ်စုအမှတ် ၂၅၂။ အဓိက အာရဗီ ဝေါဟာရများ - *အယ်လ်-အမဲရ် ဘစ်လ် မအာရူးဖ်၊ ဟစ်ဘာဟ်၊ မုဟ်သဆွစ်ဘ်*။

အာရဗီရင်းမြစ် *န-ဟ-ဝ* မှ ဆင်းသက်လာပြီး၊ တားမြစ်ခြင်း၊ ကာကွယ်တားဆီးခြင်းဟု ဆိုလိုသည့်၊ စကားရပ် *နဟိုင်း* (nahy) သည် တားမြစ်သည်၊ ပိတ်ပင်သည်၊ ရှောင်ဖယ်ခွာသည်နှင့် ချုပ်တည်းသည်ဟု အဓိပ္ပါယ်ရသည်။ *မွန်းကဲရ်*ဟူသော စကားရပ်သည် မသိခြင်း၊ ငြင်းပယ်ခြင်း၊ ပြစ်တင်ရှုံချခြင်း၊ သဘောမတူခြင်း၊ အသိအမှတ်ပြုရန် ငြင်းဆန်ခြင်း၊ အပြစ်တင်ခြင်း၊ ရှုံချခြင်း၊ ဆုံးမပဲ့ပြင်ခြင်း၊ ရွံရှာစက်ဆုပ်ခြင်း၊ မနှစ်မြို့ခြင်း၊ လက်မခံပယ်ချခြင်းတို့ကို ဆိုလိုပြီး၊ ဆိုးယုတ်မှု၊ မှားယွင်းမှု၊ ပြစ်တင်ရှုံချထိုက်မှု၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်မှု၊ ရွံရှာမုန်းတီးဖွယ်ဖြစ်မှု သို့မဟုတ် ဂုဏ်သိက္ခာမဲ့မှုအဖြစ် လက်မခံငြင်းပယ်ခြင်းဟု အဓိပ္ပါယ်ရသည့် အာရဗီရင်းမြစ်စကားလုံး *န-က-ရ* မှ ဆင်းသက်လာခြင်းဖြစ်သည်။ သို့အားဖြင့် *အန်း-နဟိုင်း အန္နလ်-မွန်ကဲရ်* ဟူသည် ဆိုးယုတ်မှု၊ မှားယွင်းမှုဟု ကောင်းစွာ သိကြသည့် အရာကို ပိတ်ပင်တားမြစ်ခြင်း သို့မဟုတ် ရှောင်ရှားခြင်းကို ဆိုလိုပေသည်။ အစ္စလာမ့်သင်ကြားမှု၏ ထူးကဲထင်ရှားသည့် မျက်နှာစာတစ်ခုမှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လူတစ်ဦးချင်းစီတိုင်း အားလုံးတို့သည် ကောင်းရာကို အမိန့်ပေးစေခိုင်း၍၊ ၄င်းတို့ တတ်စွမ်းနိုင်သည့် အပြည့်ဝဆုံး အတိုင်းအတာထိ မကောင်းမှုကို ရှောင်ကြဉ်ရန် တာဝန်ရှိမှုနှင့်အတူ လုပ်ပိုင်ခွင့် နှင်းအပ်ခံထားရသည်ဟူသည့်

အချက်ဖြစ်သည် (၃း၁၀၄၊ ၃း၁၁၀၊ ၁၁၄၊ ၉း၇၁နှင့် ၂၂း၄၁ တို့ကိုလည်းကြည့်ပါ)။ ကောင်းမှုကို ပြဋ္ဌာန်း၍ မကောင်းမှုပြုခြင်းကို တားမြစ်ဟန့်တားရန် ဤဝတ္ထုရားကို အစ္စလာမ်ဥပဒေနှင့် ကိုယ်ကျင့်တရားဗေဒတွင် *ဟစ်ဘာဟ်* ဟုလည်း သိမှတ်ကြသည် (အောက်ကို ကြည့်ပါ)။

***အာယားဟ်/အာယားသ်* (Āyah / āyāt)** (စာပိုဒ် ၁.၁၊ ၂.၈၊ ၂.၁၀၊ ၂.၁၅၊ ၂.၂၃၊ ၃.၇၊ ၃.၈၊ ၃.၂၀၊ ၄.၁၀၊ ၅.၆၊ ၅.၂၁၊ ၅.၂၈။ အပိတ်မှတ်စု အမှတ် ၄၂၊ ၄၃၊ ၈၃၊ ၂၃၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ခလ်ဂ်* (*khalq*)၊ *အီမာန်* (*īmān*)၊ *ရုဗ္ဗာလ် အားလမီးန်* (*Rabb al-'ālamīn*)၊ *အလ္လာဟ်* (*Allāh*))။

"အာယားဟ်" (*"āyah"*)ဟူသော ဝေါဟာရ၊ ၄င်း၏ ဗဟုဝုစ်ကိန်း *"အာယာသ်" ("āyāt")* ဟူသည် နိမိတ်လက္ခဏာ၊ အံ့ဩဖွယ်တစ်ခု၊ ထူးဆန်းအံ့ဩဖွယ်တစ်ခု၊ ပြောင်မြောက်သော လက်ရာတစ်ခု သို့မဟုတ် တန်ခိုးပြာဋိဟာတစ်ခုဟု အဓိပ္ပါယ်ရသည်။ အစ္စလာမ့် သွန်သင်ချက်တွင်၊ အဖန်ဆင်းခံ အရာတစ်ခုချင်းစီတိုင်းသည် ၄င်းကိုယ်တိုင်ထက်ကို လွန်၍ ၄င်းကို ဖန်ဆင်းသော ဖန်ဆင်းပြုလုပ်သူအရှင်၊ အရှင့်၏ ဉာဏ်တော်နှင့် အရှင့်၏ သနားကရုဏာတော်ကို ညွှန်ပြသည့် အံ့ဩဖွယ် နိမိတ်လက္ခဏာတစ်ရပ်ဖြစ်သည်။ တစ်ခုချင်းစီသည် အဓိပ္ပါယ်နှင့် သင်ယူစရာ သင်ခန်းစာတို့ ပြည့်နေသည့် ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။ ထိုတူညီသော စကားရပ် *"အာယားဟ်"* ကို ကျမ်းတော်မြတ် ကုရ်အာန်၏ စာကြောင်းဝါကျတော်များအတွက်လည်း အသုံးပြုကြသည်။ မွတ်စ်လင်မ် ပညာရှင်များက နဗီတမန်တော်များ၊ ရဋ္ဌလ်တမန်တော်များမှတဆင့် လူသားမျိုးနွယ်ထံသို့ ထုတ်ပြန်ပို့ချခဲ့သည့် စာဖြင့်ရေးသားထားသော စာသားများဖြင့် ဝဟီ ထုတ်ပြန်ပို့ချမှုများနှင့် သဘာဝလောကကြီးအတွင်း အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချမှုများအကြား ရှိ အလားသဏ္ဌာန်တူ အပြိုင်ဖြစ်ရပ်အဖြစ် အလေးအနက်ပြု ပြောဆိုကြသည်။ တစ်ခုချင်းစီသည် နိမိတ်လက္ခဏာ *အာယာသ်* များ ပါဝင်ဖြစ်တည်နေပြီး၊ ၄င်းတို့သည် တူညီသော ရင်းမြစ်မှ လာကြခြင်းဖြစ်သည်။ သဘာဝအတွင်းရှိ ဘုရားသခင်၏ နိမိတ်လက္ခဏာတော်များက စာသားများအတွင်းရှိ ယင်း(နိမိတ်လက္ခဏာတော်)တို့ကို ဖွင့်ဆိုရှင်းလင်းပြပြီး၊ ရေးသားထားသော စာသားများက ဖန်ဆင်းမှုအတွင်းရှိ နိမိတ်လက္ခဏာများကို နားလည်စေရန် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးပါသည်။

အဟဒ် ('Ahd) (ခေါင်းစဉ်၊ စာပိုဒ် ၁.၂၊ ၁.၃၊ ၁.၆၊ ၁.၁၀၊ ၁.၁၄၊ အဖွင့်နိဒါန်းမှတ်စု၊ အပိတ်မှတ်စု အမှတ် ၂၉၊ ၁၇၆ တို့တွင် ကြည့်ပါ။)

အာရဗီ စကားလုံး *အဟဒ်*သည် နီးကပ်စွာ လေ့လာစူးစမ်းခြင်း၊ အာရုံစိုက်ခြင်း၊ လိုက်နာခြင်း၊ ဂရုစိုက်ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်း၊ တစ်စုံတစ်ခုအတွက် ရပ်တည်ပေးခြင်း၊ ရပ်ခံလှုံဆော်ခြင်း၊ တောင်းဆိုခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်း၊ တာဝန်အပ်နှင်းခြင်း၊ နှင်းအပ်ခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်း၊ တစ်စုံတစ်ဦးထံ ယုံကြည်အပ်နှံခြင်း၊ ညွှန်ကြားခြင်း၊ ဝတ္ထရားပြဋ္ဌာန်းခြင်း၊ သစ္စာပြုခြင်း၊ ကတိကဝတ်ပြုခြင်း သို့မဟုတ် တစ်စုံတစ်ခုပြုလုပ်ရန် မိမိကိုယ်မိမိ ပိုင်းဖြတ် လိုက်နာစေခြင်း၊ ကတိပေးခြင်းနှင့် မိမိ၏ ကတိကို ဖြည်ဆည်းခြင်း သို့မဟုတ် ကတိမပျက်စေခြင်းတို့ကို ဆိုလိုသော ရင်းမြစ် စကားလုံး *'-ဟ-ဒ* မှ ဆင်းသက်လာသည်။ *အဟဒ်*ဟူသော စကားရပ်သည် အထူးသဖြင့် လေးနက်တည်ကြည်စွာပြုသော သဘောတူညီချက် သို့မဟုတ် သဘောတူစာချုပ်ဟူသော အနက်ဆောင်သော ပဋိဉာဉ်၊ သစ္စာပြုခြင်း သို့မဟုတ် ကတိကဝတ်တစ်ခုနှင့် ကတိတစ်ခုကို စောင့်ထိန်းခြင်း သို့မဟုတ် ကတိပေးထားသည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ခြင်း ဟု အဓိပ္ပါယ်ရသည်။ *အယ်လ်-မီဇာန် - မြေကမ္ဘာအတွက် သဘောတူကြေညာစာတမ်း* ကိစ္စတွင်မူ၊ ကျွန်ုပ်တို့၏ ဘာသာရေးအသိုက်အဝန်းကိုယ်စား စာချုပ်စာတမ်းတစ်ခု ပြုလုပ်ချုပ်ဆိုရန် ဩဇာမရှိသည့်အလျောက်၊ လေးစားလိုက်နာရန် တာဝန်ပြဋ္ဌာန်းနိုင်သည့် စာချုပ်စာတမ်း၊ သဘောတူစာချုပ်၊ သို့မဟုတ် ချာတာဟူသည့် ပိုမို၍

တရားဝင်အသုံးဆန်သော အနက်ဆောင်သည့် ပဋိဉာဉ်တစ်ခုကို ဆိုလိုဟန်ရှိသည့် *မီသားက်* (*mīthāq*) ဟူသော ပုဒ်ထက် ကျွန်ုပ်တို့သည့် အဟဒ် ဟူသော ပုဒ်ကို ရွေးချယ်ခဲ့ပါသည်။

***ဖဆားဒ် ဖစ်လ်-အရ်ဒ်* (*Fasād fī 'l-ard*) / *အစ်ဖ်ဆားဒ် ဖစ်လ်-အရ်ဒ်* (*Ifsād fi 'l-ard*)** (စာပိုဒ် ၁.၂၀၊ ၂.၁၆၊ ၂.၁၇၊ ၂.၁၉၊ ၅.၉၊ ၅.၁၀၊ ၅.၁၁။ အပိတ်မှတ်စု အမှတ် ၅၉၊ ၆၃၊ ၂၃၂တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အစ်ဆွလားဟ် ဖစ်လ်-အရ်ဒ်* (*islāh fi 'l-ard*)၊ *ခလီဖာ ဖစ်လ် အရ်ဒ်/ ခစ်လ်လာဖာဟ် ဖစ်လ်-အရ်ဒ်* (*khalīfah fī 'l-ard / khilāfah fī 'l-ard*)၊ *မဖာဆွစ်ဒ်/မဖ်ဆွဒါဟ်* (*mafāsid / mafsadah*)။

အာရဗီဝေါဟာရ *ဖဆွားဒ်* သည် ပျက်စီးယိုယွင်းစေခြင်း၊ ယုတ်လျော့နိမ့်ကျစေခြင်း၊ အသရေယုတ်စေခြင်း၊ အလုံးစုံပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်းနှင့် အပျက်အစီး ဟု ဆိုလိုသော ရင်းမြစ် ပုဒ် *ဖ-ဆွ-ဒ* တို့မှ ဆင်းသက်လာသည်။ ထိုသို့ပင် *ဖဆွားဒ် ဖစ်လ်-အရ်ဒ်* သည် ကမ္ဘာမြေတွင် သို့မဟုတ် ကမ္ဘာမြေပေါ်တွင် ပျက်စီးယိုယွင်းစေခြင်း၊ ယုတ်လျော့နိမ့်ကျစေခြင်း၊ အသရေယုတ်စေခြင်း၊ အလုံးစုံပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်းနှင့် အပျက်အစီးဟု အဓိပ္ပါယ်ရပြီး၊ *အစ်ဖ်ဆွားဒ် ဖစ်လ်-အရ်ဒ်* ဟူသည် ကမ္ဘာမြေတွင် ပျက်စီးယိုယွင်းစေခြင်း၊ ယုတ်လျော့နိမ့်ကျစေခြင်း၊ အသရေယုတ်စေခြင်း၊ အလုံးစုံပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်းနှင့် အပျက်အစီးတို့ ဖြစ်စေခြင်းဟု အဓိပ္ပါယ်ရသည်။ ကမ္ဘာမြေပေါ်ဝယ် လူသားတို့၏ ဖဆွားဒ် ပြုမူနှင့် ထို လွန်ကျူးမှုများက ဖြစ်စေမည့် ကပ်ဘေးဒုက္ခအန္တရာယ်တို့ကို စိုးရိမ်ထိတ်လန့်ရမှုက တရားမျှတမှုဆိုင်ရာ ကျမ်းတော်မြတ်ကုရ်အာန်၏ စကြာဝဠာဗေဒတွင် ထင်ရှားပေါ်လွင်နေသည်။ ကမ္ဘာမြေကို ကောင်းအောင်ပြုပါက သို့မဟုတ် ၄င်းအပေါ်တွင် ကောင်းရာကောင်းကြောင်းပြုပါက၊ ကောင်းကျိုးသာ ပြန်လည်ရရှိပေမည်။ အကယ်၍ ကမ္ဘာကို မကောင်းပြုပါက သို့မဟုတ် ယင်းအပေါ်တွင် မကောင်းမှုတို့ဖြစ်စေပါက၊ ပြန်လည်ရရှိလာမည့် အကျိုးမှာ ကြောက်မက်ဖွယ်သက်သက် ဖြစ်ပေလိမ့်မည်။ *မုဖ်ဆိဒူးန် ဖစ်လ်-အရ်ဒ်* (*mufsidūn fī 'l-ard*) ခေါ် ကမ္ဘာမြေပေါ် ပျက်စီးရာပျက်စီးကြောင်း၊ အလုံးစုံဖျက်ဆီးမှုနှင့် အပျက်အစီးများဖြစ်စေသော သူများသည် အဆုံးသတ်တွင် မည်သို့မည်ပုံ ဖြစ်ခဲ့ကြသည်ကို မြင်ကြည့်ကြရန် ကျမ်းတော်မြတ် ကုရ်အာန်က ကျွန်ုပ်တို့ကို ညွှန်ကြားထားသည် (၇း၈၅-၈၆၊ အစရှိသည်)။ ဖာရိုဝ်၊ အာဒ်၊ စမူဒ်နှင့် မဒျယာန် အမျိုးသားတို့သည် အလွန် အင်အားကြီးပြီး ကြွယ်ဝချမ်းသာကြသော်လည်း ကမ္ဘာမြေအပေါ် အဖျက်အမှောင့်များသာ လုပ်ဆောင်ခဲ့ကြသည်။ သို့အတွက် ၄င်းတို့ကိုယ် ၄င်းတို့ ဖျက်ဆီးခဲ့ကြသည်။ ကမ္ဘာမြေပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူများသည် *အမားနာဟ်*၏ ယုံကြည်လွဲအပ်မှုကို အလွဲသုံးစားပြုကြပြီး၊ ကမ္ဘာမြေပေါ်မှ *ခလီဖာဟ်*များသဖွယ် တာဝန်သိတာဝန်ယူသူများနှင့် ထင်ရှားစွာ ဆန့်ကျင်လျက်ရှိပေသည်။

ဖစ်လ်လားဟဟ် (Filāhah) (စာပိုဒ် ၄.၁၇၊ ၅.၂၉၊ အပိတ်မှတ်စု ၁၃၇-၁၃၉ တို့ကိုကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ibādah*)

အစွလာမ့်ယဉ်ကျေးမှု၏ ခြံစိုက်ပျိုးမွေးမြူရေး အမွေအနှစ်ကို အာရဗီ စကားလုံးအားဖြင့် "သီးနှံစိုက်ပျိုးခြင်း" နှင့် ဆင့်ပွားအဓိပ္ပါယ်အားဖြင့် "စိုက်ပျိုးရေး၊ ခြံစိုက်ပျိုးမွေးမြူခြင်း၊ လယ်ယာလုပ်ငန်း"ဟု အဓိပ္ပါယ်ဆောင်သော *ဖစ်လ်လားဟဟ် (Filāhah)* ဟု ယေဘုယျအားဖြင့် သိမှတ်ကြပြီး၊ *ဖလ္လာဟ်* (*fallāh*) ဟူသော "လယ်ယာစိုက်ပျိုးသူ၊ မြေကို ထွန်ယက်သူ၊ လယ်သမား၊ ခြံစိုက်ပျိုးသူ"ဟူသော ပုဒ်သည် "ခွဲသည်၊ ကွဲထွက်စေသည်"နှင့် အထူးအားဖြင့် "မြေကို ထွန်ယက်သည်၊ (စိုက်ပျိုး ပျိုးထောင်ရန်)ထွန်ယက်ပြုပြင်သည်"ဟု ဆိုလိုသည့်အပြင်၊ "တိုးတက်သည်၊ ထွန်းကားသည်၊ အောင်မြင်သည်၊ ကံကောင်းအကြောင်းလှသည် သို့မဟုတ် ပျော်ရွှင်သည်"ဟုပါ အဓိပ္ပါယ်ဆောင်သည့် ရင်းမြစ်စကားလုံး *ဖ-လ-ဟ* ၏ ကြိယာပုံစံမှ ဆင်းသက်လာသည်။ Fitzwilliam Hall, *Filāha* ကို ကြည့်ပါ။ သို့အားဖြင့် လယ်ယာထွန်ယက်စိုက်ပျိုးမှု၊ သာယာဝပြောမှု (ဤလောကနှင့် တမလွန်လောကတို့တွင်)နှင့် ကိုးကွယ်ဝတ်ပြုမှုတို့သည်

အာရဗီဘာသာစကားတွင် နီးကပ်စွာ ချိတ်ဆက်နေသည်။ အစ္စလာမ်၏ ဥယျာဉ်ခြံအစဉ်အလာသည် ရေအလွန်ရှားပါးပြီး၊ တန်ဖိုးရှိလွန်းသည့် အလွန်ခြောက်သွေ့သောဒေသများနှင့် တစ်စိတ်တစ်ဒေသခြောက်သွေ့သော ဒေသများရှိ အိုအေစစ်၊ ဥယျာဉ်ခြံများနှင့် စိုက်ပျိုးရေးလွင်ပြင်များရှိ *filāhah* အမွေအနှစ်တွင် အမြစ်တွယ်လျက်ရှိသည်။

ဖစ်ဂ် (Fiqh) (စာပိုဒ် ၅.၃၊ ၅.၅။ အပိတ်မှတ်စု ၁၃၃၊ ၁၇၂၊ ၁၇၇၊ ၂၃၆ တို့ကိုကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ရှာရီယာဟ်၊ ဟက်က* (*sharī'ah, haqq*) / *ဟုကူးက်၊ မဆားလိဟ်* (*huqūq, masālih*) / *မက်ဆ်လာဟဟ်၊ မဖ္ဂာဆွစ်ဒ်* (*maslahah, mafāsid*) / *မဖ်ဆွဒါဟ်* (*mafsadah*)။

နားလည်ခြင်း၊ သဘောပေါက်နားလည်ခြင်းဟု အဓိပ္ပါယ်ဆောင်သည့် အာရဗီ ရင်းမြစ်စကားလုံး *ဖ-က-ဟ* မှ ဆင်းသက်လာသော *ဖစ်က်* (*fiqh*)သည် *ရှာရီယာဟ်* (*sharī'ah*) (အောက်တွင်ကြည့်ပါ) ကို သဘောပေါက်နားလည်ရန် လူသား၏ အားထုတ်ကြိုးပမ်းမှုဖြစ်သော ဥပဒေနှင့် ကျင့်ဝတ်ဗေဒပညာနှင့် သက်ဆိုင်သော ဝေါဟာရဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် ကျင့်ဝတ်ဗေဒ ဖစ်က် အယ်လ်-ဘီးယာဟ် (*fiqh al-bī'ah*)နှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော ဥပဒေနှင့် ကျင့်ဝတ်ဗေဒ *ဖစ်က် အယ်လ်-အွမ်ရာန်* (*fiqh al-'umrān*)တို့ကဲ့သို့သော ဥပဒေနှင့် ကျင့်ဝတ်ဗေဒ၏ ပညာရပ်အခွဲများအတွက်လည်း ၎င်းကို အသုံးပြုသည်။ "*ဖစ်က်၏ ရင်းမြစ်*"ဟု အဓိပ္ပါယ်ရသည့် စကားရပ် *အူဇူလ် အယ်လ်-ဖစ်က်* (*ūsul al-fiqh*)သည် ကျမ်းဂန်ရင်းမြစ်များအား လေ့လာမှုများအပြင် ဥပဒေဆိုင်ရာ ဆင်ခြင်သုံးသပ်ခြင်းဆိုင်ရာ အမျိုးမျိုးသော နည်းလမ်းများမှ စီရင်ထုံးများ ဆင်ခြင်ရယူမှုဆိုင်ရာ ရင်းမြစ်များနှင့် နည်းလမ်းများကို လွှမ်းခြုံသော ဥပဒေဿန၊ ဥပဒေဆိုင်ရာ သီအိုရီနှင့် ဥပဒေဆိုင်ရာ နည်းစနစ်များကို ဆိုလိုသည်။ *ဖစ်က်* သည် အကျိုးကျေးဇူးများနှင့် ထိခိုက်ဆုံးရှုံးမှုများကို တိုင်းထွာခြင်းဆိုင်ရာ ပညာရပ် *ဖစ်က် အယ်လ်-မုဝါဇနာဒ်* (*fiqh al-muwāzanāt*)နှင့် ဦးစားပေး သတ်မှတ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ပညာရပ် *ဖစ်က် အယ်လ်-အော်လဝီယာသ်* (*fiqh al-awlawīyāt*) တို့အပြင် အစ္စလာမ့်တန်ဖိုးများနှင့် ကိုက်ညီသော ဗိသုကာပညာဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဒီဇိုင်းပုံထုတ်ခြင်း ဖစ်က် အယ်လ်- အွမ်ရာန် (*fiqh al-'umrān*)တို့ကဲ့သို့သော သီးသန့် ပညာရပ်များနှင့်လည်း သက်ဆိုင်ပါသည်။

ဖစ်သရာဟ် (Fitrah) (စာပိုဒ် ၂.၁၃၊ ၅.၂၈၊ အပိတ်မှတ်စု ၁၈၉ တို့ကိုကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - ခလ်က် (*khalq*)၊ *အစ္စလာမ်* (*islām*))။

ကွဲသည်၊ ကွဲအက်သည်၊ ပဲ့ထွက်ကွဲသည်၊ အစိတ်စိတ်အမြွှာမြွှာကွဲသည်၊ ဖြစ်ထွန်းလာစေသည်နှင့် ဖြစ်တည်လာသည်ဟု အဓိပ္ပါယ်ဆောင်သော အာရဗီ မူရင်း စကားလုံး *ဖ-သ-ရ* မှ ဆင်းသက်လာသော ဝေါဟာရ *ဖစ်သရာဟ်* (*Fitrah*)သည် အရာဝတ္ထုတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး၏ ကနဦးပုံစံခွက် သို့မဟုတ် သဘာဝတိမ်းညွှတ်မှုကို ဆိုလိုပါသည်။ သဘာဝဆန်သော ဖန်ဆင်းမှု၏ မူလကနဦးပုံစံခွက် (*ဖစ်သရာဟ်*) ဘောင်အတွင်းမှ လူသားမျိုးနွယ်ကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်၊ ထို့အပြင် ကျွန်ုပ်တို့၏ ပင်ကိုယ်ဗီဇ တိမ်းညွှတ်မှု (*ဖစ်သရာဟ်*)ကို ထိုပုံစံခွက်အားဖြင့် သတ်မှတ်ပြဋ္ဌာန်းသည်ဟု ကျမ်းတော်မြတ် ကုရ်အာန်က ကျွန်ုပ်တို့ကို ပြောပြပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်ဗီဇတိမ်းညွှတ်မှု (*ဖစ်သရာဟ်*)နှင့် သဘာဝဖန်ဆင်းမှု၏ ပင်ကိုယ်တိမ်းညွှတ်မှုသဘော (*ဖစ်သရာဟ်*)ကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပုံပျက်ပန်းပျက်ဖြစ်စေခြင်း မပြုရန် လူသားတို့အား အမိန့်ပေးညွှန်ကြားထားသည်။ "အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို ပြောင်းလဲမည်မဟုတ်ပါ" (၃၀း၃၀)ဟု ကျမ်းတော်မြတ်ကုရ်အာန်က သင်ကြားထားပြီး၊ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို (ပုံပျက်ပန်းပျက်ဖြစ်စေခြင်း သို့မဟုတ် လော်လည်ယုတ်ညံ့စေခြင်းဟူသော သဘောဖြင့်) ပြောင်းလဲခြင်းသည် အဖျက်အမှောင့် မိစ္ဆာဆန်သည် (ယင်းသည် မကောင်းမှုမိစ္ဆာဆန်ခြင်း၏ ပြီးပြည့်စုံသော မှတ်ကျောက်လက္ခဏာရပ်ဖြစ်သည်၊ အကြောင်းမှာ ကျမ်းတော်မြတ်ကုရ်အာန်တွင် ရှိုင်သွန်မာရ်နတ်က "***ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က***

ဖန်ဆင်းထားတော်မူသော (နဂိုမူလ)ရုပ်လက္ခဏာကို ပြောင်းလဲကြလတ္တံ့သောဉ၊ ကျွန်ုပ်သည် ၄င်းတို့ကို အမိန့်ပေးပါမည်"
(၄း၁၁၉)ဟု ကြွေးကြော်ထားချေဖြစ်သည်။)ဟု ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့ကို အသိပေးထားပါသည်။

ဟက်က/ဟုကူးက် (Haqq/Huqūq) (စာပိုဒ် ၂.၅၊ ၂.၁၇၊ ၂.၁၉၊ ၅.၆၊ ၅.၇၊ အပိတ်မှတ်စု ၃၅၊ ၁၆၀၊ ၁၈၄၊ ၁၈၉ တို့ကို ကြည့်ပါ။
အဓိက အာရဗီ ဝေါဟာရများ - *ခလ်က် (khalq)*၊ *ရှာရီယာဟ် (sharī'ah)*၊ *ဖစ်ဂ် (fiqh)*။
အမှန်တရား၊ အရှိတရား၊ အခွင့်အရေး၊ ဥပဒေနှင့် ထိုက်သင့်သော ဝေပုံစုဟု တပြိုင်နက်တည်း အဓိပ္ပါယ်ရသော မူရင်းစကားလုံး *ဟ-က-က* မှ ဆင်းသက်လာသော အာရဗီဝေါဟာရ *ဟက်က* သည် အမှန်တရား၊ အရှိတရားနှင့် အခွင့်အရေးဟု အဓိပ္ပါယ်ဆောင်ပါသည်။ ယင်းဝေါဟာရမှ အဖန်ဆင်းခံသတ္တဝါတစ်ခုချင်းစီတိုင်းအပေါ် ကျွန်ုပ်တို့ တင်ရှိနေသော အခွင့်အရေး (*ဟုကူးက်*)ဟု ဖော်ပြကြသည့် ၄င်းတို့ ရထိုက်သည့် ဝေပုံစုဟူသော အဓိပ္ပါယ်ဖြစ်လာသည်။ အစ္စလာမ့်သင်ကြားမှုများအရ၊ သတ္တဝါတစ်ခုချင်းစီတိုင်းသည် အမှန်တရား (*ဟက်က*)အားဖြင့် တည်ရှိနေခြင်းဖြစ်ပြီး၊ ၄င်း၏ သဘာဝနှင့် လျော်ညီစွာ ၄င်း၏ ဝေပုံစု (*ဟက်က*)ရပိုင်ခွင့်လည်းရှိသည်။ အလ္လာဟ်အရှင်မြတ်က ၄င်းတို့ကို နှင်းအပ်ထားသော အမျိုးမျိုးသော အဖန်ဆင်းခံများ၏ *ဟက်က* ကို ကျွန်ုပ်တို့ လုယူ၍ မရနိုင်ပါ။ S. H. Nasr, "Islam, the Contemporary World, and the Environmental Crisis," စာမျက်နှာ ၉၇ ကိုကြည့်ပါ။ အစ္စလာမ့်သင်ကြားမှုတွင်၊ အလ္လာဟ်အရှင်မြတ်သည် အရာတစ်ခုချင်းစီကို *ဘစ်လ်-ဟက်က (bi 'l-haqq)* အမှန်တရားဖြင့်၊ ဖြောင့်မတ်မှန်ကန်မှုအတွက် ဖန်ဆင်းခဲ့ခြင်းဖြစ်ပြီး၊ အဖန်ဆင်းခံ သတ္တဝါတိုင်းတွင် အခွင့်အရေးများ ရှိကြသည် (၄၄း၃၈-၃၉)။ တိရစ္ဆာန်များ၏ အခွင့်အရေး *ဟူကူးက်က အယ်လ်-ဘဟားအီးမ် ဝ အယ်လ်-ဟယဝါးန် (huqūq al-bahā'im wa 'l-hayawān)* ကို အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များ (ဥပမာအားဖြင့် လူသားများနှင့် တိရစ္ဆာန်များ)၏ အခွင့်အရေး *ဟူကူးက်က အယ်လ်-အိဘားဒ် (huqūq al-'ibād)*၏ အမျိုးအစားများအနက်မှ တစ်ခုအဖြစ် လေးနက်စွာ ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ၄င်းအခွင့်အရေးများကို ဟဒီးစ်တော် အမြောက်အများတွင် အသေးစိတ်ဖော်ပြထားပြီး၊ မွတ်စ်လင်မ် ဥပဒေ(ဓမ္မသတ်)ပညာရှင်များ၏ စီရင်ထုံးများတွင် အနှစ်ချုပ်ဖော်ပြထားသည်။

***ဟရာမ်* (*Haram*)** (စာပိုဒ် ၃.၁၈၊ ၅.၁၃၊ ၅.၁၄၊ ၅.၁၇၊ အပိတ်မှတ်စု ၇၂၊ ၂၁၁-၂၁၉၊ ၂၂၁-၂၂၃ ကိုကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဟုရ်မာဟ်*)။
တားမြစ်သည်၊ ပိတ်ပင်သည်၊ ထွဋ်မြတ်သည်၊ အရေးပါ တန်ဖိုးထားအပ်သည်၊ ထိခိုက်မှု ချိုးဖောက်ခံရမှု ကင်းစင်သည်၊ မရိုမသေ မလေးမစား မပြုအပ် ဟု အဓိပ္ပါယ်ရပြီး၊ ထွဋ်မြတ်သော၊ အရေးပါတန်ဖိုးထားအပ်သော၊ မြင့်မြတ်သော၊ ထိခိုက်မှု ချိုးဖောက်ခံရမှု ကင်းစင်သော၊ မရိုမသေ မလေးမစား မပြုအပ်သော နေရာတစ်ခု (အတိုချုပ်အားဖြင့် ဘေးကင်းခိုလှုံရာ) ဟု အဓိပ္ပါယ်ဆောင်သည့် အာရဗီ မူရင်းပုဒ် *ဟ-ရ-မ* မှ *ဟရာမ်*ဟူသော ဝေါဟာရ ဆင်းသက်လာသည်။ အစ္စလာမ်သင်ကြားမှုတွင် *အယ်လ်-ဟရာမိုင်းန် အက်ရှ်-ရှရီဖိုင်းန် (Al-Haramān ash-Sharīfān)*ဟူသော မက္ကာနှင့် အယ်လ်-မဒီနာဟ် တို့ကို ဝန်းရံသိုင်းခြုံထားသည့် မကျူးကျော်မစော်ကားအပ်သည့် ဘေးကင်းလုံခြုံရာ နှစ်ဌာနသည် ကမ္ဘာမြေပေါ် ရှိ အလွန်ရှေးကျသော အကာကွယ် အစောင့်ရှောက်ခံ နယ်မြေများဖြစ်သည်။ ယင်းဌာနတစ်ခုချင်းစီသည် လူသားများအတွက်၊ တောရိုင်းတိရစ္ဆာန်များအတွက်နှင့် ဒေသရင်း စိုက်ပျိုးသီးနှံများအတွက် ကျူးကျော်မထိခိုက်စေအပ်သော ဘေးကင်းလုံခြုံရာ ဌာနတစ်ခုဖြစ်သည်။ ၄င်းတို့အတွင်းတွင်၊ ဒေသရင်းပေါက်ပင်များကို ခုတ်လှဲဖျက်ဆီးခြင်းနှင့် တောရိုင်းတိရစ္ဆာန်များကို သတ်ခြင်း၊ ထိခိုက်စေခြင်းနှင့် နှောင့်ယှက်ခြင်းတို့ကို တားမြစ်ထားသည်။

***ဟိမား* (*Himā*)** (စာပိုဒ် ၃.၂၂၊ ၅.၁၃၊ ၅.၁၆-၅.၂၀၊ ၅.၃၂၊ ရှေ့လမ်းစဉ်၊ အပိတ်မှတ်စု ၂၁၇၊ ၂၂၀-၂၂၈၊ ၂၃၁၊ ၂၃၂ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *မုဟ်သဆွစ်ဘ်* (*muhtasib*)။

ဟိမား ဟူသော စကားရပ်သည် ကာကွယ်ခြင်း၊ ခုခံကာကွယ်ခြင်း၊ ဖုံးအုပ်ခြင်း၊ ခိုလှုံရာအိမ်၊ အရံအတားပြုခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခုအတွက် ရပ်တည်ပေးခြင်းဟု အဓိပ္ပါယ်ရသည့် *ဟ-မ-ယ* ဟူသော အာရဗီ ရင်းမြစ်ပုဒ်များမှ ဆင်းသက်လာသည်။ ၄င်းကို "ဟီမ" ("hema") ဟု အသံလှယ်လေ့ရှိသော်လည်း၊ အာရဗီးယားကျွန်းဆွယ်၏ ဒေသိယစကားများ၏ အသံထွက်ကိုမူ "ဟိမား"ကသာ ပိုမိုမှန်ကန်စွာ ထင်ဟပ်ပြီး၊ ဂန္ထဝင်နှင့် ခေတ်သစ်နှစ်ခုလုံး၏ အာရဗီဘာသာစကား၏ အသံလှယ်စနစ်နှင့် ကိုက်ညီပေသည်။ အာရဗီဘာသာစကားတွင် "e"ကို ကိုယ်စားပြုသော သရသံ မရှိသည့်အတွက် ယင်းဂန္ထဝင်နှင့် ခေတ်သစ် အာရဗီစကားတွင် အက္ခရာ "e"ကို အသုံးပြုခြင်း မရှိပေ။

***ဟစ်ဘဟ်* (*Hisbah*)** (စာပိုဒ် ၄.၁၇၊ ၅.၃၀-၅.၃၄၊ အပိတ်မှတ်စု ၂၅၁-၂၅၅ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အယ်လ်-အမဲရ် ဘစ်လ် မအာရူးဖ်၊ အန်း-နဟ်ဝိင်း အန္နလ် မွန်ကာရ်၊ မုဟ်သဆွစ်ဘ်*)။

အစ္စလာမ့်သင်ကြားမှု၏ ထူးကဲထင်ရှားသည့် မျက်နှာစာတစ်ခုမှာ လူတစ်ဦးချင်းစီတိုင်း အားလုံးတို့သည် ကောင်းရာကို အမိန့်ပေးစေခိုင်းချ၍၊ ၄င်းတို့ တတ်စွမ်းနိုင်သည့် အပြည့်ဝဆုံး အတိုင်းအတာထိ မကောင်းမှုကို ရှောင်ကြဉ်ရန် တာဝန်ရှိမှုနှင့်အတူ လုပ်ပိုင်ခွင့် နှင်းအပ်ခံထားရသည်ဟူသည့် အချက်ဖြစ်သည် (၃း၁၀၄၊ ၃း၁၁၀၊ ၁၁၄၊ ၉း၇၁နှင့် ၂၂း၄၁ တို့ကိုလည်းကြည့်ပါ)။ ကောင်းမှုကို ပြဋ္ဌာန်း၍ မကောင်းမှုပြုခြင်းကို တားမြစ်ဟန့်တားရန် ဤဝတ္တရားကို အစ္စလာမ်ဥပဒေတွင် *ဟစ်ဘဟ်* ဟု သိမှတ်ကြပြီး၊ ယင်း *ဟစ်ဘဟ်* ဟူသော ပုဒ်သည် စာရင်းပြုစုခြင်း၊ စာရင်းရှင်းခြင်း၊ တွက်ချက်ခြင်း၊ ခန့်မှန်းတွက်ချက်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် တန်ဖိုးသင့်ခြင်းတို့အပြင်၊ ဆင်ခြင်သုံးသပ်သည်၊ တွေးထင်သည်၊ မှတ်ယူသည်၊ ဂုဏ်ပေးမှတ်ယူသည်နှင့် တန်ဖိုးထားသည်နှင့် ၄င်း၏ အမျိုးမျိုးသော ပုံစံများတွင် ဂရုတစိုက်ရှိသည်၊ သတိထားသည်၊ ထည့်သွင်းစဉ်းစားသည်၊ ဆုံးဖြတ်သုံးသပ်နိုင်စေရန် ဖြေရှင်းချက်ပေးသည်၊ တစ်ဦးဦးအား တာဝန်ခံစေသည်နှင့် ကိုယ်ကျင့်အသိကို ဆန်းစစ်သည်ဟု ဆိုလိုသည့် အာရဗီ မူရင်းစကားလုံး *ဟ-ဆ-ဘ* တို့မှ ဆင်းသက်လာသော ပုဒ်ဖြစ်သည်။ လူတစ်ဦးချင်းအဆင့်တွင်၊ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းတို့သည် ကမ္ဘာမြေပြင်ပေါ်မှ ခလီဖာဟ်တစ်ဦးဖြစ်ပြီး၊ ကောင်းမှုပြုရန်နှင့် မကောင်းမှုကို တွန်းလှန်ကြရန် မိမိ၏ မိသားစု၊ အိမ်နီးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် ဆွဲဆောင်လွှမ်းမိုးခြင်းနှင့် စပ်လျဉ်း၍ ထိုသူ ပြုမူခဲ့သည်များအတွက် တရားစီရင်မည့်နေ့တွင် ၄င်းတစ်ဦးတည်းသာ စစ်ဆေးစီရင်ခံရမည်ဖြစ်သည်။ အစုအပေါင်းအုပ်စုအဆင့်တွင်မူ၊ အပြုသဘောဆောင်သော သိမ်းသွင်းစည်းရုံးမှုနှင့် အာဏာစက်တည်စေခြင်းတို့ မပါဝင်သော ကိုယ်ကျင့်အသိတရားသို့ တိုက်တွန်းရပ်ခံမှုက ထိရောက်မှုမရှိသည့်အတွက် အုပ်ချုပ်ရေး အာဏာပိုင်များ၏ ကြားဝင်စွက်ဖက်ဆောင်ရွက်ခြင်းကိုလည်း လိုအပ်ပါသည်။ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကို ဆောင်ကြဉ်းပေးရန်အတွက် ဥပဒေအာဏာစက်က မရှိမဖြစ် အရေးပါသည်။ သို့ကြောင့်ပင် *မူသဆွစ်ဘ်* (*muhtasib*) ရာထူးဌာနကို လိုအပ်ခြင်းဖြစ်သည် (အောက်ကို ကြည့်ပါ)။

***ဟူရ်မာဟ်* (*Hurmah*)** (စာပိုဒ် ၄.၁၀၊ ၅.၂၆၊ အပိတ်မှတ်စု ၂၄၃၊ ၂၄၄ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဟက်က/ဟုက်ကူးက် (Haqq/Huqūq)*၊ *ဟရာမ်* (*haram*)။

ဟရာမ် ဟူသော ပုဒ်ကဲ့သို့ပင် တားမြစ်သည်၊ ပိတ်ပင်သည်၊ ထွင်္ချိမြတ်သည်၊ အရေးပါ တန်ဖိုးထားအပ်သည်၊ ထိခိုက်မှု ချိုးဖောက်ခံရမှု ကင်းစင်သည်၊ မရိုမသေ မလေးမစား မပြုအပ်ဟု အဓိပ္ပါယ်ဆောင်သော အာရဗီမူရင်းစကားလုံး *ဟ-ရ-မ* မှ

ဆင်းသက်လာသော *ဟူရ်မာ* ဟူသော စကားရပ်သည် မကျူးကျော်မထိပါးနိုင်မှုနှင့် အထွဋ်အမြတ်ဖြစ်မှု ဥပဒေအဆင့်အတန်းနှင့် လေးစားမှု၊ လေးစားချစ်ခင်စိတ်၊ ရိုသေလေးမြတ်မှု၊ ရိုကျိုးမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုလည်း အနက်ဆောင်သည်။ မွတ်စ်လင်မ် ဥပဒေ (ဓမ္မသတ်)ပညာရှင်များနှင့် ဘာသာရေးပညာရှင်များက အဖန်ဆင်းခံ အရာအားလုံးတို့တွင် လူသားတို့ လေးစားရန် တာဝန်ဝတ္တရားပြဋ္ဌာန်းခြင်း ခံထားရသော အခြေခံ မကျူးကျော်မထိခိုက်စေအပ်မှု ရှိသည်ဟု အသိအမှတ်ပြုထားပြီးဖြစ်သည်။ ၄င်းတို့ကို အလွန်အကျူး အသုံးချရန်၊ ကုန်ခမ်းသွားစေရန်၊ ယုတ်လျော့နိမ့်ပါးသွားစေရန် သို့မဟုတ် ဂုဏ်နိမ့်ပါးညစ်နွမ်းသွားစေရန်နှင့် ၄င်းတို့ကို ထောက်ထားညှာတာမှုကင်းစွာ သို့မဟုတ် အစွန်းရောက် အလွန်အကျူး ဆက်ဆံရန် မဆိုထားဘိ၊ သိမ်နုပ်ပေါ့တန်စေရန် သို့မဟုတ် မလေးမစားပြုရန် ကျွန်ုပ်တို့ စိတ်ထင်တိုင်း ပြုပိုင်ခွင့်မရှိပါ။ ၄င်းတို့ကို အသုံးချ အသုံးပြုသည့်အခါ ၄င်းတို့၏ ဖန်ဆင်းရှင်အား လေးစားရန်၊ ကြောက်ရွံ့ရိုကျိုးရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသည်။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ မစော်ကားမထိခိုက်ခံအပ်မှုကို စစ်ပွဲဖြင့်လည်း မချေဖျက်နိုင်ဟု မွတ်စ်လင်မ် ဥပဒေ (ဓမ္မသတ်)ပညာရှင်များက စီရင်ထုံးပြုခဲ့ပြီးဖြစ်သည့်အပြင် စစ်ရေးနည်းဗျူဟာတစ်ရပ်သဖွယ် သဘာဝပတ်ဝန်းကျင်အား ဖျက်ဆီးခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ ခေတ်သစ်စစ်ပွဲများတွင် အသုံးပြုလေ့ရှိသည့် မြေလှန်မီးလောင်တိုက်သွင်းသည့် နည်းဗျူဟာသည် ထိုကဲ့သို့သော ကိုယ်ရှိန်သတ်ထိန်းချုပ်မှု၏ ဆန့်ကျင်ဘက်ဖြစ်ပြီး၊ ထွန်ယက်စိုက်ပျိုးမြေနှင့် သီးနှံထွက်အားကောင်းမှုကို ဖျက်ဆီးမှုပြုခြင်းကို အကောင်အထည်ပြခြင်း ဖြစ်သည် (*ဟလားက် အယ်လ်-ဟားသ် ဝ အန်း-နစ်လ်* (*halāk al-harth wa 'n-nasl*)။

အီဟ်စာန် **(*ihsān*)** (စာပိုဒ် ၁.၁၊ ၂.၅၊ ၂.၁၂၊ ၂.၁၆၊ ၂.၁၉၊ ၃.၁၊ ၃.၄၊ ၃.၇၊ ၃.၁၀၊ ၃.၁၅၊ ၃.၂၀၊ ၃.၂၄၊ ၄.၁၁၊ ၄.၂၁၊ ၅.၅၊ ၅.၂၁၊ ၅.၂၅၊ ၅.၃၁၊ ၆.၂၊ ၆.၅၊ ၇.၁၊ ၇.၃၅၊ အပိတ်မှတ်စု ၃၆၊ ၆၉၊ ၇၇၊ ၉၇၊ ရှေ့လမ်းစဉ် တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အီဘာဒါဟ်* (*'ibadah*)၊ *သက္ကဝါ* (*taqwā*) ၊ *ရာဟ်မာဟ်* (*rahmah*)၊ *ရဗ္ဗလ် အားလမီးန်* (*Rabb al-'ālamīn*)၊ *အလ္လာဟ်* (*Allāh*)၊ *သောင်ဟီးဒ်* (*tawhīd*)၊ *ခလ်ဂ်* (*khalq*)၊ *အစ်ဆွလားဟ် ဖစ်လ်-အရ်ဒ်* (*islāh fi 'l-ard*)။

ကောင်းခြင်း၊ အလှတရား၊ ချစ်စရာကောင်းခြင်း၊ သာလွန်ကောင်းမွန်ခြင်းနှင့် ပြီးပြည့်စုံခြင်းဟု ဆိုလိုသော မူရင်းပုဒ် *ဟ-ဆ-န* မှ ဆင်းသက်လာသည့် ဝေါဟာရ *အီဟ်စာန်* သည် အမြင့်ဆုံးသော ကောင်းမှု၊ အလှတရားနှင့် သာလွန်ကောင်းမြတ်သည့် အလုပ်ကို ပြုခြင်းဟု အဓိပ္ပါယ်ရသည်။ ဖန်ဆင်းရှင် အရှင်သခင်သည် ကျွန်ုပ်တို့အားလုံးကို မုချကေန်မြင်တော်မူသည်ဖြစ်ရာ၊ ကျွန်ုပ်တို့က အရှင်မြတ်ကို ကျွန်ုပ်တို့၏ ရှေ့ဝယ် ဖူးမြင်နေရဘိသည့်အလား နဗီတမန်တော် မူဟမ္မဒ် (ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာခြင်းတို့ ကိုယ်တော့်အပေါ် သက်ရောက်ပါစေ)၏ ဩဝါဒတော်တစ်ခုတွင် ရှင်းပြထားသကဲ့သို့ ၄င်းက ကောင်းမြတ်မှု၏ အမြင့်ဆုံးအဆင့်ကို ဖော်ပြသည်။ "သင်က အလ္လာဟ်အရှင်မြတ်ကို ဖူးမြင်နေရဘိသကဲ့သို့ အရှင့်အား ခဝပ်ဆည်းကပ်ပါလော့။ အကယ်၍ အသင်က အရှင့်ကို မမြင်နိုင်ပါက၊ အရှင်မြတ်ကို သင့်ကို မြင်တွေ့နေရသည့်သဖွယ် ခဝပ်ပါလေ"။ အစ္စလာမ့်သင်ကြားမှုတွင် ကောင်းမှုပြုခြင်းက မလုံလောက်ပါ။ အမြင့်ဆုံးသော ကောင်းမှုပြုရန် ကျွန်ုပ်တို့အား ပြဋ္ဌာန်းထားသည်။ ကောင်းရာကောင်းကျိုး အလုပ်များနှင့် အလှတရားတို့သည် ရှင်ခြင်းနှင့် သေခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်ဖြစ်သည် (၆၇း)။ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ သက်ရောက်ပါစေ)က "အလ္လာဟ်အရှင်မြတ်က အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ အဆုံးစွန်ဆုံးသော ကောင်းမှု၊ အလှတရားနှင့် သာလွန်ကောင်းမြတ်မှု (*အီဟ်စာန်*)ကို အမိန့်ပေးပြဋ္ဌာန်းပြီးဖြစ်သည်"ဟု မိန့်မြွက်ကြေညာတော်မူခဲ့သည်။ ယင်းတွင် အဖန်ဆင်းခံ သတ္တဝါအားလုံးတို့အပေါ် ကျွန်ုပ်တို့၏ လုပ်ရပ်များတွင် အဆုံးစွန်သော ကောင်းမြတ်ခြင်းနှင့် ကျွန်ုပ်တို့၏ လုပ်ရပ်အားလုံးတွင် အဆုံးစွန်သော ကောင်းမြတ်ခြင်းနှင့် သာလွန်ကောင်းမြတ်ခြင်းတို့ ပါဝင်သည်။ ကျွန်ုပ်တို့၏

လုပ်ဆောင်ချက် လုပ်ရပ်များတွင် ၄င်းကို အမြင့်ဆုံး သိသာထင်ရှားစွာ ပြသဖော်ကြူးခြင်းသည် အရှင်မြတ်၏ အဖန်ဆင်းခံများအပေါ် အမြင့်ဆုံးသော ကောင်းကျိုးပြုခြင်းအားဖြင့် အရာခပ်သိမ်းတို့၏ ဖန်ဆင်းရှင် အရှင်သခင်၏ အမှုတော်ကို ထမ်းရွက်ခြင်းပင်ဖြစ်သည်။

***အီမာန်* (īmān)** (စာပိုဒ် ၂.၁၇၊ ၂.၁၉၊ ၃.၆၊ ၅.၈၊ ၅.၃၀၊ အပိတ်မှတ်စု ၉၂ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အစ္စလာမ်* (*islām*)၊ *အီဟ်စာန်* (*ihsān*)၊ *အယ်လ်-အမာနာဟ် (Al-Amānah*)၊ *အစ်ဆွလာဟ် ဖစ်လ်-အရ်ဒ်* (*islāh fi 'l-ard*)။
ယုံကြည်သက်ဝင်သည်၊ အားကိုးအားထားပြုနိုင်သည်၊ ယုံကြည်ထိုက်သည်၊ သစ္စာရှိသည်၊ ဖြောင့်မတ်သည်နှင့် ရိုးသားဖြောင့်မတ်သည် ဟူသော အဓိပ္ပါယ်အပြင်၊ ယုံကြည်အားထားနိုင်မှု၊ ယုံကြည်ထိုက်မှု၊ သစ္စာတည်ကြည် သက်ဝင်ယုံကြည်မှု၊ သစ္စာခံမှု၊ နက်နက်နဲနဲ သစ္စာခံမှု၊ သစ္စာရှိမှု၊ ဘေးကင်းလုံခြုံမှု၊ ဘေးရန်ကင်းမှုနှင့် ငြိမ်းချမ်းမှုဟု အဓိပ္ပါယ်ဆောင်သော မူရင်းပုဒ် *အ-မ-န* မှ ဆင်းသက်လာသော၊ အီမာန်ဟူသော ဝေါဟာရသည် ယုံကြည်သက်ဝင်မှုနှင့် ယုံကြည်မှုတို့ကို ဖော်ညွှန်းသည်။ ၄င်းကို အဓိပ္ပါယ်နှစ်မျိုးဖြင့် အသုံးပြုပြီး၊ တစ်ခုမှာ အစ္စလာမ် ယုံကြည်မှုဝါဒတွင် သက်ဝင်ယုံကြည်မှုဆိုင်သော အရာဖြစ်သည့် ယုံကြည်မှုများဖြစ်ပြီး၊ အခြားတစ်ခုမှာ *အစ္စလာမ်* (အောက်တွင်ကြည့်ပါ)၊ အလ္လာဟ်အရှင်မြတ်၏ အလိုတော်ကို နာခံခြင်း အခြေအနေနှင့် *အီဟ်စာန်း* (အထက်တွင်ကြည့်ပါ)တည်းဟူသော အဆုံးစွန် ကောင်းမြတ်မှု၊ အလှတရားနှင့် သာလွန်ကောင်းမြတ်မှု (၄၉း၁၄)၏ အခြေအနေတို့အကြားက ကြားခံပေါင်းကူးဖြစ်သော ယုံကြည်သက်ဝင်မှု အခြေအနေအဆင့်အတန်း၊ ယုံကြည်သက်ဝင်မှုရှိခြင်း၊ ကတိကဝတ်နှင့် စိတ်ပိုင်းဖြတ် ပုံအပ်ခြင်းဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်က သက်ဝင်ယုံကြည်ရန် ငြင်းပယ်ခြင်းနှင့် ကမ္ဘာမြေပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်းပြုခြင်း (*ကုဖ်ရ်* (*kufr*) နှင့် *အစ်ဖ်ဆွာဒ် ဖစ်လ်-အရ်ဒ်*)တို့ကို တွဲစပ်ခြင်းနှင့် ပြောင်းပြန်အားဖြင့် ယုံကြည်သက်ဝင်မှုနှင့် ကောင်းကျိုးဆောင်သော အလုပ်များ (*အီမာန်* နှင့် *အယ်လ်-အမဲလ် အက်စ်-ဆွားလိဟာဟ်* (*al-a'māl as-sālihah*)၊ *အက်စ်-ဆွားလိဟားသ်* (*as-sālihāt*) ကို တွဲစပ်ထားသည်။ ကမ္ဘာမြေပြင်ပေါ်တွင် အဖျောက်အမှောင့်လုပ်ရပ်များ ပြုလုပ်ခြင်းက ကျွန်ုပ်တို့၏ အလုံးစုံပျက်သုဉ်းခြင်းဆီ ဦးတည်သကဲ့သို့ပင်၊ ယုံကြည်သက်ဝင်မှုရှိရှိ ကောင်းမြတ်သော၊ မှန်ကန်သော၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကောင်းကျိုးဖြစ်ထွန်းစေသော ကောင်းကျိုးများသည့် အလုပ်များတွင် လူသားမျိုးနွယ်ကို ပြန်လည်ကယ်တင်ပေးခြင်းနှင့် အဆုံးစွန်သော တိုးတက်ထွန်းကားမှုတို့ ရှိနေပါသည် (၉၅း၄-၆၊ ၁၀၃း၁-၃)။

***အစ်က်သီဆွာဒ်* (Iqtisād)** (စာပိုဒ် ၄.၂၂၊ အပိတ်မှတ်စု ၁၄၉-၁၅၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *မီဇာန်* (*mīzān*)၊ *သဇ်ကီယဟ်* (*tazkiyah*)၊ *ဇကာဟ်* (*zakāh*)၊ အစ်ရားဖ် (*isrāf*)။
အာရဗီဝေါဟာရ *အစ်က်သီဆွာဒ်* သည် ရည်စူးချက်ထားသည်၊ ရည်မှန်းသည်၊ လိုချင်မျှော်မှန်းသည်၊ စိတ်ပိုင်းဖြတ်သည်နှင့် ရည်မှန်းချက်တစ်ခုဆီသို့ ဖြောင့်တန်းစွာ ဦးတည်သည်၊ ပန်းတိုင်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက် တစ်ခု ရရှိအောင်မြင်စေရန် စိုက်လိုက်မတ်တပ် ရှေ့ဆက်လှမ်းသည်ဟု အဓိပ္ပါယ်ဆောင်သော မူရင်းပုဒ် *က-ဆ့-ဒ* မှ ဆင်းသက်လာသည်။ *အစ်က်သီဆွာဒ်* ဟူသည် ချွေတာခြင်း၊ ခြိုးခြံမှုဖြင့် ထွန်းကားခြင်း၊ အမြော်အမြင်ရှိခြင်း၊ အစွန်းမရောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု အဓိပ္ပါယ်ရပြီး၊ ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်ရုံလုပ်ငန်းတို့နှင့် သက်ဆိုင်သော အစ္စလာမ့်သင်ကြားမှုဘောင်အတွင်းမှ စီးပွားရေးပညာရပ်အတွက် အဓိကအားဖြင့် သုံးစွဲသော ဝေါဟာရဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်က အစွန်းမရောက်ရေး၊ ထိန်းထိန်းသိမ်းသိမ်း မျှခြေရှိခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဆီသို့ လူသားမျိုးနွယ်အား လမ်းညွှန်မှုပေးသည်။ အလွန်တရာသနားကြင်နာတော်မူသော အရှင်မြတ်၏ စစ်မှန်သော ကျွန်များကို "သုံးစွဲကြသောအခါ အချည်းနှီး ဖြုန်းတီးကြသည်လည်းမဟုတ်ပေ။

စေးနဲ့ကြသည်လည်း မဟုတ်ပေ။ စင်စစ် ယင်း (အချည်းနှီးဖြုန်းတီးမှုနှင့် စေးနဲ့မှု)၏ အကြား မလွန်မယုတ် အလယ်အလတ်ဖြစ်အောင် ထိန်းသိမ်းကြသူများ (၂၅း၆၇)"အဖြစ် ဖော်ပြသည်။ မလွန်မကျူး အလယ်အလတ်ဖြစ်ခြင်းသည် မျှတခြင်း (*ကစ်သ်*)နှင့် ၄င်းနှင့် ဆက်နွယ်နေသော ချိန်ခွင် (*မီဇာန်*)ဘက်သို့ တိမ်းညွတ်ပြီး၊ အလယ်အလတ်မဖြစ်ခြင်း (*အစ်ရာဖ်*)က စည်းကမ်းလွန်ကျူးခြင်းနှင့် မတရားခြင်းကို အထောက်အပံ့ဖြစ်စေပြီး၊ အလွှာဟ်အရှင်မြတ်က ဖန်ဆင်းခြင်းတွင် ထည့်သွင်းထားသော ချိန်ခွင်လျှာမျှခြေကို ထိပါးနှောင့်ယှက်လေသည်။

***အစ်ဆွလားဟ် ဖစ်လ်-အရ်ဒ်* (*islāh fi 'l-ard*)** (စာပိုဒ် ၂.၁၆-၂.၁၉၊ ၃.၆၊ ၃.၇၊ အပိတ်မှတ်စု ၆၁၊ ၆၃၊ ၆၈၊ ၈၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *ခလီဖာ ဖစ်လ် အရ်ဒ်/ ခစ်လ်လာဖာဟ် ဖစ်လ်-အရ်ဒ်* (*khalīfah fī 'l-ard / khilāfah fī 'l-ard*)၊ *ဖဆွာဒ် ဖစ်လ်-အရ်ဒ်/အစ်ဖ်ဆွဒ် ဖစ်လ်-အရ်ဒ်* (*fasād fī 'l-ard / ifsād fi 'l-ard*)၊ *မဆားလိဟ်/မက်စ်လ့ဟဟ်* (*masālih / maslahah*)။

အာရဗီဝေါဟာရ *အစ်ဆွလားဟ်*သည် ဆွာလိဟ်ဟူသော ဝေါဟာရကဲ့သို့ပင် မူရင်းပုဒ် *ဆွ-လ-ဟ* မှ ဆင်းသက်လာပြီး၊ ၄င်းကဲ့သို့ပင် ကောင်းသော၊ အကျိုးကျေးဇူးဖြစ်ထွန်းစေသောအရာ၊ ကျန်းမာစေသောအရာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကောင်းကျိုးဖြစ်ထွန်းစေသောနှင့် မှန်ကန်သောအရာကို ဆိုလိုပေသည်။ ထိုတူညီသော မူရင်းပုဒ်မှ ကောင်းမြတ်သော၊ အကျိုးဖြစ်ထွန်းစေသော အလုပ်များဟု ဆိုလိုသော *အယ်လ်-အ့ မာလ် အက်ဆ် ဆွာလိဟာဟ်* နှင့် *အက်ဆ် ဆွာလိဟားသ်* (*al-a'māl as-sālihah* နှင့် *as-sālihāt*) ဟူသော စကားလုံးများ ဆင်းသက်လာသည်။ ယုံကြည်သက်ဝင်မှုနှင့် ကောင်းကျိုးဖြစ်ထွန်းစေသော လုပ်ရပ်များသည် ငြင်းပယ်ခြင်းနှင့် ပျက်စီးရာပျက်စီးကြောင်းတရားတို့၏ ပြောင်းပြန်ဖြစ်သည်။ ၄င်းတို့တွင် အဖတ်ဆည်ကယ်တင်ပေးခြင်းနှင့် လူသားတို့၏ အဆုံးစွန် တိုးတက်ထွန်းကားခြင်းတို့ တည်ရှိနေသည် (၉၅း၄-၆၊ ၁၀၃း၁-၃)။ ကမ္ဘာမြေပြင်ပေါ်တွင် အဖျောက်အမှောင့်လုပ်ရပ်များ ပြုလုပ်ခြင်းက ကျွန်ုပ်တို့၏ အလုံးစုံပျက်သုဉ်းခြင်းဆီ ဦးတည်သကဲ့သို့ပင်၊ ကောင်းမြတ်သော၊ မှန်ကန်သော၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကောင်းကျိုးဖြစ်ထွန်းစေသော ကောင်းကျိုးများသည့် အလုပ်များသည် ကမ္ဘာမြေပြင်ပေါ် ကျွန်ုပ်တို့၏ ရှင်သန်ကျန်ရစ်ရေးနှင့် တိုးတက်ထွန်းကားမှုတို့အတွက် အဓိကကျပေသည်။ အကြောင်းမှာ အလွှာဟ်အရှင်မြတ်က "ကောင်းမှုပြုကြသော ငါ၏ ကျေးကျွန်များကပင် ကမ္ဘာမြေကို အမွေဆက်ခံကြပေမည် (၂၁း၁၀၅)ဟု ကြေညာထား၍ ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန် (၇း၅၆)တွင် ကျွန်ုပ်တို့အား မှာကြားထားသကဲ့သို့ လှပတင့်တယ်မှု၊ သာလွန်ကောင်းမြတ်ခြင်းနှင့် အဆုံးစွန်သော ကောင်းခြင်းတို့ ဖြစ်ထွန်းကားစေရန် အားထုတ်ကြိုးပမ်းခြင်းဖြင့်လည်းကောင်း၊ ကမ္ဘာမြေပြင်ပေါ်ဝယ် အဖျက်အမှောင့်လုပ်ရပ်များနှင့် ပျက်စီးစေခြင်း (ဖဆွာဒ်)တို့ကို ဖြစ်စေမည့် အရာမှန်သမျှကို ရှောင်ရှားခြင်းနှင့် ကာကွယ်ခြင်းတို့အားဖြင့်လည်းကောင်း ကောင်းမြတ်သောအလုပ်များသည် အလွှာဟ်အရှင်မြတ်၏ အမှုတော်ထမ်းရွက်ခြင်းနှင့် ကမ္ဘာမြေတွင် အကျိုးဖြစ်ထွန်းစေသော လုပ်ရန်များလုပ်ဆောင်ရန် လူသားတို့၏ တာဝန်ရှိမှုကို ဖြည့်ဆည်းခြင်းတို့အတွက် မရှိမဖြစ်အရေးပါပေသည်။

***အစ္စလာမ်* (*Islām*)** (စာပိုဒ် ၂.၇၊ အပိတ်မှတ်စု ၄၀၊ ၄၁ တို့ကို ကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *အီမာန်၊ အိဟ်စာန်၊ အိဘာဒါဟ်၊ ခလ်ဂ်၊ ဖစ်သရာ*)။

ဘေးကင်းသည်၊ အပြစ်အနာအဆာကင်း ကောင်းမွန်သည်၊ လုံခြုံသည်၊ အန္တရာယ်ကင်းသည်၊ ထိခိုက်မှုကင်းသည်၊ ပျက်စီးမှုမရှိ၊ အထိအခိုက်မရှိ၊ ပြည့်စုံသည်၊ ယုတ်လျော့မှုမရှိ ပြည့်စုံသည်၊ ကျန်းမာသည်၊ ငြိမ်းချမ်းသည်၊ သဟဇာတဖြစ်သည်နှင့် တစ်လုံးတစ်ဝတည်းဖြစ်မှုအခြေအနေတွင်ရှိသည်တို့အပြင် နာခံသည်၊ လက်နက်ချသည်၊

သဘောတူသည်၊ လက်ခံသည်၊ ပြန်လည်သင့်မြတ်အောင်ပြုသည်နှင့် လွှဲအပ်သည်ဟု အဓိပ္ပါယ်ဆောင်သည့် အာရဗီ မူရင်းပုဒ် *စ-လ-မ* မှ ဆင်းသက်လာသည်။ အစ္စလာမ်ဟူသော စကားရပ်သည် အရာခပ်သိမ်းတို့၏ အရှင် အလွှာဟ်အရှင်မြတ်ကို ဆန္ဒရှိစွာ၊ လှိုက်လှိုက်လဲ့လဲ့ဖြင့် ခဝပ်နာခံခြင်းဟု အဓိပ္ပါယ်ရသည်။ အစ္စလာမ့်သင်ကြားမှုအရ၊ သတ္တဝါခပ်သိမ်းတို့သည် ၄င်းတို့၏ ဖန်ဆင်းရှင်၊ အရှင်သခင်နှင့် ထိန်းသိမ်းစောင့်ရှောက်သူကို စိတ်နှလုံးညွှတ်နူးစွာ နာခံမှု၊ ယုံပုံလွှဲအပ်မှု (၃း၈၃)တို့ဖြင့် နာခံကြသည်၊ အားလုံးတို့သည် ခဝပ်ကိုးကွယ်မှုဆန်သော အမှုတော်ထမ်းခြင်းနှင့် ဝတ်ပြုခြင်းတို့တွင် ထိုအရှင်ရှေ့တော်ဝယ် ဦးချညွတ်တွားကြရသည် (လူသားများသည် ၄င်းတို့၏ အရှင်သခင်က အရာခပ်သိမ်းကို ထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းဖြစ်သော သဘာဝ ဥပဒေနိယာမတရားကို မနာခံဘဲ ရှောင်ကွင်း၍ မရသော်လည်း၊ လွတ်လပ်သော ဆန္ဒရှိပိုင်ခွင့် နှင်းအပ်ခံထားရသော လူသားများလွဲ၍ အားလုံးဟု ဆိုလိုခြင်းဖြစ်သည်။ လွတ်လပ်သော ဆန္ဒရှိပိုင်ခွင့်ဆိုသည်မှာ မိမိတို့ စိတ်နှလုံးအလိုရှိစွာ ခဝပ်ကိုးကွယ် ပုံအပ်ခြင်းဖြင့် ကိုးကွယ်ဆည်းကပ်ရန် ရွေးချယ်နိုင်သလို၊ ၄င်းတို့၏ အရှင်သခင်၏ ပညတ်ချက်များကို ထိုအရှင်၏ အမျက်တော်နှင့် ပြစ်ဒဏ်အစားပေးခြင်း (၂၂း၁၈) တို့ ဖြစ်စေမည့် ငြင်းပယ်ခြင်းအားဖြင့် ဆန့်ကျင်ရန်လည်း ရွေးချယ်နိုင်သည်ဟု ဆိုလိုသည်။ ၄င်းတို့၏ အရှင်သခင်အား အရာခပ်သိမ်းတို့က စိတ်နှလုံးအလိုအတိုင်း ခဝပ်နာခံခြင်းမှ ၄င်းတို့၏ မွတ်စ်လင်မ်ဖြစ်ကြောင်း အသိအမှတ်ပြုခံရခြင်း ဖြစ်လာသည့်အပြင်၊ လူသားတို့က မိမိတို့၏ သဘောဆန္ဒရှိစွာဖြင့် ပွေ့ဖက်လက်ခံပြီး၊ ထိုအသိုက်အဝန်း၏ အစိတ်အပိုင်း ဖြစ်လာနိုင်သည့် ကြီးမားလှသော အစ္စလာမ့် အသိုက်အဝန်းကို ဖွဲ့စည်းဖြစ်တည်စေလာပါသည်။

အစ်ရားဖ် **(*Isrāf*)** (စာပိုဒ် ၄.၂၂၊ ၅.၁၀၊ ၅.၁၁၊ အပိတ်မှတ်စု ၁၄၉-၁၅၃၊ ၂၀၆၊ ၂၀၈ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဖဆွားဒ် ဖစ်လ်-အရ်ဒ်/အစ်ဖ်ဆွားဒ် ဖစ်လ်-အရ်ဒ်၊ မဖွားဆွစ်ဒ်/မဖ်ဆွဒါဟ်*)

အကန့်အသတ် သို့မဟုတ် ကန့်သတ်ချက်ဘောင်များ အားလုံးကို ကျော်လွန်သည်ဟု အဓိပ္ပါယ်ရသော အာရဗီ မူရင်း ပုဒ် *ဆ-ရ-ဖ*မှ ဆင်းသက်လာသော *အစ်ရားဖ်*သည် ဖြုန်းတီးရာရောက်သော အလွန်အကျွံပြုခြင်း၊ လွန်ကဲစွာ သုံးစွဲခြင်းနှင့် လိုသည်ထက် ပိုသုံးခြင်းဟု အဓိပ္ပါယ်ရသည်။ ကျမ်းတော်မြတ်ကုရ်အာန်က ဖြုန်းတီးရာရောက်သော အလွန်အကျွံပြုမှု (*အစ်ရားဖ်*)ကို တားမြစ်ထားသည်။ "...အသင်တို့သည် (စားသောက်ဖွယ်ရာများကို) စားသောက်ကြလေကုန်။ သို့ရာတွင် အသင်တို့သည် (ယင်းစားသောက်ဖွယ်ရာများကို) မဖြုန်းတီးကြကုန်လင့်။ အကြောင်းမှာ အလွှာဟ်အရှင်မြတ်သည် ဖြုန်းတီးသောသူတို့အား ချစ်ခင်နှစ်သက်တော်မူသည်မဟုတ်ချေ" (၇း၃၁၊ ၆း၁၄၁ကိုလည်းကြည့်)။ လူသိများသော ဟဒီးဆ်တော်တစ်ရပ်က အလွန်ပေါကြွယ်ဝလှသော ရင်းမြစ်ကို အသုံးပြုခြင်းတွင်ပင် အချည်းနှီးဖြစ်စေမှုကို မည်မျှ စက်ဆုပ်ဖွယ်ဖြစ်ကြောင်း ရှင်းလင်းစွာ ဤသို့ ဖော်ပြထားပေသည်။

> *...အလွှာဟ်အရှင်မြတ်၏ တမန်တော် (ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်းတို့ ကိုယ်တော့်အပေါ်သို့ ကျရောက်ပါစေ)က ဆွလားသ်ဝတ်ပြုရန် ဥူဇူပြုနေသော စအ့ာဒ်၏ ဘေးမှ ဖြတ်သန်းကြွမြန်းတော်မူစဉ် ဤသို့ မိန့်တော်မူ၏ "အို...စအ့ာဒ်၊ ဤသည် အဘယ် အလွန်အကျွံပြုခြင်းဖြစ်ပါသနည်း"။ ၄င်းက "ဝတ်ပြုရန် ဆေးကြောသန့်စင်ခြင်းတွင် အလွန်အကျွံပြုသည်ဟူ၍ ရှိပါသလား ကိုယ်တော်"ဟု ပြန်လည်လျှောက်တင်၏။ နဗီတမန်တော်က "ရှိပေသည်။ စီးတွေနေသော မြစ်ချောင်းနံဘေးတွင် အသင်နေထိုင်သည့်တိုင်အောင် (အလွန်အကျွံပြုခြင်းဟူသည်) ရှိပေသည်"ဟု မိန့်မြွက်တော်မူခဲ့၏။*

အခြားသော ပိုမိုရှားပါးလှသည့် တွင်းထွက်နှင့် ဇီဝဗေဒဆိုင်ရာ ရင်းမြစ်များကို မဆိုထားဘိ၊ လေထု၊ မြေကြီး၊ သမုဒ္ဒရာများနှင့် ယခင်က ကြီးမားကျယ်ပြန့်စွာရှိခဲ့သော သစ်တောများကဲ့သို့သော ရှင်သန်မှု၏ ပေါကြွယ်လှသော ရင်းမြစ်များကို ဖြုန်းတီးရာရောက်သော အသုံးပြုမှုကို ပိတ်ပင်တားမြစ်ထားသည်။ တရားဝင်သော ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ အသက်သက်ခြင်းကိုလည်း ထိုနည်းတူပင် *အစ်ရားဖ်* အဖြစ် ပိတ်ပင်တားမြစ်ထားပေသည်။

***အီဘာဒါဟ်* (*'Ibādah*)** (စာပိုဒ် ၁.၁၊ ၂.၂၊ ၂.၇၊ ၂.၉၊ ၂.၁၇၊ ၂.၂၂၊ ၂.၂၃၊ ၃.၁၊ ၃.၃၊ ၃.၄၊ ၃.၁၃-၃.၁၈၊ ၄.၁၀၊ ၄.၂၂၊ ၅.၆၊ ၅.၇၊ ၅.၂၈။ ရှေ့လမ်းစဉ်။ တောင်းဆုပတ္ထနာ။ အပိတ်မှတ်စု ၄၀၊ ၄၁၊ ၄၄-၄၇၊ ၆၁၊ ၆၃၊ ၈၄၊ ၁၃၉၊ ၁၇၅၊ ၂၃၃၊ ၂၆၀ တို့ကိုကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *အိဟ်စာန်၊ အစ္စလာမ်၊ အစ်ဆွလားဟ် ဖစ်လ်-အရ်ဒ်၊ ခလီဖာဟ် ဖစ်လ်-အရ်ဒ်/ခိလာဖာဟ် ဖစ်လ်-အရ်ဒ်၊ အလ္လာဟ်၊ ရုဗ္ဗာလ် အားလမီးန်၊ သောင်ဟီးဒ်၊ သက္ကဝါ၊ ရဟ်မာဟ်၊ ရှကုရ်* (*shukr*)*၊ ခလ်ဂ်၊ ဖိလားဟာဟ်*)။

အမှုတော်ထမ်း ဝန်ဆောင်မှု၊ ပုံအပ်ခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ ရိုသေခန့်ညားခြင်းနှင့် အံ့သြမှင်သက်ခြင်းတို့အပြင်၊ လိုက်နာမှုဟု ဆိုလိုသော အာရဗီ မူရင်းပုဒ် *'-ဘ-ဒ* မှ ဆင်းသက်လာသော *အီဘာဒါဟ်* ဟူသော စကားရပ်သည် အရာခပ်သိမ်းတို့၏ အရှင်သခင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို စိတ်နှစ်မြှုပ် ဝတ်ပြုခြင်းနှင့် ကိုးကွယ်ဆည်းကပ်မှုကို ဆိုလိုသည်။ သတ္တဝါခပ်သိမ်းတို့သည် ၄င်းတို့၏ ဖန်ဆင်းရှင်၊ အရှင်သခင်နှင့် ထိန်းသိမ်းစောင့်ရှောက်သူကို စိတ်နှလုံးညွှတ်နူးစွာ နာခံမှု၊ ယုံပုံလွဲအပ်မှုတို့ဖြင့် နာခံကြသည်၊ အားလုံးတို့သည် ခဝပ်ကိုးကွယ်မှုဆန်သော အမှုတော်ထမ်းခြင်းနှင့် ဝတ်ပြုခြင်းတို့တွင် ထိုအရှင်ရှေ့တော်ဝယ် ဦးချညွတ်တွားကြရသည် (လူသားများသည် ၄င်းတို့၏ အရှင်သခင်က အရာခပ်သိမ်းကို ထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းဖြစ်သော သဘာဝ ဥပဒေနိယာမတရားကို မနာခံဘဲ ရှောင်ကွင်း၍ မရသော်လည်း၊ လွတ်လပ်သော ဆန္ဒရှိပိုင်ခွင့် နှင်းအပ်ခံထားရသော လူသားများလွဲ၍ အားလုံးဟု ဆိုလိုခြင်းဖြစ်သည်။ လွတ်လပ်သော ဆန္ဒရှိပိုင်ခွင့်ဆိုသည်မှာ မိမိတို့ စိတ်နှလုံးအလိုရှိစွာ ခဝပ်ကိုးကွယ် ပုံအပ်ခြင်းဖြင့် ကိုးကွယ်ဆည်းကပ်ရန် ရွေးချယ်နိုင်သလို၊ ၄င်းတို့၏ အရှင်သခင်၏ ပညတ်ချက်များကို ငြင်းပယ်ခြင်းနှင့် ဆန့်ကျင်ခြင်းလည်း ပြုနိုင်ပြီး၊ ယင်းမှတစ်ဆင့် ထိုအရှင်၏ အမျက်တော်နှင့် ပြစ်ဒဏ်အစားပေးခြင်း ရရှိမည်ဖြစ်သည် (၂၂၁၈၊ ၃၃၈၃)။ လူ့အသက်ဘဝ၏ အန္တိမပန်းတိုင်မှာ သတ္တဝါခပ်သိမ်းတို့၏ အရှင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်ပင်ဖြစ်သည်။ ဝတ်ပြုခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်းတို့တွင် ဘဝ၏ ရပ်ဝန်းတိုင်းတွင် ပြောစကားများအားဖြင့်လည်းကောင်း၊ အလုပ်များဖြင့်လည်းကောင်း ထိုအရှင်မြတ် ချစ်ခင်နှစ်သက်သော အရာအားလုံး အကျုံးဝင်ပေသည်။

***အစ်လ်မ်* (*'Ilm*)** (စာပိုဒ် ၂.၂၂၊ ၂.၂၃၊ ၃.၇-၃.၉၊ ၃.၁၂။ အပိတ်မှတ်စု ၈၄-၈၇ တို့ကိုကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *ခလ်ဂ်၊ အာယားဟ်/အာယာသ်)*

သိသည်၊ အသိပညာရှိသည်၊ သတိမူမိသည်၊ နားလည်သိမြင်သည်၊ သင်ယူသည်နှင့် ခွဲခြားသိမြင်သည်၊ ထို့အတွက် အချက်အလက်ဆိုင်ရာ ဗဟုသုတ၊ သင်ယူမှုဆိုင်ရာ သိစိတ်၊ အသိဉာဏ်၊ ရှုမြင်ပုံတို့အပြင် အတိုင်းအတာနယ် သတ်မှတ်ပိုင်းခြားခံထားရသည့် အရာ၊ တိကျစွာ ဖော်ပြခံရသည့်အရာနှင့် ပေါ်လွင်ထင်ရှားအောင် ပြုထားသည့်အရာ ဟု အနက်ဆောင်သည့် အာရဗီ မူရင်းပုဒ် '–l–m မှ ဆင်းသက်လာသည်။ *အစ်လ်မ်* သည် အချက်အလက်အသိပညာနှင့် သိပ္ပံပညာတို့နှင့် သက်ဆိုင်သော ယေဘုယျစကားလုံးဖြစ်သည်။ သိပ္ပံပညာရပ်နှင့် ဝိဇ္ဇာပညာရပ်တို့မှ သန်ရာဘာသာရပ် (*အစ်လ်မ် အယ်လ်-ဟိစားဘ်* (*'ilm al-hisāb*))၊ ဇီဝဗေဒ (*အစ်လ်မ် အယ်လ်-အဟ်ယား* (*'ilm al-ahyā'*))၊ စိတ်ပညာ (*အစ်လ်မ် အယ်လ်-နာဖ်စ်* (*'ilm an-nafs*))နှင့် ကျင့်ဝတ်ဗေဒ (*အစ်လ်မ် အယ်လ်-အခ်လားက်* (*'ilm al-akhlāq*))တို့ကဲ့သို့သော သီးသီးသန့်သန့်ဖြစ်သော ဘာသာရပ်များအတွက်လည်း သုံးစွဲကြသည်။

***ခလီဖာ ဖစ်လ်-အရ်ဒ်/ခိလာဖာ ဖီးလ်-အရ်ဒ်* (*Khalīfah fī 'l-ard / khilāfah fī 'l-ard*)** (စာပိုဒ် ၁.၂၀၊ ၂.၁၆-၂.၂၂၊ ၃.၉၊ ၄.၂၅၊ ၅.၁၅၊ ၅.၂၉၊ ၅.၃၉၊ ၅.၃၃၊ အပိတ်မှတ်စု ၈၅၊ ၁၅၉၊ ၁၇၆၊ ၁၉၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အယ်လ်-အမားနာဟ်၊ အိဟ်စာန်၊ အစ်ဆွလားဟ် ဖစ်လ်-အရ်ဒ်၊ ဖဆွားဒ် ဖစ်လ်-အရ်ဒ်/အစ်ဖ်ဆွားဒ် ဖစ်လ်-အရ်ဒ်၊ အီဘားဒါဟ်၊ အလ္လာဟ်၊ ရုဗ္ဗာလ် အားလမီးန်၊ ခလ်ဂ်၊ သက္ကဝါ၊ ရာဟ်မာဟ်*)။

ကုရ်အာန်၏ သင်ကြားမှုတွင်၊ *ခိလာဖာ ဖီးလ်-အရ်ဒ်* (ပထဝီမြေပေါ်ရှိ *ခိလားဖာဟ်*) ဟူသော သဘောတရားသည် ကမ္ဘာမြေပြင်ပေါ်ရှိ လူသားတို့၏ အခန်းကဏ္ဍနှင့် အထူးအားဖြင့် လူသားတို့၏ တာဝန်ရှိမှုနှင့် တာဝန်ခံမှုကို နားလည်သိမြင်ရန်အတွက် အချက်အချာကျသည်။

> **တရံရောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသောအရှင်က (မိမိ၏) အပါးတော် စေတမန်တော်များအား "ကောန်အမှန်၊ ငါအရှင်သည် ကမ္ဘာပေါ်ဝယ် အာဒမ်အား (ငါ၏) ကိုယ်စားလှယ်တော်အဖြစ် မြောက်စားခန့်အပ်တော်မူမည်"ဟု မိန့်ကြားတော်မူသည်။ ထိုအခါ အပါးတော် စေတမန်များက (ဤသို့)လျှောက်တင် ပန်ကြားကြကုန်၏။ "(အို-အရှင်) ကမ္ဘာမြေပြင်၌ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်၍ အချင်းချင်း သတ်ဖြတ်ပြီး၊ သွေးထွက်သံယို ပြုလုပ်ကြမည့်သူများကို ကိုယ်တော်အရှင်သည် (ဖန်ဆင်းတော်မူ၍ မိမိကိုယ်စားလှယ်တော်အဖြစ်) မြောက်စားခန့်အပ်တော်မူပါမည်လော၊ အမှန်စင်စစ် ကိုယ်တော်အရှင်သည် ချီးတွဲခြင်းအပေါင်းတို့မှ အကြွင်းမဲ့ သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို ကျွန်တော်မျိုးတို့သည်သာလျှင် အမြဲအောက်မေ့ တသကြပါ၏။ ကိုယ်တော်အရှင်မြတ်၏ ဂုဏ်တော်များကို ချီးမွမ်းထောပနာပြု၍ အစဉ်အမြဲ ဘာဝနာစီးဖြန်းကြပါ၏"။ ထိုအခါ အလ္လာဟ်အရှင်မြတ်က (အပါးတော် စေတမန်အပေါင်းတို့) အသင်တို့ မသိနားမလည်သော အကြောင်းအချက်များကို ငါသာလျှင် မုချသိတော်မူသည်ဟု ပြန်လည်ဖြေကြားတော်မူလေသည်။** (၂း၃၀)

သို့ဆိုလျှင် *ခလီဖာဟ်* တစ်ဦးဟူသည် အဘယ်နည်း။ ယင်းစကားရပ်တွင် ကျယ်ပြန့်လှစွာ ကွဲပြားခြားနားနေသည့် အလွန်အငြင်းပွားဖွယ်ရာနှင့် ပြင်းထန်စွာ ငြင်းခုံကြသော အနက်ပြန်ဆိုမှုများရှိနေသည်။ ထို့ကြောင့်ပင် ဤသဘောတူကြေညာချက်စာတမ်းကို ပြင်ဆင်ရေးသားနေစဉ်တွင် ကျွန်ုပ်တို့အနေဖြင့် *ခိလားဖာဟ် ဖစ်လ်-အရ်ဒ်*၏ အဓိပ္ပါယ်အား ကျမ်းတော်မြတ် ကုရ်အာန်၏ *အာယားသ်တော်*များနှင့် နဗီတမန်တော်၏ *ဟဒီးစ်တော်*များ၏ ဘောင်ကျော်လမ်းချော်စေခြင်းမရှိစေရန်၊ ထိုဘောင်များအတွင်းမှသာ နားလည်သိမြင်နိုင်ရန် ခင်းကျင်းပြင်ဆင်ခဲ့ပါသည်။

ခလီဖာဟူသော ဝေါဟာရသည် နောက်မှလိုက်သည်၊ လိုက်နာသည်၊ ဆက်ခံသည်၊ ဆက်လက်ကျန်ရစ်တည်ရှိသည် သို့မဟုတ် ပျက်စီးပျောက်ကွယ်သွားသော သို့မဟုတ် ကွယ်လွန်သေဆုံးသွားသော သို့မဟုတ် မရှိတော့သော အခြားတစ်ခုကို အစားထိုးသည်ဟု အနက်ဆောင်သည့် မူရင်းပုဒ် *ခ-လ-ဖ* မှ ဆင်းသက်လာသည်။ "အို...အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏ မိသားစုအပေါ်ဝယ် *ခလီဖာဟ်* ဖြစ်တော်မူပါ၏"ဟူသော နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ)က ဆုမွန်ဒုအာကဲ့သိုပင် အခြားသူတစ်ဦး၏ ကိုယ်စားဆောင်ရွက်ခြင်းဟုလည်း အဓိပ္ပါယ်ဆောင်ပါသည်။ ၄င်းမူရင်းပုဒ်၏ ဆင့်ပွား အဓိပ္ပါယ်မှာ ထွန်ယက်သည်၊ လယ်ယာစိုက်ပျိုးသည်၊ တိုးတက်ထွန်းကားသည်နှင့် ထွန်းကားစေသည်ဟူ၍ဖြစ်ပြီး၊ အခြားနောက်ထပ် အဓိပ္ပါယ်တစ်မျိုးမှာလည်း ကွဲပြားခြားနားသည်၊ ကျူးကျော်ရန်စသည်၊ စည်းမျဉ်းဥပဒေသတစ်ရပ်၊ (အပါးတော် စေတမန်များ၏ မနှစ်မြို့ စိုးရိမ်ကြောင့်ကြမှုအတွင်းမှ ထင်ရှားသော ဆိုလိုညွှန်းဆိုမှုတစ်ရပ်ဖြစ်သော) အဓိန့်တစ်ရပ် သို့မဟုတ် ကတိကဝတ်တစ်ခုကို ချိုးဖောက်သည်ဟူ၍ ဖြစ်သည်။ *ခိလာဖာဟ်* ဟူသည် အလွန်တရာ ကရုဏာထားတော်မူသော၊ အလွန်တရာ သနားကြင်နာထောက်ထားတော်မူသော၊ စကြာဝဠာခပ်သိမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်က လူသားများကို တစ်ဦးချင်းစီကိုသော်လည်းကောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို စုပေါင်း၍လည်းကောင်း ခွဲဝေအပ်နှင်းထားသော ကျင့်ဝတ်နှင့်ဆိုင်သော ယုံကြည်လွှဲအပ်မှုတစ်ရပ်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဝါကျများ ၆း၁၃၃၊ ၇း၁၂၉၊ ၁၁း၅၇နှင့် ၂၄း၅၅တို့တွင်

တွေ့ရသော ပုဒ် *အစ်သိခ်လားဖ်* (*istikhlāf*)၏ ဆက်နွယ်နေသော ပုံစံဆိုသည်မှာ အထူးအားဖြင့် ထင်ရှားပါသည်။ ကမ္ဘာမြေနှင့် ဆက်နွယ်မှုရှိခြင်းကို ရည်ညွှန်းလျက်၊ ၎င်းသည် ကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ် ပြီး၊ လူတစ်ဦးမှ အခြားတစ်ဦးထံသို့ဖြစ်စေ၊ မျိုးဆက်တစ်ခုမှ အခြားတစ်ခုထံသို့ဖြစ်စေ၊ လူမျိုးတစ်မျိုးမှ အခြားတစ်မျိုးထံသို့ဖြစ်စေ လက်ဆင့်ကမ်း အမွေဆက်ခံရရှိလေသည်။ ၎င်းသည် အရာခပ်သိမ်းတို့၏ အရှင်က ကျွန်ုပ်တို့ ပြုလုပ်သည်များကို စစ်ဆေးမေးမြန်းသည့် ပုံစံဖြစ်သော စစ်ဆေးမှုနှင့် စမ်းသပ်မှု (*အစ်ဘ်သိလား* (*ibtilā'*)တစ်ရပ်ပင်ဖြစ်သည်။ မှန်ခြင်း မှားခြင်းနှင့် သက်ဆိုင်သော အသိပညာ၊ အကောင်အထည်ဖော်လုပ်ဆောင်ရန်နှင့် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ အဖန်ဆင်းခံ သတ္တဝါများနှင့် ကမ္ဘာမြေကြီးကိုယ်တိုင်အပေါ် အပြောင်းအလဲဖြစ်ထွန်းစေရန် ခွန်အားဖြစ်စေခြင်းတို့နှင့် ဆက်စပ်နေသည်။ အကြောင်းမှာ စွမ်းဆောင်နိုင်စွမ်းက တာဝန်ယူမှုကို ဖြစ်စေပြီး၊ *ခလီဖာဟ်*၏ လုပ်နိုင်စွမ်း စွမ်းပကားအဆင့်အလိုက် ယင်း၏ နယ်အကျယ်က ပြောင်းလဲမှုရှိသည်။ သို့တိုင်အောင်၊ လုပ်နိုင်စွမ်းရည် စွမ်းပကား၏ အမြင့်ဆုံးအဆင့်သည်ပင်လျှင် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ် ခြယ်လှယ်စီမံမှုကို မဟုတ်မူဘဲ၊ လူသားတို့၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ မျှတစွာ သုံးသပ်စီရင်ချက်ချမှုကိုသာ လိုအပ်စေသည်။

အလွန်တရာ ကရုဏာထားတော်မူသော၊ အလွန်တရာ သနားကြင်နာထောက်ထားတော်မူသော၊ စကြာဝဠာခပ်သိမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်သည် တရားစီရင်ဆုံးဖြတ်မည့်နေ့၏ အရှင်သခင်ဖြစ်ပြီး၊ ယုံကြည်သက်ဝင်မှု (*အီမားန်*)အတွက်သော်လည်းကောင်း၊ ကမ္ဘာမြေပြင်ပေါ် ရှိ လူသားဖြစ်စေ၊ သက်ရှိသတ္တဝါများဖြစ်စေ၊ သက်မဲ့များဖြစ်စေနှင့် ကမ္ဘာမြေကိုယ်တိုင်အတွက်ဖြစ်စေ ကောင်းမွန်သော အလုပ်များ (*အယ်လ်-အအ်မလ် အက်ဆ်-ဆွားလိဟာဟ်၊ အက်ဆ်-ဆွားလိဟားသ်*)အားဖြင့် ပြုသည့် သဒ္ဓါထက်သန် ဆည်းကပ်ကိုးကွယ်မှု (*အီဘာဒါဟ်*)အတွက်သော်လည်းကောင်း ခလီဖာဟ်အား တာဝန်ယူဖြေရှင်းစေမည်ဖြစ်သည်။ အရှင်မြတ်သည် ကမ္ဘာမြေအား ကောင်းမွန်အောင်၊ သာယာဝပြောအောင် ပြုလုပ်တော်မူခဲ့ပြီး၊ ခလီဖာဟ် အား တာဝန်ခံစေကာ၊ (ကောင်းကင်တမန်အပေါင်းတို့က လူသားတို့ ကျူးလွန်လိမ့်မည်ဟု စိုးရိမ်ခဲ့သော မိစ္ဆာလုပ်ရပ်စစ်စစ်တို့ဖြစ်သည့်) ကမ္ဘာမြေပေါ် ပျက်စီးရာပျက်စီးကြောင်းပြုခြင်း၊ အဖျက်အမှောင့်ပြုခြင်း၊ ဖျက်ဆီးခြင်း (*ဖဆ္ဒာဒ်*)တို့အား အထူးတလည် သတိပေးတားမြစ်တော်မူသည်။ ကမ္ဘာမြေတွင် *ဖဆ္ဒာဒ်* ပြုသူတို့အား ၎င်းတို့အား ရှင်းလင်းဖယ်ရှားပြီး၊ *ခိလာဖာဟ်*၏ ကျင့်ဝတ်တန်သော လုပ်ပိုင်ခွင့်ကို ပြန်လည် လက်ခံရရှိမည့် အခြားလူမျိုးများဖြင့် အစားထိုးတော်မူမည်ဟု ခြိမ်းခြောက်တော်မူထားပေသည်။ သို့ရှိရာ၊ ကမ္ဘာမြေပြင်ရှိ *ခိလာဖာဟ်*အနေဖြင့် ကမ္ဘာမြေတွင် အစ်ဖ်ဆွာဒ် ကို ရှောင်ကြဉ်မှု၊ ရှောင်လွှဲမှုနှင့် လူသားတို့အနေဖြင့် ယင်း(*ခိလာဖာဟ်*)ကို ဆက်လက်၍ အမွေခံရရှိရန်အလို့ငှါ *ဆွာလိဟားသ်* နည်းလမ်းအားဖြင့် *အစ်ဆွလားဟ်*ကို ထိန်းသိမ်းရန် လိုအပ်စေပါသည်။ ၎င်းသည် ဘုရားသခင်၏ ပဋိဉာဉ်တော်နှင့် ကျင့်ဝတ်နှင့် လျော်ညီသော တာဝန်ခံမှုကို ယုံကြည်အပ်နှင်းမှု (*အယ်လ်-အမားနာဟ်* (အထက်ကိုကြည့်))တို့နှင့် နီးကပ်စွာ ဆက်နွယ်နေသည်။ သို့အားဖြင့်၊ ခိလာဖာဟ် ဟူသည် မိမိ၏ ဂရုစိုက်မှုထံသို့ ယုံကြည်အပ်နှံခံရသော အရာတစ်ခုကို ဂရုတစိုက်နှင့် တာဝန်ယူမှုရှိရှိ ဂရုစိုက်ခြင်းဖြစ်ပြီး၊ *ခလီဖာဟ်* တစ်ဦးဟူသည် တာဝန်ယူမှု ရာထူးတစ်ခုကို ဆက်ခံသူ သို့မဟုတ် ယင်းရာထူးကို ယုံကြည်အပ်နှံခံရသူတစ်ဦးဖြစ်ပြီး၊ ထိုယုံကြည်အပ်နှံမှုအပေါ် ဂရုတစိုက်၊ တာဝန်သိသိဖြင့် ဖြည့်ဆည်းဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး စစ်ဆေးမေးမြန်းခြင်း ခံရမည်ဖြစ်သည်။

အစ္စလာမ်မစ်နိုင်ငံ၏ နိုင်ငံရေး ခေါင်းဆောင်များက ခလီဖာဟ် ဘွဲ့တံဆိပ် (အုပ်ချုပ်သူ ကာလစ်ဖ်)ကို သုံးစွဲခြင်း၏ နောက်တွင်၊ ယင်းသဘောတရားသည် ကမ္ဘာမြေပေါ်တွင် အလ္လာဟ်အရှင်မြတ်ကို ကိုယ်စားပြုသော ခလီဖာဟ်ဟူသော အယူအဆဖြင့် ရှုပ်ထွေးမှုဖြစ်စေသော်လည်း၊ ၎င်းသည် ထိုစကားရပ်၏ မူလအဓိပ္ပါယ်များအနက်မှ မဟုတ်မူဘဲ၊

ကျမ်းတော်မြတ်ကုရ်အာန်၏ မည်သည့်နေရာတွင်မျှ *ခလီဖ့သ် အလ္လာဟ်* (အလ္လာဟ်အရှင်မြတ်၏ ခလီဖွာတစ်ဦး)အကြောင်း ပြောဆိုမိန့်ကြားထားခြင်းမရှိသည်ကို သတိမူရန် အရေးကြီးပါသည်။ ခလီဖွာဟ်တစ်ဦးသည် ကမ္ဘာမြေနှင့် ၎င်း၏ စီမံခန့်ခွဲမှုများအပေါ် လွှမ်းမိုးအုပ်ချုပ်မှု တာဝန်ပေးခြင်းခံရသော အလ္လာဟ်အရှင်မြတ်၏ ဘုရင်ခံ၊ အလ္လာဟ်အရှင်မြတ်၏ လက်ထောက်၊ အလ္လာဟ်အရှင်မြတ်၏ လက်ဝေခံအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သည်ဟူသော အယူအဆသည် မှားယွင်းရုံမျှမက၊ ယင်းဝေါဟာရအပေါ် အန္တရာယ်ကြီးသည့် နားလည်မှုလွဲခြင်းပင်ဖြစ်သည်။ "ဂရုစိုက်စောင့်ရှောက်ရသူ"နှင့် "စောင့်ရှောက်မှု"ဟူသော စကားရပ်တို့သည် အာရဗီဘာသာစကားအလိုအရ ပင်ကိုယ်ပါရှိနေသော တာဝန်ယူမှုဟူသော အဓိပ္ပါယ်ကို ဆောင်ကြဉ်းနေသည့်အတွက် ထိုသဘောတရားများသည် *ခလီဖွာဟ်*နှင့် *ခိလာဖွာဟ်*တို့၏ အနက်အဓိပ္ပါယ်များနှင့် ပိုမို၍ နီးစပ်ပေသည်။ သို့ရာတွင်၊ 'ဂရုစိုက်စောင့်ရှောက်မှု'ဟူသော သဘောသည် မရှိနေသော မြေရှင်တစ်ဦးကိုယ်စားပြုမှုနှင့် ၎င်း၏ မြေကို စီမံခန့်ခွဲရခြင်းကို ဆိုလိုမှုအနက်ဖြင့် ဝန်ပိနေသည့်တိုင်၊ *ခိလာဖွာဟ်*ကိုမူ အများအားဖြင့် အလ္လာဟ်အရှင်မြတ်က ကမ္ဘာမြေကို အနေအထားမှန်မှန် စနစ်တကျ ဖန်တီးရာတွင်လည်းကောင်း၊ ယင်းကို ထွန်းကားတိုးတက်အောင် ပြုရာတွင်လည်းကောင်း အသုံးပြုထားသည့် သဘာဝလုပ်ငန်းစဉ်များအတွင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုကို ရှောင်ကြဉ်ခြင်း၊ ရှောင်လွှဲခြင်းတို့မှတစ်ဆင့် နားလည်သဘောပေါက်ကြသည်။ ထို့ကြောင့် စစ်မှန်မှု၊ တိကျမှုနှင့် ရှင်းလင်းမှုတို့ရရှိရန်အတွက်၊ 'ဂရုစိုက်စောင့်ရှောက်ရသူ' နှင့် 'ဂရုစိုက်စောင့်ရှောက်မှု'ဟူသော စကားများကို သုံးစွဲခြင်းကို ကျွန်ုပ်တို့ ရှောင်ရှားခဲ့ပြီး၊ *ခိလာဖွာဟ် ဖစ်လ်-အရ်ဒ်* ကို ကမ္ဘာမြေပေါ်ဝယ် 'တာဝန်ရှိမှု'၊ 'တာဝန်ခံမှု' သို့မဟုတ် 'ယုံကြည်အပ်နှံခံရမှု'တို့အဖြစ် အနက်ပြန်ဆိုခဲ့ပြီး၊ *ခလီဖွာဟ် ဖစ်လ်-အရ်ဒ်* ကိုမူ ကမ္ဘာမြေပေါ်'ယုံကြည်အပ်နှံခံရသူ'၊ 'တာဝန်ရှိစေသူ' သို့မဟုတ် 'တာဝန်ခံစေသူ"တစ်ဦးအဖြစ် ပြန်ဆိုခဲ့ပါသည်။ Dr. Sarra Tlili နှင့် Dr. David Solomon Jalajelတို့ကို *ခိလာဖွာဟ်* ကို အနက်ပြန်ဆိုခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ဝေဖန်ထောက်ပြမှုများနှင့် အကြံပေးမှုများအတွက် ကျေးဇူးတင်ရှိပါသည်။

***ခလ်က်* (*Khalq*)/ခလိကာဟ် (*khalīqah*)/ *ခလာအိက်* (*khalā'iq*)/ *မခ်လူးကားသ်* (*makhlūqāt*)** (စာပိုဒ် ၁.၁၊ ၂.၁၊ ၂.၈၊ ၂.၉၊ ၂.၁၃-၂.၁၆၊ ၂.၁၉၊ ၂.၂၃၊ ၃.၁-၃.၃၊ ၃.၉၊ ၃.၁၀၊ ၄.၁၅၊ ၅.၄၊ ၅.၂၁၊ ၅.၂၈၊ ၅.၃၅၊ ၆.၁၊ ၆.၃၊ ၆.၃၅၊ ၇.၁၊ ၇.၃၊ ၇.၁၅၊ ၈.၁၊ ၈.၃၊ ၈.၅၊ ၈.၁၀၊ ၉.၁၅၊ ၁၀.၄၊ ၁၀.၁၁၊ ၁၀.၁၅၊ ၁၀.၂၂၊ ၁၀.၂၄၊ ၁၀.၂၆၊ ၁၀.၂၈၊ ၁၀.၃၁၊ ၁၀.၃၃၊ ၁၀.၃၅၊ ၁၀.၃၆၊ ၁၀.၃၇၊ ၁၀.၃၈၊ ၁၀.၃၉၊ ၁၀.၄၀၊ ၁၀.၄၁၊ ၁၀.၄၂၊ ၁၀.၄၃၊ ၁၀.၄၄၊ ၁၀.၄၅၊ ၁၀.၄၆၊ ၁၀.၄၇၊ ၁၀.၄၈၊ ၁၀.၄၉၊ ၁၀.၅၀၊ ၁၀.၅၁၊ ၁၀.၅၂၊ ၁၀.၅၃၊ ၁၀.၅၄၊ ၁၀.၅၅၊ ၁၀.၅၆၊ ၁၀.၅၇၊ ၁၀.၅၈၊ ၁၀.၅၉၊ ၁၀.၆၀၊ ၁၀.၆၁၊ ၁၀.၆၂၊ ၁၀.၆၃၊ ၁၀.၆၄၊ ၁၀.၆၅၊ ၁၀.၆၆၊ ၁၀.၆၇၊ ၁၀.၆၈၊ ၁၀.၆၉၊ ၁၀.၇၀၊ ၁၀.၇၁၊ ၁၀.၇၂၊ ၁၀.၇၃၊ ၁၀.၇၄၊ ၁၀.၇၅၊ ၁၀.၇၆၊ ၁၀.၇၇၊ ၁၀.၇၈၊ ၁၀.၇၉၊ ၁၀.၈၀၊ ၁၀.၈၁၊ ၁၀.၈၂၊ ၁၀.၈၃၊ ၁၀.၈၄၊ ၁၀.၈၅၊ ၁၀.၈၆၊ ၁၀.၈၇၊ ၁၀.၈၈၊ ၁၀.၈၉၊ ၁၀.၉၀၊ ၁၀.၉၁၊ ၁၀.၉၂၊ ၁၀.၉၃၊ ၁၀.၉၄၊ ၁၀.၉၅၊ ၁၀.၉၆၊ ၁၀.၉၇၊ ၁၀.၉၈၊ ၁၀.၉၉၊ ၁၀.၁၀၀၊ ၁၀.၁၀၁၊ ၁၀.၁၀၂၊ ၁၀.၁၀၃၊ ၁၀.၁၀၄၊ ၁၀.၁၀၅၊ ၁၀.၁၀၆၊ ၁၀.၁၀၇၊ ၁၀.၁၀၈၊ ၁၀.၁၀၉၊ ၁၀.၁၁၀၊ ၁၀.၁၁၁၊ ၁၀.၁၁၂၊ ၁၀.၁၁၃၊ ၁၀.၁၁၄၊ ၁၀.၁၁၅၊ ၁၀.၁၁၆၊ ၁၀.၁၁၇၊ ၁၀.၁၁၈၊ ၁၀.၁၁၉၊ ၁၀.၁၂၀၊ ၁၀.၁၂၁၊ ၁၀.၁၂၂၊ ၁၀.၁၂၃၊ ၁၀.၁၂၄၊ ၁၀.၁၂၅၊ ၁၀.၁၂၆၊ ၁၀.၁၂၇၊ ၁၀.၁၂၈၊ ၁၀.၁၂၉၊ ၁၀.၁၃၀၊ ၁၀.၁၃၁၊ ၁၀.၁၃၂၊ ၁၀.၁၃၃၊ ၁၀.၁၃၄၊ ၁၀.၁၃၅၊ ၁၀.၁၃၆၊ ၁၀.၁၃၇၊ ၁၀.၁၃၈၊ ၁၀.၁၃၉၊ ၁၀.၁၄၀၊ ၁၀.၁၄၁၊ ၁၀.၁၄၂၊ ၁၀.၁၄၃၊ ၁၀.၁၄၄၊ ၁၀.၁၄၅၊ ၁၀.၁၄၆၊ ၁၀.၁၄၇၊ ၁၀.၁၄၈၊ ၁၀.၁၄၉၊ ၁၀.၁၅၀၊ ၁၀.၁၅၁၊ ၁၀.၁၅၂၊ ၁၀.၁၅၃၊ ၁၀.၁၅၄၊ ၁၀.၁၅၅၊ ၁၀.၁၅၆၊ ၁၀.၁၅၇၊ ၁၀.၁၅၈၊ ၁၀.၁၅၉၊ ၁၀.၁၆၀၊ ၁၀.၁၆၁၊ ၁၀.၁၆၂၊ ၁၀.၁၆၃၊ ၁၀.၁၆၄၊ ၁၀.၁၆၅၊ ၁၀.၁၆၆၊ ၁၀.၁၆၇၊ ၁၀.၁၆၈၊ ၁၀.၁၆၉၊ ၁၀.၁၇၀၊ ၁၀.၁၇၁၊ ၁၀.၁၇၂၊ ၁၀.၁၇၃၊ ၁၀.၁၇၄၊ ၁၀.၁၇၅၊ ၁၀.၁၇၆၊ ၁၀.၁၇၇၊ ၁၀.၁၇၈၊ ၁၀.၁၇၉၊ ၁၀.၁၈၀၊ ၁၀.၁၈၁၊ ၁၀.၁၈၂၊ ၁၀.၁၈၃၊ ၁၀.၁၈၄၊ ၁၀.၁၈၅၊ ၁၀.၁၈၆၊ ၁၀.၁၈၇၊ ၁၀.၁၈၈၊ ၁၀.၁၈၉၊ ၁၀.၁၉၀၊ ၁၀.၁၉၁၊ ၁၀.၁၉၂၊ ၁၀.၁၉၃၊ ၁၀.၁၉၄၊ ၁၀.၁၉၅၊ ၁၀.၁၉၆၊ ၁၀.၁၉၇၊ ၁၀.၁၉၈၊ ၁၀.၁၉၉၊ ၁၀.၂၀၀၊ ၁၀.၂၀၁၊ ၁၀.၂၀၂၊ ၁၀.၂၀၃၊ ၁၀.၂၀၄၊ ၁၀.၂၀၅၊ ၁၀.၂၀၆၊ ၁၀.၂၀၇၊ ၁၀.၂၀၈၊ ၁၀.၂၀၉၊ ၁၀.၂၁၀၊ ၁၀.၂၁၁၊ ၁၀.၂၁၂၊ ၁၀.၂၁၃၊ ၁၀.၂၁၄၊ ၁၀.၂၁၅၊ ၁၀.၂၁၆၊ ၁၀.၂၁၇၊ ၁၀.၂၁၈၊ ၁၀.၂၁၉၊ ၁၀.၂၂၀၊ ၁၀.၂၂၁၊ ၁၀.၂၂၂၊ ၁၀.၂၂၃၊ ၁၀.၂၂၄၊ ၁၀.၂၂၅၊ ၁၀.၂၂၆၊ ၁၀.၂၂၇၊ ၁၀.၂၂၈၊ ၁၀.၂၂၉၊ ၁၀.၂၃၀၊ ၁၀.၂၃၁၊ ၁၀.၂၃၂၊ ၁၀.၂၃၃၊ ၁၀.၂၃၄၊ ၁၀.၂၃၅၊ ၁၀.၂၃၆၊ ၁၀.၂၃၇၊ ၁၀.၂၃၈၊ ၁၀.၂၃၉၊ ၁၀.၂၄၀၊ ၁၀.၂၄၁၊ ၁၀.၂၄၂၊ ၁၀.၂၄၃၊ ၁၀.၂၄၄၊ ၁၀.၂၄၅၊ ၁၀.၂၄၆၊ ၁၀.၂၄၇၊ ၁၀.၂၄၈၊ ၁၀.၂၄၉၊ ၁၀.၂၅၀၊ ၁၀.၂၅၁၊ ၁၀.၂၅၂၊ ၁၀.၂၅၃၊ ၁၀.၂၅၄၊ ၁၀.၂၅၅၊ ၁၀.၂၅၆၊ ၁၀.၂၅၇၊ ၁၀.၂၅၈၊ ၁၀.၂၅၉၊ ၁၀.၂၆၀၊ ၁၀.၂၆၁၊ ၁၀.၂၆၂၊ ၁၀.၂၆၃၊ ၁၀.၂၆၄၊ ၁၀.၂၆၅၊ ၁၀.၂၆၆၊ ၁၀.၂၆၇၊ ၁၀.၂၆၈၊ ၁၀.၂၆၉၊ ၁၀.၂၇၀၊ ၁၀.၂၇၁၊ ၁၀.၂၇၂၊ ၁၀.၂၇၃၊ ၁၀.၂၇၄၊ ၁၀.၂၇၅၊ ၁၀.၂၇၆၊ ၁၀.၂၇၇၊ ၁၀.၂၇၈၊ ၁၀.၂၇၉၊ ၁၀.၂၈၀၊ ၁၀.၂၈၁၊ ၁၀.၂၈၂၊ ၁၀.၂၈၃၊ ၁၀.၂၈၄၊ ၁၀.၂၈၅၊ ၁၀.၂၈၆၊ ၁၀.၂၈၇၊ ၁၀.၂၈၈၊ ၁၀.၂၈၉၊ ၁၀.၂၉၀၊ ၁၀.၂၉၁၊ ၁၀.၂၉၂၊ ၁၀.၂၉၃၊ ၁၀.၂၉၄၊ ၁၀.၂၉၅၊ ၁၀.၂၉၆၊ ၁၀.၂၉၇၊ ၁၀.၂၉၈၊ ၁၀.၂၉၉၊ ၁၀.၃၀၀၊ ၁၀.၃၀၁၊ ၁၀.၃၀၂၊ ၁၀.၃၀၃၊ ၁၀.၃၀၄၊ ၁၀.၃၀၅၊ ၁၀.၃၀၆၊ ၁၀.၃၀၇၊ ၁၀.၃၀၈၊ ၁၀.၃၀၉၊ ၁၀.၃၁၀၊ ၁၀.၃၁၁၊ ၁၀.၃၁၂၊ ၁၀.၃၁၃၊ ၁၀.၃၁၄၊ ၁၀.၃၁၅၊ ၁၀.၃၁၆၊ ၁၀.၃၁၇၊ ၁၀.၃၁၈၊ ၁၀.၃၁၉၊ ၁၀.၃၂၀၊ ၁၀.၃၂၁၊ ၁၀.၃၂၂၊ ၁၀.၃၂၃၊ ၁၀.၃၂၄၊ ၁၀.၃၂၅၊ ၁၀.၃၂၆၊ ၁၀.၃၂၇၊ ၁၀.၃၂၈၊ ၁၀.၃၂၉၊ ၁၀.၃၃၀၊ ၁၀.၃၃၁၊ ၁၀.၃၃၂၊ ၁၀.၃၃၃၊ ၁၀.၃၃၄၊ ၁၀.၃၃၅၊ ၁၀.၃၃၆၊ ၁၀.၃၃၇၊ ၁၀.၃၃၈၊ ၁၀.၃၃၉၊ ၁၀.၃၄၀၊ ၁၀.၃၄၁၊ ၁၀.၃၄၂၊ ၁၀.၃၄၃၊ ၁၀.၃၄၄၊ ၁၀.၃၄၅၊ ၁၀.၃၄၆၊ ၁၀.၃၄၇၊ ၁၀.၃၄၈၊ ၁၀.၃၄၉၊ ၁၀.၃၅၀၊ ၁၀.၃၅၁၊ ၁၀.၃၅၂၊ ၁၀.၃၅၃၊ ၁၀.၃၅၄၊ ၁၀.၃၅၅၊ ၁၀.၃၅၆၊ ၁၀.၃၅၇၊ ၁၀.၃၅၈၊ ၁၀.၃၅၉၊ ၁၀.၃၆၀၊ ၁၀.၃၆၁၊ ၁၀.၃၆၂၊ ၁၀.၃၆၃၊ ၁၀.၃၆၄၊ ၁၀.၃၆၅၊ ၁၀.၃၆၆၊ ၁၀.၃၆၇၊ ၁၀.၃၆၈၊ ၁၀.၃၆၉၊ ၁၀.၃၇၀၊ ၁၀.၃၇၁၊ ၁၀.၃၇၂၊ ၁၀.၃၇၃၊ ၁၀.၃၇၄၊ ၁၀.၃၇၅၊ ၁၀.၃၇၆၊ ၁၀.၃၇၇၊ ၁၀.၃၇၈၊ ၁၀.၃၇၉၊ ၁၀.၃၈၀၊ ၁၀.၃၈၁၊ ၁၀.၃၈၂၊ ၁၀.၃၈၃၊ ၁၀.၃၈၄၊ ၁၀.၃၈၅၊ ၁၀.၃၈၆၊ ၁၀.၃၈၇၊ ၁၀.၃၈၈၊ ၁၀.၃၈၉၊ ၁၀.၃၉၀၊ ၁၀.၃၉၁၊ ၁၀.၃၉၂၊ ၁၀.၃၉၃၊ ၁၀.၃၉၄၊ ၁၀.၃၉၅၊ ၁၀.၃၉၆၊ ၁၀.၃၉၇၊ ၁၀.၃၉၈၊ ၁၀.၃၉၉၊ ၁၀.၄၀၀၊ ၁၀.၄၀၁၊ ၁၀.၄၀၂၊ ၁၀.၄၀၃၊ ၁၀.၄၀၄၊ ၁၀.၄၀၅၊ ၁၀.၄၀၆၊ ၁၀.၄၀၇၊ ၁၀.၄၀၈၊ ၁၀.၄၀၉၊ ၁၀.၄၁၀၊ ၁၀.၄၁၁၊ ၁၀.၄၁၂၊ ၁၀.၄၁၃၊ ၁၀.၄၁၄၊ ၁၀.၄၁၅၊ ၁၀.၄၁၆၊ ၁၀.၄၁၇၊ ၁၀.၄၁၈၊ ၁၀.၄၁၉၊ ၁၀.၄၂၀၊ ၁၀.၄၂၁၊ ၁၀.၄၂၂၊ ၁၀.၄၂၃၊ ၁၀.၄၂၄၊ ၁၀.၄၂၅၊ ၁၀.၄၂၆၊ ၁၀.၄၂၇၊ ၁၀.၄၂၈၊ ၁၀.၄၂၉၊ ၁၀.၄၃၀၊ ၁၀.၄၃၁၊ ၁၀.၄၃၂၊ ၁၀.၄၃၃၊ ၁၀.၄၃၄၊ ၁၀.၄၃၅၊ ၁၀.၄၃၆၊ ၁၀.၄၃၇၊ ၁၀.၄၃၈၊ ၁၀.၄၃၉၊ ၁၀.၄၄၀၊ ၁၀.၄၄၁၊ ၁၀.၄၄၂၊ ၁၀.၄၄၃၊ ၁၀.၄၄၄၊ ၁၀.၄၄၅၊ ၁၀.၄၄၆၊ ၁၀.၄၄၇၊ ၁၀.၄၄၈၊ ၁၀.၄၄၉၊ ၁၀.၄၅၀၊ ၁၀.၄၅၁၊ ၁၀.၄၅၂၊ ၁၀.၄၅၃၊ ၁၀.၄၅၄၊ ၁၀.၄၅၅၊ ၁၀.၄၅၆၊ ၁၀.၄၅၇၊ ၁၀.၄၅၈၊ ၁၀.၄၅၉၊ ၁၀.၄၆၀၊ ၁၀.၄၆၁၊ ၁၀.၄၆၂၊ ၁၀.၄၆၃၊ ၁၀.၄၆၄၊ ၁၀.၄၆၅၊ ၁၀.၄၆၆၊ ၁၀.၄၆၇၊ ၁၀.၄၆၈၊ ၁၀.၄၆၉၊ ၁၀.၄၇၀၊ ၁၀.၄၇၁၊ ၁၀.၄၇၂၊ ၁၀.၄၇၃၊ ၁၀.၄၇၄၊ ၁၀.၄၇၅၊ ၁၀.၄၇၆၊ ၁၀.၄၇၇၊ ၁၀.၄၇၈၊ ၁၀.၄၇၉၊ ၁၀.၄၈၀၊ ၁၀.၄၈၁၊ ၁၀.၄၈၂၊ ၁၀.၄၈၃၊ ၁၀.၄၈၄၊ ၁၀.၄၈၅၊ ၁၀.၄၈၆၊ ၁၀.၄၈၇၊ ၁၀.၄၈၈၊ ၁၀.၄၈၉၊ ၁၀.၄၉၀၊ ၁၀.၄၉၁၊ ၁၀.၄၉၂၊ ၁၀.၄၉၃၊ ၁၀.၄၉၄၊ ၁၀.၄၉၅၊ ၁၀.၄၉၆၊ ၁၀.၄၉၇၊ ၁၀.၄၉၈၊ ၁၀.၄၉၉၊ ၁၀.၅၀၀၊ ၁၀.၅၀၁၊ ၁၀.၅၀၂၊ ၁၀.၅၀၃၊ ၁၀.၅၀၄၊ ၁၀.၅၀၅၊ ၁၀.၅၀၆၊ ၁၀.၅၀၇၊ ၁၀.၅၀၈၊ ၁၀.၅၀၉၊ ၁၀.၅၁၀၊ ၁၀.၅၁၁၊ ၁၀.၅၁၂၊ ၁၀.၅၁၃၊ ၁၀.၅၁၄၊ ၁၀.၅၁၅၊ ၁၀.၅၁၆၊ ၁၀.၅၁၇၊ ၁၀.၅၁၈၊ ၁၀.၅၁၉၊ ၁၀.၅၂၀၊ ၁၀.၅၂၁၊ ၁၀.၅၂၂၊ ၁၀.၅၂၃၊ ၁၀.၅၂၄၊ ၁၀.၅၂၅၊ ၁၀.၅၂၆၊ ၁၀.၅၂၇၊ ၁၀.၅၂၈၊ ၁၀.၅၂၉၊ ၁၀.၅၃၀၊ ၁၀.၅၃၁၊ ၁၀.၅၃၂၊ ၁၀.၅၃၃၊ ၁၀.၅၃၄၊ ၁၀.၅၃၅၊ ၁၀.၅၃၆၊ ၁၀.၅၃၇၊ ၁၀.၅၃၈၊ ၁၀.၅၃၉၊ ၁၀.၅၄၀၊ ၁၀.၅၄၁၊ ၁၀.၅၄၂၊ ၁၀.၅၄၃၊ ၁၀.၅၄၄၊ ၁၀.၅၄၅၊ ၁၀.၅၄၆၊ ၁၀.၅၄၇၊ ၁၀.၅၄၈၊ ၁၀.၅၄၉၊ ၁၀.၅၅၀၊ ၁၀.၅၅၁၊ ၁၀.၅၅၂၊ ၁၀.၅၅၃၊ ၁၀.၅၅၄၊ ၁၀.၅၅၅၊ ၁၀.၅၅၆၊ ၁၀.၅၅၇၊ ၁၀.၅၅၈၊ ၁၀.၅၅၉၊ ၁၀.၅၆၀၊ ၁၀.၅၆၁၊ ၁၀.၅၆၂၊ ၁၀.၅၆၃၊ ၁၀.၅၆၄၊ ၁၀.၅၆၅၊ ၁၀.၅၆၆၊ ၁၀.၅၆၇၊ ၁၀.၅၆၈၊ ၁၀.၅၆၉၊ ၁၀.၅၇၀၊ ၁၀.၅၇၁၊ ၁၀.၅၇၂၊ ၁၀.၅၇၃၊ ၁၀.၅၇၄၊ ၁၀.၅၇၅၊ ၁၀.၅၇၆၊ ၁၀.၅၇၇၊ ၁၀.၅၇၈၊ ၁၀.၅၇၉၊ ၁၀.၅၈၀၊ ၁၀.၅၈၁၊ ၁၀.၅၈၂၊ ၁၀.၅၈၃၊ ၁၀.၅၈၄၊ ၁၀.၅၈၅၊ ၁၀.၅၈၆၊ ၁၀.၅၈၇၊ ၁၀.၅၈၈၊ ၁၀.၅၈၉၊ ၁၀.၅၉၀၊ ၁၀.၅၉၁၊ ၁၀.၅၉၂၊ ၁၀.၅၉၃၊ ၁၀.၅၉၄၊ ၁၀.၅၉၅၊ ၁၀.၅၉၆၊ ၁၀.၅၉၇၊ ၁၀.၅၉၈၊ ၁၀.၅၉၉၊ ၁၀.၆၀၀၊ ၁၀.၆၀၁၊ ၁၀.၆၀၂၊ ၁၀.၆၀၃၊ ၁၀.၆၀၄၊ ၁၀.၆၀၅၊ ၁၀.၆၀၆၊ ၁၀.၆၀၇၊ ၁၀.၆၀၈၊ ၁၀.၆၀၉၊ ၁၀.၆၁၀၊ ၁၀.၆၁၁၊ ၁၀.၆၁၂၊ ၁၀.၆၁၃၊ ၁၀.၆၁၄၊ ၁၀.၆၁၅၊ ၁၀.၆၁၆၊ ၁၀.၆၁၇၊ ၁၀.၆၁၈၊ ၁၀.၆၁၉၊ ၁၀.၆၂၀၊ ၁၀.၆၂၁၊ ၁၀.၆၂၂၊ ၁၀.၆၂၃၊ ၁၀.၆၂၄၊ ၁၀.၆၂၅၊ ၁၀.၆၂၆၊ ၁၀.၆၂၇၊ ၁၀.၆၂၈၊ ၁၀.၆၂၉၊ ၁၀.၆၃၀၊ ၁၀.၆၃၁၊ ၁၀.၆၃၂၊ ၁၀.၆၃၃၊ ၁၀.၆၃၄၊ ၁၀.၆၃၅၊ ၁၀.၆၃၆၊ ၁၀.၆၃၇၊ ၁၀.၆၃၈၊ ၁၀.၆၃၉၊ ၁၀.၆၄၀၊ ၁၀.၆၄၁၊ ၁၀.၆၄၂၊ ၁၀.၆၄၃၊ ၁၀.၆၄၄၊ ၁၀.၆၄၅၊ ၁၀.၆၄၆၊ ၁၀.၆၄၇၊ ၁၀.၆၄၈၊ ၁၀.၆၄၉၊ ၁၀.၆၅၀၊ ၁၀.၆၅၁၊ ၁၀.၆၅၂၊ ၁၀.၆၅၃၊ ၁၀.၆၅၄၊ ၁၀.၆၅၅၊ ၁၀.၆၅၆၊ ၁၀.၆၅၇၊ ၁၀.၆၅၈၊ ၁၀.၆၅၉၊ ၁၀.၆၆၀၊ ၁၀.၆၆၁၊ ၁၀.၆၆၂၊ ၁၀.၆၆၃၊ ၁၀.၆၆၄၊ ၁၀.၆၆၅၊ ၁၀.၆၆၆၊ ၁၀.၆၆၇၊ ၁၀.၆၆၈၊ ၁၀.၆၆၉၊ ၁၀.၆၇၀၊ ၁၀.၆၇၁၊ ၁၀.၆၇၂၊ ၁၀.၆၇၃၊ ၁၀.၆၇၄၊ ၁၀.၆၇၅၊ ၁၀.၆၇၆၊ ၁၀.၆၇၇၊ ၁၀.၆၇၈၊ ၁၀.၆၇၉၊ ၁၀.၆၈၀၊ ၁၀.၆၈၁၊ ၁၀.၆၈၂၊ ၁၀.၆၈၃၊ ၁၀.၆၈၄၊ ၁၀.၆၈၅၊ ၁၀.၆၈၆၊ ၁၀.၆၈၇၊ ၁၀.၆၈၈၊ ၁၀.၆၈၉၊ ၁၀.၆၉၀၊ ၁၀.၆၉၁၊ ၁၀.၆၉၂၊ ၁၀.၆၉၃၊ ၁၀.၆၉၄၊ ၁၀.၆၉၅၊ ၁၀.၆၉၆၊ ၁၀.၆၉၇၊ ၁၀.၆၉၈၊ ၁၀.၆၉၉၊ ၁၀.၇၀၀၊ ၁၀.၇၀၁၊ ၁၀.၇၀၂၊ ၁၀.၇၀၃၊ ၁၀.၇၀၄၊ ၁၀.၇၀၅၊ ၁၀.၇၀၆၊ ၁၀.၇၀၇၊ ၁၀.၇၀၈၊ ၁၀.၇၀၉၊ ၁၀.၇၁၀၊ ၁၀.၇၁၁၊ ၁၀.၇၁၂၊ ၁၀.၇၁၃၊ ၁၀.၇၁၄၊ ၁၀.၇၁၅၊ ၁၀.၇၁၆၊ ၁၀.၇၁၇၊ ၁၀.၇၁၈၊ ၁၀.၇၁၉၊ ၁၀.၇၂၀၊ ၁၀.၇၂၁၊ ၁၀.၇၂၂၊ ၁၀.၇၂၃၊ ၁၀.၇၂၄၊ ၁၀.၇၂၅၊ ၁၀.၇၂၆၊ ၁၀.၇၂၇၊ ၁၀.၇၂၈၊ ၁၀.၇၂၉၊ ၁၀.၇၃၀၊ ၁၀.၇၃၁၊ ၁၀.၇၃၂၊ ၁၀.၇၃၃၊ ၁၀.၇၃၄၊ ၁၀.၇၃၅၊ ၁၀.၇၃၆၊ ၁၀.၇၃၇၊ ၁၀.၇၃၈၊ ၁၀.၇၃၉၊ ၁၀.၇၄၀၊ ၁၀.၇၄၁၊ ၁၀.၇၄၂၊ ၁၀.၇၄၃၊ ၁၀.၇၄၄၊ ၁၀.၇၄၅၊ ၁၀.၇၄၆၊ ၁၀.၇၄၇၊ ၁၀.၇၄၈၊ ၁၀.၇၄၉၊ ၁၀.၇၅၀၊ ၁၀.၇၅၁၊ ၁၀.၇၅၂၊ ၁၀.၇၅၃၊ ၁၀.၇၅၄၊ ၁၀.၇၅၅၊ ၁၀.၇၅၆၊ ၁၀.၇၅၇၊ ၁၀.၇၅၈၊ ၁၀.၇၅၉၊ ၁၀.၇၆၀၊ ၁၀.၇၆၁၊ ၁၀.၇၆၂၊ ၁၀.၇၆၃၊ ၁၀.၇၆၄၊ ၁၀.၇၆၅၊ ၁၀.၇၆၆၊ ၁၀.၇၆၇၊ ၁၀.၇၆၈၊ ၁၀.၇၆၉၊ ၁၀.၇၇၀၊ ၁၀.၇၇၁၊ ၁၀.၇၇၂၊ ၁၀.၇၇၃၊ ၁၀.၇၇၄၊ ၁၀.၇၇၅၊ ၁၀.၇၇၆၊ ၁၀.၇၇၇၊ ၁၀.၇၇၈၊ ၁၀.၇၇၉၊ ၁၀.၇၈၀၊ ၁၀.၇၈၁၊ ၁၀.၇၈၂၊ ၁၀.၇၈၃၊ ၁၀.၇၈၄၊ ၁၀.၇၈၅၊ ၁၀.၇၈၆၊ ၁၀.၇၈၇၊ ၁၀.၇၈၈၊ ၁၀.၇၈၉၊ ၁၀.၇၉၀၊ ၁၀.၇၉၁၊ ၁၀.၇၉၂၊ ၁၀.၇၉၃၊ ၁၀.၇၉၄၊ ၁၀.၇၉၅၊ ၁၀.၇၉၆၊ ၁၀.၇၉၇၊ ၁၀.၇၉၈၊ ၁၀.၇၉၉၊ ၁၀.၈၀၀၊ ၁၀.၈၀၁၊ ၁၀.၈၀၂၊ ၁၀.၈၀၃၊ ၁၀.၈၀၄၊ ၁၀.၈၀၅၊ ၁၀.၈၀၆၊ ၁၀.၈၀၇၊ ၁၀.၈၀၈၊ ၁၀.၈၀၉၊ ၁၀.၈၁၀၊ ၁၀.၈၁၁၊ ၁၀.၈၁၂၊ ၁၀.၈၁၃၊ ၁၀.၈၁၄၊ ၁၀.၈၁၅၊ ၁၀.၈၁၆၊ ၁၀.၈၁၇၊ ၁၀.၈၁၈၊ ၁၀.၈၁၉၊ ၁၀.၈၂၀၊ ၁၀.၈၂၁၊ ၁၀.၈၂၂၊ ၁၀.၈၂၃၊ ၁၀.၈၂၄၊ ၁၀.၈၂၅၊ ၁၀.၈၂၆၊ ၁၀.၈၂၇၊ ၁၀.၈၂၈၊ ၁၀.၈၂၉၊ ၁၀.၈၃၀၊ ၁၀.၈၃၁၊ ၁၀.၈၃၂၊ ၁၀.၈၃၃၊ ၁၀.၈၃၄၊ ၁၀.၈၃၅၊ ၁၀.၈၃၆၊ ၁၀.၈၃၇၊ ၁၀.၈၃၈၊ ၁၀.၈၃၉၊ ၁၀.၈၄၀၊ ၁၀.၈၄၁၊ ၁၀.၈၄၂၊ ၁၀.၈၄၃၊ ၁၀.၈၄၄၊ ၁၀.၈၄၅၊ ၁၀.၈၄၆၊ ၁၀.၈၄၇၊ ၁၀.၈၄၈၊ ၁၀.၈၄၉၊ ၁၀.၈၅၀၊ ၁၀.၈၅၁၊ ၁၀.၈၅၂၊ ၁၀.၈၅၃၊ ၁၀.၈၅၄၊ ၁၀.၈၅၅၊ ၁၀.၈၅၆၊ ၁၀.၈၅၇၊ ၁၀.၈၅၈၊ ၁၀.၈၅၉၊ ၁၀.၈၆၀၊ ၁၀.၈၆၁၊ ၁၀.၈၆၂၊ ၁၀.၈၆၃၊ ၁၀.၈၆၄၊ ၁၀.၈၆၅၊ ၁၀.၈၆၆၊ ၁၀.၈၆၇၊ ၁၀.၈၆၈၊ ၁၀.၈၆၉၊ ၁၀.၈၇၀၊ ၁၀.၈၇၁၊ ၁၀.၈၇၂၊ ၁၀.၈၇၃၊ ၁၀.၈၇၄၊ ၁၀.၈၇၅၊ ၁၀.၈၇၆၊ ၁၀.၈၇၇၊ ၁၀.၈၇၈၊ ၁၀.၈၇၉၊ ၁၀.၈၈၀၊ ၁၀.၈၈၁၊ ၁၀.၈၈၂၊ ၁၀.၈၈၃၊ ၁၀.၈၈၄၊ ၁၀.၈၈၅၊ ၁၀.၈၈၆၊ ၁၀.၈၈၇၊ ၁၀.၈၈၈၊ ၁၀.၈၈၉၊ ၁၀.၈၉၀၊ ၁၀.၈၉၁၊ ၁၀.၈၉၂၊ ၁၀.၈၉၃၊ ၁၀.၈၉၄၊ ၁၀.၈၉၅၊ ၁၀.၈၉၆၊ ၁၀.၈၉၇၊ ၁၀.၈၉၈၊ ၁၀.၈၉၉၊ ၁၀.၉၀၀၊ ၁၀.၉၀၁၊ ၁၀.၉၀၂၊ ၁၀.၉၀၃၊ ၁၀.၉၀၄၊ ၁၀.၉၀၅၊ ၁၀.၉၀၆၊ ၁၀.၉၀၇၊ ၁၀.၉၀၈၊ ၁၀.၉၀၉၊ ၁၀.၉၁၀၊ ၁၀.၉၁၁၊ ၁၀.၉၁၂၊ ၁၀.၉၁၃၊ ၁၀.၉၁၄၊ ၁၀.၉၁၅၊ ၁၀.၉၁၆၊ ၁၀.၉၁၇၊ ၁၀.၉၁၈၊ ၁၀.၉၁၉၊ ၁၀.၉၂၀၊ ၁၀.၉၂၁၊ ၁၀.၉၂၂၊ ၁၀.၉၂၃၊ ၁၀.၉၂၄၊ ၁၀.၉၂၅၊ ၁၀.၉၂၆၊ ၁၀.၉၂၇၊ ၁၀.၉၂၈၊ ၁၀.၉၂၉၊ ၁၀.၉၃၀၊ ၁၀.၉၃၁၊ ၁၀.၉၃၂၊ ၁၀.၉၃၃၊ ၁၀.၉၃၄၊ ၁၀.၉၃၅၊ ၁၀.၉၃၆၊ ၁၀.၉၃၇၊ ၁၀.၉၃၈၊ ၁၀.၉၃၉၊ ၁၀.၉၄၀၊ ၁၀.၉၄၁၊ ၁၀.၉၄၂၊ ၁၀.၉၄၃၊ ၁၀.၉၄၄

***မဖ့ဆစ်ဒ်/ မဖ်ဆဒါဟ်* (*Mafāsid / Mafsadah*)** (စာပိုဒ် ၂.၁၇၊ ၅.၅၊ အပိတ်မှတ်စု ၁၇၆၊ ၁၇၈၊ ၁၈၄၊ ၁၈၅၊ ၁၈၈၊ ၁၈၉ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဖဆ္ဒာဒ် ဖစ်လ်-အရ်ဒ် / အစ်ဖ်ဆ္ဒာဒ် ဖစ်လ်-အရ်ဒ်၊ မဆားလိဟ်/မက်စ်လဟဟ်၊ ရှာရီယာဟ်၊ ဖစ်ဂ်*)။

အစ္စလာမ့်ဥပဒေနှင့် ကျင့်ဝတ်ဗေဒတွင် ပျက်စီးဆုံးရှုံးမှုအတွက် ဝေါဟာရမှာ *မဖ့ဆစ်ဒ်* (ဧကဝုစ်ကိန်း *မဖ်ဆဒါဟ်*)ဖြစ်သည်။ *ဖဆ္ဒာဒ်* ကဲ့သို့ပင် မူရင်းပုဒ် *ဖ-ဆ-ဒ* မှ ဆင်းသက်လာသည်။ *ဖဆ္ဒာဒ်*ကဲ့သို့ပင် ၄င်းက လော်လည်ဖောက်ပြန်စေခြင်း၊ ယိုယွင်းနိမ့်ပါးစေခြင်း၊ သိမ်ဖျင်းယုတ်ညံ့စေခြင်း၊ ပျက်စီးဆုံးရှုံးစေခြင်း၊ ဖျက်ဆီးခြင်းနှင့် အပျက်အစီး ဟု အဓိပ္ပါယ်ဆောင်သည်။ အစ္စလာမ့် ဓမ္မသတ်ပညာတွင်၊ လုပ်ရပ်အားလုံးတို့အား ၄င်းတို့၏ အကျိုးဆက်များနှင့် စပ်လျဉ်း၍ ကောင်းကျိုးများနှင့် ပျက်စီးဆုံးရှုံးမှု ဆိုးကျိုးများအသွင်ဖြင့် ဆန်းစစ်ကြသည်။ *မဆားလိဟ်*နှင့် *မဖ့ဆစ်ဒ်* ဟူသော သဘောတရားသည် ကုန်ကျမှုနှင့် အကျိုးကျေးဇူးဟူသော လောကီ အတွေးအမြင်နှင့် ဆင်တူသည်။ သို့သော် ထပ်တူထပ်မျှ တူညီခြင်းမဟုတ်ပေ။ မွတ်စ်လင်မ် လူတစ်ဦးချင်း၊ အုပ်ချုပ်ရေးမှူးများ၊ ဥပဒေပြုအမတ်များနှင့် ဥပဒေပညာရှင် ဓမ္မသတ်မှူးများသည် အဖန်ဆင်းခံ အားလုံးတို့အပေါ် လူသားတို့၏ လုပ်ရပ်များမှ ဖြစ်ထွန်းလာသည့် ထိခိုက်ပျက်စီးစေမှုများကို ရှောင်လွှဲပေးရန် တာဝန်ရှိကြသည်။ ထိုသို့ ပြုလုပ်ရာတွင်၊ ပိုမို၍ အားကြီးပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများကိုလည်းကောင်း၊ သက်ဆိုင်ပါဝင်သည့် အမျိုးမျိုးသော ထိခိုက်မှုများ၏ အရေးပေါ်လိုအပ်ချက်နှင့် အရေးပါမှုတို့ကို အလေးသာစေသော ပျက်စီးစေမှုများကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုနှင့် အကျိုးကျေးဇူးတို့၏ သေချာမှုနှင့် ဖြစ်တန်စွမ်းကိုလည်းကောင်း၊ သက်ရောက်မှုဒဏ်ခံရသူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုကို အထောက်အပံ့အကူအညီမပါဘဲ ကာကွယ်တားမြစ်နိုင်စွမ်းကိုလည်းကောင်း ဖော်ထုတ်သတ်မှတ်ရန် ကြိုးပမ်းလေ့ရှိကြသည်။ အကျိုးကျေးဇူးတစ်ခု ရရှိရန် အားထုတ်ရာတွင် ၄င်းနှင့် ဆင်တူသော သို့မဟုတ် ပိုမို၍ ကြီးမားသော ပမာဏရှိသည့် မလွှဲမရှောင်နိုင်သော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် ဖြစ်ရပ်များတွင်၊ ပျက်စီးဆုံးရှုံးမှုကို ရှောင်လွှဲမှုကို ပို၍ ဦးစားပေးသည်။ ယင်းအချက်က နာကျည်းဖွယ်ရာ သို့မဟုတ် ပြင်ဆင်၍ မရနိုင်မည့် ထိခိုက်နာကျင်စေမှု ဖြစ်နိုင်ခြေ အန္တရာယ်ရှိသည့် အပြုအမူများကို တားမြစ်ပိတ်ပင်သင့်သည်ဟူသည့် ကြိုတင်သတိပြုကာကွယ်မှု စည်းမျဉ်းနှင့် စပ်ဆိုင်နေသည်။

***မဆာလိဟ်/မက်စ်လာဟဟ်* (*Masālih / Maslahah*)** (စာပိုဒ် ၂.၁၇၊ ၅.၄၊ ၅.၅၊ အပိတ်မှတ်စု ၄၅၊ ၁၆၆၊ ၁၇၄၊ ၁၇၈-၁၈၅၊ ၁၈၉၊ ၂၃၆ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အစ်လားဟ် ဖစ်လ်-အရ်ဒ်၊ မဖ့ဆစ်ဒ်/မဖ်ဆဒါဟ်၊ ရှာရီယာဟ်၊ ဖစ်ဂ်*)။

အစ္စလာမ့်ဥပဒေနှင့် ကျင့်ဝတ်ဗေဒတွင် အကျိုးကျေးဇူးအတွက် ဝေါဟာရမှာ *မဆာလိဟ်* (ဧကဝုစ်ကိန်း *မက်စ်လာဟဟ်*) ဖြစ်သည်။ *ဆ္ဘာလိဟ်* ကဲ့သို့ပင် မူရင်းပုဒ် *ဆ္ဘ-လ-ဟ* မှဆင်းသက်လာပြီး၊ ယင်းကဲ့သို့ပင် ကောင်းသော၊ ကောင်းကျိုးရှိသော၊ ကျန်းမာသော၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကောင်းကျိုးဖြစ်ထွန်းစေသောနှင့် မှန်ကန်သောအရာဟု အဓိပ္ပါယ်ဆောင်သည်။ ယင်းသည် ကမ္ဘာမြေပေါ်ရှိ တာဝန်သိ တာဝန်ကျေသော *ခိလာဖာဟ်* ကို ရုပ်လုံးပေါ်စေသည့် ကောင်းမွန်သော လုပ်ရပ်များဟူသော သဘောတရားနှင့် အတူတူပင်ဖြစ်ပြီး၊ ဤမြေကမ္ဘာကို အမွေဆက်ခံရရှိခြင်းဖြင့် ဆုလာဘ် ချီးမြှင့်ခံရပေသည် (ဤသဘောတူကြေညာစာတမ်း၏ စာပိုဒ် ၂.၁၈-၂.၁၉ ကို ကြည့်ပါ။ ၄င်းသည် *မဖ့ဆစ်ဒ်* နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ဆည်းကပ်ခြင်းနှင့် ကမ္ဘာမြေပေါ်ရှိ လူသား၏ တာဝန်ဝတ္တရားကို ဖြည့်ဆည်းဆောင်ရွက်မှုတို့အတွက် ကောင်းမွန်သော လုပ်ရပ်၊ အလုပ်တို့သည် မရှိမဖြစ် အရေးပါပေသည်။ အစ္စလာမ့် ဓမ္မသတ်ပညာရပ်တွင်၊ လုပ်ရပ်အားလုံးတို့အား ၄င်းတို့၏ အကျိုးဆက်များနှင့် စပ်လျဉ်း၍ ကောင်းကျိုးများ (*မဆားလိဟ်*)နှင့် ပျက်စီးဆုံးရှုံးမှု (*မဖ့ဆစ်ဒ်*) ဆိုးကျိုးများအသွင်ဖြင့် ဆန်းစစ်ကြသည်။ *မဆားလိဟ်*နှင့်

မဖ့ဆစ်ဒ် ဟူသော သဘောတရားသည် ကုန်ကျမှုနှင့် အကျိုးကျေးဇူးဟူသော လောကီ အတွေးအမြင်နှင့် ဆင်တူသည်။ သို့သော် ထပ်တူထပ်မျှ တူညီခြင်းမဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ ကောင်းကျိုးချမ်းသာ သာယာဝပြောမှုသည် လက်ရှိလောကအတွင်းရှိ လက်ငင်း ကောင်းကျိုးချမ်းသာနှင့် နောင်တမလွန်ဘဝရှိ အဆုံးစွန်သော ကောင်းကျိုးချမ်းသာတို့ကိုပါ လွှမ်းခြုံထားသည်။ အကြောင်းမှာ လူသားတို့အား ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည့် အရာရာတိုင်းကို ခွင့်ပြုထားခြင်းမရှိ၍ ဖြစ်သည်။ ရှိရှိသမျှသော အဖန်ဆင်းခံအားလုံးတို့၏ ကောင်းကျိုးချမ်းသာ (*မဆာလိဟ် အယ်လ် ခလ်ကိ ကားဖ်ဖာဟ်* (*masālih al-khalqi kāffah*))ကိုပါ ထည့်သွင်း လွှမ်းခြုံထားသည်။ မည်သည့် မျိုးစိတ် သို့မဟုတ် မျိုးဆက်ကိုမျှ ထည့်သွင်းစဉ်းစားခြင်းမှ ဖယ်ထုတ်ထားသည် မရှိချေ။ မွတ်စ်လင်မ် လူတစ်ဦးချင်း၊ အုပ်ချုပ်ရေးမှူးများ၊ ဥပဒေပြုအမတ်များနှင့် ဥပဒေပညာရှင် ဓမ္မသတ်မှူးများအနေဖြင့် အဖန်ဆင်းခံ သတ္တဝါအပေါင်းတို့၏ ဘုံကောင်းကျိုးကို ရည်သန်ရည်စူးကြရန် တာဝန်ရှိပေသည်။ အကျိုးစီးပွားအားလုံးတို့အား သဟဇာတဖြစ်စေလျက်၊ အားလုံးတို့ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်သင့်ပေသည်။ ၄င်းတို့အနေဖြင့် အားလုံးသော အကျိုးစီးပွားများအား ကျေနပ်အောင် မစွမ်းနိုင်သည့်အခါ၊ ပတ်သက် သက်ဆိုင်နေသည့် အမျိုးမျိုးသော အကျိုးစီးပွားများ၏ အလျင်လိုမှုနှင့် အရေးပါမှုကို နှိုင်းဆပြီး၊ ပိုမိုသာလွန်ကြီးမားသော အကျိုးစီးပွားကိုလည်းကောင်း၊ အကျိုးကျေးဇူး သို့မဟုတ် ထိခိုက်နစ်နာမှုဖြစ်ထွန်းရန် သေချာမှု သို့မဟုတ် ဖြစ်တန်စွမ်းကိုလည်းကောင်း၊ သက်ရောက်မှုဒဏ်ခံရသူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုကို အထောက်အပံ့အကူအညီမပါဘဲ ကာကွယ်တားမြစ်နိုင်စွမ်းကိုလည်းကောင်း ဖော်ထုတ်သတ်မှတ်ရန် ကြိုးပမ်းလေ့ရှိကြသည်။

***မီဇာန်း* (*Mīzān*)** (စာပိုဒ် ၁.၁၊ ၁.၂၊ ၁.၉၊ ၁.၂၁၊ ၂.၁၀၊ ၂.၁၁၊ ၂.၁၉၊ ၄.၂၂၊ ရှေ့လမ်းစဉ်၊ အပိတ်မှတ်စု ၄၈၊ ၁၅၁၊ ၁၅၂ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ခလ်ဂ်/အာယာဟ်/အာယားသ်၊ ဖစ်ဃရာ၊ ဟက်က/ဟူကူးက်၊ အစ်လားဟ် ဖစ်လ်-အရ်ဒ်၊ အစ်က်သိဆွားဒ်*)

မျခြေ၊ ဘက်မျညီမျမှုဟု အဓိပ္ပါယ်ရသော အာရဗီ ဝေါဟာရ *မီဇာန်* သည် ချိန်တွယ်ခြင်း၊ ဘက်မျညီမျမှုရှိခြင်း၊ မျခြေ၊ အချိုးအစား၊ သဟဇာတဖြစ်မှု၊ အပြန်အလှန်ဖြစ်မှု၊ သာတူညီမျမှု၊ မျတမှုနှင့် တရားမျတမှုတို့ကို ဆိုလိုသော မူရင်း ပုဒ် *ဝ-ဇ-န* မှ ဆင်းသက်လာသည်။ ကျမ်းတော်မြတ်ကုရ်အာန်က အချင်းချင်းချိတ်ဆက်နေပြီး၊ အပြန်အလှန် အမှီသဟဲပြုနေကြသော ခပ်သိမ်းသော အရာတို့ကို သဟဇာတဖြစ်စွာ ပေါင်းစပ်ထားသည့် စကြာဝဠာ၏ မျခြေ (အယ်လ်-မီဇာန်း)ကို ဖော်ပြထားသည် (၁၅း၁၉-၂၀၊ ၅၅း၇-၁၀)။ စကြာဝဠာ၏ ဘက်မျညီမျမှု သို့မဟုတ် မျခြေဖြစ်ထွန်းမှုကို ကျမ်းတော်မြတ် ကုရ်အာန်တွင် အယ်လ်-ကစ်သ် (သာတူညီမျမှု၊ မျတမှုနှင့် တရားမျတမှု)နှင့် ဆက်စပ်ပေးထားသည် (၅၇း၂၅၊ ၆း၁၅၂)။ မူလကနဦးကတည်းက တည်ရှိသော စကြာဝဠာဆိုင်ရာ ဘက်မျညီမျမှုကို အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းခဲ့ပြီး၊ ထိန်းသိမ်းထားသဖြင့်၊ ကျွန်ုပ်တို့၏ ကူးလူးဆက်ဆံမှုများနှင့် အလုံးစုံသော စီးပွားရေးလုပ်ဆောင်ချက်များသည် ယင်းအပေါ်တွင် အခြေခံရမည်ဖြစ်သည်။

***မုဟ်သဆွစ်ဘ်* (*Muhtasib*)** (စာပိုဒ် ၅.၇၊ ၅.၃၂၊ အပိတ်မှတ်စု ၂၅၃၊ ၂၅၅ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အယ်လ်-အမဲရ် ဘစ်လ် မအာရူးဖ်၊ အန်း-နဟ်ဳင်း အန်နဟ်-မုန်ကဲ၏၊ ဟစ်ဘာဟ်၊ ဟက်က/ဟူကူးက်*)။

ဟစ်ဘာဟ် (အထက်တွင်ကြည့်ပါ)ဟူသော ဝေါဟာရမှ ဆင်းသက်လာသော စကားလုံး မုဟ်သဆွစ်ဘ် ဟူသည် *ဟစ်ဘာဟ်*ကို လက်တွေ့အကောင်အထည်ဖော်ခြင်းအတွက် တာဝန်ပေးခြင်းခံရသည့် အရာရှိကို ရည်ညွှန်းသည်။ ဈေးများ၊ လမ်းများ၊ အဆောက်အဦများ၊ ရေစီးမြောင်းများ၊ *ဟိမာ*းများနှင့် ထိုနည်းနှင်နှင်အရာတို့ကို

စုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးအသွင် ၄င်း၏ ရာထူးနှင့် သက်ဆိုင်သည့် အစွလာမ့်ဥပဒေဆိုင်ရာ ဓမ္မသတ်ဖြတ်ထုံးများနှင့် နှံ့နှံ့စပ်စပ် အကျွမ်းဝင်သည့် *မုဟ်သဆွစ်ဘ်* သည် (ဓမ္မသတ်)ဥပဒေပညာရှင်တစ်ဦးဖြစ်သည်။ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ ညစ်ညမ်းပစ္စည်းများအား ဖယ်ရှားခြင်းတို့နှင့် သက်ဆိုင်သော စည်းကမ်းပြဋ္ဌာန်းချက်များနှင့် စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်နှင့် အနှောင့်အယှက်များကို သုတ်သင်ရှင်းလင်းခြင်း၊ *ဟိမားး*များကို ချိုးဖောက်ခြင်းနှင့် ကျူးကျော်ဝင်ရောက်ခြင်းတို့မှ ကာကွယ်ခြင်းနှင့် တိရစ္ဆာန်တို့၏ အခွင့်အရေးများနှင့် သာယာဝပြောမှု ကောင်းကျိုးချမ်းသာကို ထိန်းသိမ်းခြင်းတို့ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားအများအပြားသည် *မုဟ်သဆွစ်ဘ်*၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ပါသည်။ အစွလာမ့်တရားရုံးများ၏ အဖြည့်အကူသဖွယ် လည်ပတ်ဆောင်ရွက်လျက်၊ *ရှာရီယာဟ်*၏ ရည်ရွယ်ချက်နှင့် တန်ဖိုးများကို မချိုးဖောက်သည့် ဒေသဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့် အကျင့်အကြံ (*အားဖ် ဝ အားဒ်ဒါဟ်*)တို့နှင့်အတူ *ရှာရီယာဟ်*အပေါ် အခြေခံသည့် ရုတ်တရက်ရှောင်တခင်ပြုလုပ်ရသည့် စီရင်ဆုံးဖြတ်မှုများပြုလုပ်ရန်၊ နစ်နာကြေး/လျော်ကြေးငွေ စိစစ်သတ်မှတ်ခြင်း၊ အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာကို ထိန်းသိမ်းအာမခံပေးနိုင်ရန်အလို့ငှာ ဒဏ်ကြေးနှင့် အခြားသော ပြစ်ဒဏ်များကို ပြဋ္ဌာန်းနိုင်သည့် ကျယ်ပြန့်သော ကိုယ်ပိုင်ဆင်ခြင်ဉာဏ်နှင့် စီရင်ဆုံးဖြတ်နိုင်မှုအာဏာ *မုဟ်သဆွစ်ဘ်*တွင် ရှိပေသည်။

***ရဗ္ဗ အယ်လ်-အားလမီးန်* (*Rabb al-'ālamīn*)** (စာပိုဒ် ၁.၁၊ ၁.၂၁၊ ၂.၂၊ ၂.၅၊ ၂.၆၊ ၂.၁၆၊ ၂.၂၂၊ ၂.၂၃၊ ၃.၁-၃.၅၊ ၃.၈၊ ၃.၁၀၊ ၃.၁၄၊ ၃.၁၅၊ ၄.၂၃၊ ၅.၂၊ ၅.၆၊ ၅.၂၁၊ ၅.၂၈၊ ၅,၃၅၊ ရှေ့လမ်းစဉ်၊ တောင်းဆုပတ္ထနာ၊ အပိတ်မှတ်စု ၃၂၊ ၇၃၊ ၈၀၊ ၉၅၊ ၉၆၊ ၁၆၅၊ ၁၉၃၊ ၂၀၆၊ ၂၃၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အလ္လာဟ်၊ သောင်ဟီးဒ်၊ အစ္စလာမ်၊ အိဘားဒါဟ်၊ သက္ကဝါ၊ အိဟ်စာန်၊ ရဟ်မာဟ်၊ ရှုကုရ်၊ ခလီဖာဟ် ဖစ်လ်-အရ်ဒ်/ခိလာဖာဟ် ဖစ်လ်-အရ်ဒ်၊ ခလ်ဂ်*)။

ကျမ်းတော်မြတ်ကုရ်အာန်က အလ္လာဟ်အရှင်မြတ်အား "စကြာဝဠာခပ်သိမ်းတို့၏ အရှင်" (*ရဗ္ဗ အယ်လ်-အားလမီးန်*) (၁း၁)အဖြစ် ချီးမွမ်းထောပနာပြုခြင်းဖြင့် စတင်ဖွင့်လှစ်ပါသည်။ ထိုဖော်ပြချက်ကို စကားလုံးနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ *ရဗ္ဗ* ဟူသော စကားရပ်သည် တစ်ဖက်တွင် ကျွန်ုပ်တို့ ခဝပ်ကိုးကွယ်ရာ အရှင်သခင်ဟု အဓိပ္ပါယ်ရပြီး၊ အခြားတစ်ဖက်တွင် အရာတစ်ခုချင်းစီကို ဖြစ်တည်လာစေသော ထိန်းသိမ်းစောင့်ရှောက်သူ၊ ထိုမှ ထိုအရာတို့ကို ရိက္ခာပေး ကျွေးမွေးသော အရှင်၊ ပြုစုပျိုးထောင်သော၊ ဖွံ့ဖြိုးတိုးတက်စေသော၊ ၄င်း၏ လမ်းဆုံးကြမ္မာပန်းတိုင်မရောက်မချင်း လမ်းညွှန်ပေးသော အရှင်ဟု အဓိပ္ပါယ်ရသည့် အာရဗီ မူရင်းပုဒ် *ရ-ဘ-ဘ* မှ ဆင်းသက်လာသည်။ ဒုတိယစကားလုံးမှာ သိသည်၊ အသိပညာရှိသည်၊ သတိမူသည်၊ သိမြင်သည်၊ သင်ယူသည်၊ ခွဲခြားသိမြင်သည်ဟု အနက်ဆောင်သော အာရဗီမူရင်းပုဒ် *'-လ-မ* မှ ဆင်းသက်လာသော *အယ်လ်-အားလမီးန်* (*al-'ālamīn*)ဟူသော စကားလုံးဖြစ်သည်။ သို့ဖြင့် နာမ်ပုဒ် *'အာလမ်* သည် သိရှိခံရနိုင်ခြေရှိသည့် အရာများ၊ တည်ရှိနေသော အရာများနှင့် သက်ရှိလောက ဟု အဓိပ္ပါယ်ရသည်။ ဗဟုဝုစ်ကိန်း နာမ်ပုဒ် *အားလမီးန်* က ဖြစ်တည်မှုတို့၏ လောကခပ်သိမ်း ဟု အဓိပ္ပါယ်ဆောင်ပါသည်။ အယ်လ်-အားလမီးန် ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အက်-သဘရီ၏ အဋ္ဌကထာကျမ်း (At-Tabarī's tafsīr)က "ဤသို့ ဆိုလော့၊ အဖန်ဆင်းခံအားလုံး (မိုးကောင်းကင်များနှင့် ၄င်းတွင်ရှိကြကုန်သော သိနိုင်မြင်နိုင်သော အရာများအားလုံးနှင့် မသိနိုင်မမြင်နိုင်သော အရာများအားလုံး၊ ကမ္ဘာမြေခပ်သိမ်းနှင့် ၄င်းတွင် ရှိကြသော သိနိုင်မြင်နိုင်သော အရာအားလုံးနှင့် မသိနိုင်မမြင်နိုင်သော အရာများအားလုံး)ကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာပြုခြင်းအပေါင်းကို ခံထိုက်တော်မူပါ၏" ဟူသည့် အစ်ဘနေ အဘတ်စ် သခင်၏ မိန့်ဆိုချက်ကို ကိုးကားပါသည်။ ထို့ပြင်၊ ၄င်းကျမ်းက အာလမ် (ကမ္ဘာလောက)ဟူသော ဝေါဟာရက အွမ်မာဟ် သို့မဟုတ် အစုအဖွဲ့ အသိုက်အဝန်း ပုံစံတစ်မျိုးကို ဆိုလိုသည် ဟု ဖော်ပြသည်။ လူသားများ၏ လောကနှင့် ဂျင်တို့၏ လောကနှင့် အဖန်ဆင်းခံ အခြား အမျိုးအစား သို့မဟုတ်

မျိုးစိတ်တစ်ခုချင်းစီတို့၏ လောကတို့ကို ဆိုလိုပါသည်။ ထို့ပြင်၊ လူသား၊ ဂျင်နှင့် အဖန်ဆင်းခံ အခြားအမျိုးအစား သို့မဟုတ် မျိုးစိတ်တစ်ခုချင်းစီ၏ ခေတ်အပိုင်းအခြားတစ်ခု သို့မဟုတ် မျိုးဆက်တစ်ခုသည်လည်း လောကတစ်ခုပင်ဖြစ်သည်။ ထို့အတွက်၊ *အယ်လ်-အားလမီးန်* သည် အဖန်ဆင်းခံအားလုံးတို့ ပါဝင်လွှမ်းခြုံထားသည်။ ထို့အတွက် *အားလမီးန်* (လောကကမ္ဘာများ)၏ အရေးကြီးသော ရှုထောင့်မျက်နှာစာတစ်ခုမှာ ကျွန်ုပ်တို့ မသိနိုင်သော အရှိတရား၏ မြောက်မြားလှစွာသော မျက်နှာစာများကို ဆင်ခြင်သုံးသပ်ရန်အတွက် ကျွန်ုပ်တို့၏ သိရှိသတိမူမိခြင်း၏ မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်စေသည် ဟူသည့်အချက်ပင်ဖြစ်သည်။ အချိန်အများအပြားတွင်၊ ကျွန်ုပ်တို့သည် *ရှဖ အယ်လ်-အားလမီးန်* ကို ထိုဝေါဟာရ၏ ကျင့်ဝတ်ပိုင်းနှင့် ကိုယ်ကျင့်ဗေဒအရ ညွှန်းဆိုမှုများကို အာရုံစိုက်ရန်အတွက် "ဝေနေယျခပ်သိမ်းတို့၏ အရှင်"ဟု ဘာသာပြန်ဆိုခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် မျိုးစိတ်အားလုံး၊ မျိုးဆက်အားလုံးနှင့် အဖန်ဆင်းခံ တစ်ခုချင်းစီတိုင်း၏ အရှင်ဖြစ်တော်မူပါ၏။ အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းဖြစ်ပြီး၊ အဖန်ဆင်းခံ ဝေနယျခပ်သိမ်းတို့၏ အရှင်ဟု ကျွန်ုပ်တို့ အသိအမှတ်ပြုလက်ခံပါလျှင်၊ ထိုအရှင်အား ပုံအပ်ခဝပ်ကိုးကွယ်ခြင်းက အရှင့်၏ အဖန်ဆင်းခံ တစ်ရပ်လုံးအပေါ် အဆုံးစွန်သော ကောင်းမှုပြုခြင်းကို လိုအပ်စေသည်ဟူသည့်အချက်ကို ကျွန်ုပ်တို့သိရှိကြပါသည် (အကြောင်းမှာ အဖန်ဆင်းခံ ဝေနယျခပ်သိမ်းတို့တွင် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံဖြစ်ခြင်းဟူသော ဂုဏ်ကြောင့် ယင်းတို့တွင် ကိန်းအောင်းနေသော ထိုက်တန်မှုနှင့် တန်ဖိုးတို့ ရှိနေကြသည့်အတွက်ဖြစ်သည်)။

ရှဟ်မဟ် **(*Ramah*)** (စာပိုဒ် ၁.၁၊ ၂.၆၊ ၂.၈၊ ၂.၁၂၊ ၂.၁၆၊ ၂.၂၃၊ ၃.၅၊ ၃.၁၄၊ ၃.၂၇၊ ၃. ၁၇၊ ၃.၁၉၊ ၃.၂၀၊ ၃.၂၄၊ ၄.၁၁၊ ၅.၂။ ရှေ့လမ်းစဉ်၊ အပိတ်မှတ်စု ၃၇-၃၉၊ ၄၇၊ ၆၉၊ ၇၈၊ ၇၉၊ ၁၀၃၊ ၁၈၉ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အိဟ်စာန်၊ သက္ကဝါ၊ ရှကုရ်၊ ခလ်ဂ်၊ အာယာဟ်/အာယားသ်၊ ရှဖ အယ်လ်-အားလမီးန်၊ အီဘားဒါဟ်*)

အာရဗီစကားလုံး *ရှဟ်မဟ်* သည် သနားကြင်နာမှု၊ ကရုဏာတရားနှင့် အမျိုးသမီးတို့၏ သားအိမ်ဟု အဓိပ္ပါယ်ဆောင်သော မူရင်းပုဒ် *ရ-ဟ-မ* မှ ဆင်းသက်လာသည်။ ၄င်းသည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတော်၊ သနားကြင်နာမှုနှင့် ကရုဏာတရားမှသည် လူသားနှင့် အခြား အဖန်ဆင်းခံ သတ္တဝါများ၏ ကရုဏာတရားနှင့် သနားကြင်နာမှုတို့အထိ လွှမ်းခြုံပါဝင်သော၊ ကရုဏာတရားနှင့် သနားကြင်နာမှု တို့ကို ဆိုလိုသည်။ ဝေနယျခပ်သိမ်းတို့၏ အရှင်နှင့် ထိန်းသိမ်းစောင့်ရှောက် ထောက်ပံ့ပေးတော်မူသော အရှင်သည် အနှိုင်းမဲ့ သနားကြင်နာတော်မူသော၊ အနှိုင်းမဲ့ ကရုဏာထားတော်မူသော အရှင်ဖြစ်ပါ၏။ အလ္လာဟ်အရှင်မြတ်၏ အလုံးစုံလွှမ်းခြုံနိုင်သော သနားကြင်နာမှု၊ ကောင်းချီးမင်္ဂလာတော်နှင့် ကရုဏာတို့၏ အတိုင်းအဆသည် ကျွန်ုပ်တို့ တွေးတောဆင်ခြင်သိမြင်နိုင်သည်ထက် ပိုမို၍ ကြီးမားလှပါ၏ (၇း၁၅၆)။ အလ္လာဟ်အရှင်မြတ်သည် ဤစကြာဝဠာအား ဘုန်းအသရေတော်၊ လှပတင့်တယ်မှုတို့ဖြင့် ပြည့်နှက်နေစေခဲ့ပြီး၊ သက်ရှိဝေနယျခပ်သိမ်းတို့အား ၄င်းတို့ရော ကျွန်ုပ်တို့ပါ ယင်းဘုန်းအသရေတော်နှင့် လှပတင့်တယ်မှုတို့ကို သိမြင်နိုင်စေမည့် အမျိုးမျိုးသော အာရုံတို့ကို ပေးအပ်ထားပေသည်။ ကျေးဇူးတုံ့ပြန်ရန် အကောင်းဆုံးနည်းလမ်းမှာ ထိုအရှင်အား ခဝပ်ကိုးကွယ်ဝတ်ပြုခြင်းပင်ဖြစ်သည်။ အနှိုင်းမဲ့ သနားကြင်နာတော်မူသော၊ အနှိုင်းမဲ့ ကရုဏာထားတော်မူသော အရှင်အား ကျွန်ုပ်တို့ မည်သို့ ခဝပ်ကိုးကွယ် အမှုတော်ထမ်းနိုင်ပါသနည်း။ နဗီတမန်တော်မူဟမ္မဒ် (ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကိုယ်တော်သခင်အပေါ် ကျရောက်ပါစေ)က "ကရုဏာတရား ထားရှိသူတို့အား အနှိုင်းမဲ့ ကရုဏာတော်ရှင်က ကရုဏာတရား ပြသပေသည်။ ကမ္ဘာမြေပေါ် ရှိသူတို့အား ကရုဏာကို ထင်ရှားပြသပါလော့၊ မိုးကောင်းကင်တွင်ရှိသော အရှင်က သင့်ကို ကရုဏာတရားကို ထင်ရှားပြသပေလိမ့်မည်"ဟု မိန့်တော်မူခဲ့ပေသည်။ အုမာရ် အဘ်ဒ်-အလ္လာဟ်၊ "သနားကြင်နာမှု" ကိုကြည့်ပါ။

***ရိဘာ* (*Ribā*)** (စာပိုဒ် ၄.၆၊ ၄.၂၀၊ ၄.၂၁၊ အပိတ်မှတ်စု ၁၄၆ ကိုကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *ဖဆ္ဒာဒ် ဖစ်လ်-အရ်ဒ်/အစ်ဖ်ဆ္ဒာဒ် ဖစ်လ်-အရ်ဒ်၊ အစ်ရားဖ်၊ သဇ်ကိယာဟ်* (*tazkiyah*)၊ *ဇကားဟ်*)
တိုးလာသည်၊ ကြီးထွားလာသည် သို့မဟုတ် ကျော်လွန်သည်ဟု အဓိပ္ပါယ်ရသော မူရင်းပုဒ် *ရ-ဘ-ဝ* မှ ဆင်းသက်လာသော *ရိဘာ* ဟူသော စကားရပ်သည် အတိုးအည္ဆန့်၊ ငွေတိုး တို့ကို ရည်ညွှန်းသည်။ အတိုးယူခြင်း အပါအဝင် ကြီးလွန်းသော အတိုးနှုန်းဖြင့် ငွေချေးစားခြင်း သို့မဟုတ် ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်းမှ မတရားသော၊ ခေါင်းပုံဖြတ် ဂုတ်သွေးစုပ်မှုမှ ရရှိသည့် အကျိုးအမြတ်ဖြစ်သော *ရိဘာ* ကို အစ္စလာမ်က တားမြစ်ထားသည်။ အကြွေးပုံစံအားဖြင့် မရှိသည့် အရာမှ ပိုက်ဆံဖန်တီးခြင်းနှင့် ထိုအကြွေးပေါ်တွင် အတိုးယူခြင်း အပြင် ယေဘုယျအားဖြင့် စီးပွားရေးအရ မတရားမှုတို့နှင့်လည်း *ရိဘာက* သက်ဆိုင်သည်။ *ရိဘာမှတဆင့်* အခြားသူများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်သော သူများအား ကျမ်းတော်မြတ်ကုရ်အာန်က ပြစ်တင်ရှုံချထားပြီး၊ ဤလောကတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း ရှိမည့် ပြစ်ဒဏ်ကို ၄င်းတို့အား သတိပေးထားသည် (၂း၂၇၅-၂၈၁)။ ကြွယ်ဝချမ်းသာသူက မဖူလုံသူအပေါ် ခေါင်းပုံဖြတ်သည့်ပုံစံဖြစ်သော အာဏာအခြေခံ ဆက်ဆံရေး၊ တိုးရင်းပေါင်းသဘောဖြင့် ကြီးထွားလာသော ဘာမျှမရှိခဲ့သည့်အရာမှ ဖန်တီးထားသည့် ငွေရင်းကို ပြန်လည်ပေးချေရန် ပိုမိုပင်ပန်းခက်ခဲစွာ အလုပ်လုပ်စေရန် ငွေချေးထားသူကို ဖိအားပေးသည့် ပုံစံဖြစ်သော အာဏာအခြေခံ ဆက်ဆံရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူက အကာကွယ်မဲ့သူကို ခြယ်လှယ်သည့် ပုံစံဖြစ်သော အာဏာအခြေခံ ဆက်ဆံရေးကို လှစ်ဟပြသနေသည်။ အဆုံးစွန်အဆင့်တွင် ကမ္ဘာတစ်ဝှမ်းမှ ဂေဟစနစ်ကို ယိုယွင်းပျက်စီးစေသည့် ၄င်းတို့၏ လိုသည်ထက်ပိုမိုချဲ့ကားထားသော လူနေမှုပုံစံဖြင့် နေထိုင်နိုင်စေရန်အလို့ငှါ ကြွယ်ဝချမ်းသာသူများက အမှန်တကယ်မရှိနေသည့် ပိုက်ဆံကို အသုံးပြုကြသည်။ *ရိဘာ* အားဖြင့် တွန်းအားပေး မောင်းနှင်သော စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်ထွန်းကားမှုအပေါ် အခြေခံသည့် ခေတ်ပြိုင် စီးပွားရေးစနစ်သည် ပင်ကိုယ်သဘာဝအားဖြင့် ငတ်မပြေသော စားသုံးမှုဖြစ်သည်၊ ရေရှည်မတည်တံ့နိုင်၊ ထို့ပြင် အစ္စလာမ်၏ မူစည်းမျဉ်းများနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်လေသည်။

***ရှာရီယာဟ်* (*Sharī'ah*)** (စာပိုဒ် ၅.၂-၅.၇၊ ၅.၁၂၊ ၅.၂၇-၅.၂၉၊ ၅.၃၂၊ အပိတ်မှတ်စု ၁၆၅-၁၇၅၊ ၁၈၆၊ ၁၉၁၊ ၁၉၂ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဖစ်ဂ်၊ ဟက်က/ဟူကူးဂ်၊ မဆာလိဟ်/မက်စ်လာဟဟ်၊ မဖ္ဟာဆစ်ဒ်/မဖ်ဆဒါဟ်*)
၄င်း၏ ဝေါဟာရရင်းမြစ်အားဖြင့်၊ *ရ-ရ-၎* မှ ဆင်းသက်လာသော စကားရပ် *ရှရီယာဟ်*သည် ရေ၊ ရှင်သန်မှု၏၊ ရင်းမြစ် ဆီသို့ ဦးတည်သော ကျယ်ပြန့်သည့်လမ်း သို့မဟုတ် လျှောက်ပြီးသားလမ်း အပြင်၊ အဓိက ရေရင်းမြစ် (မြစ် သို့မဟုတ် ပင်လယ်)ဆီသို့ ဦးတည်သည့် မြစ်လက်တက်တစ်ခုဟု အဓိပ္ပါယ်ရသည်။ သက်ရှိပုံစံအားလုံးတို့၏ အရေးပါမှုနှင့် တန်ဖိုးတို့က ဤဝေါဟာရ၏ သင်္ကေတဆန်သော ဆိုလိုမှု နှစ်ရပ်လုံးတွင် သွယ်ဝိုက်ထင်ဟပ်နေသည်။ နောင်တမလွန်လောကတွင် ဝိဉာဉ်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာရရှိရေးပန်းတိုင်သို့ အသေချာဆုံး လမ်းကို ရှာဖွေတွေ့ရှိရန် လူသားတို့ ကိုးကားကြရသည့် လမ်းပြမြေပုံအလား *ရှရီယာဟ်*ဖြင့် လူသားတို့သည် လောကနှစ်ခုအကြား ခရီးသွားကြသည့် ခရီးသည်များသာ ဖြစ်သည့်အတွက် *ရှရီယာဟ်* သည် သေဆုံးမှုနှင့် တမလွန်ဘဝတို့နှင့်လည်း သက်ဆိုင်နေသည်။ ၄င်း၏ ရည်ရွယ်ချက်မှာ ဝေနေယျခပ်သိမ်းတို့၏ အနှိုင်းမဲ့ သနားကြင်နာတော်မူသော၊ အနှိုင်းမဲ့ ကရုဏာတော်ရှင်၏ အလိုဆန္ဒတော်ကို မည်သို့ ဖြည့်ဆည်းဆောင်ရွက်ကြရမည်ကို လမ်းညွှန်ပေးရန်ဖြစ်သည်။ ကျင့်ဝတ်နှင့်အညီဆုံး၊ ကိုယ်ကျင့်တရားနှင့် အကိုက်ညီဆုံး နည်းလမ်းအားဖြင့် လူသားတို့ (တစ်ကိုယ်ရည်တစ်ကာယ အားဖြင့်လည်းကောင်း၊ အစုအဖွဲ့ သဘောအားဖြင့်လည်းကောင်း) ဘဝကို မည်သို့ ရှင်သန်နေထိုင်ရမည်ကို လမ်းညွှန်ပေးရန်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ကိုယ်ကျင့်တရားဗေဒနှင့် ဥပဒေဆိုင်ရာ ဘာသာရပ်တို့သည် အနှစ်သာရအားဖြင့် တစ်ခုတည်း၊ အတူတူပင် ဖြစ်ပေသည်။

*ရှရီယာဟ်*အား မကြာခဏပင် "အစ္စလာမ့်ဥပဒေ"ဟု ဘာသာပြန်ဆိုလေ့ရှိကြသည်။ သို့သော်လည်း၊ ဘာသာရေးနှင့် နိုင်ငံရေးခွဲခြားထားသော လူ့အဖွဲ့အစည်းများမှ လူများအတွက်မူ၊ ဘာသာရေးဥပဒေဟူသော အယူအဆမှာ စိတ်ရှုပ်ထွေးဖွယ်ဖြစ်သည်။ ဥပဒေဟူသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခု လည်ပတ်ခြင်းနှင့် လူတစ်ဦးချင်း၏ လွတ်လပ်မှုများကို ကာကွယ်ပေးခြင်းအတွက် မရှိမဖြစ် အရေးပါသည့်ဟု အသိအမှတ်ပြုကြလင့်ကစား၊ ဥပဒေဟူသည် အနည်းဆုံးအားဖြင့် နူးညံ့နွေးထွေးမှုကင်းမဲ့ပြီး၊ အတန်ငယ်သော မနှစ်မြို့ဖွယ်ရာဟု ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလေ့ရှိကြသည်။ ၄င်းကို လိုအပ်သော မကောင်းမှုမိစ္ဆာတစ်ကောင်မျှလောက်သာ ရှုမြင်လေ့ရှိကြသည်။ ထိုသို့ပြီးတကား၊ လူတစ်ဦးသည် အဘယ်ကြောင့် ရှေ့နေတစ်ဦးကို ရှာဖွေပါသနည်း။ တရားစွဲဆိုမှုပြုလုပ်ရန် သို့မဟုတ် မိမိကိုယ်ကိုယ်အတွက် ခုခံချေပမှုမှုပေးရန်၊ အခွန်အတုပ်ကို အနည်းဆုံးသော ပမာဏသာ မည်သို့ ပေးဆောင်ရမည်ကို နည်းလမ်းရှာရန်၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း စာချုပ်စာတမ်းတစ်ခုတွင် သို့မဟုတ် ကွာရှင်းမှုတစ်ခုတွင် မိမိအတွက် အကျိုးအများဆုံး သဘောတူညီမှု စကားရပ်များကို ရရှိစေရန်ဖြစ်သည်။ ယုံကြည်သက်ဝင်မှု၏ ဝိဉာဉ်ရေးရာနှင့် ကိုယ်ကျင့်ဗေဒဆိုင်ရာ တန်ဖိုးများမှ အလှမ်းကွာလှပါဘိ။ အစ္စလာမ့် ယဉ်ကျေးမှုတွင်မူ *ရှာရီယာဟ်*ဟူသည်ကို အတော်အတန် ကွဲပြားခြားနားစွာ ရှုမြင်ကြပါသည်။ *မုဖ်သီ* (*muftī*) သို့မဟုတ် အစ္စလာမ့်ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ရှာဖွေဆည်းပူးခြင်း၏ အတွေ့ရအများဆုံး အကြောင်းပြချက်မှာ သက်ဆိုင်ရာ အခြေအနေတစ်ရပ်တွင် ကိုယ်ကျင့်တရားနှင့် အကိုက်ညီဆုံး၊ ကျင့်ဝတ်အားဖြင့် အမှန်ကန်ဆုံး လုပ်ရပ်သည် မည်သည့်လုပ်ရပ်ဖြစ်သည်၊ ဝေနေယျခပ်သိမ်းတို့၏ အရှင်ကို အကျေနပ်စေဆုံးနှင့် ထာဝရတည်မြဲမည့် ဝိဉာဉ်ရေးရာ ကောင်းချီးမင်္ဂလာဆီသို့ အသေချာဆုံး ဦးတည်ခေါ်ဆောင်သွားမည့် လုပ်ရပ်မှာ မည်သည့်လုပ်ရပ်ဖြစ်သည်ကို မေးမြန်းရန်ပင်ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်နှင့် *စွန္နာဟ်* (နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းခြီးမင်္ဂလာ အဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကိုယ်တော်သခင်အပေါ် ခညောင်းပါစေသား)၏ ကျင့်ဝတ်စံပြု အမူအကျင့်) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာဥပဒေ၊ မိသားစု ဥပဒေ၊ ပြစ်မှု ဥပဒေ၊ ပဋိညာဉ် ဥပဒေ၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတို့ကဲ့သို့သော ဥပဒေပညာ၏ အမျိုးမျိုးသော နယ်ပယ်များအပြင်၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သီးသန့် ကိုယ်ကျင့်ဗေဒဆိုင်ရာ ကိစ္စရပ်များပါဝင်သည့် လူသားတို့၏ အပြုအမူတိုင်းကို လွှမ်းခြုံသော *ရှာရီယာဟ်*၏ အခြေခံအုတ်မြစ် ဖြစ်စေပါသည်။ လုပ်ရပ်တစ်ခုချင်းစီကို လက်ရှိ လောက၏ ရုပ်ပိုင်းဆိုင်ရာ နယ်ပယ်တွင်သာမက၊ နောင်တမလွန်ဘဝ၏ ဝိဉာဉ်ရေးရာ နယ်ပယ်တွင်ပါ ၄င်းက မည်ရွေ့မည်မျှ ကောင်းရာနှင့် မည်ရွေ့မည်မျှ ဆိုးကျိုးအန္တရာယ်ဖြစ်စေရာ သို့ ဦးတည်စေနိုင်သည်ကို သတ်မှတ်ပြဋ္ဌာန်းရန် စိစစ်စစ်ဆေးသည်။ လုပ်ရပ်များကို ငါးဆင့်ငါးလွှာရှိသော အချိန်အတွယ်နှင့်အညီ အကဲဖြတ်စိစစ်သည်။ လုပ်ရပ်တစ်ခုသည် မပြုမနေရဖြစ်နိုင်သည်၊ အားပေးသောလုပ်ရပ်ဖြစ်နိုင်သည်၊ ခွင့်ပြုထားသော လုပ်ရပ်ဖြစ်နိုင်သည်၊ မနှစ်မြို့ဖွယ် လုပ်ရပ်ဖြစ်နိုင်သည် သို့မဟုတ် တားမြစ်ပိတ်ပင်ထားသော လုပ်ရပ်ဖြစ်နိုင်သည်ဟူသည့် အချင်အတွယ် ငါးဆင့်ဖြစ်သည်။ သို့အားဖြင့် *ရှာရီယာဟ်* သည် တားမြစ်ပိတ်ပင်ခြင်းနှင့် ရှောင်ကြဉ်စေခြင်းသက်သက်မျှသာ မဟုတ်ဘဲ၊ ဖြစ်သင့်ဖြစ်ထိုက်သည်နှင့် စပ်လျဉ်းသည့် ကိုယ်ကျင့်တရားဆိုင်ရာ လမ်းကြောင်းကို ပုံဖော်လမ်းညွှန်ပေးသည့် ပြုလုပ်ရန် စေခိုင်းလမ်းညွှန်ခြင်းလည်း ဖြစ်ပေသည်။ တရားရုံးများ၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အလွန်အရေးပါသည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များအပြင်၊ *ရှာရီယာဟ်*သည် လူတစ်ဦးချင်းနှင့် လူမှုအသိတရားအားဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော အပြုအမူများ၏ စံချိန်စံညွှန်းများကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေးသည်။ တရားရုံးများ မစွမ်းနိုင် ပျက်ကွက်သည့် အခါများတွင်ပင် သို့မဟုတ် အစ္စလာမ့်တရားရုံးများ မရှိသည့် နေရာများတွင်ပင်၊

ယုံကြည်သက်ဝင်သူများအနေဖြင့် အမြဲတစေ ရည်သန်အပ်သော စံနှုန်းများကို သတ်မှတ်ဖော်ပြထားပေသည်။ *ရှာရီယာဟ်*၏ အဆုံးစွန်သော ရည်မှန်းချက်မှာ အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ ကောင်းကျိုးချမ်းသာ သာယာဝပြောမှု (*မဆာလိဟ် အယ်လ်-ခလ်ဂ်* သို့မဟုတ် *မဆာလိဟ် အယ်လ်-အိဘာဒ်* (*masālih al-khalq* သို့မဟုတ် *masālih al-'ibād*)ကို တိုးမြင့်စေရန်ပင်ဖြစ်သည်။ ဥပဒေနှင့် ကိုယ်ကျင့်ဗေဒဆိုင်ရာ ပညာရပ်ကိုသော်လည်းကောင်း၊ *ရှာရီယာဟ်*ကို လူသားတို့ နားလည်သိမြင်ရန် အားထုတ်မှုနှင့်၊ ထိုအားထုတ်မှု၏ ရလဒ်များဖြစ်ကြသည့် မွတ်စ်လင်မ် ပညာရှင်များ၏ ဥပဒေဆိုင်ရာ စီရင်ထုံးများ (ဓမ္မသတ်များ)ဟူသော အနက်အဓိပ္ပါယ်အားဖြင့် လူသားတို့ ဖန်တီးဖြစ်ပေါ်စေသည့် "အစ္စလာမ့်ဥပဒေ"၏ ဓမ္မဒိဋ္ဌာန်ကျသော (ဥပဒေ)ဩဝါဒထုကိုသော်လည်းကောင်း ရည်ညွှန်းသည့် *ဖစ်ဂ်* (အထက်တွင်ကြည့်ပါ)နှင့် မတူကွဲပြားစွာပင်၊ *ရှာရီယာဟ်* ဟူသည် အမှားမကင်းသည့် လူသားတို့၏ ချို့ယွင်းချက်များက မထိခိုက်စေနိုင်သည့် ဘုရားသခင်က ပြဋ္ဌာန်းထားသော လမ်းစဉ်တော်ကို ရည်ညွှန်းပါသည်။ သို့အားဖြင့် ၁၄ရာစုနှစ် ဓမ္မသတ်ပညာရှင် အစ်ဗနေ ကေယင်မ် အယ်လ်-ဂျော်ဇီယာဟ် ဤကြေညာချက်ကို ဖြစ်စေခဲ့ပေသည်။

ရှာရီယာဟ်၏ အခြေခံအုတ်မြစ်သည် ဤလောကနှင့် နောင်တမလွန်လောကရှိ အလွှာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ကြသူများ (လူသားများနှင့် အခြားသော အဖန်ဆင်းခံ ဝေနေယျများ)၏ ဉာဏ်ပညာနှင့် ကောင်းကျိုးချမ်းသာပင်ဖြစ်သည်။ ၎င်းသည် တရားမျှတမှု သက်သက်၊ သနားကြင်နာမှုသက်သက်၊ ကောင်းကျိုးသက်သက်နှင့် ဉာဏ်ပညာသက်သက်သာဖြစ်ပေသည်။ သို့အတွက်၊ တရားမျှတမှုမှ ဖိနှိပ်မှုသို့၊ သနားကြင်နာမှုမှ ၎င်း၏ ဆန့်ကျင်ဘက်ဆီသို့၊ ကောင်းကျိုးဖြစ်ထွန်းမှုမှ ထိခိုက်နစ်နာစေမှုဆီသို့၊ သို့မဟုတ် ဉာဏ်ပညာမှ အချည်းနှီးအနှစ်သာရ ကင်းမဲ့မှုဆီသို့ သွေဖည်စေသော မည်သည့် ဖြစ်ရပ်မျိုးမဆိုသည် အနက်ပြန်ဆိုမှုအားဖြင့် ၎င်း(*ရှာရီယာဟ်*ဟူသော စကားရပ်)ကို မိတ်ဆက်တင်သွင်းလာနိုင်ခြေရှိသည့်တိုင်၊ *ရှာရီယာဟ်*နှင့် သက်ဆိုင်ခြင်းမရှိပါပေ။ အကြောင်းမူကား၊ *ရှာရီယာဟ်*ဟူသည် အရှင့်အား ခဝပ်ကိုးကွယ်ဆည်းကပ်ကြသူတို့အကြားမှ အလွှာဟ်အရှင်မြတ်၏ တရားမျှတမှု၊ အရှင့်၏ ဖန်ဆင်းခံများအကြားမှ အရှင့်၏ အသနားတော်၊ အရှင့်၏ ကမ္ဘာမြေပေါ် ရှိ အရှင့်၏ အရိပ်တော် (*အစ်လ်လာမ် အယ်လ်- မုဝက်ကာအီးန် အန် ရှဗ္ဗ အယ်လ်-အားလမီးန်၊ ဖစလ် ဖိ သက်ဟီယား အယ်လ်-ဖဃဝါ ဝ အစ်က်သိလားဖိဟာ*)ဖြစ်သည့်အတွက် ဖြစ်ပေသည်။

ရှုကုရ် **(*Shukr*)** (စာပိုဒ် ၂.၄၊ ၃.၅၊ ၃.၆၊ ၃.၇၊ ၅.၈၊ အပိတ်မှတ်စု ၈၀-၈၃၊ ၁၉၆၊ ၂၅၉ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ရှဗ္ဗ အယ်လ်-အားလမီးန်၊ အိဟ်စားန်၊ ခလ်ဂ်၊ အစ်ဆွလာဟ် ဖိလ်-အရ်ဒ်*)။

ကျေးဇူးတင်စိတ်ဖြင့်အသိအမှတ်ပြုခြင်း၊ ကျေးဇူးတင်ခြင်းနှင့် ကျေးဇူးတုံ့ပြန်ခြင်းဟု အနက်ဆောင်သော မူရင်းပုဒ် *ရှ-က-ရ* မှ ဆင်းသက်လာသော ဝေါဟာရ *ရှုကုရ်*သည် ကျေးဇူးတရားကို ဖော်ပြသည်၊ ကျေးဇူးတင်သည်၊ အသိအမှတ်ပြုသည်၊ အသိအမှတ်ပြုလက်ခံသည်နှင့် ဝေနေယျခပ်သိမ်းတို့၏ အရှင် အလွှာဟ်အရှင်မြတ်အထံတော်မှ ကောင်းချီးမင်္ဂလာကို ဖော်ထုတ်ပြသသည်ဟု အဓိပ္ပါယ်ရသည်။ ၎င်း၏ ဆန့်ကျင်ဘက်မှာ ကုဖ်ရ် (တိုက်ရိုက်အားဖြင့် ကျေးဇူးမသိခြင်း၊ ဖုံးကွယ်သည်၊ ဖုံးလွှမ်းသည်၊ မေ့လျော့သည်၊ လျစ်လျူရှုသည်၊ သို့မဟုတ် ကောင်းချီးမင်္ဂလာကို ငြင်းပယ်သည်)ဖြစ်သည်။ သို့အတွက် *ကုဖ်ရ်* သည် အစ္စလာမ်သာသနာတွင် ယုံကြည်မှုမရှိခြင်း၊ မယုံကြည် ငြင်းပယ်ခြင်းအတွက် စကားလုံးဖြစ်သည်။ အနှိုင်းမဲ့ သနားကြင်နာတော်မူသောအရှင်၏ ကောင်းခြီးမင်္ဂလာတော်အပေါ် ကျွန်ုပ်တို့၏ တုံ့ပြန်မှုမှာ ကျေးဇူးသိစိတ်ကို ဖော်ပြရန်နှင့် အသိအမှတ်ပြုရန်၊ အရှင့်၏ ကောင်းခြီးမင်္ဂလာတော်များအတွက် ကျေးဇူးတင်ရန်ပင်ဖြစ်သည် (၃၆း၃၃-၃၅)။ ဖန်ဆင်းခြင်းအတွင်းမှ လှပတင့်တယ်မှု၊ ဆင်ယင်ခြယ်သမှုနှင့် ခန့်ညားထည်ဝါမှုတို့ကို ဖော်ပြသော၊ ယင်းဖန်ဆင်းမှုကို အရသာခံစားရန်နှင့် ယင်းတွင် ဝမ်းမြောက်ဝမ်းသာရှိကြရန် ကျွန်ုပ်တို့ကို နှိုးဆော်လှုပ်နှိုးသော ကျမ်းတော်မြတ်ကုရ်အာန်၏

စာသားများတွင် ပြဆိုထားသည့်အတိုင်း စကြာဝဠာအတွင်းက လှုပတင့်တယ်မှုအပေါ် ဝမ်းမြောက်ဝမ်းသာရှိကြရန်လည်းကောင်း၊ ကျွန်ုပ်တို့၏ စိတ်ခံစားချက်များအပြင် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ကျမ်းတော်မြတ်ကုရ်အာန်က ကျွန်ုပ်တို့အား နှိုးဆော်ထားတော်မူသည်။ အလွှာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနည်းတူပင်၊ *ရွာကုရ်* ကိုလည်း နှလုံးသားဖြင့်ခံစားကာ၊ နှုတ်ခမ်းများဖြင့် ဖော်ပြကြသော်လည်း၊ ကောင်းသော အလုပ်များ လုပ်ခြင်း (*အယ်လ်-အခ်္ခ်မာလ် အက်စ် ဆွားလိဟာဟ်၊ အက်စ် ဆွားလိဟားသ်*)တွင်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများအပေါ် အမြင့်ဆုံးသော ကောင်းမှုဖြစ်သော လုပ်ရပ်များ (*အီဟ်စာန်*)တွင်လည်းကောင်း ကျွန်ုပ်တို့၏ ခြေလက်များကလည်း ဖော်ကြူးရန်လည်း လိုအပ်ပါသည်။ အလွှာဟ်အရှင်မြတ်၏ ကောင်းခြီးမင်္ဂလာတော်များအပေါ် ကျေးဇူးသိတတ်မှုကို ၄င်းကောင်းခြီးမင်္ဂလာတို့ကို ထိန်းသိမ်းခြင်းနှင့် တိုးပွားစေခြင်းအားဖြင့်လည်းကောင်း၊ ၄င်းတို့ကို ဖန်ဆင်းရခြင်း ရည်ရွယ်ချက်နှင့်အညီ ၄င်းတို့ကို ကောင်းစွာ အသုံးပြုခြင်းအားဖြင့်လည်းကောင်း ပြသကြသည်။

***ရှ်ူရာ* (*Shūrā*)** (စာပိုဒ် ၄.၂၅၊ ၅.၂၇။ အပိတ်မှတ်စု ၁၅၈၊ ၁၆၃ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဟက်က/ဟူကူးက်၊ မဆားလိဟ်/မက်စ်လာဟဟ်၊ မဖ္ဖားဆွစ်ဒ်/မဖ်ဆွဒါဟ်*)။

အချက်ပြခြင်း၊ လက်မှတ်ထိုးခြင်း၊ ဖော်ပြခြင်း၊ ညွှန်ပြခြင်းနှင့် ဖိတ်ခေါ်ခြင်းဟု အဓိပ္ပါယ်ဆောင်သော အာရဗီမူရင်းပုဒ် *ရ-ဝ-ရ* မှ ဆင်းသက်လာသော *ရှ်ူရာ* သည် အပြန်အလှန် တိုင်ပင်နှီးနှောခြင်းနှင့် အကြံပြုဆွေးနွေးခြင်းဟု အဓိပ္ပါယ်ရသည်။ ပြည်သူပြည်သားတို့၏ အခြေခံအခွင့်အရေးတစ်ရပ်မှာ ၄င်းတို့၏ သာယာဝပြောမှု ကောင်းကျိုးချမ်းသာရှိမှုအပေါ် သက်ရောက်မှုရှိသည့် အရေးကိစ္စအဝဝတို့တွင် တိုင်ပင်နှီးနှောခြင်းပင်ဖြစ်သည်။ ကမ္ဘာမြေပေါ် ရှိ ခလီဖွာဟ် တစ်ဦးအဖြစ် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်းတို့ကို ၄င်းတို့ဘဝဖြင့် ၄င်းတို့ ပြုလုပ်ခဲ့သည့်အရာများနှင့် စပ်လျဉ်းပြီး တရားစီရင်မည့်နေ့တွင် အထီးတည်း စီရင်ဆုံးဖြတ်ခံရမည်ဖြစ်သည်။ ဤကြီးလေးလွန်းလှသည့် တာဝန်ဝတ္တရားက စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ဖြစ်စဉ်များတွင် ထိရောက်စွာ ပါဝင်လုပ်ဆောင်နိုင်မှုဆိုင်ရာ လွတ်လပ်မှုကို လိုအပ်စေပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်က "၄င်းတို့၏ အမှုကိစ္စများတွင် အချင်းချင်းညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြသောသူများ"(၄၂း၃၈)သည် အလွှာဟ်အရှင်မြတ်အထံတော်မှ ပိုမိုကောင်းမွန်ပြီး၊ ပိုမို တာရှည်ခံသည့် ဆုလာဘ်များ ချီးမြှင့်ခံရမည်ဟု ကတိပြုထားတော်မူပါသည်။ လူမှုအခြေခံ အစုအဖွဲ့များနှင့် လူမျိုးအခြေခံ အစုအဖွဲ့များ အားလုံးတို့မှ လူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ တိုင်ပင်ဆွေးနွေးညှိနှိုင်းရမည်။ အခွင့်အရေးများကို အပြည့်အဝ မဆောင်ကြဉ်း အာမမခံပေးနိုင်သေးသမျှ ကာလပတ်လုံး အားနည်းအချည့်နဲ့ဆုံးသော သူများကို အင်အားအကြီးဆုံး လူများအဖြစ် မှတ်ယူရန်နှင့် ဥပဒေကို အပြည့်အဝ မလိုက်နာသရွေ့ အင်အားအကြီးဆုံးသူများကို အားနည်းအချည့်နဲ့ဆုံးသူများအဖြစ် မှတ်ယူရန်ဖြစ်သည်။ အုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် ၄င်းတို့၏ စီမံကိန်းများက ထိခိုက်သက်ရောက်မှုရှိသော သူများနှင့် တိုင်ပင်ဆွေးနွေး၍ (ရှူရာ) ဆောင်ရွက်ကြရန်လည်း ဝတ္တရားရှိပါသည်။ ဒေသန္တရအဆင့်တွင်၊ အဓိကကျသော အကျိုးစီးပွားဆက်နွယ်သူများ သို့မဟုတ် ၄င်းတို့၏ ကိုယ်စားလှယ်က ပါဝင်သည့် ပါဝင်လုပ်ဆောင်ပိုင်ခွင့်ရှိသော စီမံကိန်းရေးဆွဲခြင်းနှင့် အများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သည့် စီမံခန့်ခွဲမှုမှတစ်ဆင့် အကောင်းဆုံး အကောင်အထည်ဖော်နိုင်ပါသည်။

***သက္ကဝါ* (*Taqwā*)** (စာပိုဒ် ၁.၁၊ ၂.၁၂၊ ၂.၂၁၊ ၂.၂၂၊ ၃.၁၊ ၃.၃၊ ၃.၄၊ ၃.၆၊ ၃.၈၊ ၃.၉၊ ၃.၁၃-၃.၁၅၊ ၃.၂၀၊ ၃.၂၁၊ ၃.၂၃၊ ၃.၂၄၊ ၄.၁၀၊ ၄.၁၁၊ ၄.၂၁၊ ၅.၈၊ အပိတ်မှတ်စု ၆၉၊ ၁၀၃၊ ၁၁၈တို့ကို ကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *အလွှာဟ်၊ ရှုဖ အယ်လ်-အားလမီးန်၊ ခလ်ဂ်၊ ဟူရ်မာဟ်၊ အီဟ်စာန်၊ ရုဟ်မာဟ်၊ သောင်ဟီးဒ်*)။

မူရင်းပုဒ် *သ-က-ယ* မှ ဆင်းသက်လာသော အာရဗီစကားလုံး *သက္ကဝါ*သည် ကြောက်ရွံ့ခန့်ငြားမှုနှင့် ကြောက်ရွံ့ရိုသေမှု၊ အလွှာဟ်အရှင်မြတ်အား သတိမူခြင်းနှင့် ထိုအရှင်အား ကြောက်ရွံ့ခန့်ငြားခြင်း (အရှင့်၏ အဖန်ဆင်းခံများကို ဆက်ဆံပုံအားဖြင့် ထိုအရှင်အား စော်ကားမိခြင်းကို သတိပြုခြင်း)ဟု အဓိပ္ပါယ်ရသည်။ ခလစ်ဖ သမ္မတကြီး အုမရ် အစ်ဗနေ အယ်လ်-ခသွားဘ်က *သက္ကဝါ*ဟူသည်အား ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်လျက် ဆူးခြုံပုတ် (*စစ်ဒရ်*)ကို ဖြတ်လျှောက်ခြင်းနှင့် နှိုင်းယှဉ်ပြခဲ့သည်။ ခွန်မြ ငြိတွယ်တတ်သည့် ဆူးများအကြောင်းနှင့် ၄င်းတို့သည် မည်မျှ နာကျင်စေကြောင်း ရင်းနှီးကျွမ်းဝင်သူ တစ်ဦးသည် ၄င်းတို့ကို ဖြတ်လျှောက်သည့်အခါ လိုအပ်သည့် အလွန့်အလွန် သတိထား ဂရုစိုက်မှုကို နားလည်ပေလိမ့်မည်။ စာပေပညာရှင် ရန်ဒါ ဟမ်ဝီ ဒူဝါဂျီက သက္ကဝါ ကို အနက်ပြန်ဆိုရန်အတွက် "သတိမူ ဂရုဓမ္မထားမှု"ဟူသော စကားရပ်ကို အသုံးပြုခဲ့သည်။ နာမဝိသေသန *သက္ကီယီ* (*taqīy*)ကို မကြာခဏပင် "အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သော" နှင့် "အလွှာဟ်သိစိတ်ရှိသော"ဟု ပြန်ဆိုလေ့ရှိကြသည်။ Islam4u ဝဘ်ဆိုဒ်တွင်မူ၊ ၄င်းအား "အလွှာဟ်အရှင်မြတ်အား နှိုးကြားစွာသတိကပ်သော"ဟု သေသပ်စွာ ပြန်ဆိုသည်။ ဤသဘောတူကြေညာစာတမ်းတွင်၊ နာမ်ပုဒ် *သက္ကဝါ* ကို "ကြောက်ရွံ့ခန့်ငြားမှု"၊ "ရိုသေလေးမြတ်မှုအခြေခံ ဂရုပြုမှု" သို့မဟုတ် "ရိုသေကြောက်ရွံ့ခန့်ငြားမှု"ဟု အခြေအနေကိုလိုက်၍ ယေဘုယျ ပြန်ဆိုခဲ့ပြီး၊ ကြိယာပုဒ် *အစ်သကီ* (*ittaqi*)ကို "ကြောက်ရွံ့ခန့်ငြားသည်" သို့မဟုတ် "ဂရုဓမ္မပြုသည်"ဟု ပြန်ဆိုပြီး၊ နာမဝိသေသန *သက္ကယီ* ကို "ကြောက်ရွံ့ခန့်ငြားသော"၊ "ဂရုစိုက်သော"နှင့် "သတိထားသော"ဟု ပြန်ဆိုခဲ့ပါသည်။ အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့၏ အရှင်ဖြစ်သည်နှင့်အညီ၊ အရာတစ်ခုချင်းစီတိုင်းအပေါ် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အပြုအမူများတွင် ထိုအရှင်အား ကြောက်ရွံ့ခန့်ငြားမှု ရှိရန်ဖြစ်သည်။ *သက္ကဝါ*၏ စိတ်နေသဘောထား မှာ အရှင်မြတ်၏ အဖန်ဆင်းခံများအပေါ် ကျွန်ုပ်တို့၏ ဆက်ဆံမှုတွင် အမြင့်ဆုံး ဂရုစိုက်မှု၊ သတိကြီးမှုတို့ဖြင့် တွဲစပ်လျက် ဝေနယျခပ်သိမ်းတို့၏ အရှင်အပေါ် နက်ရှိုင်းလေးနက်သော အသိသတိရှိမှုနှင့် ကြောက်ရွံ့ခန့်ငြားမှုပင်ဖြစ်သည်။ ဤသဘောထားသည် မြင့်မြတ်မှု၏ အနှစ်သာရပင်ဖြစ်သည်။ ***"အသင်တို့အနက် အလွှာဟ်အရှင်မြတ်၏ အထံတော်တွင် အမြင့်မြတ်ဆုံးသူမှာ အလွှာဟ်အရှင်မြတ်အား အကြောက်ရွံ့ဆုံးသူပင်ဖြစ်ပေသည်"*** (၄၉း၁၃)။

***သက်စ်ခီယား* (*Taskhīr*)** (စာပိုဒ် ၂.၁၄၊ ၂.၁၅၊ အပိတ်မှတ်စု ၅၂-၅၅ တို့ကို ကြည့်ပါ။ အဓိက အာရဗီဝေါဟာရများ - *ခလ်ဂ်၊ ရွှက္ခ်၍*။

မူရင်းပုဒ် *စ-ခ-ရ*မှ ဆင်းသက်လာသော အာရဗီစကားလုံး သက်စ်ခီယား သည် အမှုတော်ထမ်းနိုင်မှုဟု အဓိပ္ပါယ်ဆောင်သည်။ စကြာဝဠာနှင့် ၄င်း၏အတွင်းမှ အရာအားလုံး၊ ပင်လယ်များ၊ တောင်တန်းများ၊ အပင်များနှင့် တိရစ္ဆာန်များသာမက၊ နေ့၊ ည၊ နေ၊ လနှင့် ကြယ်တာရာများသည်ပင် လူသားတို့ကို အမှုထမ်းဝန်ဆောင်ကြရသော အရာများ (*မူဆက်ခ်ခါး* (*musakhkhar*)) များအဖြစ် ကျမ်းတော်မြတ်ကုရ်အာန်တွင် ဖော်ပြထားသည်။ *မူဆက်ခ်ခါး* ဖြစ်ခြင်းဟူသည် ထိုအရာများသည် လူသားမျိုးနွယ်အတွက် ကောင်းကျိုး အကျိုးကျေးဇူးဟု ဆိုလိုသည်။ ၄င်းလူသားတို့၏ လွှမ်းမိုးအုပ်စိုးခံ သို့မဟုတ် လူသားတို့၏ ဩဇာခံဟု မဆိုလိုပါ။ ထို့အတူ ယင်းအချက်က ထိုအရာများအနေဖြင့် လူသားမျိုးနွယ်အပြင် အခြားသော မျိုးစိတ်များအားလည်း ကောင်းကျိုး အမှုတော်ထမ်းနေမှုကိုလည်း ပိတ်ပင်ထားခြင်း မရှိပါ။ အမှန်အားဖြင့် နေ့၊ ည၊ နေ၊ လနှင့် ကြယ်တာရာများသည် ယေဘုယျအားဖြင့် ကမ္ဘာမြေပေါ် ရှိ သက်ရှိ သတ္တဝါများကို အကျိုးဆောင်နေသည်မှာ ထင်ရှားလှပါသည်။ အလွှာဟ်အရှင်မြတ်က မည်သည့်နေရာတွင်မျှ လူသားတို့ကို အမှုတော်ထမ်းရွက်ရန်သာလျှင် (သို့မဟုတ် အဓိကအားဖြင့် အမှုတော်ထမ်းရွက်ရန် ဟူ၍ပင်) အခြားသော သတ္တဝါများကို ဖန်ဆင်းခဲ့သည်ဟု ဖော်ပြထားခြင်း မရှိပါ။ ထိုအရာများကို ကျွန်ုပ်တို့၏ သာယာပျော်ရွှင်မှုအတွက်သာ ဖန်ဆင်းခဲ့သည်ဟု ထင်မြင်ရန်မှာ ယုတ္တိမတန် ကြောင်းကျိုးဆီလျော်မှု ကင်းပေလိမ့်မည်။ စာပိုဒ် ၂.၁၅တွင် ဖော်ပြထားသကဲ့သို့၊ ဤအဖန်ဆင်းခံတို့တွင် လူသားတို့အား

အကျိုးတော်ဆောင်ခြင်းထက်လွန်သော၊ ထိုထက်ပိုမိုကြီးမားသော သာလွန်ကဲသည့် ရည်ရွယ်ချက်များ အလွှာဟ်အရှင်မြတ်တွင် ရှိကြောင်း ကောင်းစွာသိရှိကြပြီး၊ ကျမ်းတော်မြတ်ကုရ်အာန်က မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ဖန်ဆင်းခြင်းသည် လူသားတို့အား ဖန်ဆင်းခြင်းထက် ပိုမိုကြီးကျယ်ပေသည်ဟု မိန့်မြွက်ဖော်ပြထားသည် (၄၀း၅၇)။ သက်စ်ခီယား ဟူသော သဘောတရားအပေါ် ပိုမိုပြည့်စုံသော ဆန်းစစ်လေ့လာချက်များအတွက် Tlili, Sarra, *Animals in the Qur'an*, Cambridge University Press, 2012, 92- 115နှင့် Izzi Dien, *Environmental Dimensions of Islam*, 78, 128 တို့ကို ကြည့်ပါ။ Ri'āyat al-Bī'ah, 34-35 ကိုလည်း ကြည့်ပါ။ ထိုနည်းနှင့်နှင့်ပင်၊ "ထိုအရှင်မြတ်သည် သင်တို့အကျိုးအလို့ငှါ ပထဝီမြေတွင် ရှိရှိသမျှသော ဝတ္ထုအစုစုကို ဖန်ဆင်းတော်မူ၏" (၂း၂၉)ဟူသော ကျမ်းတော်မြတ်ကုရ်အာန်၏ ဝါကျနှင့် စပ်လျဉ်း၍ Izzi Dienက "'သင်တို့'ဟူသော စကားလုံးသည် ဤနေရာတွင် အချိန်ကာလအားဖြင့် သို့မဟုတ် နေရာဒေသအားဖြင့် အကန့်အသတ်မရှိဘဲ ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်ကြသော သတ္တဝါခပ်သိမ်းတို့ကို ရည်ညွှန်းပါသည်။ ယေဘုယျပြုမူစည်းမျဉ်းကို ဆန့်ကျင်သည့် အကြောင်းပြချက်မရှိသည့်အလျောက်၊ မွတ်စ်လင်မ် ပညာရှင်တို့အနေဖြင့် ကျမ်းစာ စာသား အနက်ပြန်ဆိုမှုတွင် ယေဘုယျပြုမူစည်းမျဉ်းကို လက်ခံကြသည့်အတွက်၊ အခြားသူများ ပြောနိုင်ကောင်း ပြောနိုင်သလို ဤကောက်ချက်သည် ယင်း၏ မူလ ရည်ရွယ်ချက်ကို လွန်သော အနက်အဓိပ္ပါယ်သို့ ချဲ့ကားရောက်ရှိခြင်းမရှိပါ" ဟု အဆိုပြုပါသည် (စာမျက်နှာ ၈၇-၈၈)။

***သောင်ဟီးဒ်* (*Tawhīd*)** (စာပိုဒ် ၂.၂၊ ၂.၅၊ ၃.၁၊ ၃.၂။ အပိတ်မှတ်စု ၃၄၊ ၃၅၊ ၇၁၊ ၇၂ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *အလ္လာဟ်၊ ရဗ္ဗ အယ်လ်-အားလမီးန်၊ သက္ကဝါ၊ အီဟ်စားန်၊ ခလ်ဂ်၊ အီဘားဒါဟ်၊ အစ္စလာမ်*)။

အလ္လာဟ်ဟုအရှင်မြတ်၏ တစ်ဆူတည်းဖြစ်မှုကို အခိုင်အမာမြွက်ဟခြင်းတည်းဟူသော *သောင်ဟီးဒ်* သည် တစ်ခုတည်းဖြစ်ခြင်း၊ တစ်ခုတည်းသဘော ဖြစ်တည်မှု၊ ထပ်တူမရှိ သီးသန့်ဖြစ်မှု၊ တစ်ခုတည်း သီးခြားဖြစ်မှု၊ ယှဉ်ဘက်ကင်းမှုနှင့် နှိုင်းယှဉ်စရာ မရှိမှုတို့ကို ဆိုလိုသော အာရဗီမူရင်းပုဒ် *ဝ-ဟ-ဒ* မှ ဆင်းသက်လာသည်။ *သောင်ဟီးဒ်* သည် အစ္စလာမ့် လမ်းညွှန်ယုံကြည်မှု၏ အဓိကကျောရိုးဖြစ်သည်။ ဘုရားသခင်၏ တစ်ဆူတည်းဖြစ်မှုဟူသည် ကျွန်ုပ်တို့၏ သက်ဝင်ယုံကြည်မှု၊ ယင်း၏ ရုပ်လွှန်ဓမ္မ၊ ယင်း၏ ကျင့်ဝတ်တရား၊ ယင်း၏ ဥပဒေသနှင့် ယင်း၏ နာမ်ပိုင်းဆိုင်ရာသဘောတို့၏ အခြေခံအုတ်မြစ်အဖြစ် ကျွန်ုပ်တို့ မွတ်စ်လင်မ်များက ယုံကြည်လက်ခံထားကြသည်။ အလ္လာဟ်အရှင်မြတ် (ချို့ယွင်းချက်အပေါင်းမှ လွန်မြောက်သန့်စင်ကြောင်း ချီးမွမ်းခြင်း ခံထိုက်သောအရှင်)က အရှင်၏ မည်သည့်အဖန်ဆင်းခံကိုမျှ အကျိုးမဲ့အချည်းနှီး မပြုခဲ့ပါပေ။ အရာတစ်ခုကို ထိုအရှင်မြတ် ဖန်ဆင်းခဲ့သည်ဟူသည့် အချက်ကိုယ်တိုင်က ထိုအရာအား ထိုအရာအတွင်း ကိန်းအောင်းနေသော ထိုက်တန်မှု တန်ဖိုးကို နှင်းအပ်ထားသည်။ ဘုရားသခင် တစ်ပါးတည်းတည်ရှိခြင်း (ခံယူချက်)၏ အဓိကအကျဆုံး ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆင့်ပွားဆိုလိုရင်းမှာ အရှင်၏ အဖန်ဆင်းခံများအားလုံးတို့အပေါ် ကျွန်ုပ်တို့ စွမ်းနိုင်သမျှ အကြီးမားဆုံး ကောင်းမှုပြုခြင်းအားဖြင့် ထိုတစ်ဆူတည်းသော ဘုရားသခင် (အရာခပ်သိမ်းတို့၏ အရှင်)ကို ဝတ်ပြုကိုးကွယ်ခြင်း (ထိုတစ်ဆူတည်းသော ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ခြင်း)ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်သည် အဖန်ဆင်းခံ သတ္တဝါအားလုံးတို့၏ တစ်ဆူတည်းသော အရှင်သခင်ဖြစ်သည်ကို အသိမှတ်ပြု လက်ခံပါက၊ ထိုအရှင်ကို သဒ္ဓါရိုကျိုးခဝပ်ခြင်းက ထိုအရှင်၏ အလုံးစုံသော ဖန်ဆင်းခံတို့အပေါ် အမြင့်ဆုံး ကောင်းမှုပြုခြင်းကို ပြဋ္ဌာန်းသည်ဟု သိမှတ်ရပေမည် (ထို့ပြင် အဖန်ဆင်းခံတစ်ခုချင်းစီကို *သက္ကဝါ* တရား (ယင်းတို့၏ ဖန်ဆင်းရှင်ကို ကြောက်ရွံ့ရိုသေခန့်ငြားခြင်းတရား)ဖြင့် ဆက်ဆံရပေမည်)။ ဘုရားသခင်၏ ဖန်ဆင်းခံရခြင်းတည်းဟူသော ဂုဏ်အားဖြင့် အဖန်ဆင်းခံ အရာအားလုံးတို့တွင် ကိုယ်ပိုင်ဖြစ်သော ထိုက်တန်မှုနှင့် တန်ဖိုးတို့ ရှိကြသည်။ ကျင့်ဝတ်ဗေဒဆိုင်ရာ ဆင်ခြင်စဉ်းစားခြင်းမှ အဖန်ဆင်းခံ

တစ်ခုခုအား ဖယ်ထုတ်လိုက်ခြင်းသည် *သောင်ဟီးဒ်* ဟူသော စည်းမျဉ်းကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့်၊ ကျွန်ုပ်တို့၏ အမြင့်ဆုံး ရည်စူးချက်ကို အရာခပ်သိမ်းတို့၏ ကောင်းကျိုးချမ်းသာထက် လျော့၍ ထားရှိခြင်းသည် ကိုယ်ကျင့်တရားနှင့် မကိုက်ညီမှု၊ ကျင့်ဝတ်ဖောက်ပြန်မှုပင်ဖြစ်သည်။ ယင်းသည် *သောင်ဟီးဒ်* ၏ အဓိကကျောရိုး ကျင့်ဝတ်နှင့်လျော်ညီသော တောင်းဆိုမှုကို ချိုးဖောက်ခြင်းဖြစ်သည်။

***သဇ်ကီယာဟ်* (*Tazkiyah*)** (စာပိုဒ် ၄.၂၀၊ ၄.၂၁။ အပိတ်မှတ်စု ၁၄၇၊ ၁၄၈ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *ဇကားဟ်၊ အစ်လားဟ် ဖစ်လ်-အရ်ဒ်၊ ခလ်ဂ်၊ အစ်ဂ်သီဆွာဒ်၊ ရိဘာ*)

ဇကားဟ် (အောက်တွင်ကြည့်ပါ)ဟူသော စကားရပ်ကဲ့သို့ပင်၊ အောင်မြင်ထွန်းကားခြင်း၊ တိုးတက်ခြင်းနှင့် တိုးပွားခြင်းတို့နှင့် အတူတကွ ကျင့်ဝတ် စင်ကြယ်မှု၊ စင်ကြယ်သန့်ရှင်းအောင်ပြုခြင်း၊ မှန်ကန်ခိုင်လုံကြောင်း ပြဆိုမှု၊ အပြစ်ကင်းမှုနှင့် ပြစ်တင်ခံရခြင်းကင်းမှုဟု ဆိုလိုသော မူရင်းပုဒ် ဇ-က-ဝ မှ ဆင်းသက်လာသည့် *သဇ်ကီယာဟ်* ဟူသော ဝေါဟာရသည် စင်ကြယ်သန့်ရှင်းအောင်ပြုခြင်းနှင့် တိုးတက်ထွန်းကားခြင်း နှစ်ခုစလုံးကို ဆိုလိုပါသည်။ အတိုးအည္ဇန့် (*ရိဘာ* - အထက်ကိုကြည့်ပါ)ဟူသော သဘောတရားဖြင့် သာဓကဆောင်သည့် လိုအပ်ချက်ရှိနေသူများကို ခေါင်းပုံဖြတ်ခြင်းကို အခြေခံသည့် စီးပွားရေးတိုးတက်မှုနှင့် ထင်ထင်ရှားရှား ဆန့်ကျင်သည့် သန့်ရှင်းစင်ကြယ်စေသာ အလှူဒါန (*ဇကားဟ် နှင့် သဇ်ကီယာဟ်*)တို့ဖြင့် သာဓကဆောင်သည့် စီးပွားရေးအဆောက်အဦးတစ်ရပ်ဟူသော မျှော်မှန်းချက်မြင်ကွင်းကို ရပ်ခံလှုံ့ဆော်သော ပါကစ္စတန်လူမျိုး စီးပွားရေး ပညာရှင် ခူရ်ရှိဒ် အဟ်မဒ် (Khurshid Ahmad)က စတင်ဖြန့်ဖြူးခဲ့သော သဘောတရားတစ်ရပ်ဖြစ်သည်၊ စင်ကြယ်စေသော အလှူဒါနဆန်သည့် လုပ်ရပ်များမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြရန် ဤဝေါဟာရကို အသုံးပြုသည်။ ကြွယ်ဝချမ်းသာမှုမှ အပိုအလျှံများကို မျှဝေပေးကမ်းခြင်းဖြင့် ထိုဥစ္စာဓနများကို စင်ကြယ် သန့်ရှင်းစေသကဲ့သို့ပင်၊ ကြွယ်ဝချမ်းသာသူများမှ လိုအပ်နေသူများထံသို့ ပစ္စည်းဥစ္စာများ လည်ပတ်စီးဆင်းခြင်းအားဖြင့် လူ့အဖွဲ့အစည်းများကို စင်ကြယ် သန့်ရှင်းစေလေသည်။ Izzi Dien, *Environmental Dimensions of Islam*, 132, 133။ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် မတူကွဲပြားစွာပင် စင်ကြယ်စေသော အလှူဒါနမှ တဆင့် တိုးတက်ထွန်းကားမှုသည် ဂေဟဗေဒဆိုင်ရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ဝိညာဉ်ရေးရာ ကြွယ်ဝ တိုးတက်စေခြင်း သို့ ဦးတည်ပါသည်။

***ဇကားဟ်* (*Zakāh*)** (စာပိုဒ် ၂.၉၊ ၃.၁၆၊ ၄.၂၀၊ ၄.၂၁။ အပိတ်မှတ်စု ၄၆၊ ၉၇၊ ၁၄၇၊ ၁၄၈ တို့ကို ကြည့်ပါ။ အဓိက အာရဗီ ဝေါဟာရများ - *သဇ်ကီယာဟ်၊ ဟက်က/ဟူကူးက်၊ ခလ်ဂ်၊ အိဘားဒါဟ်၊ အစ်ကသိဆွာဒ်၊ ရိဘာ*)။

အောင်မြင်ထွန်းကားခြင်း၊ တိုးတက်ခြင်းနှင့် တိုးပွားခြင်းတို့နှင့် အတူတကွ ကျင့်ဝတ် စင်ကြယ်မှု၊ စင်ကြယ်သန့်ရှင်းအောင်ပြုခြင်း၊ မှန်ကန်ခိုင်လုံကြောင်း ပြဆိုမှု၊ အပြစ်ကင်းမှုနှင့် ပြစ်တင်ခံရခြင်းကင်းမှုဟု ဆိုလိုသော မူရင်းပုဒ် ဇ-က-ဝ မှ ဆင်းသက်လာသည့် အာရဗီစကားလုံး *ဇကားဟ်* ဟူသော ဝေါဟာရတွင် ယေဘုယျဆန်သော အဓိပ္ပါယ်နှင့် သီးသန့်ဖြစ်သော အဓိပ္ပါယ် နှစ်မျိုးလုံး ပါဝင်နေပြီး၊ ထိုအဓိပ္ပါယ်နှစ်မျိုးလုံးက အခြေခံဖြစ်သော ဒွိသဘော ဆင့်ပွားညွှန်းဆိုမှုကို ဆိုလိုပါသည်။ သီးသန့်ဖြစ်သော အဓိပ္ပါယ်က တိတိကျကျရှိသော အနိမ့်ဆုံးပမာဏထက် ပိုမို၍ ပိုင်ဆိုင်သော မွတ်စ်လင်များအနေဖြင့် တစ်နှစ်တစ်ကြိမ် ပေးဆောင်ရန် ပြဋ္ဌာန်းထားသော မပြုမနေရဖြစ်သည့် အလှူဒါန သို့မဟုတ် အလှူအတန်းဆန်သော အခွန်ဖြစ်သည်။ ယင်းသည် စုဆောင်းသိမ်းဆည်းထားသော ကျန်ရှိသည့် အရာများကို စင်ကြယ်စေရန်အတွက် ၄င်းတို့၏ အပို ငွေကြေးစုဆောင်းမှုများ၏ ၂.၅ ရာခိုင်နှုန်းနှင့် ၄င်းတို့၏ ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်များကဲ့သို့သော အခြားသော အပိုအလျှံများ၏ အမျိုးမျိုးသော အချိုးအစားဖြစ်သည်။ ၄င်းတို့၏ အပိုအလျှံကို လိုအပ်နေသူများအား မျှဝေပေးခြင်းအားဖြင့် ဓနဥစ္စာတို့ကို စင်ကြယ်စေပါသည်။ ၄င်း၏ ယေဘုယျ အနက်အဓိပ္ပါယ်တွင်၊

ဇကားဟ်သည် လူများနှင့် အမှန်အားဖြင့် အခြားသော သတ္တဝါများက ပိုမိုကျယ်ပြန့်သော သက်ရှိ အစုအဖွဲ့အသိုက်အဝန်း၏ ကောင်းကျိုးချမ်းသာနှင့် တိုးတက်ထွန်းကားမှုတို့အတွက် ထောက်ပံ့ကူညီပေးသော အလှူအတန်း လုပ်ရပ်အပြုအမူကို ဆိုလိုပါသည်။ *ဇကားဟ်* မှတဆင့် ကျွန်ုပ်တို့သည် လူမှု စည်းလုံးညီညွတ်မှုတွင် ပါဝင်ကြပြီး၊ ၄င်းက လူသား၏ လောဘအား ပစ်မှတ်ထားခြင်းဖြင့်လည်းကောင်း (Izzi Dien, *Environmental Dimensions of Islam*, 48)၊ ငွေကြေးနှင့် ဓနဥစ္စာတို့သည် ဘဝ၏ ရည်မှန်းချက်ပန်းတိုင်များမဟုတ်ကြောင်း ကျွန်ုပ်တို့အား သင်ကြားပေးခြင်းအားဖြင့်လည်းကောင်း ဝိဉာဉ်ကို စင်ကြယ်စေလေသည်။ *Ri'āyat al-Bī'ah*, ၂၄၁-၂၄၅ ကိုလည်း ကြည့်ပါ။

မှတ်စုများ

အခန်း (၁)

၁။ https://www.unhcr.org/refugee-statistics/ ၂၇.၀၁.၂၀၂၄ တွင် ဝင်ရောက်ခဲ့သည်။ Accessed 27.01.2024

၂။ https://inequality.org/facts/global-inequality/ ၁၂.၀၈.၂၀၂၁တွင် ပြန်လည် ရယူခဲ့သည်။

၃။https://www.oxfam.org/en/press-releases/worlds-billionaires-have-more-wealth-46-billion-people ၁၂.၀၈.၂၀၂၁တွင် ပြန်လည် ရယူခဲ့သည်။

၄။ “Physical and human causes of climate change” (BBC Bitesize, undated). http://www.bbc.co.uk/education/guides/z3bbb9q/revision/6 တွင် ရရှိနိုင်ပါသည်။

၅။ လေထုတွင်းရှိ CO2 သည် စက်မှုခေတ်မတိုင်မီအချိန်နှင့် ယင်းမတိုင်မီ နှစ်သန်းပေါင်းပေါင်းများစွာအချိန်ကာလအတွင်းက ခန့်မှန်း အဆင့်ဖြစ်သည့် တစ်သန်းပုံ ၂၈၀ပုံ (280 parts per million (ppm))မှ ယနေ့တွင် ၄၀၀ ppm အထိ အလွန်ကြီးမားစွာ တိုးမြင့်လာခြင်းကို ဖြစ်စေခဲ့သည်။

၆။ "Climate change widespread, rapid and intensifying". Intergovernmental Panel on Climate Change (IPCC)၏ အစီရင်ခံစာတွင် ကြည့်ပါ။
https://www.ipcc.ch/2021/08/09/ar6-wg1-20210809-pr/

၇။ https://unfccc.int/process-and-meetings/the-paris-agreement/the-paris-agreement

၈။ https://unfccc.int/sites/default/files/resource/cp2023_L1_cma2023_L1.pdf

၉။ https://library.wmo.int/index.php?lvl=notice_display&id=21778%25252523.X7YSIS-l3s2 ၁၂.၀၈.၂၀၂၁တွင် ပြန်လည် ရယူခဲ့သည်။

၁၀။ https://unfccc.int/news/climate-change-is-an-increasing-threat-to-africa Retrieved 12.08.2021. ၁၂.၀၈.၂၀၂၁တွင် ပြန်လည် ရယူခဲ့သည်။

၁၁။ https://www.wri.org/insights/4-charts-explain-greenhouse-gas-emissions-countries-and-sectors ၁၂.၀၈.၂၀၂၁တွင် ပြန်လည် ရယူခဲ့သည်။

၁၂။ https://unfccc.int/sites/default/files/resource/cma2023_L17_adv.pdf ; https://unfccc.int/news/cop28-agreement-signals-beginning-of-the-end-of-the-fossil-fuel-era ; https://www.theguardian.com/environment/2023/dec/14/failure-cop28-fossil-fuel-phase-out-devastating-say-scientists#:~:text=The%20UN%20climate%20summit%20ended,by%20petrostates%20including%20Saudi%20Arabia

၁၃။ https://fossilfueltreaty.org ၀၃.၀၈.၂၀၂၂တွင် ပြန်လည် ရယူခဲ့သည်။
https://www.ted.com/talks/tzeporah_berman_the_bad_math_of_the_fossil_fuel_industry. ၁၀.၀၈.၂၀၂၂တွင် ပြန်လည် ရယူခဲ့သည်။ ရာသီဥတုဆိုင်ရာ ပေါ်လစီကို လျော့ကျသွားသော ဝယ်လိုအားနှင့် ရုပ်ကြွင်းလောင်စာတို့၏ ဈေးကြီးမြင့်လာမှုတို့နှင့် ပိုမိုဈေးသက်သာပြီး၊ ပိုမိုသန့်ရှင်းသော စွမ်းအင်ရင်းမြစ်များ ရရှိလာနိုင်မှုတို့ ပေါင်းစပ်မှုက ဈေးကွက်များအတွင်း ရောင်းလိုအားကို ကန့်သတ်ထိန်းချုပ်မှုဆီ ဦးတည်လာလိမ့်မည်ဟူသော အခြေခံအဆိုပြုချက်ပေါ် ဒီဇိုင်းပုံစံရေးဆွဲထားခြင်းဖြစ်သည်။ သို့သော်လည်း၊ ယင်းဖြစ်ရပ်သည် မြန်ဆန်သင့်သလောက် မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာခြင်း မရှိသေးပါ။ ဈေးကွက်များသည် အခွန်ဖြေလျှော့ခြင်းများနှင့် အစိုးရ၏ ပံ့ပိုးမှုများဖြင့် ပုံပျက်ခဲ့ပြီး၊ ကျွန်ုပ်တို့၏ အစိုးရများက လောင်ကျွမ်းစေခြင်းမပြုတော့ပါဟု ကတိပြုထားပြီးဖြစ်သော ရုပ်ကြွင်းလောင်စာများ ထုတ်ယူတူးဖော်မှုတို့က ခြေလှမ်းသွက်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့နှင့် ဤကမ္ဘာမြေတွင် အတူမျှဝေနေထိုင်ကြသော တောရိုင်းအပင်များနှင့် သတ္တဝါ အသိုက်အဝန်းများ၏ ရှင်သန်နေထိုင်ရာနေရာများကို ဤတူးဖော်ထုတ်ယူမှုက ယုတ်လျော့ပျက်စီးမှုနှင့် အစိတ်စိတ်ကြေမွစေမှုကို ဆက်လက်ဖြစ်ပေါ်စေသည်။

၁၄။ အနုမာနတွက်ဆဟောကိန်းထုတ်နေကြသည့် ကမ္ဘာဖျက်စွမ်းအားအကြီးဆုံး နူးကလီးယားဖြင့် ကမ္ဘာပျက်စစ်ပွဲများတွင်ပင်၊ ဘက်တီးရီးယားပေါင်းများစွာနှင့် အနုဇီဝသက်ရှိများက ရှင်သန်ကျန်ရစ်မည်ဟု မျှော်လင့်ကြသည်။ ထို့အပြင် ပိုမိုရှုပ်ထွေးသော သက်ရှိပုံစံများလည်း ရှင်သန်ကျန်ရစ်ကောင်း ကျန်ရစ်နိုင်မည်ဟု ထင်မှတ်ကြသည်။

၁၅။ Richard Leakey and Roger Lewin, The Sixth Extinction: Biodiversity and its Survival (London: Widenfeld and Nicolson, 1996)၊ စာ-၂၄၅။

၁၆။ လွန်ခဲ့သည့် အကြိမ်က အစုလိုက် မျိုးသုဉ်းပျောက်ကွယ်ခြင်းများအတွင် ရှင်သန်ကျန်ရစ်သည့် အများစုဖြစ်သော သက်ရှိပုံစံများမှာ အနုဇီဝ သတ္တဝါများနှင့် ကျောရိုးမဲ့သတ္တဝါများဖြစ်ကြသည်။ ရှုပ်ထွေးသော သက်ရှိပုံစံအနည်းငယ် ကျန်ရစ်ခဲ့သည်။ ကြီးမားပြီး၊ မြန်ဆန်သော ဇီဝဖြစ်ပျက်မှုဖြစ်စဉ်ရှိသော သွေးနွေး နို့တိုက်သတ္တဝါများကဲ့သို့ လူသားများသည် အစာကွင်းဆက် ပျက်စီးယိုယွင်းမှု၏ ဒဏ်ခံနိုင်မှု အားနည်းချည့်နဲ့ပေသည်။ နှိုင်းယှဉ်သဘောအားဖြင့် ပိုမိုနှေးကွေးသော မျိုးပွားချိန်နှင့် သားသမီးအရေအတွက်နည်းခြင်းက - လူဦးရေအကျပ်အတည်းရှိသော်ငြားလည်း - ကျွန်ုပ်တို့၏ ဇီဝဗေဒအားဖြင့် (ပတ်ဝန်းကျင်အခြေအနေနှင့်) သဟဇာတဖြစ်အောင်ပြုပြင်ပြောင်းလဲမှုနှုန်းကို နှေးကွေးစေသည်။ ကျွန်ုပ်တို့၏ ကျယ်ပြန့်သော ပထဝီနယ်အကျယ်၊ တိုက်ကြီးများအားလုံးတွင် ဖြန့်ကျက်တည်ရှိသော စုံလင်များပြားသည့် ရှင်သန်နေထိုင်ရာနေရာများ၊ တောရိုင်း ကျောရိုးရှိသတ္တဝါ မျိုးစိတ်များထက် အလွန်အလွန် ပိုမိုကြီးမားသော ကျွန်ုပ်တို့၏ ပေါများမှု၊ အသားစား သတ္တဝါအနေဖြင့် အလွန်များပြားလှသော အစားအစာရင်းမြစ်များကို ကျွန်ုပ်တို့၏ စားသုံးနိုင်မှု စွမ်းရည်နှင့် ထိုအရာများအားလုံးထက်၊ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအရ ပတ်ဝန်းကျင်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲနိုင်မှုတို့က အစုလိုက် မျိုးသုဉ်းပျောက်ကွယ်မှုတစ်ခုမှ ကျွန်ုပ်တို့ကို ရှင်သန်ကျန်ရစ်စေနိုင်ပါသည်။ ရှင်သန်ကျန်ရစ်ရုံမျှဟူသည် ရည်သန်ချက်ထားရန် အလွန် ခေါင်းပါးနုံခြာလှသည့် ရည်မှန်းချက်သာဖြစ်ပြီး၊ ကမ္ဘာမြေပေါ်မှ

သက်ရှိပုံစံများအနက် လေးပုံသုံးပုံကျော် ပျက်စီးဆုံးရှုံးမှုမှ ဖြစ်လာသည့် ကသောင်းကနင်းဖြစ် ပျက်စီးယိုယွင်းမှုများကို တွေးတောမြင်ယောင်ကြည့်ရန်ပင် ခဲယဉ်းလှပေလိမ့်မည်။

၁၇။ ကျမ်းတော်မြတ်ကုရ်အာန် ၆း၁၃၃၊ ၅၆း၆၁၊ ၄၆း၂၀ စသည်တို့ကို ကြည့်။ ကျမ်းတော်မြတ်ကုရ်အာန်ကို သုံးသပ်တင်ပြသူပညာရှင်များက ဘုရားသခင်၏ လူမျိုးများနှင့် လူသားမျိုးဆက်များကို အခြားတို့နှင့် အစားထိုးနိုင်မှုအားဖြင့် လူသားများအား အခြား ဖန်ဆင်းမှုအသစ်ဖြင့် အစားထိုးနိုင်စွမ်း (ထို့ပြင် ထိုအဓိပ္ပါယ်ကို ကောင်းစွာ သက်သေပြပြီးဖြစ်သည်။ လူသားတို့ကို အခြားသော မျိုးစိတ်များနှင့် အစားထိုးမှုနှင့် သက်ဆိုင်သည့် အခြားသော ထပ်ဆောင်း နားလည်သိမြင်မှုက ဖြစ်ပေါ်လာနိုင်ခြေရှိသည့် သိပ္ပံနည်းကျ အထောက်အထားတို့၏ အမြင်ရှုထောင့်မှ ဆင်ခြင်သုံးသပ်မှုများ လိုအပ်နိုင်ပါသည်) ကို ဖော်ပြသော ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော်များကို နားလည်သိမြင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အလွှာဟ်အရှင်မြတ်သည် မိမိအလိုရှိသည့် မည်သည့်အရာကိုမဆို ကေန်အမှုန် ပြုနိုင်စွမ်းတော်မူပါသည်။ အရာခပ်သိမ်းတို့၏ အရှင်က လုပ်နိုင်စွမ်းသော အရာများအပေါ် ကျွန်ုပ်တို့ လူသားများက ကန့်သတ်ရန် မဖြစ်နိုင်ပါပေ။

၁၈။ ရုပ်ကြွင်းလောင်စာများနှင့် သဘာဝတွင်းထွက် ရင်းမြစ်များသည် အရေးပါသည့်နည်းတူ ၄င်းတို့သည် ကျွန်ုပ်တို့၏ ရှင်သန်မှုများ၏ အခြေခံဖြစ်သော ဇီဝဗေဒဆိုင်ရာ ကွဲပြားစုံလင်မှု၏ ဖြည့်စွက်ချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ခေတ်သစ် စီးပွားရေးအဆောက်အဦများကို ၄င်းတို့အပေါ်တွင် တည်ဆောက်ထားသော်လည်း၊ အဆုံးစွန်တွင်မူ၊ ကျွန်ုပ်တို့၏ ရှင်သန်မှုဘဝများက သက်ရှိကွန်ယက်အပေါ် မှီခိုနေရသကဲ့သို့ ၄င်းစီးပွားရေးအဆောက်အဦတို့ အပေါ်တွင် မှီခိုနေခြင်းမရှိပါ။ ကျွန်ုပ်တို့၏ အသုံးအတွက် ၄င်းတို့ကို အသုံးမပြုခင်ကတည်းက လူသားထုက ထွန်းကားခဲ့ပြီး၊ ၄င်းတို့ ပျောက်ကွယ်သွားလျှင်လည်း အသေအချာပင် ထွန်းကားတိုးတက်နိုင်ပါသေးသည်။

၁၉။ သိပ္ပံဆိုင်ရာ စာတမ်းများ၏ ပုံမှန် သိမ်မွေ့သော လေသံကို စွန့်လွှတ်လျက်၊ သုတေသီများက <u>တောရိုင်းသတ္တဝါများ အုံလိုက်ကျင်းလိုက် ပျောက်ကွယ်ဆုံးရှုံးမှုကို</u> "လူသားယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်များအပေါ် ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှု"ကို ကိုယ်စားပြုသည့် 'ဇီဝဗေဒဆိုင်ရာ လုံးဝဥဿုံ ပျက်သုဉ်းခြင်း'ဟု ခေါ်ဝေါ်ကြသည်။ https://www.theguardian.com/news/2018/mar/12/what-is-biodiversity-and-why-does-it-matter-to-us ၁၂.၀၈.၂၀၁၁တွင် ပြန်လည် ရယူခဲ့သည်။

၂၀။ ၁၉၉၂ခုနှစ်တွင် စတင်သည့် Convention on Biological Diversity (CBD)ဟု သိကြသည့် နိုင်ငံအများအပြားပါဝင်လက်မှတ်ရေးထိုးထားသော စာချုပ်သည် ၄င်းရသင့်သည့် အာရုံစိုက်မှု မရရှိသေးပေ။ ထိုညီလာခံက ကုလသမဂ္ဂ၏ ၂၀၁၁-၂၀၂၀ ဇီဝမျိုးကွဲ စုံလင်မှုဆိုင်ရာ ဆယ်စုနှစ် ကာလအတွင်း "Aichi Biodiversity Targets"ဟု သိကြသော ဦးတည်ချက် ၂၀ခုကို ထုတ်ပြန်ခဲ့သည်။ ၄င်း၏ ၂၀၂၀ခုနှစ် စက်တင်ဘာလ အစီရင်ခံစာတွင်၊ Global Biodiversity Outlook ၅က "...ရည်မှန်းချက် ၂၀အနက် တစ်ခုမျှ ပြည့်ပြည့်ဝဝ ပြည့်မီအောင်မြင်ခြင်းမရှိသေးပေ..."ဟု သုံးသပ်ထားပြီး၊ "...ကမ္ဘာတစ်ခုလုံးက လက်ရှိတွင် သဘောတူထားပြီးဖြစ်သော ဇီဝမျိုးကွဲစုံလင်မှုဆိုင်ရာ သို့မဟုတ် မြေဆီလွှာ အရည်အသွေးနိမ့်ကျခြင်းဆိုင်ရာ သို့မဟုတ် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ရည်မှန်းချက် အများစုအတွက်သာမက၊ အခြားသော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပန်းတိုင်များ ရောက်ရှိအောင်မြင်နိုင်ရန်အတွက် ကမ္ဘာကြီးက လမ်းကြောင်းမှန်ပေါ်တွင် မရှိသေး"ဟု သတိပေးနှိုးဆော်မှုဖြင့် ထပ်ဆောင်းဖြည့်သွင်းထားပါသေးသည်။ https://www.cbd.int/gbo/gbo5/publication/gbo-5-en.pdf ၏ စာမျက်နှာ ၁၃၁ကို ကြည့်။ ထို့ပြင်သော စိတ်ပျက်လက်ပျက်ဖြစ်ရခြင်း၏ အခြားသော အကြောင်းရင်းတစ်ခုမှာ ကုလသမဂ္ဂ နိုင်ငံတကာရေပိုင်နက်ဆိုင်ရာ သဘာတူစာချုပ်ဝင် နိုင်ငံများ၏ အလွန်အကျွံ ငါးဖမ်းခြင်း၊ ပင်လယ်ရေနက်ပိုင်း သတ္တုတူးဖော်ခြင်းနှင့် ကမ္ဘာကြီး၏ နိုင်ငံတကာရေပိုင်နက် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပင်လယ်ရေကြောင်းသွားလာရေး ကာကွယ်ထားသော နယ်မြေများအတွင်း ၁.၆ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ တိုးမြင့်စေမည့်၊ ကူးသန်းရောင်းဝယ်ရေးလုပ်ဆောင်ချက်များကို သဘာဝပတ်ဝန်ကျင်ထိခိုက်မှုဆိုင်ရာ စိစစ်အကဲဖြတ်ခြင်းကို နာခံစေမည့်၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဘဏ္ဍာငွေနှင့် စွမ်းရည်မြှင့်တင်ရေးတို့ ပံ့ပိုးကူညီပေးနိုင်မည့်၊ ဖွံ့ဖြိုးဆဲနှင့် ကုန်းတွင်းပိတ်နိုင်ငံများအနေဖြင့် ပင်လယ်တွင်း မျိုးဗီဇဆိုင်ရာ ရင်းမြစ်များသို့ သာတူညီမျှ လက်လှမ်းမီစေမည့် စည်းမျဉ်းစည်းကမ်းများနှင့်ညီသော ပင်လယ်ကူးသင်္ဘောသွားလာမှုတို့၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းအပေါ် သဘောတူကြရန် ၂၀၂၂ခုနှစ် သြဂုတ်လအတွင်း နောက်ဆုံးအကြိမ်ပျက်ကွက်မှုပင်ဖြစ်သည်။

၂၁။ https://www.cbd.int/gbf/goals/

၂၂။ ဇီဝမျိုးကွဲစုံလင်မှုနှင့် ယဉ်ကျေးမှု ကွဲပြားစုံလင်မှုတို့အကြား ချိတ်ဆက်ပေးသည့် သုတေသနစာတမ်းများ အလွန်နည်းပါးနေကြောင်း ကျွန်ုပ်တို့ သတိမူမိပါသည်။ ဤနယ်ပယ်တွင် ပိုမိုများပြားသော ပညာရပ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ လိုအပ်နေပါသည်။ ဤဘာသာရပ်ဆိုင်ရာ အလွန်ရှားပါသည့် လေ့လာမှုတစ်ခုအား https://www.jstor.org/stable/26392968?seq=1%25252523metadata_info_tab_contents တွင်ကြည့်ပါ။

၂၃။ Fazlun Khalid, *Signs on the Earth: Islam, Modernity and the Climate Crisis* (Leicester, UK: Kube, 2019)၊ စာ-၂၃။

၂၄။ ဂုဏ်သိက္ခာကြီးမားသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သိပ္ပံနှင့် ပညာရှင် ရပ်ဝန်းများမှ အကဲဆတ်သော ကမ္ဘာမြေစနစ်များအပေါ် လူသားတို့၏ မကြံစဖူး ထိုးနှက်တိုက်ခိုက်နေမှုများ၏ အကျိုးဆက်များနှင့် စပ်လျဉ်းပြီး ၄င်းတို့၏ ပူပန်မှုများကို ထုတ်ဖော်ပြောဆိုလာကြသည်ကို ကျွန်ုပ်တို့ သတိပြုမိပါသည်။ Organisation for Economic Co-operation and Development (OECD)က ရာသီဥတုပြောင်းလဲမှုနှင့် သက်ဆိုင်သည့် မူဝါဒအသစ်တို့မရှိမှုဖြင့် တုံ့ပြန်ဆောင်ရွက်မှုမရှိခြင်းတို့၏ အကျိုးဆက်များအနေဖြင့် (က) ဤရာစုနှစ်ကုန်တွင် ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် နိုင်ငံတကာက သဘောတူထားသော ၂ဒီဂရီ ဆဲလ်စီးယက်စ်တွင်သာ ကန့်သတ်ထားခြင်းကို ကျော်လွန်၍ စက်မှုခေတ်မတိုင်မီကာလရှိ အဆင့်ထက် ၃ ဒီဂရီ

ဆဲလ်စီးယက်စ်မှ ၆ ဒီဂရီ ဆဲလ်စီးယက်စ်အထိ တိုးလာမည် (ခ) ကူးသန်းရောင်းဝယ်ဆိုင်ရာ သစ်တောလုပ်ငန်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပေး ရှင်သန်နေထိုင်ရာရပ်ဝန်းများအပေါ် လူသားတို့ ကျူးကျော်ဝင်ရောက်မှုနှင့် တစ်စစီကျိုးကြေမွစေမှုတို့ များပြားကျယ်ပြန့်လာခြင်းတို့အပြင် ညစ်ညမ်းမှုနှင့် ရာသီဥတု အပြောင်းအလဲတို့ကြောင့် ပိုမိုများပြားသော ဇီဝမျိုးကွဲစုံလင်မှုတို့ ဆုံးရှုံးမှုများ ရလဒ်အဖြစ် ဖြစ်ထွန်းလာမည်ဟု တွေ့ရှိခဲ့သည်။ OECD Environmental Outlook to 2050: *The Consequences of Inaction - Key Facts and Figures*. https://www.oecd.org/env/indicators-modelling-outlooks/oecdenvironmentaloutlookto2050theconsequencesofinaction-keyfactsandfigures.htm.

၂၅။ World Scientists' Warning to Humanity: A Second Notice. BioScience, Volume 67, Issue 12, 1 December 2017, စာ-၁၀၂၆-၁၀၂၈။ American Institute of Biological Sciences, 13.11.17. HTML https://academic.oup.com/bioscience/article/67/12/1026/4605229. ၂၀၁၈ ဇန်နဝါရီလတွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။

၂၆။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က "ကျွန်ုပ်တို့ ငြိုလ်ကမ္ဘာ၏ အခြေအနေက ပျက်စီးနေပြီဖြစ်သည်"ဟု ကြေညာခဲ့သည်။ https://www.un.org/sites/un2.un.org/files/sgspeech-the-state-of-planet.pdf။ ၁၂.၀၈.၂၀၂၁တွင် ပြန်လည်ထုတ်ယူခဲ့သည်။

၂၇။ ၁၃း၁၂၊ ၃၀း၂၄။

၂၈။ လက်တွေ့တွင် ရှေးယခင်ခေတ်များရှိ ကြီးမြတ်သော ယဉ်ကျေးမှုများထက် တည်ငြိမ်မှု ပိုမရှိတော့သော်လည်း၊ ရှေးယခင် ယဉ်ကျေးမှုများထက် ယနေ့ကျွန်ုပ်တို့ ကမ္ဘာသည် နည်းပညာဆိုင်ရာ ပိုမိုအဆင့်မြင့်နက်နဲမှုအဆင့် မကြုံဖူးသည့် အဆင့်အတန်းကို ရရှိပိုင်ဆိုင်လာလျက် ပိုမိုခန့်ငြား၊ ပိုမို စွမ်းအားကြီးပြီး၊ ပိုမိုသိမြင်နားလည်နိုင်စွမ်းရှိလာကာ ပိုမို ထွန်းကားလာဟန်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သမိုင်းပညာရှင် Clive Ponting က "သိပ္ပံဆိုင်ရာ အသိပညာ ဆက်လက်တိုးပွားနေခြင်းနှင့် နည်းပညာတို့ ပုံမှန် တိုးတက်မြင့်မားလာခြင်းတို့က သမိုင်းသည် ပျက်စီးယိုယွင်းမှုထက် တိုးတက်ထွန်းကားမှု၏ ရက်စွဲအလိုက်မှတ်တမ်းသာ ဖြစ်နိုင်သည်ဟု အတွေးအခေါ်ပညာရှင်အချို့ကို စတင် ယုံကြည်လာစေသည်မှာ ဆယ့်ခုနှစ်ရာစုနှစ်အကုန်အထိ မဖြစ်သေးပါ"ဟု လေ့လာတင်ပြသည်။ ဥရောပမှ အသိပညာရှင်များအနေဖြင့် "သမိုင်းသည် စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာခြင်းတည်းဟူသော ရှေးရှုရာတစ်ခုတည်းသို့သာ ဖြစ်ထွန်းနေသည့် နောက်ကြောင်းမပြန်နိုင်တော့သော အပြောင်းအလဲများ၏ ဖြစ်ရပ်အစဉ်ဖြစ်ခဲ့သည်"ဟု လက်ခံလာကြပြီး၊ ဆယ့်ရှစ်ရာစုနှစ်အတွင်းတွင်မူ "အနာဂတ်နှင့် စပ်လျဉ်း၍ အကောင်းမြင်မှုလိုင်းနှင့် နယ်ပယ်တိုင်းတွင် မလွဲမရှောင်သာသော တိုးတက်ထွန်းကားမှုတို့အား ဖြင့်" အမှတ်အသားပြုခြင်းခံရသည်။ Clive Ponting, *A New Green History of the World: The Environment and Collapse of Great Civilisations* (London: Vintage Books, 2007)။ စာမျက်နှာ ၁၊ ၅၆၊ ၅၇၊ ၆၉-၇၂၊ ၁၂၅ ကို ကြည့်။

၂၉။ Joel Kurtzman, *The Death of Money: How the Electronic Economy Has Destabilised the World's Markets and Created Financial Chaos* (Toronto: Little Brown & Co., 1993)။ စာ - ၇၁။ Kurtzman သည် ထုတ်ဝေမှုအားကောင်းသည့် အမေရိကန် စီးပွားရေးပညာရှင်တစ်ဦးဖြစ်ပြီး၊ Harvard Business Review ၏ အယ်ဒီတာချုပ်လည်းဖြစ်သည်။

၃၀။ ဤသဘောတူကြေညာစာတမ်း၏ စာပိုဒ် ၂.၁၄ကို ကြည့်။ ဘုရားသခင် ဖန်ဆင်းမှု၏ သဘာဝကို ပြောင်းလဲခြင်းနှင့် ကမ္ဘာမြေအပေါ် ပျက်စီးရာပျက်စီးကြောင်းပြုမူတို့သည် ("လူသားတို့၏ လက်များဖြင့် ရွာဖွေဆည်းပူးခဲ့သည်များ" (၃၀း၄၁)ဖြစ်သည့်) လူသားတို့၏ လွှမ်းမိုးခြယ်လှယ်မှုကြောင့်ဖြစ်သော ထိခိုက်သက်ရောက်မှုများကို ရှင်းလင်းပြတ်သားစွာ ညွှန်းဆိုနေပါသည်။

၃၁။ Khalid, *Signs on the Earth,* ၁၄၉၊ ၁၅၀။

အခန်း (၂)

၃၂။ ကျမ်းတော်မြတ် ကုရ်အာန်တွင် 'သဘာဝပတ်ဝန်းကျင်'၊ 'သဘာဝပတ်ဝန်းကျင်နှင့် ဆိုင်သော'၊သို့မဟုတ် 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအယူအဆ' ဟူသော စကားရပ်များ မပါဝင်ပါ။ ရှေးဟောင်း ဂန္ထဝင် အာရဗီဘာသာစကားတွင် 'သဘာဝပတ်ဝန်းကျင်'နှင့် အနီးစပ်ဆုံး စကားရပ်မှာ ဘေးပတ်ဝန်းကျင်ဟု အဓိပ္ပါယ်ရသည့် *မူဟီးသ်* (*muhīt*)ဖြစ်သည်။ သို့သော်လည်း ကျမ်းတော်မြတ်ကုရ်အာန်၏ အသုံးတွင်မူ ၂း၁၅၅နှင့် ၄း၁၆ တို့တွင်ကဲ့သို့ အရာခပ်သိမ်းတို့ကို လွှမ်းခြုံထားသည်ဟူသည့် *မူဟီးသ်*ဟု ဖော်ပြထားသော ဘုရားသခင်၏ ပျံ့နှံ့တည်ရှိမှုနှင့် အသိဉာဏ်တော်ဖြစ်သည်။ ခေတ်သစ် အာရဗီ အသုံးအနှုန်းတွင် 'သဘာဝပတ်ဝန်းကျင်'အတွက် စကားရပ်မှာ ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ပင်ကိုယ်ဗီဇအသိအားဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက် သဘာဝအားဖြင့် စွဲကပ်နေသည့် သို့မဟုတ် ပြန်ပြန်လာသည့် ပေါက်ပွားရှင်သန်အခြေချနေထိုင်ရာတစ်ခုကို ဖော်ပြသော *'ဘီးယာဟ်* '(*bī'ah*)ဖြစ်သည် (*Ri'āyat al-Bī'ah fī Sharī'ati 'l-Islām* (Cairo: Dār ash-Shurūq, 2006), pp. 12-14ကို ကြည့်ပါ)။ ၄င်း၏ မူရင်းပုဒ်များမှ ဆင်းသက်လာသော စကားလုံးအချို့ကို ကျမ်းတော်မြတ် ကုရ်အာန် (၂၉း၅၈၊ ၅၀း၈၇၊ ၁၀း၈၇၊ ၂း၁၈၇)တွင် တွေ့ရသော်လည်း၊ *ဘီယာဟ်* ဟူသော စကားလုံးသက်သက်ကိုမူ မတွေ့ရချေ။ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဝါဒ" အဖြစ် သိကြသည့် အယူဝါဒဆိုင်ရာ လှုပ်ရှားမှုက လွန်ခဲ့သော ရာစုနှစ်၏ ဒုတိယတစ်ဝက်တွင်မှ စတင်ပါသည်။ ထိုအချိန်တွင်၊ လူသားမျိုးနွယ်အနေဖြင့် ခေတ်သစ်ကမ္ဘာတည်ဆောက်ဖန်တီးရန် ကျွန်ုပ်တို့၏ အားထုတ်ကြိုးပမ်းမှုများ၏ ရလဒ်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြိုလဲမှု ကမ်းပါးစွန်းဆီသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်လာခဲ့ပြီးဖြစ်ကြောင်း ရုတ်တရက် တပ်လှန့် လှုပ်နိုးခံခဲ့ရသည်။ ရှေးရိုးအစဉ်အလာ လူ့အဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသာ လူ့အဖွဲ့အစည်းများ၏ ဝေါဟာရတွင် "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အတွေးအခေါ်"ဟူသည့် စကားလုံး မရှိခဲ့ပေ။ ၄င်းတို့၏ လူနေမှုဘဝပုံစံများက ပင်ကိုယ်သဘာဝအားဖြင့် ထိုသို့ဖြစ်နေခဲ့သည့် အားလျော်စွာ

"အရာခပ်သိမ်းတို့၏ တစ်လုံးတစ်ဝတည်းအယူအဆ (holistic)" ဟူသော စကားရပ်လည်း ၄င်းတို့တွင် ရှိမနေပေ။ ဘာသာဝင်များကို ခေတ်မီဆန်းသစ်မှုက ကျွမ်းထိုးမှောက်ခုံလှန်ပစ် မခံရခင်အထိ အဓိက ယုံကြည်သက်ဝင်မှု ဘာသာတရားကြီးများအတွက်လည်း ထိုနည်းတူ ပြောနိုင်မည်ဖြစ်ပြီး၊ အစွန်လာမ်သည်လည်း ယင်းအတွက် ခြွင်းချက်မဟုတ်ပါပေ။ ဂရိနှင့် ရောမ ဒဿနတို့မှ ဆင်းသက်လာသော အယူအဆဖြစ်သည့် 'သဘာဝ'ဟု ဆိုလိုသည့် အာရဗီစကားလုံး *သဘီယာဟ် (tabī'ah)*ကိုလည်း ကျမ်းတော်မြတ်ကုရ်အာန်က သုံးစွဲထားခြင်းမရှိပါ။

၃၃။ "ဖန်ဆင်းခြင်း"ဟု အဓိပ္ပါယ်ရသည့် ခလ်ဂ် ဟူသော အာရဗီစကားလုံးနှင့် ပတ်သက်၍ အဓိက အာရဗီ ဝေါဟာရများကို ကြည့်ပါ။ Mawil Izzi Dien, The Environmental Dimensions of Islam (Cambridge: The Lutterworth Press, 2000) 50-51ကိုလည်းကြည့်ပါ။ ထိုဝေါဟာရ၏ အမျိုးမျိုးသော ပုံစံများကို အသုံးပြုထားသော ကျမ်းတော်မြတ်ကုရ်အာန်၏ ဝါကျပေါင်း ၂၅၀ ကျော်အပြင်၊ ကျမ်းတော်မြတ် ကုရ်အာန်အတွင်းမှ အခြားသော ဝါကျပေါင်း ၅၀၀ ခန့်တွင်လည်း ဖန်ဆင်းခြင်းကို တိုက်ရိုက်ရည်ညွှန်းမှုများ ပြုထားပါသည်။

၃၄။ အယ်လ်-အားလမီးန် ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အက်-သဘရီ၏ အဌကထာကျမ်း (At-Tabarī's tafsīr)က "ဤသို့ ဆိုလော့၊ အဖန်ဆင်းခံအားလုံး (မိုးကောင်းကင်များနှင့် ၄င်းတွင်ရှိကြကုန်သော သိနိုင်မြင်နိုင်သော အရာများအားလုံးနှင့် မသိနိုင်မမြင်နိုင်သော အရာများအားလုံး၊ ကမ္ဘာမြေခပ်သိမ်းနှင့် ၄င်းတွင် ရှိကြသော သိနိုင်မြင်နိုင်သော အရာအားလုံးနှင့် မသိနိုင်မမြင်နိုင်သော အရာများအားလုံး)ကို စိုးပိုင်တော်မူသော အလွှာဟ်အရှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာပြုခြင်းအပေါင်းကို ခံထိုက်တော်မူပါ၏" ဟူသည့် အစ်ဘနေ အဘာတ်စ် သခင်၏ မိန့်ဆိုချက်ကို ကိုးကားပါသည်။ ထို့ပြင်၊ ၄င်းကျမ်းက အာလမ် (ကမ္ဘာလောက)ဟူသော ဝေါဟာရက အွှမ်မာဟ် သို့မဟုတ် အစုအဖွဲ့ အသိုက်အဝန်း ပုံစံတစ်မျိုးကို ဆိုလိုသည် ဟု ဖော်ပြသည်။ လူသားများ၏ လောကနှင့် ဂျင်တို့၏ လောကနှင့် အဖန်ဆင်းခံ အခြား အမျိုးအစား သို့မဟုတ် မျိုးစိတ်တစ်ခုချင်းစီတို့၏ လောကတို့ကို ဆိုလိုပါသည်။ ထို့ပြင်၊ လူသား၊ ဂျင်နှင့် အဖန်ဆင်းခံ အခြားအမျိုးအစား သို့မဟုတ် မျိုးစိတ်တစ်ခုချင်းစီ၏ ခေတ်အပိုင်းအခြားတစ်ခု သို့မဟုတ် မျိုးဆက်တစ်ခုသည်လည်း လောကတစ်ခုပင်ဖြစ်သည်။ ထို့အတွက်၊ *အယ်လ်-အားလမီးန်* သည် အဖန်ဆင်းခံအားလုံးတို့ ပါဝင်လွှမ်းခြုံထားသည်။ ထို့အတွက် *အားလမီးန်* (လောကကမ္ဘာများ)၏ အရေးကြီးသော ရှုထောင့်မျက်နှာစာတစ်ခုမှာ ကျွန်ုပ်တို့ မသိနိုင်သော အရှိတရား၏ မြောက်မြားလှစွာသော မျက်နှာစာများကို ဆင်ခြင်သုံးသပ်ရန်အတွက် ကျွန်ုပ်တို့၏ သိရှိသတိမူမိခြင်း၏ မိုးကုတ်စက်ဝိုင်းကို ကျယ်ပြန့်စေသည် ဟူသည့်အချက်ပင်ဖြစ်သည်။

၃၅။ အမှန်တရား၊ အရှိတရားနှင့် အခွင့်အရေးဟု အဓိပ္ပါယ်ဆောင်သော ဤ ဟက်က ဟူသော စကားလုံးသက်သက်မှ အခွင့်အရေး (*ဟုကူးက်*)ဟု ဖော်ပြကြသည့် အဖန်ဆင်းခံသတ္တဝါတစ်ခုချင်းစီတိုင်းအပေါ် ကျွန်ုပ်တို့ တင်ရှိနေသော ၄င်းတို့ ရထိုက်သည့် ဝေပုံစုဟူသော အနက် ဖြစ်လာပါသည်။ အဖန်ဆင်းခံ ဝေနေယျခပ်သိမ်းတွင် အခွင့်အရေးများ ရှိကြသည်။ ၄င်း၏စာတမ်း "Islam, the Contemporary World, and the Environmental Crisis," in Richard C Foltz, Frederick M Denny and Azizan Baharuddin (Eds), *Islam and Ecology: A Bestowed Trust* (Cambridge, MA: Harvard University Press, 2003)တွင် Seyyed Hossein Nasrက ဟက်က၏ အချင်းချင်းဆက်နွယ်နေသော အဓိပ္ပါယ်များကို ဤသို့ သုံးသပ်ပြထားသည်

> ကျမ်းတော်မြတ်ကုရ်အာန်တွင် မကြာခဏ ညွှန်းဆိုထားသော အစွမ်းလာမ်၏ အဓိကကျောရိုးဖြစ်သော သဘောတရာမှာ *ဟက်က* (ဗဟုဝုစ်ကိန်း *ဟူကူးက်*)ဖြစ်ပြီး၊ အမှန်တရာ၊ အရှိတရား၊ အခွင့်အရေး၊ ဥပဒေနှင့် ထိုက်သင့်သော ဝေပုံစုဟု တစ်ပြိုင်နက်တည်း အဓိပ္ပါယ်ရသည်။ *အယ်လ်-ဟက်က* ဟူသော ပုဒ်သည် အလွှာဟ်အရှင်မြတ်၏ နာမတော်တစ်ခုဖြစ်သည့်အပြင်၊ ကျမ်းတော်မြတ်ကုရ်အာန်၏ အမည်လည်းဖြစ်သည်။ အဖန်ဆင်းခံများနှင့် သက်ဆိုင်သည့် ဖြစ်ရပ်များတွင် အသုံးပြုသည့်အခါ၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ လူသားအပေါ် အစွမ်းမှုရှုမြင်ပုံကို နားလည်မှုအတွက် အဆုံးစွန်သော အရေးပါသည့် စကားရပ်လည်းဖြစ်သည်။ အစွမ်းလာမ်၏ အလိုအရ သတ္တဝါတစ်ခုချင်းစီတိုင်းသည် အမှန်တရား (*ဟက်က*)အားဖြင့် တည်ရှိနေခြင်းဖြစ်ပြီး၊ ၄င်း၏ သဘာဝနှင့် လျော်ညီစွာ ၄င်း၏ ဝေပုံစု (*ဟက်က*)ရပိုင်ခွင့်လည်းရှိသည်။ တိရစ္ဆာန်များ သို့မဟုတ် မြစ်ချောင်းများ၊ တောင်တန်းများတွင်လည်း ၄င်းတို့၏ အခွင့်အရေး ဝေပုံစုရှိသကဲ့သို့ သစ်ပင်များတွင် ၄င်းတို့၏ ထိုက်သင့်သော အခွင့်အရေး ဝေပုံစုရှိပေသည်။ သဘာဝတရားကြီးနှင့် ဆက်ဆံမှုပြုသည့်အခါ၊ လူသားတို့အနေဖြင့် အဖန်ဆင်းခံတစ်ခုချင်းစီတိုင်း၏ ထိုက်သင့်သော ဝေပုံစုကို လေးစားရမည်၊ ပေးအပ်ရပေမည်ဖြစ်ပြီး၊ အဖန်ဆင်းခံတစ်ခုချင်းစီတွင် ၄င်း၏ အခွင့်အရေးတို့ ထိုက်သည့်အတိုင်း ရှိကြသည်။ ကျွန်ုပ်တို့ လူသားများတွင် အခွင့်အရေးများ ပိုင်ဆိုင်ပြီး၊ အခြားသော အဖန်ဆင်းခံများတွင်မူ ကျွန်ုပ်တို့က ၄င်းတို့ကို ပေးအပ်မည်ဟု ဆုံးဖြတ်ထားသည်မှအပ မည်သည့် အခွင့်အရေးမျှ မရှိဟူသော အယူအဆကို အစွမ်းလာမ်က လုံးဝဆန့်ကျင်ပါသည်။ အဖန်ဆင်းခံတို့၏ အခွင့်အရေးများကို အလွှာဟ်အရှင်မြတ်က နှင်းအပ်ထားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့က ၄င်းအခွင့်အရေးများကို ရုတ်သိမ်းယူဆောင်သွားမည်ဟု ဆုံးဖြတ်သည့်အခါ ရုတ်သိမ်းယူဆောင်သွားရန် ကျွန်ုပ်တို့က ပေးအပ်ထားခြင်းမဟုတ်ပါ။ အလွှာဟ်အရှင်မြတ်က အမျိုးမျိုးသော အဖန်ဆင်းခံများအပေါ် နှင်းအပ်ထားသော ၄င်းတို့၏ *ဟက်က* များကို ကျွန်ုပ်တို့က ရုတ်သိမ်းယူငင်သွား၍ မရနိုင်ပါ။ သို့သော်လည်း ၄င်းအဖန်ဆင်းခံတို့၏ သဘာဝနှင့်အညီ ၄င်းတို့၏ ဝေပုံစု (*ဟက်က*)ကို သတ္တဝါတစ်ခုချင်းစီကို ကျွန်ုပ်တို့ ပေးအပ်ရမည်ဖြစ်သည်။

၃၆။ ကျမ်းတော်မြတ်ကုရ်အာန် အာယာသ် ၃၂း၇ရှိ ကြိယာပုဒ် *အဟ်စန* (*ahsana*) က အဆုံးစွန်သော ကောင်းမှု၊ အဆုံးစွန်သော အလှတရား၊ သာလွန်ကောင်းမြတ်မှုနှင့် ပြီးပြည့်စုံခြင်းဟူသော အဓိပ္ပါယ်များကို စုစည်းထားသည်။ အာယာသ် ၂၇း၈၈ ရှိ ကြိယာပုဒ် *အသ်ကန* (*atqana*)က တိကျမှု၊ ပြတ်ပြတ်သားသား တိကျသေချာမှုနှင့် အလွန်စွမ်းရည်ပြည့်သော ကျွမ်းကျင်မှု နည်းလမ်းအားဖြင့် ချို့ယွင်းမှုကင်းပြည့်စုံစေသည်ဟု အဓိပ္ပါယ်ရသည်။

၃၇။ အစ္စလာမ် အစဉ်အလာတွင်၊ အနှိုင်းမဲ့ ကရုဏာတော်အရှင် (*အရ်-ရဟ်မာန်* (*Ar-Rahman*))နှင့် အနှိုင်းမဲ့ သနားကြင်နာတော်မူသောအရှင် (*အရ်-ရဟီးမ်* (*Ar-Rahim*))တို့ကို အလ္လာဟ် ဟူသော နာမတော်ပြီးနောက် အကြီးကျယ်ဆုံးတော် နာမတော်များဖြစ်ပြီး၊ အရှင်၏ နာမတော်များအနက်၊ အရှင်မြတ်၏ အဖန်ဆင်းခံများနှင့် ဆက်နွယ်မှုတွင် အပေါ်လွင် အထင်ရှားဆုံးသော နာမတော်များဖြစ်သည်ဟု ဆိုကြပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ စူရာဟ်တစ်ခုမှလွဲ၍ စူရာဟ်အားလုံးသည် "အလွန်တရာကရုဏာရှိတော်မူသော၊ အနှိုင်းမဲ့ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့်"ဟူသည့် တိုတောင်းပြီး ကဗျာဆန်လှသည့် စာပိုဒ်ဖြင့် အစပြုထားပါသည်။ ယင်းစာပိုဒ်သည် ကျမ်းတော်မြတ်ကုရ်အာန်၏ စစ်မှန်သော အနှစ်သာရပါဝင်ပြီး၊ စူရာဟ် နမ်လ် ၏ စာသားများတွင် လည်း ပြန်လည်တွေ့ရှိရသဖြင့် ယင်းကို ၁၁၄ကြိမ် တိုင် ထပ်ကျော့ ပါရှိပါသည်။ အစ္စလာမ်၏ ကျမ်းဂန်ရင်းမြစ်များက ဘုရားသခင်၏ အခြား အားလုံးသော ဂုဏ်တော်များထက် ယင်းကို ဖော်ပြထားပြီး၊ ယင်းမှာ ဘုရားသခင်၏ သနားကြင်နာမှု ကရုဏာတရားတည်းဟူသော ဂုဏ်အသရေတော်ဖြစ်ပြီး၊ ၄င်းက အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို အမှတ်အသားပြုထားပြီး၊ အရှင်မြတ်၏ အဖန်ဆင်းခံတို့အကြား ဆက်နွယ်မှုကို အစပြုချိန်မှစ၍ ယခုဘဝနှင့် နောင်တမလွန်ဘဝအပါအဝင် အမြဲထာဝရတိုင် ပုံဖော်ထားပေသည်။ Umar Abd-Allah, "Mercy" 2004 ကိုကြည့်ပါ။

၃၈။ ဖြစ်တည်လာသည့် အရာအားလုံး (နာကျင်မှု၊ ဝေဒနာ၊ ထိခိုက်မှု၊ သေခြင်းနှင့် မကောင်းမှုတို့သည်ပင်လျှင်) အချိန်တန်သည့်အခါ၊ စကြာဝဠာဆိုင်ရာ သနားကရုဏာတော်၏ နိယာမစည်းမျဉ်းအောက်သို့သာ ကျရောက်စမြဲဖြစ်ပါသည်။ "အလ္လာဟ်အရှင်မြတ်သည် ကရုဏာပြုတော်မူရန် မိမိအပေါ်၌ တာဝန်အဖြစ် သတ်မှတ်ထားတော်မူပြီးဖြစ်သည်" (၆း၁၂)ဟု ဖော်ပြသည့် အာယာသ်တော်က သနားကရုဏာတော်သည် ကာလဒေသအားလုံးနှင့် သက်ဆိုင်သော နိယာမဥပဒေ (စွန္ဓာဟ်တော်)၊ စကြာဝဠာ၏ လွှမ်းမိုးကြီးစိုးသော အကြောင်းအရာနှင့် ဖန်ဆင်းခြင်းလုပ်ရပ်၏ အခြေခံကျသော ရည်ရွယ်ချက်ဖြစ်သည်ဟူသော အချက်ကို အလေးအနက်ပြုထားသည်။ Umar Faruq Abd-Allah, "Mercy: The Stamp of Creation" (Nawawi Foundation, 2004)၊ Mohammed Rustom, *The Triumph of Mercy: Philosophy and Scripture in Mullā Ṣadrā*, SUNY Press, 2015 ကို ကြည့်။

၃၉။ စကြာဝဠာလုံးဆိုင်ရာ အစီအမံတွင် သနားကရုဏာတော်၏ ပိုမိုကြီးမြတ်လွှမ်းမိုးမှုကို ထပ်မံ၍ အလေးအနက်ပြုလျက် "[အာယာသ် ၄၀း၇]တွင် သနားကရုဏာတော် (လုပ်ရပ်တစ်ခု၏ ဂုဏ်ရည်တစ်ခု) ကို အသိပညာ (ဖြစ်တည်မှုအနှစ်သာရ၏ ဂုဏ်ရည်တစ်ရပ်)ထက် ပိုမိုး၍ ဦးစားပေးထားပေသည်"။ Umar Abd-Allah, "Mercy" 2004။

၄၀။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာမည်၊ မလိုက်နာငြင်းဆန်မည်နှင့် သက်ဆိုင်သည့် လွတ်လပ်သော ရွေးချယ်နိုင်မှုကို လူသားများအား အပ်နှင်းထားသည်။ ကွာခြားမှုမှာ "အခြားသော အဖန်ဆင်းခံ သတ္တဝါများအားလုံးက ၄င်း၏ သဘာဝကို အလိုအလျောက် လိုက်နာကြစဉ်တွင်၊ လူသားများက ၄င်းတို့၏ သဘာဝများကို လိုက်နာသင့်ခြင်းဖြစ်သည်။ *ဖြစ်သည်* (*is*) မှ *သင့်သည်* (*ought*)သို့ အသွင်ပြောင်းလဲမှုက လူသားတို့၏ သီးသန့် အခွင့်ထူးဖြစ်သကဲ့သို့ လူသားတို့၏ သီးသန့် အန္တရာယ်လည်းဖြစ်သည်"ဟူသော အချက်ဖြစ်သည်။ (Ibrahim Özdemir, "Towards an Understanding of Environmental Ethics from a Qur'anic Perspective," in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003), 17)။ သဒ္ဓါထက်သန်စွာ ဝတ်ပြုအမှုတော်ထမ်းရန် သို့မဟုတ် ၄င်းတို့၏ အရှင်၏ အမိန့်ပညတ်တော်များကို ငြင်းဆန်ရန်နှင့် ၄င်းအမိန့်တော်များကို တွန်းလှန်ရန် သို့မဟုတ် ပြောင်းပြန်လှန်ပစ်ရန် အားထုတ်ကြိုးပမ်းရန် ရွေးချယ်နိုင်သည့် စွမ်းရည်သည် ဂျင်န်များအပြင် လူသားများနှင့်လည်း သက်ဆိုင်သည် (၅၁း၅၆)။

၄၁။ လူသားများမှလွဲ၍ အခြားသော သက်ရှိသတ္တဝါများတွင် ၄င်းတို့၏ အရှင်ကို မနာခံနိုင်သည့် စွမ်းရည်မရှိသော်လည်း၊ ကျမ်းတော်မြတ် ကုရ်အာန်၏ သင်ကြားမှုတွင်၊ ၄င်းတို့သည် အလိုဆန္ဒရှိစွာ နာခံကြသည်။ "ထို့နောက် ထိုအရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူခဲ့၏။ ထိုအချိန်တွင် မိုးကောင်းကင်သည် မီးခိုးအခိုးအငွေ့သာ ဖြစ်နေခဲ့၏။ ထိုအခါ အရှင်မြတ်သည် ယင်းမိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ အသင်တို့ ကျေနပ်စွာဖြစ်စေ၊ မကျေနပ်ဘဲဖြစ်စေ၊ လာကြလေကုန်ဟု မိန့်တော်မူခဲ့ရာ ယင်းမိုးကောင်းကင်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း ကျွန်တော်မျိုးတို့သည် ကျေနပ်စွာလာခဲ့ကြပါပြီဟု လျှောက်ထားခဲ့ကြလေသည်" (၄၁း၁၁)။ ထို့အတွက်ကြောင့်ပင် ကျမ်းတော်မြတ်ကုရ်အာန်က အစ္စလာမ် ("နာခံခြင်း")ဟူသော ဝေါဟာရကို ၄င်းသည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေတော်ကို (ခုခံဆန့်ကျင်မှုမရှိဘဲ)နာခံနေသမျှကာလပတ်လုံး စကြာဝဠာတစ်ခုလုံးအပေါ် သက်ရောက်စေခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဥပဒေသအတိုင်း လုပ်ဆောင်လျက်၊ သဘာဝတရားက ၄င်းကိုယ်တိုင်ကို အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်အား နာခံစေလေသည်။ စကြာဝဠာရှိ အရာခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေတော်များနှင့်အညီ ပြုမူလုပ်ရှားနေခြင်းဖြစ်သည့်အတွက်၊ စကြာဝဠာတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ကို အရှုံးပေးနာခံလျက်ရှိသော မွတ်စလင်မ်ဖြစ်ပေသည်" ((Ibrahim Özdemir, "Towards an Understanding of Environmental Ethics..." 16-17).

၄၂။ *Ri'āyat al-Bī'ah fī Sharī'ati 'l-Islām* (Cairo: Dār ash-Shurūq, 2006), 31 and Seyyed Hossein Nasr, *Islam and the Environmental Crisis*, 95-96, and in *The Need for a Sacred Science* (Albany, NY: State University of New York Press, 1993), 130-133.

၄၃။ ဖန်ဆင်းမှုအတွင်းရှိ အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များနှင့် စပ်လျဉ်း၍ *Ri'āyat al-Bī'ah*, 31, 33-34, 155၊ Nasr in "*Islam and the Environmental Crisis*," 95-96နှင့် *Sacred Science*,130-133တွင်လည်းကောင်း၊ Izzi Dien, *Environmental Dimensions of Islam*, 27, 98, 100၊ Özdemir, "Environmental Ethics," 10-11, 19-22; Nomanul Haq, "Islam and Ecology: Toward Retrieval and Reconstruction" in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003) 126, 130နှင့် 'Ali Gomaa, *Al- Bī'ah wa'l-Hifāz 'alayhā min Manzūr Islāmī* (Cairo: Al-Wābil As-Sayyib, 2009), 33-34. Said Nursi, *The Supreme Sign* (trans. Hamid Algar), Berkeley, California, 1979တို့တွင် ကြည့်ပါ။

၄၄။ Ri'āyat al-Bī'ah, 12-14။

၄၅။ ‘Izz ad-Dīn ibn ‘Abd as-Salām (d. 660 H. / 1262 G.), *Qawā‘id al-Ahkām fī Masālih al-Anām, fasl fī bayān masālih al-mu‘āmalāt wa’t-tasarrufāt*။ လူသားတို့၏ လူအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ဤလေ့လာစူးစမ်းမှုသည် ဖန်ဆင်းမှုတစ်ခုလုံးနှင့်လည်း အတူတူပင် သက်ဆိုင်မှုရှိပါသည်။ အမဲလိုက်သားရဲကောင်းများနှင့် သားကောင်များနှင့်ပင် သက်ဆိုင်ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ပြင်ပသဏ္ဌာန်အားဖြင့် ပဋိပက္ခအသွင်တွင် ရှိနေကြသော်လည်း၊ မျိုးစိတ်အဖြစ်နှင့်မူ၊ ၎င်းတို့သည် တစ်ကောင်နှင့် တစ်ကောင်ပေါ် အဆုံးစွန်သော အခြေအနေတွင် မှီခိုနေကြရ၍ ဖြစ်ပါသည်။

၄၆။ *Ri‘āyat al-Bī’ah*, 18 တွင် ကိုးကားထားသော ‘Abd ar-Ra’ūf Muhammad Al-Munāwī (952-1031 H. / 1545-1621 G.) in *Fayd al-Qadīr Sharh al-Jāmi‘ as-Saghīr* ။

၄၇။ Anas ibn Mālik and ‘Abd- Allāh ibn Mas‘ūd, in Shu‘ab al-Īmānထံမှ Abū Bakr Ahmad ibn Husayn Al-Bayhaqī (d. 458 H. / 1066 G.)က ဆင့်ပြန်ခဲ့သော Shu‘ab al-Īmān, chapter 49 (bāb fī tā‘at ulī ’l-amr): fasl fī nasīhat al-wilāt wa wa‘zihim, hadīth nos. 7444–7449ရှိ အထောက်အထားသိပ်မခိုင်လုံသော စစ်မှန်မှုသာရှိသည့် ဟဒီးစ်တော်နှင့် 737 H. / 1337 Gတွင် စုစည်းခဲ့သည့် Mishkāt al-Masābīhရှိ Walī ad-Dīn Muhammad ibn ‘Abd-Allāh Al-Khatīb at-Tabrīzī ဆင့်ပြန်ခဲ့သော ဟဒီးစ်တော်။ kitāb al-ādāb, bāb ash-shafaqah wa ’r- rahmah ‘alā ’l-khalq, hadīth nos. 4998, 4999။ Othman Abd-ar-Rahman Llewellyn, “The Basis for a Discipline of Islamic Environmental Law” in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003), 185-247ကိုကြည့်။ Abubakr A. Bagader, Abdullatif T. E. El-Sabbagh, Mohamed A. Al-Glayand, and Mawil Y. I. Samarrai, in collaboration with Othman A. Llewellyn, *Environmental Protection in Islam*, 2d rev. ed., IUCN Environmental Policy and Law paper no. 20 Rev, World Conservation Union / Meteorology and Environmental Protection Administration of the Kingdom of Saudi Arabia (Gland, Switzerland and Cambridge: IUCN, 1994), 1–2ကိုလည်းကြည့်။ http://cmsdata.iucn.org/downloads/eplp_020reven.pdf ။ Othman A. Llewellyn, “Islamic Jurisprudence and Environmental Planning,” *Journal of Research in Islamic Economics* (Jeddah) 1, no. 2 (1984): 29; and Othman Llewellyn, “Shari‘ah-Values Pertaining to Landscape Planning and Design,” in *Islamic Architecture and Urbanism* (Dammam, Saudi Arabia: King Faisal University, 1983), 32ကိုလည်းကြည့်။

၄၈။ *မီဇာန်နှင့် ကစ်သ်* ဟူသော ဝေါဟာရနှစ်ခု၏ ဤအတူတူပင်သော အင်အားကြီးသည့် ပေါင်းစပ်မှုကို ဘမဲ့ကလေးများကို စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ကျမ်းတော်မြတ်ကုရ်အာန်တွင် အသုံးပြုထားသည် (*ထို့ပြင် အသင်တို့သည် ကောင်းမွန်သော နည်းလမ်းမှတစ်ပါး၊ မိဘမဲ့ ကလေးသူငယ်တို့၏ ဥစ္စာပစ္စည်း၏ အပါးသို့ပင် ၎င်းတို့ လူလားမြောက် အရွယ်ရောက်သည်အထိ မချဉ်းကပ်ရ။ ထို့မှတပါး၊ အသင်တို့သည် တောင်း၊ တင်းနှင့် အလေးများကို တရားမျှတစွာဖြင့် အပြည့်ချိန်တွယ်၍ ပေးကြရမည်* (၆း၁၅၂))။

၄၉။ Fazlur Rahman, Themes of the Qur’an. Chicago: Bibliotheca Islamica, 1980, p. 45။

၅၀။ အဗ္ဒဒွလ္လာဟ် အစ်ဘနေ ဇိယာဒါဟ် အယ်လ်-ဘက္ကရီ သခင်က ဘိရ္ဓာ အယ်လ်-မာဇိနီ၏ သားများအား နဗီတမန်တော်ထံမှ အစီးအနင်းပြုသော တိရစ္ဆာန်ကို ကျာပွတ်နှင့် ရိုက်နှက်ခြင်း၊ ဇက်ကြိုးဖြင့် ကြမ်းတမ်းစွာ ထိန်းခြင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော်ထံမှ အမိန့်တစ်ခုခုကို သိရှိပါသလောဟု မေးမြန်းခဲ့သည်။ ထိုသူတို့က မသိပါဟု ဖြေကြားခဲ့သည်။ အိမ်အတွင်းမှ အမျိုးသမီးတစ်ဦးက ထိုသူကို “အို..မေးခွန်းမေးမြန်းသူ၊ ‘ကမ္ဘာမြေပြင်ပေါ်တွင် သွားလာနေသော မည်သည့် သက်ရှိဖြစ်စေ၊ ထို့ပြင် မိမိတို့၏ တောင်ပံနှစ်ဘက်ဖြင့် ပျံသန်းကြသော မည်သည့်ငှက်ပင်ဖြစ်စေ၊ ယင်းတို့သည် အသင်တို့ကဲ့သို့ အွမ္မာဟ် အုပ်စုများဖြစ်ကြ၏’(၆း၃၈)ဟု အလ္လာဟ်အရှင်က ကြေညာထားခဲ့ပြီးဖြစ်သည်”ဟု ဖြေကြားလေသည်။ ၎င်းတို့က သူသည် နဗီတမန်တော်ကို သိခဲ့သည့် ၎င်းတို့၏ အစ်မဖြစ်သည်ဟု ဆိုကြလေသည်။ *Shu‘ab al-Īmān* ရှိ အယ်လ်-ဘေဟကီ (Al-Bayhaqī)၊ အဗ္ဒဒွလ္လာဟ် အစ်ဗနေ ဇိယာဒါဟ် (’Abd-Allāh ibn Ziyādah) ထံမှ အီမာမ် အဟ်မဒ် (Imām Ahmad) ဆင့်ပြန်ခဲ့သော အလွန်ခိုင်လုံစွာ စစ်မှန်သည့် ဆင့်ပြန်ချက်ဖြစ်သည်။ https://quranpedia.net/ar/surah/1/6/book/273 ။

၅၁။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဖော်ပြချက်တွင်၊ ရှိုင်တွာန်က ကွဲနွားများ၏ နားရွက်များကို ဖြတ်တောက်ရန် လူသားတို့အား သူအမိန့်ပေးပါမည်ဟု ကြေညာသည် (၄း၁၁၉)။ ခွေးများ၏ နားရွက်များအား လှီးဖြတ်ခြင်းနှင့် မြင်းများ၏ အမြီးများအား ပြပွဲများအတွက် ချိုးဖြတ်ခြင်းကဲ့သို့သော တိရစ္ဆာန်များအား ရက်စက်ကြမ်းကြုတ်စွာ ထိခိုက်အနာတရ ဖြစ်စေခြင်းကို အစ္စလာမ့်ယဉ်ကျေးမှုတွင် ပြင်းထန်လေးနက်စွာ ရှုချရှောင်ကြဉ်ကြသည်။ ပျက်စီးရာပျက်စီးကြောင်းပြုခြင်း၊ ဆူပူသောင်းကျန်း ပျက်သုဉ်းစေခြင်းနှင့် မြန်မြန်မှည့်၍ ကြွေစေသော အပင်ဖျန်းဆေးများနှင့် ဓါတ်ရောင်ခြည်သုံး အင်းဆက်ပိုးမွှား သတ်ဆေးများ အသုံးပြုခြင်းမှ ဖြစ်ပေါ်စေသည့် ဂေဟစနစ်တစ်ခုလုံးကို သိမ်ဖျဉ်းယုတ်လျော့စေခြင်းနှင့် ထိုကိစ္စအတွက် ကမ္ဘာမြေအပေါ် ကျွန်ုပ်တို့ မျိုးစိတ်က ပြုလုပ်ခဲ့သည့် အခြားသော အကျိုးသက်ရောက်မှုကို မဆိုထားဘိ၊ တိရစ္ဆာန်များကို စမ်းသပ်မှုအတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ခွဲစိတ်ဖြတ်တောက်ခြင်းသည် အဘယ်မျှလောက် သာလွန်ကဲစွာ ဖိနှိပ်ရက်စက်မှုနှင့် မိစ္ဆာဆန်သော စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါသနည်း။

၅၂။ *သက်စ်ခီးယား* (*taskhīr*) ဟူသော သဘောတရားကို ပြည့်စုံစွာ စူးစမ်းလေ့လာမှုအတွက်၊ Tlili, Sarra, *Animals in the Qur’an*, Cambridge University Press, 2012, 92-115 ကို ကြည့်။ *မူဆက်ခ်ခါး* ဖြစ်ခြင်းဟူသည် နေ့၊ ည၊ နေ၊ လ၊ ကြယ်တာရာများ၊ ပင်လယ်များ၊ တောင်တန်းများ၊ အပင်များနှင့် တိရစ္ဆာန်များသည် လူသားမျိုးနွယ်အတွက် ကောင်းကျိုး အကျိုးကျေးဇူးရှိစေသော အရာများ ဟု ဆိုလိုသည်။ ၎င်းလူသားတို့၏ လွှမ်းမိုးအုပ်စိုးခံသို့မဟုတ် လူသားတို့၏ ဩဇာခံဟု မဆိုလိုပါ။ ထို့အတူ ယင်းအချက်က ထိုအရာများအနေဖြင့် လူသားမျိုးနွယ်အပြင် အခြားသော မျိုးစိတ်များအားလည်း ကောင်းကျိုး အမှုတော်ထမ်းနေမှုကိုလည်း ပိတ်ပင်ထားခြင်း မရှိပါ။ အမှန်အားဖြင့် ထိုအရာများသည် ယေဘုယျအားဖြင့် ကမ္ဘာမြေပေါ် ရှိ သက်ရှိ

သတ္တဝါများကို အကျိုးဆောင်နေသည်မှာ ထင်ရှားလှပါသည်။ Tlili, 92, 100, 111-115၊ Izzi Dien, *Environmental Dimensions of Islam*, 128 ကိုကြည့်။ *Al-Ri'āyat al-Bī'ah*, 34-35 ကိုလည်း ကြည့်။

၅၃။ လူသားများနှင့် ကျန် အဖန်ဆင်းခံများတို့သည် ဖန်ဆင်းခံရခြင်းတွင် အတူတူပင်ဖြစ်ပြီး၊ တန်းတူညီမျှသည်။ လူသားများသည် အခြားသော အဖန်ဆင်းခံများထက် သာလွန်မြင့်မြတ်သည်ဟု အဆိုပြုခြင်းသည်၊ သာလွန်မြင့်မြတ်မှု အကြောင်းပြချက်ဖြင့် အာဒမ်ရှေ့တွင် ဦးညွှတ်ရန် အလွာဟ်အရှင်မြတ်၏ အမိန့်အပေါ် ရှိုင်တွန်၏ ငြင်းပယ်သည့် တူညီသော နည်းလမ်းဖြင့် အလွာဟ်အရှင်မြတ်အား မနာခံမှုဟု ထင်မြင်စရာရှိပါသည်။ "ယင်း(အီဗလစ်)က ကျွန်တော်မျိုးသည် သူ့ထက် သာလွန်ကောင်းမြတ်ပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးကို မီးဖြင့် ဖန်ဆင်းတော်မူပြီး၊ သူ့ကိုမူ ရွံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်ဟု လျှောက်ထားခဲ့လေသည်" (၇း၁၂)။ Izzi Dien, *Environmental Dimensions of Islam*, 78 ကို ကြည့်။

၅၄။ Izzi Dien, *Environmental Dimensions of Islam*, 128။

> ကျမ်းတော်မြတ်ကုရ်အာန်၏ အချို့သော ဘာသာပြန်ဆိုသူများက *သက်စ်ဓီးယာ* ဟူသော အကျိုးဆောင်မှုကို လူသားများ၏ အကျိုးကျေးဇူးအတွက်သာ ကန့်သတ်ထားသည်ဟု သုံးသပ်စဉ်းစားကြသော်လည်း၊ အမျိုးမျိုးသော အာယာသ်များကို လေ့လာကြည့်ခြင်းက ထိုသို့သော အဆိုတစ်ရပ်ကို ခိုင်လုံစေသော ထင်ရှားမြင်သာသည့် သက်သေအထောက်အထား မရှိခြင်းကို လှစ်ဟပြသသည်။ လူသားများအနေဖြင့် အခြားသော အဖန်ဆင်းခံများထံမှ အကျိုးကျေးဇူးများ ရရှိခံစားရသော်လည်း၊ ယင်းသည် တစ်လမ်းသွား ဖြစ်စဉ် ဖြစ်ရန် မလိုအပ်နေပါ။ လေ့လာစူးစမ်းမှုသည် တိရစ္ဆာန်များက လူသားများအား ဝန်ဆောင်မှုပြုခြင်းနှင့် ဆိုင်သည့် အာယာသ်များကိုသာ ဘောင်ခတ်ထားပါက၊ *သက်စ်ဓီးယာ* သည် ထိုအဓိပ္ပါယ်ဆီသို့ ဦးတည်ကောင်း ဦးတည်နိုင်ပါသည်။ သို့သော်လည်း၊ နေ့၊ ည၊ နေ၊ လ၊ နှင့် ကြယ်တာရာများကဲ့သို့သော သဘာဝပတ်ဝန်းကျင်၏ အခြားသော အစိတ်အပိုင်းများကိုပါ ကျွန်ုပ်တို့ ဆင်ခြင်သုံးသပ်သည့်အခါ အဓိပ္ပါယ်က ပိုမို၍ ရှင်းလင်းလာပါသည်။ ထိုအရာများကို လူသားတို့၏ အကျိုးဆောင်မှုအတွက် [သဖွယ်]ဖော်ပြထားသော်လည်း၊ ၄င်းတို့သည် အခြားသော အဖန်ဆင်းခံများကိုလည်း ကောင်းကျိုးဆောင်သည်မှာ ထင်ရှားလှပြီး၊ ထိုသို့မဟုတ်မူကြောင်း ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ပြညွှန်းဆိုခြင်း မရှိပါ။

ထိုနည်းနှင်နှင်ပင်၊ "ထိုအရှင်မြတ်သည် သင်တို့အားလုံး၏ အကျိုးငှါ ပထဝီမြေပေါ်တွင် ရှိရှိသမျှသော ဝတ္ထုအစုစုကို ဖန်ဆင်းတော်မူခဲ့၏"(၂း၂၉) ဟူသော ကျမ်းတော်မြတ်ကုရ်အာန်၏ စာပိုဒ်နှင့် စပ်လျဉ်း၍ Izzi Dien က "ဤနေရာတွင် 'သင်တို့'ဟူသော စကားရပ်သည် အချိန်ကာလအားဖြင့် သို့မဟုတ် နေရာဒေသအားဖြင့် အကန့်အသတ်မရှိဘဲ ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်ကြသော သတ္တဝါခပ်သိမ်းတို့ကို ရည်ညွှန်းပါသည်။ ယေဘုယျပြုမူစည်းမျဉ်းကို ဆန့်ကျင်သည့် အကြောင်းပြချက်မရှိသည့်အလျောက်၊ မွတ်စ်လင်မ် ပညာရှင်တို့အနေဖြင့် ကျမ်းစာ စာသား အနက်ပြန်ဆိုမှုတွင် ယေဘုယျပြုမူစည်းမျဉ်းကို လက်ခံကြသည့်အတွက်၊ အခြားသူများ ပြောနိုင်ကောင်း ပြောနိုင်သလို ဤကောက်ချက်သည် ယင်း၏ မူလ ရည်ရွယ်ချက်ကို လွန်သော အနက်အဓိပ္ပါယ်သို့ ခွဲကားရောက်ရှိခြင်းမရှိပါ" ဟု အဆိုပြုပါသည် (စာမျက်နှာ ၈၇-၈၈)။

၅၅။ Taqī ad-Dīn Ahmad ibn Taymīyah, *Majmū' al-Fatāwā*, 11:96–97။ ဤထုတ်ပြန်ကြေညာချက်အပေါ် ဆွေးနွေးမှုအတွက် Samarrai, "Environmental Protection and Islam," 37–38၊ Izzi Dien, *Environmental Dimensions of Islam*, 99-100၊ Llewellyn, "Islamic Environmental Law," 36-37၊ Bagader et al., *Environmental Protection in Islam*, 5 ကို ကြည့်။

၅၆။ Samarrai, "Environmental Protection and Islam," 37၊ Izzi Dien, *Environmental Dimensions of Islam*, 27, 97-100။ Bagader et al., *Environmental Protection in Islam*, 5–6, 33–34 နှင့် Llewellyn, "*Islamic Environmental Law*," 37 ကိုလည်း ကြည့်။

၅၇။ အယ်လ်-ဘူခါရီ နှင့် မွတ်စ်လင်မ်နှင့် အဘူဟူရိုင်ရာဟ် သခင်ထံမှ အခြားသူများက တင်ပြထားသည့် အလွန်ခိုင်လုံအားကောင်းသော ဟဒီးစ်တော်။ ပုရွက်ဆိတ်များသည် လူသားတို့ မျက်စိဖြင့် မြင်နိုင်သည့် အသေးငယ်ဆုံးသော သက်ရှိသတ္တဝါများအနက်မှ ဖြစ်သည့်အတွက်၊ ပုရွက်တို့သည် အစ္စလာမ့်ကိုယ့်ကျင့်ဗေဒဆိုင်ရာ များစွာသော ရှင်းလင်းဖော်ပြချက်များတွင် သရုပ်ဖော်ပါဝင်ကြသည်။ ၄င်းတို့နှင့် သက်ဆိုင်သော ဓမ္မသတ်စီရင်ထုံးအချို့သည် မမြင်နိုင်လောက်အောင် သေးငယ်သည့် ပိုးများ၊ ဘက်တီးရီးယားနှင့် အခြားသော အလွန့်အလွန်သေးငယ်သည့် သက်ရှိများတွင်လည်း အသုံးပြုနိုင်ပါသည်။ ထိုမျိုးစိတ်များသည် အပေါများဆုံးနှင့် ကမ္ဘာမြေပေါ်ရှိ အကွဲပြားဆုံး သက်ရှိပုံစံများအနက်မှ ဖြစ်ကြပြီး၊ ကမ္ဘာမြေကြီး၏ ဇီဝအစုအပုံကြီး၏ ထက်ဝက်ကျော် ပမာဏရှိနိုင်ပါသည်။ ထို့ပြင်၊ ကျမ်းတော်မြတ်ကုရ်အာန်၏ ၂၇ခုမြောက် ကဏ္ဍကို ပုရွက်ဆိတ်ကဏ္ဍ (*အန်-နမ်လ်*)ဟု မှည့်ခေါ်ထားပေသည်။

၅၈။ Nomanul Haq, "Islam and Ecology," 132။ "ငါသည် ကမ္ဘာမြေတွင် တာဝန်ကျေပွန်သော ကိုယ်စားလှယ်တစ်ဦးကို (ခလီဖာ ဖစ်လ်-အရ်ဒ်)ခန့်ထားတော်မူသည်"ဟု အလွာဟ်အရှင်မြတ်က ကောင်းကင်တမန်များထံသို့ ကြေညာတော်မူခဲ့သောအခါ၊ ကောင်းကင်တမန်များက "အရှင်သည် ကမ္ဘာပေါ်တွင် ပျက်စီးရာပျက်စီးကြောင်းကိုပြုပြီး၊ သွေးထွက်သံယိုမှုပြုမည့် သူများကို ယင်း၌ ပြုလုပ်တော်မူပါမည်လော" (၂း၃၀)ဟု ကောင်းကင်တမန်များက မေးမြန်းခဲ့ကြလေသည်ဟု ကျမ်းတော်မြတ်ကုရ်အာန်က သင်ကြားသည်။ ယင်းအချက်က ကောင်းကင်တမန်များအနေဖြင့် အာဒမ်၏ သားသမီးတို့သည် ကောင်းမှုအပြင်၊ ဆိုးသွမ်းမှုကိုပါ ပြုလုပ်ရန် လွတ်လပ်မှုနှင့် လုပ်နိုင်စွမ်းအားတို့ ရှိလိမ့်မည်ကို ကြိုမြင်နိုင်ခဲ့ကြသည်ဟု ဖော်ပြနေသည်။

၅၉။ Abdal Hamid [Fitzwilliam-Hall], “Exploring the Islamic Environmental Ethics” In A.R. Agwan, (Ed.), *Islam and the Environment*, (New Delhi, India: Institute of Objective Studies, 1997), 55။ *ဖဆာ့ဒ်*သည် မြေဆီမြေနှစ်နှင့် သီးနှံအထွက်တိုးနှုန်းကို ဖျက်ဆီးမှုနှင့် ဆက်နွယ်နေသည်ဟူသည့်အချက် (၂၂၀၅၊ ၇း၈၅)နှင့် *ဖဆာ့ဒ်* သည် ကုန်းမြေပေါ်နှင့် ပင်လယ်တွင် ဖြစ်ပေါ်သည်ဟူသည့်အချက် (၃၀း၄၁)ကို ရှင်းရှင်းလင်းလင်း ပြဆိုထားပါသည်။
၆၀။ Özdemir, “Environmental Ethics,” 203။

၆၁။ စာပိုဒ် ၅.၅ ကိုကြည့်ပါ။ “‘ကောန်စင်စစ် ဤမြေကမ္ဘာကို ငါအရှင်မြတ်၏ မှန်ရာကိုသာ လုပ်ဆောင်သော (သူတော်စင်)ကျွန်များပင် အမွေဆက်ခံကြမည်” (၂၁း၁၀၅)ဟူသော ကျမ်းတော်မြတ်ကုရ်အာန်၏ အာယာသ်တော်သည် ဟီဘရူး သမ္မာကျမ်းစာ၏ မက်ဆိုရက်တစ် (Masoretic) နံပါတ်စဉ်အားဖြင့် ဆလံကျမ်း အခန်းကြီး ၃၇၊ အခန်းငယ် ၂၉ (ဂရိ ဆပ်တူအဂ်နှင့်တ်(Greek Septuagint)နှင့် လက်တင် ဗာလ်ဂိတ် (Latin Vulgate)မူတို့တွင် ဆလံကျမ်း ၃၆)ပါ “ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကို အမွေခံ၍ အစဉ်အမြဲ နေရကြလိမ့်မည်”ဟူသော ကျမ်းချက်ကို နီးကပ်စွာ ပဲ့တင်ထပ်နေပါသည်။
၆၂။ အဘူ စအစ်ဒ် အယ်လ်-ခူဒ်ဒရီ ထံမှ မွတ်စ်လင်မ်က တင်ပြထားသော အလွန်ခိုင်မာအားကောင်းသည့် စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။ ဤဟဒီးစ်တော်သည် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယာသ် “တစ်ဖန် ငါတို့သည် ထိုသူတို့နောက်တွင် အသင်တို့အား ကမ္ဘာမြေဝယ် တာဝန်ကျသော ကိုယ်စားလှယ်များ (*ခလီဖ် ဖစ်လ်-အရ်ဒ်*)အဖြစ် ဆက်ခံသူများ ပြုလုပ်တော်မူ၏။ သို့ဖြင့် အသင်တို့ မည်သို့ပြုမူကျင့်ကြံကြသည်ကို ငါတို့ ကြည့်ရှုတော်မူရန်ဖြစ်၏” (၁၀း၁၄)ကို နီးစပ်စွာ ပင့်တင်ထပ်နေပါသည်။
၆၃။ ၁၁ရာစုနှစ် တွေးခေါ်ရှင် အာရ်-ရာဂ်ဟစ်ဘ် အယ်လ်-အစ်ဖဟားန်နီ (Ar-Rāghib Al-Isfahānī)က တာဝန်ကျသော၊ တာဝန်ခံမှုရှိသော သတ္တဝါများအဖြစ် လူသားမျိုးနွယ်နှင့် စပ်လျဉ်းသည့် အလွာဟ်အရှင်မြတ်၏ အန္တိမရည်ရွယ်ချက်များကို လုပ်ငန်းတာဝန် သုံးရပ်တွင် သာဓကဆောင်ထားသည်ဟု သုံးသပ်ခဲ့သည်။ ပထမလုပ်ငန်းဆောင်တာမှာ အလွာဟ်အရှင်မြတ်၏ အမှုတော်ထမ်းရန်နှင့် အလွာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန်ဖြစ်သည်။ အမှုတော်ထမ်းခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်းတို့တွင် ဘဝ၏ ရပ်ဝန်းများအားလုံးတို့တွင် နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ လုပ်ဆောင်ချက်များအားဖြင့်ဖြစ်စေ အလွာဟ်အရှင်မြတ်က ချစ်ခင်နှစ်သက်သည့် အရာများ အားလုံးပါဝင်သည်။ ဒုတိယလုပ်ငန်းဆောင်တာမှာမူ အခွင့်အရေးနှင့် တရားမျှတမှုကို လက်ကိုင်ပြုလျက်၊ ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့်လည်းကောင်း၊ အလွာဟ်အရှင်မြတ်က နဗီတမန်တော် ဒါဝူးဒ်ကို မိန့်မှာချက် “အို..ဒါဝူဒ်၊ စင်စစ် ငါတို့သည် အသင့်အား ကမ္ဘာမြေဝယ် ‘ခလီဖွာဟ်’ ပြုလုပ်တော် မူခဲ့ပေသည်။ သို့ဖြစ်ရာ၊ လူတို့ကြားဝယ် တရားမျှတမှုနှင်ကန်စွာ စီရင်ဆုံးဖြတ်ပါလေ။ ထို့ပြင်တဝ၊ အသင့်အား အလွာဟ်အရှင်မြတ်၏ လမ်းတော်မှ လွဲချော်မှောက်မှားစေနိုင်သည့် စိတ်၏ အလိုဆန္ဒနောက်သို့ မလိုက်လင့်” (၃၈း၂၆)တွင် ဖော်ပြထားသကဲ့သို့ ကမ္ဘာမြေပေါ်တွင် ကောင်းမြတ်ခြင်းနှင့် အကျိုးရှိမှုတို့ကို ပျံ့နှံ့စေခြင်းဖြင့်လည်းကောင်း ကမ္ဘာမြေကြီးပေါ် ရှိ *ခိလာဖ်ဟ်* ကို လက်တွေ့ကျင့်သုံးတည်ဆောက်ရန်ပင်ဖြစ်သည်။ တတိယမှာ “အရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေမှ ဖြစ်ထွန်းဖွံ့ဖြိုးစေတော်မူခဲ့၏။ ထို့အပြင် အသင်တို့ ယင်း၌ တိုးတက်ထွန်းကားရန်အတွက် အသင်တို့အား ယင်းကို ကောင်းစွာစီမံအသုံးချစေတော်မူခဲ့သည်” (၁၁း၆၁) ဟူသော အာယားသ်တော်အတိုင်းပင်၊ ထွန်ယက်စိုက်ပျိုးရန်နှင့် မြေကို တိုးတက်ကောင်းမွန်အောင်နှင် ထွန်းကားအောင်ပြုရန်ဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ အပင်များ မျိုးကြဲပိုးထောင်ခြင်းနှင့် တည်ဆောက်ခြင်းနည်းလမ်းများဖြင့်လည်းကောင်း၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ၎င်းကို ပြန်လည်အားဖြည့်ပေးခြင်းဖြစ်လည်းကောင်း၊ ၎င်း၏ ပျက်စီးရာပျက်စီးကြောင်းနှင့် သိမ်ဖျဉ်းယုတ်လျော့စေခြင်း (*ဖဆာ့ဒ်*)နှင့် ယိုယွင်းပျက်စီးစေခြင်း (*အစ်ခ်လာလ်*)မှ ရှောင်ကြဉ်ခြင်းဖြင့်လည်းကောင်း မြေကို တိုးတက်ထွန်းကားအောင် ပြုကြပါသည်။ *Ri’āyat al- Bī’ah*, 23.တွင် အကိုးအကားပြုထားသော Ar-Rāghib Al-Isfahānī (d. 502 H. / 1108/1109 G.)။
၆၄။ ၉၅း၄-၈။
၆၅။ Llewellyn, “Letter to Aishah”၊ ကျမ်းတော်မြတ် ကုရ်အာန် ၉၉း၇-၈၊ အဗ္ဗဒ္ဒလ္လာဟ် အစ်ဗနေ အုမာရ် ထံမှ အယ်လ်-ဘူခါရီနှင့် မွတ်စ်လင်မ်တို့က တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းသော စစ်မှန်သည့် ဟဒီးစ်တော်။ Abū ‘Ubayd Al-Qāsim ibn Sallām (d. 224 H.) Kitāb al-Amwāl: bāb haqq al-imām ‘alā ’r-ra’īyah wa haqq ar-ra’īyah ‘alā ’l-imām ကိုလည်းကြည့်ပါ။
၆၆။ အဘူ မာလစ်က် အယ်လ်-အရှ်ဟရီထံမှ မွတ်စ်လင်မ်က တင်ပြထားသော အလွန်ခိုင်မာအားကောင်းသည့် စစ်မှန်သည့် ဟဒီးစ်တော်။
၆၇။ ၃၃း၇၂။
၆၈။ Llewellyn, “Letter to Aishah”၊ Llewellyn, “Islamic Environmental Law,” 6၊ Bagader et al., *Environmental Protection in Islam*, 30။
၆၉။ ကျမ်းတော်မြတ် ကုရ်အာန် (၂း၈၆)။ ကြောက်ရွံ့ရိုသေ ခန့်ငြားမှုဖြင့် အလေးမူဂရုစိုက်ခြင်း၊ သနားကရုဏာတော်နှင့် အဆုံးစွန်သော ကောင်းမြတ်ခြင်းတရားတို့၏ ပြယုဂ်ဖြစ်တော်မူထသော၊ ဝေနယျျခပ်သိမ်းတို့အတွက် သနားကရုဏာတော်အဖြစ် စေလွှတ်ခြင်းခံရတော်မူသော၊ အပြစ်များကို ကျူးလွန်မိခြင်းမှ ကာကွယ်ပေးခြင်းခံထားရတော်မူသော နဗီတမန်တော် မူဟမ္မဒ် (အလွာဟ်အရှင်မြတ်၏ ကောင်းခြီးမင်္ဂလာတော်နှင့် ငြိမ်းချမ်းသာယာမှု အဖြာဖြာ ကိုယ်တော်သခင်ပေါ်သို့ ကျရောက်ပါစေသား) ကိုယ်တော်တိုင်က “လူတစ်ဦးတစ်ယောက်၏ ကောင်းသော လုပ်ရပ်များက ထိုသူအား သုခံဘုံသို့ ပို့ဆောင်ပေးလိမ့်မည်မဟုတ်သောကြောင့် ကောင်းမြတ်သော လုပ်ရပ်တို့ကို သင့်တင်လျောက်ပတ်စွာ၊ စိတ်နှလုံးဖြူစင်ရိုးသားစွာနှင့် မလွန်မကျူးဖြစ်စွာ ပြုလုပ်ကျင့်ကြံပါလော့၊ ထို့နောက် သတင်းကောင်းကို လက်ခံရရှိပါလော့”ဟု မိန့်မြွက်ခဲ့သည်။ သူတို့က “ကိုယ်တော်သခင်သည်ပင်လော အို အလွာဟ်အရှင်မြတ်၏ တမန်တော်”ဟု ပြန်လည်မေးလျှောက်ကြ၏။ ကိုယ်တော်သခင်က “အလွာဟ်အရှင်မြတ်က

ခွင့်လွှတ်ချမ်းသာပေးချ၍ ငါ့အပေါ် သနားကရုဏာ မထားသမျှကာလပတ်လုံး ငါသည်ပင်လျှင် (ထိုသို့ဖြစ်ပါ၏)"ဟု ပြန်လည်ဖြေကြားခဲ့၏။ (အာအီရှာဟ် ထံမှ အယ်လ်-ဘူခါရီ တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။ Book 76 (Ar-Riqāq), no. 474)။

၇၀။ ကမ္ဘာမြေပေါ် ညင်သာသိမ်မွေ့စွာ လျှောက်လှမ်းခြင်းဟူသည် ကျွန်ုပ်တို့အတွက်နှင့် ကျွန်ုပ်တို့၏ ရောင်းရင်း အဖန်ဆင်းခံသတ္တဝါများအတွက် ကောင်းမွန်ပြီး လှပသော အမူအရာဖြင့် ကျွန်ုပ်တို့၏ ဘဝများကို ရှင်သန်နေထိုင်ရန်အတွက် လိုအပ်သည်ထက် ပိုမို၍ မယူခြင်းအားဖြင့်လည်းကောင်း၊ ရှင်သန်မှု၏ ရင်းမြစ်များအတွင်း ကျွန်ုပ်တို့၏ မျိုးစိတ်များနှင့် အခြားသော မျိုးစိတ်များ၊ လက်ရှိ မျိုးဆက်နှင့် အနာဂတ်မျိုးဆက်များ၏ ဝေစုဝေပုံများကို မကျူးကျော်မထိခိုက်စေဘဲ အခြားသော မျိုးစိတ်ကျွန်ုပ်တို့အတွက် မျှတသော ဝေစုဝေပုံထက် ပိုမယူငင်ခြင်းဖြင့်လည်းကောင်း ယင်းကမ္ဘာမြေပေါ် ကျွန်ုပ်တို့ထံမှ အနှစ်ရာယ်ရှိသော ထိခိုက်သက်ရောက်စေမှုများအားလုံးကို လျှော့ချသင့်သည်ဟု ညွှန်ဆိုပါသည်။ ကမ္ဘာမြေ၏ လေထုနှင့် ရေထုတို့ကို ညစ်နွမ်းစေခြင်းမှသည် ယင်း၏ မြေဆီလွှာကို ပျက်စီးဆုံးရှုံးစေခြင်းနှင့် ကမ္ဘာမြေကို ကျွန်ုတို့နှင့်အတူတကွ မျှဝေနေထိုင်ရှင်သန်ကြသည့် ကွဲပြားစုံလင်သော သက်ရှိပုံစံများကို ဆိတ်သုဉ်းပျောက်ကွယ်စေခြင်းတို့အထိပါဝင်သော ကမ္ဘာမြေပေါ်တွင် ပျက်စီးရာပျက်စီးကြောင်းတရားနှင့် သိမ်ဖျဉ်းယုတ်လျော့စေမှုများမှလည်းကောင်း၊ ကို ရှောင်သွေဖည်သည့် အမူအရာပုံစံအားဖြင့် ကျွန်ုပ်တို့၏ ဘဝများကို ရှင်သန်နေထိုင်သင့်သည်ဟု ညွှန်းဆိုဆိုလိုပါသည်။ ကျွန်ုပ်တို့၏ အစားအစာများနှင့် ခရီးသွားလာခြင်းတို့တွင် ဖြုန်းတီးမှုဆန်သည့် လွန်ကျူးခြင်းများကို ငြင်းဆိုရှောင်ရှားလျက်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူနွေးလာမှုနှင့် ဇီဝမျိုးကွဲစုံလင်မှုတို့ ဆုံးရှုံးလာမှုအပေါ် ကျွန်ုပ်တို့၏ ပယောဂများကို လျော့နည်းစေလျက်၊ ကျွန်ုပ်တို့၏ ဘဝရှင်သန်မှုများကို ခြိုးခြံစွာ နေထိုင်ခြင်းကို ဆိုလိုပါသည်။ ဤဒဏ်ရာဒဏ်ချက်များကို ကျွန်ုပ်တို့ တတ်စွမ်းနိုင်သည့် နည်းလမ်းတိုင်းဖြင့် ကုစားပေးသင့်သည်ဟု ဆိုလိုပါသည်။

အခန်း (၃)

၇၁။ Llewellyn, "Reverence and Utmost Good: Merciful Harvests" delivered at conference: *Halal and Tayyib: Rethinking the Ethical*, Zaytuna College Center for Ethical Living and Learning, 2019။

၇၂။ Othman Llewellyn, Othman Llewellyn, စာတမ်းပြုစုရေးသားခြင်း အဖွဲ့ကိုယ်စား ပြင်ဆင်ရေးသားပေးသည့် ထုတ်ဝေခြင်းမပြုသော ထုတ်ပြန်ချက် *Islamic Declaration on Global Climate Change* ၂၀၁၅ခုနှစ်။ ကွဲပြားခြားနားသော အခြားမူများကို "Reverence and Utmost Good," 2019 and in Othman A. Llewellyn and Abdallah R. Altlasat, "The Haraman and the Hima: Inviolable Sanctuaries and Protected Areas in Islam" Proceedings of Delos4 Workshop, 23-27 April 2017, Malta (IUCN/WCPA Specialist Group on Cultural and Spiritual Values of Protected Areas, in press). တွင် တွေ့ရသည်။

လူမျိုးရေးဝါဒနှင့် လူမျိုးနွယ်ခွဲခြားဆက်ဆံမှုဝါဒတို့၏ ဆိုးယုတ်မှုများနှင့် စပ်လျဉ်း၍ ခလီဖာ သမ္မတကြီး အလီ အစ်ဗနေ အဘီ တွာလစ်ဘ်က "တရားမျှတမှုဟူသည် လူမျိုး(နိုင်ငံ)တို့၏ ဒိုင်းအကာအရံပင်ဖြစ်သည်"ဟု ကြေညာခဲ့သည်ဟု ယုံကြည်ယူဆကြသည်။ Ghurar al-Hikam wa Durar al-Kalim, ʿAbd al-Wāhid b. Muhammad al-Āmidī, Hadīth no. 1873ကို ကြည့်ပါ။

၇၃။ Llewellyn, "Letter to Aishah"; Samarrai, "Environmental Protection and Islam," 37–39; Bagader et al., *Environmental Protection in Islam*, 5–6, 9– 10။ ထို့ထက်ပို၍ သက္ကဝါ၏ အခြားသော မျက်နှာစာမှာ ဝေနေယျခပ်သိမ်းတို့၏ အရှင်သည် ကျွန်ုပ်တို့အား စမ်းသပ်တော်မူမည်ဟူသည်ကိုလည်းကောင်း၊ မည်သည့်အရာတစ်ခုမျှ ထိုက်တန်မှုနှင့် အရေးပါမဲ့တို့ ကင်းမဲ့နေသည်မဟုတ်ရကား၊ မော်လီကျူးနှင့် ဂျီန်းစ် (genes)တို့ကဲ့သို့သော ဖန်ဆင်းခံတို့အနက် အသေးငယ်ဆုံးသော အမှုန်မှုကိုပင် ကျွန်ုပ်တို့၏ အသုံးပြုမှုအတွက် စစ်ဆေးစီရင်ခံရမည်ဟူသည်ကိုလည်းကောင်း သတိမူအသိရှိခြင်းပင်ဖြစ်ပေသည်။

၇၄။ Llewellyn, "Letter to Aishah"; ကျမ်းတော်မြတ် ကုရ်အာန် ၄၄း၃၈-၃၉၊ ၂၁း၁၆-၁၈၊ ၃၈း၂၆-၂၈၊ ၃.၁၉၀-၁၉၁၊ ၁၄း၁၉၊ ၁၆း၃၊ ၂၅း၆၈၊ ၂၉း၄၄၊ ၄၅း၃၊ ၆၄း၃ အစရှိသည်တို့။

၇၅။ Ibrāhīm ibn Mūsā Ash-Shātibī (d. 790 H. / 1388 G.), *Al-Muwāfaqāt fī Usūl ash-Sharī'ah: kitāb al-maqāsid*: အဖွင့်စကားချီး။

၇၆။ အုမရ် အစ်ဗနေ ခတ္တာဗ်နှင့် အဘူဟူရိုင်ရာဟ် တို့ထံမှ အယ်လ်-ဘူခါရီနှင့် အစ်ဗနေ မာဂျာဟ်တို့ တင်ပြထားသော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော် (ဆွဟီး အယ်လ်-ဘူခါရီကျမ်း အမှတ် ၄၇၇၇၊ အစရှိသည်တို့)။

၇၇။ ရှဒ်ဒါဒ် အစ်ဗနေ အောင်စ်ထံမှ မွတ်စ်လင်မ်နှင့် အဗူဒါဝူးဒ်တို့ တင်ပြထားသော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။ ဤနေရာတွင် "အရာခပ်သိမ်းတို့နှင့် သက်ဆိုင်သည့် အဆုံးစွန်သော ကောင်းမြတ်ခြင်းတရား"တွင် အဖန်ဆင်းခံ ဝေနေယျခပ်သိမ်းတို့အပေါ် ကျွန်ုပ်တို့၏ ပြုလုပ်ဆောင်ရွက်မှုတို့ရှိ အဆုံးစွန်သော ကောင်းမြတ်ခြင်းနှင့် လုပ်ရပ်တိုင်းတွင် အဆုံးစွန်သော ကောင်းမြတ်မှုနှင့် သာလွန်ကောင်းမြတ်မှုတို့ ပါဝင်ပါသည်။ နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်းတို့ ကိုယ်တော်သခင်ပေါ် ကျရောက်ပါစေသား)က "အဖန်ဆင်းခံ ဝေနေယျတို့သည် အလွာဟ်အရှင်မြတ်ထံ အမှီခိုခံများဖြစ်ကြပြီး၊ အလွာဟ်အရှင်မြတ် အချစ်ခင်ဆုံး အဖန်ဆင်းခံများဟူသည်မှာ အရှင်မြတ်၏ အမှီခိုခံများအပေါ် ကောင်းမှုအများဆုံးပြုလုပ်သောသူများပင်ဖြစ်သည်"ဟု နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်းတို့ ကိုယ်တော်သခင်ပေါ် ကျရောက်ပါစေသား)က မိန့်မြွက်ခဲ့သည်ဟု တင်ပြကြသည် (ဤဟဒီးစ်တော်၏ ရင်းမြစ်အတွက် အပိတ်မှတ်စု အမှတ် ၄၇ကို ကြည့်ပါ။)

၇၈။ အုမရ် အဗ္ဒဒွလ္လာဟ်၊ "Mercy" ကိုလည်း ကြည့်ပါ။

၇၉။ အဗ္ဒဒွလ္လာဟ် အစ်ဗနေ အမရ် ထံမှ အဘူဒါဝူးဒ်နှင့် အသ်-သီရ်မိဇီတို့က တင်ပြခဲ့သော ဟဒီးစ်တော် (Mishkāt al-Masābīh, ဟဒီးစ်အမှတ် ၄၉၆၉။)။

၈၀။ *ရွက္ခ*်သည် ကျေးဇူးတရားကို ဖော်ပြသည်၊ ကျေးဇူးတင်သည်၊ အသိအမှတ်ပြုသည်၊ အသိအမှတ်ပြုလက်ခံသည်နှင့် ဝေနေယျခပ်သိမ်းတို့၏ အရှင်အလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းချီမင်္ဂလာကို ဖော်ထုတ်ပြသခြင်းဖြစ်သည်။ ၄င်း၏ ဆန့်ကျင်ဘက်မှာ *ကုဖ်ရ်*(တိုက်ရိုက်အားဖြင့် ကျေးဇူးမသိခြင်း၊ ဖုံးကွယ်သည်၊ ဖုံးလွှမ်းသည်၊ မေ့လျော့သည်၊ လျစ်လျူရှုသည်၊ သို့မဟုတ် ကောင်းချီးမင်္ဂလာကို ငြင်းပယ်သည်)ဖြစ်ပြီး၊ အစ္စလာမ်သာသနာတွင် ယုံကြည်မှုမရှိခြင်း၊ မယုံကြည် ငြင်းပယ်ခြင်းအတွက် စကားလုံးဖြစ်သည်။ ကျေးဇူးတင်ရှိရန် ကျွန်ုပ်တို့ကို နှိုးဆော်ခိုင်းစေသော အာယာသ်များစွာအနက် ဤနှစ်ခုက ပေါ်လွင်ထင်ရှားပါသည် -

"အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အား အသင်တို့၏ မိခင်များ၏ ဝမ်းကြာတိုက်မှ ထုတ်ဆောင်တော်မူသော အရှင်ဖြစ်သည်။ ထိုစဉ် အသင်တို့သည် တစ်စုံတစ်ရာကိုမျှ မသိကြချေ။ ထို့မှတစ်ပါ၊ ထို့အရှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှါ အသင်တို့အဖို့ ကြားနိုင်စွမ်းကိုလည်းကောင်း၊ မြင်နိုင်စွမ်းကိုလည်းကောင်း၊ စိတ်နှလုံးကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့လေသည်" (၁၆း၇၈)။

"အသင်တို့သည် မိမိတို့ သောက်သုံးသော ရေကို မြင်ခဲ့ကြလေသလော။ ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြလေသလော၊ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ရွာသွန်းစေတော်မူသော အရှင်ဖြစ်တော်မူပါသလော။ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ထိုရေကို ရေငန်ရေခါး ပြုလုပ်တော်မူခဲ့မည်သာ။ သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ကျေးဇူးမတင်ကြပါသနည်း" (၅၆-၆၈-၇၀)။

၈၁။ *ရိအားယာသ် အယ်လ်-ဘီယားဟ်*၊ ၃၅-၃၇။

၈၂။ *ရိအားယာသ် အယ်လ်-ဘီယားဟ်*၊ ၃၃-၃၄။

၈၃။ *ရိအားယာသ် အယ်လ်-ဘီယားဟ်*၊ ၃၄-၃၅။ ထို့ပြင်၊ လက်ရာအမြောက်ဆုံး ပန်းချီကားတိုင်သည် ကျွန်ုပ်တို့၏ အာရုံစိုက်မှု၊ ခံစားမှုနှင့် နှစ်သက်မြတ်နိုးမှုတို့ကိုသာမက ကျွန်ုပ်တို့၏ ဂရုစိုက်မှုနှင့် ကာကွယ်မှုတို့လည်း ရထိုက်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များနှင့် အရှင့်ဖန်ဆင်းပြုလုပ်မှု၏ လက်ရာမြောက်သော လက်ရာတော်များပြည့်နှက်နေသော၊ ထို့အပြင် စကြာဝဠာများအတွင် ကျွန်ုပ်တို့ သိသမျှသော သက်ရှိဝေနေယျခပ်သိမ်းတို့ ပါဝင်နေသော ကမ္ဘာမြေကြီးဆိုလျှင်မူ ကျွန်ုပ်တို့၏ ဂရုစိုက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို မည်မျှပို၍ ရထိုက်ပါမည်နည်း။ Özdemir, "Environmental Ethics," စာ-၂၀-၂၂။

၈၄။ အနှစ် အစ်ဗနေ မာလစ်က် ထံမှ အစ်ဗနေ မာဂျာဟ် တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော် (အမှတ် ၂၂၄)။ စာသားအပြည့်အစုံမှာ - "ပညာရှာမှီးခြင်းသည် မွတ်စ်လင်မ်တိုင်းအတွက် တစ်ဦးတစ်ယောက်ချင်းနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားဖြစ်ပြီး၊ ပညာရှာမှီးသူအတွက် အရာခပ်သိမ်းတို့က ခွင့်လွှတ်မှုတောင်းခံပေးလျက်ရှိသည်။ ပင်လယ်သမုဒ္ဒရာအတွင်းရှိ ငါးများ (သို့မဟုတ် ဝေလငါးများ)သည်ပင်လျှင် ခွင့်လွှတ်မှုတောင်းခံပေးလျက်ရှိသည်။" မြောက်မြားလှစွာသော ကျမ်းဂန်အကိုးအကားရင်းမြစ်များတွင် သင်ယူမှု၏ အရေးပါပုံကို ဖော်ပြထားသည်။ နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်းတို့ ကိုယ်တော်သခင်ပေါ် ကျရောက်ပါစေသား)အထံသို့ ပို့ချခဲ့သည့် ကျမ်းတော်မြတ်ကုရ်အာန်၏ ပထမဆုံးသော စာပိုဒ်က ကိုယ်တော်သခင်အား "ဖတ်ရွတ်လော့! သင့်ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ နာမတော်ဖြင့် ဖတ်ရွတ်လော့" (၉၆း၁)ဟု အမိန့်ပေးထားပြီး၊ "ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုးထံတွင် အသိဉာဏ်ပညာကို တိုးပွားစေပါ" (၂၀း၁၄)ဟု ဆုတောင်းပတ္ထနာပြုရန် ကိုယ်တော့်အား ညွှန်ကြားခဲ့လေသည်။ သင်ယူတတ်မြောက်ထားသူ၏ ကိုးကွယ်ဝတ်ပြုသူသက်သက်မျှသာဖြစ်သူကို ကျော်လွန်၍ သင်ယူတတ်မြောက်ထားသူ၏ သာလွန်မွန်မြတ်မှုသည် လပြည့်ဝန်း၏ ကြယ်များထက် သာလွန်မှုကဲ့သို့ပင်ဖြစ်သည် (အဘူ ဒါဒါထံမှ အဘူဒါဝတ်နှင့် အသ် သီရ်မိဇီတို့က တင်ပြခဲ့သည့် အလွန်ခိုင်လုံ အားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်)ဟူ၍ လည်းကောင်း၊ ပညာရှာမှီးရန် လမ်းတစ်လမ်းကို လျှောက်လှမ်းသူတွင် ဂျန္နသ် သုခဘုံသို့ ချောမွေ့သော ကိုယ်ပိုင်လမ်းရှိပြီး၊ ထိုသူ သို့မဟုတ် သူမ၏ အပေါ်ဝယ် ကောင်းကင်တမန်တို့က ၄င်းတို့၏ တောင်ပံများကို ဖြန့်မိုးပေးကြသည် (အဘူ ဟူရိုင်ရာဟ် ထံမှ မွတ်စ်လင်မ် တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်)ဟူ၍ လည်းကောင်း ကိုယ်တော်က ကြေညာမိန့်မြွက်ခဲ့လေသည်။ အသိပညာ၏ ရည်ရွယ်ချက်မှာ ကောင်းမြတ်ခြင်းတရားကို သင်ကြားပေးရန်ဖြစ်သည်ဟူသောအချက်ကို "အလ္လာဟ်အရှင်မြတ်နှင့် အရှင့်၏ ကောင်းကင်တမန်များနှင့် မိုးကောင်းကင်များနှင့် မြေပြင်ပေါ်တို့တွင် နေထိုင်ကြသူတို့ (၄င်း၏ တွင်းအတွင်းရှိ ပုရွက်ဆိတ်သည်ပင်လျှင်) လူများကို ကောင်းမြတ်ခြင်းတရား သင်ကြားပေးသူအပေါ် ကောင်းခြီးပေးလျက်ရှိသည်" (အဘူ အွမ်မာမဟ် အယ်လ်-ဘာဟိလိထံမှ အသ် သီရ်မိဇီက တင်ပြခဲ့သော ဟဒီးစ်တော်)ဟူသော ဟဒီးစ်တော်တွင် ဖော်ပြထားပေသည်။

၈၅။ ၂၀ရာစုနှစ်၏ အမျိုးသားနိုင်ငံတော် ခံယူချက် စိတ်နေသဘောထားက ပုံသွင်းခံခဲ့ရသည့် မွတ်စ်လင်မ်တိုင်းပြည်တို့ရှိ တူညီသော ပညာရေးစနစ်က ကမ္ဘာမြေပေါ် ကျွန်ုပ်တို့ ပိုမိုကောင်းမွန်သော ရှင်သန်နေထိုင်မှုနည်းလမ်းဆီသို့ ပြန်လှည့်ရန် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးနိုင်စွမ်းမရှိဟူသည့်အချက်မှာ ထင်ရှားလာပုံရပါသည်။ ထို့ကြောင့်ပင် လက်ရှိ ပညာရေးစနစ်များက ရောဂါလက္ခဏာရပ်များကို ကုသမှုပေးသည့် ပညာရပ်ဆန်သော ဖြေရှင်းချက်များ ပေးရန် လုံလောက်ကောင်း လုံလောက်နိုင်သော်လည်း၊ ပညာရပ်ဆန်သော ဖြေရှင်းချက်များက အကျပ်အတည်းပြဿနာ၏ ရင်းမြစ် အကြောင်းတရားများကို မဖယ်ရှားနိုင်ပါ။ ကျွန်ုပ်တို့သည် ဂေဟစနစ်ဆိုင်ရာ တန်ဖိုးများကို ဦးစားပေး၍ ကျွန်ုပ်တို့နှင့် ရှေ့လာမည့် မျိုးဆက်တို့အား လက်ရှိ အကျပ်အတည်း ပြဿနာကို အသိအမှတ်ပြု ဖော်ထုတ် ဖြေရှင်းနိုင်ရန်နှင့် ဂရုစိုက်စောင့်ရှောက်တတ်ပြီး စွမ်းရည်ပြည့်ဝသည့် *ခလီဖာဟ်*များ

ဖြစ်လာစေရန်အတွက် ဂေဟစနစ်ဆိုင်ရာ တတ်မြောက်မှုကို ပေးသည့် အခြေအမြစ်ကျကျ ပြုပြင်ပြောင်းလဲထားသည့် ပညာရေးအမျိုးအစား အသစ်တစ်ခုကို အပူတပြင်း လိုအပ်လျက်ရှိပေသည်။ David Orr, *Earth in Mind: On Education, Environment, and the Human Prospect* (Washington, DC: Island Press, 2004)၊ စာ ၅-၂၅ ကို ကြည့်။

၈၆။ Orr, *Earth in Mind*၊ စာ-၉။ ကမ္ဘာမြေကြီးနှင့် ရှုပ်ထွေးပွေလီလွန်းလှသည့် ၄င်း၏ စနစ်များကို လုံခြုံဘေးကင်းစွာ စီမံနိုင်ပါဦးမည်လော ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ Jack Turner, *The Abstract Wild* (Tucson, AZ: U. of Arizona Press, 1996)၊ စာ ၁၀၇-၁၂၅ ကို ကြည့်။

၈၇။ Orr, *Earth in Mind*၊ စာ-၉။

၈၈။ ယူနက်စကို၊ တီဘီလီစီ ကြေညာချက် ၁၉၇၈ခုနှစ် (UNESCO, Tbilisi Declaration, 1978)။ တီဘီလီစီ ကြေညာချက်မှ နှစ်ပေါင်းလေးဆယ်အတွင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေး၏ မူလ ရည်မှန်းချက် ငါးခုကို ရှေ့ဆက် ဖြစ်ထွန်းစေခဲ့ပြီးဖြစ်ကာ၊ သတိမူခြင်းမှ လုပ်ရပ်ဆီသို့ (from Awareness to Action) စဉ်ဆက်မပြတ် ရှေ့ဆက်လှမ်းမှုအဖြစ် မွမ်းမံပြင်ဆင်ခဲ့သည်။ Joel Barnes, "Awareness to Action: The Journey toward a Deeper Ecological Literacy," in The Journal of Sustainability Education, 2013 ကို ကြည့်။

၈၉။ ကမ္ဘာမြေကြီးနှင့် ၄င်းရှိ သက်ရှိ အုပ်စုအသိုက်အဝန်းများအကြောင်း လေ့လာသင်ယူရန်အတွက် ကျွန်ုပ်တို့တွင် ပိုမိုကောင်းမွန်သော စာအုပ်များ၊ ရုပ်ရှင်များ၊ ဓါတ်ပုံများနှင့် အပြန်အလှန်ကူးလူးဆက်ဆံမှုပါသော ကွန်ပြူတာဂိမ်းများရှိသော်လည်း၊ မျိုးဆက်တစ်ခုချင်းစီသည် အရိုင်းသဘာဝနှင့် ထိတွေ့မှု ပိုတိုး၍ တိုး၍ နည်းပါလာနေသည်ဟူသည့် ဝိရောဓိဖြစ်စဉ်ကြောင့် ကျွန်ုပ်တို့ နက်နက်ရှိုင်းရှိုင်း စိတ်အနှောင့်အယှက်ဖြစ်ရပေသည်။ ၄င်းတို့သည် အလွန့်အလွန် ကောင်းမွန်နိုင်သော်လည်း၊ စာအုပ်များ၊ ရုပ်ရှင်များ၊ ဓါတ်ပုံများနှင့် ကူးလူဆက်ဆံမှုပါသော ဂိမ်းများသည် သဘာဝဆန်သော ဖန်ဆင်းခြင်းနှင့် စစ်မှန်သော ထိတွေ့မှုအတွက် အစားထိုးနိုင်သည့် အရာများ မဟုတ်ပါ။ Aishah Abdallah, "Islamic Values relating to Wildlands and Wildlife, and Wilderness Leadership" (၂၀၁၇ခုနှစ် စပိန်နိုင်ငံ Zawiyah Rosales တွင် ပြုလုပ်ခဲ့သော တင်ပြဆွေးနွေးမှု)ကို ကြည့်ပါ Jack Turner, *The Abstract Wild*၊ စာ-၈၉-၉၀ ကိုလည်း ကြည့်။

၉၀။ Aishah Abdallah, "Wildlands and Wildlife."

၉၁။ တောရိုင်းမြေတန်ဖိုးများက နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကိုယ်တော် သခင်အပေါ် ခညောင်းပါစေသား)နှင့် ကိုယ်တော် ဆွဟာဗာ သာဝကြီးများ မွေးဖွားခဲ့သည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းအဖြစ်သို့ ပုံသွင်းပေးခဲ့သည်။ အတွေ့ရများသော ဓလေ့ထုံးတမ်းမှာ ငယ်ရွယ်သော ကလေးများကို ဘီဒူအင်း (Bedouins)များက အချိန်ကာလတစ်ခုအထိ ကျန်းမာသန်စွမ်းသော တောရိုင်းမြေများတွင် ပြုစုပျိုးထောင်ပေးရန် စေလွှတ်ခြင်းဖြစ်ပြီး၊ ကိုယ်တော်သခင်သည် အက်-သွာအိဖ် အနီးရှိ ဘနူ ဆအဒ်မျိုးနွယ်တို့၏ တောင်တန်းများတွင် ကိုယ်တော့်၏ နို့ထိန်းသည်မိခင် ဟလီမာ ဘင့် အဘီ ဇူအဗ်နှင့်အတူ လေးနှစ်ခန့် နေထိုင်ခဲ့ပေသည်။

၉၂။ Aishah Abdallah, "Wildlands and Wildlife." ကဗျာစာပေတွင်၊ ပြန်လည်တုံ့နှင်းခြင်းမခံရသည့် အချစ်ကြောင့် အချစ်ရူး ရူးနေသော ချစ်တတ်သူ မဂ္ဂါနူးန်သည် ၄င်း၏ အရိုင်းတိရစ္ဆာန်များက သူ့အဖော်ဖြစ်ခဲ့သည့် ကန္တာရထဲတွင် စိတ်ဖြေခိုလှုံရာကို ရှာဖွေတွေ့ရှိခဲ့သည်။ ဒဿနစာပေတွင်၊ သဘာဝအတိုင်း ရှင်သန်ခဲ့ရသည့် ကလေးငယ် ဟေး အစ်ဗနေ ယက်ဇာန်ကို လူသူမရှိသည့် ကျွန်းတစ်ခုတွင် ဒရယ်တစ်ကောင်က ပြုစုပျိုးထောင်ခဲ့သည်။ သဘာဝတရားထဲတွင် နှစ်မြှုပ်ပျော်ဝင်လျက်၊ သူသည် စူးစမ်းလေ့လာမှု၊ ဆင်ခြင်သုံးသပ်မှုနှင့် သဘာဝလောကကြီးကို စမ်းသပ်မှုများပြုလုပ်သည့် ဘဝဖြင့် ရှင်သန်နေထိုင်ခဲ့ပြီး၊ ၄င်း(သဘာဝတရား)ကို လေးမြတ်ရိုသေမှု၊ ဂရုစိုက်မှုတို့ဖြင့် ဆက်ဆံရန် သင်ယူတတ်မြောက်ခဲ့သည်။ ဆယ်စုနှစ်များကြာပြီးနောက်၊ အဘ်ဆလ်ဟု အည်ရသော ပညာရှင်တစ်ပါသည် ထိုကျွန်းသို့ တွေးတောဆင်ခြင်ရန် ရောက်ရှိလာပြီး၊ ဟေးနှင့် တွေ့ဆုံကာ သူ့ကို စကားပြောတတ်စေရန် သင်ကြားပေးလေသည်။ ကျမ်းဂန်လာ ဗျာဒိတ်တော်များ၊ ဒဿနနှင့် မာရီဖသ်တရားတို့ကို လေ့လာမှုမှ တဆင့် ၄င်းတို့ ရရှိခဲ့သော တူညီသည့် ယုံကြည်သက်ဝင်မှု၊ ကိုယ်ကျင့်ဗေဒနှင့် ဉာဏ်ပညာဆိုင်ရာ အနှစ်သာရကျသည့် အမှန်တရားများကို ဆိုက်ရောက်သိမြင်နေကြောင်း ၄င်းတို့ ရှာဖွေတွေ့ရှိခဲ့ပေသည်။

၉၃။ Aishah Abdallah, "Wildlands and Wildlife." မျိုးဆက် နှစ်ခု သို့မဟုတ် သုံးခု အလွန်ကပင်၊ မြို့ပြနေ လူတို့သည် ရာသီစက်ဝန်းများ၊ ၄င်းတို့ ခံယူသိမ်းဆည်းထားသည့် မိုးရေ၊ ၄င်းတို့ စုပ်ယူခဲ့သည့် မြေအောက်ရေနှင့် ၄င်းတို့ အစားအသောက်များကို စိုက်ပျိုးမွေးမြူရာ ခြံစိုက်ခင်းများနှင့် သဟဇာတဖြစ်စွာ နေသားကျခဲ့ကြသည်။ လူများစွာတို့သည် တောရိုင်းမြေများတွင် စခန်းချနေထိုင်ရခြင်းကို နှစ်ခြိုက်ကြသည်။ သို့သော် ယခုတွင်မူ၊ ပို၍ ပို၍ များပြားသော လူများသည် မြေမှလည်းကောင်း၊ သက်ရှိသတ္တဝါများ၏ အုပ်စုအသိုက်အဝန်းများမှလည်းကောင်း၊ အချို့ ပုံစံနည်းလမ်းများအားဖြင့် တစ်ဦးနှင့် တစ်ဦးမှပင် ကင်းကွာကာ တစ်စိမ်းတစ်ရံစာဖြစ်လာခဲ့ကြသည်။ သဘာဝလောကကြီးသည် အန္တရာယ်သဖွယ် သို့မဟုတ် အမျိုးသမီးများနှင့် အံဝင်အပ်စပ်မှုမရှိဟု ထင်မြင်ကြသည့် အုပ်စုအသိုက်အဝန်းများအားဖြင့် မိန်းကလေးငယ်များသည် သဘာဝလောကကြီးနှင့် သီးခြားဖြစ် ကင်းကွာလခဲ့ကြသည်။

၉၄။ Nasr, Sacred Science (1993)၊ စာ-၁၄၂။ Reza Shah-Kazemi, "Seeing God Everywhere Qur'anic Perspectives on the Sanctity of Virgin Nature", (Cambridge Central Mosque, 2019) ကိုလည်း ကြည့်။

၉၅။ ဂျာဘဲရ် အစ်ဗနေ အဗ္ဗဒွလ္လာဟ် ထံမှ အယ်လ်-ဗူခါရီ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။

၉၆။ Othman Llewellyn, “Surat al-Fatihah” (၂၀၁၇ခုနှစ်တွင် စပိန်နိုင်ငံတွင် ပြလုပ်ခဲ့သည့် တင်ပြဆွေးနွေးမှု)။ ဤအာယသ်တော်များပြီးလျှင်၊ ကျမ်းတော်မြတ်ကုရ်အာန်၏ ကျွန်ုပ်တို့ ရွေးချယ်သော အခြားမည်သည့် အာယာသ်များကိုမဆို ရွတ်ဖတ်ပြီး၊ ကြယ်များနှင့် သစ်ပင်များက ပျုပ်ဝပ်ညွတ်တွားကြသကဲ့သို့ (၅၅း၆) ကျွန်ုပ်တို့လည်း ဦးညွတ်ပျုပ်ဝပ်ကြပါသည်။ ထို့နောက် ကျွန်ုပ်တို့ကို ဖန်ဆင်းပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် ဖုန်မှုန့်များရှိရာ ကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့၏ မျက်နှာများကို ထားလိုက်ကြပါသည်။ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်းသော ဖြစ်တည်မှု၊ နှလုံးသားနှင့် စိတ်အာရုံ၊ လျှာများနှင့် ခြေလက်များ အကြောအဆစ်များဖြင့် ကျွန်ုပ်တို့ ဝတ်ပြုဆုတောင်းကြပေသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဂျမာအသ် အစုအဝေးနှင့် ဖြစ်ပါက၊ ကျွန်ုပ်တို့ အတူတကွ ပုခုံးချင်းယှဉ် ဝတ်ပြုကြပေသည်။

၉၇။ *ရိအားယာသ် အယ်လ်-ဘီယားဟ်*၊ စာ-၂၄၁-၂၄၅။

၉၈။ Izzi Dien, Environmental Dimensions of Islam၊ စာ-၄၈။. Said Nursi, *On Fasting: Meanings and Messages from the Month of Ramadan*, (Translated by Colin Turner), Nursi Society, Windsor, CT, 2021.

၉၉။ မူဟမ္မဒ် အဆာဒ်နှင့် အခြားသော ပညာရှင်များက ကျွန်ုပ်တို့ ကအ်ဘာကျောင်းတော်ကြီးကို သဝါးဖ်လှည့်ခြင်းသည် ကမ္ဘာမြေကြီးက နေကို ပတ်သည့် လမ်းကြောင်းများနှင့် လက ကမ္ဘာကို ပတ်သည့် လမ်းကြောင်းများကို ပုံတင်ထပ်နေခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ Muhammad Asad, *The Road to Mecca* (Gibraltar: Dar al-Andalus, 1980)၊ စာ-၃၇၀။

၁၀၀။ Muhammad Asad, *The Road to Mecca*၊ စာ-၃၆၈-၃၆၉။ ကျောက်နက်တုံးသည် နှစ်ပေါင်း တစ်ထောင့်လေးရာကျော်ကာလအတွင်း ၄င်းကို နမ်းရှုံ့ခဲ့သည့် မရေမတွက်နိုင်တော့သော ဘုရားဖူးများ၏ နှုတ်ခမ်းများကြောင့် အတွင်းသို့ ချိုင့်ဝင်လျက်ရှိပေပြီ။

၁၀၁။ အက်-သဘရီနှင့် အစ်ဗနေ ကစီးရ်တို့၏ ကျမ်းတော်မြတ် ကုရ်အာန် အာယာသ်တော် (၁း၁)၏ အကျယ်ဖွင့်ဆိုချက်များကို ကြည့်ပါ။

၁၀၂။ နာမ်ဝိဉာဉ်ရေးရာ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ အုပ်ချုပ်သူနှင့် လူအဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲသူအဖြစ်လည်းကောင်း နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကိုယ်တော် သခင်အပေါ် ခညောင်းပါစေသား)၏ အခန်းကဏ္ဍနှစ်ရပ်ကြောင့်ပင်၊ စာရေးဆရာ Michael H. Hartက လူသမိုင်းတလျောက် လူသားများအပေါ် သြဇာ အလွှမ်းမိုးနိုင်ဆုံးအဖြစ် ကိုယ်တော့်အား အဆင့်သတ်မှတ်ဖော်ပြခဲ့ခြင်း ဖြစ်သည်။ လူဖြူ ခွဲခြားထားရှိမှုကို လက်ခံသူအဖြစ် မိမိကိုယ်ကိုယ် ကင်ပွန်းတပ်သူ Hart သည် မွတ်စ်လင်မ်တစ်ဦးမဟုတ်သလို အစ္စလာမ့် နှုန်းစံတန်ဖိုးများကို ထောက်ခံသူတစ်ဦးလည်း မဟုတ်ပါ။ မွတ်စ်လင်မ် တိုင်းပြည်များတွင် တိရစ္ဆာန်များကို ဆက်ဆံပုံနှင့် စပ်လျဉ်းသည့် အစ္စလာမ့် သင်ကြားမှုများ၏ လွှမ်းမိုးမှုကို ဥရောပမှ လာရောက်လည်ပတ်သူများ သတိမူမိခဲ့ကြသည်။ အီစတန်ဘူလ်နှင့် တူရကီလမ်းမှ ဂျေရုဆလင်သို့ ၁၈၃၂-၁၈၃၃တွင် ဘုရားဖူးထွက်လာသူ ပြင်သစ်ကဗျာဆရာ၊ ခရီးသွားနှင့် သံတမန် Alphonse de Lamartine (၁၇၉၀-၁၈၆၉)၊ အောက်ပါ ဆန်းစစ်လေ့လာတွေ့ရှိမှုကို ဖော်ပြခဲ့သည်။

> မွတ်စ်လင်မ်တို့သည် သက်ရှိ သက်မဲ့ အဖန်ဆင်းခံ ခပ်သိမ်းနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိကြသည်။ သစ်ပင်များ၊ ငှက်များ၊ ခွေးများနှင့် အတိုချုပ်ဆိုရပါက ဘုရားသခင်ဖန်ဆင်းထားသည့် အရာခပ်သိမ်းကို ၄င်းတို့ လေးစားကြသည်။ ကျွန်ုပ်တို့၏ တိုင်းပြည်များတွင် စွန့်ပစ်ထားသော သို့မဟုတ် ဆိုးဝါးစွာဆက်ဆံသော နှံခြာစုတ်ပဲ့လှသည့် တိရစ္ဆာန် မျိုးစိတ်များအားလုံးအပေါ်အထိ ၄င်းတို့၏ သနားကရုဏာတရားနှင့် ကြင်နာမှုကို ဖြန့်ကျက်ထားသည်။ အကွာအဝေးတစ်ခုတိုင်းရှိ လမ်းတိုင်းတွင်၊ ဒေသတွင်းရှိ ခွေးများအတွက် ရေခွက်များကို ထားရှိကြသည်။ အချို့သော မွတ်စ်လင်များသည် ၄င်းတို့ သေဆုံးသည့်အခါ ၄င်းတို့ ဘဝတစ်လျှောက်လုံး အစာကြွေးခဲ့သည့် ခိုများအတွက် ၄င်းတို့ လောကမှ ထွက်ခွာသွားပြီးသည့်အခါ [ထိုငှက်များ]အတွက် အစေ့အနှံများ ကြဲပက်ပေးခြင်းကို သေချာစေသော ကြည်ညိုဖွယ် ဖောင်ဒေးရှင်းအဖွဲ့များကို ထူထောင်ခဲ့ကြပေသည်။ (Alphonse de. Lamartine, Travels in the East, 1850၊ စာ-၁၆၀)။
>
> Edward William Lane (၁၈၀၁-၁၈၇၆)ကလည်း ယင်းနည်းတူပင်၊ *Manners and Customs of the Modern Egyptians* (1836)စာအုပ်တွင် “ကျွန်ုပ်သည် အသိဉာဏ်နိမ့်ပါး ထုံအသော တိရစ္ဆာန်များအပေါ် ၄င်းတို့၏ လူသားဆန်မှုကို စူးစမ်းလေ့လာတွေ့ရှိရမှုအပေါ် များစွာ နှစ်ထောင်းအားရဖြစ်ခဲ့သည်”ဟု မှတ်ချက်ပြုခဲ့သည်။ တိရစ္ဆာန်များအပေါ် ဤသို့ နားလည်ကြင်နာနိုင်စွမ်း ကျဆင်းလာမှုကို မြင်တွေ့မှတ်သားရသည့်အပေါ်၊ ၄င်းက ဤသည် ဥရောပသားများ၏ လုပ်ရပ်များ၏ သက်ရောက်မှုတစ်ခု ဖြစ်သည်ဟု ယုံကြည်ခဲ့သည်ဟု မှတ်ချက်ပြုသည်။ Franks လူမျိုးများ နေထိုင်ရာနေရာ သို့မဟုတ် ၄င်းတို့ မကြာခဏ လည်ပတ်သွားလာကြသည့်နေရာများမှလွဲ၍ အခြားမည်သည့်နေရာတွင်မျှ အသိဉာဏ်နိမ့်ပါး ထုံအသော တိရစ္ဆာန်များအပေါ် ရက်စက်သည့် အပြုအမူလုပ်ရပ်များကို မြင်ဖူးသည်ဟု ကျွန်ုပ် အမှတ်ရမနေပါ”။ (Nomanul Haq, “Islam and Ecology,”စာ-၁၄၈ ကိုကြည့်ပါ)။

၁၀၃။ ငယ်စဉ်ကလေးဘဝကပင် မိဘမဲ့ဖြစ်ခဲ့ရသည့် နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုအပေါင်း ကိုယ်တော် သခင်အပေါ် ခညောင်းပါစေသား)သည် အားနည်းနိမ့်ပါးသူတို့သည် အင်အားကြီးမားသူတို့၏ ပြုသမျှနုခဲ့ရသည့် အမိုက်မှောင်ခတ် (ဂျာဟိလိယာဟ် ခေတ်)ဟု မွတ်စ်လင်မ်တို့ သိကြသည့် လူအဖွဲ့အစည်း၏ ရက်စက်ကြမ်းကြုတ်မှုကို မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည်။ မိမိကဲ့သို့သော မိဘမဲ့များ၊ မုဆိုးမများ၊ ကျွန်များ၊ အမျိုးသမီးများ၊ သူစိမ်းများ၊ လူမျိုးရေးနှင့် အသားအရောင်အရ လူနည်းစုများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်တို့သည် မည်သည့်အခွင့်အရေးမျှ မရရှိမခံစားရဘဲ၊ လူမျိုးစုခေါင်းဆောင်များ၏ ကြိုကြား တစ်ခါတစ်ရံ ကာကွယ်ပေးမှုထက်လွန်၍ မဆိုစလောက် အကာအကွယ်ကိုသာ ရရှိခဲ့ကြသည်။ မကောင်းမှုနှင့် မတရားမှုတို့ကို ဆန့်ကျင်သည့် ကိုယ်တော့်၏ ရုန်းကန်တိုက်ပွဲအတွင်း၊ မြို့ခိုင်ကြည်စွာ၊ ခိုင်မာစွာ၊

သန်မာခဲ့သလောက်၊ လူသားဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အားနည်းနိမ့်ပါးသူများကို ဆက်ဆံရာတွင် ကိုယ်တော်သခင်၏ နူးညံ့သိမ်မွေ့မှုမှာ အသက်ရှူများရလောက်အောင် မှင်သက်အံ့သြဖွယ်ပင်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်၏ ဆုတောင်းပတ္တနာဖြစ်သော "အို...ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဇနီးကြင်ယာများထံမှလည်းကောင်း၊ ကျွန်တော်မျိုးတို့၏ သားမြေးများထံမှလည်းကောင်း မျက်စိကြည်လင်အေးမြမှုကို ပေးသနားတော်မူပါ။ ထိုမှတစ်ပါး၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မွတ္တကီး သူတော်စင်များ၏ ရှေ့ဆောင်ရှေ့ရပ် ပြုလုပ်ပေးတော်မူပါ" (၂၅:၇၄)တွင် အလ္လာဟ်အရှင်မြတ်က အိမ်ထောင်ရှင် ယောကျ်ားနှင့် မိန်းမတို့အကြား ထည့်သွင်းထားသည့် ချစ်ခြင်းနှင့် သနားကရုဏာတရား၏ စည်းနှောင်မှုကို ကိုယ်တော်က သာဓကပြတော်မူခဲ့သည်။ ကိုယ်တော်သည် "အလ္လာဟ်အရှင်မြတ်၏ ကောင်းခြီးမင်္ဂလာတို့ သင်တို့တွင် တည်ရှိပါစေ၊ အရှင်မြတ်က အသင်တို့အပေါ် ကောင်းခြီးမင်္ဂလာများ ရွာသွန်းဖြိုးစေ၍ ကောင်းမြတ်ခြင်းတွင် အသင်တို့ကို အတူတကွ ပေါင်းဖက်ပေးပါစေ"ဟူသော စကားရပ်များဖြင့် သတို့သားနှင့် သတို့သမီးများကို နှုတ်ခွန်းဆက်သလေ့ရှိသည်။ ကိုယ်တော့်၏ မိသားစု၊ သာဝကကြီးများ၊ အိမ်နီးချင်းများနှင့် အိမ်မွေးတိရစ္ဆာန်များနှင့် ကူးလူးဆက်ဆံရာတွင် အကြင်နာတရားပါသော ကောင်းမွန်သည့် ဟာသနှင့် သွက်လက်ရွှင်လန်းမှုကို ပြသခဲ့သည်။ ကိုယ်တော်၏ ကြင်ယာတော် အာအေရှာဟ် သခင်မနှင့် အပြေးပြိုင်လေ့ရှိပြီး၊ တစ်ခါတစ်ရံ ရှုံး၍ တစ်ခါတစ်ရံ အနိုင်ရပြီး၊ ကိုယ်တော် အနိုင်ရသည့်အခါများတွင် ၊ ကိုယ်တော်က "သရေကျပြီ၊ ကျေပြီ"ဟု ပြောခဲ့သည်။ ကလေးငယ်များက ကိုယ်တော့် ကျောက်ကုန်းတော်ထက် တက်နေသည့် အခါမျိုးတွင်၊ ကိုယ်တော်က ဆွလာသ်အတွင်း ဦးချမှုကို ကြာရှည်စွာပြုလေ့ရှိသည်။ အမျိုးသမီးတစ်ဦးက သူ့ထံမှ စိတ်အားထက်သန်စွာ ကုလားအုတ်တစ်ကောင် အတင်းအကျပ် တောင်းသည့်အခါ၊ ကိုယ်တော်က "ကုလားအုတ်တစ်ကောင်၏ ကလေးငယ်တစ်ကောင်"ကို ပေးခဲ့သည်။ သူမက စိတ်ပျက်ဒေါသဖြင့် အော်ဟစ်သောင်းကျန်းသည့်အခါ၊ "ကုလားအုတ်တိုင်းသည် ကုလားအုတ်တစ်ကောင်း၏ ကလေးပင် မဟုတ်လော"ဟု ပြောခဲ့ပေသည်။ ကိုယ်တော်၏ ကုန်းနှီးတစ်ခုက စီးနင်းရန် သက်သောင့်သက်သာမဖြစ်ခဲ့၍ ကိုယ်တော်က ၄င်းကို "ဒူလ်ဒူလ်" (ဖြူကောင်)ဟု အမည်မှည့်ခဲ့လေသည်။ Ibrahim Özdemir, "Muhammed", in Encyclopedia of Religion and Nature, ed. Bron Taylor and Jeffrey Kaplan (New York: Continuum, 2003)၊ စာ- ၁၁၂၄-၁၁၂၅။

၁၀၄။ အာအိရှာဟ်သခင်မထံမှ မွတ်စ်လင်မ် (အမှတ် ၂၅၉၃)တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။ အယ်လ်-ဘူခါရီး အမှတ် ၆၅၈ ကိုလည်း ကြည့်။

၁၀၅။ စွန္နာန် အဘီ ဒါဝူဒ်၊ Abdal Hamid [Fitzwilliam-Hall], "Islamic Environmental Ethics," စာ-၆၂ ကိုလည်းကြည့်။

၁၀၆။ အဗ္ဒဒ္ဒလ္လာဟ် အစ်ဗနေ အဘတ်စ် ထံမှ အက်-သီရ်မိဇီ တင်ပြခဲ့သော ဟဒီးစ်တော်။

၁၀၇။ အဗ္ဒဒ္ဒလ္လာဟ် အစ်ဗနေ အုမရ် ထံမှ အယ်လ်-ဘူခါရီနှင့် မွတ်စ်လင်မ် တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။

၁၀၈။ အဗူ ဟူရိုင်ရာဟ် ထံမှ အယ်လ်-ဘူခါရီနှင့် မွတ်စ်လင်မ် တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။

၁၀၉။ အဗ္ဒဒ္ဒလ္လာဟ် အစ်ဗနေ အုမရ် ထံမှ အယ်လ်-ဘူခါရီ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော် (ဆဟီးဟ် အယ်လ်-ဘူခါရီ ၂၃၆၅)။

၁၁၀။ အီမာရ် အရ်-ရားမ် ထံမှ အဗူဒါဝူဒ်တင်ပြခဲ့သော ဟဒီးစ်တော်။

၁၁၁။ အဗ္ဒဒ္ဒလ္လာဟ် အစ်ဗနေ မက်စ် ဆူးဒ် ထံမှ အီမာမ် အဟ်မဒ် တင်ပြခဲ့သော အထောက်အထားမခိုင်လုံသည့် စစ်မှန်မှုသာရှိသော ဟဒီးစ်တော် (Majma' az-Zawā'id: kitāb as-sayd wa 'dh- dhabā'ih, bāb ma nahā 'an qatlihī min an-naml...ကိုကြည့်)။ Llewellyn, "Islamic Jurisprudence and Environmental Planning," စာ-၃၅။

၁၁၂။ အဗ္ဒဒ္ဒလ္လာဟ် အစ်ဗနေ ဟဘ်ရီ ထံမှ အဗူဒါဝူဒ်နှင့် အက်-သဘရီနီတို့က တင်ပြခဲ့သည့် ဟဒီးစ်တော် (Mishkāt al-Masābīh, ဟဒီးစ်အမှတ် ၂၉၇၀)၊ Nūr ad-Dīn 'Alī ibn Abī Bakr Al-Haythamī (d. 807 H.)ရှိ ဟဒီးစ်တော် ကိုကြည့်။ Majma' az-Zawā'id wa Manba' al-Fawā'id: kitāb al-buyū', bāb fīman qata'a as-sidr and kitāb al-adab, bāb fīman qata'a as-sidrII

၁၁၃။ အဗ္ဒဒ် ဒါဒါး ထံမှ အဟ်မဒ် အစ်ဗနေ ဟန်ဘယ်လ်နှင့် အက်-သဘရီနီတို့ တင်ပြခဲ့သည့် ဟဒီးစ်တော်။

၁၁၄။ စာပိုဒ် ၅.၁၄-၅.၁၇ ကို ကြည့်။

၁၁၅။ Muhammad ibn 'Umar Al-Wāqidī, Kitāb al-Maghāzī။ Abdal Hamid [Fitzwilliam-Hall], "Islamic Environmental Ethics" စာ-၆၃ကို ကြည့်။

၁၁၆။ အုမရ် အစ်ဗနေ အယ်လ်-ခတ္တာဗ် ထံမှ အခ်လက် အန်-နဗီ (၈၀)တွင် အဗူ အရှ်-ရှေခ့် တင်ပြခဲ့သည့် ဟဒီးစ်တော်။

၁၁၇။ စာပိုဒ် ၅.၁၄-၅.၁၅ ကိုကြည့်။

၁၁၈။ Musnad of Imām Ahmad (ဟဒီးစ် အမှတ် ၁၉၇၇၄)ကို ကြည့်။ ဆွဟီး မွတ်စ်လင်မ် နှင့် အယ်လ်-ဘေဟက္ကီ၊ ရှူအဘ် အယ်လ်-အီမားန် ကိုလည်းကြည့်။ ကိုယ်တော်၏ နှုတ်ဆက် မိန့်ခွန်းတွင်၊ "အမျိုးသမီးများနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား ကြောက်ကြလော့! ဇကေအမှန်ပင် ၄င်းတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံမှ ယုံကြည်အပ်နှံပစ္စည်းတစ်ခုသဖွယ် သင်တို့ ယူခဲ့ပြီးဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ မုကွပါဠိတော်အားဖြင့် သူတို့ ဥပဒေနှင့်အညီ ရယူပိုင်ဆိုင်ကြလော့။ သင်တို့တွင် သင်တို့၏ အမျိုးသမီးများထံမှ အခွင့်အရေးများရှိပြီး၊ သင်တို့၏ အမျိုးသမီးများသည် အသင်တို့ထံမှ အခွင့်အရေးများ ရှိကြပေသည်။ သို့အတွက်၊ အမျိုးသမီးများနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား

ကြောက်ကြလော့။ ၄င်းတို့၏ သာယာချမ်းမြေ့ခြင်း ကောင်းကျိုးချမ်းသာအတွက် အသင်တို့ ဂရုမူပါလော့။ အကျွန်ုပ်သည် သတင်းစကား ပို့ဆောင်ပြီးပါ၏လော။ အို အရှင်၊ အရှင်သည် ကျွန်တော်မျိုး၏ သက်သေဖြစ်ပါစေသား" ဟု ကိုယ်တော်က မြွက်ကြားခဲ့လေသည်။

အခန်း (၄)

၁၁၉။ Carl Sagan, "The Pale Blue Dot"ကိုကြည့်။ "ထိုအစက်လေးကို ပြန်ကြည့်ပါ။ အဲဒါ အိမ်ပဲ။ အဲဒါငါတို့ပဲ....ငါတို့ မျိုးစိတ်ရဲ့ သမိုင်းထဲက သူတော်စင်တိုင်း၊ အပြစ်သားတိုင်း အဲဒီမှာနေကြတယ်၊ နေရောင်ခြည်ထဲ တွဲလောင်းခိုနေတဲ့ ဖုန်မှုန့် အစက်အပြောက်လေးတစ်ခု ပေါ်မှာပေါ့..။" ကမ္ဘာမြေ၏ မိမိဘာသာ ဖူလုံသော ရှင်သန်ကျန်ရစ်စေနိုင်သော စနစ်ကို အာကာသယဉ်မှူးများ အာကာသထဲတွင် နေထိုင်နိုင်စေရန် ပုံတူကူးခြင်းအားဖြင့်၊ သိပ္ပံပညာရှင်များက ဤကမ္ဘာမြေအပေါ် ပိုမိုနက်ရှိုင်းသော နှစ်ထောင်းအားရဖြစ်မှုတစ်ခုကို ဝိရောဓိဖြစ်စွာ ကျွန်ုပ်တို့ကို ပေးအပ်ခဲ့သည်။

၁၂၀။ https://ourworldindata.org/world-population-growth

၁၂၁။ Mohandas K. Gandhi, quoted by E. F. Schumacher in *Small Is Beautiful: A Study of Economics as if People Mattered* (London: Blond and Briggs, 1973)၊ စာ-၂၉။

၁၂၂။ Khalid, *Signs on the Earth*, စာ-၁၅၉။ အစ္စလာမ်သာသနာ နောက်ခံအခြေအနေအတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ Safei-Eldin A. Hamed, "Capacity Building for Sustainable Development: The Dilemma of Islamisation of Environmental Institutions," in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003 ကိုကြည့်။

၁၂၃။ ဤအမြင်အရ၊ ဖွံ့ဖြိုးတိုးတက်မှုသည် ဤနောက်ခံအခြေအနေ၌ ရေရှည်တွင် ရင်းမြစ်များနှင့် ပတ်သက်ဆက်ဆံမှုနှင့် သက်ဆိုင်သည့် အကျပ်အတည်းကို ဖြေရှင်းရန် လိုအပ်သည့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်နှင့် ၄င်း၏ နာမ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ မျက်နှာစာများကဲ့သို့သော အခြားသော အဓိကကျသည့် သဘောတရားများနှင့် ဆက်စပ်နေပါသည်။ ၄င်းတို့ကို ဆွတ်ဟဗာ သာဝကကြီးများ၏ အပြုအမူလုပ်ရပ်များတွင် အမြစ်တွယ်နေသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် အနာဂတ်မျိုးဆက်များ၏ အခွင့်အရေးကို ထည့်သွင်းစဉ်းစားသုံးသပ်လျက်၊ အုမာရ် အစ်ဗနေ အယ်လ်-ခတ္တာဗ် (အလ္လာဟ်အရှင်မြတ် ၄င်းကို နှစ်သက်ကြည်ဖြူပါစေသား)က သိမ်းပိုက်ရရှိသော မြေနေရာများကို ခွဲဝေပေးမှုကို ဆိုင်းငံခြင်းကဲ့သို့သော အပြုအမူလုပ်ရပ်များဖြစ်သည်။

၁၂၄။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးယိုယွင်းမှုများ၏ အများစုကို ဖြစ်စေသည်ဟူသော စည်းမျဉ်းတွင်၊ သမုဒ္ဒရာအတွင်းသို့ စက်မှုနိုင်ငံမဟုတ်သော တိုင်းပြည်များက ရောက်ရှိစေသော အလွန်များလွန်းသည့် ပလပ်စတစ်များ၊ မိုးသစ်တောများကို ခုတ်လှဲခြင်းနှင့် မီးရှို့ခြင်းများနှင့် ခြောက်သွေ့တောများကို ကန္တာရဖြစ်စေခြင်းတို့ ကဲ့သို့သော ခြွင်းချက်အချို့လည်းရှိပါသည်။

၁၂၅။ ရှင်သန်မှုဆိုင်ရာ ရင်းမြစ်များကို လက်လှမ်းမီရရှိစေခြင်းကို သာတူညီမျှ ဖြန့်ဖြူးပေးခြင်းနှင့် တောရိုင်း ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့နှင့် တွဲစပ်၍ ကမ္ဘာပေါ်ရှိ ရှင်သန်မှု၏ ရင်းမြစ်များကို အသုံးပြုခြင်းတွင် မယုတ်မလွန်ဖြစ်ခြင်း၊ ဇီဝရုပ်ဝန်းလွှာကို ကြီးမားသော ထိခိုက်ပျက်စီးစေမှုများ ဖြစ်ပေါ်စေခြင်းမရှိဘဲ လူသားထုအား အရေအတွက်အားဖြင့် တိုးပွားစေခြင်းကို ဖြစ်စေနိုင်ပါသည်။ သို့သော်၊ ကျွန်ုပ်တို့ ရှင်သန်နေထိုင်မှု နည်းလမ်းကို အခြေခံကျကျ ပြောင်းလဲမှု မပြုလုပ်မချင်း ထိုဖြစ်နိုင်ခြေသည် စာသဘောအဖြစ်သာ ဆက်ရှိနေပေလိမ့်မည်။ ကျွန်ုပ်တို့အနက်မှ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ လုပ်ဆောင်မှုများကို ပေါင်းစပ်ရန် အားထုတ်သည့် စိုက်ပျိုးရေးစနစ်ဓလေ့အားဖြင့် နေထိုင်ကြသော လူအနည်းမှအပ၊ ကမ္ဘာကြီးအတွင်းသို့ ကျွန်ုပ်တို့ ရောက်ရှိလာစေမည့် အသက်ဘဝတစ်ခုချင်းစီ ကမ္ဘာမြေပေါ်တွင် ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်ပေလိမ့်မည်။ တစ်ပြိုင်နက်တည်းတွင်ပင်၊ ကမ္ဘာမြေ၏ တောရိုင်းမြေများနှင့် ပျောက်ကွယ်လုအန္တရာယ် ကြုံနေရသည့် မျိုးစိတ်များ၏ ပေါက်ပွားရှင်သန်နေထိုင်ရာ အရပ်ဒေသများက လျင်မြန်စွာ သေးကျုံလာနေပေပြီ။

၁၂၆။ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းခြီးမင်္ဂလာအဖြာဖြာ ကိုယ်တော်သခင်အပေါ် ကျရောက်ပါစေသား)က မွတ်စ်လင်မ်အမျိုးသားများအား "လူမျိုးတကာတို့ထက် အသင်တို့အားဖြင့် ကျွန်ုပ်က အရေအတွက် သာလွန်စေမည်ဖြစ်ရာ ချစ်စဖွယ်ဖြစ်ပြီး၊ သားသမီးထွန်းကားသော အမျိုးသမီးများအား လက်ထပ်ကြရန်" တိုက်တွန်းခဲ့သည်။ မအ့ာကယ် အစ်ဗနေ ယစားရ် ထံမှ အဗူဒါဝူး၊ အန်-နစာအီနှင့် အဟ်မဒ်တို့ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော် (*Mishkāt al- Masābīh*/ ဟဒီးစ် အမှတ်၊ ၃၀၉၁)။ ကိုယ်တော်က "လက်ထပ်ကြလော့၊ ကလေးများ မွေးကြလော့၊ ပြန်လည်ရှင်ပြန်ထမြောက်သည့်နေ့တွင် ကျွန်ုပ်သည် အခြားလူမျိုးတို့အနက်မှ သင်တို့ကို ဂုဏ်ယူတော်မူမည်"ဟုလည်း မိန့်မြွက်ဖူးကြောင်း တင်ပြကြသည်။

အမှန်စင်စစ်၊ လူဦးရေတိုးပွားနှုန်းကို ယုံကြည်ရမည်ဆိုပါက၊ လာမည့် ဆယ်စုနှစ်များအတွင်းတွင်၊ အစ္စလာမ်သာသနာသည် အခြားသော မည်သည့် သာသနာတစ်ခုခုထက်မဆို ယုံကြည်သက်ဝင်သူ ပိုမိုများပြားလာလိမ့်မည်ဖြစ်သည်။ ယင်းသည် အများအားဖြင့် ကျွန်ုပ်တို့၏ မွေးဖွားနှုန်းကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ဤဟဒီးစ်တော်ကို ပညတ်ချက် တစ်ရပ်အဖြစ် အနက်ပြန်ဆိုသင့်ပါသလော သို့မဟုတ် အတိုင်းမသိ တိုးပွားမှုပြုရန် ခွင့်ပြုမိန့်အဖြစ် အနက်ပြန်ဆိုသင့်ပါသလော။ ယင်းစာသာတွင် ဆွေးနွေးထားသော တန်ဖိုးများ၏ အပေးအယူသဘောကို ထောက်ရှု၍ ကျွန်ုပ်တို့က ထိုသို့ ထင်မြင်ခြင်းမရှိပါ။ ကလေးယူရန် စီမံကိန်းချခြင်းတွင်၊ မွတ်စ်လင်မ် လင်မယားတိုင်းအနေဖြင့် ကမ္ဘာမြေပေါ်တွင်၊ ၄င်း၏ သက်ရှိ

ရှင်သန်နေထိုင်ကြသူများအပေါ်တွင်နှင့် အနာဂတ်မျိုးဆက်များအပေါ်တွင် ၎င်းတို့ မိသားစု၏ ခြေရာလက်ရာ သက်ရောက်မှုကို မည်သို့မည်ပုံလျှော့ချခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၎င်းတို့ ဤလောကထဲ ဆောင်ကြဉ်းလာသည့် ဘဝအသစ်များအနေဖြင့် ဧဝရပ်ဝန်းကို ဝန်ထုပ်ဝန်ပိုးများ ထပ်ဆောင်မဖြစ်စေခြင်းကို အာမခံရန် ၎င်းတို့ကိုယ် ၎င်းတို့ ကတိသစ္စာခံသင့်ပေသည်။

၁၂၇။ သက်ဆိုင်မှုရှိသော မူစည်းမျဉ်းများတွင် ဤအချက်ပါဝင်သည်။ Llewellyn, "Islamic Environmental Law"တွင် ကိုးကားထားသည်။ "ကောင်းမြတ်သော အရာနှစ်ခုက တစ်ခုနှင့်တစ်ခု ယှဉ်တွဲမဖြစ်နိုင်ခြင်း သေချာသွားပါက၊ "ကောင်းခြင်းပိုနိမ့်သောအရာကို ဖယ်ထုတ်၍ ပို၍ ကြီးသော ကောင်းခြင်းကို ဆောင်ကြဉ်းရန်ဖြစ်သည်"။ "အကယ်၍ ဝတ္တရားနှစ်ခုက ပဋိပက္ခဖြစ်ပါက၊ ပိုမို၍ အခြေခံကျသော ဝတ္တရားကို ဖြည့်ဆည်းရမည်ဖြစ်သည်။" အကယ်၍ ကောင်းကျိုးတစ်ခုက ပျက်စီးဆုံးရှုံးမှုတစ်ခုကို မလွဲမရှောင်သာ သယ်ဆောင်လာပါက၊ "ထိခိုက်မှုအန္တရာယ်ကို ရှောင်ရှားခြင်းက အကျိုးကျေးဇူး ရရှိအောင် ပြုခြင်းထက် ပိုမိုအခရာကျသည်။" ထိုစည်းမျဉ်းများကို အကျယ်တဝင့် ဖော်ပြချက်များအတွက် ဤစာတမ်း၏ စာပိုဒ် ၅.၅ ကိုကြည့်ပါ။

၁၂၈။ Bagader et al., *Environmental Protection in Islam*, စာ-၁၉။ Llewellyn, "Islamic Jurisprudence and Environmental Planning," စာ-၄၂။

၁၂၉။ အာအိရ်ဂျာဟ် သခင်မထံမှ အဗူ ဒါဝူဒ်၊ အက်-သီရ်မိဓီနှင့် အန်-နစားအီ တို့ တင်ပြသည့် ဟဒီးစ်တော်။ Majallat al-Ahkām al-'Adlīyah၊ ဆောင်းပါးအမှတ် ၈၅၊ ၈၇နှင့် ၈၈။ Mahmassani, *Falsafat al-Tashrī' fī al Islām: The Philosophy of Jurisprudence in Islam*, စာ ၂၀၃-၂၀၄။ Bagader et al., *Environmental Protection in Islam*, စာ-၁၉။ Llewellyn, "Islamic Environmental Law," စာ-၁၄။

၁၃၀။ Llewellyn, "Islamic Environmental Law," စာ-၁၄။

၁၃၁။ Bagader et al., *Environmental Protection in Islam* စာ ၃၀-၃၁။

၁၃၂။ မြေအပေါ်ယံလွှာ၊ မြစ်ချောင်းများ၊ စိမ့်မြေတောများ၊ ငါးမွေးမြူရေးကန်များ၊ သစ်တောများ၊ သစ်တောမြေများ၊ မြက်ရိုင်းမြေများနှင့် စိုက်ပျိုးမွေးမြူရေးခြံများ အပြင် တောရိုင်းနှင့် အိမ်မွေးတိရစ္ဆာန် မျိုးစိတ်များနှင့် ၎င်းတို့ သက်ဆိုင်နေထိုင်ရာ ဂေဟစနစ်များသည် ပြန်လည်ဖွံ့ဖြိုးမြဲ အရာများဖြစ်ကြသည်။ ယင်းက ပြန်လည်ပေါက်ပွားရန် ၎င်းတို့၏ စွမ်းရည်ကို မကျော်လွန်သည့် နှုန်းဖြင့် ရိတ်သိမ်းဖမ်းယူအသုံးပြုပါက ၎င်းတို့ကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်သည်ဟု ဆိုလိုပါသည်။ ရုပ်ကြွင်းလောင်စာများနှင့် ရုပ်ကြွင်းမြေအောက်ရေများအပါအဝင် ဓါတ်သတ္တုအများစုတို့ကို ထုတ်လုပ်၊ သို့လောင်ကာ ကမ္ဘာမြေပြင်တွင် သုံးစွဲလည်ပတ်သည့် လုပ်ငန်းစဉ်က ပြန်လည်ပြည့်ဖြိုးမြဲ မဟုတ်ဟု သက်ရောက်လောက်သည်အထိ အလွန်ကြာသော အချိန်စက်ဝန်းတွင် ဖြစ်ပေါ်လေသည်။ ထို့ကြောင့် ၎င်းတို့ကို ရေရှည်တည်တံ့စွာ သုံးစွဲရန် မဖြစ်နိုင်ပါ။ သို့သော်လည်း ပြန်လည်လှည့်ပတ်အသုံးပြုခြင်း၊ လျှော့၍ သုံးစွဲခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲ အစားထိုးများကို သုံးစွဲခြင်းတို့အားဖြင့် ထိုရင်းမြစ်များ၏ သက်တမ်းကို ဆွဲဆန့်နိုင်ပါသည်။ *Caring for the Earth: A Strategy for Sustainable Living* (Gland, Switzerland: IUCN, UNEP, and WWF, 1991)၊ စာ ၉-၁၀ ကိုကြည့်။ Also see Llewellyn, "Islamic Environmental Law," စာ-၁၅ ကိုလည်းကြည့်။

၁၃၃။ Abū 'l-Faraj 'Abd ar-Rahmān ibn Rajab (d. 795 H. / 1393 G.), Al-Qawā'id: qā'idah no. 86, with reference to Al-Wādih fi Usūl al-Fiqh by Ibn 'Aqīl. ဤနေရာတွင်၊ အသုံးပြုခွင့်ဟူသည်ကို အခြားသူတစ်ဦး (အလွာဟ်အရှင်မြတ်)၏ ပိုင်ဆိုင်မှုပစ္စည်းကို ယုတ်လျော့နိမ့်ပါးစေခြင်းမရှိဘဲ ယင်းပစ္စည်း၏ အကျိုးကျေးဇူး အကျိုးအမြတ်ကို ရယူသုံးစွဲနိုင်မှု အခွင့်အရေးဟု နားလည်ပါသည်။

၁၃၄။ Bagader et al., *Environmental Protection in Islam*၊ စာ-၁၈။ Llewellyn, "Islamic Jurisprudence and Environmental Planning" စာ ၃၉-၄၃။

၁၃၅။ အဗူစအီးဒ် အယ်လ်-ခူဒရီ ထံမှ အစ်ဗနေ မာဂျာဟ်၊ အဒ်-ဒါရက်ကုသနီနှင့် အခြားသူများက တင်ပြသော ကောင်းစွာ ခိုင်လုံစစ်မှန်သည့် ဟဒီးစ်တော်နှင့် Al-Muwatta'တွင် အီမာမ် မာလစ်က် ကတင်ပြသော ဟဒီးစ်တော်။

၁၃၆။ "ရေသည် အတိုင်းအတာတစ်ခုအထိ ပိုင်ဆိုင်ရန် ခက်ခဲသော သယံဇာတတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် အလွန်ခြောက်သွေ့သော ဒေသများတွင် ၎င်း၏ ရရှိရန် မလွယ်ကူလှသော ဂုဏ်သတ္တိများဖြင့် တောရိုင်းလောကနှင့် စားကျက်မြေကဲ့သို့သော အခြားသော ရင်းမြစ်များအတွက် တိကျစွာ သင့်လျော်လျောက်ပတ်သော ရှေ့ထုံးနမူနာတစ်ရပ်ပင်ဖြစ်သည်။ သဘောတရားရေးအရ၊ ရေစီးကြောင်းတစ်ခုကို ဖြစ်နိုင်သမျှအကောင်းဆုံး ခွဲတမ်းချမှုနှင့် အသုံးပြုမှုမှ ရရှိနိုင်သော အကျိုးအမြတ် ကောင်းကျိုးများနှင့် သဘာဝ ဂေဟစနစ်များအတွင်းမှ စွမ်းအင်စီးကြောင်းမှ ရရှိနိုင်သော အကျိုးအမြတ် ကောင်းကျိုးတို့အကြား အံ့သြလောက်စရာ တူညီမှုရှိနေပါသည်"။ Graham Child and John Grainger, *A System Plan for Protected Areas for Wildlife Conservation and Sustainable Rural Development in Saudi Arabia* (Gland, Switzerland: National Commission for Wildlife Conservation and Development and IUCN, 1990)၊ စာ-၁၀၇။ ရရှိပိုင်ဆိုင်ရန် ခက်ခဲသော သယံဇာတတစ်ခုသည် အချိန် သို့မဟုတ် နေရာ သတ်သတ်မှတ်မှတ် အမြစ်စွဲနေခြင်း မရှိပေ။ ၎င်းသည် နေရာတစ်ခုမှ တစ်ခုသို့ ရွှေ့လျားနေနိုင်ပြီး၊ အခိုက်အတန့် ခဏမျှတာ တည်မြဲနေနိုင်ပါသည်။

၁၃၇။ အာရပ်လူမျိုးများကို စိုက်ပျိုးသူများအဖြစ်ထက် မွေးမြူရေးသမားများအဖြစ် ပိုမိုသိရှိကြပြီး၊ ၎င်းတို့ တည်ထောင်ဖွံ့ဖြိုးစေခဲ့သည့် အစွမ်းလာမ် ယဉ်ကျေးမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် ကျွမ်းကျင်တတ်မြောက်မှုထက် ဗိသုကာပညာတွင် ပေါက်မြောက် အောင်မြင်မှုနှင့် ဒဿနိကဗေဒ၊ သချိ်ာပညာရပ်၊ ဆေးပညာနှင့် သိပ္ပံဘာသာရပ်တို့ကို လေ့လာသင်ယူမှုတို့တွင် ပိုမို၍ လူသိများ ကျော်ကြားနိုင်ပါသည်။ သို့ငြားလည်း၊ ၎င်းတို့သည် လေးစားလောက်သော တောင်ကုန်းတောင်စောင်း စိုက်ပျိုးရေး အစဉ်အလာများနှင့် ယီမင်ရှိ ယာယီမြစ်ချောင်းရေကြီးရေလျှံဖြစ်မှုမှ ဆည်မြောင်း ရေပေးဝေမှုလုပ်ငန်းနှင့် အိုမန်တွင် *အဖ်လ့ဂ်* ဟု သိကြသည့် မြေအောက်နှင့် မြေပေါ် တူးမြောင်းများအားဖြင့် စိုက်ပျိုးရေ ထိန်းသိမ်း သွယ်တန်းပေးဝေသည့်

အလွန်ကျယ်ပြောသော အိုအေစစ် စိုက်ပျိုးရေးလုပ်ငန်းတို့၏ အစဉ်အလာများ၏ အမွေခံများဖြစ်ကြသည်။ Abdal Hamid Fitzwilliam Hall, *An Introductory Survey of the Arabic Books of Filāha and Farming Almanacs*, (2010)။ http://www.filaha.org/introduction.html

၁၃၈။ အာရဗီစကားလုံး *ဖစ်လ်လာဟဟ် (Filāhah)*၊ 'စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း'နှင့် ဆင့်ပွားအဓိပ္ပါယ်အားဖြင့် "စိုက်ပျိုးရေး၊ ခြံစိုက်ပျိုးမွေးမြူခြင်း၊ လယ်ယာလုပ်ငန်း"နှင့် *ဖလ္လာဟ် (fallāh)* ဟူသော "လယ်ယာစိုက်ပျိုးသူ၊ မြေကို ထွန်ယက်သူ၊ လယ်သမား၊ ခြံစိုက်ပျိုးသူ"ဟူသော ပုဒ်တို့သည် "ခွဲသည်၊ ကွဲထွက်စေသည်"နှင့် အထူးအားဖြင့် "မြေကို ထွန်ယက်သည်၊ (စိုက်ပျိုး ပျိုးထောင်ရန်)ထွန်ယက်ပြုပြင်သည်"ဟု ဆိုလိုသော ကြိယာပုဒ် ပုံစံဖြစ်သော *ဖလဟ (falaha)*မှ ဆင်းသက်လာသည်။ ၄င်းက "တိုးတက်သည်၊ ထွန်းကားသည်၊ အောင်မြင်သည်၊ ကံကောင်းအကြောင်းလှသည် သို့မဟုတ် ပျော်ရွှင်သည်"ဟုလည်း အဓိပ္ပါယ်ရပါသည်။ Fitzwilliam Hall, *Filāha* ကို ကြည့်။

၁၃၉။ ထို့ပြင်တဝ *ဖလာဟ် (falāh)* ဟူသောစကားလုံးကို မွတ်စ်လင်မ် ကမ္ဘာတစ်လွှားရှိ ပလီတိုင်း၏ မင်နာရက်များမှ *ဟိုင်းယ အလလ် ဖလာဟ်* (အောင်မြင်မှုရှိရာဆီ လာကြလော့၊ ကယ်တင်ခြင်းရှိရာဆီ လာကြလော့)ဟူသော ဝတ်ပြုရန် ဖိတ်ခေါ်ခြင်းအတွင်း တစ်နေ့လျှင် ငါးကြိမ် အသံသာသာ ထုတ်လွှင့်နေပါသည်။ ဤသို့အားဖြင့် လယ်ယာထွန်ယက်စိုက်ပျိုးမှု၊ သာယာဝပြောမှု (ဤလောကနှင့် တမလွန်လောကတို့တွင်)နှင့် ကိုးကွယ်ဝတ်ပြုမှုတို့သည် အာရဗီဘာသာစကားတွင် နီးကပ်စွာ ချိတ်ဆက်နေသည်။ "အယ်လ်-အန်ဒလူးဇ်တွင် အသုံးပြုသော အစွမ်းသတ္တိများကျ လယ်ယာထွန်ယက်စိုက်ပျိုးမှုက ၄င်းသည် နှစ်ပေါင်း လေးရာခန့်မျှ (ဂရန်နဒါ (Granada) တွင်မူ နှစ်ပေါင်း ခုနစ်ရာအထိ) ကြီးမားသော လူဦးရေတစ်ခုကို ထောက်ပံ့ထားပြီး၊ ယဉ်ကျေးမှုကို ထွန်ကားစေသည့် စိုက်ပျိုးရေး ဓါတုပစ္စည်း မြေဩဇာများ သို့မဟုတ် ပိုးမွှားသတ်ဆေးများ၏ အကူအညီအပါဘဲ၊ ကျယ်ပြန့်သော၊ အော်ဂန်းနစ်ဖြစ်သော၊ ရောထွေး-စိုက်ပျိုးမွေးမြူရေးခြံလုပ်ငန်းစနစ်ဖြစ်ကြောင်း ပြသနေသည်"။ Fitzwilliam Hall, *Filāha*။

၁၄၀။ M. K. Suleiman, et al, Towards an Implementation Strategy for the Human Integrated Management Approach Governance System: Theories, Concepts, Methodologies, Case Studies and Action Plans, https://manualzz.com/doc/18375749/proceedings-towards-an-implementation-strategy-for-the-hu [၁၂.၀၈.၂၀၂၂တွင် ပြန်လည်ရယူသည်]ကို ကြည့်။

၁၄၁။ (Ar-Radhī, Muhammad ibn al-Husayn ash-Sharīf, Nahj al-Balāghah, Letter no. 53)။ ခါလစ်ဖ် သမ္မတကြီး အလီ သခင်ကလည်း "စင်စစ် အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံတို့၏ ရိုဇီရိကွာကို ကိစ္စငါးခုတွင် ရှိသည်။ ၄င်းတို့မှာ ကောင်းမွန်သော ဦးဆောင်မှု၊ ကောင်းမွန်သော စိုက်ပျိုးရေး၊ မျှတသော ကုန်သွယ်မှု၊ ငှါးရမ်းမှုနှင့် အလှူဒါနတို့ဖြစ်သည်။ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်က "အရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေမှ ဖြစ်ထွန်းဖွံ့ဖြိုးစေတော်မူခဲ့၏။ ထို့အပြင် အသင်တို့ကို ယင်း၌ အခြေကျနေထိုင်စေခဲ့သည်" (၁၁း၆၁)ဟု ကြေညာနေပါသည်။ အရှင်က (အရှင်မြတ်သည် ဘုန်းတန်ခိုးကြီးမြတ်တော်မူပါ၏) ကမ္ဘာမြေကြီးမှ ထွက်ရှိသော အသီးအနှံနှင့် ထိုနည်းတူအရာများအားဖြင့်လည်းကောင်း၊ အရှင့်၏ အဖန်ဆင်းခံများအတွက် အရှင်က ရှင်သန်မှု၏ အရင်းအမြစ်ဖြစ်စေခဲ့သော အရာများအားဖြင့်လည်းကောင်း၊ စားနပ်ရိက္ခာရရှိမှု နည်းလမ်းဖြစ်စေရန် အလို့ငှါ အရှင်မြတ်သည် ထိုသူတို့ကို ထွန်ယက်စိုက်ပျိုးရန် အမိန့်တော်ပြုခဲ့သည်ဟု သင်ကြားပေးပါသည်"။ Muhammad ibn al-Ḥasan Al-Ḥurr al-ʿĀmilī, *Wasā'il ash-Shī'ah,* vol. 13, Kitāb al-Muzāraʿah, Ch 2, Hadīth no.10။

၁၄၂။ စအိဒ် အဒ်-ဒဘ်ဘီထံမှ ယာဟ်ယာ အစ်ဗနေ အဒမ် အယ်လ်-ကုရိုင်ရှီ (ဟစ်ဂျရီ ၂၀၃)က ၄င်း၏ ကိသဗ် အယ်လ်-ခါရာဂျ်တင်ပြခဲ့သော *အဿာ (Athar)*။ Bagader et al., *Environmental Protection in Islam, 3*; Llewellyn, "Islamic Jurisprudence and Environmental Planning," စာ-၃၆။

၁၄၃။ Kurtzman, *The Death of Money*၊ စာ-၇၁။

၁၄၄။ Kurtzman, *The Death of Money* စာ-၈၅။

၁၄၅။ ဤဖူထောင့်မှ ကြည့်ပါက ခေတ်သစ်ကမ္ဘာက တီထွင်ဖြစ်ထွန်းစေခဲ့သည့် ငွေကြေးသည် ကမ္ဘာဂြိုဟ်၏ မြေလွှာများကို စားသုံးနေသည့် ဗိုင်းရပ်စ်တစ်ကောင်၏ လက္ခဏာရပ်များကို ယူဆောင်ထားသည်။ Khalid, *Signs on the Earth*, စာ ၂၉-၃၀။

၁၄၆။ http://www.economist.com/content/global_debt_clock

ကမ္ဘာလုံးဆိုင်ရာ ကြွေးမြီသည် ဘီလီယံ ၁၀၀ သို့ လျင်မြန်စွာ ချဉ်းကပ်လာနေပြီဖြစ်သည်။ Global Footprint Network က ယခုအခါ ကျွန်ုပ်တို့သည် "ကမ္ဘာမြေကြီး၏ ဂေဟစနစ်များမှ လူသားထု၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးရန်" ဂြိုဟ်အရေအတွက် ၁.၆ခု လိုအပ်လျက်ရှိသည်ဟု အစီရင်ခံခဲ့ပြီး၊ "ကမ္ဘာ့ လွန်ကျူးကျော်လွန်နေသည် ၂၀၂၀ခုနှစ် ဩဂုတ်လ ၂၂ရက်တွင် ကျရောက်သည်"ဟု တွက်ချက်ထားသည်။ ဆိုလိုသည်မှာ ကမ္ဘာဂြိုဟ်က ထုတ်လုပ်ရန် တစ်ဆယ့်နှစ်ကြာသည် အရာများကို ကျွန်ုပ်တို့က ရှစ်လအောက် နည်းသော ကာလအတွင်း စားသုံးခဲ့ပြီးဖြစ်လိမ့်မည်ဟု ဆိုလိုပါသည်။

၁၄၇။ *ဇကားဟ်* သည် တိတိကျကျရှိသော အနိမ့်ဆုံးပမာဏထက် ပိုမို၍ ပိုင်ဆိုင်သော မွတ်စ်လင်များအနေဖြင့် ၄င်း၏ ကျန်ရှိသော ဓနဥစ္စာများကို စင်ကြယ်စေရန်အတွက် ဆင်းရဲသားများနှင့် လိုအပ်ချက်ရှိသူများကို တစ်နှစ်တစ်ကြိမ် ပေးဆောင်ရန် ပြဋ္ဌာန်းထားသော အုပ် ငွေကြေးစုဆောင်းမှုများ၏ ၂.၅ ရာခိုင်နှုန်းနှင့် ၄င်းတို့၏ ကောက်ပဲသီးနှံများနှင့် တိရစ္ဆာန်များကဲ့သို့သော အခြားသော အုပ်အလှူများ၏ အမျိုးမျိုးသော အခွန်းအစားဖြစ်သည်။

၁၄၈။ Izzi Dien, *Environmental Dimensions of Islam*, စာ -၁၃၂-၁၃၃။ *ဇကားဟ်*မှတဆင့် ကျွန်ုပ်တို့သည် လူမှု စည်းလုံးညီညွတ်မှုတွင် ပါဝင်ကြပြီး၊ ၄င်းက လူသား၏ လောဘအား ပစ်မှတ်ထားခြင်းဖြင့်လည်းကောင်း (Izzi Dien, *Environmental Dimensions of Islam*, 48)၊ ငွေကြေးနှင့် ဓနဥစ္စာတို့သည် ဘဝ၏ ရည်မှန်းချက်ပန်းတိုင်များမဟုတ်ကြောင်း ကျွန်ုပ်တို့အား သင်ကြားပေးခြင်းအားဖြင့်လည်းကောင်း ဝိဉာဉ်ကို စင်ကြယ်စေလေသည် (Izzi Dien,17)။

၁၄၉။ *အစ်ကိ်သိဆွားဒ်* ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်ရုံလုပ်ငန်းတို့နှင့် သက်ဆိုင်သော အစ္စလာမ့် သင်ကြားမှုတို့နှင့် သက်ဆိုင်သည်။

၁၅၀။ အလီ အစ်ဗနေ အဗ္ဗဒွလ် မာလစ်က် အယ်လ်-ဟင်ဒီက ကန်ဇွလ် အွမ်မာလ်တွင် စီစဉ်ပြုခဲ့ပြီး၊ ဂျလာလွဒ္ဒီန် အက်စ်-စူယွသီ ကတင်ပြခဲ့သော ဟဒီးစ်တော်၊ ဟဒီးစ် အမှတ် ၅၄၅၄။

၁၅၁။ Abdal Hamid [Fitzwilliam-Hall], "Islamic Environmental Ethics," စာ-၅၇။

၁၅၂။ Abdal Hamid [Fitzwilliam-Hall], "Islamic Environmental Ethics," စာ-၅၈။

၁၅၃။ အဗ္ဗဒွလ္လာဟ် အစ်ဗနေ အမရ် ထံမှ အီမာမ် အဟ်မဒ်က မွတ်စ်နဒ်ကျမ်းတွင် လည်းကောင်း၊ အစ်ဗနေ မာဂျာဟ်ကလည်းကောင်း တင်ပြခဲ့သော အထောက်အထား မခိုင်လုံသည့် စစ်မှန်ခြင်းသာ ရှိသော ဟဒီးစ်တော် (*Mishkāt al- Masābīh*၊ *ဟဒီးစ်* အမှတ် ၄၇)။ စွန့်နှ် အစ်ဗနေ မာဂျာဟ် ၄၂၅။ အဟ်မဒ် ရှာကီးရ်၏ အလိုအရ ဆွဟီးဟ် (အလွန်ခိုင်လုံအားကောင်းသော စစ်မှန်မှုရှိခြင်း)။ ဤဟဒီးစ်တော်၏ ပြည့်စုံသော ရှင်းလင်းချက်အတွက် Özdemir, *Environmental Ethics*၊ စာ-၁၄-၁၅ကိုကြည့်။

၁၅၄။ ဆွဟီးဟ် အယ်လ်-ဘူခါရီ ၂၃၈၉။ https://sunnah.com/bukhari/43/5

၁၅၅။ ကုန်သွယ်ရေး - အစ္စလာမ်က ခွင့်ပြုသော မျှတသည့် စာချုပ်စာတမ်းဆိုင်ရာ ဝတ္တရားများ၏ ဥပမာအချို့မှာ - ငွေထုတ်ချေးငှါးသူက အန္တရာယ်ကို မျှဝေလက်ခံမှုရှိသည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု *ရှီခဟ်*၊ ငွေပင်ငွေရင်း ထုတ်ပေးသူနှင့် လုပ်အားဓိုက်ထုတ်သူတို့အကြားက သဘောတူစာချုပ်ဖြစ်သော *မုဒါရဘာဟ်*၊ ထုတ်ကုန်၏ အလေးချိန်နှင့် ၄င်းကို ဖြန့်ဖြူးချိန်တို့အပေါ် အခြေခံသည့် ကြိုတင်ပေးငွေ ဖြစ်သော *ဘိုင် အက်စ် စလာမ်*။ လက်ရှိတွင် ကျင့်သုံးနေသော အနာဂတ်ကာလအတွက် ကြိုတင်ချုပ်ဆိုပြုလုပ်သော ကုန်သွယ်မှုကို တားမြစ်ထားသည်)။

၁၅၆။ လက်ရှိအသုံးပြုနေသော လူမှု-ဘဏ္ဍာရေးနှင့် ဆင်းရဲမွဲတေမှု လျော့ချပျောက်ရေးဟူသော သဘောတရားများကို ကျမ်းတော်မြတ်ကုရ်အာန်တွင် ရှင်းလင်းတိကျစွာ ဖော်ပြထားပြီး၊ နဗီတမန်တော် (အလ္လာဟ်အရှင်မြတ် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းခြီးမင်္ဂလာအဖြာဖြာတို့ ကိုယ်တော်သခင်အပေါ် ကျရောက်ပါစေသား)၏ အမူအကျင့်များဖြင့် သာဓကဆောင်ပါသည်။ Asutay, Mehmet. 2013. "Islamic Moral Economy as the Foundation of Islamic Finance." *Valentino Cattelan, Islamic Finance in Europe: Towards a Plural Financial System*. Cheltenham: Edward Elgar Publishing တွင် စာမျက်နှာ ၅၅-၆၈။

၁၅၇။ စွန့်နှ် အစ်ဗနေ မာဂျာဟ်၊ စာအုပ်အမှတ် ၁၆၊ ဟဒီးစ် ၂၄၃၇ (ရက်စွဲမပါသော sunnanh.com)။ https://sunnah.com/urn/1267610 (၂၀၁၈ခုနှစ် မေလ ၉ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။)

၁၅၈။ အုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် အခြားသူများက အသိကြွယ်သော အယူအဆအမြင် ဖြစ်ထွန်းစေရန် အချက်အလက်အားလုံး မရှိနိုင်သည့် အခါများတွင် ကျွမ်းကျင်ပညာရှင်များနှင့် ၄င်းတို့၏ အမျိုးမျိုးသော ကျွမ်းကျင်ရာ နယ်ပယ်များတွင် တိုင်ပင်နှီးနှောဆွေးနွေးသင့်ကြောင်း (*အဟ် လလ် ဟာလ် ဝလ်လက်ဒ်*)၊ အစ္စလာမ့် ဥပဒေက အသိအမှတ်ပြုလက်ခံထားသည်။ သို့ငြားလည်း၊ ထိုသို့ ပညာရှင်များနှင့် တိုင်ပင်နှီးနှောခြင်းသည် အုပ်စုအသိုက်အဝန်းတစ်ခုခု သို့မဟုတ် လူစုတစ်ခုခုကို ဖယ်ကြဉ်ပထုတ်မှုဆီသို့ မရောက်ရှိသွားစေရေးကို အာမခံပေးမည့် အရံအတားများကို လိုအပ်စေပါသည်။ လူတို့သည် မည်မျှ ကိုယ်ကျင့်သိက္ခာကောင်းသည်ဖြစ်စေ၊ အခြားလူများနှင့် အခြားသော လူမှုအစုအဖွဲ့များ၏ စင်ပြိုင်လိုအပ်ချက်များနှင့် အကျိုးစီးပွားတို့ထက် ၄င်းတို့ ကိုယ်ပိုင် လိုအပ်ချက်များ၊ အကျိုးစီးပွားများနှင့် ၄င်းတို့၏ မိတ်ဖက်များ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို ပိုမို၍ သိရှိနိုင်ကြပေသည်။ ဤသို့အားဖြင့် ကျင့်ဝတ်နှင့်ညီသော လှုံ့ဆွမှုတွန်းအားများသည်ပင်လျင် အများကောင်းကျိုးနှင့် ဆန့်ကျင်ဘက် လုပ်ဆောင်နိုင်ပါသည်။ ဤသည်ကပင် အုပ်စုအစုအဖွဲ့များအားလုံးနှင့် လူပုဂ္ဂိုလ်အားလုံး အထူးအားဖြင့် အင်အားအချည့်နဲ့ဆုံးသောသူများက လုပ်ပိုင်ခွင့်စွမ်းပကားများ လိုအပ်ရခြင်း၏ အကြောင်းပြချက်တစ်ခုဖြစ်ပေသည်။ Llewellyn, "Islamic Environmental Law," စာ-၂၉ ကိုကြည့်။

၁၅၉။ Llewellyn, "Islamic Environmental Law," စာ ၃၀-၃၁။ အလုံးစုံချုပ်ကိုင်သော အာဏာရှင်အုပ်စိုးမှု၏ အဆိုးဆုံး မျက်နှာစာများအနက်မှ တစ်ခုမှာ လူသားတို့အား ကမ္ဘာမြေပြင်ပေါ်မှာ *ခလီဖာဟ်*များ ကဲ့သို့သော ၄င်းတို့၏ အဆင့်အတန်းအခန်းကွာမှာ နန်းချ အာဏာလုယူမှုပင်ဖြစ်သည်။ ပြည့်ဝသော လူသားအဖြစ်ထက် ယုတ်လျော့သော တစ်စုံတစ်ခုအဖြစ်သို့ ၄င်းတို့ကို လျော့ချပစ်ခြင်းပစ်လေသည်။

၁၆၀။ Abū 'Ubayd Al-Qāsim ibn Sallām, *Kitāb al-Amwāl: bāb haqq al-imām 'alā 'r-ra'īyah wa haqq ar-ra'īyah 'alā 'l-imām*။ Llewellyn, "Islamic Jurisprudence and Environmental Planning," စာ-၄၅။ အမျိုးသားများအပြင် အမျိုးသမီးတို့သည်လည်း နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းခြီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေသား)ထံတွင် ကျိန်ဆို သစ္စာပြုခဲ့ကြသည်။ ခလစ်ဖ် သမ္မတကြီး အုမာရ် အစ်ဗနေ ခတ္တာဗ် ကွယ်လွန်အနိစ္စရောက်သည့်အခါ၊ သူ့ကို ဆက်ခံရန် သူရွေးချယ်ခန့်အပ်ခဲ့သော ကော်မတီက အသိပညာရှင်များနှင့် မျိုးနွယ်စုခေါင်းဆောင်များကိုသာမက ၄င်းတို့၏ အိမ်များရှိ အမျိုးသမီးများ၊ စာသင်ကျောင်းများမှ လူငယ်များနှင့် အလည်အပတ် ခရီးသွားများအပါအဝင် သာမန်ပြည်သူများကိုပါ တိုင်ပင်ရန် အလျင်အမြန်ပြုလုပ်ခဲ့ပေသည်။ Ibn Kathīr, *Al-Bidāyah wa 'n-Nihāyah: khilāfat 'Uthmān*, ed. 'Abd al-Hamīd Hindāwī (Sidon; Beirut: Al-Maktabat al-'Asrīyah, 2001) ၅း၃၇၃ ကိုကြည့်။ Llewellyn, "Islamic Environmental Law," စာ-၃၀ ကိုကြည့်။

၁၆၁။ (Ar-Radhī, Nahj al-Balāghah, Sermon no. 40)။

၁၆၂။ (Ar-Radhī, Nahj al-Balāghah, စာအမှတ် ၂၇၊ မူဟမ္မဒ် အစ်ဗနေ အဘီ ဘကရ် ထံသို့ ညွှန်ကြားချက်များ)။

၁၆၃။ သာတူညီမျှရှိပြီး၊ ထိရောက်မှုရှိသော တိုင်ပင်နှီးနှောမှုက အမျိုးသားများအပြင် အမျိုးသမီးများ၊ မြို့ပြ အပြင် ကျေးလက်ဒေသ၊ စာတတ်ပေတတ် ပုဂ္ဂိုလ်များအပြင် ပညာရှင်မဟုတ်သူများသည်လည်း ၄င်းတို့၏ အမြင်များကို ထည့်ဝင်ပံ့ပိုးပေးနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးထိခိုက်မှုများအတွက် ကုစားမှုများကို ရှာကြံနိုင်စေရန် အလို့ငှါတရားရေးနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင် နေရာရယူနိုင်ခြင်းကို တောင်းဆိုသည်။ ၄င်းက ပြည်သူများအနေဖြင့် အသိဉာဏ်နှင့်ယှဉ်သော ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန်အလို့ငှါ အများပြည်သူတို့ သတင်းအချက်အလက်များကို လက်လှမ်းမီရရှိနိုင်မှုကို တောင်းဆိုသည်။ ၄င်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြုခြင်းကို ဆောင်ရွက်ရန်နှင့် အာဏာသက်ဝင်စေအောင်ပြုရန် တာဝန်ရှိသော အေဂျင်စီများသည် ၄င်းတို့၏ လုပ်ဆောင်ချက်များနှင့် မလုပ်ဆောင်မှုများအတွက် တာဝန်ခံရမည်ဟု တောင်းဆိုသည်။ ထို့ပြင် ၄င်းက ဒေသန္တရ အစုအဖွဲ့ အသိုက်အဝန်းများအနေဖြင့် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုက မှီခိုနေသည့် သယံဇာတရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းကို တောင်းဆိုပါသည်။

အခန်း (၅)

၁၆၄။ အန်-နုမားန် အစ်ဗနေ ဘရှီယားထံမှ မူဟမ္မဒ် အစ်ဗနေ အစ်မာအီလ် အယ်လ်-ဘူခါရီ (ဟစ်ဂျရီ ၁၉၄-၂၅၆)က တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။

၁၆၅။ Llewellyn, "Islamic Environmental Law,"စာ ၂-၃ကိုကြည့်။ သို့သော်လည်း "အစ္စလာမ့်ဥပဒေ"ဟူသော အယူအဆသက်သက်က အထူးအားဖြင့် ဘာသာရေးနှင့် နိုင်ငံရေးခွဲခြားထားသော လူ့အဖွဲ့အစည်းများမှ လူများအတွက် စိတ်ရှုပ်ထွေးစရာဖြစ်နိုင်ပါသည်။ ဥပဒေဟူသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ခု လည်ပတ်ခြင်းနှင့် လူတစ်ဦးချင်း၏ လွတ်လပ်မှုများကို ကာကွယ်ပေးခြင်းအတွက် မရှိမဖြစ် အရေးပါသည့်ဟု အသိအမှတ်ပြုကြလင့်ကစား၊ ဥပဒေဟူသည် အနည်းဆုံးအားဖြင့် နူးညံ့နွေးထွေးမှုကင်းမဲ့ပြီး၊ အတန်ငယ်သော မနှစ်မြို့ဖွယ်ရာဟု ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလေ့ရှိကြသည်။ ၄င်းကို လိုအပ်သော မကောင်းမှုမိစ္ဆာတစ်ကောင်မျှလောက်သာ ရှုမြင်လေ့ရှိကြသည်။ ထိုသို့ပြီးတကား၊ လူတစ်ဦးသည် အဘယ်ကြောင့် ရှေ့နေတစ်ဦးကို ရှာဖွေပါသနည်း။ တရားစွဲဆိုမှုပြုလုပ်ရန် သို့မဟုတ် မိမိကိုယ်ကိုယ်အတွက် ခုခံချေပမှုမှပေးရန်၊ အခွန်အတုပ်ကို အနည်းဆုံးသော ပမာဏသာ မည်သို့ ပေးဆောင်ရမည်ကို နည်းလမ်းရှာရန်၊ သို့မဟုတ် စီးပွားရေးလုပ်ငန်း စာချုပ်စာတမ်းတစ်ခုတွင် သို့မဟုတ် ကွာရှင်းမှုတစ်ခုတွင် မိမိအတွက် အကျိုးအများဆုံး သဘောတူညီမှု စကားရပ်များကို ရရှိစေရန်ဖြစ်သည်။ ယုံကြည်သက်ဝင်မှု၏ ဝိဉာဉ်ရေးရာနှင့် ကိုယ်ကျင့်ဗေဒဆိုင်ရာ တန်ဖိုးများမှ အလှမ်းကွာလှပါဘိ။ အစ္စလာမ့် ယဉ်ကျေးမှုတွင်မူ ဥပဒေ သို့မဟုတ် *ရှာရီယာဟ်*ဟူသည်ကို အတော်အတန် ကွဲပြားခြားနားစွာ ရှုမြင်ကြပါသည်။ *မုဖ်သီ* (*muftī*) သို့မဟုတ် အစ္စလာမ့်ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ရှာဖွေဆည်းပူးခြင်း၏ အတွေ့ရအများဆုံး အကြောင်းပြချက်မှာ သက်ဆိုင်ရာ အခြေအနေတစ်ရပ်တွင် ကိုယ်ကျင့်တရားနှင့် အကိုက်ညီဆုံး၊ ကျင့်ဝတ်အားဖြင့် အမှန်ကန်ဆုံး လုပ်ရပ်သည် မည်သည့်လုပ်ရပ်ဖြစ်သည်၊ ဝေနေယျခပ်သိမ်းတို့၏ အရှင်ကို အကျေနပ်စေဆုံးနှင့် ထာဝရတည်မြဲမည့် ဝိဉာဉ်ရေးရာ ကောင်းချီးမင်္ဂလာဆီသို့ အသေချာဆုံး ဦးတည်ခေါ်ဆောင်သွားမည့် လုပ်ရပ်မှာ မည်သည့်လုပ်ရပ်ဖြစ်သည်ကို မေးမြန်းရန်ပင်ဖြစ်သည်။

၁၆၆။ ကျမ်းတော်မြတ်ကုရ်အာန်နှင့် စွန္နာဟ်တို့က *ရှာရီယာဟ်*ဟု ကျယ်ပြန့်စွာ သိမှတ်ကြသော အစ္စလာမ့် ဥပဒေနှင့် ကိုယ်ကျင့်ဗေဒ၏ အခြေခံအုတ်မြစ်ကို ဖြစ်စေပါသည်။ အစ္စလာမ့်ယဉ်ကျေးမှု တိုးတက်လာသည်အခါ၊ ပညာရှင် အသိုက်အဝန်းက ပေါ်ပေါက်လာသော ပြဿနာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် *အား*လုံး၏ သဘောတူညီမှုမှ (*အစ်ဂ်မာ်*)နှင့် ဆင်ခြင်သုံးသပ်နည်း (*အစ်ဂ်သိဟ္ဒ်*) အမျိုးမျိုးတို့ဟူသော သဘောတရားကို ဖန်တီးမိတ်ဆက်လာခဲ့သည်။ ဥပဒေဆိုင်ရာ ဂိုဏ်းအများစု၏ အဓိက နည်းလမ်းမှာ ဆင်တူသောဥပမာဖြစ်ရပ် (ကီယာ့စ်)မှ ထုတ်နှုတ်ဆင်ခြင်ခြင်းဖြစ်သည်။ သို့သော်လည်း ဥပဒေဆိုင်ရာ ဂိုဏ်းအသီးသီးတို့တွင် ဥဒါဟရုဏ်ဆောင် ဆင်ခြင်ခြင်းက သာဓကဖြစ်ရပ်တို့ထက် ပိုမိုအလေးပေးခြင်း (*အစ်သိဇာန်* (*istihsān*)ခံရသော ပိုမိုအားကောင်းသော သို့မဟုတ် ပိုမိုအခြေခံကျသော တန်ဖိုးများမှ ဆင်းသက်လာသော စဉ်းစားဆင်ခြင်မှုကို နေရာပေးကောင်းပေးနိုင်ပါသည်။ ဆိုလိုသည်မှာ သင့်လျော် လျောက်ပတ်သော ရှေးထုံးရှာမတွေ့နိုင်သည့် အခါမျိုးတွင်၊ ကျမ်းတော်မြတ် ကုရ်အာန်၏ ကျမ်းချက်များနှင့် စွန္နာဟ်တော်တို့နှင့် တိုက်ရိုက် ဆက်နွယ်နေခြင်းမရှိသည့်အပြင်၊ ဥဒါဟရုဏ်ဆောင် ဆင်ခြင်နည်းဖြင့် ၄င်းတို့ထံမှ ထုတ်နှုတ်ဆင်ခြင်မှု မရှိနိုင်သော အကန့်အသတ်မရှိသည့် အကျိုးကျေးဇူးများဖြစ်သည့် အများပြည်သူ၏ ကောင်းကျိုးချမ်းသာ (*အယ်လ်-မဆ္ဂာလိဟ် အယ်လ်-မုရ်ဆလဟ်*)တွင် အခြေခံ၍ စီရင်ဆုံးဖြတ်မှုများကို ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။ *အစ်ဂ်သိဟ္ဒ်* ၏ အခြားသော နည်းလမ်းများတွင် တရားမဝင်သော ရလဒ်ပန်းတိုင်များအတွက် ဟန်ဆောင်ပြယုဂ်အဖြစ် ပြင်ပသဏ္ဌာန်အားဖြင့် တရားဝင်သော နည်းလမ်းများကို အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်နိုင်သည့် *ဆဒ် အဂ်-ဂ္ဂာရီယ်ဂ်ိ* (*sadd adh- dharā'i'*)နှင့် ဓလေ့ထုံးတမ်းအလေ့အထများနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုများက ၄င်းတို့သည် ရှာရီယာဟ်၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည့်အခါတွင် ဥပဒေ၏ အာဏာစက်ရရှိနိုင်သည့် *အစ်သိရှားဘ် အယ်လ်-အုရ်ဖ် အက်စ်-ဆွာလိဟ်* (*istishāb al-'urf as-sālih*)နည်းလမ်းတို့ ပါဝင်သည်။ Llewellyn, "Islamic Environmental Law," စာ ၆-၇ ကိုကြည့်။

၁၆၇။ ဝေါဟာရရင်းမြစ်ဗေဒအားဖြင့် *ရှရီယာဟ်*သည် ရေ၊ ရှင်သန်မှု၏ ရင်းမြစ် ဆီသို့ ဦးတည်သော ကျယ်ပြန့်သည့်လမ်း သို့မဟုတ် လမ်းကြောင်းကို ဆိုလိုပါသည်။ သက်ရှိပုံစံအားလုံးတို့၏ အရေးပါမှုနှင့် တန်ဖိုးတို့က ဤဝေါဟာရ *ရှရီယာဟ်*၏ သင်္ကေတဆန်သော ဆိုလိုမှု နှစ်ရပ်လုံးတွင် သွယ်ဝိုက်ထင်ဟပ်နေသည် (‘Izzi Dien, *Environmental Dimensions of Islam*, စာ-၁၀၁ကိုကြည့်)။ နောင်တမလွန်လောကတွင် ဝိဉာဉ်ပိုင်းဆိုင်ရာ

ကောင်းချီးမင်္ဂလာရရှိရေးပန်းတိုင်သို့ အသေချာဆုံး လမ်းကို ရှာဖွေတွေ့ရှိရန် လူသားတို့ ကိုးကားကြရသည့် လမ်းပြမြေပုံအလား *ရှရီယာဟ်*ဖြင့် လူသားတို့သည် လောကနှစ်ခုအကြား ခရီးသွားကြသည့် ခရီးသည်များသာ ဖြစ်သည့်အတွက် *ရှရီယာဟ်* သည် သေဆုံးမှုနှင့် တမလွန်ဘဝတို့နှင့်လည်း သက်ဆိုင်နေသည် ('Izzi Dien, *Environmental Dimensions of Islam*, စာ-၇၉ ကို ကြည့်)။ Asutay, *Islamic Moral Economy* ကိုလည်းကြည့်။

၁၆၈။ Llewellyn "Islamic Environmental Law," စာ ၂-၃။

၁၆၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာဥပဒေ၊ မိသားစု ဥပဒေ၊ ပြစ်မှု ဥပဒေ၊ ပဋိညာဉ် ဥပဒေ၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေတို့ကဲ့သို့သော ဥပဒေပညာ၏ အမျိုးမျိုးသော နယ်ပယ်များအပြင်၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သီးသန့်ကိုယ်ကျင့်ဗေဒဆိုင်ရာ ကိစ္စရပ်များပါဝင်သည့် လူသားတို့၏ အပြုအမူတိုင်းကို *ရှာရီယာဟ်*က လွှမ်းခြုံထားသည်။ လုပ်ရပ်တစ်ခုချင်းစီကို လက်ရှိလောက၏ ရုပ်ပိုင်းဆိုင်ရာ နယ်ပယ်တွင်သာမက၊ နောင်တမလွန်ဘဝ၏ ဝိဉာဉ်ရေးရာ နယ်ပယ်တွင်ပါ ၄င်းက မည်ရွေ့မည်မျှ ကောင်းရာနှင့် မည်ရွေ့မည်မျှ ဆိုးကျိုးအန္တရာယ်ဖြစ်စေရာသို့ ဦးတည်စေနိုင်သည်ကို သတ်မှတ်ပြဋ္ဌာန်းရန် စိစစ်စစ်ဆေးသည်။ Llewellyn, "Islamic Environmental Law," စာ-၃ကို ကြည့်။ Asutay, *Islamic Moral Economy* ကိုလည်း ကြည့်။

၁၇၀။ Llewellyn, "Islamic Environmental Law," စာ-၃ကိုကြည့်။

၁၇၁။ J. C. Wilkinson, "Islamic Water Law with special Reference to Oasis Settlement," *Journal of Arid Environments* (London) 1 (1978)၊ စာ-၉၅။ ယင်းတွင် ကိုးကားထားသော စာပိုဒ်က ဤသို့ ဆက်ဖော်ပြပါသည် - "ဤအကြောင်းကြောင့်ပင် ဆဟာရမှ ဗဟိုအာရှဒေသအထိ ကျယ်ပြန့်သည့် အလွန်ခြောက်သွေ့သော ပတ်ဝန်းကျင်နှင့် တစ်စိတ်တစ်ဒေသ ခြောက်သွေ့သော ပတ်ဝန်းကျင်များတွင် ရှင်သန်နေထိုင်ကြသော သီးခြားလူအဖွဲ့အစည်းများက ဗဟိုအစိုးရ၏ ကြားဝင်ဆောင်ရွက်မှုတစ်ခုမျှ မပါဘဲ ၄င်းတို့၏ စီးပွားရေးဘဝ၏ အခြေခံစစ်စစ်ကို ကြီးကြပ်ကွပ်ကဲပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ကို အသိအမှတ်ပြု ကျင့်သုံးကြခြင်းဖြစ်သည်"။

၁၇၂။ ဥပမာအားဖြင့် Mawil Izzi Dien, *The Environmental Dimensions of Islam* (Cambridge: The Lutterworth Press, 2000)နှင့် Othman Llewellyn, "The Basis for a Discipline of Islamic Environmental Law." *Islam and Ecology: A Bestowed Trust,* edited by Richard C. Foltz et al. (Cambridge, Mass.: Center for the Study of World Religions, Harvard Divinity School, 2003 ကိုကြည့်)။

၁၇၃။ အစ္စလာမ့်ဥပဒေ၏ အန္တိမ ရည်ရွယ်ချက် *မကာဆစ်ဒ် အရှ်-ရှာရီယာဟ်* (*Maqāsid ash-sharī'ah*) မှာ အစ္စလာမ့်ဥပဒေသိပ္ပံ (*အူဇူလ် အယ်လ်-ဖစ်ဂ်ဟ်*)၏ အတွင်း နှင့် အချိုနည်းလမ်းများအားဖြင့် အထက်က အသိပညာဆိုင်ရာ ထူးခြားထင်ရှားသော ဘာသာရပ် အခွဲတစ်ခုဖြစ်သည်။ *မကာဆစ်ဒ်*၏ အရေးပါမှုသည် ခေတ်ပြိုင် အစ္စလာမ့်ဥပဒေပညာရှင်များ၏ ပိုမိုကြီးမားသော အာရုံစိုက်မှုကိုပင် ရရှိနေပေသည်။ *မကာဆစ်ဒ် အရှ်-ရှာရီယာဟ်* နှင့် ပတ်သက်၍ ပိုမိုသိလိုပါက Jasser Auda, *Maqasid Al-Shariah as Philosophy of Islamic Law: A Systems Approach* (Washington, DC: International Institute of Islamic Thought, 2008) နှင့် Jasser Auda, *Maqasid Al-Shariah: A Beginner's Guide* (Washington, DC: International Institute of Islamic Thought, 2008)ကို ကြည့်။

၁၇၄။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ ကောင်းကျိုးချမ်းသာ သာယာဝပြောမှုသည် လက်ရှိလောကအတွင်းရှိ လက်ငင်း ကောင်းကျိုးချမ်းသာနှင့် နောင်တမလွန်ဘဝရှိ အဆုံးစွန်သော ကောင်းကျိုးချမ်းသာတို့ကိုပါ လွှမ်းခြုံထားသည်။ အကြောင်းမှာ လူသားတို့အား ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများဖြစ်ထွန်းစေသည့် အရာရာတိုင်းကို ခွင့်ပြုထားခြင်းမရှိ၍ ဖြစ်သည်။ ရှိရှိသမျှသော အဖန်ဆင်းခံအားလုံးတို့၏ ကောင်းကျိုးချမ်းသာ (*မဆာလိဟ် အယ်လ် ခလ်ကိ် ကားဖ်ဟ်*ာဟ် (*masālih al-khalqi kāffah*))ကိုပါ ထည့်သွင်း လွှမ်းခြုံထားသည်။ မည်သည့် မျိုးစိတ် သို့မဟုတ် မျိုးဆက်ကိုမျှ ထည့်သွင်းစဉ်းစားခြင်းမှ ဖယ်ထုတ်ထားသည် မရှိချေ။ အကြောင်းမှာ ကျွန်ုပ်တို့၏ လုပ်ရပ်များက ဖြစ်ပေါ်စေခဲ့သည့် အက်တမ်တစ်ခု၏ အလေးချိန်မှုလောက်သော ကောင်းမှုတိုင်းအတွက်လည်းကောင်း နာကျင်ထိခိုက်စေမှု၏ အက်တမ်၏ အလေးချိန်မှုလောက်သော နာကျင်ထိခိုက်စေမှုတိုင်းကိုလည်းကောင်း တရားစီရင်မည့်နေ့တွင် ချိန်ဆက်လိမ့်မည်ဖြစ်သောကြောင့်ဖြစ်သည် (၉၉း၇-၈) ထို့ပြင် ၄၅း၁၅၊ ၅၃း၃၁ စသည်ဖြင့်)။ Llewellyn, "Islamic Environmental Law," စာ ၇-၈၊ "Islamic Jurisprudence and Environmental Planning," စာ ၂၇-၂၈၊ Bagader et al., *Environmental Protection in Islam*, စာ-၁၇၊ ၂၀၊ ၃၀။

၁၇၅။ *ရှာရီယာဟ်*က လူသားတို့ထက်လွန်၍ မျိုးစိတ်များ၏ ဤလိုအပ်ချက်များကို ကာကွယ်ပေးထားသည့် အတိုင်းအတာမှာ မှတ်သားဖွယ်ဖြစ်သည်။ ကျမ်းတော်မြတ် ကုရ်အာန်တွင် ကမ္ဘာမြေပြင်ပေါ်တွင် သွားလာနေသော မည်သည့် သက်ရှိဖြစ်စေ၊ ထို့ပြင် မိမိတို့၏ တောင်ပံနှစ်ဘက်ဖြင့် ပျံသန်းကြသော မည်သည့်ငှက်ပင်ဖြစ်စေ၊ ယင်းတို့သည် အသင်တို့ကဲ့သို့ အွမ္မာဟ် အုပ်စုများဖြစ်ကြ၏'(၆း၃၈)ဟု အလ္လာဟ်အရှင်မြတ်က ကြေညာထားပေသည်။ အားလုံးသော မျိုးစိတ်များသည် ၄င်းတို့အားလုံး၏ အရှင်ကို ချီးကျူးဂုဏ်တော်မွှမ်းခြင်း၊ အမှုတော်ထမ်းခြင်းနှင့် ဆည်းကပ်ကိုးကွယ်ခြင်းတို့တွင် ပါဝင်လျက်ရှိသည်ဟု အသိအမှတ်ပြုထားသည်။ *ရှာရီယာဟ်*က မျိုးစိတ်များကိုသာမကဉီ တိရစ္ဆာန်တစ်ကောင်းချင်း၏ အသက်ရှင်သန်မှုဘဝများကိုလည်း အချည်းနှီး ဖျက်ဆီးခံရခြင်းမှ ကာကွယ်ပေးထားသည်။ ထိုနည်းနှင်နှင်ပင်၊ အစ္စလာမ်၏ ဆိုဆုံးမ သင်ကြားမှုများက ဇီဝမျိုးကွဲစုံလင်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း အားပေးအားမြှောက်ပြုသည်။ တိရစ္ဆာန်များ၏ သားသမီး နောင်မျိုးဆက်များကိုလည်း လှောင်ထား၊ ချုပ်ထားသော တိရစ္ဆာန်များအား ရာသီအလိုက် မွေးဖွားခြင်းကို ခွင့်ပြုသင့်သည်ဟူသော ဓမ္မသတ် စီရင်ထုံးအားဖြင့်လည်းကောင်း၊ ဖုကဟာ အများအပြား၏ ခွဲစိတ်ပြုပြင်၍ မြိုစေခြင်းကို ဆန့်ကျင်သော ရုပ်တည်ချက်များအားဖြင့်လည်းကောင်း ကာကွယ်ပေးထားပေသည်။ ကျဉ်းကျံ့အနေခက်သော သို့မဟုတ် မလျော်ကန်သော အခြေအနေမျိုးတွင် ၄င်းတို့ကို ချုပ်နှောင် လှောင်ထားခြင်းကို တားမြစ်ခြင်းတွင်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များကို ချုပ်နှောင်

လျော်ထားခြင်းနှင့် သက်ဆိုင်သည့် ကန့်သတ်ချက်များတွင်လည်းကောင်း၊ မိခင်၏ ရှေ့မှောက်တွင် သားငယ်တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းကို တားမြစ်ထားခြင်းနှင့် ဖျော်ဖြေရေးအတွက် တိရစ္ဆာန်များကို ရန်တိုက်ပေး တိုက်ခိုက်စေခြင်းကို တားမြစ်ခြင်းတွင်လည်းကောင်း တိရစ္ဆာန်များ၏ ဘေးကင်းလုံခြုံမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ချမ်းမြေ့မှုကို အလေးအနက်ထားသည်။ တိရစ္ဆာန်များတွင် ပစ္စည်းဥစ္စာပိုင်ခွင့် မရှိသော်လည်း၊ လုံလောက်သည့် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ၄င်းတို့ အခွင့်အရေးကို ကာကွယ်ပေးထားသည်။ Llewellyn, "Islamic Environmental Law," စာ-၈။ တိရစ္ဆာန်များနှင့် သက်ဆိုင်သည့် အစွန့်လွှမ် သင်ကြားမှုများကို စေ့စေ့စပ်စပ် စူးစမ်းလေ့လာလိုပါက Sarra Tlili, Animals in the Qur'an. (Cambridge Studies in Islamic Civilization). Cambridge: Cambridge University Press, 2012 ကို ကြည့်။

၁၇၆။ မဆားလိပ် နှင့် မဇ္ဈာဆွစ်ဒ် ဟူသော စကားရပ်တို့သည် ကောင်းသော၊ ကောင်းကျိုးရှိသော၊ ကျန်းမာသော၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကောင်းကျိုးဖြစ်ထွန်းစေသောနှင့် မှန်ကန်သောအရာကို ဖော်ပြသော မူရင်းပုဒ် *ဆွ-လ-ဟ* နှင့် ပျက်စီးရာပျက်စီးကြောင်းတရားနှင့် ပျက်စီးဆုံးရှုံးစေခြင်းတို့ကို ဖော်ပြသော မူရင်းပုဒ် *ဖ-ဆ-ဒ* တို့မှ ဆင်းသက်လာပါသည်။ ထိုနှစ်ရပ်နှင့် အတူတူ ဆန့်ကျင်ကွဲလွဲနေသော သဘောတရားများမှာ ကမ္ဘာမြေပေါ် ရှိ တာဝန်သိ တာဝန်ကျေသာ *ခိလာဖတ်* ကို ရုပ်လုံးပေါ်စေပြီး၊ ဤကမ္ဘာမြေကို အမွေဆက်ခံစေခြင်းဖြင့် ဆုလာဘ်ချီးမြှင့်ခံရသော ကောင်းမွန်သော အလုပ်များနှင့် ၄င်း၏ ဆန့်ကျင်ဘက်ဖြစ်သော ထာဝရပြစ်ဒဏ် ချမှတ်ခြင်းခံရသည့် ကမ္ဘာမြေပေါ်တွင် ပျက်စီးရာပျက်စီးကြောင်းပြုခြင်းနှင့် ပျက်စီးဆုံးရှုံးစေခြင်းတို့ ဟူသော သဘောတရားများပင်ဖြစ်သည် (ဤသဘောတူကြေညာစာတမ်း၏ စာပိုဒ် ၂.၁၈-၂.၁၉တို့ကို ကြည့်)။ *မဆာလိဟ်*နှင့် *မဖ္ဈာဆစ်ဒ်*တို့သည် ဘာသာရေးနှင့် မသက်ဆိုင်သော အယူအဆများဖြစ်သည့် ကောင်းကျိုး အကျိုးအမြတ်နှင့် ကုန်ကျစားရိတ်တို့နှင့် ထပ်တူတူညီမှု မရှိသော်လည်း၊ များစွာသော ဘုံအခြေခံ အခြေအနေများရှိသည်။

၁၇၇။ ဤ နည်းနိဿယျဆန်သော ဥပဒေပြု မူစည်းမျဉ်းများသည် အကျိုးအမြတ်နှင့် ထိခိုက်ဆုံးရှုံးမှုများကို တိုင်းတာသည့် ပညာရပ်များအတွက်လည်းကောင်း၊ *ဖစ်က် အယ်လ်-မုဝါဇနာသ်* နှင့် *ဖစ်က် အယ်လ်-အော်လဝီယာ့သ်* အသီးသီးဖြစ်ကြသော ဦးစားပေးမှု ဆုံးဖြတ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ပညာရပ်များအတွက် အခရာကျသည်။ ၄င်းတို့ကို ဖန်တီးဖြစ်ထွန်းစေခြင်းတွင် ရှေ့ဆောင်လမ်းပြပြုခဲ့သည့် သုံးဦးသော ဥပဒေပညာရှင်များမှာ အက်စ်-ဆွဘ်ကီ၊ အက်စ်-စူယွသီနှင့် အစ်ဗနေ နုဂျေမ် တို့ဖြစ်ကြသည်။ Tāj ad-Dīn 'Abd al-Wahhāb ibn 'Alī As-Subkī (ဟစ်ဂျရီ ၇၇၁ခု)။ *Al-Ashbāh wa 'n-Nazā'ir*။ Jalāl ad-Dīn 'Abd ar-Rahmān As-Suyūtī (ဟစ်ဂျရီ ၉၁၁ခု) *Al- Ashbāh wa 'n-Nazā'ir*။ Zayn al-'Ābidīn ibn Nujaym (ဟစ်ဂျရီ ၉၇၀ခု)။ *Al-Ashbāh wa 'n-Nazā'ir; Majallat al-Ahkām al-'Adlīyah*။ Subhi Mahmassani, *Falsafat al-Tashrī' fī al Islām: The Philosophy of Jurisprudence in Islam*, tr. Farhat J. Ziadeh (Leiden: E. J. Brill, 1961) စာ ၁၄၉-၁၅၉ ကိုကြည့်။ ဤ ဥပဒေပြု မူစည်းမျဉ်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များတွင် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ Bagader et al., *Environmental Protection in Islam*, စာ ၁၃၊ ၁၈-၂၃ နှင့် S. Waqar Ahmed Husaini, *Islamic Environmental Systems Engineering* (London: Macmillan, 1980), စာ ၇၆-၇၉တို့ကို ကြည့်။

၁၇၈။ Taqī ad-Dīn Ahmad ibn 'Abd al-Halīm ibn Taymīyah (ဟစ်ဂျရီ ၇၂၈ / ခရစ်သက္ကရာဇ် ၁၃၂၈) *As-Siyāsat ash-Shar'īyah: al-bāb ath-thānī: al-amwāl, al-fasl al-khāmis: az-zulm al-wāqi' min al-wilāt wa 'r-ra'īyah*; Bagader et al., *Environmental Protection in Islam*, စာ ၂၀။

၁၇၉။ အားလုံးကို ခြုံငုံသော အများပြည်သူဆိုင်ရာ အကျိုးစီးပွားကို ပုဂ္ဂလိကနှင့် အမျိုးသား အကျိုးစီးပွားတို့နှင့် မကြာခဏပင် ရောထွေးလေ့ရှိကြသည်။ အမျိုးသားနိုင်ငံတော်ဆိုင်ရာ အသိုက်အဝန်းကို ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းထက် ဦးစားမပေးသင့်ပါပေ။ Izzi Dien, Environmental Dimensions of Islam၊ စာ ၁၄၄ ကိုကြည့်။

၁၈၀။ Ash-Shātibī, *Al-I'tisām: al-bāb ath-thāmin fī 'l-farq bayn al-bida' wa 'l-masālih al-mursalah wa 'l-Istihsān*။ 'Uthmān ibn Fūdī (ခရစ်သက္ကရာဇ် ၁၉၇၈ခု), *Bayān Wujūb al-Hijrah 'alā 'l-'Ibād,* ed. and trans. F. H. El-Masri (Khartoum: Khartoum University Press; New York: Oxford University Press, 1978)တွင် ကိုးကားရည်ညွှန်းထားသော *As-Suyūtī*၏ *အာ*ရဗီမူတွင် စာ-၈၂၊ အင်္ဂလိပ် ဘာသာပြန်တွင် စာ ၁၀၄။ Bagader et al., *Environmental Protection in Islam*, စာ ၂၀။

၁၈၁။ အများပြည်သူတို့၏ ဘုံအကျိုးစီးပွား ရရှိအောင်မြေရေးနှင့် တိုးမြှင့်စေရေးတို့အတွက် တစ်သီးပုဂ္ဂလ အကျိုးစီးပွားတစ်ခုကို စတေးခြင်းကို အစွန်းရောက်ဆုံး လစ်ဘာတားရီးယန်း အယူဝါဒများမှလွဲ၍ လူအဖွဲ့အစည်းတိုင်းနှင့် ဥပဒေစနစ်တိုင်းက တစ်နည်းမဟုတ် တစ်နည်းဖြင့် လက်ခံထားကြသည်။ ပြဿနာက လူတစ်ဦးချင်း အခွင့်အရေးများကို အများပြည်သူ အကျိုးစီးပွားဟူသော ခေါင်းစဉ်ဖြင့် မှေးမှိန်အောင်ပြုခြင်း မရှိစေရန်အတွက် အသေးစိတ် လုပ်ဆောင်ခြင်းနှင့် အကန့်အသတ်များကို ပြဋ္ဌာန်းသတ်မှတ်ရေးတွင် ရှိနေပေသည်။

၁၈၂။ ဘာသာတရား၊ အသက်ရှင်သန်မှု၊ နောင်လာနောက်သားမျိုးဆက်များ၊ ဆင်ခြင်တုံတရားနှင့် ဥစ္စာပစ္စည်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် မဖြစ်မနေ လိုအပ်သော လိုအပ်ချက်များ (*ဒါရူးရီယာ့သ်*)၊ ထို့နောက် မဖြည့်ဆည်းပေးပါက စစ်မှန်သော ကျပ်တည်းခက်ခဲမှုနှင့် စိတ်ပျက်စရာဆီ ဦးတည်စေနိုင်သည့် လိုအပ်ချက်များ (*ဟာဂျီယားသ်*)နှင့် နောက်ဆုံးတွင် ကိုယ့်ကျင့်တရားကို ပြည့်စုံစေခြင်းနှင့် ဘဝရှင်သန်မှုကို ကျယ်ပြန့်စေခြင်းတို့ပါဝင်သော ဖြည့်စွက်ပေးသော အကျိုးကျေးဇူးများ သို့မဟုတ် ပြင်ဆင်ပြောင်းလဲပေးမှုများ (*သဟ်ဆီနီယာသ်*)တို့ ဟူ၍ ရှိပါသည်။

၁၈၃။ ယင်းက ဦးစားပေးအရာများကို ကာကွယ်ပေးခြင်းကို အာမခံပေးသည်။ အကြောင်းမှာ ယင်းတို့ကို စွန့်ပစ်ခြင်းတွင် အများပြည်သူ ကောင်းကျိုးချမ်းသာတရားတွင် အခြေခံကျသော အရာအပေါ် ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် မလေးမစားပြုမှုတို့ ရှိနေ၍ ဖြစ်သည်။ အရေးပါမှုနိမ့်သော အရာကို ရွေးချယ်ခြင်းသည် ရွေးချယ်မှု ကိုယ်တိုင်က မှားယွင်းနေသောကြောင့် လုပ်ရပ်ကို မခိုင်လုံ မမှန်ကန်ကြောင်းပင် ဖြစ်စေနိုင်ပါသည်။

၁၈၄။ ‘Izz ad-Dīn ibn ‘Abd as-Salām, *Qawā‘id al-Ahkām fī Masālih al-Anām: fasl fī tanfīdh tasarrufāt al-bughāh wa a’immat al-jūr limā wāfaq al-haqq li- darūrat al-‘āmmah*။ Bagader et al., *Environmental Protection in Islam*၊ စာ ၂၁ကိုလည်း ကြည့်။

၁၈၅။ ဤစည်းမျဉ်းနှင့်အညီ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို ပြည့်မီရန် ပျက်ကွက်သည့် စက်ရုံတစ်ခုကို ပိတ်သိမ်းနိုင်သည်၊ တွင်းထွက်သတ္တုတူးဖော်ရေး လုပ်ပိုင်ခွင့်ကို ငြင်းပယ်နိုင်သည် သို့မဟုတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရ ထိလွယ်ရှလွယ်ဖြစ်သော ဒေသများတွင် အိမ်ရာဆောက်လုပ်ရေးများကို ပိတ်ပင်တားမြစ်နိုင်ပါသည်။ Bagader et al., *Environmental Protection in Islam*, စာ ၂၁။ Husaini, *Islamic Environmental Systems Engineering*၊ စာ ၈၀-၈၁။ *Majallah* သို့ ရည်ညွှန်း၊ article 30 ကိုကြည့်။

၁၈၆။ Bagader et al., *Environmental Protection in Islam*, 6, 10, 23–24, 29; Llewellyn, “Islamic Environmental Law,” 3-4, 36; Izzi Dien, *Environmental Dimensions of Islam*, 98. Nasr, *Islam and the Environmental Crisis*, 95-96။

၁၈၇။ Llewelyn, “Reverence and Utmost Good.”

၁၈၈။ Llewelyn, “Reverence and Utmost Good.”။ မသမာသော အကြံအစည် ကင်းမဲ့ခြင်းဟူသည်ကို ဂေဟဗေဒကို ဖျက်ဆီးမှု သို့မဟုတ် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အလားတူ ရက်စက်ကြမ်းကြုတ်မှုများအတွက် တရားစွဲဆိုခြင်းအပေါ် ခုခံချေပမှုတစ်ရပ်အဖြစ် အလွယ်တကူ လက်မခံသင့်ပါ။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဝေနေယျခပ်သိမ်းတို့၏ တန်ဖိုးကို အများသိ ကြေညာသည့်အခါ၊ မွတ်စ်လင်မ်များထံမှ မသိ၍ပြုမိခြင်းဟု မှတ်ယူပေးခြင်း သို့မဟုတ် မသိ၍ဟု အသနားခံခြင်းတို့ကို လက်မခံသင့်ပါ။

၁၈၉။ ‘Izz ad-Dīn ibn ‘Abd as-Salām, *Qawā‘id al-Ahkām fī Masālih al-Anām: al-qism ath-thālith min aqsām ad-darb ath-thānī min jalb al-masālih wa dar’ al-mafāsid*။ Llewellyn, “Islamic Jurisprudence and Environmental Planning,” 27-30; Othman A. Llewellyn, rejoinder in *Journal of Research in Islamic Economics* (Jeddah) 3, no. 1 (1985): 90; Bagader et al., *Environmental Protection in Islam*, 11, 35.
Llewellyn, “Islamic Environmental Law,” 39။ (၄င်းတို့၏ *ဖစ်သရာဟ်* နှင့် ၄င်းတို့၏ *ဟက်က* တို့အရ) ကျွန်ုပ်တို့သည် တောရိုင်းတိရစ္ဆာန်များကို သဘာဝတောရိုင်းထဲတွင် သဘာဝအတိုင်းသာ ဆက်ဆံသင့်သည်ဟု ထင်မြင်ရပါလိမ့်မည်။ အနှစ်သာရအားဖြင့်၊ ဤအချက်က ၄င်းတို့၏ တိုးတက်ခြင်းကို မဟန့်တားသင့်ဟု ဆိုလိုပါသည်။ ၄င်းတို့ ပေါက်ပွားရှင်သန်နေထိုင်ရာအရပ်များကို ကျန်းမာကောင်းမွန်သည့် အခြေအနေနှင့် အပြစ်အနာအဆာ ကင်းမဲ့သည့် အခြေအနေတွင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ၄င်းတို့ကို တစ်ကောင်ချင်းစီအဖြစ်လည်းကောင်း၊ ၄င်းတို့ မျိုးစိတ်၏ ကိုယ်စားလှယ်များအဖြစ်လည်းကောင်းနှင့် ၄င်းတို့၏ ဂေဟစနစ်ဆိုင်ရာ အသိုက်အဝန်းများ၏ အဖွဲ့ဝင်များအဖြစ်လည်းကောင်း ၄င်းတို့နှင့် ၄င်းတို့၏ ဘဝနေနည်းကို လေးစားပေးရန် ကျင့်ဝတ်အရ ကျွန်ုပ်တို့တွင် ဝတ္တရားရှိပေသည်။ ယင်းအချက်က ကျွန်ုပ်တို့သည် ၄င်းတို့၏ ရှင်သန်နေထိုင်မှုကို လွှမ်းမိုးအုပ်ချုပ်သည့် ဘုရားသခင်က ပြဋ္ဌာန်းထားသော သဘာဝလုပ်ငန်းစဉ်များ (*စွန္နန်-အလ္လာဟ်*) တွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းတို့ မပြုသင့်ဟု ရည်ညွှန်းပါသည်။ ဤ *စွန္နန်တော်* များတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် အကျိုးပြုဆက်ဆံရေးသာမက၊ ပြိုင်ဆိုင်မှု၊ အမဲလိုက်မှု၊ အစာတတ်မွတ်ခြင်းနှင့် ရောဂါဘယတို့ပင် ပါဝင်ပါသည်။ လူသားတို့၏ အမြင်ရှထောင့်မှ ကြည့်ပါက၊ ဤဖြစ်စဉ်များသည် ကြမ်းတမ်းပြီး ရက်စက်သည်ဟု ထင်မြင်စရာ ရှိသော်လည်း၊ ပိုမိုကျယ်ပြန့်သော ရုပ်ပုံကားချပ်တွင်မူ၊ ၄င်းတို့သည် ဘုရားသခင်၏ သနားကရုဏာတော်၏ မျက်နှာစာများဖြစ်ကြပါသည်။ အကြောင်းမှာ ၄င်းတို့က အချိန်ကြာလာသည့်နှင့်အမျှ ပိုမိုလျင်မြန် ဖျတ်လတ်စေရန်၊ ပိုမိုသန်မာစေရန်၊ ပိုမို ထက်မြက်စေရန်နှင့် ပိုမို ကျန်းမာစေရန်အတွက် သတ္တဝါများအား အရည်အချင်း စူးရှထက်မြက်စေ၍ ဖြစ်သည်။တောရိုင်းတိရစ္ဆာန်များကို ချုပ်နှောင်ပိတ်လှောင်ထားခြင်းသည် ပြဿနာရှိပြီး၊ ၄င်းတို့၏ ပကတိအခြေအနေကို ယုတ်လျော့စေခြင်း၊ ၄င်းတို့၏ *ဖစ်သရာဟ်* နှင့် *ဟက်က* ကို စော်ကားခြင်း မရှိသည့် ခိုင်လုံသော ရည်ရွယ်ချက်များအတွက်များအတွက်သာလျှင် ထိုသို့ ချုပ်နှောင် ပိတ်လှောင်မှုကို ခွင့်ပြုသင့်သည်ဟု မွတ်စ်လင်မ် ဥပဒေပညာရှင်များက ကာလကြာရှည်ကပင် အသိအမှတ်ပြုခဲ့ပြီး ဖြစ်သည်။ Holmes Rolston, “Challenges in Environmental Ethics” in Zimmerman, M. E., Callicott, J. B., Warren, K. J., et al., (Eds.). *Environmental Philosophy: From Animal Rights to Radical Ecology*, 2nd ed. Upper Saddle River, NJ: Pearson / Prentice Hall, 1998, pp. 124-144 ကိုကြည့်။

၁၉၀။ ကျွန်ုပ်တို့က တောရိုင်းတိရစ္ဆာန်များကို သဘာဝတောရိုင်းအတွင်းမှ ဖယ်ရှား၍ ကျွန်ုပ်တို့၏ ထိန်းချုပ်မှုအောက် ထားလိုက်သည့်အခါတိုင်းတွင်၊ အလွှာဟ်အရှင်မြတ်၏ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်သော အဖန်ဆင်းခံသတ္တဝါတည်းဟူသော ဂုဏ်ရည်ကို လျှော့ချလိုက်ပေသည်။ ၄င်းတို့၏ ကောင်းကျိုးချမ်းသာအတွက် ကျွန်ုပ်တို့တွင် တိုက်ရိုက် တာဝန်ရှိသွားပြီလည်းဖြစ်သည်။ ၄င်းတို့ ကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် ဝန်းကျင်အခြေအနေများကို ဖန်တီးပံ့ပိုးပေးရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပေသည်။ အနိမ့်ဆုံးအားဖြင့်၊ ယင်းတာဝန်မှာ ဘဝရှင်သန်မှုသည် ရှင်သန်ထိုက်သည့် ရှင်သန်ခြင်းမျိုးဖြစ်စေရန်အတွက် အာဟာရ၊ ရေ၊ သက်တောင့်သက်သာရှိသော ရှင်သန်နေထိုင်ရမှု၊ ၄င်းတို့၏ မျိုးတူများနှင့် လူမှုဘဝ တို့အတွက်လည်း ပါဝင်သည်။ လိုအပ်သည့်အခါများတွင်လည်း တိရစ္ဆာန် ကုသစောင့်ရှောက်ခြင်းနှင့် ဥပဒေပညာရှင်အများအပြား၏ အမြင်တွင် မိတ်လိုက်ခွင့်နှင့် ကလေးမျိုးပွားခွင့်တို့လည်း ပါဝင်ပါသည်။ Llewellyn, “Reverence and Utmost Good.” ကိုကြည့်။ ခလစ်ဖ်သမ္မတကြီး အလီ အစ်ဗနေ အဘီ တွာလစ်ဘ်က သူ၏ သမီးတော်အား “ဤငှက်များသည် စကားမပြောနိုင်ကြသဖြင့် ၄င်းတို့ကို ကျွေးမွေးရန် ဂရုပြုပါလော့။ အကယ်၍ ယင်းကို သမီးတော် မပြုလုပ်နိုင်ပါက၊ ကမ္ဘာမြေပြင်ပေါ် လှည့်လည်သွားလာ၍ ၄င်းတို့၏ အစာကို ၄င်းတို့ ရှာစားနိုင်ရန်အလို့ငှါ သမီးတော်က ၄င်းတို့ကို လွှတ်လပ်ခွင့်ပေးပါလေ” " Ja'far Husayn, Seerah Ameer al-Mo'mineen (Ansariyan Publications, 2006), 707။

၁၉၁။ အနောက်တိုင်းဥပဒေနှင့် အလွန်ဆင်တူသော ဟန်နဖီ ဥပဒေဂိုဏ်း၏ အလွန်လွှမ်းမိုးသော ရပ်တည်ချက်က တိရစ္ဆာန်များသည် သီးနှံများနှင့် အလားသဏ္ဌာန်တူသည့်အတွက် ၄င်းတို့ကို တရားရုံးတွင် ကိုယ်စားပြုရန် မဖြစ်နိုင်ဟု လက်ခံယူဆထားသော်လည်း၊ မုဝဖက် အဒ်-ဒီးန် အစ်ဗနေ ကုဒီမဟ် (Muwaffaq ad-Dīn ibn Qudāmah) (ဟစ်ဂျရီ ၆၂၀) က စွန့်ဦ အသင်းသားအများစုနှင့် သဘာမျှစွာပင် တိရစ္ဆာန်များသည် လက်တွေ့တွင် ကျွန်များနှင့် အလားသဏ္ဌာန်တူပြီး၊ ၄င်းတို့၏ အခွင့်အရေးများကို တရားရုံးများက အကာအကွယ်ပေးရမည်ဟု အဆိုပြုခဲ့သည်။ Ibn Qudāmah, *Al-Mughnī: kitāb an-nafaqah: fasl wa man malaka bahīmah*...ကိုကြည့်။ ၁၉၇၂ခုနှစ်တွင် ခရစ်တိုဖာ စတုန်း (Christopher Stone)က ကော်ပိုရေးရှင်း၊ ပင်လယ်ပြင်ရှိ သင်္ဘောများနှင့် မြူနီစီပါလိတီများကဲ့သို့သော သက်မဲ့အရာဝတ္ထုအမျိုးမျိုးတို့ကဲ့သို့ပင် အမေရိကန်ပြည်ထောင်စု ဥပဒေစနစ်တွင် သဘာဝ ဝတ္ထုပစ္စည်းများသည် ဥပဒေဆိုင်ရာ ကိုယ်စားပြုခွင့်ရသင့်သည်ဟု အဆိုပြုခဲ့သည်။ Christopher D. Stone, *Should Trees Have Standing? Toward Legal Rights for Natural Objects* (New York: Avon Books, 1975) ကို ကြည့်။ Llewellyn, "Islamic Environmental Law," 39 ကိုလည်းကြည့်။ Bagader, et al., *Environmental Protection in Islam*, 39ကိုလည်းကြည့်။ တိရစ္ဆာန်များကို နှိပ်စက်ကလူပြုသည့်အခါတိုင်း၊ အစိုးရအာဏာပိုင်များအနေဖြင့် တိရစ္ဆာန်များကို ကာကွယ်ပေးရေးအတွက် ကြားဝင်ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။ မဖွယ်မရာ တရားမဲ့သော ရည်ရွယ်ချက်များအတွက် မဖွယ်မရာသော နည်းလမ်းများဖြင့် သတ်ဖြတ်ခြင်းကို တားမြစ်ရန်လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှုနှင့် အချည်းနှီး ပျက်စီးစေခြင်းမှ ၄င်းတို့ကို ကာကွယ်ပေးရန်လည်းကောင်း တာဝန်ရှိပေသည်။ တိရစ္ဆာန်တစ်ကောင်၏ ပိုင်ရှင်သည် ယင်းတိရစ္ဆာန်ကို ဆိုးဝါးစွာ ဆက်ဆံပါက သို့မဟုတ် လုံလောက်သော ရိက္ခာနှင့် အထောက်အကူပစ္စည်းများ (*နဖကဟ်* (*nafaqah*) - အစားအစာ၊ ရေ၊ နေအိမ်နှင့် အလားတူများ) ထောက်ပံ့ပေးရန် ပျက်ကွက်ပါက အစိုးရအာဏာပိုင်များအနေဖြင့် ၄င်း၏ လိုအပ်ချက်များ ပံ့ပိုးပေးစေရန် ပိုင်ရှင်ကို အတင်းအကျပ်ပြုရမည်ဖြစ်သည်။

၁၉၂။ Llewellyn, "Islamic Environmental Law," 40; Llewellyn, "Reverence and Utmost Good."

၁၉၃။ Llewellyn, "Islamic Environmental Law," 38; Llewellyn, "Reverence and Utmost Good." သန့်ရှင်းစင်ကြယ်ခြင်း (*တ္တိုင်ယစ်ဘ်* (*tayyib*))ဟူသည် အစားအစာသည် အပင်များမှ၊ မို့များမှ၊ ကျောရိုးရှိသတ္တဝါများမှ သို့မဟုတ် ကျောရိုးမဲ့သတ္တဝါများမှ လာသည်ဖြစ်စေ၊ ၄င်းကို စိုက်ပျိုးမွေးမြူခဲ့သည်ဖြစ်စေ၊ စုစည်းရိတ်သိမ်းခဲ့သည်ဖြစ်စေ၊ အမဲလိုက်ခဲ့သည်ဖြစ်စေ၊ ၄င်းကို ကိုယ်ကျင့်တရားနှင့် ညီညွတ်စွာလည်းကောင်း၊ ပြန်လည်ရှင်သန်ပေါက်ပွားစေနိုင်သည့်နည်းလမ်းဖြင့်လည်းကောင်း စိုက်ပျိုး ရိတ်သိမ်းခဲ့သည်ဟု ဆိုလိုပါသည်။ အာရုံခံစားသိစိတ်ရှိသော သတ္တဝါများအနေဖြင့် ကျန်းမာသော၊ သဘာဝနည်းလမ်းကျသော ရှင်သန်နေထိုင်မှုနှင့် နာကျင်မှုဝေဒနာကို ဖြစ်နိုင်သမျှ ရှောင်လွှဲထားသည့် မြန်ဆန်သည့် သေခြင်းတို့အတွက် အခွင့်အလမ်းများ ရှိသင့်ပါသည်။ လယ်ယာ စိုက်ပျိုးမွေးမြူသူများနှင့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ရှောင်ရှားသင့်သကဲ့သို့ အင်းဆက်ပိုးမွှားသတ်ဆေးများ၊ ဓါတ်မြေဩဇာများ၊ တိရစ္ဆာန်စာများနှင့် ဦးတည်ရာမရှိ ရောပြွမ်း ရေသတ္တဝါ ဖမ်းဆီးခြင်းလုပ်ငန်းများမှ ဂေဟစနစ်ဆိုင်ရာ ထိခိုက်သက်ရောက်မှုများမှ ရှောင်ကြဉ်သင့်ပါသည်။ ယေဘုယျအားဖြင့်၊ ကမ္ဘာ့ မြက်ရိုင်းစားကျက်တောသည် စိုက်ပျိုးမွေးမြူရေးခြံလုပ်ငန်းအတွက် အလွန်သေးငယ်သော ပမာဏသာရှိသည့် တစ်စိတ်တစ်ပိုင်း ခြောက်သွေ့ဒေသရှိ ဂေဟစနစ်တွင် ကြီးမာစွာ ရှိနေသော်လည်း၊ စိုက်ပျိုးမွေးမြူရေးအတွက် အစားအစာအတွက် တိရစ္ဆာန်များ မွေးမြူခြင်းသည် အပင်များနှင့် မို့များ စိုက်ပျိုးခြင်းထက် ပိုမိုမြင့်မားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ တန်ဖိုးများ ပေးဆပ်ရပါသည်။ ကျိုင်းကောင် ပုရစ်ကောင်တို့ကဲ့သို့သော ကျောရိုးမဲ့သတ္တဝါများသည် ခွာရှိတိရစ္ဆာန်များနှင့် ကြက်ဘဲမွေးမြူရေးတို့ထက် မြေနေရာ၊ အစားအစာ၊ ရေနှင့် စွမ်းအင်ကို အလွန်လျော့နည်းစွာသာ လိုအပ်ပြီး၊ ပိုမိုလွယ်ကူစွာလည်း ရေရှည်တည်တံ့သောနည်းလမ်းဖြင့် မွေးမြူနိုင်ပါသည်။ နဗီတမန်တော် မူဟမ္မဒ် (ကောင်းချီးမင်္ဂလာနှင့် ငြိမ်းချမ်းသာယာမှုအဖြာဖြာ ကိုယ်တော်သခင်ပေါ် သက်ရောက်ပါစေသား)က အသားစားသော်လည်း၊ စားခဲလှပြီး၊ ထိုကိစ္စတွင် ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်သခင်၏ လမ်းစဉ်ကို လိုက်နာသင့်ပါသည်။ ကိုယ်ကျင့်တရားနှင့် မညီညွတ်သော၊ ရေရှည်မတည်တံ့နိုင်သော အမူအကျင့်များကို ဥပဒေပြုခြင်း၊ ကြီးကြပ်ကွပ်ကဲမှု အမိန့်စာများနှင့် မူဝါဒများအားဖြင့် ရှောင်လွှဲသင့်ပါသည်။ ကုန်စည်စျေးနှုန်းသတ်မှတ်ခြင်းက ထုတ်လုပ်မှုက ဖြစ်စေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေးဆပ်ရမှု ကုန်ကျစားရိတ် အပြည့်အဝကို ထင်ဟပ်သင့်သည်။ ပွင့်လင်းမြင်သာသော တံဆိပ်ကပ် ဖော်ပြခြင်းက လူတစ်ဦးချင်း စားသုံးသူများအနေဖြင့် ၄င်းတို့ မြတ်နိုးတန်ဖိုးထားသော တန်ဖိုးများနှင့်အညီဖြစ်စေ၊ ဝေနေယျခပ်သိမ်းတို့၏ အရှင်၏ ရှေ့မှောက် တာဝန်ယူဖြေရှင်းရနိုင်မှုကို သိရှိမှုရှိဖြင့်ဖြစ်စေ ကိုယ်ကျင့်တရားနှင့်ညီသော ရွေးချယ်မှုများ ပြုလုပ်နိုင်စွမ်း ရှိစေသင့်ပါသည်။ အဆုံးစွန်ဆုံး ဆိုရပါမူ၊ လူတစ်ဦးချင်းစီသည် ဝေနေယျခပ်သိမ်းတို့၏ အရှင်ထံ လမ်းညွှန်မှုကို တောင်းခံလျက်လည်းကောင်း၊ ချို့တဲ့ မပြည့်စုံမှုများအတွင် ခွင့်လွှတ်မှု တောင်းခံလျက်လည်းကောင်း မိမိက အကောင်းဆုံးဟု ယုံကြည်သည့် ရွေးချယ်မှုများ ပြုလုပ်ခြင်းအတွက် ကမ္ဘာမြေပေါ် ရှိ တာဝန်သိ၊ တာဝန်ခံရသည့် *ခလီဖာဟ်* တစ်ဦးဖြစ်ပါသည်။

၁၉၄။ သတ်ဖြတ်ခံရသော၊ အမဲလိုက်ခံရသော တိရစ္ဆာန်များကိုသာမက၊ ၄င်းတို့အပေါ်တွင် သို့မဟုတ် ၄င်းတို့နှင့် ရှင်သန်နေထိုင်သည့် ကပ်ပါးကောင်များ၊ ဦးတည်ရာမရှိ ရောပြွမ်း ရေသတ္တဝါ ဖမ်းဆီးခြင်း၊ အင်းဆက်များ၊ ၄က်များနှင့် အလုပ်ဖြစ်သော သီးနှံများ ပျိုးထောင်စိုက်ပျိုရန်အတွက် သတ်ဖြတ်ရမည့် သီးနှံဖျက် နို့တိုက်သတ္တဝါများ၊ ထယ်ထိုးခြင်း သို့မဟုတ် ဖိသိပ်နှင်းခြေခြင်းကြောင့် ဖျက်ဆီးခံရသည့် မြေကြီးအတွင်းမှ အလွန်သေးငယ်သော၊ မျက်စိနှင့် မမြင်နိုင်လောက်အောင် သေးငယ်သော သတ္တဝါများ။ ကျွန်ုပ်တို့ အသုံးပြုသည့် ဇီဝဆိုင်ရာ ထိန်းချုပ်မှု နည်းလမ်းများနှင့် ဓါတုပစ္စည်းများကြောင့် ထိခိုက်ခံရသော သက်ရှိများအားလုံးတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ Llewellyn, "Reverence and Utmost Good."; Llewellyn, "Islamic Environmental Law," 38.

၁၉၅။ သက်ရှိဘဝ ကွန်ယက်အတွင်း ဘုရားသခင်က သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် ၄င်းတို့၏ အခန်းကဏ္ဍများရှိကြသည့် ကပ်ပါးပိုးမွှားများကို သေးနုပ်သိမ်ဖျင်းရန် မရည်ရွယ်ပါ။ သို့သော်လည်း လူသားမျိုးနွယ်၏ အခန်းကဏ္ဍကို ကပ်ပါးပုံစံနေထိုင်ရှင်သန်မှုစနစ်ဖြင့် မဖွင့်ဆို မပြဋ္ဌာန်းသင့်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

၁၉၆။ Llewellyn, “Letter to Aishah”; Llewellyn, “Islamic Environmental Law,” 38; Llewellyn, “Reverence and Utmost Good.”ကို ကြည့်။ “ကျွန်ုပ်တို့၏ ခွန်အားနှင့် ကျွန်ုပ်တို့၏ အသားစိုင်များ တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့ ရယူနေသော နေ့စဉ် ပေါင်မုန့်များနှင့် အသားများသည် အသက်ပေါင်းမြောက်မြားလှစွာကို ရင်းနှီးထားရသည်။ ၄င်းတို့ကို သေစေခြင်းကို ကျွန်ုပ်တို့ မည်သို့ ပေးလျော်ပါမည်နည်း။ ကျွန်ုပ်တို့ ရယူထားသည်ထက် ပိုမို၍ ပြန်ပေးနိုင်ရန် ဤခွန်အားကို အသုံးမပြုပါက၊ ကျွန်ုပ်တို့သည် ကပ်ပါးကောင်များလွဲ၍ မည်သည့် သတ္တဝါဖြစ်ပါသနည်း။ သို့သော် သတ်ဖြတ်ခြင်းနှင့် စားသုံးခြင်းပြုရာတွင် အလွှာဟ်အရှင်မြတ်၏ နာမတော်ကို ကျေးဇူးတင်စိတ်ဖြင့် တသလျှင်၊ အလှူတရားကို တည်ဆောက်ခြင်း၊ အမှန်တရားကို သင်ကြားပေးခြင်း၊ ကမ္ဘာမြေပေါ် အသက်အသစ်များ ဆောင်ကြဉ်းပေးခြင်း သို့မဟုတ် အရှင့်၏ လမ်းတော်တွင် ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ကျေးဇူးတုံ့ပြန်ပါလျှင်မူ၊ ၄င်းတို့၏ အသက်များကို ပိုမိုများပြားသော အသက်ဘဝများအဖြစ်သို့ အသွင်ပြောင်းနိုင်ပြီး၊ ၄င်းတို့၏ သေခြင်းများကို အဓိပ္ပါယ်ရှိစေကာ၊ ၄င်းတို့ကို ထွဋ်မြတ်အောင်ပြုနိုင်ပေသည်။ သို့မှသာ သတ်ဖြတ်ခြင်း လုပ်ရပ်အတူတူကပင်လျှင် သိမ်နုပ်သိမ်ဖျင်းစေခြင်းပြုရာ ရောက်တော့မည်မဟုတ်ဘဲ၊ စွန့်လွှတ်ပူဇော်မှုတစ်ရပ်ပင် ဖြစ်လာပါလိမ့်မည်။” ရှင်သန်ခြင်းနှင့် သေဆုံးခြင်း စက်ဝန်းအတွင်း ကိုယ်ကျင့်တရားနှင့်အညီ ပါဝင်ခြင်းက ကျွန်ုပ်တို့၏ မျက်လုံးများကို မပိတ်ထားရန် တောင်းဆိုပါသည်။ *ဇဖ်လာဟ်* (အလေးမထားခြင်း၊ ဂရုမစိုက်ခြင်း၊ လျစ်လျူရှုပေါ့တန်ခြင်း)သည် ချီးမွမ်းခံထိုက်သည့် အရည်အသွေးတစ်ရပ် မဟုတ်ပါချေ။ အပင်များနှင့် တိရစ္ဆာန်များကို ရိတ်သိမ်း သတ်ဖြတ်ခြင်းကို ကျွမ်းကျင်လိမ္မာသော အသက်မွေးဝမ်းကြောင်းပြု ပညာရှင်များဖြင့် အကောင်းဆုံး လုပ်ဆောင်နိုင်ပါသည်။ သို့သော်လည်း၊ လက်တွေ့စမ်းသပ်မှု ရှုထောင့်မှဆိုပါလျှင်၊ ကျွန်ုပ်တို့ စားသုံးသော အသားများတွက် ၄င်းတို့ကို ပျိုးထောင်ပြုစုခြင်းနှင့် ဂရုစိုက်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် သတ်ဖြတ်ခြင်း သို့မဟုတ် အမဲလိုက်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ သီးနှံများကို စိုက်ပျိုးခြင်းနှင့် စောင့်ရှောက်ခြင်း သို့မဟုတ် အရိုင်းသဘာဝအတွင်းမှ ကျွန်ုပ်တို့ ကိုယ်ပိုင်လက်များဖြင့် ရိတ်သိမ်းခြင်းအားဖြင့်လည်းကောင်း အပြည့်အဝ တာဝန်ယူခြင်းကသာလျှင် အမွန်မြတ်ဆုံး ဖြစ်သည် မဟုတ်ပါလော။

၁၉၇။ Llewellyn, “Reverence and Utmost Good”။ ဤဟဒီးစ်တော်ကို ပိုမိုနက်ရှိုင်းစွာ လေ့လာလိုပါက Patrick Bensen, “The Meaning of Ihsan: Excellence in All Things” https://beyondhalal.org/meaning-of-ihsan/ နှင့် Friedlander, Nuri. 2020 ကိုကြည့်။ “Sharpen Your Blade and Put Your Animal at Ease”: Islamic Ethics and Rituals of Killing Non-Human Animals. Doctoral dissertation, Harvard University, Graduate School of Arts & Sciences, pp. 5-7. https://nrs.harvard.edu/URN-3:HUL.INSTREPOS:37365851။

၁၉၈။ ရှဒ်ဒါဒ် အစ်ဗနေ အော်စ် ထံမှ မွတ်စ်လင်မ်နှင့် အဗူဒါဝူဒ် တို့ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်သည့် ဟဒီးစ်တော်။

၁၉၉။ Llewellyn, “Reverence and Utmost Good.” ကျွန်ုပ်တို့သည် သားကောင်လိုက်သူများအဖြစ် မွန်မြတ်သူ သို့မဟုတ် ဂုဏ်သိက္ခာမရှိသူဖြစ်နိုင်ပြီး၊ အပင်များကို စားသုံးသူများအဖြစ် မွန်မြတ်သူ သို့မဟုတ် ဂုဏ်သိက္ခာ မရှိသူလည်းဖြစ်နိုင်ပါသည်။ တိရစ္ဆာန်များထက် အပင်များကို စားသုံးရန် (သို့မဟုတ် စိုက်ပျိုးရန်)ရွေးချယ်ခြင်းသည် ရိုးရှင်းသော ကိစ္စတစ်ရပ်မဟုတ်ပါ။ ခြံမွေးတိရစ္ဆာန်များကို မွေးမြူစားသုံးခြင်းကဲ့သို့ပင် အနိမ့်ဆုံးအားဖြင့်ဝေဒနာခံစားရခြင်းနှင့် အသက်ဆုံးရှုံးစေခြင်း (အပြင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု) နည်းလမ်းအားဖြင့် သီးနှံများ ပျိုးထောင်စိုက်ပျိုးခြင်းသည်လည်း ပေးဆပ်ရမှုများရှိနိုင်သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ Llewellyn, “Reverence and Utmost Good.”

200 Source; Llewellyn, “Reverence and Utmost Good.”ကို ကြည့်။ စီးပွားဖြစ် ခြံလုပ်ငန်းများနှင့် ငါးဖမ်းလုပ်ငန်းအားလုံးတို့သည် အစ္စလာမ်သာသနာ၏ ကိုယ့်ကျင့်ဗေဒအခြေခံ သင်ကြားမှုများနှင့် မလွှဲမရှောင်သာလောက်အောင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ကျွန်ုပ်တို့ မငြင်းခုံလိုသော်လည်း၊ လက်ရှိ ကျင့်သုံးနေသည့်အတိုင်းက ထိုလုပ်ငန်းအများစုက ဆန့်ကျင်ဘက်ဖြစ်နေပါသည်။

၂၀၁။ အဗ္ဗဒွလ္လာဟ် အစ်ဗနေ အုမရ် ထံမှ အယ်လ်-ဘူခါရီနှင့် မွတ်စ်လင်မ်တို့ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။

၂၀၂။ *Al-Mu’jam al-Kabīr* တွင် အုမရ် အစ်ဗနေ ယဇီးဒ်ထံမှ အသ် သဘရီနီ က တင်ပြခဲ့သော ဟဒီးစ်တော်။ *Majma‘ az Zawā’id: kitāb as-sayd wa ’dh-dhabā’ih, bāb fīman qatala hayawānan bi-ghayri manfa‘ah* ကို ကြည့်။

၂၀၃။ Ibn Nujaym, *Al-Ashbāh wa ’n-Nazā’ir: al-fawā’id: kitāb as-sayd wa ’dh-dhabā’ih wa ’l-udhīyah*။

၂၀၄။ ဤသည် မုဆိုး၏ ရည်စူးချက်နှင့်သာ ကြီးကြီးမားမား သက်ဆိုင်သော ကိစ္စဖြစ်ပြီး၊ ၄င်းကို ကြီးကြပ်ပြဋ္ဌာန်းရန် မလွယ်ကူပေ။ မုဆိုး၏ သားကောင်အား ခြေရာခံခြင်းနှင့် လိုက်လံခြောင်းမြောင်းခြင်း စွမ်းရည်တွင် တရားဝင်သော စိတ်ပျော်ရွှင်သာယာမှု သို့မဟုတ် သားကောင်နောက် လိုက်ရခြင်း၏ စိတ်လှုပ်ရှားမှုတို့က မည်သည့်အခါတွင် ပြစ်တင်ရှုံ့ချထိုက်သော အမဲလိုက် သတ်ဖြတ်ခြင်း ဖြစ်လာပါသနည်း။ Llewellyn, “Islamic Environmental Law,” 40; Llewellyn, “Reverence and Utmost Good.” Özdemir, “Muhammed” တို့ကို ကြည့်။

၂၀၅။ ဂေဟစနစ်များသည် အငြိမ်သဘောမဟုတ်ဘဲ၊ ကမ္ဘာပေါ်မှ တစ်နေရာရာရှိ မျိုးစိတ်တိုင်းသည် တစ်ချိန်တစ်ခါက ထိုနေရာတွင် ရှိမနေခဲ့ပါ (သို့သော် ဂေဟစနစ်များက အလိုက်သင့် ပြင်ဆင်ခြင်း နှင့် အံဝင်အောင် ပြင်ဆင်ပြောင်းလဲခြင်းတို့ ပြုနိုင်ရန် အလို့ငှါ သဘာဝတရားတွင် အသစ်မိတ်ဆက်ရောက်ရှိလာခြင်းများက အလွန်ကြာရှည်သော ကာလအပိုင်းအခြား တစ်လျှောက်တွင် တဖြည်းဖြည်း ပုံမှန်အတိုင်း ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ လူသားတို့၏ လုပ်ဆောင်ချက်များအားဖြင့် အသစ်ဝင်ရောက်လာခြင်းတို့သည် ကမ္ဘာမြေ၏ ဇီဝဗေဒဆိုင်ရာ ကွဲပြားစုံလင်မှုကို

သိသာထင်ရှားသော နည်းပါးလျော့ကျစေမှုကို ဖြစ်စေခဲ့ပါသည်။ အသစ်တင်သွင်းလာခြင်းကို ကာကွယ်တားဆီးရန် မဖြစ်နိုင်သလို လိုလားဖွယ်လည်းမဟုတ်ပါ (ဒေသရင်း သီးနှံများနှင့် တိရစ္ဆာန်များကို ပိုမိုနှစ်ခြိုက်ရန် အကြောင်းပြချက် များစွာရှိသော်လည်း၊ အသစ်တင်သွင်းခြင်းခံရသော အသီးအနှံနှင့် ခြံမွေးတိရစ္ဆာန် မျိုးစိတ်များသည် ကျွန်ုပ်တို့ ရှင်သန်ကျန်ရစ်စေရေးအတွက် မရှိမဖြစ် အရေးပါနိုင်ပါသည်)။ Llewellyn, "Islamic Environmental Law," 37; Llewellyn, "Reverence and Utmost Good." ကို ကြည့်။

၂၀၆။ Llewellyn, "Reverence and Utmost Good."။ သီးနှံဖျက် ပိုးမွှားသတ်ဆေးများသည် ကမ္ဘာမြေတွင် ပျက်စီးရာပျက်စီးကြောင်း ပြုခြင်းနှင့် အနှစ်သာရအားဖြင့် နီးကပ်စွာ ဆက်နွယ်နေပါသည်။ အဆိပ်အတောက်များသဖွယ်ပင် ၄င်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော အရာများအနက် အဆိပ်အပြင်းဆုံး အန္တရာယ်အကြီးဆုံးများအနက်မှ ဖြစ်သည်။ ၄င်းတို့၏ မရည်ရွယ်သော အကျိုးဆက်များအနက် အချို့မှာ ဦးတည်ပစ်မှတ်မဟုတ်သော မျိုးစိတ်များနှင့် ကမ္ဘာပေါ် ရှိ သက်ရှိအဆောက်အဦတို့ အပေါ်သို့ သက်ရောက်သော လူမသိသော ပျက်စီးဆုံးရှုံးမှုများကို မဖော်ပြသေးလျှင်ပင်၊ ခြံစိုက်ပျိုးမွေးမြူရေး လုပ်သားများနှင့် ဒေသန္တရ အုပ်စု အသိုက်အဝန်းများ၏ မရေမတွက်နိုင်သော လူတစ်ဦးချင်း အသက်ဘဝများသို့ သက်ရောက်လာသော သေခြင်းနှင့် ရောဂါဘယများဖြစ်သည်။ ၄င်းတို့ကို အသုံးပြုမှု၏ ရည်ရွယ်သော အကျိုးဆက်များသည်ပင်လျှင် မကောင်းမှုနှင့် လွတ်ကင်းလှသည် မဟုတ်ပေ။ အင်းဆက်သတ်ဆေးများ၊ အပင်သတ်ဆေးများနှင့် အခြားသော သီးနှံဖျက်ပိုးသတ်ဆေးများကို ဖြစ်နိုင်သမျှ ရှောင်ကြဉ်သင့်ပါသည်။ ၄င်းတို့ကို မရှောင်နိုင်ပါက၊ ဇီဝဖြစ်စဉ်သုံး ပုပ်သိုးဆွေးမြည့်စေနိုင်သည့် ပစ္စည်းများနှင့် ဖြာထွက်မှုကျဉ်းသော အဆိပ်အတောက်များက ပိုမို၍ ဖျက်အားပြင်းသော အခြားပစ္စည်းများထက် ပိုမိုကောင်းမွန်ပါသည်။ ထိုသို့သော အဆိပ်များကို မရှောင်ရှားနိုင်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆသည့်အခါတိုင်းတွင်၊ ၄င်းတို့ကို ထိန်းထိန်းသိမ်းသိမ်း အသုံးပြုကြပြီး၊ ဝေနေယျခပ်သိမ်းတို့၏ အရှင်ထံမှ ခွင့်လွှတ်မှုကို တောင်းခံကြပါစို့။ Llewellyn, "Islamic Environmental Law," 12, 37 ကိုလည်း ကြည့်။

၂၀၇။ အဗ္ဗဒွလ္လာဟ် နှင့် အယ်လ်-အမရှ် ထံမှ အယ်လ်-ဘူခါရီနှင့် မွတ်စ်လင်မ်တို့က တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော် (*Sahīh Al-Bukhārī, abwāb al-muhsar wa jazā' as-sayd*, etc.; *Sahīh Muslim, kitāb as-salām, hadīth* nos. 5553, 5554, 5556)။

၂၀၈။ Llewellyn, "Islamic Environmental Law," 12, 37; Llewellyn, "Reverence and Utmost Good." ဥပမာအားဖြင့် ((သီးနှံမျိုးစုံစိုက်ပျိုးခြင်းနှင့် အလှည့်ကျစိုက်ပျိုးခြင်းနှင့် ပင်ဖျက်ပိုး အကျဆုံး အချိန်ကာလများကို ရှောင်ရှားနိုင်ရန် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်ကို အချိန်ကိုက်ပြုလုပ်ခြင်းတို့ကဲ့သို့သော) ယဉ်ကျေးမှုအခြေခံ ထိန်းချုပ်မှုများ၊ ပြင်ပသက်ရောက်မှု ဒဏ်ကို တွန်းလှန်နိုင်သော သို့မဟုတ် ခံနိုင်ရည်ရှိသော အရည်အချင်းအတွက် ရွေးချယ်စိုက်ပျိုးပင်များ၊ သင့်တင့်လျောက်ပတ်သော ဇီဝဗေဒဆိုင်ရာ ထိန်းချုပ်မှုများနှင့် လက်ရွေးစင် သို့မဟုတ် ဓါတ်သက်ရောက်မှု မရှည်ကြာသော ဓါတုထိန်းချုပ် ပစ္စည်းများ၏ အပေါင်းအစပ်တစ်ခုကို အသုံးပြုသည့်) Integrated Pest Management အစီအမံများကို မလိုအပ်သော သတ်ဖြတ်မှုကို တားမြစ်သည့် အစွန်လှမ်း ကိုယ်ကျင့်တရားဆိုင်ရာ မူစည်းမျဉ်းများက သေချာပေါက် ခွင့်ပြုပါသည်။

၂၀၉။ Seyyed Hossein Nasr, personal communication (at the conference on Islam and ecology, Harvard University)၊ ကျမ်းတော်မြတ် ကုရ်အာန် (၃၁၁၉)ကို ရည်ညွှန်းကိုးကားလျက်။

၂၁၀။ Llewellyn, "Islamic Environmental Law," 37-38။

၂၁၁။ *ဟရာမ်*ဟူသော ပုဒ်သည် အာရဗီ ရင်းမြစ် *ဟ-ရ-မ* မှ ဆင်းသက်လာပြီး၊ ထွဋ်မြတ်သော၊ အရေးပါတန်ဖိုးထားအပ်သော၊ မြင့်မြတ်သော၊ ထိခိုက်မှု ချိုးဖောက်ခံရမှု ကင်းစင်သော၊ မရှိမသေ မလေးမစား မပြုအပ်သော နေရာတစ်ခု (အတိုချုပ်အားဖြင့် ဘေးကင်းခိုလှုံရာ) ဟု အဓိပ္ပါယ်ဆောင်ပါသည်။ အဓိကကျသော အာရဗီ ဝေါဟာရများ ကို ကြည့်ပါ။

၂၁၂။ သတ်ခြင်းနှင့် ထိခိုက်အနာတရဖြစ်စေခြင်းကို တားမြစ်ခြင်းသည် တောရိုင်းတိရစ္ဆာန်များနှင့် အပင်များနှင့်သာ သက်ဆိုင်ပြီး၊ (အလဟဿဖြစ်စေခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုကို ကိစ္စရပ်တိုင်းတွင် တားမြစ်ထားသော်လည်း) သတ်ဖြတ်ခြင်းနှင့် ရိတ်သိမ်းခြင်း ပြုနိုင်သည့် ခြံမွေးမြူရေး တိရစ္ဆာန်များ သို့မဟုတ် စိုက်ပျိုးသီးနှံများနှင့် မသက်ဆိုင်ပေ။ ဧရိယာအားဖြင့် ၆၅၀ စတုရန်းကီလိုမီတာခန့်ရှိသော မက္ကာဟ်၏ *ဟရာမ်* ပရဝုဏ်သည် အရှေ့နှင့် အနောက် အကျယ်ဆုံးနေရာတွင် အကြမ်းအားဖြင့် သုံးဆယ့်ငါး ကီလိုမီတာနှင့် မြောက်မှ တောင်သို့ နှစ်ဆယ့်နှစ် ကီလိုမီတာ ကျယ်ပြန့်ပါသည်။ လူဦးရေ တစ်သန်းကျော်ခန့်ရှိသော မြို့တော်မက္ကာဟ်အပြင်၊ ဝါဒီ အူရန်နာဟ်ရှိ နှစ်ရှည်နှင့် နှစ်တို စိမ့်မြေတောများနှင့် နွားယှဉ်ပါက ပိုမို၍ အနှောင့်အယှက်ကင်းသော ဂရက်နိုက်ဆန်သော တောင်ထိပ်များပါဝင်ပြီး၊ ယင်းတောင်ထိပ်များအနက် လူသိများ အကျော်ကြားဆုံးမှာ ဂျာဘလ် သော်ရ် နှင့် ဂျာဘလ် ဟိရာ (ဂျာဘလ် အန်-နူးရ်ဟုလည်း သိကြသည်)တို့ဖြစ်ကြသည်။ ဤဟရာမ် ပရဝုဏ်သည် ပန်းပွင့်သော အပင်မျိုးစိတ်ပေါင်း ၁၅၇ခုခန့်၊ ငှက်မျိုးစိတ်ပေါင်း အနည်းဆုံး ၁၇၂ခုခန့်၊ တွားသွားသတ္တဝါပေါင်း မျိုးစိတ် ၂၀၊ ကုန်းနေရေနေသတ္တဝါ မျိုးစိတ် ၂ခုနှင့် နို့တိုက် သတ္တဝါများအနက် အာရေးဗီးယန်း ဝံပုလွေ၊ စင်းကြားပါသော ခွေးအ၊ ကမ္ဘာဟောင်း ဘာဘွန်းမျောက်၊ ပျားဖွတ် ခွေးတူဝက်တူနှင့် ကျောက်ဖျင်း တို့ပါဝင်သည့် နို့တိုက်သတ္တဝါပေါင်း မျိုးစိတ် ၁၃ခုတို့အပါအဝင် ပြောစမှတ်ပြုလောက်အောင် ကွဲပြားစုံလင်သော ဒေသရင်း တောရိုင်းသက်ရှိဘဝ ကို ဘေးကင်းလုံခြုံရာ နေရာထိုင်ခင်းပေးထားပေသည်။ Llewellyn and Altlasat, "The Haraman and the Hima."ကိုကြည့်။ Llewellyn, "Islamic Environmental Law," 19-20 နှင့် Bagader, et al., *Environmental Protection in Islam*, 26 တို့ကိုလည်း ကြည့်။

၂၁၃။ အဗ္ဗဒွလ္လာဟ် အစ်ဗနေ အဘတ်စ် ထံမှ အယ်လ်ဘူခါရီနှင့် မွတ်စ်လင်မ်တို့ တင်ပြခဲ့သည့် အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။ ဟရာမ် ပရဝုဏ်အတွင်းရှိ အစိမ်းရောင် စိုက်ခင်းများကို မလှီးဖြတ် မခုတ်ရဟူသော နဗီတမန်တော် ကြေညာချက်ပြုသည့်အခါ၊ ကိုယ်တော်သခင်၏

ဦးရီးတော်နှင့် သာဝကြီး အယ်လ်-အဘတ်စ်က ဆေးဘက်ဝင်ပြီး ရန့်သင်းကြိုင်သော အင်းဆက်များကို နှင်နှိုင်သည့် အာရဗီအားဖြင့် *အိဂ်ခိယာ* (*idhkhir*) ဟုခေါ်သော ဒေသရင်း စပါးလင်ပင် Cymbopogon schoenanthus သည် လူတို့အနေဖြင့် ၄င်းတို့အိမ်များနှင့် သရဲချိုင်းမြေပုံများအတွက် လိုအပ်သည့်အတွက်နှင့် အချို့သော ဆင့်ပြန်ချက်များတွင် ၄င်းတို့၏ ပန်းပဲဖိုများနှင့် ပန်းတိမ်လုပ်ငန်းများက လိုအပ်သည့်အတွက်၊ ယင်းအပင်ကို ခြွင်းချက်ပေးရန် တောင်းဆိုခဲ့သည်ဟု ဤဟဒီးစ်က ဆက်လက် တင်ပြပါသည်။ နဗီတမန်တော်က ထိုခြွင်းချက်ကို ခွင့်ပြုခဲ့ပေသည်။

၂၁၄။ အယ်လ်-မဒီနာဟ်၏ ဟရာမ် ပရဝုဏ်သည် ဧရိယာအားဖြင့် ၂၃၀ စတုရန်းကီလိုမီတာခန့် ရှိပြီး၊ မြို့တော်၏ အနောက်တောင်ဘက်တွင် ဂျာဘလ် အေရ်နှင့် အရှေ့မြောက်ဘက်တွင် ဂျာဘလ် သော်ရ် (မက္ကာဟ်၏ ဂျာဘလ် သော်ရ် မဟုတ်ပါ)အကြား မြေနေရာများ ပါဝင်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း၊ ၄င်းသည် အဓိကအားဖြင့် မြို့ပြဆန်လာသော်လည်း၊ ကွဲပြားစုံလင်လှသော အခြေချနေထိုင်သူအများအပြားနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်း ၄က်များကို နေထိုင်စရာပေးထားသည့် စွန့်ပလွှဲစိုက်ခင်းများကို ဆက်လက် ကူညီပံ့ပိုးပေးထားပြီး၊ ဒေသရင်း အကေးရှားလွှမ်းမိုးသော အပင်အုပ်စု အသိုက်အဝန်းတို့ရှိသည့် ကျောက်သားစိုင် မြေမျက်နှာသွင်ပြင်များ ပါဝင်ပါသည်။ ၄င်းတို့အနက် အကြီးဆုံးမှာ နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှု အပေါင်းတို့ ခညောင်းပါစေသား)က "အူဟုဒ်သည် ကျွန်ုပ်တို့ကို ချစ်ခင်ပြီး၊ ကျွန်ုပ်တို့ကလည်း ချစ်မြတ်နိုးရသည့် တောင်တစ်ခုဖြစ်သည်"ဟု မိန့်ကြားခဲ့သော ကြမ်းတမ်းခက်ထရော်သော အနီရောင် မီးတောင်ကျောက်သား တောင်တစ်ခုဖြစ်သည့် ဂျာဘလ် အူဟုဒ် ပင်ဖြစ်သည်။ အယ်လ်-မဒီနာဟ်၏ ဟရာမ်ပုရဝုဏ်အတွင်း မကြားသေးဖီက မှတ်တမ်းတင်ခံခဲ့ရသော ကျောရိုးရှိ တောရိုင်းမျိုးစိတ်များတွင် အာရေးဗီးယား ဝံပုလွေ၊ မြေခွေးနီ၊ ကျောက်ဖျင်းနှင့် ကန္တာရ ဖြူကောင်ငယ်၊ အသီးစား အီဂျစ် လင်းနို့၊ အာရေးဗီးယား ဖားပြုပ်နှင့် အလွန်အမျိုးအစားကြွယ်သော ၄က်များနှင့် တွားသွားသတ္တဝါများ ပါဝင်ကြသည်။ Llewellyn and Altlasat, "The Haraman and the Hima" (in press)။

၂၁၅။ ဂျာဘိရ် အစ်ဗနေ အဗ္ဗဒွလ္လာဟ် ထံမှ မွတ်စ်လင်မ် တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။ Bagader et al., *Environmental Protection in Islam*, 26။

၂၁၆။ အာရဗီ *မီလ်* သို့မဟုတ် မိုင်သည် ၄င်းမှ ဆင်းသက်လာသော နိုင်ငံတကာရေမိုင်နှင့် နီးစပ်စွာ ထပ်တူညီပါသည်။

၂၁၇။ အဗူ ဟူရိုင်ရာဟ်ထံမှ မွတ်စ်လင်မ် တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။ Bagader et al., *Environmental Protection in Islam*, 26.

၂၁၈။ Llewellyn and Altlasat, "The Haraman and the Hima" (in press)။ Llewellyn, "Islamic Environmental Law," 19-20 ကိုလည်း ကြည့်။

၂၁၉။ Llewellyn and Altlasat, (in Press)။ Llewellyn, "Islamic Environmental Law," 2003 ကိုလည်းကြည့်။

၂၂၀။ *ဟိမား* ဟူသော စကားရပ်သည် ကာကွယ်ခြင်း၊ ခုခံကာကွယ်ခြင်း၊ ဖုံးအုပ်ခြင်း၊ ခိုလှုံရာအိမ်၊ အရံအတားပြုခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခုအတွက် ရပ်တည်ပေးခြင်းဟု အဓိပ္ပါယ်ရသည့် *ဟ-မ-ယ* ဟူသော အာရဗီ ရင်းမြစ်ပုဒ်များမှ ဆင်းသက်လာသည်။ ၄င်းကို "ဟီမ" ("hema") ဟု အသံလှုယ်လေ့ရှိသော်လည်း၊ အာရဗီးယားကျွန်းဆွယ်၏ ဒေသိယစကားများ၏ အသံထွက်ကိုမူ "ဟိမား"ကသာ ပိုမိုမှန်ကန်စွာ ထင်ဟပ်ပြီး၊ ဂန္ထဝင်နှင့် ခေတ်သစ်နှစ်ခုလုံး၏ အာရဗီဘာသာစကား၏ အသံလှုယ်စနစ်နှင့် ကိုက်ညီပေသည်။ အာရဗီဘာသာစကားတွင် "e"ကို ကိုယ်စားပြုသော သရသံ မရှိသည့်အတွက် ယင်းဂန္ထဝင်နှင့် ခေတ်သစ် အာရဗီစကားတွင် အက္ခရာ "e"ကို အသုံးပြုခြင်း မရှိပေ။

၂၂၁။ အဗူ ယူစုဖ် (ဟစ်ဂျရီ ၁၈၂/ခရစ်သက္ကရာဇ် ၇၉၈)၊ *Kitāb al-Kharāj: fasl fī 'l-kala' wa 'l-murūj; Ibn Qudāmah, Al-Mughnī: kitāb ihyā' al-mawāt: fasl fī 'l-himā*။ Llewellyn, "Islamic Environmental Law," 22; Llewellyn and Altlasat, "The Haraman and the Hima" (in press) ကိုလည်းကြည့်။ *ဟိမား*နှင့် သက်ဆိုင်သည့် ပိုမိုသိရှိလိုပါက၊ John Grainger and Othman Llewellyn, "Sustainable Use: Lessons from a Cultural Tradition in Saudi Arabia," *Parks: The International Journal for Protected Area Managers* (Gland, Switzerland) 4, no. 3 (1994)၊ Hala Kilani, Assad Serhal, and Othman Llewellyn, *Al-Hima: A Way of Life* (Amman, Jordan: IUCN West Asia Regional Office and Beirut, Lebanon: SPNL, 2007)၊ Lutfullah Gari, "A History of the Hima Conservation System," *Environment and History 12*(3) (2006), 213-228။ [DOI:10.3197/096734006776680236]၊ Mohammed A. Eben Saleh, "Land Management Systems in the Highlands of the Southwestern Saudi Arabia: Indigenous vs. State Experiences" (Riyadh, Saudi Arabia: King Saud University, 1997)၊ နှင့် Hala Kilani, Al-Hima: *A Way of Being* (London: University College of London, Master's thesis, 2009)။

၂၂၂။ Hima ash-Shajarနှင့် စပ်လျဉ်း၍၊ Abdullah M. Al-Shanqiti, *Ahma' al-Madinah al-Munawwarah: Hima ash-Shajar, Hima an-Naqi', Hima ar-Rabadhah* (Al- Madinah: Almahmoudia Press, 2013), 21-99 နှင့် Llewellyn and Altlasat, "The Haraman and the Hima" (in press)တို့ကို ကြည့်။

၂၂၃။ ၂၃၀ စတုရန်းကီလိုမီတာရှိသော အယ်လ်-မဒီနာဟ်၏ ဟရာမ် ပုရဝုဏ်နှင့်အတူ ၄င်းက လွှမ်းခြုံပတ်ဝန်းထားသော Hima ash-Shajarသည် ၁၃၀၀ စတုရန်းကီလိုမီတာခန့် မြေဧရိယာရှိပြီး၊ မက္ကာဟ် ဟရာမ် ပုရဝုဏ်ထက် နှစ်ဆကျော်ခန့် ကြီးမားကျယ်ပြန့်ပါသည်။ Hima ash-Shajar သည် ဇီဝမျိုးကွဲများ ကွဲပြားစုံလင်လှပြီး ရှုခင်းသာသည့် စိမ်းလန်စိုပြည်ရေး နယ်အပိုင်းအခြားအရံအတားနယ်မြေတစ်ခုဖြစ်ပြီး၊ ကြမ်းတမ်းခက်ထရော်သော မီးတောင်ချော်ရည်မြေမျက်နှာသွင်ပြင်၊ မီးတောင်ကျောက်နှင့် ဂရနိုက်ကျောက်သား တောင်ကုန်းများနှင့် တောင်ထိပ်များ၊ ကောင်းစွာ စိုက်ပျိုးထားသော တောင်ကြား ချောက်ကမ်းပါးနှင့် နှစ်တို စိမ့်တောမြေများကို လွှမ်းခြုံထားပါသည်။ ဂျိဘာလ် တိယမ်နှင့် အနီးအပါးမှ ဝါဒီ အယ်လ်-ခန်နက်ရှိ ဂေဟစနစ်များမှာ အခြားနေရာများနှင့် ယှဉ်လျှင် မပျက်မစီးရှိနေပြီး၊ ဂျာဘလ် အယ်လ်-မလ်ဆာနှင့် ၄င်း၏ အနီးအပါးရှိ ဟိမား၏ အရှေ့တောင်ဘက် အစိတ်အပိုင်းများရှိ ဟာရတ် ရဟတ် (Harrat Rahat) မီးတောင် အခုံးများသည် မျက်နှာပြင်မညီညာကြမ်းတမ်းသော ချော်ရည်ကွင်းပြင်များကြောင့် မြက်တောများ

အဆမတန်ဖုံးလွှမ်းခြင်းမှ ကာကွယ်ခြင်းခံထားရကာ ပြောစမှတ်ပြုလောက်အောင် သဘာဝအခြေအနေအတိုင်း ဆက်ရှိနေပေသေးသည်။ Hima ash-Shajar သည် အပင်များ၊ ငှက်များ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေရေနေ သတ္တဝါများနှင့် ကျောရိုးမဲ့ သတ္တဝါများ၏ ဘေးမဲ့တောသဖွယ်ဖြစ်သည့် အယ်လ်-မဒီနာဟ်၏ ဟရာမ် ပုရဝုဏ်ကို သိသာထင်ရှားစွာ သန့်စွမ်းအားကောင်းစေပါပြီး၊ ခိုလှုံရာနေရာပေးထားသည့် ဇီဝမျိုးကွဲစုံလင်မှု၏ ကွဲပြားမှုနယ်အကျယ်အားဖြင့် မက္ကာဟ်၏ ဟရာမ် ပုရဝုဏ်နှင့် အလားသဏ္ဌာန်တူစေပါသည်။ Llewellyn and Altlasat, “The Haraman and the Hima” (in press) ကို ကြည့်။

၂၄။ ခလီဖ်သမ္မတကြီး အုမရ် အစ်ဗနေ အယ်လ်-ခတ္တာဗ် နှင့် အွစ္စမာန် အစ်ဗနေ အဖာန် တို့သည်လည်း ထိုနေရာတွင် စစ်တပ်မှ ကုလားအုတ်များကို စားကျက်လွတ်ကျောင်းခဲ့သည်။ အချိန်ကြာလာသည့်အခါ၊ Hima an-Naqi‘ ကို ပိုမို၍ များပြားလာသော မြက်စားတိရစ္ဆာန်များကို အစာကျွေးနိုင်ရန် ပိုမို၍ ချဲ့ထွင်ကျယ်ပြန့်စေခဲ့သည်။ အစိုးရ အေဂျင်စီများပါသည့် ကော်မတီတစ်ရပ်က ပြုလုပ်နေရာချထားသော နယ်နိမိတ်သတ်မှတ်သည့် အမှတ်အသားများက ဧဝစတုရန်းကီလိုမီတာရှိ မြေရိယာဖြစ်သော *ဟိမား*၏ အကျယ်ဆုံးနယ်ကို နယ်နိမိတ်သတ်မှတ်ခဲ့သည်။ (Al-Shanqiti, Ahma’ al-Madinah, 101-185 ကိုကြည့်)။ ထိုမြေအကျယ်သည် ပေါများသော ယာယီရေစီးကြောင်းများနှင့် နောက်ဆက်တွဲ မိုးရေများ ရရှိပြီး၊ နှစ်တို ခြံနွယ်ပင်များဖြင့် စိမ်းလန်းမှုရှိသည်။ Llewellyn and Altlasat, “The Haraman and the Hima” (in press)။

၂၅။ Llewellyn and Altlasat, “The Haraman and the Hima” (in press)။

၂၆။ အဗူယူစွဖ်၊ *Kitāb al-Kharāj: fasl fī ’l-kala’ wa ’l-murūj*၊ အစ်ဗနေ ကုဒါမာဟ်ဉ်၊ *Al-Mughnī: kitāb ihyā’ al-mawāt: fasl fī ’l-himā*။ Hima ar-Rabadhah ကို ခလီဖ် သမ္မတကြီး အုစ်မာန်း အစ်ဗနေ အဖ်ဖာန်က ချဲ့ထွင်ခဲ့ပြီး၊ ဆွဟာဗာ သာဝကြီး အဗူဂျ အယ်လ်-ဂိဖာရီသည် သူ့ဘဝ၏ နောက်ပိုင်းကာလများကို Ar-Rabadhah တွင် ကုန်ဆုံးစေခဲ့သည်။ နောက်ပိုင်း အုပ်ချုပ်သူများ လက်အောက်တွင်၊ Hima ar-Rabadhah ကို ၄၀၀၀ စတုရန်းကီလိုမီတာ ခန့်မျှသော မြေရိယာတစ်ခုကို လွှမ်းခြုံစေရန်အထိ ချဲ့ထွင်ခဲ့သည်။ (Al-Shanqiti, Ahmā’ al-Madīnah, 187-313 ကို ကြည့်)။

၂၇။ နဗီတမန်တော်၏ ခေတ်ကာလနှင့် အစောပိုင်း ခလစ်ဖ်သမ္မတကြီးတို့ ခေတ်ကာလနောက် ရာစုနှစ်များအကြာရှိ နောက်ပိုင်း အစိုးရများ (အုမိုင်ယဒ်၊ အဘာဆစ်ဒ် နှင့် အော်တိုမန်၊ အရှ်ရဖ်နှင့် အယ်လ်-စအုဒ် တို့ကဲ့သို့သော)က *ဟိမား* များကို တည်ထောင်၍ စီမံဆောင်ရွက်ခဲ့ကြသည်။ အချို့ *ဟိမား*များကို ဗဟိုအစိုးရများက သီးသန့်သတ်မှတ်၍ တိုက်ရိုက် စီမံဆောင်ရွက်ခဲ့ကြသော်လည်း၊ ၎င်းတို့အနက်မှ အများစုကိုမူ ကျေးရွာများနှင့် လူမျိုးစုများက စီမံဆောင်ရွက်ခဲ့ကြပါသည်။ *ဟိမား*များကို တည်ထောင်ကာ စီမံဆောင်ရွက်ရန်အတွက် မျိုးနွယ်စုခေါင်းဆောင်များထံ တစ်ခါတစ်ရံတွင် အုပ်ချုပ်သူများက လုပ်ပိုင်ခွင့်အာဏာ လွှဲပေးခဲ့ကြသည်။ ၂၀ရာစုအလယ်ပိုင်း မရောက်ခင်အထိ၊ အာရေးဗီးယန်းကျွန်းဆွယ်၏ အနောက်တောင်ပိုင်း တောင်တန်းများရှိ ကျေးရွာ အားလုံးနီးပါးသည် *ဟိမား* တစ်ခု သို့မဟုတ် ထို့ထက်ပိုသော *ဟိမား*များဖြင့် ဆက်စပ်နေခဲ့သည်။ အခြား *ဟိမား* များကို မြောက်ပိုင်းနှင့် အလယ်ပိုင်း ဒေသများတွင် ပြန့်ကျဲလျက် တွေ့ရှိရသည်။ *ဟိမား* များသည် ၁၀ ဟက်တာမှ ၁၀၀၀ ဟက်တာကျော်အထိ အကျယ်အဝန်း ကွဲပြားကြသည်။ *ဟိမား*အများစုမှာ သေးငယ်ကြသော်လည်း၊ အားလုံးပေါင်းလိုက်ပါက ၎င်းတို့သည် ဒေသန္တရ အစုအဖွဲ့ အသိုက်အဝန်းများ၏ ထိရောက်စွာ ကာကွယ်ထိန်းသိမ်ထားပြီး၊ ရေရှည်တည်တံ့သည့်နည်းဖြင့် အသုံးပြုခဲ့ကြသည့် အလွန်ကျယ်ပြန့်သော မြေရိယာတစ်ခုကို ဖြစ်ပေါ်စေပါသည်။ (Eben Saleh, “Land Management Systems,” pp.; Gari, “History of the Hima,” pp.: Kilani, A Way of Being, pp.)။ သို့သော်လည်း လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း၊ မြေကို နိုင်ငံပိုင်သိမ်းခြင်း၊ လူဦးရေတိုးပွားမှုနှင့် မြေယာအသုံးပြုမှု ပြောင်းလဲခြင်းတို့အောက်တွင်၊ ဤ*ဟိမား* အများစုကို ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ တစ်ဒါဇင်ခန့်မျှသော *ဟိမား*များကမူ ၎င်းတို့၏ အစဉ်အလာ အုပ်ချုပ်စီမံကြသူများ၏ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်မှုခံနေရနိုင်ပါသည်။ *ဟိမား* သည် စားကျက်မြေပြုလုပ်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ပျားမွေးခြင်းဆိုင်ရာ အခွင့်အရေးများကဲ့သို့သော လူတစ်ဦးချင်းတို့၏ အကျိုးခံစားခွင့်တို့ကို ခံစားရရှိစေသည့် အများပြည်သူပိုင် မြေများကို ကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်းတို့အတွက် အရေးပါသည့် ယဉ်ကျေးမှုဆိုင်ရာ ရှေးထုံးတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ပုဂ္ဂလိက မြေယာပိုင်ဆိုင်မှု အနည်းငယ်သာရှိပြီး၊ မြေအများစုကို ဒေသပိုင် စားကျက်မြေများအဖြစ် လွှဲပြောင်းပေးအပ်ထားသော တိုင်းပြည်များတွင် အထူးအားဖြင့် ပိုမို အရေးပါထင်ရှားပါသည်။ (Grainger and Llewellyn, “Sustainable Use,” pp.; Kilani, et al., *Al-Hima* pp.; Llewellyn, “Islamic Environmental Law,” 22-26; Llewellyn and Altlasat, “The Haraman and the Hima” (in press))။

၂၈။ ‘Uthmān ibn Fūdī (၁၈၁၇ခုနှစ်) တွင် ကိုးကားထားသော ဂျလာလွဒ်ဒီန် အဗ္ဒွရ် ရာဟ်မာန် အက်စ်-စူယွသီ (ခရစ်နှစ် ၁၄၄၅-၁၅၀၅)။ *ဟိမား*သည် ယခုအခါ နောက်ပိုင်း နိုင်ဂျီးရီးယားဖြစ်နေသည့်အရပ်တွင် ၁၉ရာစုက ဆိုကိုတို ခလီဖ်အုပ်ချုပ်ရေးတွင် အသုံးပြုခဲ့သည့် *ရှာရီယာဟ်* ကျင့်သုံးမှုများအနက်မှ တစ်ခုဖြစ်သည်။

၂၉။ M. K. Suleiman, et al, Towards an Implementation Strategy for the Human Integrated Management Approach Governance System: Theories, Concepts, Methodologies, Case Studies and Action Plans, https://manualzz.com/doc/18375749/proceedings-towards-an-implementation-strategy-for-the-hu ကိုကြည့်။ [၁၂.၈.၂၀၂၂တွင်ပြန်လည်ရယူခဲ့သည်။]

၃၀။ အင်ဒိုနီးရှားရှိ ဓလေ့ထုံးတမ်းဥပဒေ၏ အဒတ်စနစ် (Adat system)ကို အစွန်လာမ်ဥပဒေနှင့် ကိုယ်ကျင့်ဗေဒတို့နှင့် အပ်စပ်ကိုက်ညီသည့် ယဉ်ကျေးမှုဆိုင်ရာ ရှေးထုံးများဟု ဆိုလိုသည့် အာရဗီဝေါဟာရ ‘ādāt ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

၃၁။ Llewellyn, “Islamic Environmental Law”။ Aishah Abdallah, “A Process to Establish Traditional Himas as Community Conserved Areas: Essential Skills Required,” in M. K. Suleiman, et al. (Eds), *Human Integrated Management Approach* ကိုလည်းကြည့်။

၂၃။ Llewellyn and Altlasat, “The Haraman and the Hima” (in press)။ targets 1 and 3 of the Global Biodiversity Framework at https://www.cbd.int/gbf/goals/ ကိုလည်းကြည့်။

၂၃၃။ အစ္စလာမ်တိုင်းပြည်များရှိ အလွန်အလွန်နှည်းသော ခေါင်းဆောင်များနှင့် တွေးခေါ်ရှင်တစ်စုကသာ ကမ္ဘာမြေ၏ ဆုံးရှုံးပျောက်ကွယ်နေသည့် တောရိုင်းမြေများအတွက် သိသာထင်ရှားသော စိုးရိမ်ပူပန်မှုကို ပြသကြသည်ဟူသောအချက်က နက်ရှိုင်းစွာ စိတ်အနှောင့်အယှက်ဖြစ်စရာဟု ရှုမြင်ပါသည်။ ၄င်းတို့သည် တောရိုင်းသဘာဝတွင် စီးဝင်နစ်မြောမှု အတွေ့အကြုံမရှိဖူး၍ ဖြစ်ကောင်းဖြစ်နိုင်ပြီး၊ ၄င်းတို့ လွဲချော်နေသည့်အရာကို မသိကြချေ။ သို့မဟုတ် ကမ္ဘာမြေကို စောင့်ရှာက်ရန်နှင့် ၄င်းကို ဂရုစိုက်ရန် ၄င်းတို့၏ စိတ်အားထက်သန်မှုတွင်၊ ကမ္ဘာမြေပေါ် ရှိ *ခလီဖာဟ်* အဖြစ် လူသားများထံ ကမ္ဘာမြေကို စီမံအုပ်ချုပ်ရန် ယုံကြည်ခြင်းခံရနိုင်သည်ဟု ၄င်းတို့ တွေးတော ရှုမြင်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ကမ္ဘာမြေကို စီမံအုပ်ချုပ်ရန် လူသားတို့၏ ကြိုးပမ်းအားထုတ်မှုများကပင် ကမ္ဘာမြေပေါ် ပျက်စီးရာပျက်စီးကြောင်းတရား (*ဖဆာဒ်၊ အစ်ဖ်ဆာဒ်*)ဆီသို့ အတိအကျ ဦးတည်စေခဲ့သည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေသော သက်ရှိ အုပ်စုအသိုက်အဝန်းများ မျိုးသုဉ်းပျောက်ကွယ်ခြင်းကို ဖြစ်ပေါ်စေရန် ခြိမ်းခြောက်သည်ဟူသည်ကိုလည်းကောင်း ၄င်းတို့ မမြင်နိုင်ကြပါသလော။ (Jack Turner, *The Abstract Wild* ကိုကြည့်)။ ကျမ်းတော်မြတ်ကုရ်အာန်တွင် ကျွန်ုပ်တို့ကို ပြောပြထားသည့်အတိုင်းပင်၊ သဘာဝဆန်သော ဖန်ဆင်းမှုသည် အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များနှင့် ဂုဏ်တော်များကို ဖော်ထုတ်ပြသမှုတစ်ရပ်၊ အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်သော ဘုန်းအသရေတော်ကို ဖော်ကြူးမှုတစ်ရပ်နှင့် ဝေနေယျခပ်သိမ်းတို့၏ အရှင်အား ခဝပ်ကိုးကွယ်မှုနှင့် ချီးမွမ်းထောပနာပြုမှုတို့ ဖြစ်ပါလျှင်လည်းကောင်း၊ ကမ္ဘာမြေပေါ် ရှိ ပျက်စီးရာပျက်စီးကြောင်းတရားသည် အလွန်အလွန်ကြီးလွန်းလှသည့် မကောင်းမှုမိစ္ဆာတရားတစ်ခုဖြစ်သည့်အတွက်၊ ၄င်းအပေါ် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် ကြောက်ရွံ့တုန်လှုပ်ဖွယ်အတိဖြစ်သည့်အတွက်၊ ၄င်းကို ဖြစ်နိုင်သမျှ ရှောင်ကြဉ်ရမည်ဆိုပါလျှင်လည်းကောင်း၊ မကန့်သတ်ထားသည့် တောရိုင်းဆန်မှု၏ တန်ဖိုးသည် အရေးပါထင်ရှားသင့်ပြီး၊ ၄င်း၏ လျင်မြန်စွာ ပျောက်ကွယ်နေပြီဖြစ်သည့် အကြောင်းအကျန်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းက မြင့်မားသော ဦးစားပေးမှုတစ်ခု ဖြစ်သင့်ပါသည်။ Aishah Abdallah, “Wildlands and Wildlife.”ကို ကြည့်။

၂၃၄။ Aishah Abdallah, “Wildlands and Wildlife.” အစ်ဗနေ ကိုင်ယင်မ် အယ်လ်-ဂျော်ဇီယဟ် (ခရစ်နှစ် ၁၂၉၂-၁၃၅၀/ ဟစ်ဂျရီ ၆၉၁-၇၅၁ခု)က တောရိုင်းမြေများနှင့် ကန္တာရတို့၏ တန်ဖိုးကို တောရိုင်းဘဝ ရှင်သန်နေထိုင်ရာအဖြစ် ၄င်း၏ စာအုပ် *Miftāh Dār as-Sa‘ādah* (Riyadh, n.d., vol. 1, p. 223)တွင် ဆွေးနွေးခဲ့သည်။ သူက မြေပြင်ပေါ်နှင့် ပင်လယ်ပြင်တွင် တောရိုင်းတိရစ္ဆာန်တို့အတွက် လွတ်လပ်လဟာနယ်တစ်ခု လိုအပ်မှုအပြင် ထူးကဲခြားနားသော ရာသီအလိုက် ရှင်သန်နေထိုင်ရာနေရာများ ၄င်းတို့၏ လိုအပ်မှုကိုလည်း လေ့လာတင်ပြခဲ့ပြီး၊ ၄င်းတို့၏ လိုအပ်ချက်များကို ပံ့ပိုးချီးမြှင့်ခြင်းရှိ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတော်ကို ချီးမွမ်းထောပနာပြုခဲ့သည်။ Izzi Dien, *Environmental Dimensions of Islam*, pp 25-26 ကိုကြည့်။ Reza Shah-Kazemi, “Seeing God Everywhere”ကိုလည်းကြည့်။

၂၃၅။ *ဟရီမ်* ဇုန်များနှင့် ပတ်သက်၍ Bagader et al., *Environmental Protection in Islam*, 26–27၊ Llewellyn, “Conservation in Islamic Law,” 51–52; Abū Yūsuf, *Kitāb al-Kharāj;* Ibn Qudāmah, *Al-Mughnī: kitāb ihyā’ al-mawāt: fasl fī ahkām al-miyāh*၊ ‘Uthmān ibn Fūdī, *Bayān Wujūb al-Hijrah ‘alā ‘l-‘Ibād*, Arabic text, pp. 40–41, English translation, pp. 72–73 တို့ကိုကြည့်။

၂၃၆။ *ဖစ်ဂ်* စာပေတွင် (ဥပဒေဂိုဏ်းပေါ်မူတည်၍) မြစ်တစ်ခုအတွက် *ဟရီမ်* သည် ကမ်းပါးနှစ်ဖက်လုံးပေါ်တွင် မြစ်အကျယ်၏ ထက်ဝက်ကို နေရာယူနိုင်သည်။ ရေတွင်းတစ်ခုအတွက် ဒေသအခြေအနေပေါ် မူတည်၍ ကွဲပြားမှုများဖြင့် ရေတွင်း၏ အလယ်မှ အချင်းဝက် လေးဆယ် ကျူးဘစ် ဖြစ်သည်။ စမ်းချောင်းတစ်ခုအတွက်၊ ဒေသအခြေအနေပေါ်မူတည်၍ ကွဲပြားမှုများ ရှိနိုင်ပါသည်။ ဥပမာအားဖြင့် Ibn Qudāmah, *Al-Mughnī: kitāb ihyā’ al-mawāt: fasl wa mā qaruba min al-‘āmir wa ta‘allaqa bi-masālihihī* ကိုကြည့်။ အများပြည်သူ၏ အကျိုးစီးပွားဖြစ်သည်ဟု မှတ်ယူစဉ်းစားသော အရိပ်ကို ပေးသည့် အပင်တစ်ပင်သည် *ဟရီမ်*တစ်ခု၏ အစိတ်အပိုင်းဖြစ်နိုင်ပါသည်။

၂၃၇။ သမိုင်းကြောင်းအရ၊ အလှူဒါနဆန်သော လက်ဆောင်များ၏ အခန်းကဏ္ဍသည် အလွန်ကြီးမားခဲ့ပါသည်။ *အော်ဝ်ကားဖ်* တို့သည် ပလီများ၊ ကျောင်းများ၊ ဆေးရုံများနှင့် မွတ်စ်လင်မ်ကမ္ဘာရှိ အခြားသော အများပြည်သူဆိုင်ရာအလုပ်များ၏ အဓိက ဘဏ္ဍာရေး ရင်းမြစ်ဖြစ်သည်။ ယခုထက်တိုင်ပင် အစိုးရများက အများပြည်သူ သာယာဝပြောရေး အစီအစဉ်များကို ဘဏ္ဍာငွေထောက်ပံ့သည့် အဓိက တာဝန်ကို ယူလိုက်ပြီးနောက်ပိုင်း၊ မိသားစုကို ကျွေးမွေးထောက်ပံ့မှုတွင် ငွေရေးကြေးရေး တန်ဖိုးစွမ်းပကား ပို၍ နည်းပါးစွာသော ထည့်ဝင်ပတ်သက်နိုင်သည့် အမျိုးသမီးများ၏ သိသာထင်ရှားသည့် ထည့်ဝင်လှူဒါန်းမှုများ အပါအဝင် အလှူဒါန ထည့်ဝင်မှုများကို လျှော့တွက်လာကြသည်။ ယနေ့ခေတ်တွင်၊ အော်ဝ်ကားဖ်ကို မွတ်စ်လင်မ်နိုင်ငံ အများအပြားတွင် အစိုးရအာဏာပိုင်များကသာ ကြီးကြီးမားမား စီမံအုပ်ချုပ်ဆောင်ရွက်လာကြသော်လည်း၊ မူရင်းအားဖြင့် ထိုသို့မဟုတ်ခဲ့ပါ။

၂၃၈။ အဗ္ဗဒွလ္လာဟ် အစ်ဗနေ အုမာရ်ထံမ့ အယ်လ်-ဘုခါရီနှင့် မွတ်စလင်မ်တို့ တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းသော စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။ Llewellyn, “Conservation in Islamic Law,” 26– 27၊ Bagader, et al., *Environmental Protection in Islam*, 27 ကို ကြည့်။

၂၃၉။ Bagader, et al., *Environmental Protection in Islam*, 27၊ Llewellyn, “Conservation in Islamic Law,” 52–53.

၂၄၀။ Bagader et al., *Environmental Protection in Islam*, 11, 31။ ကမ္ဘာပေါ် ရှိ သက်ရှိဘဝတို့ကို ထောက်ပံ့ကူညီပေးသည့် သဘာဝ အစိတ်အပိုင်းများနှင့် ဖြစ်စဉ်များက လူသားမျိုးနွယ်တို့ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် နိုင်ငံရေးနယ်နိမိတ်ကို အသိအမှတ် မပြုပေ။ ကမ္ဘာလုံးဆိုင်ရာ ပူနွေးလာမှုနှင့် အက်စစ်မိုးတို့ အပါအဝင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသည့် မျိုးစိတ်များ၊ နိုင်ငံတကာ မြစ်ဝှမ်းလွင်ပြင်များ၊ ပင်လယ်ပြင် ဂေဟစနစ်များနှင့် လေထုညစ်ညမ်းမှုတို့နှင့်

စပ်လျဉ်း၍ ဤသည်က အထူးအားဖြင့် ရှင်းလင်းလှပါသည်။ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများနှင့် ဘုံဆိုင်သော သဘာဝသယံဇာတများကို အသုံးပြုခြင်းတို့ကြောင့် ဖြစ်ရသော နိုင်ငံတကာ အငြင်းပွားမှုများကို ဖြေရှင်းရန် ပဋိပက္ခဖြေရှင်းရေးအတွက် ဖန်တီးမှုအားကောင်းသော ချဉ်းကပ်မှုများကို လိုအပ်ပါသည်။ ပို၍ လေးနက်သော ကိစ္စမှာမူ သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာပေါ် ရှိ အသက်ဘဝရှင်သန်မှု၏ ရင်းမြစ်များကို စစ်ရေးလုပ်ဆောင်ချက်များက ဖြစ်ပေါ်စေခဲ့သည့် ကြမ်းတမ်းပြင်းထန်ပြီး ပြန်ပြင်ဆင်၍ မရနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများမှ လုံခြုံဘေးကင်းစေရေးပင်ဖြစ်သည်။ Llewellyn, "Islamic Environmental Law," 40-41 ကိုကြည့်။

၂၄၁။ အဗူဆအီးဒ် အယ်လ်-ခွဒ်ရီထံမှ မာဂျဟ် အဒ်-ဒါရွလ်ကုသ်နီနှင့် အခြားသူများ တင်ပြခဲ့သော၊ Al-Muwatta'တွင် အီမာမ် မာလစ်က် တင်ပြခဲ့သော အလွန်စစ်မှန်သည့် ဟဒီးစ်တော်။

၂၄၂။ ဟုဒိုင်ဖဟ် ထံမှ အသ်-သီရ်မိဇီ က တင်ပြခဲ့သော အထောက်အထား ခိုင်လုံမှုအားနည်း့သည့် စစ်မှန်မှုသာ ရှိသော ဟဒီးစ်တော် (*Mishkāt al-Masābīh, hadīth* no. 5129)။ အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် အိစနာဒ်က အဗ္ဒဒွလ္လာဟ် အစ်ဗနေ မစူးဒ် (*mawqūf*) ထိ ပြန်ချိတ်ဆက်ပါသည်။

၂၄၃။ *Muwatta'* တွင် တင်ပြသကဲ့သို့၊ ခလစ်ဖသမ္မတကြီး အဗူဘကရ်က သူ၏ ဗိုလ်ချုပ်များဖြစ်သော ဇိုင်ဒ် အစ်ဗနေ သာဘစ်သ် နှင့် အဗူ စွဖ်ယာန်တို့ကို ဤသို့ ဆိုဆုံးမတိုက်တွန်းခဲ့သည် - "ဆယ်ခုသော ကိစ္စအပေါ် အသင်တို့ကို လေးနက်စွာ တိုက်တွန်းပါသည် - ကလေးငယ်တစ်ဦး၊ အမျိုးသမီးသမီးတစ်ဦး သို့မဟုတ် မကြွခိုင်မသန်စွမ်းတော့သည့် သက်ကြီးပုဂ္ဂိုလ်တစ်ဦးကို မသတ်ဖြတ်လင့်။ အသီးသီးသော အပင်ကို မခုတ်လှဲနှင့် သို့မဟုတ် သီးထွက်နှုန်းကောင်းသော မြေ (*အာမီဃာ* (*'āmir*))ကို ယုတ်လျော့အောင် မဖျက်ဆီးလင့်။ စားသုံးရန်မှအပ သိုးတစ်ကောင် သို့မဟုတ် ကုလားအုတ်တစ်ကောင်ကို မသတ်ပါလင့်။ ပျားများကို ရေနှစ်မသတ်ပါနှင့် သို့မဟုတ် မီးမရှို့ပါနှင့်။ သုံ့ရပစ္စည်းကို မခိုးပါလင့်။ ထို့ပြင် သူရဲဘောမကြောင်လေနှင့် (Al-Muwatta' 965)။ *Ri'āyat al-Bī'ah*, p. 149; Gomaa, *Al-Bī'ah wa'l-Hifāz 'alayhā*, pp. 78-79 ကိုလည်းကြည့်။

၂၄၄။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ၏ မစော်ကားမထိခိုက်ခံအပ်မှု(*ဟူရ်မာ*)သည် စစ်ပွဲအတွင်းတွင်ပင်လျှင် သက်ဆိုင်မှုရှိသည်ဟု မွတ်စ်လင်မ်ဥပဒေ (ဓမ္မသတ်)ပညာရှင်များက စီရင်ထုံးပြုခဲ့ဖြစ်သည်။ စာပိုဒ် ၂.၁၃ ကိုကြည့်။ အစ်ဗနေ ကွဒ်ဒါမာဟ်က *ဟူရ်မာ*က တိရစ္ဆာန်များကို လက်နက်ကိုင်တိုက်ခိုက်ရေးသမားမဟုတ်သည့် အနေအထားကို ပေးအပ်ထားပြီး၊ အမျိုးသမီးများနှင့် ကလေးများကိုလည်း ထိုသို့ ပေးအပ်သည်ဟု မှတ်ချက်ပြုပါသည်။ Ibn Qudāmah, *Al-Mughnī: kitāb al-jihād: mas'alah: qāla wa lā yughriq an-nahl* ကိုကြည့်။ Izzi Dien, *Environmental Dimensions of Islam*, pp 90-91၊ Bagader et al., *Environmental Protection in Islam*, 11၊ Samarrai, "Environmental Protection and Islam," 39 နှင့် Tlili, *Animals in the Qur'an* တို့ကိုလည်း ကြည့်။ ရောဂါဘယများ ပျံ့နှံ့စေရန် လည်းကောင်း၊ ပေါက်ကွဲစေသည့် ပစ္စည်းများ ပို့ဆောင်ရန်နှင့် ဖောက်ခွဲရန်အတွက်လည်းကောင်း တိရစ္ဆာန်များကို လက်နက်များအဖြစ် အသုံးပြုခြင်းသည် အထူးအားဖြင့် အလွန်စက်ဆုပ်ဖွယ်ပင်ဖြစ်သည်။

၂၄၅။ *Majallat al-Ahkām al-'Adlīyah*, article no. 58; Bagader et al., *Environmental Protection in Islam*, 19။

၂၄၆။ ၄င်းသည် ရေကြီးလေ့ရှိသော ဒေသများတွင် နေအိမ်အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် အခြေချနေထိုင်မှု တားမြစ်ပိတ်ပင်ခြင်းတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော စီရင်ထုံးများနှင့် ကိုက်ညီမှုရှိပါသည်။ မလျော်ကန် မသင့်မြတ်သော မြေယာသုံးစွဲမှု အလေ့အထများနှင့် လုပ်ဆောင်ချက်များကို အသက်ရှင်သန်မှုအတွက် ပင်ကိုယ်အားဖြင့် အန္တရာယ်ကြီးသော သို့မဟုတ် အန္တရာယ်သက်ရောက်နိုင်ခြေများသော နေရာများတွင် ခွင့်မပြုသင့်သကဲ့သို့၊ သဘာဝဖြစ်စဉ်များကို အနှောင့်အယှက်အဟန့်အတားဖြစ်စေမှုကို ခံရနိုင်ခြေရှိသော နေရာများတွင်လည်း ၄င်းတို့ကို ခွင့်မပြုသင့်ပါ။ Ibn Qudāmah, *Al-Mughnī: kitāb ihyā' al-mawāt: fasl wa mā nadiba 'anhū al-mā' min al-jazā'ir.*.။ Bagader et al., *Environmental Protection in Islam*, 24, 31; Llewellyn, "Islamic Jurisprudence and Environmental Planning," 44–46 တို့ကိုကြည့်။ သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် စီမံကိန်းရေးဆွဲမှုသို့ အလုံးစုံခြုံငုံပါဝင်သော ချဉ်းကပ်မှုတစ်ရပ်ကို ဇီဝအပေါ် အခြေခံသည့် နေထိုင်မှုအယူအဆ အခြေခံ စီမံကိန်းရေးဆွဲခြင်းဟု သိကြပါသည်။ *Global Biodiversity Strategy* (n. p., WRI, IUCN, UNEP, 1992), 97-100ကို ကြည့်။

၂၄၇။ ဇီဝအပေါ် အခြေခံသည့် နေထိုင်မှုပြန်လည်ရေးဆွဲရေးအယူဝါဒ (Bioregionalism)ဟု သိမှတ်ကြသည့် ရေရှည်တည်တံ့ပြီး၊ ပြန်လည်သစ်လွင်ဖန်တီးနိုင်သည့် ရှင်သန်နေထိုင်မှုနှင့် အုပ်ချုပ်မှုတို့အတွက် အနာဂတ်မြင်ကွင်းရှုမြင်မှုနှင့် မဟာဗျူဟာတို့တွင် ဤလက်တွေ့နှင့် ပေါင်းစပ်သည့်အခြေခံမှုကို အကောင်အထည်ဖော်နိုင်ပါသည်။ စီမံအုပ်ချုပ်ရေးဆိုင်ရာ ယူနစ်အပိုင်းအခြားများကို မြေပြင်ပုံစံ၊ ရေဝေရေလဲဒေသ၊ ဇီဝဝန်းကျင်အခြေခံ အသိုက်အဝန်းများနှင့် ဤဖြစ်တည်မှုများက ပုံသွင်းထားပြီး၊ ယင်းဖြစ်တည်မှုများနှင့် အံဝင်အောင်ပြုပြင်ပြောင်လဲထားသော ယဉ်ကျေးမှုများနှင့်အတူတကွအားဖြင့် သတ်မှတ်ပြဋ္ဌာန်းသင့်ပါသည်ဟု ယင်းအယူအဆက အခိုင်အမာဆိုပါသည်။ သဘာဝတရားနှင့် ဇီဝအခြေခံဒေသတည်ဆောက်ရေးအယူအဆအခြေခံ စီမံကိန်းရေးများဖြင့် ဒီဇိုင်းဆွဲသည့် နည်းနိသယျများတွင်၊ ဇီဝအခြေခံဒေသများ (ecoregions များဟုလည်း သမုတ်ကြသော)ကို ဘူမိဗေဒ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ ရေစီးကြောင်း၊ မြေဆီလွှာ၊ အပင်အသိုက်အဝန်းများနှင့် ဒေသတစ်ခုရှိတောရိုင်းဘဝတို့ကဲ့သို့သော သဘာဝအကြောင်းတရားများကို နေရာချုပုံထုတ်ခြင်းနှင့် ဖုံးလွှမ်းပေါ်လွင်စေခြင်းတို့အားဖြင့် သတ်မှတ်ကြပါသည်။ ထို့ပြင်၊ မြေအသုံးချမှုတစ်ခုချင်းစီအတွက် ပင်ကိုယ်အားဖြင့် သင့်လျော်သည့် မသင့်လျော်သည့် နေရာရပ်ဝန်းများကို ရှာဖွေရန် ထိုမြေပုံများကို အပေါ်မှ ဖုံးထားကြသည်။ ဂေဟဗေဒစနစ်အခြေခံ စီမံကိန်းရေးဆွဲခြင်းနှင့် ဒီဇိုင်းဆွဲခြင်းတို့နှင့် ပတ်သက်၍ ရှေးဂန္ထဝင်ဆန်သော ရည်ညွှန်းကိုးကားချက်များတွင် Ian L. McHarg, *Design with Nature* (New York: John Wiley & Sons, 1967)၊ Kirkpatrick Sale, *Dwellers in the Land: The Bioregional Vision*, Athens, GA: U. of Georgia Press, 2000၊ Bill Mollison, *Permaculture: A Designer's Manual*, Tyalgum, Australia: Tagari Publications တို့ ပါဝင်သည်။

၂၄၈။ သဘောတရားရေးအရ၊ အစ္စလာမ့်ဥယျာဉ်ခြံအစဉ်အလာက "ရေကို အသက်ရှင်သန်မှု၏ ရင်းမြစ်အဖြစ် သင်္ကေတအားဖြင့်လည်းကောင်း၊ ရုပ်သဘောအတိုင်းလည်းကောင်း ပြသထားသည့်" ရေလှောင်ရေသွင်းခြင်း၏ ဂျီဩမေထြီ ပုံစံခွက်များအပေါ် အာရုံစိုက်သည့် သဘာဝတရားအတွင်းက ဘုရားသခင် ပြဋ္ဌာန်းထားသော ပုံစံခွက်ကို ရောင်ပြန်ဟပ်ပါသည်။ ဤဂျီဩမေထြီသည် အလျင်အမြန် ယိုယွင်းပျက်စီးလာနေသော အပင်ပေါက်ရောက်ရှင်သန်မှုဆိုင်ရာ လွတ်လပ်မှုနှင့် ချိတ်ဆက်နေပြီး၊ ယင်းက ဖုံးလွှမ်းထားပါသည်။ ယင်း (အပင်ပေါက်ရောက်ကြီးထွားမှု)က ခြောက်သွေ့ဒေသ၏ ပုံမှန်လက္ခဏာဖြစ်သော ကွက်ကွက်ကွင်းကွင်းမြင်သာသည့် သို့မဟုတ် ကျောက်ခက်ကျောက်စွယ်များရှိသည့် ကျောက်တုံးသွင်ပြင်များနှင့် အခက်တွေ့ ရင်ဆိုင်ရသောအခါ၊ ကျောက်တုံးများက အနိုင်ရလွှမ်းမိုးပါသည်။ အလှဗေဒအားဖြင့်မူ၊ ၄င်းသည် ကမ္ဘာမြေနှင့် သက်ဆိုင်သော ဥယျာဉ်များနှင့် အထူးသဖြင့် ကျွမ်းတော်မြတ်ကုရ်အာန်တွင် ရေးဆွဲဖော်ပြထားသော ဂျန္နသ်သုခဘုံ၏ အဓိကမူရင်းပုံစံဖြစ်သော ဥယျာဉ်များ၏ ကျမ်းတော်မြတ်ကုရ်အာန်ပါ ပုံရိပ်များကို ထင်ဟပ်နေပါသည်။ အစ္စလာမ့်ဥယျာဉ်များသည် အာရုံငါးပါးလုံးအတွက် အဆုံးစွန်ဆုံး သိပ်သည်းထူထဲလှသည့် စိမ်းလန်းစိုပြည်မှုနှင့် ပေါကြွယ်ဝမှုဖြစ်သော အလှတရားများ ပေါများပြည့်နှက်နေပါသည်။ Llewellyn, "Shari'ah-Values Pertaining to Landscape Planning and Design," 1983။ Safei El-Deen Hamed, *Paradise on Earth: Historical Gardens of the Arid Middle East*, Arid Lands Newsletter No. 36 Fall/Winter 1994 ကိုလည်း ကြည့်။ https://cals.arizona.edu/OALS/ALN/aln36/Hamed.html (၁၂.၈.၂၀၂၁တွင် ပြန်လည်ရယူခဲ့သည်။)

၂၄၉။ ဂျာဘိယာ အစ်ဗနေ အဗ္ဗဒွလ္လာဟ် ထံမှ ၄င်း၏ *ဆွဟီးဟ်* တွင် အစ်ဗနေ ဟစ်ဘားန် က တင်ပြထားခဲ့သည်။

၂၅၀။ အဗူစအီးဒ် အယ်လ်-ခွဒ်ရီထံမှ မွတ်စ်လင်မ်က တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။

၂၅၁။ Bagader et al., *Environmental Protection in Islam*, 30; Llewellyn, "Islamic Environmental Law," 29။

၂၅၂။ အီမာမ် မာလစ်က် ထံမှ အစ်ဗနေ အယ်လ်-ကာစင်မ်က တင်ပြခဲ့သည့် *အက်သာ* (*Athar*)။ Yūsuf ibn 'Abd-Allāh ibn 'Abd al-Barr, *Tajrīd at-Tamhīd limā fī 'l-Muwatta' min al-Asānīd*, 1:118။ 'Uthmān ibn Fūdī, *Bayān Wujūb al-Hijrah 'alā 'l-'Ibād*, Arabic text, p. 143, English translation, p. 163 ကိုကြည့်။ မှန်ရာကို အမိန့်ပေးစေခိုင်းရန်နှင့် မှားခြင်းကို ပိတ်ပင်တားမြစ်ရန် အခြေခံကျသည့် ဝတ္တရားကို အာဏာနှင့် သြဇာမရှိဘဲ ဖြည့်ဆည်းထမ်းဆောင်ရန် မဖြစ်နိုင်သည့်အတွက် အစိုးရကို လိုအပ်စေသည်ဟု ဥပဒေပညာရှင်များက ဆိုကြပါသည်။ Ibn Taymīyah, *As-Siyāsat ash-Shar'īyah*. Erwin I. J. *Rosenthal, Political Thought in Medieval Islam* (Cambridge: Cambridge University Press, 1958), 51–61။ Husaini, *Islamic Environmental Systems Engineering*, 92 တို့ကိုလည်း ကြည့်။

၂၅၃။ Bagader et al., *Environmental Protection in Islam*, 21။ *ဟစ်ဘာဟ်*နှင့် *မုဟ်သဆစ်ဘ်*တို့နှင့် စပ်လျဉ်း၍ Tāj ad-Dīn As-Subkī, *Mu'īd an-Ni'am wa Mubīd an- Niqam,* 'Abd ar-Rahmān ibn Nāsir Ash-Shayzarī (d. 589 H. / 1193 G.), *Nihāyat ar-Rutbah fī Talab al-Hisbah*နှင့် Diyā' ad-Dīn Muhammad ibn Muhammad ibn Al-Ukhūwah (d. 729 H. / 1329 G.), *Ma'ālim al-Qurbah fī Ahkām al-Hisbah* တို့ကိုကြည့်။ ပို၍ကြီးမားသော မြို့ကြီးပြကြီးများတွင်၊ *မုဟ်သဆစ်ဘ်* ကို သက်ဆိုင်ရာ ပညာရပ်နယ်ပယ်များမှ ကျွမ်းကျင်ပညာရှင် ဝန်ထမ်းတစ်ဦးဖြင့် အထောက်အကူပေးလိမ့်မည်ဖြစ်သည်။ ထိုသူထံတွင် အများပြည်သူကောင်းကျိုး ကို သေချာစေရန် လိုအပ်သော အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ရန် ကျယ်ပြန့်သော ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ကို အသုံးပြုနိုင်သည့် သြဇာအာဏာရှိပေသည်။ အချို့သော ဥပဒေပညာရှင်များက *မုဟ်သဆစ်ဘ်*တွင် တရားသူကြီးတစ်ဦးထံမှ လိုအပ်သည်ထက် ကျော်လွန်သည့် ကျွမ်းကျင်တတ်မြောက်မှု ရှိသင့်သည်ဟု ခံယူကြသည်။

၂၅၄။ Abū'l Hassan al-Māwardī (Translation by Assadullah Yate), *Al-Ahkam As Sultaniyyah: The Laws of Islamic Governance* (London: Ta-Ha, 1996), 337–362။

၂၅၅။ သူမ၏ ဆေးပညာဆိုင်ရာ ကျွမ်းကျင်မှုအတွက် အရှ-ရှိဖာဟု ပိုမို၍ သိကြသည့် လေလာ ဘင့်ခ် အဗ္ဗဒွလ္လာဟ်သည် နဗီတမန်တော် မူဟမ္မဒ် (ကောင်းခြီးမင်္ဂလာအဖြာဖြာနှင့် ငြိမ်းချမ်းသာယာမှုတို့ ခညောင်းပါစေသား)၏ ပညာအတတ်ဆုံး သာဝကကြီးများအနက်မှ တစ်ဦးဖြစ်ပါသည်။ သူမက အခြားသူများ ဖတ်တတ်၊ ရေးတတ်စေရန် သင်ကြားပေးခဲ့ပြီး၊ ၄င်းတို့အနက်မှ တစ်ဦးမှာ အုမရ် အစ်ဗနေ ခတ္တာဗ်၏ သမီးတော်နှင့် ကိုယ်တော်သခင်၏ ကြင်ယာတော်ဖြစ်သော ဟဖ်ဆွာဟ် သခင်မဖြစ်ပါသည်။ *ဟစ်ဘာဟ်*၏ တာဝန်များ သူမထံ အပ်နှင်းခံခဲ့ရသည် ဆိုသည်အချက်နှင့် ပတ်သက်၍ အငြင်းပွားကြပါသည်။ Ibn Hajar Al-'Asqalāni (1372-1449 G. / 773-852 H.), *Al-Isābah fī Tamyīz as- Sahābah* ကိုကြည့်။

၂၅၆။ အဗူဟူရိုင်ရာဟ် ထံမှ မွတ်စ်လင်မ်က တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်။

၂၅၇။ နောက်ပိုင်း ခိုင်နီဆောနှင့် pterosaursတို့နှင့် ပန်းပွင့်သော အပင်များ၏ သွင်ပြင်ကြောင့် လူသိများသော Cretaceous Periodသည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၅သန်းမှ ၆၆သန်းအထိ ကြာရှည်တည်ရှိခဲ့သည်။ ၄င်းခေတ်ကာလ၏ ရုတ်တရက် ပျက်သုဉ်းသွားရခြင်းကို ကမ္ဘာသက်ရှိလောက၏ ၇၆ ရာခိုင်နှုန်းမျှ သေဆုံးပျောက်ကွယ်ခဲ့ရသည့် ဥက္ကာပျံများ၏ ထိခိုက်မှုတစ်ခုက ဖြစ်စေခဲ့သည်ဟု ယုံကြည်ကြသည်။ ယင်းသည် ကမ္ဘာပေါ် ရှိ ရှုပ်ထွေးပွေလီလှသော သက်ရှိသမိုင်းတွင် ငါးခုမြောက်နှင့် အနီးဆုံး အစုလိုက်အပြုံလိုက် မျိုးသုဉ်းကွယ်ပျောက်မှုဖြစ်သည်။

၂၅၈။ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းတို့၏ ကြောက်မက်ဖွယ်ရာကို မည်သည့်နည်းနှင့်မျှ သေးသိမ်သွားစေရန် ကျွန်ုပ်တို့ မရည်ရွယ်ပါ။ အကျူးလွန်ခံရသူများ၏ ခံစားခဲ့ရသည့် ဝေဒနာများကို မည်သည့်နည်းနှင့်မျှ သေးသိမ်အောင် မည်သည့်အခါမျှ မပြုလုပ်သင့်ပါ။ ၄င်းတို့သည် လုံဝဥသုံ ကြောက်မက်ဖွယ်ကောင်းလွန်းသည့် ရက်စက်ကြမ်းကြုတ်မှုများသာ ဖြစ်ကြပါသည်။ သို့သော်ငြားလည်း၊

ကျောရိုးရှိ သက်ရှိပုံစံအားလုံးနီးပါး၊ ကျောရိုးမဲ့သတ္တဝါများနှင့် အပင်တို့၏ ကြီးမားသော အစိတ်အပိုင်းတို့ကို ပျောက်ကွယ်စေနိုင်မည့်၊ လူသားများနှင့်အတူ အခြား သက်ရှိပုံစံများအပေါ် စဉ်းစားကြည့်၍ပင် မရနိုင်လောက်သည့် နာကျင်မှုဝေဒနာကို (လူသားမျိုးနွယ်တို့ မည်သည့်အခါကမျှ မမြင်ဖူး မကြုံဖူးသည့် အတိုင်းအတာပမာဏဖြင့်) ဖြစ်ပေါ်စေနိုင်မည့် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်စေမှုတစ်ခုကို ပေါ်လွင်အောင် ထောက်ပြရန် တွန်းအားပေးခံရသည်ဟု ကျွန်ုပ်တို့ ထင်မြင်ပါသည်။ နိုင်ငံတကာ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများက စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ကို မှန်ကန်စွာ ရှုခဲ့ပြီးဖြစ်သည့်အပြင်၊ တရားစွဲဆိုရေးနှင့် အရေးယူဒဏ်ခတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လက်ရှိ ချိုယွင်းချက်များရှိသည့်အတိုင်း တီထွင်ဖန်တီးခဲ့ပြီးဖြစ်ပါသည်။ သို့တိုင်အောင် ထိုသို့သော မည်သည့် အင်စတီကျူးရှင်းကမျှ အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်စေမှုကို ဖြစ်စေခြင်းသည် ရာဇဝတ်ပြစ်မှုတစ်ခုဖြစ်သည်ဟု အသိအမှတ် မပြုကြသေးပါ။

၂၅၉။ အနတ်စ် အစ်ဗနေ မာလစ်က် ထံမှ အဟ်မဒ်က တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော် (အမှတ် ၁၂၉၀၂)။ *အယ်လ်-အဒဘ် အယ်လ်-မုဖရဒ်* တွင် အယ်လ်-ဗူခါရီက တင်ပြခဲ့သော ဟဒီးစ်တော် (အမှတ် ၄၇၉)နှင့် အယ်လ်-ဘက်ဇား (Al- Bazzār)(အမှတ် ၇၄၀၈)။

၂၆၀။ နေ့စဉ် ပုံမှန် ဝတ်ပြုမှုတစ်ခုချင်းစီနောက်တွင် ကျွန်ုပ်တို့၏ အရှင်ထံမှ တောင်းခံရန် နဗီတမန်တော် မူဟမ္မဒ် (အလ္လာဟ်အရှင်မြတ် အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းခြီးမင်္ဂလာအဖြာဖြာတို့ ကိုယ်တော်သခင်ထံ ကျရောက်ပါစေသား)က ကျွန်ုပ်တို့ကို အကြံပြုတိုက်တွန်းခဲ့သည့် ဆုမွန်ဒိုအာ ဖြစ်သော "အို..အလ္လာဟ်အရှင်မြတ်၊ အကောင်းဆုံး အလှပအတင့်တယ်ဆုံး ပုံစံဖြင့် အရှင့်အား သတိရနိုင်ရန်လည်းကောင်း၊ အရှင့်ကို ကျေးဇူးတင်ရှိနိုင်ရန်လည်းကောင်း၊ ဝတ်ပြုကိုးကွယ်နိုင်ရန်လည်းကောင်း ကူညီစောင်မတော်မူပါ" (မုအာဒ်ဟ် အစ်ဗနေ ဂျာလ်ထံမှ အဗူဒါဝူဒ် (အမှတ် ၁၅၂၂)နှင့် အန်-နဆာအီ (အမှတ် ၉၉၃၇)တို့ တင်ပြခဲ့သော အလွန်ခိုင်လုံအားကောင်းစွာ စစ်မှန်မှုရှိသည့် ဟဒီးစ်တော်)ကိုကြည့်။

ကိုးကားစာအုပ်စာရင်း

ကျမ်းတော်မြတ်ကုရ်အာန် အင်္ဂလိပ်ဘာသာပြန်များ

Muhammad Asad, *The Message of the Qur'an* (1980).

Abdal Hakim Murad, et al. *The Majestic Quran, an English Rendition of Its Meanings*, Starlatch Press, US; Revised edition (2002).

Muhammad Marmaduke Pickthall, *The Meaning of the Glorious Koran* (1930).

Abdullah Yusuf Ali, *The Holy Qur'an: Text, Translation and Commentary*, (1934).

A. J. Arberry, *The Koran Interpreted: A Translation* (1955),

Syed Abdul Latif, *Al-Quran - Rendered into English, The Academy of Islamic Studies* (1969/1993),

Muhammad Abdel-Haleem, *The Qur'an, Oxford World Classics*, (2004).

Tarif Khalidi. *The Qur'an: A New Translation, Penguin Classics*, (2008).

Mustafa Khattab. *The Clear Quran*, Books of Signs Foundation, (2015)

Seyyed Hossein Nasr et al. *The Study Qur'an. The Study Quran Translation*, (HarperOne: New York and San Francisco, 2015)

****

A.R. Agwan, (Ed.), *Islam and the Environment*, (New Delhi, India: Institute of Objective Studies, 1997).

Abdal Hamid Fitzwilliam Hall, *An Introductory Survey of the Arabic Books of Filāha and Farming Almanacs*, (2010). http://www.filaha.org/introduction.html (20.02.2022).

Abdullah M. Al-Shanqiti, *Ahma' al-Madinah al-Munawwarah: Hima ash-Shajar, Hima an-Naqi', Hima ar-Rabadhah* (Al-Madinah: Almahmoudia Press, 2013), 21-99.

Abū Dāwūd, https://sunnah.com/abudawud

Abū'l Hassan al-Māwardī (Translation by Assadullah Yate), *Al-Ahkam As Sultaniyyah: The Laws of Islamic Governance* (London: Ta-Ha, 1996).

Ahmad ibn Hanbal, https://sunnah.com/ahmad

Aishah Abdallah, "A Process to Establish Traditional Himas as Community Conserved Areas: Essential Skills Required," in M. K. Suleiman, et al. (Eds), *Human Integrated Management Approach*.

Al- 'Izz ad-Dīn ibn 'Abd as-Salām, *Qawā'id al-Ahkām fī Masālih al-Anām*.

Ali Gomaa, *Al-Bī'ah wa'l-Hifāz 'alayhā min Manzūr Islāmī* (Cairo: Al-Wābil As-Sayyib, 2009).

Alphonse de. Lamartine, Travels in the East, Including A Journey in The Holy Land, vol. 2. Edinburgh: William and Robert Chambers, 1850, 160.

An-Nasā'ī, https://sunnah.com/nasai

At-Tirmidhī, https://sunnah.com/tirmidhi

Bill Mollison, *Permaculture: A Designer's Manual*, Tyalgum, Australia: Tagari Publications.
Caring for the Earth: A Strategy for Sustainable Living (Gland, Switzerland: IUCN, UNEP, and WWF, 1991).

Christopher D. Stone, *Should Trees Have Standing? Toward Legal Rights for Natural Objects* (New York: Avon Books, 1975).

Clive Ponting, *A New Green History of the World: The Environment and Collapse of Great Civilisations* (London: Vintage Books, 2007).

David Orr, *Earth in Mind: On Education, Environment, and the Human Prospect* (Washington, DC: Island Press, 2004

Edward William Lane, *An Account of the Manners and of the Customs of the Modern Egyptians*, edited by Jason Thompson. Cairo: American University in Cairo Press, 2003.

Erwin I. J. Rosenthal, *Political Thought in Medieval Islam* (Cambridge: Cambridge University Press, 1958), 51–61.

Fazlun Khalid, *Signs on the Earth: Islam, Modernity and the Climate Crisis* (Leicester, UK: Kube, 2019).

Graham Child and John Grainger, *A System Plan for Protected Areas for Wildlife Conservation and Sustainable Rural Development in Saudi Arabia* (Gland, Switzerland: National Commission for Wildlife Conservation and Development and IUCN, 1990)

Hala Kilani, *Al-Hima: A Way of Being* (London: University College of London, Master's thesis, 2009).

Hala Kilani, Assad Serhal, and Othman Llewellyn, *Al-Hima: A Way of Life* (Amman, Jordan: IUCN West Asia Regional Office and Beirut, Lebanon: SPNL, 2007).

Ian L. McHarg, *Design with Nature* (New York: John Wiley & Sons, 1967).

Ibn Kathīr, *Al-Bidāyah wa 'n-Nihāyah: khilāfat 'Uthmān*, ed. 'Abd al-Hamīd Hindāwī (Sidon; Beirut: Al-Maktabat al-'Asrīyah, 2001).

Ibn Mājah, Sunan, https://sunnah.com/ibnmajah

Ibn Taymiyah, Ahmad. Kutub wa Rasa'il wa Fatwa, ed. Abdul-Rahman al-Najdi, 2nd ed. (Riyadh: Maktabah ibn Taymiyah, no date).

Ibrahim Ozdemir, "Towards an Understanding of Environmental Ethics from a Qur'anic Perspective," in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003).

Ibrahim Ozdemir. "Muhammad", in *Encyclopedia of Religion and Nature*, ed. Bron Taylor and Jeffrey Kaplan (New York: Continuum, 2003), pp. 1124- 1125.

Imam Bukhārī Sahīh al-Bukhārī, https://sunnah.com/bukhari/43/5

Imam Mālik, Muwatta, https://sunnah.com/malik

J. C. Wilkinson, "Islamic Water Law with special Reference to Oasis Settlement," *Journal of Arid Environments* (London) 1 (1978): 95.

Ja'far Husayn, *Seerah Ameer al-Mo'mineen* (Ansariyan Publications, 2006).

Jack Turner, *The Abstract Wild* (Tucson, AZ: U. of Arizona Press, 1996).

Jasser Auda, *Maqasid Al-Shariah as Philosophy of Islamic Law: A Systems Approach* (Washington, DC: International Institute of Islamic Thought, 2008)
Jasser Auda, *Maqasid Al-Shariah: A Beginner's Guide* (Washington, DC: International Institute of Islamic Thought, 2008).

Joel Kurtzman, *The Death of Money: How the Electronic Economy Has Destabilised the World's Markets and Created Financial Chaos* (Toronto: Little Brown & Co., 1993)

John Grainger and Othman Llewellyn, "Sustainable Use: Lessons from a Cultural Tradition in Saudi Arabia," *Parks: The International Journal for Protected Area Managers* (Gland, Switzerland) 4, no. 3 (1994).

Kirkpatrick Sale, *Dwellers in the Land: The Bioregional Vision, Athens*, GA: U. of Georgia Press, 2000.

Lutfullah Gari, "A History of the Hima Conservation System," *Environment and History 12*(3) (2006), 213-228. [DOI:10.3197/096734006776680236].

Majallat al-Ahkām al-'Adlīyah (the Ottoman Corpus of Judicial Rules, compiled on the basis of major Hanafī legal works and enacted in 1293 H. / 1876 G.)
http://legal.pipa.ps/files/server/ENG%20Ottoman%20Majalle%20(Civil%20Law).pdf (20.02.2022).

M. K. Suleiman, et al, Towards an Implementation Strategy for the Human Integrated Management Approach Governance System: Theories, Concepts, Methodologies, Case Studies and Action Plans, https://manualzz.com/doc/18375749/proceedings-towards-an-implementation-strategy-for-the-hu ...[Retrieved: 12.08.2022]

Walī ad-Dīn Muhammad ibn 'Abd-Allāh Al-Khatīb at-Tabrīzī, *Mishkāt al-Masābīh*. Date and publisher is missing

Mawil Izzi Dien, *The Environmental Dimensions of Islam* (Cambridge: The Lutterworth Press, 2000).

Mehmet Asutay, "Islamic Moral Economy as the Foundation of Islamic Finance." 2013, pp. 55–68.

Mohammed A. Eben Saleh, "Land Management Systems in the Highlands of the Southwestern Saudi Arabia: Indigenous vs. State Experiences" (Riyadh, Saudi Arabia: King Saud University, 1997).

Mohammed Rustom, *The Triumph of Mercy: Philosophy and Scripture in Mullā Ṣadrā*, SUNY Press, 2015.

Muhammad Asad, *The Road to Mecca*, (Gibraltar: Dar al-Andalus, 1980).
Muslim, https://sunnah.com/muslim

Nomanul Haq, "Islam and Ecology: Toward Retrieval and Reconstruction" in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003).

Nuri Friedlander. "Sharpen Your Blade and Put Your Animal at Ease": Islamic Ethics and Rituals of Killing Non-Human Animals. Doctoral dissertation, Harvard University, Graduate School of Arts & Sciences, 2020. https://nrs.harvard.edu/URN-3:HUL.INSTREPOS:37365851 (20.02.2022).

OECD Environmental Outlook to 2050: *The Consequences of Inaction - Key Facts and Figures*. https://www.oecd.org/env/indicators-modelling-outlooks/oecdenvironmentaloutlookto2050theconsequencesofinaction-keyfactsandfigures.htm. 12.08.2021.

Othman Llewellyn, "Shari'ah-Values Pertaining to Landscape Planning and Design," in *Islamic Architecture and Urbanism* (Dammam, Saudi Arabia: King Faisal University, 1983)

Othman Llewellyn, "The Basis for a Discipline of Islamic Environmental Law." *Islam and Ecology: A Bestowed Trust*, edited by Richard C. Foltz et al. (Cambridge, Mass.: Center for the Study of World Religions, Harvard Divinity School, 2003).

Othman A. Llewellyn, "Islamic Jurisprudence and Environmental Planning," *Journal of Research in Islamic Economics* (Jeddah) 1, no. 2 (1984). Patrick Bensen, "The Meaning of Ihsan: Excellence in All Things" https://beyondhalal.org/meaning-of-ihsan/

Reza Shah-Kazemi, "Seeing God Everywhere Qur'anic Perspectives on the Sanctity of Virgin Nature", (Cambridge Central Mosque, 2019).

Riʿāyat al-Bīʾah fī Sharīʿati 'l-Islām (Cairo: Dār ash-Shurūq, 2006).

Richard C Foltz, Frederick M Denny and Azizan Baharuddin (Eds), *Islam and Ecology: A Bestowed Trust* (Cambridge, MA: Harvard University Press, 2003).

Richard Leakey and Roger Lewin, *The Sixth Extinction: Biodiversity and its Survival* (London: Widenfeld and Nicolson, 1996).

Safei El-Deen Hamed, Paradise on Earth: Historical Gardens of the Arid Middle East, *Arid Lands Newsletter* No. 36 Fall/Winter 1994. https://cals.arizona.edu/OALS/ALN/aln36/Hamed.html Retrieved 12.08.2021

Safei-Eldin A. Hamed, "Capacity Building for Sustainable Development: The Dilemma of Islamisation of Environmental Institutions," in Foltz, Denny and Baharuddin (Eds), *Islam and Ecology*, 2003).

Said Nursi, *The Supreme Sign* (trans. Hamid Algar), Berkeley, California, 1979.

Samarrai, "Environmental Protection and Islam," *Journal of the Faculty of Arts and Humanities*, King Abdulaziz University (Jeddah) 5 (1985).

Sarra Tlili, *Animals in the Qur'an*. (Cambridge Studies in Islamic Civilization). Cambridge: Cambridge University Press, 2012.

Seyyed Hossein Nasr, "Islam, the Contemporary Islamic World, and the Environmental Crisis." In *Islam and Ecology: A Bestowed Trust*, edited by Richard C. Foltz, Frederick M. Denny and Azizan Baharuddin, 85-105. Cambridge, Mass.: Harvard University Center for the Study of World Religions [Harvard Divinity School] with Harvard University Press, 2003.

Seyyed Hossein Nasr. *Man and Nature: The Spiritual Crisis of Modern Man*. London: Unwin, 1990.
Seyyed Hossein Nasr,. *The Need for a Sacred Science. Albany*: State University of New York Press, 1993.
Sayed Ali Reza. Imam Ali Bin Abi-Taalib's Sermons, Letters & Sayings as Compiled by Sayyid Shareef Ar-Razi in Nahjol-Balaagha, Peak of Eloquence (PDF). Translated by World Organization for Islamic Services. 1987.

Subhi Mahmassani, *Falsafat al-Tashrīʿ fī al Islām: The Philosophy of Jurisprudence in Islam*, tr. Farhat J. Ziadeh (Leiden: E. J. Brill, 1961.

Taqī ad-Dīn Ahmad ibn 'Abd al-Halīm ibn Taymīyah, *As-Siyāsat ash-Sharʿīyah: al-bāb ath-thānī: al-amwāl, al-fasl al-khāmis: az-zulm al-wāqiʿ min al-wilāt wa 'r-raʿīyah*. Date and publisher is missing

the *Global Biodiversity Strategy* (n. p., WRI, IUCN, UNEP, 1992), 97-100.

Umar Faruq Abd-Allah, "Mercy: The Stamp of Creation" (Nawawi Foundation, 2004).

UNESCO, Tbilisi Declaration, 1978.

Valentino Cattelan, *Islamic Finance in Europe: Towards a Plural Financial System*. Cheltenham: Edward Elgar Publishing. Cheltenham: Edward Elgar.

World Scientists 'Warning to Humanity: A Second Notice. *BioScience*, Volume 67, Issue 12, 1 December 2017, Pages 1026–1028. American Institute of Biological Sciences, 13.11.17. HTML https://academic.oup.com/bioscience/article/67/12/1026/4605229. Accessed January 2018.

Web sites:

https://www.unhcr.org/refugee-statistics/ Retrieved 12.08.2021
https://inequality.org/facts/global-inequality/ Retrieved 12.08.2021
https://www.oxfam.org/en/press-releases/worlds-billionaires-have-more-wealth-46-billion-people Retrieved 12.08.2021
http://www.bbc.co.uk/education/guides/z3bbb9q/revision/6. 12.08.2021
https://public.wmo.int/en/media/press-release/greenhouse-gas-concentrations-surge-new-record. 12.08.2021
https://unfccc.int/process-and-meetings/the-paris-agreement/the-paris-agreement 12.08.2021
https://library.wmo.int/index.php?lvl=notice_display&id=21778#.X7YSlS-l3s2 Retrieved 12.08.2021
https://unfccc.int/news/climate-change-is-an-increasing-threat-to-africa Retrieved 12.08.2021
https://www.wri.org/blog/2020/02/greenhouse-gas-emissions-by-country-sector Retrieved 12.08.2021
https://www.theguardian.com/news/2018/mar/12/what-is-biodiversity-and-why-does-it-matter-to-us Retrieved 12.08.2021
https://www.cbd.int/gbo/gbo5/publication/gbo-5-en.pdf. 12.08.2021
https://www.jstor.org/stable/26392968?seq=1#metadata_info_tab_contents. 12.08.2021
https://www.un.org/sites/un2.un.org/files/sgspeech-the-state-of-planet.pdf Retrieved 12.08.2021
https://www.cbd.int/gbf/goals/

အစ္စလာမ် ကိုယ်ကျင့်ဗေဒနှင့် အစ္စလာမ်သာသနာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆုံးအမသင်ကြားမှုများနှင့် စပ်လျဉ်း၍ အကြံပြုသော ဖတ်ရန် စာရင်း

Islam, the Contemporary World, and the Environmental Crisis by Seyyed Hossein Nasr. From R. Foltz, et al. (Eds.). ***Islam and Ecology: A Bestowed Trust***. (2003). Cambridge, MA: Harvard Divinity School Center for the Study of World Religions. A lucid assessment of practical steps that Muslims need to take to meet the environmental crisis, with a synopsis of philosophical observations on the relationship between God, humankind, and nature. View or Download PDF.

Islam and Ecology: Toward Retrieval and Reconstruction by Syed Nomanul Haq. From R. Foltz, et al. (Eds.). ***Islam and Ecology: A Bestowed Trust***. (2003). Cambridge, MA: Harvard Divinity School Center for the Study of World Religions. Focuses on key Qur'anic doctrinal concepts and imperatives from the Prophetic Sunnah and reconstructs them to illuminate contemporary environmental concerns. View or Download PDF.

Metaphysical Dimensions of Muslim Environmental Consciousness by Jihad Hashim Brown. (2013). Tabah Foundation. Introduces a wide spectrum of metaphysical concepts that underpin the Islamic discourse on the theophany of nature. English and Arabic. View or Download PDF.

Toward an Understanding of Islamic Environmental Ethics from a Qur'anic Perspective by Ibrahim Ozdemir. From R. Foltz, et al. (Eds.). ***Islam and Ecology: A Bestowed Trust***. (2003). Cambridge, MA: Harvard Divinity School Center for the Study of World Religions. Explores the metaphysical foundations for an environmental ethic as expressed in the Qur'an, with references to Rumi, Al-Ghazali, Yunus Emre, and Sa'id Nursi. View or Download PDF.

Exploring the Islamic Environmental Ethics by Abdal Hamid Fitzwilliam-Hall. From A.R. Agwan, (Ed.), ***Islam and the Environment***, (1997). New Delhi, India: Institute of Objective Studies. A little-known but well-informed and articulate examination of the concept of the trust of stewardship in Islam, with a critique of unsustainable economic growth and of the current model of development, as well as a warning of divine retribution against those who cause corruption in the earth. View or Download PDF.

The Basis for a Discipline of Islamic Environmental Law by Othman Llewellyn. From R. Foltz, et al. (Eds.). ***Islam and Ecology: A Bestowed Trust***. (2003). Cambridge, MA: Harvard Divinity School Center for the Study of World Religions. An overview of the sharī'ah (Islamic ethics and law, including its philosophy and aims) as it pertains to the environment, raising questions and issues to stimulate Muslim thinkers and practitioners to address environmental problems in all their complexities and paradoxes. View or Download PDF.

Reverence and Utmost Good: Merciful Harvests by Othman Llewellyn. A paper delivered at the Zaytuna College Center for Ethical Living and Learning conference on Halal and Tayyib: Rethinking the Ethical, in 2019. Ethical teachings and issues that pertain to the growing, raising, and harvesting of the foods we eat. View or Download PDF.

Letter to Aishah by Othman Llewellyn. Exhortations on living well. View or Download PDF.

Seeing God Everywhere: Qur'anic Perspectives on the Sanctity of Virgin Nature by Reza Shah-Kazemi. Cambridge Central Mosque. Reflections on the sacredness of the natural environment, the spiritual roots of the environmental crisis, deepening the sense of personal responsibility, and practical ethics. View or Download PDF.

Mercy: The Stamp of Creation by Umar Faruq Abd-Allah. (2004). Chicago, IL: Nawawi Foundation. View or Download PDF.

Restoring the Amanah through Earth Repair: Islam, Permaculture, & Ecosystem Restoration Work by Rhamis Kent. An introduction to the practical actions that we as individuals can do toward healing our lifestyles and the land we live on. View or Download PDF.

အကြံပြုထားသော အာရဗီဘာသာစာအုပ်များ

Riʿāyat al-Bīʾah fī Sharīʿati 'l-Islām (Care for the Environment in the Shariʿah of Islam) (2006). Cairo, Egypt: Dār ash-Shurūq. A comprehensive overview of Islamic theology, ethics, tasawwuf, fiqh, usūl al-fiqh, and maqāsid ash-Sharī'ah as they pertain to the environment. View or Download PDF.

Al-Bī'ah wa'l-Hifāz 'alayhā min Manzūr Islāmī (The Environment and its Conservation from an Islamic Perspective) by Ali Gomaa. (2009). Cairo, Egypt: Al-Wābil As-Sayyib. A treatise that focuses on the metaphysics and philosophical concepts that underpin Islamic theology and jurisprudence pertaining to the environment. View or Download PDF.

ယေဘုယျ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ကျင့်ဗေဒ၊ ဒဿနိကဗေဒ & စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ထပ်ဆောင်းဖတ်ရန်များ

Revolution and American Indians: "Marxism is as Alien to My Culture as Capitalism" by Russel Means: an indictment of the Eurocentric civilization that has given rise to the global environmental crisis. View or Download PDF.

The Land Ethic, from ***A Sand County Almanac and Sketches Here and There*** by Aldo Leopold: The classic essay articulating ecological ethics. View or Download PDF.

Challenges in Environmental Ethics by Holmes Rolston III. From Zimmerman, M. E., Callicott, J. B., Warren, K. J., Klaver, I., and Clark, J., (Eds.). ***Environmental Philosophy: From Animal Rights to Radical Ecology*** (4th ed.). (2005). Upper Saddle River, NJ: Pearson.: a theory of value in nature, by one of the foremost contemporary environmental ethicists, whose approaches resonate well with the Abrahamic traditions. View or Download PDF.

The Abstract Wild: A Rant and **Wildness and the Defense of Nature** from ***The Abstract Wild*** by Jack Turner. (1996). Tucson, AZ: University of Arizona Press.: An eloquent challenge to the way conservation agencies manage wildlands to the point where they are no longer wild. View or Download PDF.

အစ္စလာမ်သာသနာ၏ ကိုယ်ကျင့်ဗေဒနှင့် အစ္စလာမ်နည်းကျ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ကျင့်ဗေဒ

Khaled Abou El Fadl, ***The Search for Beauty in Islam: A Conference of the Books***. (2006). Lanham, MD: Rowman & Littlefield.

Khaled Abou El Fadl, ***Reasoning with God: Reclaiming Shari'ah in the Modern Age***. (2014). Lanham, MD: Rowman & Littlefield.

A. A., Bagader, A. T. E., El-Sabbagh, M.A., Al-Glayand, & M. Y. I. Samarrai, in collaboration with Othman A. Llewellyn, ***Environmental Protection in Islam***, 2nd rev. ed., IUCN Environmental Policy and Law Paper No. 20 Rev (1994). (Gland, Switzerland: IUCN). (In Arabic, English, and French). Syed Nomanul Haq, (with T. Peters and M. Iqbal) God, Life, and the Cosmos: Theistic Perspectives, (2002). Aldershot: Ashgate, 2002.

Mawil Y. Izzi Dien, ***The Environmental Dimensions of Islam***. (2000). Cambridge, UK: Lutterworth.

Odeh Rashed Al-Jayyousi, ***Islam and Sustainable Development: New Worldviews***. (2016). London & New York: Routledge.

Fazlun M. Khalid, Islam and the Environment. In T. Munn (Ed.-in-Chief), ***Encyclopedia of Global Environmental Change***, (Vol. 5: Social and economic dimensions of global environmental change), (2002). Chichester, UK: John Wiley & Sons.

Fazlun M. Khalid, ***Signs on the Earth: Islam, Modernity, and the Climate Crisis***. (2019). Markfield, UK: Kube Publishing.

Azizah Al-Hibri, ***The Islamic Worldview: Islamic Jurisprudence – An American Muslim Perspective***. (2015). American Bar Association.

Sarra Tlili, ***Animals in the Qur'an***. (Cambridge Studies in Islamic Civilization). (2012) Cambridge: Cambridge University Press.

Musa Furber, ***Rights and Duties Pertaining to Kept Animals***. (2016). Tabah Foundation. English and Arabic.

Nawal H. Ammar, ***Islam and Deep Ecology***. In ***Deep Ecology and World Religions: New Essays on Sacred Ground***, Eds. D. L. Barnhill and R. S. Gottlieb. (2001). Albany, NY: State University of New York Press. 193-211.

Nadeem Haque, ***Animals in Islam: Masri's Book and Scholarly Reflections on His Work***. 2022. Lantern Publishing & Media (2022).

Seyyed Hossein Nasr, ***The Need for a Sacred Science***. (1993). Albany, NY: State University of New York Press.

Ali Ahmad and Carl Bruch, "Maintaining Mizan : protecting biodiversity in Muslim communities" Environmental Law Institute, [Washington, D.C.], 2000.

Mustafa Abu-Sway, "Towards an Islamic Jurisprudence of the Environment" in Islam: the Environment and Health (Islamic Medical Association of South Africa: Qualbert, 1999).

Safei-Eldin A. Hamed, Capacity Building for Sustainable Development: The Dilemma of Islamization of Environmental Institutions. In R. Foltz, et al. (Eds.). Islam and Ecology: A Bestowed Trust. (2003). Cambridge, MA: Harvard Divinity School Center for the Study of World

Religions.
Safei El-Deen Hamed, Paradise on Earth: Historical Gardens of the Arid Middle East, Arid Lands Newsletter No. 36 Fall/Winter 1994.
Ibrahim Ozdemir, ***The Ethical Dimension of Human Attitude towards Nature: A Muslim Perspective***. (2008). Istanbul, Turkey: Insan Publications.

အထွေထွေ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ကျင့်ဗေဒ၊ ဒဿနိကဗေဒနှင့် စိုက်ပျိုးမွေးမြူရေး

J. Baird Callicott, ***Thinking like a Planet: The Land Ethic and the Earth Ethic*** (2013). Oxford, UK: Oxford University Press. Erazim V. Kohak, ***The Green Halo: A Bird's-eye View of Ecological Ethics***. (2000). Chicago, IL: Open Court / Carus.
Aldo Leopold, ***A Sand County Almanac and Sketches Here and There***. (1949/1989). New York, NY: Oxford University Press. Ian L. McHarg, ***Design With Nature***: 25th anniversary ed. (1992). New York: J. Wiley & Sons.
Bill Mollison, ***Permaculture: A Designer's Manual***. (1988). Tyalgum, Australia: Tagari.
David W. Orr, ***Earth in Mind: On Education, Environment and the Human Prospect***. (2004). Washington, D.C.: Island Press.
Tom Regan, ***The Case for Animal Rights***. (1983). Berkeley, CA: University of California Press.
Bernard E. Rollin, ***Animal Rights and Human Morality*** (3rd ed.). (2006). Amherst, NY: Prometheus Books.
Holmes Rolston, III, ***Environmental Ethics: Duties to and Values in the Natural World***. (1988). Philadelphia, PA: Temple University Press. Holmes Rolston, III, ***Genes, Genesis, and God***. (1999) Cambridge, UK: Cambridge University Press.
Holmes Rolston, III, ***Conserving Natural Value***. (1994). New York, NY: Columbia University Press.
Kirkpatrick Sale, ***Dwellers in the Land: The Bioregional Vision***, (2000). Athens, GA: U. of Georgia Press.
Albert Schweitzer, Albert Schweitzer: ***An Anthology***. Ed. C. Joy. (1947). New York, NY: Harper.
Peter Singer, ***Animal Liberation*** (4th ed.). (2009). New York, NY: Harper Collins.
Paul W. Taylor, ***Respect for Nature: A Theory of Environmental Ethics***. (1986). Princeton, NJ: Princeton University Press.
Jack Turner, ***The Abstract Wild***. (1996). Tucson, AZ: University of Arizona Press.

Al-Mizan: A Covenant for the Earth သည်လူသားထု၏ကမ္ဘာမြေကြီးနှင့်ကူးလူးဆက်ဆံမှုနှင့် စပ်လျဉ်းသည့်အစွလာမ်သာသနာ၏အဆုံးအမသင်ကြားမှုများကို လေးလေးနက်နက်စူးစမ်းဖော်ထုတ်မှု တစ်ရပ်ဖြစ်သည်။ ယင်းက ကိုယ်ကျင့်ဗေဒဆိုင်ရာ မူစည်းမျဉ်းများ၊ တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် ထိုအမွေအနှစ်၏ ယဉ်ကျေးမှုဆိုင်ရာ အမူအကျင့်များ၏ ကျယ်ပြောလှသော အစုအစုံများကို ဂေဟဗေဒ၏ရှုထောင့်မှတစ်မူထူးကဲစွာ ဆန်းစစ်သုံးသပ်ထားပါသည်။ ကျမ်းတော်မြတ် ကုရ်အာန်၏ စာပိုဒ်များနှင့် နဗီတမန်တော် မုဟမ္မဒ်၏ စကားများ၊ လုပ်ရပ်များအပေါ် အခြေပြု၍ အဖန်ဆင်းခံများအားလုံး၏ ကိုယ်ပိုင်တန်ဖိုးများနှင့် ယင်းတို့ကို ယုတ်လျော့နိမ့်ပါးစေခြင်း၏ အလွန်ပြင်းထန်လှသော တန်ပြန်သက်ရောက်မှုများကို အခိုင်အမာပြဆိုထားသည်။ ကမ္ဘာမြေအား ပျက်စီးရာ ပျက်စီးကြောင်းပြုခြင်းနှင့် ယုတ်လျော့နိမ့်ကျစေခြင်းက ဆုံးရှုံးမှုပြစ်ဒဏ်ဆီ ဦးတည်စေသည်ဟု သတိပေးနှိုးဆော်လျက် ဤစာတမ်းက ကမ္ဘာမြေအပေါ် လူသားတို့၏ တာဝန်ခံမှုနှင့် တာဝန်ရှိမှုတို့၏ အနက်အဓိပ္ပါယ်များကို အသေးစိတ် ဆန်းစစ်လေ့လာထားပြီး၊ ကောင်းကျိုးပြုပြီး၊ ကုစားပေးသော အလုပ်များမှတဆင့် တိုးတက်ထွန်းကားမှုကို ရှာမှီးကြရန် ကျွန်ုပ်တို့ကို ဆော်သြထားပါသည်။

ဤသဘောတူကြေညာစာတမ်းက အစွလာမ်သာသနာ၏ ဂေဟဗေဒဆိုင်ရာ ဤယုံကြည်ချက်၊ ခံယူချက်များကို ပြေပြစ်စွာ ဖော်ပြထားသည် - မိုးကောင်းကင်များနှင့် ပထဝီမြေကြီးတို့ကို ဖန်ဆင်းမှုသည် ဝေနေယျခပ်သိမ်းတို့၏ စကြဝဠာအပေါင်းတို့၏ အရှင်ဖြစ်တော်မူသော ဖန်ဆင်းရှင်၏ ချီးမွမ်း ထောပနာပြုခြင်းခံထိုက်သော ဘုန်းတော်အစုံ ဂုဏ်တော်အပေါင်းတို့အား ထင်ဟပ်နေသည်။ အဖန်ဆင်းခံ တစ်ခုချင်းစီတိုင်းသည် အရှင်မြတ်၏ ဉာဏ်ပညာ၊ **ကောင်းချီး**မင်္ဂလာနှင့် လမ်းညွှန်မှုတို့၏ နိမိတ် လက္ခဏာတော်တစ်ရပ်ဖြစ်သည်။ အလွန်လှပတင့်တယ်ပြီး၊ ယာယီအခိုက်အတန့်မျှသာ တည်ရှိနိုင်သော၊ ချည့်နဲ့သော ဖန်ဆင်းခံ ဝေနေယျသတ္တဝါများကို တစ်ခုနှင့်တစ်ခု အပြန်အလှန် ထောက်မဖေးကူကာ အကျိုးရှိစေသည့် ဘက်မျှသော အပြန်အလှန်မှီခိုနေရသည့် ဆက်ဆံရေးစနစ် အတွင်း ဖြစ်ပေါ်ထင်ရှား စေခဲ့ပါသည်။ မည်သည့် အဖန်ဆင်းခံမျှ အချည်းနှီး တန်ဖိုးမဲ့သည် ဟူ၍ မရှိပါပြီ။ ယင်းတို့အားလုံးတို့အား သစ္စာဓမ္မဖြင့်၊ မှန်ကန်တော်တည့်စွာ ဖန်ဆင်းထားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ရိုသေလေးမြတ်သော အကြောက်တရားဖြင့်လည်းကောင်း၊ အကန့်အသတ်မဲ့သည့် သနားကရုဏာတရားဖြင့်လည်းကောင်း၊ အဆုံးစွန်အမြင့်ဆုံးသော ကောင်းမှုပြုသောအလုပ်များအားဖြင့် ယင်းတို့ကိုဂရုစိုက်စောင့်ရှောက်စေရန်အလို့ငှာဖန်ဆင်းခံတစ်ခုချင်းစီတွင်အခွင့်အရေးများရှိကြပေသည်။ အရာခပ်သိမ်းတို့အပေါ် အမြင့်ဆုံး သော ကောင်းခြင်းတရားလုပ်ရပ်များအားဖြင့် အရာခပ်သိမ်းတို့၏ အရှင်၏ အမှုတော်ဆောင် ထမ်းရွက်ခြင်းသည် ကျွန်ုပ်တို့ ရှင်သန်မှုဘဝများ၏ အမြင့်မြတ်ဆုံးသော ရည်ရွယ်ချက်ပင် ဖြစ်ပေ တော့သည်။

ဤသဘောတူကြေညာစာတမ်းက ကမ္ဘာမြေပေါ်ရှိ သက်ရှိတို့ကို ခြိမ်းခြောက်သော အကျပ်အတည်းပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးကွဲစုံလင်မှု ဆုံးရှုံးပျောက်ကွယ်မှုနှင့် ဇီဝရပ်ဝန်း၏ ညစ်ညမ်းနေမှုကို (လူသားမျိုးနွယ်၏ လေးပုံတစ်ပုံ၏ ကိုးကွယ်မှုသာသနာဖြစ်သော) အစွလာမ်သာသနာ၏ တန်ဖိုးများအားဖြင့် ဖော်ထုတ်တင်ပြထားပြီး၊ ကမ္ဘာလုံးဆိုင်ရာအဆင့်နှင့် ဒေသန္တရအဆင့်တို့တွင် အားလုံးစုပေါင်း လုပ်ဆောင်ချက်နှင့် တစ်ဦးချင်း လုပ်ဆောင်ချက်များအတွက် ချဉ်းကပ်မှုများကို ဖော်ပြထားသည်။ ကောင်းမှုကို ပျိုးထောင်မွေးမြူလျက်၊ ထိခိုက်မှုအန္တရာယ်ကို ရှောင်လွှဲကာ၊ ကမ္ဘာမြေပေါ်တွင် နူးညံ့သိမ်မွေစွာနှင့် ရိုကျိုးနှိမ့်ချစွာ လျှောက်လှမ်းလျက် ဤတန်ဖိုးများနှင့်အညီ ရှင်သန်နေထိုင်ကြရန် မွတ်စလင်မ်များ (နှင့် လူသားထုတစ်ရပ်လုံး)ကို နှိုးဆော်ထားပေသည်။

ISBN 978-99986-0-532-9